ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးဝန်ကြီးဌာန
ရေအရင်းအမြစ်များနှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**မြန်မာနိုင်ငံဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲရေးစီမံကိန်း**
**ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် မူကြမ်း**

DRAFT

မူကြမ်း ၂၀၁၄ ခုနှစ် ဩဂုတ်လ

**ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု မူဘောင် မူကြမ်း**

**မာတိကာ**


၁။ နိဒါန်း

၂။ စီမံကိန်းနိဒါန်း

၃။ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများထံမှ ဖြစ်လာနိုင်သောစီမံကိန်း၏သက်ရောက်မှုများ

၄။ AIRBM စီမံကိန်း ရင်းနှီးမြှုပ်နှံမှုများနှင့် ဆက်စပ်နေသောပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကဲဖြတ်မှုလုပ်ငန်းစဉ်၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ

၅။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်

၆။ ESMF အကောင်အထည်ဖော်ရေးနှင့် စောင့်ကြပ်ကြည့်ရှု စစ်ဆေးရေးအတွက် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည် နှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်း

၇။ စီမံကိန်းဆိုင်ရာ အကြံပြုဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်


**နောက်ဆက်တွဲများ**


နောက်ဆက်တွဲ-၁။ ကမ္ဘာ့ဘဏ်အဖွဲ့၏ကျင့်သုံးနေသော ပြဋ္ဌာန်းချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာမူဝါဒများ

နောက်ဆက်တွဲ-၂။ အသေးစားဆောက်လုပ်ရေးလုပ်ငန်များအပေါ် ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှုအတွက်လမ်းညွှန်ချက်များ

နောက်ဆက်တွဲ-၃။ SESA တာဝန်သတ်မှတ်ချက်များ

နောက်ဆက်တွဲ-၄။ ( အပြီးသတ်ရန်)ရွေးချယ်ထားသောကဏ္ဍများအတွက် စီမံကိန်း အမျိုးအစားခွဲခြားရေးနှင့်ပတ်သက်သော လမ်းညွှန်ချက်

နောက်ဆက်တွဲ-၅။ (က) အဆင့် စီမံကိန်း၏ EIA နှင့် EMP အတွက် ယေဘုယျ တာဝန်သတ်မှတ်ချက်များ

နောက်ဆက်တွဲ-၆။ ပြန်လည်နေရာချထားရေးမူဝါဒဆိုင်ရာ မူဘောင်

နောက်ဆက်တွဲ-၇။ ဒေသခံတိုင်းရင်းသားလူမျိုးများအတွက် အစီအစဉ် မူဘောင်

နောက်ဆက်တွဲ-၈။ (၂၀၁၄ ခုနှစ်၊မေလ)ပထမအကြိမ် လူထုအကြံပြုဆွေးနွေးပွဲရလာဒ်နှင့်ရှင်းလင်းချက်များ


**ပုံများစာရင်း**


ပုံ-၁။ AIRBM စီမံကိန်းအကောင်အထည်ဖော်မှု အစီအစဉ်များ

ပုံ-၂။ ဧရာဝတီ မြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှု

ပုံ-၃။ AIRBM စီမံကိန်းအကောင်အထည်ဖော်မှု အစီအစဉ်များ


**အတိုကောက်များ**

| | |
|---|---|
| ACAS | စိုက်ပျိုးရေးနှင့်ရာသီဥတုအကြံပေးလုပ်ငန်း |

DRAFT

| | |
|---|---|
| ADPC | အာရှသဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးဌာန |
| AWS | အလိုအလျောက် မိုးလေဝသစခန်း |
| CDW | စီမံကိန်း အစိတ်အပိုင်း |
| DMH | မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန |
| DWIR | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန |
| EA | ပတ်ဝန်းကျင်အကဲဖြတ်မှု |
| EMPF | ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်မူဘောင် |
| ESIA | ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုအပေါ် အကဲဖြတ်မှု |
| ESMF | ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုမူဘောင် |
| EWS | ကြိုတင်သတိပေးစနစ် |
| FM | ငွေကြေးစီမံခန့်ခွဲမှုများ |
| GoM | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ |
| HIC | ဇလဗေဒသတင်းအချက်အလက်ဌာန |
| ICT | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ |
| IDA | အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအသင်း |
| IPP | ဒေသခံ တိုင်းရင်းသားလူမျိုးများအတွက် အစီအစဉ်များ |
| IPPF | ဒေသခံ တိုင်းရင်းသားလူမျိုးများနှင့်ပတ်သက်သောမူဝါဒဆိုင်ရာ မူဘောင် |
| M&E | စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်း |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MoF | ဘဏ္ဍာရေးဝန်ကြီးဌာန |
| MoT | ပို့ဆောင်ရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NWP | တွက်ချက်မှုဖြင့် မိုးလေဝသခန့်မှန်းခြင်း |
| NMS | အမျိုးသား မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း |
| NWRC | အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ |
| PCR | ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များ |
| PDU | စီမံကိန်းဒါရိုက်တာယူနစ် |
| PSC | စီမံကိန်းဦးဆောင်ကော်မတီ |
| PWS | လူထုအတွက် မိုးလေဝသဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း |
| RAC | ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် |
| RBO | မြစ်ဝှမ်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ |
| RBF | ပြန်လည်နေရာချထားရေး မူဝါဒ မူဘောင် |
| SA | လူမှုရေးဆိုင်ရာအကဲဖြတ်မှု |
| SESA | မဟာဗျူဟာမြောက် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အကဲဖြတ်မှု |
| SOPs | လုပ်ငန်းလုပ်ဆောင်မှုလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ |

DRAFT

| | |
|---|---|
| WBG | ကမ္ဘာ့ဘဏ်အဖွဲ့ |
| WMO | ကမ္ဘာ့ မိုးလေဝသအဖွဲ့ |
| WRFM | မိုးလေဝသ သုတေသနနှင့်ကြိုတင်ခန့်မှန်းရေးပုံစံ |

DRAFT

## ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်

**ဘန်းနိဒါန်း**

မြန်မာနိုင်ငံဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲရေးစီမံကိန်း (AIRBM)၏အောက်တွင် ငွေကြေး ထောက်ပံ့ထားသော ရင်းနှီးမြှုပ်နှံမှုများအတွက် ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှုလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသည့် လူမှုရေးဆိုင်ရာ ဘေးဆီးရန်ကာမူဝါဒများကို အကျုံးဝင်စေရန် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု မူဘောင် (ESMF) တစ်ခုကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DWIR) ကပြုစုခဲ့ပါသည်။ ဤ ESMF တွင် မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများမှ ဖြစ်လာနိုင်သော စီမံကိန်း၏ သက်ရောက်မှုများအပေါ် ပတ်ဝန်းကျင်နှင့် လူမှုရေးစံနှုန်းများဖြင့် သရုပ်ခွဲဆန်းစစ်ထားသော ယေဘုယျရွေးချယ်ထားသည့် သရုပ်ခွဲဆန်းစစ်ချက်တစ်ခုနှင့် ဤရင်းနှီး မြှုပ်နှံမှုများနှင့် ဆက်နွယ်နေသော ဖြစ်နိုင်သည့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို မည်သို့လျော့နည်း သက်သာ စေရန် မည်သို့စောင့်ကြပ်ကြည့်ရှု စစ်ဆေးရမည်ဆိုသည့်အပေါ်တွင် ဘက်စုံ အကဲဖြတ်မှုတို့ကို ပေးပါသည်။

ဤ ESMF သည် ရင်းနှီးမြှုပ်နှံသည့်ကာလအတွင်း နေရာဒေသအပေါ်မူတည်၍ ဖြစ်နိုင်သော ပတ်ဝန်းကျင်နှင့်လူမှုရေး ဆိုင်ရာ သက်ရောက်မှုများကိုကာကွယ်ရေး၊ အနည်းဆုံးဖြစ်စေရေးနှင့် လျော့နည်းသက်သာရေးများ ပါဝင်သည့် သင့်တော်မှန်ကန်သော စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်အတွက် လမ်းညွှန်မှုပေးပါသည်။ ၎င်းသည် ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာအကဲဖြတ်မှုကိုသေချာစေရန်အတွက် လက်အောက်ခံစီမံကိန်းများကို တာဝန်ခံ ဆောင်ရွက်သူများ၊ အကျိုးခံစားမည့်သူများ အားလုံးနှင့် DWIR ကို လမ်းညွှန်မှုပေးပြီး အခြား ဘေးဆီးရန်ကာ ပြဋ္ဌာန်းချက်များကို ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများ အကဲဖြတ်မှု (EIA) များကို ဆောင်ရွက်ရန် အမျိုးသား လမ်းညွှန်ချက်များ၊ အခြားပတ်ဝန်းကျင်နှင့်လူမှုရေးစည်းမျဉ်းစည်းကမ်းများ၊ မြန်မာနိုင်ငံ၏ဥပဒေများ၊ ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှု (EA) နှင့် လူမှုရေးဆိုင်ရာမူဝါဒများ၊ ကမ္ဘာ့ဘဏ်အဖွဲ့ ဘေးဆီးရန်ကာ မူဝါဒများတွင် သတ်မှတ်ထားသည့် မဖြစ်မနေပြန်လည်နေရာချထားရေးနှင့် ဒေသခံတိုင်းရင်းသားလူမျိုးများ နှင့်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤအစီအစဉ်အရ အကဲဖြတ်၍ ငွေကြေးထောက်ပံ့ထား သော အခြားရင်းနှီးမြှုပ်နှံမှုနည်းလမ်းများသို့မဟုတ် မဟာဗျူဟာများ၏ ဖြစ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုကို အကဲဖြတ်ရန်အတွက် အကိုးအကားမှတ်တမ်းမှတ်ရာအဖြစ်လည်း ဤ ESMF ကို အသုံးပြုမည်ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် ဤ ESMF သည် စီမံကိန်းအကောင်အထည် ဖော်ရေးလက်စွဲ (PIM) တွင် ပါဝင်သော အစိတ် အပိုင်းတစ်ခုဖြစ်ပြီး ဧရာဝတီမြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးရင်းနှီးမြှုပ်နှံမှု အားလုံးနှင့် သက်ဆိုင် ပါသည်။ မည်သည့်အဖွဲ့အစည်းမှ ငွေကြေးထောက်ပံ့ခြင်း (သို့မဟုတ်) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် မပါတ်သက်ပါ။

DRAFT

## စီမံကိန်း အကြောင်းဖော်ပြချက်

ကမ္ဘာ့ဘဏ်က ချေးငွေ ဒေါ်လာသန်း ၁၀၀ ဖြင့် ငွေကြေးထောက်ပံ့ပေးပြီး DWIR ကအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ယခု အဆိုပြုထားသော မြန်မာနိုင်ငံ  AIRBM စီမံကိန်းကို ဧရာဝတီမြစ်ဝှမ်း နှင့်အမျိုးသား

ရေအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတု ပြောင်းလဲမှုကို ခံနိုင်ရည်ရှိသောဘက်စုံစီမံခန့်ခွဲမှုတို့ကို ခိုင်မာစေရန် အဆင့်များစွာပါသော (စီမံကိန်းအတွဲ) နည်းလမ်းတစ်ခုအဖြစ် ပုံစံထုတ်ထားပါသည်။ ပထမအဆင့်သည် ဧရာဝတီ မြစ်ဝှမ်းဒေသ ဘက်စုံစီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရန် လိုအပ်သော အဖွဲ့အစည်းများနှင့် အထောက်အကူပြု ကိရိယာများ ဖော်ထုတ်ရေးကိုရည်ရွယ်ပြီး အဆင်မြင့်ရေကြောင်းသွားလာရေး၊ မိုးလေဝသနှင့် ဇလဗေဒ ဆိုင်ရာ သတိပေး ချက်များထုတ်ပြန်ရေးနှင့်အကြံပေးရေး ဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိသော အသက်မွေးမှုဆိုင်ရာ အကျိုးကျေးဇူးများကို ပေးပါသည်။ သင့်တော်သောပုံစံပြုလေ့လာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများကို ဖော်ထုတ်ပြီးသောအခါ မန္တလေးမှ ရန်ကုန်အထိ ဧရာဝတီမြစ်ပေါ်တွင် ရေကြောင်းသွားလာမှု တိုးတက်ကောင်းမွန်စေရေး၊ မိုးလေဝသနှင့်ဇလဗေဒ သတိ ပေးချက်များ ထုတ်ပြန်ရေးတို့နှင့် ဆက်စပ်နေသော အကောင်အထည်ဖော်ဆောင်ရွက်မှုများအတွက် တိကျသော စီမံကိန်း တည်နေရာများကို ရွေးချယ်ဖော်ထုတ် ပေးမည် ဖြစ်ပါသည်။

အဆိုပြုထားသောပထမအဆင့်သည် ဖြစ်နိုင်သော (ဆုံးဖြတ်ရန်ကျန်ရှိနေသေးသည့်) အကြီးစားအခြေခံ အဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို ဒုတိယနှင့် တတိယအဆင့်များတွင် တာဝန်ယူဆောင်ရွက်ရန် လိုအပ်သည့် စီမံကိန်းရေးဆွဲမှု၏ အနာဂတ်ရင်းနှီးမြှုပ်နှံမှုများ အပိုင်းခွဲ၏အောက်တွင် အဓိကငွေကြေးထောက်ပံ့ပေးနိုင်သည့် အခြေခံ လုပ်ငန်းကိုလည်း ချမှတ်ပေးမည်ဖြစ်ပါသည်။၄င်းသည် ကြီးမားရှုပ်ထွေးသော ရေဆိုင်ရာအခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများမှ မုချပေါ်ပေါက်လာမည့် ရှုပ်ထွေးသောညှိနှိုင်းဆောင်ရွက်မှုများကို မှန်ကန်စွာတွက်ချက် အကဲဖြတ်ရန် နှင့်စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ "ကျင့်စဉ်ကောင်း" များကိုလိုက်နာရန်အတွက် မြစ်ဝှမ်းအတွင်း အနာဂတ် ဖြစ်နိုင်ခြေ သရုပ်ခွဲဆန်းစစ်မှု ကိုပြုလုပ်ရန် စွမ်းဆောင်ရည်ကို အစိုးရအားဆုံးဖြတ်ချက်အထောက်အကူပြုစနစ်တစ်ရပ် ပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ပထမအဆင့်သည် ဦးစားပေးအခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများအတွက် အကြိုဖြစ်မြောက်နိုင်စွမ်း၊ ဖြစ်မြောက်နိုင်စွမ်းနှင့် အခြားမြစ်အထက်ပိုင်းဆိုင်ရာနည်းပညာ လေ့လာမှုများကိုလည်း ကူညီ ပံ့ပိုးပေးမည်ဖြစ်ပြီး ထိုရင်းနှီးမြှုပ်နှံမှုများကို နောက်ပိုင်းအဆင့်များတွင် ဖြစ်လာနိုင်သည့် ငွေကြေးထောက်ပံ့မှုအတွက် မြစ်ဝှမ်းအစီအစဉ်မူဘောင် (လွှမ်းခြုံစီမံချက်) တစ်ခု၏ ဖြစ်စဉ်ထဲတွင် အဓိကဖော်ထုတ်မည် ဖြစ်ပါသည်။ စီမံကိန်း ရေးဆွဲမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဖော်ထုတ်ခဲ့သော တိကျသည့်တာဝန် သတ်မှတ်ချက်များနှင့်အညီ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း မြစ်ဝှမ်းဒေသကိုလွှမ်းခြုံသော ပင်မစီမံချက်ကိုရေးဆွဲမှုနှင့်အတူ မဟာဗျူဟာမြောက်ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အကဲဖြတ်မှုတစ်ခုကို ဆောင်ရွက်မည်ဖြစ်ပါသည်။

**အပိုင်း-၁။ ရေအရင်းအမြစ်စီမံခန့်ခွဲရေး အဖွဲ့အစည်းများ၊ ဆုံးဖြတ်ချက်အထောက်အကူပြု စနစ်များနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း**

<u>အပိုင်းခွဲဌာန ၁-၁။ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး။</u> ဤအပိုင်းခွဲသည် (က) ရုံးသုံးပရိဘောဂနှင့် ပစ္စည်းကိရိယာများ အပါအဝင် NWRC အတွင်းရေးမှူးရုံးနှင့် ရေဆိုင်ရာသတင်း အချက်အလက်နှင့် ဆုံးဖြတ်ချက် အထောက်အကူပြုစင်တာ အဆောက်အဦး ပံ့ပိုးပစ္စည်းတည်ဆောက်ခြင်း သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်း (ခ) ဌာန အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေဆိုင်ရာ၊ ကွပ်ကဲရေးဆိုင်ရာ သုံးသပ်ချက်များနှင့် ပြုပြင်ပြောင်းလဲမှုများ အပါအဝင် အသစ် ဖွဲ့စည်းထားသော NWRC အတွင်းရေးမှူးရုံး၊ ရေဆိုင်ရာသတင်းအချက်အလက်နှင့် ဆုံးဖြတ်ချက် အထောက် အကူပြုစင်တာနှင့် ကျွမ်းကျင်သူပညာရှင်များအဖွဲ့များ၏ လုပ်ပိုင်ခွင့်များကို တည်ဆောက်ခြင်းနှင့် ပေးအပ်ခြင်း (ဂ)

DRAFT

AIRBM စီမံကိန်းနှင့် သက်ဆိုင်သူများ၏ ဖိုရမ်တစ်ခု ကျင်းပပြုလုပ်ခြင်းတို့ကို၊ ဆက်ဆံရေးနှင့် ပူးပေါင်းပါဝင်နိုင်အောင် ကမ်းလှမ်းမှု အပေါ်သို့အရောက်ပို့မှုနှင့် (ဃ) စွမ်းဆောင်ရည် တည်ဆောက်ခြင်းများကို ကူညီပံ့ပိုးမည်ဖြစ်ပါသည်။

<u>အပိုင်းခွဲ ၁-၂။ ဧရာဝတီ မြစ်ဝှမ်းဒေသကို လွှမ်းခြုံသောပင်မစီမံချက်နှင့် ဆုံးဖြတ်ချက်အထောက်အကူပြုစနစ်။</u> ဤအပိုင်းခွဲသည် ဧရာဝတီမြစ်ဝှမ်း၏ရေအရင်းအမြစ်များကိုစီစဉ်၍ စီမံခန့်ခွဲရန် အစိုးရတွင် စဉ်ဆက်မပြတ်သော စွမ်းရည်ရှိနေစေရန် လိုအပ်သောလက်နက်ကိရိယာများနှင့် လုပ်ငန်းစဉ်များကိုလည်း ဖော်ထုတ်နေစဉ် ရင်းနှီးမြှုပ်နှံမှု ရွေးချယ်မှုများကို မှန်ကန်စွာဖြစ်နိုင်စေရန် အထောက်အကူပြု ပေးမည်ဖြစ်ပါသည်။ အခွင့်အလမ်းများနှင့် သက်ရောက်မှုများကို လုံလောက်စွာနားလည်မှုအပေါ်တွင်အခြေခံ၍ သဘောတူထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များ၏ လမ်းညွှန်မှုဖြင့် ဧရာဝတီမြစ်ဝှမ်းဒေသ၏ ဘက်စုံဖွံ့ဖြိုးရေးကို စီစဉ်ရန်အတွက် အဆင့်များစွာပါဝင်သော နည်းလမ်းတစ်ခုကို အသုံးပြုမည်ဖြစ်ပါသည်။ လုပ်ငန်းများထဲတွင် (က) ဧရာဝတီမြစ်ဝှမ်းဒေသ လွှမ်းခြုံသောစီမံချက်၊ မြစ်ဝှမ်းဒေသ တစ်ခုလုံး၏ အားနည်းချက် ရှာဖွေဖော်ထုတ်ရေးလေ့လာမှုများ၊ ဆုံးဖြတ်ချက် အထောက်အကူပြုစနစ် (DSS) တစ်ခုနှင့် AIRBM စီမံကိန်းနှင့်သက်ဆိုင်သူများ၏ ဆွေးနွေးတိုင်ပင်မှုများ ဖော်ထုတ်ခြင်း (ခ) မြေအောက်ရေ စစ်ဆေးလေ့လာမှု အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် (ဂ) မြစ်ဝှမ်းအတွင်း မဟာဗျူဟာမြောက် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကဲဖြတ်မှု ဖော်ထုတ်ခြင်းများ ပါဝင်ပါသည်။

<u>အပိုင်းခွဲ ၁-၃။ အနာဂတ်ရင်းနှီးမြှုပ်နှံမှုများကိုစီစဉ်ရေးဆွဲခြင်း(PFI)။</u> PFI သည် ဧရာဝတီမြစ်ဝှမ်း ဒေသကို လွှမ်းခြုံသော ပင်မဘက်စုံစီမံချက် ( အပိုင်းခွဲ ၁-၁ "က") တွင်ဖော်ထုတ်ထားသော ဦးစားပေးစီမံကိန်းများရေးဆွဲမှုကို ကူညီပံ့ပိုးရန် ငွေကြေးထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ငွေကြေးထောက်ပံ့မှုကို တရားဝင်စေရန်အတွက် စီမံကိန်း တစ်ခုသည် အစိုးရ၏အတည်ပြုထားသော ODA စီမံကိန်းများ၏ စာရင်းတွင် ပါဝင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ကမ္ဘာဘဏ်၏ ပါဝင်ပတ်သက်မှု၏ ရည်ရွယ်ချက်များနှင့်ကိုက်ညီရမည်ဖြစ်ပါသည်။ ဤအပိုင်းခွဲ၏အောက်တွင် ရင်းနှီးမြှုပ်နှံမှုများကို ရေးဆွဲရန် ရံပုံငွေများကို မြစ်ဝှမ်းတစ်ခုလုံးဖွံ့ဖြိုးရေး ရည်ရွယ်ချက်များနှင့်အညီ အပြည့်ပြည့် ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းဖြင့် ရရှိအောင်ပြုလုပ်ပေးမည်ဖြစ်ပါသည်။ ရေးဆွဲပြုစုရေး ရန်ပုံငွေကို AIRBM စီမံကိန်းအကောင် အထည်ဖော်ရေး ၆နှစ်တာ ကာလအတွက် ရရှိမည်ဖြစ်သည်။

<u>အပိုင်းခွဲ ၁-၄။ အကောင်အထည်ဖော်ရေးကူညီပံ့ပိုးမှု။</u> ဤအပိုင်းခွဲသည် လုပ်ငန်းဆောင်ရွက်မှု နစ်စဉ်ကုန်ကျစရိတ်များ ကိုလည်းကောင်း၊ စီမံကိန်းတစ်ခုလုံးစီမံခန့်ခွဲမှု၊ ငွေကြေးစီမံခန့်ခွဲမှု၊ ဝယ်ယူဖြည့်တင်းမှု၊ ဘေးဆီးရန်ကာ လုပ်ငန်းများ၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးနှင့် အကဲဖြတ်မှုများအတွက် တိုင်ပင်ဆွေးနွေးမှုနှင့် အကြံပေးဝန်ဆောင်မှု များကို လည်းကောင်းပေးအပ်မည် ဖြစ်ပါသည်။

**အပိုင်း-၂။ မိုးလေဝသနှင့်ဇလဗေဒစောင့်ကြည့်လေ့လာခြင်း နှင့်သတင်းအချက်အလက်စနစ်များ ခေတ်မီအောင် မွမ်းမံခြင်း**

<u>အပိုင်းခွဲ ၂-၁။ DMH ၏အဖွဲ့အစည်းဆိုင်ရာနှင့် ကွပ်ကဲရေးဆိုင်ရာ အားဖြည့်ခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် အကောင်အထည်ဖော်ရေး ကူညီပံ့ပိုးမှု။</u> ဤအပိုင်းခွဲသည် (က) ခိုင်မာသော တရားဥပဒေ

ဆိုင်ရာနှင့် ကွပ်ကဲရေး ဆိုင်ရာ မူဘောင်ဖော်ထုတ်ရေးအပါအဝင် DMH ၏အဖွဲ့အစည်းဆိုင်ရာ အားဖြည့်မှု (ခ) စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် DMH ဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားမှုနှင့် (ဂ) DMH စနစ်များပြုစု တွက်ချက်ခြင်းပုံစံ၊ ပေါင်းစပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများ၊ အပိုင်း-၂ စီမံခန့်ခွဲရေးနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေး ရေးများတွင် နည်းပညာအထောက်အကူများကို ကူညီပံ့ပိုး မည်ဖြစ်ပါ သည်။

<u>အပိုင်းခွဲ ၂-၂။ စောင့်ကြည့်လေ့လာရေး အခြေခံအဆောက်အအုံ၊ အချက်အလက်စီမံခန့်ခွဲမှုစနစ်များ နှင့် ကြိုတင်ခန့်မှန်းမှုများကို ခေတ်မီအောင်ပြုလုပ်ခြင်း။</u> ဤအပိုင်းခွဲသည် (က) မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ စောင့်ကြည့် လေ့လာရေး ကွန်ရက်၏နည်းပညာကို အဆင့်မြှင့်တင်ပေးခြင်း (ခ) လုပ်ငန်းလုပ်ဆောင်မှုဌာနများ၊ အချက်အလက်စီမံခန့်ခွဲမှုနှင့် ဆက်သွယ်ရေး/ အိုင်တီစနစ်များ၊ စက်မှုလုပ်ငန်းနှင့် စံချိန်ကိုက်ညှိခြင်း ပံ့ပိုးပစ္စည်းများကို ခေတ်မီအောင်ပြုလုပ်ခြင်း (ဂ) ကိန်းဂဏန်းဖြင့် ပုံစံပြုတွက်ချက်သော မိုးလေဝသကြိုတင်ခန့်မှန်းရေးစနစ်များနှင့် ဆက်စပ်နေသော ဇလဗေဒပုံစံ ဖော်ထုတ်မှု မူဘောင်များ၏ တိုးတက်မှုများ (ဃ) DMH အထောက်အကူပြု ပစ္စည်းများ ပြန်လည် တည်ဆောက်ရေး နှင့်/ သို့မဟုတ် ပြင် ဆင်မွမ်းမံရေး များကို ကူညီပံ့ပိုးမည်ဖြစ်ပါသည်။

<u>အပိုင်းခွဲ ၂-၃။ DMH ၏ ဝန်ဆောင်မှုပေးရေးစနစ် မြှင့်တင်ခြင်း။</u> ဤအပိုင်းခွဲသည် DMH ကို ကူညီပံ့ပိုးမည် ဖြစ်ပါသည်။ AIRBM စီမံကိန်းနှင့် သက်ဆိုင်သူများအားလုံး စီမံကိန်း၏အကျိုးကျေးဇူးများကိုရရှိမှု သေချာရေးအတွက် ၎င်း၏ ဝန်ဆောင်မှုကို ဖောင်းပေးခြင်းကို အားဖြည့်ရာတွင် DMH ကို ကူညီပေးမည်ဖြစ်ပါသည်။ ဤနေရာတွင် (က) လူထုအတွက် မိုးလေဝသဝန်ဆောင်မှုလုပ်ငန်းများနှင့် ဇလဗေဒဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်မှုနှင့် ဒေသခံ လူထုသို့ ဝန်ဆောင်မှုပေးခြင်း တိုးတက်ကောင်းမွန်စေမှု (ခ) ရေကြီးမှုများနှင့် လျှပ်တစ်ပြက်ရေကြီးမှုများ ရှိသော မြစ်ဖုမ်းငယ်ကလေးများတွင် ထုတ်ပြန်သူမှ လက်ခံမည့်သူအထိ ကြိုတင်သတိပေးစနစ် တိုးချဲ့ရေးအပါအဝင် DRM သဘာဝ ရေဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများအတွက် ကူညီပံ့ပိုးမှု (ဂ) စိုက်ပျိုးရေးနှင့်ရာသီဥတု အကြံပေးဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖော်ထုတ်ရေးနှင့် (ဃ) ရာသီဥတုဆိုင်ရာလုပ်ငန်းများအတွက် အမျိုးသား မူဘောင်တစ်ခု ဖန်တီးရေးများ ပါဝင်နိုင်ပါသည်။

**အပိုင်း-၃။ ရေဝတီမြစ်ရေကြောင်းသွားလာရေးမြှင့်တင်မှုများ။**

<u>အပိုင်းခွဲ ၃-၁။ ရေဝတီမြစ်ရေကြောင်းသွားလာရေးမဟာဗျူဟာ (မန္တလေးမှ ရန်ကုန်)။</u> ဤအပိုင်းခွဲသည် (က) မန္တလေးမှ ရန်ကုန်သို့ ရေလမ်းကြောင်းတစ်လျှောက်သွားလာနိုင်သော ရေကြောင်းသွားလာရေး မဟာဗျူဟာ တစ်ရပ်ကို ဖော်ထုတ် ပေးမည်ဖြစ်ပါသည်။ ဤမဟာဗျူဟာသည် (၁) အနာဂတ်တွင် ဘက်စုံပုံစံ သယ်ယူပို့ဆောင်ရေး ပုံစံ အစီအစဉ်တစ်ခု ကိုမြှင့်တင်ပေးရန်အတွက် ဖြစ်လာနိုင်သော ကုန်းတွင်းဆိပ်ကမ်းဖော်ထုတ်ရေးများကို ထည့်သွင်း စဉ်းစား၍ မြစ်တစ်ခုလုံး အတွက် လက်ရှိ ကိုးကားနေသော ၁၉၈၈ ခုနှစ်ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ခေတ်နှင့်အညီ ပြောင်းလဲဆောင်ရွက်ပေးမည်၊(၂) မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ သောင်တူးခြင်း၊ မြစ်ကမ်းပါး ကာကွယ် ခြင်းနှင့် တစ်ခုလျှင် ကီလိုမီတာ ၃၀ ခန့်ရှည်လျားသော အရေးတကြီးအလိုအပ်သည့် ရေကြောင်းကြပ်တည်းသည့် နေရာနှစ်ခုတွင် ရေလမ်းညွှန် အထောက်အကူများအပါအဝင် ရေကြောင်းသွားလာမှု တိုးတက်ရေးအတွက် လုပ်ငန်း အတိုင်း အတာကို ဖော်ထုတ်ပေးမည်၊ (၃) ရေကြောင်းကြပ်တည်းသည့် နေရာနှစ်ခုတွင် ရွှေ့ပြေးမြစ်ကြောင်း

DRAFT

ထိန်းသိမ်းမှု လုပ်ငန်းများအတွက် အသေးစိတ် ဒီဇိုင်းပုံစံကိုပေးမည်၊ (၄) (အပိုင်းခွဲ ၃-၂ "ဂနှင့်ဆက်စပ်နေသော) မြစ်ကြောင်း ထိန်းသိမ်းရေး အစီအစဉ်တစ်ခုကို ထောက်ခံတင်ပြပေးမည်၊ (ခ)အကောင်းဆုံးရေကြောင်း သွားလာရေးကို ရေကြောင်းတွင် အသင့်တော်ဆုံး သွားလာနိုင်မည်ဖြစ်သော ရေယာဉ်စုကို လေ့လာမှု ဖော်ထုတ်ပေးမည် ဖြစ်ပါသည်။

**အပိုင်းခွဲ ၃-၂။ ရေကြောင်းသွားလာရေးတိုးတက်မှုများ ( မန္တလေးညောင်ဦးအပိုင်းတွင် ဖောင်းပေးမှုပါဝင်သော မန္တလေးမှ ရန်ကုန်)။** ဤအပိုင်းခွဲသည် ရေကြောင်းသွားလာရေးတိုးတက်မှုများကို အထောက်အကူပြုလိမ့်မည်။ ဧရာဝတီမြစ်၏ ရေကြောင်းသွားလာမှုအများဆုံး (မန္တလေးမှညောင်ဦး)အပိုင်းတစ်လျှောက် ခရီးသည်တင်နှင့် ကုန်တင်ရေယာဉ် နှစ်မျိုးစလုံးအတွက် ရေနည်းသော ရာသီအတွင်း အနည်းဆုံးရနိုင်သော ရေစူးသတ်မှတ်ချက်ကို တိုးမြှင့်ရန် ရေကြောင်းသွားလာရေး တိုးတက်မှုများကို ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများတွင် (က) မြစ်ကြောင်းသွားလာရေး တိုးမြှင့်မှုများ အတွက် ဆောင်ရွက်မည့် လုပ်ငန်းများ ၏အတိုင်းအတာကို ဖော်ထုတ်ရန် မြစ်ပုံစံ ကွန်ပျူတာပုံစံတွက်ချက်ခြင်း (1 dimensional & 2 dimensional modelling ) (ခ) အဆိုပြုထား သော မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အတွက် EMP တစ်ခုအပါအဝင် EIA တစ်ခုရေးဆွဲခြင်း (ဂ) အသေးစိတ် ပုံစံမှတ်တမ်း မှတ်ရာများနှင့် တည်ဆောက်ရေး ကြီးကြပ်မှုအစီအစဉ် ရေးဆွဲခြင်းနှင့် (ဃ) မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ တည်ဆောက်ခြင်းများ ပါဝင်မည် ဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်း၏ အတိုင်းအတာကို ဧရာဝတီမြစ်၏ မန္တလေးညောင်ဦးအပိုင်းအပေါ်တွင် ဖောင်းပေး၍ ညောင်ဦး ရန်ကုန်ဘက်ခြမ်းရှိ အခြားအရေးကြီး သော အပိုင်းအချို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အပိုင်းခွဲ ၃-၃။ ရေလမ်းကြောင်းအမှတ်အသားပြသခြင်းလုပ်ငန်း (ညအချိန်ရေကြောင်းသွားလာရေးပါဝင်သော မန္တလေးညောင်ဦးအပိုင်းကိုဖောင်းပေးထားသည့် မန္တလေး-ရန်ကုန်ရေလမ်း)။** ဤအပိုင်းသည် အလင်းမီးများ၊ အချက်ပြ ဆိုင်းဘုတ်များ၊ မြေပုံရေးဆွဲခြင်းနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန်နှင့်ဧရာဝတီမြစ်၏ မန္တလေး-ရန်ကုန်အပိုင်း တစ်လျှောက်ထိရောက်သော ရေကြောင်းသွားလာရေးကိုဖြစ်မြောက်စေရန်အားဖြည့်ထားသော ခေတ်မီရေကြောင်း သွားလာရေး ရွေ့ပြောင်းစနစ်တစ်ခုကဲ့သို့သော ရေလမ်းညွှန်အမှတ်အသားပြခြင်း လုပ်ငန်းအတွက် အထောက်အကူများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းများကို ကူညီပံ့ပိုးမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းသည် မန္တလေး-ညောင်ဦးအပိုင်းတွင် ညအချိန် ရေကြောင်းသွားလာရေးကို ဖြစ်မြောက်စေရန် ဥပမာအားဖြင့် အလင်းမီးများ၊ အချက်ပြ ဆိုင်းဘုတ်များတွင် ရင်းနှီးမြှုပ်နှံ မှုများကို အထောက်အကူပြုမည်ဖြစ်ပါသည်။

**အပိုင်းခွဲ ၃-၄။ အဖွဲ့အစည်းဆိုင်ရာအားဖြည့်ခြင်းနှင့် အကောင်အထည်ဖော်ရေး ကူညီပံ့ပိုးမှု။** ဤအပိုင်းသည် (က)အပိုင်း-၃ အကောင်အထည်ဖော်ရေးနှင့် စီမံခန့်ခွဲမှုနှင့် (ခ) စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ လေ့ကျင့်ခြင်း၊ ဆက်သွယ်ရေးနှင့် မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှုများ၊ သတင်းအချက်အလက်၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်း အသစ်များအပေါ် သိရှိစေရန်အမြင်နှင့်လုပ်ငန်းများကို ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။

**အပိုင်းခွဲ ၃-၅။ မြေပေါ်ရှိရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး စနစ်ပုံစံနှင့် ရွေ့ပြောင်းဆောင်ရွက်မှု။** ဤအပိုင်းတွင် (က)ဧရာဝတီမြစ်ပှမ်းဒေသတွင် မြစ်၏အရည်အသွေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် စခန်းများ၏ ကွန်ယက်ပုံစံရေးဆွဲခြင်း (ခ) ရွေ့ပြောင်းစခန်းများ အကောင်အထည်ဖော်ခြင်း (ဂ) ရေအရည်အသွေးစောင့်ကြပ် စစ်ဆေးမှုအတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ ပါဝင်ပါသည်။

DRAFT

## အပိုင်း-၄။ အရေးပေါ် အခြေအနေတွင်ချက်ချင်းတုံ့ပြန်မှု

ဤ ( အစပိုင်းတွင် မည်သည့်ရန်ပုံငွေထောက်ပံ့မှု ခွဲဝေချထားခြင်းမှ မပါသော) " အရံ အပိုင်း "သည် အရန်သင့်ရှိမှုနှင့် သဘာဝဘေး အန္တရာယ်၊ အရေးပေါ် နှင့်/သို့မဟုတ် ကပ်ဆိုက်သောဖြစ်ရပ်များကို လိုအပ်သလို လျင်မြန်သော တုံ့ပြန်ကူညီမှုပေးရန်အတွက် အခြားအပိုင်းများမှရန်ပုံငွေများကို လျင်မြန်စွာသောပြန်လည်ခွဲဝေ ချထားနိုင်ရန် ခွင့်ပြုပေးမည်ဖြစ်သည်။ အရေးပေါ်တုံ့ပြန်မှုကို အသက်သွင်းလိုက်သောအချိန်တွင် ရန်ပုံငွေများ စီးဆင်း ထုတ်ပေးရေး အစီအစဥ်များကို အဆုံးအဖြတ်ပေး မည်ဖြစ်ပါသည်။

**<u>စီမံကိန်း အခြေပြုမှုဆိုင်ရာ သတင်းအချက်အလက်အကျဉ်း</u>**

### ဧရာဝတီမြစ်ဝှမ်း

(ကီလိုမီတာ ၂၁၇၀ ရှည်လျား၍ စီးဆင်းသည့်ဧရိယာ ၄၁၃,၇၁၀ စတုရန်းကီလိုမီတာရှိသော) ဧရာဝတီမြစ်သည် မြန်မာနိုင်ငံတွင်အကြီးဆုံးမြစ်ဖြစ်ပြီး ၄င်းကို နိုင်ငံ၏နှလုံးသည်းပွတ်အဖြစ် ပြောဆိုဖော်ပြကြပါသည်။ ဤမြစ်ဝှမ်းသည် မြန်မာ့ ကုန်းမြေ၏ ၆၀% ကျော်ကိုနေရာယူထားပြီး ၄င်း၏လူဦးရေ၏ ၇၀% ကိုနေစရာနေရာပေးထားသကဲ့သို့ ကူးသန်း ရောင်းဝယ်မှု ၏ ၄၀% ကိုလည်း သယ်ယူပို့ဆောင် ပေးလျှက်ရှိပါသည်။ မြစ်ဝှမ်းအတွင်းရှိရေအောက်ရေထုသည် မြေပေါ်ရှိ ရေအရင်း အမြစ်များထက်ပင် ပို၍ကြီးမားသည်ဟု ယုံကြည်ထားပါသည်။ ၄င်းသည်သဘာဝအရင်းအမြစ်များ အနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများအပြင် အထူးသဖြင့် သစ်တော၊မြေနှင့် ရေများကြွယ်ဝပါသည်။

### *သဘာဝအရင်းအမြစ်များ*

ဧရာဝတီမြစ်ဝှမ်းသည် ဟိမဝန္တာတောင်တန်းတွင် ဖြစ်ပေါ်လာ၍ မြန်မာနိုင်ငံကို တောင်မှမြောက်သို့ ဖြတ်သန်းပြီး မြစ်လက်တက်ကိုးခုဖြာထွက်သွားသော မြစ်ဝကျွန်းပေါ်ဒေသမှတစ်ဆင့် ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဝင်သွားသော မြစ်ကြီးတစ်စင်းဖြစ်ပါသည်။ ဧရာဝတီမြစ်၏ ပျမ်းမျှရေစီးဆင်းမှုမှာ တစ်စက္ကန့်လျှင် ကုဗမီတာ ၁၃၀၀၀ ရှိပါသည် ( Win, 2011 )။ မြန်မာနိုင်ငံ၏ပြင်ပတွင် စီးဆင်းမှုမှာ ၀.၃% ရာခိုင်နှုန်းရှိပါသည်။ ကျန်ရှိသော ၉၉.၇% စီးဆင်းမှုသည် မြန်မာနိုင်ငံ အတွင်းတွင်စုဝေး၍ မြစ်၏အောက်ပိုင်းသည် နိုင်ငံ၏အစွတ်စိုဆုံးအပိုင်းပင် ဖြစ်ပါသည်။ ဤမြစ်ကြီး၏ (မေခနှင့် မလိခ) မြစ်လက်တက်နှစ်ခုကို ရေဖြည့်ဆည်းပေးနေသော အပိုင်းတစ်ခုဖြစ်သည့် မိုးရေခံရပ်ဝန်း၏ အပြည်ပြည်ဆိုင်ရာ အပိုင်းသည် တရုတ်နိုင်ငံတွင်တည်ရှိပြီး အိန္ဒိယနိုင်ငံတွင် အစပြုသော မြစ်လက်တက်ခွဲတစ်ခုက မလိခ မြစ်လက်တက်ထဲသို့ စီးဝင်လျှက်ရှိပါသည်။ မြစ်လက်တက်နှစ်ခု ဆုံတွေ့သည့် နေရာ(မြစ်ဆုံ)သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၏မြောက်ဘက် ၄၅ ကီလိုမီတာခန့်တွင် တည်ရှိပါသည်။ ထိုနေရာမှစတင်၍ ဤမြစ်ကို ဧရာဝတီဟု ခေါ်တွင်ကြပါသည်။

မြန်မာနိုင်ငံ၏ရေစွမ်းအင်နှင့် စားနပ်ရိက္ခာလုံခြုံမှု၏ ကြီးမားသောအစိတ်အပိုင်းသည် ဧရာဝတီမြစ်ဝှမ်း အပေါ်တွင် အမှီပြုနေပါသည်။ ထို့ကြောင့်ဧရာဝတီမြစ်၏ ဂေဟစနစ်သည် မြန်မာလူထု၏ အသက်သွေးကြောကဲ့သို့

အရေးပါသောကဏ္ဍမှ ပါဝင်လျှက်ရှိပါသည်။ ဤအရင်းအမြစ်များ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ရရှိခြင်းသည် နိုင်ငံ အတွက် လည်းကောင်း၊ မြန်မာနိုင်ငံရှိ ရေစွမ်းအင်နှင့် စားနပ်ရိက္ခာလုံခြုံမှု၏ ရေရှည်တည်တံ့မှုအတွက်လည်းကောင်း ပဓါနကျလျှက် ရှိပါသည်။

မြန်မာနိုင်ငံတွင် ခန့်မှန်းခြေအားဖြင့် လမုတော ဟက်တာ ၅၁၇,၀၀၀ ခန့်ရှိပြီး ၄င်းတို့အနက် ၄၆% မှာ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိပါသည် (Ramsar, n.d.)။ စိုက်ပျိုးရေးဆိုင်ရာ ပြောင်းလဲမှုများနှင့် ရန်ကုန်မြို့မှ ထင်းမီးသွေး လိုအပ်ချက် မြင့်မားမှုတို့ကြောင့် မကြာသေးမီက ဧရာဝတီတိုင်းဒေသကြီးတွင် လမုတောများ ဆိုးရွားစွာပျက်စီးခဲ့ရပြီး ၄င်း၏အကျိုးဆက်အဖြစ် ငါးဖမ်းဆီးရရှိမှုများ ကျဆင်းခဲ့သကဲ့သို့ သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်မရှိသော အားနည်းချက်များ တိုးပွား၍လာခဲ့ပါသည်။ ၁၉၂၄ ခုနှစ်နှင့် ၁၉၉၉ ခုနှစ် အကြားတွင် ဧရာဝတီ မြစ်ဝှမ်းရှိ လမုတောများ၏ ၈၃% ဖျက်ဆီးခြင်းခံခဲ့ရသည်ဟု ခန့်မှန်းထားပါသည် ( NECC,2012)။ ဧရာဝတီမြစ်တွင် နိုင်ငံ၏ အတွင်းပိုင်း၌ကျယ်ပြန့်သော စိမ့်မြေများလည်းရှိပြီး ၄င်းတို့သည် များသောအားဖြင့် ရာသီအလိုက် ရေကြီး ရေလျှံသော လွင်ပြင်များဖြစ်ပြီး ၄င်းတို့၏ အများစုကို အမြဲတမ်းစိုက်ပျိုးမြေအဖြစ် ဖော်ယူထားပြီဖြစ်ပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်တွင်တွေ့ရသော ရွှံ့ညွန်သစ်တောသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် အရေးအတွက် အကြီးအကျယ်ကျဆင်းလျှက်ရှိသော ငှက်မျိုးစိတ်များစွာအတွက် ဂေဟစနစ်အရ များစွာအရေးပါလျှက်ရှိပါသည်။ နိုင်ငံအတွင်းပိုင်းရှိ ဧရာဝတီမြစ်တွင်လည်း ကျယ်ပြန့်သောစိမ့်မြေများရှိပြီး ၄င်းမြေများသည် ရေကြက်ကောင်ရေပေါင်း များစွာအတွက် အလွန်ကောင်းသော စားကြက်မြေများကိုပေးလျှက်ရှိသကဲ့သို့ ငါးကြင်း၊ ငါးရှူ၊ ငါးပြေမ စသည့် ငါးမျိုးပေါင်းများစွာအတွက် သားဖောက်ရန် နေရာကောင်းများကိုလည်း ပေးအပ်လျှက်ရှိပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဤရေကြီး ရေလျှံသောကြီးမားသည့် လွင်ပြင်ဇရိယာများစွာကို အမြဲတမ်းစိုက်ပျိုးမြေအဖြစ် ဖော်ယူထားခဲ့ပြီဖြစ်ပါသည်။

### *လူမှုစီးပွားရေးနောက်ခံ*

မြန်မာနိုင်ငံ၏စုစုပေါင်းလူဦးရေကို သန်းပေါင်း ၅၀ ဝန်းကျင်တွင်ရှိမည်ဟု ခန့်မှန်းထားသော်လည်း ထိုကိန်းဂဏန်းသည် မြစ်ဝကျွန်းပေါ် အချက်အလက်အရင်းအမြစ်များကြားတွင် ပြောင်းလဲလျှက်ရှိပါသည်။ လူဦးရေ၏ ၇၅% ခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်ဟု ယူဆရပါသည်။ အိမ်ထောင်စုအရွယ်အစားသည် ၅ ဦးဖြစ်ပြီး ကျေးလက် (၅.၀) နှင့်မြို့ပြ (၄.၉) ဟူ၍ ကွဲလွဲချက်အနည်းငယ်သာရှိပါသည်။ ကျေးရွာပေါင်း ၆၀,၀၀၀ ကျော်ရှိပြီး အမျိုးသားအဆင့်တွင် ဆင်းရဲမှုသည် ၂၀% ၏ အထက်တွင်ရှိသည်ဟု လေ့လာမှုများက ညွှန်ပြနေပြီး ကျေးလက်ဒေသများတွင် ၅ ရာခိုင်နှုန်းခန့် ပို၍ မြင့်မားနေပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှရှိ မတူကွဲပြားသော လူမျိုးစုများအများဆုံးရှိသော နိုင်ငံများတွင်ပါဝင်ပါသည်။ လူဦးရေ၏ သုံးပုံနှစ်ပုံ ဝန်းကျင်တွင်ရှိသော ဗမာလူမျိုးသည် အများဆုံးအုပ်စုဖြစ်ပြီး အမျိုးမျိုးသော တိုင်းရင်းသား လူမျိုးစုများက သုံးပုံတစ်ပုံခန့်ရှိပါသည်။ လူများစုဖြစ်သော ဗမာလူမျိုးများသည် အဓိကအားဖြင့် (တိုင်းဒေသကြီး ခုနစ်ခုအဖြစ် ခွဲထားသော) အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် နေထိုင်ကြပြီး တိုင်းရင်းသား လူမျိုးစုများက တစ်သီးတစ်ခြား မဟုတ်သော်လည်း နယ်စပ်ဒေသတစ်လျှောက်ရှိ (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်း ဟူသော) ပြည်နယ်ခုနစ်ခုတွင် အဓိကအားဖြင့် နေထိုင်ကြပါသည်။ အဓိက တိုင်းရင်းသားလူမျိုးစုများ၏ တရားဝင်လူဦးရေ ခန့်မှန်းချက်မှာ အကြမ်းဖျင်း အားဖြင့် ရှမ်း(၉%)၊ ကရင် (၇%)၊ ရခိုင် (၄.၅%)၊ ချင်း (၂%)၊ မွန် (၂%)၊ ကချင် (၁.၄%) နှင့် ကယား (၁%) ရှိကြပါသည်။ လူများစု ဗမာလူမျိုးများအပါအဝင် မျိုးနွယ်စု ရှစ်ခုကို တရားဝင်အသိအမှတ်ပြုထားသော လူမျိုးစု ၁၃၅ ခုအဖြစ်ထပ်မံခွဲထားပြီး ၄င်းတို့သည် (တိဘက်မြန်မာ၊ မွန်ခမာ၊ Tai-

DRAFT

Kadai ၊ Hmong-Mien နှင့် Malayo-Polynesian ဟူသော)ဘာသာစကားမိသားစုကြီး ငါးခုထဲတွင်ပါဝင်ပါသည်။ ထပ်မံခွဲခြားထားသော တိုင်းရင်းသား လူမျိုးစုများ၏ လူဦးရေ ကိန်းဂဏန်း မဖော်ပြနိုင်သေးပါ။

ရောဂတီမြစ်ပုမ်းကို မတူကွဲပြားသောတိုင်းရင်းသားလူမျိုးစုများ၏ နေထိုင်ရာအရပ်အဖြစ်လည်း သိထားကြပါသည်။ ရှိနေသော တိုင်းရင်းသားလူမျိုးစုများ၏စာရင်းကို ရှင်းရှင်းလင်းလင်းပြထားသော အချက်အလက်မရှိသော်လည်း မြစ်ပုမ်းအတွင်း တိုင်းရင်းသားလူမျိုးပေါင်းများစွာ ရှိနေကြပါသည်။ မဟာဗျူဟာမြောက် ပတ်ဝန်းကျင်နှင့်လူမှုရေး အကဲဖြတ်မှု (SESA) သည် အစောပိုင်းအဆင့်တွင် မြစ်ပုမ်းအတွင်း ပျံ့နှံ့နေသော တိုင်းရင်းသားလူမျိုးစုများနှင့် ပတ်သက်သည့် အချက်အလက်များကို ထပ်မံကောက်ယူစုဆောင်းသွားမည် ဖြစ်ပါသည်။

## <u>စီမံကိန်း၏တရားဥပဒေပိုင်းဆိုင်ရာနှင့်အဖွဲ့အစည်းပိုင်းဆိုင်ရာမူဘောင်</u>

### စီမံကိန်းလုပ်ငန်းများနှင့်သက်ဆိုင်သော တရားဥပဒေမူဘောင်

ယခုအခါ မြန်မာနိုင်ငံအစိုးရ (GoM) သည် နိုင်ငံရေး၊ စီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ ၎င်း၏ တရားဥပဒေဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်ကို ခေတ်နှင့်အညီ မွမ်းမံခြင်းနှင့် တိုးတက်ဖွံ့ဖြိုးစေခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် စိန်ခေါ်မှုများ များစွာ ကျန်ရှိနေပါသေးသည်။ မြန်မာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများနှင့်ဥပဒေများသည် များသောအားဖြင့် ကဏ္ဍအလိုက်ဖြစ်ပြီး သဘာဝထိန်းသိမ်းရေးကို ဖောင်းပေးခြင်းမှ နိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများကို ကျယ်ပြန့်စွာလက်ခံခြင်းဆီသို့ တဖြည်းဖြည်း ပြောင်းလဲလျှက် ရှိပါသည်။

ကဏ္ဍအလိုက် သတ်မှတ်ဖော်ထုတ်ထားသော ဥပဒေများသည် သတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများကိုသာ ဥပဒေအရ ထိန်းသိမ်းပေးပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု အကဲဖြတ်ရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး သို့မဟုတ် မဖြစ်မနေပြန်လည်နေရာချထားရေး အစီအစဉ်များ သို့မဟုတ် တိုင်းရင်းသား လူမျိုးစုငယ်များကဲ့သို့ အားနည်းချက်ရှိသောအုပ်စုများအတွက် အထူးတလည် စီမံဆောင်ရွက်မှုများ ကဲ့သို့ မဟာဗျူဟာမြောက်သော ကဏ္ဍများကို ပြီးပြည့်စုံစွာထိန်းသိမ်းပေးသော ဥပဒေများ မရှိပါ။ ကဏ္ဍအလိုက် ဥပဒေများသည် အချို့သောတာဝန်များတွင် တစ်ခုနှင့် တစ်ခုထပ်နေခြင်းများကိုလည်း ဖြစ်ပေါ်စေလျှက်ရှိပါသည် (ဥပမာ- မြစ်ကြောင်းများပေါ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုင်စင်ထုတ်ပေးခြင်းသည် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန နှစ်ခုစလုံး၏ လက်အောက်တွင် ကျရောက်နေပါသည်)။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အချို့တွင် ပါဝင်ထားသော်လည်း ထိုပြဋ္ဌာန်းသတ်မှတ်ချက်များကို ပြည်တွင်းဥပဒေများတွင် ဖြည့်စွက်ထည့်သွင်းခြင်းမှာ အတိုင်းအတာ တစ်ခုအထိ တစ်ပိုင်းတစ်စစီ ဖြစ်နေခဲ့ပါသည်။

ဥပဒေပိုင်းဆိုင်ရာနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ကွာဟမှုသည် အုပ်ချုပ်ရေးနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများထဲသို့ လည်းကောင်း ၊ အဆိုပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို အာဏာတည်စေမည့် စွမ်းအားနှင့် အရင်းအမြစ်များထဲသို့လည်းကောင်း ရောက်ရှိသွားပါသည်။ ကဏ္ဍအလိုက် ဝန်ကြီးဌာနများကြားတွင်လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ဒေသဆိုင်ရာအစိုးရတို့၏ ကြားတွင်လည်းကောင်း ပိုမိုကောင်းမွန်သော ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုကိုလည်း လိုအပ်ပါသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်နှင့်

အာဏာတည်စေသည့် စွမ်းအားမရှိခြင်းကြောင့် ဂေဟာစနစ်ယိုယွင်းမှုများ အဆက်မပြတ် ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည် ဟု မြန်မာ့အရပ်ဘက်လူ့အဖွဲ့ အစည်းထဲမှ ပုဂ္ဂိုလ်အချို့က ပြောဆိုခဲ့ကြပါသည်။

*တိုင်းရင်းသား လူမျိုးစုများနှင့်သက်ဆိုင်သော ဥပဒေမူဘောင်*

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁။ အပိုဒ် ၂၂ အရ မြန်မာနိုင်ငံ၏ ပြည်ထောင်စုအစိုးရသည် မြန်မာနိုင်ငံ၏ "တိုင်းရင်းသားလူမျိုးများ" ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာစကား၊ စာပေ၊ အနုပညာ နှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုး တိုးတက်ရေးကို အကူအညီပေးရန် တာဝန်ရှိပါသည်။ နိုင်ငံတော်သည် အောက်ပါတို့ကို ဆောင်ရွက်မည်ဟု ပြဋ္ဌာန်း ထား ပါသည်-

(က) တိုင်းရင်းသားများ၏ စကား၊စာပေ၊အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက် ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

(ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက် မည်။

ဖွဲ့စည်းပုံအခြခံဥပဒေသည် တိုင်းရင်းသားများတွင်ပါဝင်သော လူမျိုးစုအမျိုးမျိုးကို ညီမျှသောအခွင့်အရေးများ ပေးအပ် ထားပြီး ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများစွာကလည်း ၎င်းတို့၏ ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်း သွားရန် ရည်ရွယ်ထားပါသည်။ ၎င်းအထဲတွင် အခြားအရာများနှင့်အတူပြည်ထောင်စုတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို နားလည်ထိန်းသိမ်းရန်နှင့် တက္ကသိုလ်တွင်ပညာသင်ယူစဉ် အတူတကွ ရင်းနှီးစွာနေထိုင်ရင်း ပြည် ထောင်စုတိုင်းရင်းသားများအတွင်း ပြည်ထောင်စုစိတ်ဓာတ်ကို မြှင့်တင်ပေးရန်အတွက် ၁၉၉၁ ခုနှစ်က ထုတ်ပြန်ကြေညာ ခဲ့သော ပြည်ထောင်စု တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ် တည်ထောင်မှုလည်းပါဝင်ခဲ့ပါသည်။

လက်ရှိအစိုးရ လက်ထက်တွင် မီဒီယာလွတ်လပ်မှု တိုးတက်၍လာနေသကဲ့သို့ တိုင်းရင်းသားလူမျိုးစု ပါတီများနှင့် အဖွဲ့အစည်းများသည်လည်း နိုင်ငံရေးအရ နိုးကြားတက်ကြွနေပြီဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများ သည် လက်ရှိအစိုးရ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ကြိုးပမ်းမှုများမှတစ်ဆင့် တိုးတက်ရေးအတွက် ပိုမိုအားကောင်းသော ကဏ္ဍ မှလည်း ပါဝင်နိုင်ကြပြီး ထိုကြိုးပမ်းမှုများသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အမျိုးမျိုးသောမူဝါဒများ၊ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ပိုမိုအရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာနိုင်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီး များကို ပံ့ပိုးပေးမည် ဖြစ်ပါသည်။

**စီမံကိန်းလုပ်ငန်းများနှင့်သက်ဆိုင်သောမျက်မှောက်ကာလ အဖွဲ့အစည်းဆိုင်ရာ မူဘောင်**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန (MOECAF) သည် မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအတွက် အဓိကအဖွဲ့အစည်းဖြစ်ပါသည်။ MOECAF အဖြစ်သို့ ပြောင်းလဲလာခဲ့သည့် ယခင်က သစ်တော ရေးရာဝန်ကြီး ဌာန (MOF) ကို ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီးမြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ကာကွယ်ရေး

DRAFT

ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများကို တဖြည်းဖြည်းတာဝန်ယူလာခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် MOF သည် အမျိုးမျိုးသော ကဏ္ဍဆိုင်ရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲ ၁၉ ဦး ပါဝင်ဖွဲ့စည်းထားပြီး ထိုအချိန်က ပတ်ဝန်းကျင်ဆိုင်ရာ အဓိက အာဏာပိုင်ဖြစ်ခဲ့သည့် ၁၉၉ဝ ခုနှစ် ပတ်ဝန်းကျင်ရေးရာ အမျိုးသားကော်မရှင် (NCEA) ကို ၎င်း၏အထဲသို့ သွတ်သွင်း ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် NCEA သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အဖြစ် MOECAF ၏ လက်အောက်ရှိ ဦးစီးဌာန ခြောက်ခုထဲမှတစ်ခု ဖြစ်လာခဲ့ပါသည်။ ထိုဦးစီးဌာန၏ အဓိက ရည်ရွယ်ချက်များတွင် (၁) အမျိုးသားစဉ် ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စဉ်ထဲသို့ ပတ်ဝန်းကျင်အပေါ် အလေးထားမှုကို ပေါင်းစပ်ထည့်သွင်းရေးအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာ၊ မူဘောင်၊ စီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်များကို အကောင်အထည် ဖော်ရေး (၂) သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်သုံးစွဲရေးကိုစီမံခန့်ခွဲခြင်း၊ ရေရှည်တည်တံ့သည့် ပတ်ဝန်းကျင်အတွက် ရေ ၊ လေ နှင့် မြေ တို့၏ ညစ်ညမ်းမှုထိန်းချုပ်ရေးများနှင့် (၃) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အခြားအစိုးရအဖွဲ့အစည်းများ၊ မြို့ပြလူ့အဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ပါဝင်ပါသည်။

အစိုးရသည် ဒေသဆိုင်ရာနှင့် အမျိုးသားအဆင့်များရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအား တစ်လုံးတစ်စည်းထဲဖြစ်အောင် စုစည်းပေးရန်ရည်ရွယ်၍ ၂၀၀၄ ခုနှစ်တွင် အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီ (NECC) ကို ဖွဲ့စည်းပေးခဲ့ပါသည်။ သစ်တောရေးရာဝန်ကြီးက ဉက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဝန်ကြီးဌာန ၁၉ ခုမှ အဖွဲ့ဝင် ၂၁ ဦး ပါဝင်သော NECC ကို၂၀၁၁ ခုနှစ် ဧပြီလတွင်ဖွဲ့စည်းခဲ့ပါသည်။ NECC ကိုဆပ်ကော်မတီ လေးခုခွဲ၍ ၎င်းလေးခုထဲမှ တစ်ခုသည် မြစ်များနှင့်စိမ့်မြေဒေသများရှိ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။

MOECAF ၏ ဦးစားပေး ဆောင်ရွက်မှုများတွင် (၁) ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံချိန်စံညွှန်းများနှင့် ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် လမ်းညွှန်ချက်များ (၂) EIA လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့် ပြန်လည်သုံးသပ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး အဖွဲ့အစည်းများ (၃) ပတ်ဝန်းကျင်နှင့်ဆက်နွယ်သည့် ရေစီမံခန့်ခွဲမှုဆိုင်ရာ ပင်မ လွှမ်းခြုံစီမံချက်များ (၄) ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် အရေးပေါ်ဘေးအန္တရာယ် စီမံခန့်ခွဲရေး အစီအစဉ် (၅) ကာဗွန်ဖြစ်ပေါ်မှု လျှော့ချရေးအတွက် အစိမ်းရောင်စီးပွားရေးမဟာဗျူဟာနှင့် (၆) ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး အစီအစဉ်များ၊ စစ်ဆေးရေး စည်းမျဉ်းစည်းကမ်းများ ပါဝင်ပါသည်။ MOECAF က ဖော်ထုတ်ထားသော အဓိက အတားအဆီးများတွင် (၁) သတင်း အချက်အလက် မရှိခြင်း (၂) နည်းပညာကျွမ်းကျင်မှု မရှိခြင်း (၃) ငွေကြေးအရင်းအမြစ်များနှင့် ရေရှည်တည်တံ့မှု မရှိခြင်း (၄) အစိုးရ အဖွဲ့အစည်းများနှင့် အမျိုးသားအဆင့်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် အဖွဲ့အစည်းများအတွင်းနှင့် အဖွဲ့အစည်းများကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု မရှိခြင်း (၅) အများပြည်သူပါဝင်ဆောင်ရွက်ရေးတွင် စိန်ခေါ်မှုများနှင့် (၆) အချိန် ကန့်သတ်ချက်များ ပါဝင်ပါသည်။

ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ် စီမံခန့်ခွဲရေးနယ်ပယ်ရှိ အခြားအရေးကြီးသော ကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများမှာ ပို့ဆောင်ရေးဝန်ကြီးဌာန (MOT)၊ ကျန်းမာရေးဝန်ကြီးဌာန(MOH)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOAI)၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MSWRR) နှင့် မွေးမြူရေး၊ ရေလုပ်ငန်း နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (MOLFARD) တို့ဖြစ်ကြပါသည်။ မကြာသေးမီနှစ်များအတွင်းက ပို့ဆောင်ရေး ဝန်ကြီးဌာနလက်အောက်ရှိ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် မြန်မာနိုင်ငံရှိ မြစ်ချောင်းစနစ်များ ကောင်းမွန်ပြီး ရေရှည်တည်ရှိရန်နှင့် သဘာဝ ဘေးအန္တရာယ်

DRAFT

လျော့ပါးရေးတို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။ MOH သည် အဆိပ်နှင့် ဘေးဖြစ်စေတတ်သောပစ္စည်းများ ဆန်းစစ်လေ့လာရေး၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် ဆက်စပ် နေသည့် လုပ်ငန်းခွင်ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် သန့်ရှင်းသော ရေပေးရေးနှင့် မိလ္လာစနစ် တိုးတက် ကောင်းမွန်ရေးစသည့် ပတ်ဝန်းကျင် ကျန်းမာရေးလုပ်ငန်းများကို ထည့်သွင်းလုပ်ဆောင်ခဲ့ပါသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် MSWRW လက်အောက်ရှိ မြန်မာနိုင်ငံသဘာဝ ဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအဖွဲ့တို့အား မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရန်တာဝန်များ ပေးအပ်ထားပါသည်။ ထိုတာဝန်များတွင် အခြားလုပ်ငန်းများနှင့်အတူ ရေကို စောင့်ကြပ်ကြည့်ရှုစစ်ဆးခြင်း၊ ကြိုတင်သတိပေးစနစ်များနှင့် ရေကြီးမှုထိန်းချုပ်ရေးလုပ်ငန်းများ ပါဝင်ပါသည်။ MOAI လက်အောက်ရှိ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနများသည် ဆည်ရေပေးရေးလုပ်ငန်း များအတွက် ရေပေးဝေမှုတိုးတက်စေရန် လုပ်ကိုင်လျှက်ရှိပါသည်။ MOLFARD လက်အောက်ရှိ ငါးလုပ်ငန်းဦးစီးဌာန သည် ရေလုပ်ငန်း အရင်းအမြစ်စီမံခန့်ခွဲမှုကိုသာမက ရေချိုနှင့်ပင်လယ်ပတ်ဝန်းကျင်များတွင် ငါးမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေးကိုလည်း တာဝန်ယူထားပါသည်။ **ဇယား ၂** တွင် ရေအရင်း အမြစ် စီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသော တာဝန်အမျိုးမျိုးကို ယူထားသည့် အဖွဲ့အစည်း အမျိုးမျိုးကို ရွေးထုတ် ဖော်ပြထားပါသည်။

***ဇယား-၁ ။ ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် တာဝန်ယူထားကြသော အဖွဲ့အစည်းများ***

| **အဖွဲ့အစည်း** | **ရေအရင်းအမြစ်စီမံခန့်ခွဲမှုတာဝန်များ** |
|---|---|
| ဆည်မြောင်းဦးစီးဌာန | (၁)ဆည်ရေပေးမှုဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေပေးသွင်းရေး (၂) အတိုင်း အတာတစ်ခုအထိ မြို့ပြရေပေးရေး (၃) ရေငန်ကျူးကျော် ဝင်ရောက်မှု ကာကွယ်ရေးနှင့် (၄) ရေမျက်နှာပြင် မှတ်တမ်းပြုစုရေးနှင့် ရေအထွက် တိုင်းတာရေး အထူးသဖြင့် ဆည်မြောင်း၊ တာတမံနှင့်တူး မြောင်းများ ပြုစုတိုင်းတာရေးများအတွက် တာဝန်ယူထားပါသည်။ |
| မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | (၁) မိုးလေဝသ/ရေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး စခန်းများ၊ အဓိက မြစ်ကြီး များနှင့် မြစ်လက်တက်ကြီးများတွင် သဲနန်းဖို့မှုဆိုင်ရာစခန်းများ (၂) နန်းဖို့မှုနှင့် စီးဆင်းမှုတိုင်းတာရေးနှင့် ရေငန်ကျူးကျော်ဝင်ရောက်မှု စောင့် ကြပ်ကြည့်ရှု စစ်ဆေးရေးအတွက် ရောဂတီမြစ်ဝကျွန်းပေါ် ရေအရည် အသွေး ဆိုင်ရာ စခန်းများအတွက် တာဝန်ယူထားပါသည်။ |
| သစ်တောဦးစီးဌာန | သစ်တောများနှင့် ရေဝေရေလဲဒေသများ ပြန်လည်ထူထောင်ရေးနှင့် ထိန်း သိမ်းရေး၊ အထူးသဖြင့် ကျေးလက်ဒေသများတွင် နိုင်ငံ၏ လူမှုရေး နှင့် စီးပွားရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက် လာရန်အတွက် ပတ်ဝန်းကျင် တည်ငြိမ်မှုထိန်းသိမ်းရေးများကို တာဝန်ယူထားပါသည်။ |
| MOAI ၏လက်အောက်ရှိ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန (WRUD) | ရေပေးသွင်းရေး လုပ်ငန်းများအတွက် မြစ်များမှရေကိုတင်ပေးရန် တာဝန် ယူထားပါသည်။ |
| ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာန (DWIR) | ရေကြောင်းသွားလာရေး၊ မြစ်အတွင်းသဲနန်းပို့ချခြင်းနှင့် ရေအရည် အသွေး ဆိုင်ရာ လေ့လာမှု လုပ်ငန်းများ၊ မြစ်ချောင်းစနစ်များ ကောင်းမွန်ရေး ရေရှည်တည်တံ့ရေး၊ သဘာဝဘေးအန္တရာယ် |

DRAFT

| | |
|---|---|
| | လျော့ချရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရေလမ်းကြောင်းများ၊တူးမြောင်းများနှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူထားပါသည်။ |
| ရန်ကုန်၊နေပြည်တော်၊မန္တလေး မြို့တော်စည်ပင် သာယာရေး ကော်မတီ (YCDC MCDC) များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ (TDC)များကဲ့သို့ မြူနီစပယ်အဖွဲ့အစည်း များ | မြို့ပြရေပေးရေးအတွက် တဖြည်းဖြည်းတာဝန်ယူလာနေပါသည်။ |
| ကျန်းမာရေးဦးစီးဌာန | ကျန်းမာရေးပံ့ပိုးမှုလုပ်ငန်းများနှင့် ဆက်စပ်နေသော ကျေးလက်ရေပေးရေးနှင့် မိလ္လာလုပ်ငန်းနှင့်ပတ်သက်သည့် ကဏ္ဍအချို့အတွက် တစ်စိတ်တစ်ပိုင်း တာဝန်ယူထားပါသည်။ |

**ကမ္ဘာ့ဘဏ်အဖွဲ့၏ ဘေးဆီးရန်ကာ မူဝါဒများ**

အဆိုပြုထားသော စီမံကိန်းရင်းနှီးမြှုပ်နှံမှုများကို ယေဘုယျအားဖြင့် ကောင်းသောလူမှုရေးနှင့်ပတ်ဝန်းကျင် အကျိုးကျေးဇူးများ ရရှိရန်အတွက်ဒီဇိုင်း ပုံစံထုတ်ရန် မျှော်လင့်ထားပြီး ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှု (OP 4.01)၊ သဘာဝသက်ရှိများ မှီတင်းနေထိုင်ရာနေရာ (OP 4.04)၊ ယဉ်ကျေးမှုအရင်းအမြစ်ပစ္စည်းများ (OP 4.11)၊ တာတမံများ ဘေးကင်းလုံခြုံမှု (OP 4.37)၊ မဖြစ်မနေ ပြန်လည်နေရာချထားခြင်း (OP 4.12) နှင့် ဒေသခံတိုင်းရင်းသားလူမျိုးများ (OP 4.10)စသည့် ကမ္ဘာ့ဘဏ်မူဝါဒအချို့ကို ကျင့်သုံးမည်ဖြစ်ပါသည်။ စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ဆက်စပ်နေသော ဖြစ်နိုင်ခြေရှိသည့် မြင့်မားသောပတ်ဝန်းကျင်နှင့် လူမှုရေးအန္တရာယ် ထိခိုက်မှုများကို လည်းကောင်း၊ ဘက်စုံမြစ်ဝှမ်းစီမံချက် နည်းလမ်းတစ်ခုအပေါ်တွင် ဖောင်းပေးထားသောစီမံကိန်း၏ ရှုပ်ထွေးသော သက်ရောက်မှု အားလုံးကိုလည်းကောင်း ထည့်သွင်းစဉ်းစား၍ ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုအပေါ် ကမ္ဘာ့ဘဏ်မူဝါဒ OP/BP 4.01 နှင့်အညီ ဤစီမံကိန်းကို ပတ်ဝန်းကျင် ဆိုင်ရာအဆင့် (က) အဖြစ် အမျိုးအစား သတ်မှတ်ထားပါသည်။ သို့ရာတွင် (တည်နေရာဖြင့် ဖော်ထုတ်သတ်မှတ်၍ ၎င်းတို့၏နည်းပညာရှုပ်ထွေးမှုအတွက် ထူးခြားသော စရိုက်ကိုသရုပ်ဖော်ပြီး ၎င်းတို့၏ သက်ရောက်မှုရှုထောင့်မှ အကဲဖြတ်သောအခါ ) တိကျသော အခြေခံ အဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် (ခ) အဆင့် နှင့်/သို့မဟုတ် (က) အဆင့် သက်ရောက်နိုင်သော စီမံကိန်းခွဲများအတွက် အဆင့်မီနိုင်ပါသည်။ အကြိုဖြစ်မြောက်နိုင်စွမ်း၊ ဖြစ်မြောက်နိုင်စွမ်းနှင့် အခြားသော လေ့လာမှုများကို ဆောင်ရွက်ခြင်းကဲ့သို့ စီမံကိန်းက ထောက်ခံထားသော အခြားလုပ်ငန်းများအတွက်လည်း လုပ်ငန်းများ၏ ဖြစ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်များနှင့် ကိစ္စရပ်တစ်ခုချင်းကို အခြေခံ၍ စဉ်းစားရမည့် အခြားသော နည်းလမ်းများကို သုံးသပ် အကဲဖြတ်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိအားဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုဆိုင်ရာ အကဲဖြတ်ရေး မူဘောင် မရှိပါ။ အစိုးရသည် ၂၀၁၁ ခုနှစ်တွင် ပတ်ဝန်းကျင်ထိခိုက်မှု အကဲဖြတ်စည်းမျဉ်းများကို မူကြမ်းရေးဆွဲခဲ့သော်လည်း ထုတ်ပြန်ပြဋ္ဌာန်းခြင်း မရှိသေးပါ။ ၂၀၁၂ ခုနှစ် ထိန်းသိမ်းရေးဥပဒေသည် MOECAF အား ESIA စနစ်တစ်ခုကို ဖော်ထုတ်ရန် အထွေထွေလုပ်ပိုင်ခွင့်ကို ပေးအပ်ထားပါသည်။ သို့ရာတွင်တိကျသော ESIA လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို အတည်ပြုပေးရန် ကျန်ရှိနေပါသေးသည်။ ESIA များကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း

များနှင့် ပြည်ပကော်ပိုရေးရှင်း အချို့က ရန်ပုံငွေထောက်ပံ့ပေးထားသော စီမံကိန်းများအတွက် သီးခြားကိစ္စတစ်ရပ် အနေဖြင့် ဆောင်ရွက်ပါသည်။ ESIA စိန်ခေါ်မှုများသည် လက်ရှိဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်ကို လေ့လာသုံးသပ်၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် နည်းပညာနှင့် ဘဏ္ဍာရေးအရင်းအမြစ်မရှိသော MOECAF နှင့် အတူအဖွဲ့အစည်းဆိုင်ရာ မူဝါဒအဖြစ်သို့လည်း ကျယ်ပြန့်သွား ပါသည်။ ဇယား-၂ သည် OP 4.01 လုပ်ထုံးလုပ်နည်းများ နှင့်ဆက်နွယ်နေသည့် EIA စည်းမျဉ်းများမူကြမ်း၏ အဓိကလက္ခဏာများကို အကျဉ်းချုပ် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် မြေသိမ်းယူမှုနှင့်လျော်ကြေး သို့မဟုတ် တိုင်းရင်းသားလူမျိုးစုများနှင့်သက်ဆိုင်သည့် တစ်စုတစ်စည်းတည်းသော ဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်မရှိပါ။

*ဇယား-၂။ အမျိုးသား EIA စည်းမျဉ်းများမူကြမ်း နှင့် OP/BP 4.01 EIA ပြဋ္ဌာန်းချက်များ*

| ကိစ္စရပ် | EIA စည်းမျဉ်းများမူကြမ်း | OP 4.01 |
|---|---|---|
| ကျင့်သုံးခြင်း | အရေးပါသော ပတ်ဝန်းကျင် ထိခိုက်မှု ရှိသော စီမံကိန်းများ | ကမ္ဘာ့ဘဏ်က ငွေကြေးဖြည့်ဆည်းပေးထားသော စီမံကိန်းများ အားလုံး။ EA လုပ်ငန်းစဉ်၏ အတိမ်အနက်သည် စီမံကိန်းနှင့်ဆက်နွယ်နေသော ဘေးအန္တရာယ်နှင့် ထိခိုက်မှုများ အပေါ်တွင် မူတည် မည်ဖြစ် ပါသည်။ |
| တာဝန်များ | စီမံကိန်းကို ထောက်ခံအားပေးသူက EA လုပ် ငန်းစဉ်ကို ဦးဆောင်ပါသည်။ | ငွေချေးယူသူက EA လုပ် ငန်းစဉ်ကို ဦးဆောင်ပါသည်။ |
| လူထုပါဝင် ဆောင်ရွက်မှု | လူထုပါဝင်ဆောင်ရွက်မှုအတွက် လို အပ်သည်ဟု MOECAF က ယူဆ သည့် အတွက်၄င်းက စီစဉ်မည် ဖြစ်ပါ သည်။<br>EIA အစီရင်ခံစာကို အတည်ပြုရေး လုပ်ငန်းစဉ်တွင် MOECAF သည် စီမံကိန်း၏ ထိခိုက်မှုကိုခံရသူများ နှင့် အရပ်ဘက် လူ့အဖွဲ့အစည်း ထံမှ အကြံပြုချက် များကို ထည့်သွင်း စဉ်းစား မည် ဖြစ်ပါသည်။ သို့ရာတွင် ဤစည်း မျဉ်းများသည် တုံ့ပြန်ချက် များကို လက်ခံခြင်း သို့မဟုတ် ထိုတုံ့ ပြန်ချက် များကို အဆိုပြုသော စီမံကိန်း ထဲသို့ ထည့်သွင်းပေးခြင်း လုပ်ငန်းစဉ်ကိုမူ သတ်မှတ် မပေးပါ။ | (က) အဆင့် နှင့် (ခ) အဆင့် စီမံကိန်း အားလုံး အတွက် EA လုပ်ငန်းစဉ်အတွင်း ငွေချေး ယူသူသည် စီမံကိန်း၏ ထိခိုက်မှုကိုခံရသော အုပ်စုများနှင့် ဒေသခံ အစိုးရ မဟုတ်သော အဖွဲ့အစည်း ( NGO ) များကို စီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေးရှုထောင့်များနှင့် ပတ်သက်၍ ဆွေးနွေး တိုင်ပင်ပြီး ၄င်းတို့၏အမြင်များကို ထည့်သွင်း စဉ်းစားပါသည်။ ငွေချေးယူသူသည် ထိုသို့သော အကြံပြုဆွေးနွေးပွဲကို စောနိုင်သမျှစောစော စတင် ပြုလုပ်ပါသည်။ (က)အဆင့် စီမံကိန်းများအတွက် ငွေချေးယူသူသည် ဤအုပ်စုများနှင့် (က) ပတ်ဝန်းကျင် ကို စစ်ဆေးပြီး မကြာမီနှင့် EA အတွက် တာဝန် သတ်မှတ်ချက်များကို အပြီးမသတ်မီနှင့် (ခ) အစီရင်ခံ စာ မူကြမ်းတစ်ခုကို ပြုစုသောအခါဟူ၍ အနည်းဆုံး နှစ်ကြိမ် အကြံပြုဆွေးနွေးပါသည်။ ထို့အပြင် ငွေချေး ယူသူသည် စီမံကိန်း အကောင်အထည်ဖော်နေစဉ် တစ်လျှောက်လုံး ၄င်းတို့ကို ထိခိုက်နေသော EA နှင့် ဆက်နွယ်နေသည့် ကိစ္စများကို ကိုင်တွယ် ဆောင်ရွက်ရန်အတွက် ထိုသို့သော အုပ်စုများနှင့် လိုအပ်သလို ဆွေးနွေး တိုင်ပင်ပါသည်။ |
| ထုတ်ဖော် ကြေညာခြင်း | စီမံကိန်းကိုထောက်ခံအားပေးသူသည် သက်ဆိုင်သော စီမံကိန်းဆိုင်ရာ သ | ငွေချေးယူသူသည် ဆွေးနွေးတိုင်ပင်ခြင်းမပြုမီ သက်ဆိုင်ရာ အချက်အလက်များကို ဆွေးနွေးတိုင်ပင် |

DRAFT

| | | |
|---|---|---|
| | တင်းအချက်အလက်များ အားလုံးကို MOECAF သို့ ထုတ်ဖော် ပြောကြားမည်ဖြစ်ပါသည်။ EIA စည်းမျဉ်းများတွင် စီမံကိန်း၏သက်ရောက်မှုကို ခံရသူများ သို့မဟုတ် အရပ်ဘက်လူ့အဖွဲ့အစည်းကို ထုတ်ဖော်ပြောကြားရမည့် နောက်ထပ် ပြဋ္ဌာန်းချက်မရှိပါ။ | ခြင်း ခံရသောအုပ်စုများ နားလည်ပြီး အသုံးပြုနိုင်သည့် ဘာသာစကားတစ်မျိုးဖြင့် အချိန်မီ ကြိုတင်ပေးအပ်ရပါသည်။<br>(က) အဆင့် စီမံကိန်းတစ်ခုအတွက် ငွေချေးယူသူ သည် ပဏာမဆွေးနွေးတိုင်ပင်မှုအတွက် အဆိုပြုထားသော စီမံကိန်း၏ ရည်ရွယ်ချက်များ၊ ဖော်ပြချက်နှင့် ဖြစ်လာနိုင်သော ထိခိုက်မှုများ၏ အကျဉ်းချုပ်ကို ပေးအပ်ရပါသည်။ EA အစီရင်ခံစာမူကြမ်းကို ပြုစုပြီးသောအခါ ဆွေးနွေးတိုင်ပင်မှုအတွက် ငွေချေးယူသူသည် EA ၏ ကောက်နုတ်ချက် အကျဉ်းချုပ်ကို ပေးအပ်ပါသည်။ ထို့အပြင် (က) အဆင့် စီမံကိန်းတစ်ခုအတွက် ငွေချေးယူသူသည် EA အစီရင်ခံစာ မူကြမ်းကို စီမံကိန်း၏ ထိခိုက်မှုကိုခံရသော အုပ်စုများနှင့် ဒေသခံ NGO များ ဝင်ရောက်နိုင်သည့် အများပြည်သူနှင့် ဆိုင်သောနေရာများတွင် ရရှိနိုင်အောင် ပြုလုပ်ပေးပါသည်။<br>သီးခြား (ခ) အဆင့် အစီရင်ခံစာမှန်သမျှကို စီမံကိန်း၏ သက်ရောက်မှုကိုခံရသောအုပ်စုများ နှင့် ဒေသခံ NGO များရရှိရန် ပြုလုပ်ထားပါသည်။ ငွေချေးယူသော နိုင်ငံတွင် အများပြည်သူ ရရှိနိုင်မှုနှင့် (က) အဆင့် အစီရင်ခံစာများ နှင့် (ခ) အဆင့် အစီရင်ခံစာမှန်သမျှကို ဤဘဏ်က တရားဝင်ရရှိရေးသည် ဤစီမံကိန်းများအပေါ် ဘဏ်၏ အကဲဖြတ်မှုအတွက် မရှိမဖြစ်လိုအပ်ချက်များ ဖြစ်ပါသည်။<br>ငွေချေးယူသူက (က) အဆင့် EA အစီရင်ခံစာကို ဘဏ်သို့ တရားဝင် ပေးပို့ပြီးသောအခါ ဤဘဏ်သည် (အင်္ဂလိပ် ဘာသာဖြင့်ပြုစုထားသော) အကျဉ်းချုပ်ကို အမှုဆောင် ဒါရိုက်တာ ( ED ) များသို့ ဖြန့်ဝေ၍ ထိုအစီရင်ခံစာကို ၎င်း၏ InfoShop မှတစ်ဆင့် ရရှိအောင်ပြုလုပ်ပါသည်။ ငွေချေးယူသူက သီးခြား (ခ) အဆင့် EA အစီရင်ခံစာ မှန်သမျှကို ဤဘဏ်သို့ တရားဝင်ပေးပို့သောအခါ ဤဘဏ် သည် ထိုအစီရင်ခံစာကို ၎င်း၏ InfoShop မှတစ်ဆင့် ရရှိအောင် ပြုလုပ်ပေးပါသည်။<br>ဤဘဏ်၏ ကမ္ဘာ့ဘဏ် InfoShop မှတစ်ဆင့် EA အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခြင်းကို ငွေချေးယူသူက ကန့်ကွက်လျှင် ဘဏ်ဝန်ထမ်းအဖွဲ့သည် (က) IDA စီမံကိန်းတစ်ခု ဆောင်ရွက်နေခြင်းကို ဆက်လက်ဆောင်ရွက်မည် မဟုတ်ပါ သို့မဟုတ် (ခ) IBRD စီမံကိန်းအတွက် ထပ်မံဆောင်ရွက် မည့်ကိစ္စကို ED များထံသို့ တင်ပြပါသည်။ |
| စစ်ဆေးခြင်း | မြေအသုံးပြုမှု ပြောင်းလဲခြင်း ၊ မျိုးစိတ်အသစ်များ စတင်သုံးစွဲခြင်းအ | ဤဘဏ်သည် စီမံကိန်းအားလုံးကို စစ်ဆေး၍ ၎င်းတို့ကို စီမံကိန်း၏ အမျိုးအစား၊ တည်နေရာ၊ သိမ်မွေ့မှု အတိုင်း |

DRAFT

| | | |
|---|---|---|
| | တွက် အရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းများ ပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှုကို လိုအပ်သော စီမံကိန်းများကို စာရင်းပြုစုပါသည်။<br>အစီရင်ခံစာများ၏ ပုံစံနှင့် အချိန်သတ်မှတ်ချက်များကို MOECAF က ဆုံးဖြတ်မည် ဖြစ်ပါသည်။ MOECAF သည် ပတ်ဝန်းကျင်စစ်ဆေးမှု အပေါ်တွင် အခြေခံ၍ လိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုပုံစံကို ဆုံးဖြတ်မည်ဖြစ်ပါသည်။ | အတာနှင့် ၎င်း၏ ဖြစ်လာနိုင်သော ပတ်ဝန်းကျင် အပေါ် သက်ရောက်မှု၏ အတိုင်းအတာ အပေါ်တွင် မူတည်၍ ( A ၊ B ၊ C နှင့် F1 )အဆင့် လေးမျိုးထဲမှ တစ်ဆင့်အဖြစ်သို့ ခွဲခြား သတ်မှတ်ပါသည်။ |
| EA တွင် ပါဝင်သော အကြောင်းအရာ | MOECAF သည် EA အစီရင်ခံစာတွင် ပါဝင်သော အကြောင်းအရာကို ဆုံးဖြတ်ပါသည်။ ၎င်းအစီရင်ခံစာတွင် အဓိကအားဖြင့် စီမံကိန်းနှင့်ဆက်စပ်နေသောတိုက်ရိုက်သက်ရောက် မှုများကို အကဲ ဖြတ်ခြင်းနှင့် လျော့နည်းသက်သာစေရေးစီမံဆောင်ရွက်မှုများ၏ ဖော်ပြချက် များ ပါဝင်ပါသည်။ | EA တွင် စီမံကိန်း၏ အခြားနည်းလမ်းများကို အကဲဖြတ်ချက် ၊ တစ်စတစ်စတိုးပွားလာသော သက်ရောက်မှုများ၊ တိကျသော သက်သာလျော့နည်းရေး စီမံဆောင်ရွက်မှုများနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း လုပ်ငန်းများ ပါဝင်ရန် လိုအပ်ပါသည်။ |
| စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း | MOECAF သည် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲရေးအစီအစဉ် (EMP) နှင့်အညီ စီမံကိန်း ဆောင်ရွက်မှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည် ဖြစ်ပါသည်။<br>စီမံကိန်း ကို ထောက်ခံအားပေးသူသည် EMP နှင့် စီမံကိန်းတစ်ခု ၏ သက်တမ်း တစ်လျှောက် လိုင်စင်တွင် ပါဝင်သော တာဝန်သတ်မှတ်ချက်များကို လိုက်နာမည် ဖြစ်ပါသည်။လိုက်နာမှုမရှိသည်ကို တွေ့ရလျှင် MOECAF သည် ပြစ်ဒဏ်များ ချမှတ်မည် သို့မဟုတ် စီမံကိန်းတည်ဆောက်ခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်းကို ရပ်ဆိုင်းမည် ဖြစ်ပါသည်။ | စီမံကိန်း အကောင်အထည်ဖော်နေစဉ် ကာလအတွင်း (က) စီမံကိန်းမှတ်တမ်းမှတ်ရာများတွင် စီစဉ်ထားသည့်အတိုင်း EMP အားလုံး၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အပါအဝင် EA ၏ တွေ့ရှိချက်များနှင့် ရလဒ်များ အပေါ်တွင် အခြေခံ၍ ဤဘဏ်နှင့် သဘောတူထားသော စီမံဆောင်ရွက်မှုများကို လိုက်နာခြင်း (ခ) လျော့နည်းသက်သာစေရေး စီမံဆောင်ရွက်မှုများ၏ အဆင့်အတန်းနှင့် (ဂ) စောင့် ကြပ်ကြည့်ရှုစစ်ဆေးရေးအစီအစဉ်များ၏ တွေ့ရှိချက်များကို ငွေချေးယူသူက အစီရင်ခံပါသည်။ ဤဘဏ်သည် စီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ လက္ခဏာများအား ကြီးကြပ်ကွပ်ကဲမှုကို လုပ်ဆောင်ရာတွင် တရားဝင် သဘောတူညီချက်များတွင် စီစဉ်ထားသည့် စီမံဆောင်ရွက်မှုများ၊ EMP အားလုံး နှင့် အခြားစီမံကိန်း မှတ်တမ်းမှတ်ရာများ အပါအဝင် EA ၏ တွေ့ရှိချက်များနှင့် ထောက်ခံချက်များ အပေါ်တွင် အခြေခံပါသည်။ |

DRAFT

ထို့အပြင် AIRBM စီမံကိန်းရင်းနှီးမြှုပ်နှံမှုများသည် ကောင်းမွန်သော အပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းကျင့်စဉ် (GIIP) ၏ အထွေထွေနှင့် စက်မှုဆိုင်ရာနမူနာများပါဝင်သော နည်းပညာကိုးကားမှု မှတ်တမ်းမှတ်ရာများဖြစ်သည့် ကမ္ဘာ့ဘဏ် အဖွဲ့၏ ပတ်ဝန်းကျင်၊ ကျန်းမာရေး နှင့်ဘေးကင်းလုံခြုံရေး(EHS) ဆိုင်ရာလမ်းညွှန်ချက်များကို လိုက်နာမည် ဖြစ်ပါသည်။ (EHS) ဆိုင်ရာလမ်းညွှန်ချက်များ၏ သက်ဆိုင်မှုကို ပတ်ဝန်းကျင် အကဲဖြတ်မှု၏ ရလဒ်များ

အပေါ်တွင် အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုစီအတွက် ချမှတ်ထားသော ဘေးအန္တရာယ်များ၊ စွန့်စားမှုများနှင့် အံဝင်ခွင်ကျ ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုပတ်ဝန်းကျင် အကဲဖြတ်မှုတွင် ဒေသခံနိုင်ငံနှင့် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများ၊ ပတ်ဝန်းကျင်၏ သဘာဝတဖြစ်နိုင်စွမ်းနှင့် စီမံကိန်းအောက်ရှိ အခြားအကြောင်းရင်းများကဲ့သို့ နေရာကိုလိုက်၍ ပြောင်းလဲနိုင်သောအရာများကို ထည့်သွင်းစဉ်းစားပါသည်။ ရင်းနှီးမြှုပ်နှံမှုတစ်ခုအတွက် ရနိုင်သော ညစ်ညမ်းမှုကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ နည်းပညာများ၏ အတိုင်း အတာကို အကဲဖြတ်မှုတွင် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်းနှင့် ပတ်ဝန်းကျင်၏သဘာဝတ ဖြစ်နိုင်စွမ်း၏ ကွဲလွဲ နေသောအဆင့်များ ပါဝင်နိုင်သကဲ့သို့ ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း၏ ကွဲလွဲနေသော အဆင့်များ လည်းပါဝင်နိုင်ပါသည်။ အမျိုးသားလွှတ်တော်နှင့် ဘဏ်၏လူမှုရေး ကာကွယ်ရေးမူဝါဒများ OP 4.10 နှင့် 4.12 ၏ကွာဟချက် သရုပ်ခွဲဆန်းစစ်မှုကို ESMF ၏ RPF နှင့် IPPF တို့တွင် ပေးထားပါသည်။

**<u>မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများမှ ဖြစ်လာနိုင်သောစီမံကိန်းသက်ရောက်မှုများ</u>**

မူဘောင်အဆင့်တွင် စီမံကိန်း၏ ထိခိုက်မှုအဆိုးနှင့်အကောင်း သရုပ်ခွဲဆန်းစစ်မှုကို စီမံကိန်းလွှမ်းမိုးသော နယ်မြေရှိပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေနှင့် အကြံပြုထားသော စီမံကိန်းလုပ်ငန်းများမှ သိရှိထားသည့် ဖြစ်လေ့ ဖြစ်ထရှိသော သက်ရောက်မှုများပေါ်တွင် အကန့်အသတ်ဖြင့်ရရှိနိုင်သော ယေဘုယျသတင်းအချက်အလက်များကို အသုံးပြု၍ သာလျှင် စဉ်းစားနိုင်ပါသည်။ (တည်ဆောက်ရေး အကြိုအဆင့်များနှင့် လုပ်ငန်းလုပ်ဆောင်မှုအဆင့် အတွင်း) လုပ်ငန်း နေရာဒေသအလိုက် သက်ရောက်မှုများကို အသေးစိတ် ဒီဇိုင်းပုံစံကာလအတွင်း သရုပ်ခွဲဆန်းစစ် ပြီး သက်ဆိုင်ရာ ESIA နှင့် EMP များတွင် ထည့်သွင်းမည်ဖြစ်ပါသည်။

သောင်တူးခြင်းလုပ်ငန်းစဉ်နှင့် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများသည် ပိုမိုကျယ်ပြန့်သော ရောဂတီ မြစ်မိုးရေခံ ရပ်ဝန်းထဲရှိ မြစ်များနှင့်ရွှံ့ညွန်ဒေသများတွင်ရှိသော ရေ၏စနစ်ကို လွှမ်းမိုးနိုင်မည်ဟု မျှော်လင့်ထားပါသည်။ ဤအရာသည် ချက်ချင်းဖြစ်ပေါ်လာမည့် သက်ရောက်မှုတစ်ခုမဟုတ်ပါ။ သို့ရာတွင် တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးပြီးနောက် နှစ်နှင့်ချီ၍ ကြာလာသောအခါ တဖြည်းဖြည်းပေါ်ပေါက်လာမည့် နှေးကွေးသောဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ မြစ်နံဘေးသို့ဖြာထွက်မှုများနှင့် အသေးအဖွဲ့ရေကြီးမှုများတွင် ရေစီးဆင်းမှုကို လျှော့ချလိုက်သည့် ရလဒ်တစ်ခုအနေဖြင့် မြေအောက်ရေမျက်နှာပြင်များတွင် ပြောင်းလဲမှုများကို မျှော်လင့်နိုင်ပါသည်။ ၄င်းသည် အပင်များ၊ ငှက်များ၊ ငါးများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းသတ္တဝါများနှင့် အခြားတိရစ္ဆာန်များ ၏ အရေးကြီး သော ခိုအောင်းရာ၊ သားပေါက်ရာနှင့် မှီတင်း နေထိုင်ရာနေရာများဖြစ်သည့် စိမ့်မြေများ၏ လည်ပတ်မှုအပေါ် မကောင်းသောသက်ရောက်မှု ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ အသေးစိတ်ပုံစံနှင့် တစ်ပြိုင်တည်းပြုစုသည့် ပြည့်စုံသော ESIA တွင် ဂေဟစနစ် စီးဆင်းမှုများအပါအဝင် အရည်ဖိအားဆိုင်ရာ ပုံစံဖော် ခြင်း၏ရလဒ်များ ပါဝင်ရမည်ဖြစ်ပြီး ၄င်းသည် ပုံဖော်ခြင်း၏ရလဒ်များအပေါ်တွင်အခြေခံသည့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနှင့် ဖြစ်မြောက်နိုင်သော အခြားနည်းလမ်းများ ရွေးချယ်မှုတွင် ပါဝင်ရမည်ဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေးက ထုတ်လုပ်နိုင်သော တိုးတက်သောရေကြောင်းသွားလာရေးသည် အရင်းအမြစ်များ နှင့် မြေအသုံးပြုမှု ပြောင်းလဲမှုအပေါ် ဖိအားပေးမှု တိုးလာမည်ဖြစ်ပြီး တိုးတက်လာသောလမ်းတစ်ခု ပြောင်းလဲ သကဲ့သို့ ပြောင်းလဲနိုင်သည်။ ပြည့်စုံသော ESIA သည် မြေအသုံးချမှု ပြောင်းလဲခြင်းတွက်ချက်မှု ပုံစံဖော်ထုတ်မှုကို စဉ်းစား၍ လျော့နည်းသက်သာရေးလုပ်ငန်းစဉ်ကိုပေးမည်ဖြစ်ပါသည်။

ESIA သည် ဖွံ့ဖြိုးတိုးတက်သောရလဒ်များကိုမြှင့်တင်ရန်၊ ပုံတူကူးယူခြင်းများကိုရှောင်ရန် ( ဥပမာအားဖြင့်၊ သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့သည် သဘာဝဘေးအန္တရာယ် လျှော့ချရေး လုပ်ငန်းအစီအစဉ်၏ အစိတ်အပိုင်းအဖြစ် မြို့နယ်များတွင်အဆင့်မြင့် ရေကြီးမှုစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးနှင့် ကြိုတင်ခန့်မှန်းရေး လုပ်ငန်း စဉ်များကိုလည်းကောင်း၊ ဧရာဝတီမြစ်ဝှမ်းတွင် ရေကြီးမှုကြိုတင်ပြင်ဆင်ရေးအစီအစဉ်များကိုလည်းကောင်း ဦးဆောင်နေပါသည်)နှင့် စီမံကိန်းလုပ်ကွက်နေရာများတွင် ဖြစ်ပေါ်လာသော သက်ရောက်မှုများအားလုံးကို အကဲဖြတ်ရန်အတွက် စီမံကိန်း လွှမ်းမိုးသော နယ်မြေတွင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုလည်း ပုံစံဖော်ထုတ်ပေးမည် ဖြစ်ပါသည်။

## <u>စီမံကိန်း၏ ဘေးဆီးရန်ကာချည်းကပ်မှု နည်းလမ်း</u>

စီမံကိန်းတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးပြဿနာများကို ကိုင်တွယ်ဆောင်ရွက်ရန် အဆိုပြုထားသောနည်းလမ်း၌ အောက်ပါ ဘေးဆီးရန်ကာကိရိယာများဖြစ်သော စာရွက်စာတမ်းများရေးဆွဲခြင်း ပါဝင်မည်ဖြစ်ပါသည်။

- ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု မူဘောင် (ESMF)
- စီမံကိန်းကိုအကောင်အထည်ဖော်နေစဉ်အတွင်း သတ်မှတ်ဖော်ထုတ်ထားပြီး သို့မဟုတ် ပုံစံထုတ်ထားပြီး PFI ၏ အပိုင်းခွဲအရ ရေးဆွဲထားသော ရင်းနှီးမြှုပ်နှံမှုများ/စီမံကိန်းခွဲများ အားလုံးအတွက် (မဖြစ်မနေ ပြန်လည် နေရာချထားရေး အစီအစဉ်များ၊ ဒေသခံတိုင်းရင်းသားလူမျိုးများအတွက် အစီအစဉ်များ အစရှိသည့်) လိုအပ်သည့် ပတ်ဝန်းကျင် ထိခိုက်မှု အကဲဖြတ်မှု (EIA) များ နှင့်/သို့မဟုတ် ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုအစီအစဉ် (ESMP) များနှင့် အခြားဘေးဆီးရန်ကာ စာရွက်စာတမ်းများကို ရေးဆွဲမည် ဖြစ်ပါသည်။
- မြစ်ဝှမ်း လွှမ်းခြုံစီမံချက်အတွက် မဟာဗျူဟာ ပတ်ဝန်းကျင်နှင့်လူမှုရေးအကဲဖြတ်မှု (SESA) ကို ဆောင်ရွက် မည်ဖြစ်သည်။

**ESMF**

- စီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလအတွင်း သတ်မှတ်ဖော်ထုတ်ထားသော အခြေခံအဆောက်အအုံ ဆိုင်ရာစီမံကိန်းများနှင့် PFI အပိုင်းခွဲဖြင့် ငွေကြေးထောက်ပံ့ထားသောစီမံကိန်းများအားလုံးတွင် ESMF ကိုအသုံးပြုမည် ဖြစ်ပါသည်။ အနာဂတ်ရင်းနှီးမြှုပ်နှံမှုရေးဆွဲခြင်း (PFI) လုပ်ငန်းသည် ဖြစ်မြောက်နိုင် စွမ်းလေ့လာမှုများ၊ စီမံကိန်း အယူအဆများကို စေ့စပ်စွာကြည့်ရှုခြင်းနှင့် ဦးစားပေးသတ်မှတ်ခြင်းများ၊ လေ့လာဆန်းစစ်မှုများနှင့် စမ်းသပ် စစ်ဆေးမှုများ၊ မဟာဗျူဟာရွေးချယ်ရေးလေ့လာမှုများ၊ မူဝါဒလုပ်ငန်းနှင့် နောက်ဆက်တွဲစီမံကိန်း အဆင့်တွင် ငွေချေးယူသူက စီစဉ်ထားသော (ရေပေးသွင်းရေး၊ ရေအားလျှပ်စစ်၊ ရေကြောင်းသွားလာရေး၊ မြစ်ဂကျွန်းပေါ် စီမံခန့်ခွဲရေး၊ မြူနီစပယ်ရေးပေးရေး သို့မဟုတ် စွန့်ပစ်ရေ စီမံခန့်ခွဲမှု စနစ်များအစရှိသည့်) အနာဂတ်ရေအရင်းအမြစ်များ၏ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ အတွက် အခြားလေ့လာမှုများကို အဓိကအားဖြင့်ငွေကြေး ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

ESMF တွင် အောက်ပါတို့ ပါဝင်ပါသည်-

DRAFT

- စီမံကိန်း အကောင်အထည်ဖော်နေစဉ်ကာလအတွင်း သတ်မှတ်ဖော်ထုတ်ထားသော သို့မဟုတ် PFI များ၏ လုပ်ငန်းများတွင် ပါဝင်ရမည်ဖြစ်သော စီမံကိန်းလုပ်ငန်းခွဲတစ်ခုချင်းအတွက် စံနှုန်းများကို စစ်ဆေးခြင်းနှင့် စေ့စပ်စွာ ကြည့်ရှုခြင်း
    - စီမံကိန်းကို ( က သို့မဟုတ် ခ ) အဆင့် ခွဲခြားခြင်းဆိုင်ရာ လမ်းညွှန်ချက်နှင့် လိုအပ်သော ဘေးဆီးရန်ကာ လုပ်ငန်း၏ အဓိပ္ပါယ်သတ်မှတ်ချက်
    - မြေသိမ်းဆည်းရေးနှင့်ပြန်လည်နေရာချထားရေးအတွက် ပြန်လည်နေရာချထားရေး အစီအစဉ် မူဘောင်
    - ဒေသခံတိုင်းရင်းသားလူမျိုးများအတွက် အစီအစဉ် မူဘောင်
    - အောက်ပါတို့အတွက်လမ်းညွှန်ချက်-
        - EIA အတွက် တာဝန်သတ်မှတ်ချက်များ နှင့် (က) အဆင့် စီမံကိန်းများအတွက် ESMP
        - အသေးစားတည်ဆောက်လုပ်ရေးစီမံကိန်းငယ်များအတွက်ပတ်ဝန်းကျင်အပေါ် သက်ရောက် မှုများစီမံခန့်ခွဲမှု
        - SESA အတွက် တာဝန်သတ်မှတ်ချက်များ

**EIA / ESMP များ**

- (၁) ၎င်းတို့အတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများနှင့် ဒီဇိုင်းပုံစံများ ရေးဆွဲရန် သို့မဟုတ် ပြင်ဆင်ရန် လိုအပ်သော မြစ်၏ ရွေးချယ်ထားသောအပိုင်းများပေါ်ရှိ ရေကြောင်းသွားလာရေး အခြေခံအဆောက်အအုံ လုပ်ငန်းများ (၂) ရေအရည်အသွေး စီမံခန့်ခွဲခြင်းနှင့်လုပ်ငန်းဆောင်ရွက်ခြင်း၊ မိုးလေဝသကြိုတင်ခန့်မှန်းခြင်း နှင့် DMH ၏လုပ်ငန်း ဆောင်ရွက်မှုများ နှင့်ဆက်စပ်နေသော အဆောက်အအုံနှင့်ရုံးများ ဆောက်လုပ်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ပေးခြင်း (၃) မြစ်ရေ စောင့်ကြည့်စစ်ဆေးရေးစခန်းများနှင့် အခြားသက်ဆိုင်သော မိုးလေဝသနှင့် ဇလဗေဒ စောင့်ကြပ်ကြည့်ရှု စစ်ဆေးရေး ကွန်ရက်စခန်းများ ထူထောင်ခြင်း နှင့် (၄) မြစ်၏ ရွေးချယ်ထားသော အပိုင်းများတစ်လျှောက် ရေကြောင်းသွားလာရေး အထောက်အကူများ တပ်ဆင်ခြင်းများနှင့် ဆက်စပ်နေသော ဆောက်လုပ်ရေးလုပ်ငန်းများအတွက် EIA နှင့် /သို့မဟုတ် ESMP တစ်ခုကို ရေးဆွဲမည်ဖြစ်ပါသည်။

**SESA**

- SESA ကို (၁) ဧရာဝတီမြစ်ဝှမ်းဘက်စုံမြစ်ဝှမ်းလွှမ်းခြုံသည့်ပင်မ စီမံချက်နှင့် ၎င်း၏မဟာဗျူဟာအကဲဖြတ်မှု ရေးဆွဲခြင်း (၂) ဧရာဝတီမြစ်ဝှမ်း မြေအောက်ရေ လေ့လာဆန်းစစ်မှု၊ အကောင်းဆုံးရေယာဉ်စုဆိုင်ရာ လေ့လာမှု နှင့် ဧရာ ဝတီမြစ်ရေကြောင်းသွားလာရေး မဟာဗျူဟာကဲ့သို့ နည်းပညာအခြေခံ လေ့လာမှုများ နှင့်ဆက်စပ်နေသော နည်းပညာ အထောက်အကူလုပ်ငန်းများ၏အစိတ်အပိုင်းအဖြစ် ဆောင်ရွက်မည်ဖြစ်ပါသည်။

AIRBM စီမံကိန်းရင်းနှီးမြှုပ်နှံမှုတစ်ခုစီတွင် ၎င်း၏ပုံစံအမျိုးအစားခွဲခြားမှုအပေါ်တွင်မူတည်၍ ဖြစ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုများ အကဲဖြတ်မှုတစ်ခုနှင့် မြန်မာနိုင်ငံရှိဥပဒေများ၊ (သင့်တော်သည့်) စံချိန်စံညွှန်းများနှင့် ကမ္ဘာ့ဘဏ်အဖွဲ့၏ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော တိကျသောပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှု



DRAFT

(EA) အထောက်အကူပြုကိရိယာတစ်ခု ပါဝင်မည်ဖြစ်ပါသည်။ ဇယား (၃) သည် စီမံကိန်းအတွက် ဘေးဆီးရန်ကာ နည်းလမ်းများကို အကျဉ်းချုပ် ဖော်ပြထားပါသည်။

***ဇယား-၃။ AIRBM စီမံကိန်းက အဆိုပြုထားသော ရင်းနှီးမြှုပ်နှံမှုများ - ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာဘေးဆီးရန်ကာ လုပ်ငန်းစဉ်***

| EA စာရွက်စာတမ်း နှင့် အမျိုးအစား | OP/BP 4.01 နှင့် သက်ဆိုင်ရာ ကာကွယ်ရေးမူဝါဒများအရ ပါဝင်သည့် အကြောင်းအရာ | AIRBM အပိုင်း | သုံးသပ်ချက် |
|---|---|---|---|
| ESIA ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှု အပေါ်အကဲဖြတ်မှု | - စီမံခန့်ခွဲမှုလုပ်ငန်းအကျဉ်းချုပ်<br>- မူဝါဒ၊ တရားဥပဒေဆိုင်ရာနှင့် စီမံအုပ်ချုပ်ရေး မူဘောင်<br>- စီမံကိန်းဖော်ပြချက်။ လိုအပ်မည့် တည်နေရာ ပြင်ပရင်းနှီး မြှုပ်နှံမှုများအားလုံး (ဥပမာ၊ နစ်မြှုပ်ထားသောပိုက်လိုင်းများ၊ ဆက်သွယ်ထားသည့်လမ်းများ၊ ဓာတ်အားပေး စက်ရုံများ၊ ရေပေးဝေမှုများ၊ အိမ်ရာများ၊ ကုန်ကြမ်းနှင့် ကုန်ချောသိုလှောင်ရုံများ) အပါအဝင် အဆိုပြု ထားသော စီမံကိန်းနှင့် ၎င်း၏ ပထဝီဆိုင်ရာ၊ ဂေဟာစနစ်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် အချိန်ပိုင်းဆိုင်ရာ ဆက်စပ် စဉ်းစားရမည့်အကြောင်း အရာများ ကို အကျဉ်းအားဖြင့် ဖော်ပြပါသည်။ပြန်လည်နေရာချထားရေးအစီအစဉ် သို့မဟုတ် တိုင်းရင်းသား လူမျိုးများအတွက် အစီအစဉ် အားလုံးအတွက် လိုအပ်ချက်ကို ညွှန်ပြပါသည်။ သာမန်အားဖြင့် စီမံကိန်းတည်နေရာ နှင့် စီမံကိန်းက လွှမ်းမိုးသော နယ်မြေကို ဖော်ပြသည့် မြေပုံတစ်ခု ပါဝင်ပါသည်။<br><br>- အခြေခံထားသော အချက်အလက်။ လေ့လာမှု နယ်မြေ၏ အတိုင်းအတာများကို အကဲဖြတ်၍ စီမံကိန်းမစတင်မီ ကကြိုတင် မျှော်မှန်းခဲ့သော ပြောင်းလဲမှုအားလုံး ပါဝင်သည့် သက်ဆိုင်ရာ ရူပဗေဒ၊ ဇီဝဗေဒနှင့် လူမှုစီးပွားရေးအခြေအနေများကို ဖော်ပြပါသည်။ စီမံကိန်းနှင့် တိုက်ရိုက်ဆက်စပ်မှု မရှိသော စီမံကိန်းနယ်မြေအတွင်းရှိ လက်ရှိနှင့် အဆိုပြုထားသောဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းထည့်သွင်း စဉ်းစားပါသည်။ အချက်အလက်များသည် စီမံကိန်း၏ တည်နေရာ၊ | **အပိုင်း ၃-၂။** မန္တလေးမှ ရန်ကုန် ရေကြောင်းသွား လာမှု တိုးတက်ကောင်းမွန်ရေး တည်ဆောက်မှုလုပ်ငန်းများ | ပဏာမအကဲဖြတ်မှုအချို့ ကို ဆောင်ရွက်ပြီး ဖြစ်ပါသည်။ |

DRAFT

| | | | |
|---|---|---|---|
| | ပုံစံ၊ လုပ်ငန်းဆောင်ရွက်မှု သို့မဟုတ် သက်သာ လျော့ နည်းရေး စီမံဆောင်ရွက်မှုများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များနှင့် ဆီလျော်မှုရှိရမည်ဖြစ်ပါသည်။ ဤကဏ္ဍသည် အချက်အလက် များ၏ တိကျမှု၊ ယုံကြည်စိတ်ချရမှုနှင့် ဇာစ်မြစ်များကို ဖော်ပြပါသည်။<br><br>- စုဝေးလာသည့် ထိခိုက်မှုများအပါအဝင် ပတ်ဝန်းကျင် ထိခိုက်မှုများ။ စီမံကိန်း၏ ဖြစ်နိုင်ဖွယ်ရာရှိသော ကောင်းသော သက်ရောက်မှုနှင့် မကောင်းသော သက်ရောက်မှုများကို ဖြစ်နိုင်သည့်အတိုင်းအတာအထိ ကိန်းဂဏန်းဖြင့် ကြိုတင်ခန့်မှန်း၍ အကဲဖြတ် ပါသည်။ သက်သာလျော့နည်းရေး စီမံဆောင်ရွက်မှုများ နှင့် သက်သာလျော့ နည်းအောင် လုပ်၍ မရဘဲကျန်ရှိသည့် မကောင်းသော သက်ရောက်မှု အားလုံးကို ဖော်ထုတ် သတ်မှတ် ပေးပါသည်။ သဘာဝ ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး အတွက် အခွင့် အလမ်းများကို စူးစမ်းလေ့လာ ါသည်။ အပိုင်းတွင်ရနိုင်သော အချက်အလက်များ၊ အဓိကကျသော အချက်အလက် ကွာဟမှုများနှင့် ကြိုတင်ခန့်မှန်းမှုနှင့် ဆက်နွယ်သော မသေချာမှုများ၏ အတိုင်းအတာနှင့် အရည်အသွေးကို ဖော်ထုတ် သတ်မှတ်၍ ခန့်မှန်းပြီး ထပ်မံအာရုံစိုက်ရန်မလိုအပ်သော အကြောင်းအရာများကို သတ်မှတ်ပေး ပါသည်။<br><br>- ဖြစ်လာနိုင်သော မြေသိမ်းယူမှု သို့မဟုတ် မဖြစ်မနေ ပြန်လည် နေရာချထားရေး ဆိုင်ရာသက်ရောက်မှုများ အပါအဝင် လူမှုရေး သက်ရောက်မှုများနှင့် အန္တရယ်များကို အကဲဖြတ်ခြင်း၊ ဒေသခံ တိုင်းရင်းသား လူမျိုးစုများ တည်ရှိနေမှုကို စစ်ဆေးပြီး တည်ရှိနေမှု မှန်ကန်လျှင် မကောင်းသော သက်ရောက်မှုများကို အကဲဖြတ်ခြင်း၊ လွတ်လပ်ပြီး ကြိုတင် ဆောင်ရွက် သည့် အမြင်ကျယ်သော အကြံပြု တိုင်ပင် ဆွေးနွေးမှုများ၊ ယဉ်ကျေးမှု အရ သင့်တော် | | |

DRAFT

| | | | |
|---|---|---|---|
| | သော အကျိုးကျေးဇူးများကို သေချာစေရန် စီမံဆောင်ရွက်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် မကောင်းသော သက်ရောက်မှုများကို ရှောင်ရှားခြင်း သို့မဟုတ် သက်သာလျော့နည်းအောင် ပြုလုပ်ခြင်း။<br><br>- အခြားနည်းလမ်းများကို သရုပ်ခွဲ ဆန်းစစ်ခြင်း။ ဖြစ်မြောက်နိုင် သော အခြားနည်းလမ်းများကို - ၎င်းတို့၏ ဖြစ်လာနိုင်သော ပတ်ဝန်းကျင် ဆိုင်ရာသက်ရောက်မှုများ အရ " စီမံကိန်းမရှိသော" အခြေအနေ အပါအဝင် အဆိုပြုထားသောစီမံကိန်း၏တည်နေရာ၊ နည်းပညာ၊ ပုံစံ ၊ လုပ်ငန်း ဆောင်ရွက်မှုများ၊ ဤ ထိခိုက် မှုများကို သက်သာ လျော့နည်းစေရန် ဖြစ်မြောက်နိုင်စွမ်း၊ ၎င်းတို့၏ မတည်ရင်းနှီးငွေနှင့် မကြာခဏ ပေါ်ပေါက်သော စရိတ်များ၊ ဒေသခံ အခြေအနေများတွင် ၎င်းတို့၏ ရေရှည်တည်တံ့မှုနှင့် ၎င်းတို့၏အဖွဲ့အစည်းပိုင်းဆိုင်ရာ ၊လေ့ ကျင့်မှုဆိုင်ရာ နှင့် စောင့်ကြပ်ကြည့် ရှုစစ် ဆေးခြင်းဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် စနစ်တကျ နှိုင်းယှဉ်ကြည့်ပါသည်။ အခြားနည်းလမ်းတစ်ခုစီအတွက် ဖြစ်နိုင်သော အတိုင်းအတာအထိ ပတ် ဝန်းကျင်ထိခိုက်မှုများကို ရေတွက်တိုင်းတာပြီး ဖြစ်နိုင်သောနေရာ များတွင် စီးပွားရေးတန်ဖိုးများကို ပူးတွဲပေးပါသည်။ အဆိုပြုထားသောတိကျသည့် စီမံကိန်းပုံစံကို ရွေးချယ်မှုအတွက် အခြေခံစနစ်ကို သတ်မှတ်ပေးပြီး ထောက်ခံချက် ပေးထားသော ညစ်ညမ်းမှု ထုတ်လွှတ်သည့် အဆင့် များကို ခိုင်လုံစွာ ရှင်းပြ၍ ညစ်ညမ်းမှု ကာကွယ်ရေးနှင့် ရပ်စဲရေးကို ကိုင်တွယ် ဖြေရှင်းပါသည်။<br><br>- လိုအပ်ပါက ပြန်လည်နေရာချထား ရေး အစီအစဉ်နှင့် ဒေသခံ တိုင်းရင်းသား လူမျိုးများအတွက် အစီအစဉ် ပါဝင်သော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံ ခန့်ခွဲမှု အစီအစဉ် (ESMP)<br><br>- နောက်ဆက်တွဲများ<br>• EA အစီရင်ခံစာပြုစုသူ- လူပုဂ္ဂိုလ် | | |

DRAFT

| | | | |
|---|---|---|---|
| | တစ်ဦးချင်း နှင့် အဖွဲ့အစည်းများ စာရင်း<br>• ကိုးကားချက်များ- လေ့လာရေး ကြိုတင်ပြင်ဆင်မှုတွင် အသုံးပြုသော ထုတ်ဝေပြီးနှင့် မထုတ်ဝေရသေးသော ရေး သားချက်များ<br>• စီမံကိန်းဆိုင်ရာ သက်ရောက်မှု ခံရသောလူထုနှင့် ဒေသခံအစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) များ၏ ကျယ်ပြန့်သော အမြင်များကို ရယူရန်အတွက် အကြံပြုဆွေးနွေးခြင်းများ အပါအဝင် အဖွဲ့အစည်း အချင်းချင်း အစည်းအဝေးနှင့် အကြံပြု ဆွေးနွေးခြင်း အစည်းအဝေး မှတ်တမ်းများ (ဤမှတ်တမ်းများသည် စီမံကိန်း၏ သက်ရောက်မှုခံရသော အုပ်စုများ နှင့် ဒေသခံ NGO များ၏အမြင်များကို ရယူရန် အသုံးပြုသော ဆွေးနွေး တိုင်ပင်မှုများ ဥပမာ- လေ့လာ ဆန်းစစ်မှုများ မှအပ နည်းလမ်း အားလုံးကို သတ်မှတ်ပေးပါသည်။)<br>• အဓိကစာသားတွင် ရည်ညွှန်းထားသော သို့မဟုတ် အကျဉ်းချုပ်ထားသော ဆက်စပ်ဆီလျော်သည့် အချက်အလက်များကို ကိုယ်စားပြုသည့် ဇယားများ<br>• ဆက်နွယ်မှုရှိသည့် အစီရင်ခံစာများ စာရင်း ( ဥပမာ- ပြန်လည်နေရာချထားရေး အစီအစဉ် သို့မဟုတ် ဒေသခံတိုင်းရင်းသား လူမျိုးများ အတွက် အစီအစဉ် ) ESMF ၏ နောက်ဆက်တွဲ-၈ ရှိ (က) အဆင့် EIA အတွက် တာဝန်သတ်မှတ်ချက် များကို ကြည့်ပါ။ | | |
| ESMPနှင့် EcoP တို့ ပါ ဝင်သော ပတ် ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အစီ | - ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများ။ (တိုင်းရင်းသား လူမျိုးများ သို့မဟုတ် အတင်းအကျပ် ပြန်လည်နေရာချ ထားမှုများ ပါဝင်ပတ်သက်နေသော သက်ရောက်မှုများ အပါအဝင်) ကြိုတင်မျှော်မှန်း ထားသော | **အပိုင်း၁-၁။**<br>အမျိုးသား အဆင့် ရေအရင်းအမြစ်ကော်မတီ (NWRC) အတွင်းရေးမှူးနှင့် ဇလဗေဒသတင်း | သေးငယ်သော တည်ဆောက်ရေး လုပ်ငန်းများ အတွက် နမူနာ ECOP များကိုESMFနောက်ဆက် တွဲ-၂ တွင် ကြည့်ပါ။ |

DRAFT

| | | | |
|---|---|---|---|
| အစဉ် ( "ခ" အဆင့်) | အရေးကြီးသည့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ထိခိုက်မှုများအားလုံးကို ဖော်ထုတ်သတ်မှတ်၍ အကျဉ်းချုပ် ပေးပါသည်။ ၎င်းနှင့်ဆက်စပ် နေသော သက်ရောက်မှု အမျိုးအစားနှင့် ၎င်းကို (ဥပမာ- အဆက်မပြတ် သို့မဟုတ် အရေးပေါ် ဖြစ်ရပ်တွင်) လိုအပ်သော အခြေအနေ အပါအဝင် လျော့နည်း သက်သာရေး စီမံဆောင်ရွက်မှု တစ်ခုစီကို နည်းပညာအသေးစိတ်များဖြင့် လည်းကောင်း၊ သင့်တော်သည့် ပုံစံများ၊ ပစ္စည်းကိရိယာ အမျိုးအစားများ၊ လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံး လုပ်နည်းများနှင့် အတူတွဲ၍ လည်းကောင်း ဖော်ပြပေးပါသည်။ ဤစီမံ ဆောင်ရွက်မှုများထံမှ ဖြစ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုများ အားလုံးကို ခန့်မှန်းပေးပြီး စီမံကိန်းအတွက် လိုအပ်သော အခြား (ဥပမာ-မဖြစ်မနေပြန်လည်နေရာချထားခြင်း၊ ဒေသခံ တိုင်းရင်းသား လူမျိုးများ သို့မဟုတ် အနုပညာပစ္စည်းများ အတွက်) လျော့နည်းသက်သာရေး အစီအစဉ်အားလုံးနှင့် ချိတ်ဆက်မှုကို ပေးပါသည်။<br><br>- စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း။<br>(က) တိုင်းတာရမည့် ကန့် သတ်ချက်ဘောင်များ၊ အသုံးပြုရမည့် နည်းလမ်းများ၊ နမူနာ အရပ်ဒေသများ၊ တိုင်းတာမှုများ၏ အကြိမ်များ၊ (သင့်တော်သည့်နေရာတွင်) စုံစမ်းစစ်ဆေးရေးကန့်သတ်ချက်များ အပါအဝင် စောင့်ကြပ်ကြည့်ရှု စစ်ဆေးရေး စီမံဆောင်ရွက်မှုများ၏ တိကျသော ဖော်ပြချက်တစ်ခုနှင့် နည်းပညာအသေးစိတ်များနှင့် ပြန်လည်ပြုပြင်သည့် လုပ်ဆောင်မှုများအတွက် လိုအပ်ချက်ကို ဖော်ပြမည့် သတ်မှတ်ချက်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ (ခ) (၁) တိကျသော သက်သာလျော့နည်းရေး စီမံဆောင်ရွက်မှုများကို လိုအပ်မည့် အခြေအနေများအတွက် စောလျင်သော စုံစမ်းစစ်ဆေးမှုကို သေချာစေရန်- နှင့် (၂) သက် သာလျော့နည်းရေး တိုးတက်မှုနှင့်ရလဒ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ဖြည့်ဆည်း | အချက်အလက် ဗဟိုဌာန၊ဌာနချုပ်အဆောက်အအုံများကို ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်း။<br><br>**အပိုင်း ၂-၂။**<br>စောင့်ကြည့် လေ့လာရေး အခြေခံ အဆောက်အအုံ၊ အချက်အလက် စီမံ ခန့်ခွဲမှု စနစ်များနှင့် ကြိုတင် ခန့်မှန်းခြင်းများကို မွမ်းမံခြင်း နှင့် DMH ရုံးများနှင့် ပစ္စည်း များကို ပြင်ဆင် မွမ်းမံခြင်း၊ စောင့်ကြည့် လေ့လာရေး ကွန်ရက်၏ နည်းပညာ ခေတ်မီအောင် ပြုလုပ်ခြင်း။<br><br>**အပိုင်း ၂-၃။**<br>ရေကြီးမှုနှင့် ရုတ်တရက်ရေကြီးမှုများ ဖြစ်ပေါ်လေ့ရှိသော မြစ်ဝှမ်းငယ်အချို့တွင် "ထုတ်ပြန်သူမှ လက်ခံအသုံးပြုမည့်သူအထိ" ကြိုတင်သတိပေးစနစ်များတိုးချဲ့ခြင်း။<br><br>**အပိုင်း ၃-၃။**<br>မန္တလေး ညောင်ဦး အပိုင်းကို ဖောင်းပေးသော မန္တလေးမှရန်ကုန် ရေကြောင်းသွား လာရေး အထောက်အကူများ တည်ဆောက်ခြင်း။ | |

DRAFT

| | | | |
|---|---|---|---|
| | ပေးရန်- အတွက် စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း လုပ်ထုံး လုပ်နည်းများကို ပေးပါသည်။<br><br>- စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လေ့ကျင့်သင်ကြားရေး။ ထိခိုက်မှု သက်သာ လျော့နည်းရေးနှင့် စောင့်ကြည့်စစ်ဆေးရေး စီမံဆောင်ရွက်မှုများ (ဥပမာ- လုပ်ငန်း ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊ သတ်မှတ် ပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော်ခြင်း ကို စောင့်ကြည့်စစ်ဆေးခြင်း၊ ပြုပြင်ကုစားခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ အစီရင်ခံခြင်းနှင့် ဝန်ထမ်း များအား လေ့ကျင့်သင်ကြား ပေးခြင်းများ) ကို ဆောင်ရွက်ရေး အတွက် တာဝန်ရှိသော အဖွဲ့အစည်းဆိုင်ရာ အစီ အစဉ်များအတွက် တိကျသော ဖော်ပြချက် တစ်ခုကိုပေးပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ယူထားသော အဖွဲ့ များရှိ ပတ်ဝန်းကျင်နှင့် လူမှုရေး ကာကွယ် ရေး စီမံခန့်ခွဲမှုစွမ်းရည်ကို အားဖြည့်ရန် အတွက် EMP အများစုတွင် ယခုဖော်ပြသည့် နောက်ဆက်တွဲခေါင်းစဉ် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပါဝင်ပါသည်။ (က) နည်းပညာ ပံ့ပိုးရေး အစီအစဉ်များ (ခ) ပစ္စည်းကိရိယာနှင့် အပိုပစ္စည်းများ ဝယ်ယူ ရေးနှင့်(ဂ) အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲ မှုများ ။<br><br>- အကောင်အထည်ဖော်ရေးအစီအစဉ်နှင့် ကုန်ကျစရိတ် ခန့်မှန်းမှု များ။ EMP သည် (သက်သာလျော့ နည်းရေး၊ စောင့်ကြပ် ကြည့်ရှု စစ်ဆေးရေးနှင့် စွမ်းရည်ဖွံ့ဖြိုး တိုးတက်ရေး) ကဏ္ဍသုံးခုစလုံး အတွက် (က) အဆင့်ဆင့်စီစဉ်မှုနှင့် စီမံကိန်း တစ်ခုလုံး အကောင်အထည်ဖော်ရေး အစီ အစဉ်များနှင့် ပူးပေါင်းညှိနှိုင်းမှုကို ပြသည့် စီမံကိန်း၏အစိတ်အပိုင်းအဖြစ် ဆောင်ရွက် ရမည့် စီမံဆောင်ရွက်မှု များအတွက် အကောင်အထည်ဖော်ရေး အစီအစဉ် တစ်ခုနှင့် (ခ) မတည်ရင်းနှီးငွေနှင့် မကြာ ခဏ ကုန်ကျမည့် ကုန်ကျစရိတ်များ ခန့်မှန်းချက်နှင့် EMP ကိုအကောင် အထည် | | |

DRAFT

| | | | |
|---|---|---|---|
| | ဖော်ရေးအတွက် ရန်ပုံငွေ အရင်းအမြစ်များကို ပေးပါသည်။ ဤကိန်းဂဏန်းများကို စုစုပေါင်း စီမံကိန်းကုန်ကျစရိတ် ဇယားများ ထဲတွင်လည်း ပေါင်းထည့် ပေးပါသည်။<br><br>- EMP ကိုစီမံကိန်းနှင့် ပေါင်းစပ်ခြင်း။ ဤအစီအစဉ်ကို ၎င်း၏ တစ်ဦးချင်း လျော့နည်းသက်သာရေးနှင့် စောင့်ကြပ်ကြည့်ရှုစစ် ဆေးရေး စီမံဆောင်ရွက်မှုများ၏ ဖော်ပြချက်တွင်လည်းကောင်း၊ ၎င်း၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ တာဝန်များ ပေးအပ်မှုတွင်လည်းကောင်း တိကျမှုရှိရန် ဤဘဏ်က မျှော်လင့်ထားပြီး ၎င်းကို စီမံကိန်း၏ အဘက်ဘက်မှ အစီအစဉ်များ၊ ပုံစံ၊ ဘတ်ဂျက်နှင့် အကောင်အထည် ဖော်ရေးများကို ပေါင်းစပ် ပေးရမည် ဖြစ်ပါသည်။ စီမံကိန်းအတွင်း EMP ကို တည်ဆောက်ခြင်းဖြင့် ဤသို့ ပေါင်းစပ်မှုကို ရယူခြင်းဖြစ်၍ ဤအစီအစဉ်သည် အခြား အပိုင်းများနှင့် အတူ ငွေကြေးထောက်ပံ့မှုနှင့် ကြီးကြပ်ကွပ်ကဲမှုကို ရရှိမည်ဖြစ်ပါသည်။ | | |
| SESA မဟာဗျူဟာ မြောက်ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ အကဲဖြတ်မှု ("က" အဆင့်) | - OP 4.01 က SESA ကို သရုပ်ခွဲဆန်းစစ်ရေးနှင့် ပါဝင်ဆောင် ရွက်ရေး နည်းလမ်းများကို ဖော်ပြသော စာရွက်စာတမ်း တစ်ခုအဖြစ် သတ်မှတ်ပြီး ၎င်းနည်းလမ်းများသည် ပတ်ဝန်းကျင်နှင့်လူမှုရေး ဆိုင်ရာ ဆင်ခြင်သုံးသပ်မှုများကို မူဝါဒများ၊ စီမံချက်များနှင့် အစီအစဉ်များ ထဲသို့ ပေါင်းစပ်ပေးရန်နှင့် ၎င်းတို့နှင့် စီးပွားရေးဆိုင်ရာ ဆင်ခြင်သုံးသပ်မှုများ အချင်းချင်း ဆက်စပ်နေမှုများကို အကဲဖြတ်ရန် ရည်ရွယ်ပါသည်။<br><br>- ရေဝေတီမြစ်ဝှမ်းသည် အမျိုးစုံထူးခြားစွာ ကွဲပြားခြားနားနေသော ယဉ်ကျေးမှု အသိုက်အဝန်းများ၊ ဂေဟစနစ်များ၊ ဒေသရင်းအပင်နှင့် တိရစ္ဆာန်များ အမှီပြုနေထိုင်ရာ နေရာဖြစ် ပါသည်။ ရေဝေတီမြစ်ဝှမ်း အတွင်းရှိ ဖြစ်လာနိုင်သော ဖွံ့ဖြိုးရေးအတွက် ရွေးချယ်စရာများ၏ ပတ်ဝန်းကျင်နှင့် လူမှုရေးနည်းလမ်းများကို နားလည်ရန် အတွက် SESA တစ်ခုကို ဆောင် ရွက်မည် | အပိုင်း ၁-၂။ ရေဝေတီမြစ်ဝှမ်းလွှမ်းခြုံသည့် ပင်မ စီမံချက် | ESMF နောက်ဆက် တွဲ ၃ တွင် SESA ကို အကောင်အထည် ဖော်ရန်အတွက် တာဝန် သတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်တစ်ခု ပါဝင်ပါသည်။ |

DRAFT

| | | | |
|---|---|---|---|
| | ဖြစ်ပါသည်။ SESA သည် ဆုံးဖြတ်ချက်ချမှတ်သည့် အစောဆုံးအဆင့် များတွင် ပတ်ဝန်းကျင်ဆိုင်ရာ ဆင်ခြင်သုံးသပ်မှုများကို မူဝါဒများ၊ စီမံချက်များနှင့် အစီအစဉ်များထဲသို့ ထည့်သွင်းရေးအတွက် အထောက်အကူပြုကိရိယာ တစ်ခု ဖြစ်ပါသည်။ SESA သည် ပတ်ဝန်းကျင်အကဲဖြတ်မှု (EA) များ အသုံးပြုခြင်းကို စီမံကိန်းများဆီမှ မူဝါဒများ၊ အစီအစဉ်များနှင့် စီမံချက်များဆီသို့ တိုးချဲ့ပေးပါသည်။ စံပြအားဖြင့် SESA များတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ပြီး သက်ရောက်ခံရသူများအား ဖော်ထုတ်ပေးရန် ၎င်းတို့ကို ပုံစံထုတ်ထားပါသည်။ ဥပမာ အားဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေး ရှုထောင့်မှ အထူးတလည် အထိမခံသော မြစ်ဝှမ်းနယ်မြေများကို ထောက်ပြခြင်းဖြင့် လွှမ်းခြုံစီမံချက် (၁-၂"က") ရေးဆွဲခြင်းကို အသိပေးရန်အတွက် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ဤ SESA ကို စောလျင်စွာ ဆောင်ရွက် မည်ဖြစ်ပါသည်။ ထို့အပြင် အနာဂတ် အစီအစဉ်များနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း လုပ်ငန်းများတွင် ၎င်း၏ ပေါင်းစပ်ပါဝင်မှု ကို သေချာစေရန်အတွက် SESA လုပ်ငန်း စဉ်တွင် ထွက်ပေါ်လာသည့် သတင်းအချက် အလက်များကို DSS တွင် ဖမ်းယူမည် ဖြစ်ပါ သည်။ | | |
| ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုမှုဘောင်("က" သို့မဟုတ် "ခ" ရင်းနှီး မြှုပ်နှံမှုများ) | - ပတ်ဝန်းကျင်ရှုပ်ထွေးမှုများ၏ ပြောင်းလဲနေသော အတိုင်းအတာများ နှင့်အတူ လေ့လာရေး ပုံစံအမျိုးမျိုး ရှိသည်ကို အသိအမှတ်ပြုသဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များကိုမြှင့်တင်ရေး အတွက်လည်းကောင်း၊ အနာဂတ်စီမံချက်များ၊ စီမံကိန်းများ၊ အစီအစဉ်များနှင့် ဆက်နွယ်နေသောအန္တရာယ်များ အနည်းဆုံး ဖြစ်ရေးအတွက်လည်းကောင်း အကြိုဖြစ်မြောက်နိုင်စွမ်းနှင့် ဖြစ်မြောက် နိုင်စွမ်းလေ့လာမှုများနှင့် အခြားလေ့လာမှုများက သင့်တော်သော ဆင်ခြင်သုံးသပ်မှုတစ်ခုကို ထင်ရှားစွာပြရန် အရေးကြီးပါသည်။ အကြိုဖြစ်မြောက်နိုင်စွမ်း နှင့်/သို့မဟုတ် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု၏ အလိုရှိသောရလဒ်နှင့် ဆက်စပ်နေသော ပတ်ဝန်းကျင် ပြဿနာများကို | **အပိုင်း ၁-၃။**<br>PFI များ၊ အကြိုဖြစ် မြောက်နိုင်စွမ်းလေ့လာမှု များ၊နည်းပညာလေ့လာမှုများစသည်-<br><br>**အပိုင်း ၁-၂။**<br>ရေဂဟေဗီမြစ် ဝှမ်း မြေအောက်ရေ ဆန်းစစ်လေ့ လာမှု<br><br>**အပိုင်း ၂-၂။**<br>မြေပေါ်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုစစ် ဆေးရေး | PFI များအ ပိုင်းခွဲအတွက် ESMF လုပ်ငန်းစဉ်ကိုအခန်း-၄ တွင် တင်ပြထားပါသည်။<br><br>နောက်ဆက် တွဲ-၆ ရှိ ပြန်လည်နေ ရာချထားရေးမူဘောင်<br><br>နောက်ဆက် တွဲ-၇ ရှိ တိုင်းရင်း သားလူမျိုးများဆိုင်ရာ မူဘောင် |

DRAFT

| | | | |
|---|---|---|---|
| | ကိုင်တွယ် ဆောင်ရွက်ရန်အတွက် အဆိုပြု ထားသော စီမံကိန်းတစ်ခုစီအပေါ်တွင် အသေးစိတ် စစ်ဆေးရေးနှင့် စေ့စပ်စွာ ကြည့်ရှုလေ့လာရေး လုပ်ထုံးလုပ်နည်းများ နှင့် စံနှုန်းများကို အသုံးပြုမည်ဖြစ်ပြီး ထိုမှ ESIA များအတွက် အသေးစိတ် တာဝန် သတ်မှတ်ချက်များပေါ် ထွက်လာမည်ဖြစ်ပါ သည်။ ထိုတာဝန် သတ်မှတ်ချက်များသည် စီမံကိန်းရေး ဆွဲရာတွင် ပါဝင်မည်ဖြစ်ပါ သည်။<br><br>- PFI အပိုင်းခွဲ၏လုပ်ငန်းများအတွက် OP 4.10 နှင့်/သို့မဟုတ် OP 4.12 များ ကျင့်သုံးရေး အပါအဝင် လူမှုရေးဆိုင်ရာ သက်ရောက်မှုများနှင့်အန္တရာယ်များအကဲဖြ တ်မှု။ လိုအပ်သော စာရွက်စာတမ်း ( ဥပမာ- ပြန် လည် နေရာချထားရေးအစီအစဉ် နှင့် တိုင်းရင်းသားလူမျိုးများ အစီအစဉ် ) များကို ရေးဆွဲမည်ဖြစ်ပါသည်။ | စနစ်၏ပုံစံ နှင့် ရေ့ပြေး လုပ်ငန်း ဆောင်ရွက်မှု<br><br>**အပိုင်း ၃-၁။**<br>ဧရာဝတီမြစ် ရေ ကြောင်း သွားလာရေး မဟာဗျူဟာ (မန္တလေးမှ ရန်ကုန်) | |

<u>**ESMF ကိုအကောင်အထည်ဖော်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် စွမ်းဆောင်ရည် တည်ဆောက်ရေး**</u>

**ESMF အကောင်အထည်ဖော်ရေးအစီအစဉ်များ**

ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုဘောင်၊ ဆိုင်ရာ ပြန်လည်နေရာချထားရေး မူဝါဒမူဘောင်နှင့် ဒေသခံ တိုင်းရင်းသားလူမျိုးများအတွက် အစီအစဉ်မူဘောင်များ အကောင်အထည်ဖော်ရေးသည် (စီမံချက် ချမှတ်သည့် အဆင့်တွင်) ငွေချေးယူသူ/DWIR နှင့် စီမံကိန်း ပုံစံဖော်ထုတ်သူ ၊(တည်ဆောက်ရေးအဆင့်တွင်) တည်ဆောက်ရေး မြို့ပြလုပ်ငန်းများနှင့် ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများ စီမံခန့်ခွဲသူများနှင့် (အကောင်အထည် ဖော်မှုအဆင့်တွင်) ဧရာဝတီ မြစ်စနစ်၏ ညွှန်ကြားရေးမှူး(များ) ၏ တာဝန် ဖြစ်ပါလိမ့်မည်။

အကျိုးစီးပွားများ၊ စိုးရိမ်ပူပန်မှုများ၊ ဆက်ဆံမှုများ၊ ယူဆချက်များ၊ ၄င်းတို့၏ လွှမ်းမိုးမှုအဆင့်နှင့် စီမံကိန်း၏ အန္တရာယ်များအပေါ် ၄င်းတို့၏ သက်ရောက်ပုံ သက်ရောက်နည်းများကို အကဲဖြတ်ရာတွင် စီမံကိန်း၏ အစောပိုင်း အဆင့်တစ်ခု၌ သက်ဆိုင်နေသူများကို ဖော်ထုတ်သတ်မှတ်ခြင်းနှင့် သရုပ်ခွဲဆန်းစစ်ခြင်းသည် အထူး အရေးကြီးသဖြင့် သက်ဆိုင်နေသူများ၏ ပါဝင်ပတ်သက်မှုသည် AIRBM စီမံကိန်းအတွက် အလုံးစုံသော ပတ်ဝန်းကျင်နှင့် လူမှုရေးအကဲဖြတ်မှုလုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ သက်ဆိုင် နေသူများကို ဖော်ထုတ် သတ်မှတ်ရေးနှင့် ၄င်းတို့နှင့် တွေ့ဆုံရေးသည် စီမံကိန်းကို စိတ်ကူးပုံဖော်နေစဉ် အတွင်း၌အစပြု၍ ESIA နှင့် SESA များကို ဖော်ထုတ်နေစဉ်ကာလတစ် လျှောက်လုံး ဆက်၍ရှိသွား မည်ဖြစ်ပါသည်။

ESMF ၏ ထိရောက်သောအကောင်အထည်ဖော်မှုသည် အကောင်အထည်ဖော်သည့်အဖွဲ့အစည်းများ၏ လူသားအရင်း အမြစ်များတွင် နည်းပညာစွမ်းအားရှိရန်နှင့် ထောက်ပံ့ပို့ဆောင်ရေး လွယ်ကူချောမွေ့မှုရှိရန် လိုအပ်မည် ဖြစ်ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်သူများသည် မူလရှိရင်းစွဲလူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများနှင့်



DRAFT

တန်ဖိုးများကို နားလည်ရန်နှင့် စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း ၎င်းတို့ကိုရှင်းလင်းစွာ ဖော်ထုတ် သတ်မှတ်နိုင်ရန် လိုအပ်ပါသည်။

AIRBM ရင်းနှီးမြှုပ်နှံမှုများကို အကောင်အထည်ဖော်နေကြသော အမျိုးမျိုးသောသက်ဆိုင်သူများအား ESMF ကို အကောင်အထည်ဖော်မည့် လုပ်ကိုင်ပုံနည်းလမ်းများအပေါ် လုံလောက်သောနားလည်မှုရရှိအောင် ပြုလုပ်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။ CDU တစ်ခုချင်းကို ကူညီပံ့ပိုးရန်နှင့် စီမံကိန်းလုပ်ငန်းများအပေါ် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေး ဆိုင်ရာ အစီရင်ခံမှုအပါအဝင် ကြီးကြပ်ကွပ်ကဲမှု၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုနှင့် အကဲဖြတ်မှုများပေးရာတွင် ၎င်းတို့၏ အခန်းကဏ္ဍကို တန်ဖိုးထားရန်အရေးကြီးပါလိမ့်မည်။ စီမံကိန်းအကောင်အထည်ဖော်ရေး အစီအစဉ်များ ပါဝင်သည့် စီမံချက်ကို ပုံ-၁ တွင် တင်ပြထားပါသည်။

**ESMF အကောင်အထည်ဖော်ရေးအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း**

ESMF ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် လုံလောက်သော စွမ်းဆောင်ရည် ရှိကြောင်းသေချာစေရန်အတွက် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ကျွမ်းကျင်သူများ/ကျွမ်းကျင်မှုများ ကို CDU သုံးခုထဲမှတစ်ခုစီ၏ အစိတ်အပိုင်း အဖြစ် PDU က ခန့်ထားသတ်မှတ်ပေးမည်ဖြစ်ပါသည်။


ဤကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်တည်ဆောက်မှုသည် စီမံကိန်း၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်း ပေးမည်ဖြစ်ပြီး ၎င်းတို့တွင် အခြားသတ် မှတ်ထားသော လုပ်ငန်းများနှင့်အတူ အောက်ပါတို့ပါဝင်မည်ဖြစ်ပါသည်။

- အကောင်အထည်ဖော်နေသောအဖွဲ့အစည်းများနှင့်အတူ ESMP များနှင့်ဆက်စပ်နေသော နှစ်စဉ်လုပ်ငန်း အစီ အစဉ်များနှင့် ဘတ်ဂျက်များ ရေးဆွဲခြင်း၊
- ESMF လမ်းညွှန်ချက်များကိုလေးစားလိုက်နာခြင်းနှင့် ဆက်စပ်နေသည့်အတွက် စီမံကိန်းတိုးတက်မှုကို စောင့် ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊ အကောင်အထည်ဖော်ရေး အခက်အခဲပြဿနာများကို ဖြေရှင်းခြင်းနှင့် စီမံကိန်း အကောင်အထည်ဖော်ရေး ကိစ္စအလုံးစုံ ချောမွေ့စွာလည်ပတ်နေကြောင်း သေချာအောင် ပြုလုပ်ခြင်း
- (ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့် စာရင်းစစ်အစီရင်ခံစာများကဲ့သို့) စီမံကိန်း နှင့် စာရင်းများနှင့်သက်ဆိုင်သောသတင်းအချက်အလက်များကို စုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်း
- အကောင်အထည်ဖော်နေသောအဖွဲ့အစည်းများကို အလုံအလောက်ကူညီပံ့ပိုးနေကြောင်းနှင့် ၎င်းတို့က ESMF လမ်းညွှန်ချက်များကို လေးစားလိုက်နာခြင်းနှင့်ဆိုင်သော စီမံကိန်း၏ အခြေခံသဘောတရားများကို လိုက်နာ စောင့်ထိန်းကြောင်း သေချာအောင်ပြုလုပ်ခြင်း
- ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုတွင် လေ့ကျင့်သင်ကြားရေး အစီအစဉ်တစ်ခု နှင့် ၎င်း၏မော်ဂျူး (အစိတ်အပိုင်း) များအပါအဝင်သင်တန်းများ စီစဉ်ခြင်းနှင့် လျာထားခြင်းအတွက် တာဝန်ရှိ ပါသည်။ အလားတူပင် ကွင်းကြီးကြပ်ရေးဝန်ထမ်းများ နှင့် ဒေသခံလူထုကိုယ်စားလှယ်များကိုလည်း ESMF တွင် စီစဉ်တင်ပြထားသည့် အခြေခံသဘောတရားများ၊ လုပ်ထုံးလုပ်နည်းများနှင့် ရင်းနှီးမှုရှိစေရန်အတွက် အတင်းအကျပ်ပြန်လည် နေရာချထားခြင်းနှင့်

DRAFT

ဒေသခံတိုင်းရင်းသားလူမျိုးများဆိုင်ရာ ဘေးဆိုးရန်ကာ မူဝါဒများနှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။( ၎င်းသည် PFI ၏လုပ်ငန်းများနှင့်လည်း သက်ဆိုင်နိုင် ပါသည် )

**ပုံ-၁။ AIRBM စီမံကိန်းအကောင်အထည်ဖော်ရေး အစီအစဉ်များ**




မီးခိုးရောင်ခြယ်ထားသောဧရိယာသည် တစ်နေရာတည်းတွင်အတူရှိမည့် ရုံးများကိုပြပါသည်။

<u>**စီမံကိန်းနှင့်အများပြည်သူအကြံပြုဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်**</u>

စီမံကိန်းတွင် အများပြည်သူနှင့်အကြံပြုမှုများကို ဆက်လက်ပြုလုပ်နေဆဲဖြစ်ပါသည်။ AIRBM နှင့်ပတ်သက်သည့် အများပြည်သူနှင့် ပထမဆုံးဆွေးနွေးတိုင်ပင်ခြင်းကို ၂၀၁၄ ခုနှစ် မေလ ၁၆ ရက်နှင့် ၁၉ ရက်နေ့များတွင် မန္တလေးမြို့နှင့် ရန်ကုန်မြို့များတွင် DWIR ကပြုလုပ်ခဲ့ပါသည်။ ပါဝင်ဆွေးနွေးသူများအထဲတွင် CSO များ၊ ဒေသခံ NGO များ၊ အပြည်ပြည်ဆိုင်ရာ NGO များ နှင့် မြစ်အသုံးချသူများအသင်း၊ သုတေသီများ၊ ပုဂ္ဂလိကကဏ္ဍနှင့် မီဒီယာများ ပါဝင်ခဲ့ပါ သည်။ ဆွေးနွေးတိုင်ပင်ခြင်းများ၏အဓိက ရည်ရွယ်ချက်များမှာ (က) အဆိုပြုထားသော AIRBM နှင့်ပတ်သက်သည့် နောက်ခံသတင်းအချက်အလက်များကိုပေးရန် (ခ) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု မူဘောင် (ESMF) တာဝန် သတ်မှတ်ချက် (TOR) များ မူကြမ်း၏ လုပ်ငန်းအတိုင်းအတာအပေါ်တွင် တုံ့ပြန်မှုကိုရယူရန် (ဂ) အဆိုပြုထားသော စီမံကိန်းထံမှအကျိုးကျေးဇူးများကို

အများဆုံးရရန် နည်းလမ်းများကိုဆွေးနွေးရန် နှင့် (ဃ) စီမံကိန်း၏အကြံပြုဆွေးနွေး ခြင်း လုပ်ငန်းစဉ်များကို တိုးတက်စေမည့်နည်းလမ်းများကို ဆွေးနွေးရန်တို့ ဖြစ်ကြပါသည်။ အကြံပြုဆွေးနွေးခြင်းများ အတွက် အသုံးပြုသော မှတ်တမ်းမှတ်ရာများတွင် မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြုစုထားသော စီမံကိန်း သတင်းအချက်အလက် မှတ်တမ်း(PID)၊ ဘက်စုံကာကွယ်ရေးဆိုင်ရာအချက်အလက်မှတ်တမ်း (ISDS) နှင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် (ESMF) တာဝန်သတ်မှတ်ချက်များပါဝင်ပါသည်။

ဖိတ်ကြားချက်များကို ထုတ်ပေး၍ မှတ်တမ်းမှတ်ရာများကို ဖြန့်ဝေခဲ့ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ တိုးတက်ဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာန (DWIR) ၏ ဝက်ဘ်ဆိုက်ဖြစ်သော www.DWIR.coffeecup.com တွင် အင်္ဂလိပ် ၊ မြန်မာ နှစ်ဘာသာစလုံးဖြင့် အစည်းအဝေးများမတိုင်မီ နှစ်ပတ်ကြိုတင်၍ တင်ထားခဲ့ပါသည်။ အစည်းအဝေးအားလုံးကို AIRBM စီမံကိန်းဒါရိုက်တာ ဦးစိန်ထွန်းက ဦးဆောင်ခဲ့ပါသည်။ အစည်းအဝေး ကျင်းပခြင်း များကို အင်္ဂလိပ်၊မြန်မာ နှစ်ဘာသာစလုံး ဖြင့်ပြုလုပ်ခဲ့ပြီး တစ်ပြိုင်နက် ဘာသာပြန်ဆိုမှု အချို့ကို လည်းပြုလုပ်ပေးခဲ့ပါသည်။ ခြုံ၍ဆိုရလျှင် ဆွေးနွေးတိုင်ပင်မှုများကိုကောင်းစွာ တက်ရောက်ခဲ့ကြပြီး သတင်း အချက်အလက်များရရှိခဲ့သလို အပြုသဘောလည်း ဆောင်ခဲ့ပါသည်။ ပါဝင်ဆွေးနွေးသူများက အလေးထားရမည့် အရေးကြီးသောကိစ္စများကို ထောက်ပြခဲ့ကြပြီး အဖွဲ့ကို အဖိုးတန်သော သတင်းအချက် အလက်များ ပေးခဲ့သည့်အပြင် ရေဝတီမြစ်ကို ပိုမိုကောင်းမွန်စွာစီစဉ် စီမံခန့်ခွဲရန်အတွက် နိုင်ငံ၏စွမ်းရည်တိုးတက် အောင်ပြုလုပ်ခြင်း၏ တန်ဖိုးနှင့် ထိုသို့ပြုလုပ်ရန်လိုအပ်ချက်ကို အတည်ပြုခဲ့ကြပါသည်။

ESMF နှင့်ပတ်သက်၍ နောက်တစ်ကြိမ်အများပြည်သူနှင့်အကြံပြုဆွေးနွေးခြင်းကို မကြာမီပြုလုပ်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ဤစီမံခန့်ခွဲမှုလုပ်ငန်းအကျဉ်းချုပ် နှင့် ESMF ကို သက်ဆိုင်နေသူများက ဆွေးနွေး တင်ပြလာသည့် သတင်းအချက် အလက်အားလုံးနှင့် ပြင်ဆင်မွမ်းမံမည်ဖြစ်ပြီး ယင်းသို့ပြုလုပ်ခြင်းသည် စီမံကိန်းပုံစံနှင့် စီမံကိန်းရင်းနှီး မြှုပ်နှံမှုများစဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ရေးကို တိုးတက် ကောင်းမွန်စေမည်ဖြစ်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးတိုင် ပင်ခြင်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော် နေစဉ်ကာလ အတွင်း ESMF ထဲတွင် သတ်မှတ်ထားသည့်အတိုင်း သတ်မှတ်ထား သောလုပ်ငန်းများအပေါ်တွင် ထပ်မံတိုးချဲ့သွား မည်ဖြစ်ပါသည်။

DRAFT

## ၂။ စီမံကိန်း နိဒါန်း

**စီမံကိန်း သုံးသပ်ချက်အကျဉ်း**

ကမ္ဘာ့ဘဏ်ကချေးငွေ ဒေါ်လာ သန်း ၁၀၀ ဖြင့် ငွေကြေးထောက်ပံ့ပေးထားပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော ယခုအဆိုပြုထားသည့် မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲရေးစီမံကိန်း (AIRBM) ကို ရာသီဥတုဒဏ်ခံနိုင်သော ဘက်စုံစီမံခန့်ခွဲမှု နှင့် ဧရာဝတီမြစ်ဝှမ်းနှင့်အမျိုးသားရေအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်ပေးရန် အဆင့်များစွာပါသော နည်းလမ်း (စီမံကိန်းအတွဲ) တစ်ခုအဖြစ် ပုံစံဖော်ထုတ်ထားပါသည်။ ပထမအဆင့်သည် မြစ်ဝှမ်းဒေသ ဘက်စုံ စီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရန် အတွက်လည်းကောင်း၊ အဆင့်မြှင့်တင်ထားသော ရေကြောင်းသွားလာရေး၊ မိုးလေဝသနှင့် ဇလဗေဒသတိပေးရေးနှင့် အကြံပေးရေးဝန်ဆောင်မှုများမှ ၎င်းတို့နှင့်ဆက်စပ်နေသော အသက်မွေးမှု ဆိုင်ရာ အကျိုး ကျေးဇူးများကိုပေးရန် အတွက် လည်းကောင်း လိုအပ်သောအဖွဲ့အစည်းများနှင့် အထောက်အကူပြု ကိရိယာများ ဖော်ထုတ်ရေးကို ရည်ရွယ်ထားပါသည်။ မန္တလေး မှ ရန်ကုန်သို့ဧရာဝတီမြစ်ပေါ်တွင် ရေကြောင်းသွား လာရေးမြှင့်တင် မှုများနှင့် မိုးလေဝသနှင့်ဇလဗေဒသတိပေးမှုများနှင့် ဆက်စပ်နေသော အကောင်အထည်ဖော် ဆောင်ရွက်မှုများအတွက် သတ်မှတ်ထားသော စီမံကိန်းတည်နေရာများကို စီမံကိန်းအ ကောင်အထည်ဖော်နေစဉ် ကာလအတွင်း သက်ဆိုင်သော ပုံစံဖော်ထုတ်မှုနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများကို ဖော်ထုတ်သောအခါ ရွေးချယ် သတ်မှတ်ပေးမည် ဖြစ်ပါသည်။

အဆိုပြုထားသောပထမအဆင့်သည် ဖြစ်နိုင်သော (ဆုံးဖြတ်ရန်ကျန်ရှိနေသေးသည့်) အကြီးစားအခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုကို ဒုတိယနှင့် တတိယအဆင့်များတွင် တာဝန်ယူဆောင်ရွက်ရန်လိုအပ်ပြီး အနာဂတ် ရင်းနှီးမြှုပ်နှံမှုများ အပိုင်း ခွဲ၏အောက်တွင် အဓိကငွေကြေးထောက်ပံ့ပေးနိုင်သည့် အခြေခံလုပ်ငန်းကိုလည်း ချမှတ်မည် ဖြစ်ပါသည်။ ၎င်းသည် ကြီးမား၍သက်တမ်းရှည်သည့် ရေဆိုင်ရာအခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများမှ မုချပေါ်ပေါက်လာမည့် ရှုပ်ထွေးသောညှိနှိုင်းဆောင်ရွက်မှုများကို မှန်ကန်စွာတွက်ချက် အကဲဖြတ်ရန်နှင့် စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ "ကျင့်စဉ်ကောင်း" များကိုလိုက်နာရန်အတွက် မြစ်ဝှမ်းအတွင်း အနာဂတ်ဖြစ်နိုင်ခြေ သရုပ်ခွဲဆန်းစစ်မှု ကိုပြုလုပ်ရန် စွမ်းဆောင်ရည်ကို အစိုးရအား ဆုံးဖြတ်ချက် အထောက်အကူပြုတစ်ရပ်အနေဖြင့် ပေးလုပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပထမအဆင့်သည် ဦးစားပေး အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများအတွက် အကြိုဖြစ်မြောက်နိုင်စွမ်း၊ ဖြစ်မြောက်နိုင်စွမ်းနှင့် အခြား မြစ်အထက်ပိုင်းဆိုင်ရာနည်းပညာ လေ့လာမှုများကိုလည်း ကူညီပံ့ပိုးပေးမည်ဖြစ်ပြီး ထိုရင်းနှီး မြှုပ်နှံမှုများကို နောက်ပိုင်းအဆင့်များတွင် ဖြစ်လာနိုင်သည့် ငွေကြေးထောက်ပံ့မှုအတွက် မြစ်ဝှမ်းအစီအစဉ်မူဘောင် (လွှမ်းခြုံ စီမံချက်) တစ်ခု၏ ဖြစ်စဉ်ထဲတွင် အဓိကဖော်ထုတ်မည် ဖြစ်ပါသည်။ စီမံကိန်းရေးဆွဲမှု၏ အစိတ်အပိုင်း တစ်ခု အဖြစ် ဖော်ထုတ်ခဲ့သော တိကျသည့်တာဝန်သတ်မှတ်ချက်များနှင့် အညီ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက် နေစဉ်အတွင်း မြစ်ဝှမ်းဒေသကိုလွှမ်းခြုံသောစီမံချက်ကိုရေးဆွဲမှုနှင့်အတူ မဟာဗျူဟာမြောက်ပတ်ဝန်းကျင်နှင့်လူမှုရေး ဆိုင်ရာအကဲဖြတ်မှုတစ်ခုကို ဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပြုထားသော စီမံကိန်းရင်းနှီးမြှုပ်နှံမှုများကို ယေဘုယျအားဖြင့် ကောင်းသောလူမှုရေးနှင့်ပတ်ဝန်းကျင် အကျိုးကျေးဇူး များကိုရရှိရန်အတွက် ဒီဇိုင်းပုံစံထုတ်ရန်မျှော်လင့်ထားပြီး ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှု (OP 4.01)၊

သဘာဝသက်ရှိများ မှီတင်းနေ ထိုင်ရာနေရာ (OP 4.04)၊ ယဉ်ကျေးမှုအရင်းအမြစ်ပစ္စည်းများ (OP 4.11)၊ တာတမံများ ဘေးကင်းလုံခြုံရေး (OP 4.37)၊ အတင်းအကျပ်ပြန်လည်နေရာချထားခြင်း (OP 4.12)နှင့် တိုင်းရင်းသား လူမျိုးများ (OP 4.10)ကဲ့သို့သော ကမ္ဘာ့ဘဏ်မူဝါဒအချို့ကို ကျင့်သုံးမည်ဖြစ်ပါသည်။* စီမံကိန်း၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် လည်းကောင်း၊ ဘက်စုံမြစ်ဝှမ်းစီမံချက် နည်းလမ်းတစ်ခုကို ဖောင်းပေး ထားသော စီမံကိန်း၏ ရှုပ်ထွေးသော သက်ရောက်မှုအားလုံးနှင့် လည်းကောင်း ယှဉ်တွဲနေသည့် ဖြစ်လာနိုင်သော မြင့်မားသည့် ပတ်ဝန်းကျင်နှင့်လူမှုရေး ဆိုင်ရာ အန္တရာယ်သက်ရောက်မှုများကိုထည့်သွင်းစဉ်းစား၍ ပတ်ဝန်းကျင် ဆိုင်ရာ အကဲဖြတ်မှုနှင့် ပတ်သက်သည့် ကမ္ဘာ့ဘဏ်မူဝါဒ OP/OB 4.01 နှင့်အညီ ဤစီမံကိန်းကို ပတ်ဝန်းကျင်ဆိုင်ရာ "က" အဆင့် အဖြစ် အမျိုးအစား သတ်မှတ်ထားပြီးဖြစ်ပါ သည်။ သို့ရာတွင် (တည်နေရာဖြင့်ခွဲခြားဖော်ထုတ်၍ ၎င်းတို့၏နည်းပညာ ရှုပ်ထွေးမှုအတွက် ထူးခြားသောလက္ခဏာကိုဖော်ပြပြီး ၎င်းတို့အတွက်သက်ရောက်မှုများကို အကဲဖြတ်ပြီးသောအခါ) သတ်မှတ်ထားသော အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများကို "ခ" အဆင့် နှင့်/ သို့မဟုတ် "က" အဆင့် သက်ရောက်မှု စီမံကိန်းလုပ်ငန်းခွဲများအဖြစ် သတ်မှတ်နိုင်ပါသည်။ အကြိုဖြစ်မြောက်နိုင်စွမ်း လေ့လာမှု ၊ ဖြစ်မြောက် နိုင်စွမ်းလေ့လာမှုနှင့် အခြားလေ့လာမှုများကဲ့သို့ စီမံကိန်းက ကူညီပံ့ပိုးထားသော အခြား လုပ်ငန်းများသည် လုပ်ငန်းများ၏ ဖြစ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုများနှင့် ကိစ္စတစ်ခုချင်း အပေါ်တွင် အခြေခံ၍စဉ်းစားသော အခြားနည်းလမ်းများ ကိုလည်း ဝေဖန်သုံးသပ်၍ အကဲဖြတ်ရန် လိုအပ်ပါသည်။

အဆိုပြုထားသော ပထမအဆင့်စီမံကိန်းတွင် အချင်းချင်းဆက်စပ်နေသော ရင်းနှီးမြှုပ်နှံမှု အပိုင်းသုံးပိုင်းနှင့် အတူ အရေးပေါ်ကိစ္စများပေါ်ပေါက်လာလျှင် အရေးပေါ်အခြေအနေတွင် လျင်မြန်သော ရန်ပုံငွေပြန်လည်ခွဲဝေ ချထားမှုအတွက် ခွင့်ပြုရန် အရေးပေါ် အပိုင်းတစ်ပိုင်းလည်း အောက်ပါအတိုင်းပါဝင်ပါသည်-(၁) ရေအရင်းအမြစ် စီမံခန့်ခွဲရေး အဖွဲ့အစည်းများ၊ ဆုံးဖြတ်ချက်အထောက် အကူပြုစနစ်များနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်း (၂) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ စောင့်ကြည့်လေ့လာမှုနှင့် သတင်းအချက် အလက်စနစ်များ ခေတ်မီအောင်မွမ်းမံခြင်း (၃) ဧရာဝတီမြစ် ရေကြောင်းသွားလာရေးမြှင့်တင်မှုများနှင့် (၄) ချက်ချင်းအရေးပေါ်အခြေအနေတွင်တုံ့ပြန်မှု။ ဤမှတ်တမ်းသည် AIRBM အတွက် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင်ကို တင်ပြပြီး အဓိက သက်ဆိုင်သူများနှင့်ဆွေးနွေး၍ ကမ္ဘာ့ဘဏ်အဖွဲ့ကအတည်ပြုထားသည့် တာဝန်သတ်မှတ်ချက်များ (နောက်ဆက် တွဲ-၁) နှင့်အညီ ပထမ အပိုင်း သုံးပိုင်းစလုံး ၎င်းအထဲတွင်ပါဝင်မည်ဖြစ်ပါသည်။ စီမံကိန်းအပိုင်းအားလုံး၏ ဖော်ပြချက် အကျဉ်းကို အောက်တွင် ဖော်ပြ ထားပါသည်။

---

*ဤစီမံကိန်းသည် *အပြည်ပြည်ဆိုင်ရာရေကြောင်းများပေါ်ရှိစီမံကိန်းများ* (OP/BP 7.50) နှင့်ဆိုင်သော မူဝါဒကိုလည်းကျင့်သုံးပါ သည်။ ဧရာဝတီမြစ်ရေစီးကြောင်း၏ ၉၉.၇ % အထိသည် မြန်နိုင်ငံအတွင်းတွင်စုဝေးနေပြီး မြစ်၏အောက်ပိုင်းသည် များသောအားဖြင့် စိမ့်မြေများဖြစ်ပါသည်။ စီမံချက်ချထားသော ရင်းနှီးမြှုပ်နှံမှုသည် အခြားစိမ့်မြေများသို့သွားသော ရေစီးများ၏ အရည်အသွေးနှင့် ပမာဏ ကို မကောင်းသောနည်းဖြင့် ပြောင်းလဲပစ်မည်မဟုတ်သကဲ့သို့ ဖြစ်ပေါ်လာနိုင်သော အခြားစိမ့်မြေများ၏ ရေအသုံးပြုမှုကြောင့် မကောင်း သောသက်ရောက်မှုကိုလည်း ခံရမည်မဟုတ်ဟု မျှော်မှန်းထားပါသည်။ သို့ဖြစ်၍ ဤမူဝါဒကိုကျင့်သုံးနေသော်လည်း စီမံကိန်းသည် OP 7.50 ၏ အပိုဒ် ၇(က) အရ စိမ့်မြေသတိပေးချက် ပြဋ္ဌာန်းချက်မှ ကင်းလွတ်ခွင့်ရသဖြင့် မည်သည့်သတိပေးချက်မှ လိုအပ်မည်မဟုတ်ပါ။

**အပိုင်း-၁။ ရေအရင်းအမြစ်စီမံခန့်ခွဲရေး အဖွဲ့အစည်းများ၊ ဆုံးဖြတ်ချက်အထောက်အကူပြု စနစ်များနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း**

အပိုင်းခွဲဌာန ၁-၁။ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး။ ဤအပိုင်းခွဲသည် (က) ရုံးသုံးပရိဘောဂနှင့် ပစ္စည်းကိရိယာများ အပါအဝင် NWRC အတွင်းရေးမှူးရုံးနှင့် ရေဆိုင်ရာသတင်း အချက်အလက်နှင့် ဆုံးဖြတ်ချက် အထောက်အကူပြုစင်တာ အဆောက်အဦး ပံ့ပိုးပစ္စည်းတည်ဆောက်ခြင်း သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်း (ခ) ဌာန အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေဆိုင်ရာ၊ ကွပ်ကဲရေးဆိုင်ရာ သုံးသပ်ချက်များနှင့် ပြုပြင်ပြောင်းလဲမှုများ အပါအဝင် အသစ်ဖွဲ့စည်းထားသော NWRC အတွင်းရေးမှူးရုံး၊ ရေဆိုင်ရာသတင်းအချက်အလက်နှင့် ဆုံးဖြတ်ချက် အထောက်အကူပြုစင်တာနှင့် ကျွမ်းကျင်သူပညာရှင်များအဖွဲ့များ၏ လုပ်ပိုင်ခွင့်များကို တည်ဆောက်ခြင်းနှင့် ပေးအပ်ခြင်း (ဂ) AIRBM စီမံကိန်းနှင့် သက်ဆိုင်သူများ၏ ဖိုရမ်တစ်ခု ကျင်းပပြုလုပ်ခြင်းတို့ကို၊ ဆက်ဆံရေးနှင့် ပူးပေါင်းပါဝင်နိုင်အောင် ကမ်းလှမ်းမှု အဂေးသို့အရောက်ပို့မှုနှင့် (ဃ) စွမ်းဆောင်ရည် တည်ဆောက်ခြင်းများကို ကူညီပံ့ပိုးမည် ဖြစ်ပါသည်။

အပိုင်းခွဲ ၁-၂။ ဧရာဝတီ မြစ်ဝှမ်းဒေသကို လွှမ်းခြုံသောပင်မစီမံချက်နှင့် ဆုံးဖြတ်ချက်အထောက်အကူပြုစနစ်။ ဤအပိုင်းခွဲသည် ဧရာဝတီမြစ်ဝှမ်း၏ရေအရင်းအမြစ်များကိုစီစဉ်၍ စီမံခန့်ခွဲရန် အစိုးရတွင် စဉ်ဆက်မပြတ်သော စွမ်းရည်ရှိနေစေရန် လိုအပ်သောလက်နက်ကိရိယာများနှင့် လုပ်ငန်းစဉ်များကိုလည်း ဖော်ထုတ်နေစဉ် ရင်းနှီးမြှုပ်နှံမှု ရွေးချယ်မှုများကို မှန်ကန်စွာဖြစ်နိုင်စေရန် အထောက်အကူပြု ပေးမည်ဖြစ်ပါသည်။ အခွင့်အလမ်းများနှင့် သက်ရောက်မှုများကို လုံလောက်စွာနားလည်မှုအပေါ်တွင်အခြေခံ၍ သဘောတူထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များ၏ လမ်းညွှန်မှုဖြင့် ဧရာဝတီမြစ်ဝှမ်းဒေသ၏ ဘက်စုံဖွံ့ဖြိုးရေးကို စီစဉ်ရန်အတွက် အဆင့်များစွာပါဝင်သော နည်းလမ်းတစ်ခုကို အသုံးပြုမည်ဖြစ်ပါသည်။ လုပ်ငန်းများထဲတွင် (က) ဧရာဝတီမြစ်ဝှမ်းဒေသ လွှမ်းခြုံသောစီမံချက်၊ မြစ်ဝှမ်းဒေသ တစ်ခုလုံး၏ အားနည်းချက် ရှာဖွေဖော်ထုတ်ရေးလေ့လာမှုများ၊ ဆုံးဖြတ်ချက် အထောက်အကူပြုစနစ် (DSS) တစ်ခုနှင့် AIRBM စီမံကိန်းနှင့်သက်ဆိုင်သူများ၏ ဆွေးနွေးတိုင်ပင်မှုများ ဖော်ထုတ်ခြင်း (ခ) မြေအောက်ရေ စစ်ဆေးလေ့လာမှု အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် (ဂ) မြစ်ဝှမ်းအတွင်း မဟာဗျူဟာမြောက် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကဲဖြတ်မှု ဖော်ထုတ်ခြင်းများ ပါဝင်ပါသည်။

DRAFT

အပိုင်းခွဲ ၁-၃။ အနာဂတ်ရင်းနှီးမြှုပ်နှံမှုများကိုစီစဉ်ရေးဆွဲခြင်း(PFI)။ PFI သည် ဧရာဝတီမြစ်ဝှမ်း ဒေသကို လွှမ်းခြုံသော ပင်မဘက်စုံစီမံချက် ( အပိုင်းခွဲ ၁-၁ "က") တွင်ဖော်ထုတ်ထားသော ဦးစားပေးစီမံကိန်းများရေးဆွဲမှုကို ကူညီပံ့ပိုးရန် ငွေကြေးထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ငွေကြေးထောက်ပံ့မှုကို တရားဝင်စေရန်အတွက် စီမံကိန်းတစ်ခုသည် အစိုးရ၏အတည်ပြုထားသော ODA စီမံကိန်းများ၏ စာရင်းတွင် ပါဝင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ကမ္ဘာဘဏ်၏ ပါဝင်ပတ်သက်မှု၏ ရည်ရွယ်ချက်များနှင့်ကိုက်ညီရမည်ဖြစ်ပါသည်။ ဤအပိုင်းခွဲ၏အောက်တွင် ရင်းနှီးမြှုပ်နှံမှုများကို ရေးဆွဲရန် ရံပုံငွေများကို မြစ်ဝှမ်းတစ်ခုလုံးဖွံ့ဖြိုးရေး ရည်ရွယ်ချက်များနှင့်အညီ အပြည့်ပြည့် ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းဖြင့် ရရှိအောင်ပြုလုပ်ပေးမည်ဖြစ်ပါသည်။ ရေးဆွဲပြုစုရေး ရန်ပုံငွေကို AIRBM စီမံကိန်းအကောင် အထည်ဖော်ရေး ငါးနှစ်တာ ကာလအတွက် ရရှိမည်ဖြစ်သည်။

အပိုင်းခွဲ ၁-၄။ အကောင်အထည်ဖော်ရေးကူညီပံ့ပိုးမှု။ ဤအပိုင်းခွဲသည် လုပ်ငန်းဆောင်ရွက်မှု နှစ်စဉ်ကုန်ကျစရိတ်များ ကိုလည်းကောင်း၊ စီမံကိန်းတစ်ခုလုံးစီမံခန့်ခွဲမှု၊ ငွေကြေးစီမံခန့်ခွဲမှု၊ ဝယ်ယူဖြည့်တင်းမှု၊ ဘေးဆီးရန်ကာ

လုပ်ငန်းများ၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးနှင့် အကဲဖြတ်မှုများအတွက် တိုင်ပင်ဆွေးနွေးမှုနှင့် အကြံပေးဝန်ဆောင်မှုများကို လည်းကောင်းပေးအပ်မည် ဖြစ်ပါသည်။

**အပိုင်း-၂။ မိုးလေဝသနှင့်ဇလဗေဒစောင့်ကြည့်လေ့လာခြင်း နှင့်သတင်းအချက်အလက်စနစ်များ ခေတ်မီအောင် မွမ်းမံခြင်း**

<u>အပိုင်းခွဲ ၂-၁။ DMH ၏အဖွဲ့အစည်းဆိုင်ရာနှင့် ကွပ်ကဲရေးဆိုင်ရာ အားဖြည့်ခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် အကောင်အထည်ဖော်ရေး ကူညီပံ့ပိုးမှု။</u> ဤအပိုင်းခွဲသည် (က) ခိုင်မာသော တရားဥပဒေဆိုင်ရာနှင့် ကွပ်ကဲရေး ဆိုင်ရာ မူဘောင်ဖော်ထုတ်ရေးအပါအဝင် DMH ၏အဖွဲ့အစည်းဆိုင်ရာ အားဖြည့်မှု (ခ) စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် DMH ဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားမှုနှင့် (ဂ) DMH စနစ်များပြုစုတွက်ချက်ခြင်းပုံစံ၊ ပေါင်းစပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများ၊ အပိုင်း-၂ စီမံခန့်ခွဲရေးနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးများတွင် နည်းပညာအထောက်အကူများကို ကူညီပံ့ပိုး မည်ဖြစ်ပါ သည်။

<u>အပိုင်းခွဲ ၂-၂။ စောင့်ကြည့်လေ့လာရေး အခြေခံအဆောက်အအုံ၊ အချက်အလက်စီမံခန့်ခွဲမှုစနစ်များ နှင့် ကြိုတင်ခန့်မှန်းမှုများကို ခေတ်မီအောင်ပြုလုပ်ခြင်း။</u> ဤအပိုင်းခွဲသည် (က) မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ စောင့်ကြည့် လေ့လာရေး ကွန်ရက်၏နည်းပညာကို အဆင့်မြှင့်တင်ပေးခြင်း (ခ) လုပ်ငန်းလုပ်ဆောင်မှုဌာနများ၊ အချက်အလက်စီမံခန့်ခွဲမှုနှင့် ဆက်သွယ်ရေး/ အိုင်တီစနစ်များ၊ စက်မှုလုပ်ငန်းနှင့် စံချိန်ကိုက်ညှိခြင်း ပံ့ပိုးပစ္စည်းများကို ခေတ်မီအောင်ပြုလုပ်ခြင်း (ဂ) ကိန်းဂဏန်းဖြင့် ပုံစံပြုတွက်ချက်သော မိုးလေဝသကြိုတင်ခန့်မှန်းရေးစနစ်များနှင့် ဆက်စပ်နေသော ဇလဗေဒပုံစံ ဖော်ထုတ်မှု မူဘောင်များ၏ တိုးတက်မှုများ (ဃ) DMH အထောက်အကူပြုပစ္စည်းများ ပြန်လည် တည်ဆောက်ရေး နှင့်/ သို့မဟုတ် ပြင် ဆင်မွမ်းမံရေး များကို ကူညီပံ့ပိုးမည်ဖြစ်ပါသည်။

<u>အပိုင်းခွဲ ၂-၃။ DMH ၏ ဝန်ဆောင်မှုပေးရေးစနစ် မြှင့်တင်ခြင်း။</u> ဤအပိုင်းခွဲသည် DMH ကို ကူညီပံ့ပိုးမည်ဖြစ်ပါသည်။ AIRBM စီမံကိန်းနှင့် သက်ဆိုင်သူများအားလုံး စီမံကိန်း၏အကျိုးကျေးဇူးများကိုရရှိမှု သေချာရေးအတွက် ၎င်း၏ ဝန်ဆောင်မှုကို ဖောင်းပေးခြင်းကို အားဖြည့်ရာတွင် DMH ကို ကူညီပေးမည်ဖြစ်ပါသည်။ ဤနေရာတွင် (က) လူထုအတွက် မိုးလေဝသဝန်ဆောင်မှုလုပ်ငန်းများနှင့် ဇလဗေဒဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်မှုနှင့် ဒေသခံလူထုသို့ ဝန်ဆောင်မှုပေးခြင်း တိုးတက်ကောင်းမွန်စေမှု (ခ) ရေကြီးမှုများနှင့် လျှပ်တစ်ပြက်ရေကြီးမှုများ ရှိသော မြစ်ဝှမ်းငယ်ကလေးများတွင် ထုတ်ပြန်သူမှ လက်ခံမည့်သူအထိ ကြိုတင်သတိပေးစနစ် တိုးချဲ့ရေးအပါအဝင် DRM သဘာဝ ရေဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများအတွက် ကူညီပံ့ပိုးမှု (ဂ) စိုက်ပျိုးရေးနှင့်ရာသီဥတု အကြံပေးဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖော်ထုတ်ရေးနှင့် (ဃ) ရာသီဥတုဆိုင်ရာလုပ်ငန်းများအတွက် အမျိုးသားမူဘောင်တစ်ခု ဖန်တီးရေးများ ပါဝင်နိုင်ပါသည်။

**အပိုင်း-၃။ ဧရာဝတီမြစ်ရေကြောင်းသွားလာရေးမြှင့်တင်မှုများ။**

DRAFT

အပိုင်းခွဲ ၃-၁။ ဧရာဝတီမြစ်ရေကြောင်းသွားလာရေးမဟာဗျူဟာ (မန္တလေးမှ ရန်ကုန်)။ ဤအပိုင်းခွဲသည် (က) မန္တလေးမှ ရန်ကုန်သို့ ရေလမ်းကြောင်းတစ်လျှောက်သွားလာနိုင်သော ရေကြောင်းသွားလာရေး မဟာဗျူဟာ တစ်ရပ်ကို ဖော်ထုတ် ပေးမည်ဖြစ်ပါသည်။ ဤမဟာဗျူဟာသည် (၁) အနာဂတ်တွင် ဘက်စုံပုံစံ သယ်ယူပို့ဆောင်ရေး ပုံစံ အစီအစဉ်တစ်ခု ကိုမြှင့်တင်ပေးရန်အတွက် ဖြစ်လာနိုင်သော ကုန်းတွင်းဆိပ်ကမ်းဖော်ထုတ်ရေးများကို ထည့်သွင်း စဉ်းစား၍ မြစ်တစ်ခုလုံး အတွက် လက်ရှိ ကိုးကားနေသော ၁၉၈၈ ခုနှစ်ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ခေတ်နှင့်အညီ ပြောင်းလဲဆောင်ရွက်ပေးမည်၊(၂) မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ သောင်တူးခြင်း၊ မြစ်ကမ်းပါး ကာကွယ် ခြင်းနှင့် တစ်ခုလျှင် ကီလိုမီတာ ၃၀ ခန့်ရှည်လျားသော အရေးတကြီးအလိုအပ်သည့် ရေကြောင်းကြပ်တည်းသည့် နေရာနှစ်ခုတွင် ရေလမ်းညွှန် အထောက်အကူများအပါအဝင် ရေကြောင်းသွားလာမှု တိုးတက်ရေးအတွက် လုပ်ငန်း အတိုင်း အတာကို ဖော်ထုတ်ပေးမည်၊ (၃) ရေကြောင်းကြပ်တည်းသည့် နေရာနှစ်ခုတွင် ရှေ့ပြေးမြစ်ကြောင်း ထိန်းသိမ်းမှု လုပ်ငန်းများအတွက် အသေးစိတ် ဒီဇိုင်းပုံစံကိုပေးမည်၊ (၄) (အပိုင်းခွဲ ၃-၂ "ဂနှင့်ဆက်စပ်နေသော) မြစ်ကြောင်း ထိန်းသိမ်းရေး အစီအစဉ်တစ်ခုကို ထောက်ခံတင်ပြပေးမည်၊ (ခ)အကောင်းဆုံးရေကြောင်း သွားလာ ရေးကို ရေကြောင်းတွင် အသင့်တော်ဆုံး သွားလာနိုင်မည်ဖြစ်သော ရေယာဉ်စုကို လေ့လာမှု ဖော်ထုတ်ပေးမည် ဖြစ်ပါသည်။

အပိုင်းခွဲ ၃-၂။ ရေကြောင်းသွားလာရေးတိုးတက်မှုများ ( မန္တလေးညောင်ဦးအပိုင်းတွင် ဇောင်းပေးမှုပါဝင်သော မန္တလေးမှ ရန်ကုန်)။ ဤအပိုင်းခွဲသည် ရေကြောင်းသွားလာရေးတိုးတက်မှုများကို အထောက်အကူပြုလိမ့်မည်။ ဧရာဝတီမြစ်၏ ရေကြောင်းသွားလာမှုအများဆုံး (မန္တလေးမှညောင်ဦး)အပိုင်းတစ်လျှောက် ခရီးသည်တင်နှင့် ကုန်တင်ရေယာဉ် နှစ်မျိုးစလုံးအတွက် ရေနည်းသော ရာသီအတွင်း အနည်းဆုံးရနိုင်သော ရေစူးသတ်မှတ်ချက်ကို တိုးမြှင့်ရန် ရေကြောင်းသွားလာရေး တိုးတက်မှုများကို ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။ ၄င်းလုပ်ငန်းများတွင် (က) မြစ်ကြောင်းသွားလာရေး တိုးမြှင့်မှုများ အတွက် ဆောင်ရွက်မည့် လုပ်ငန်းများ ၏အတိုင်းအတာကို ဖော်ထုတ်ရန် မြစ်ပုံစံ ကွန်ပျူတာပုံစံတွက်ချက်ခြင်း (1 dimensional & 2 dimensional modelling ) (ခ) အဆိုပြုထား သော မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အတွက် EMP တစ်ခုအပါအဝင် EIA တစ်ခုရေးဆွဲခြင်း (ဂ) အသေးစိတ် ပုံစံမှတ်တမ်း မှတ်ရာများနှင့် တည်ဆောက်ရေး ကြီးကြပ်မှုအစီအစဉ် ရေးဆွဲခြင်းနှင့် (ဃ) မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ တည်ဆောက်ခြင်းများ ပါဝင်မည် ဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်း၏ အတိုင်းအတာကို ဧရာဝတီမြစ်၏ မန္တလေးညောင်ဦးအပိုင်းအပေါ်တွင် ဇောင်းပေး၍ ညောင်ဦး ရန်ကုန်ဘက်ခြမ်းရှိ အခြားအရေးကြီး သော အပိုင်းအချို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အပိုင်းခွဲ ၃-၃။ ရေလမ်းကြောင်းအမှတ်အသားပြသခြင်းလုပ်ငန်း (ညအချိန်ရေကြောင်းသွားလာရေးပါဝင်သော မန္တလေးညောင်ဦးအပိုင်းကိုဇောင်းပေးထားသည့် မန္တလေး-ရန်ကုန်ရေလမ်း)။ ဤအပိုင်းသည် အလင်းမီးများ၊ အချက်ပြ ဆိုင်းဘုတ်များ၊ မြေပုံရေးဆွဲခြင်းနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန်နှင့်ဧရာဝတီမြစ်၏ မန္တလေး-ရန်ကုန်အပိုင်း တစ်လျှောက်ထိရောက်သော ရေကြောင်းသွားလာရေးကိုဖြစ်မြောက်စေရန်အားဖြည့်ထားသော ခေတ်မီရေကြောင်း သွားလာရေး ရှေ့ပြေးစနစ်တစ်ခုကဲ့သို့သော ရေလမ်းညွှန်အမှတ်အသားပြုခြင်း လုပ်ငန်းအတွက် အထောက်အကူများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းများကို ကူညီပံ့ပိုးမည်ဖြစ်ပါသည်။ ထို့အပြင် ၄င်းသည် မန္တလေး-ညောင်ဦးအပိုင်းတွင် ညအချိန် ရေကြောင်းသွားလာရေးကို ဖြစ်မြောက်စေရန် ဥပမာအားဖြင့် အလင်းမီးများ၊ အချက်ပြ ဆိုင်းဘုတ်များတွင် ရင်းနှီးမြှုပ်နှံ မှုများကို အထောက်အကူပြုမည်ဖြစ်ပါသည်။

DRAFT

အပိုင်းခွဲ ၃-၄။ အဖွဲ့အစည်းဆိုင်ရာအားဖြည့်ခြင်းနှင့် အကောင်အထည်ဖော်ရေး ကူညီပံ့ပိုးမှု။ ဤအပိုင်းသည် (က)အပိုင်း-၃ အကောင်အထည်ဖော်ရေးနှင့် စီမံခန့်ခွဲမှုနှင့် (ခ) စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ လေ့ကျင့်ခြင်း၊ ဆက်သွယ်ရေးနှင့် မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှုများ၊ သတင်းအချက်အလက်၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်း အသစ်များအပေါ် သိရှိစေရန်အမြင်နှင့်လုပ်ငန်းများကို ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။

အပိုင်းခွဲ ၃-၅။ မြေပေါ်ရှိရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး စနစ်ပုံစံနှင့် ရွေ့ပြေးဆောင်ရွက်မှု။ ဤအပိုင်းတွင် (က)ရောဂတီမြစ်ဝှမ်းဒေသတွင် မြစ်၏အရည်အသွေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် စခန်းများ၏ ကွန်ယက်ပုံစံရေးဆွဲခြင်း (ခ) ရွေ့ပြေးစခန်းများ အကောင်အထည်ဖော်ခြင်း (ဂ) ရေအရည်အသွေးစောင့်ကြပ်စစ်ဆေးမှုအတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ ပါဝင်ပါသည်။

**အပိုင်း-၄။ အရေးပေါ် အခြေအနေတွင်ချက်ချင်းတုံ့ပြန်မှု**

ဤ ( အစပိုင်းတွင် မည်သည့်ရန်ပုံငွေထောက်ပံ့မှု ခွဲဝေချထားခြင်းမှ မပါသော) " အရံ အပိုင်း "သည် အရန်သင့်ရှိမှုနှင့် သဘာဝဘေး အန္တရာယ်၊ အရေးပေါ် နှင့်/သို့မဟုတ် ကပ်ဆိုက်သောဖြစ်ရပ်များကို လိုအပ်သလို လျင်မြန်သော တုံ့ပြန်ကူညီမှုပေးရန်အတွက် အခြားအပိုင်းများမှရန်ပုံငွေများကို လျင်မြန်စွာသောပြန်လည်ခွဲဝေ ချထားနိုင်ရန် ခွင့်ပြုပေးမည်ဖြစ်သည်။ အရေးပေါ်တုံ့ပြန်မှုကို အသက်သွင်းလိုက်သောအချိန်တွင် ရန်ပုံငွေများ စီးဆင်း ထုတ်ပေးရေး အစီအစဉ်များကို အဆုံးအဖြတ်ပေး မည်ဖြစ်ပါသည်။

<u>**ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်အတိုင်းအတာနှင့် ရည်ရွယ်ချက်များ**</u>

ကမ္ဘာ့ဘဏ်အဖွဲ့အပါအဝင် အဓိကသက်ဆိုင်သူများနှင့်ဆွေးနွေးတိုင်ပင်မှုအရ DWIR သည် AIRBM စီမံကိန်းပုံစံတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာကိစ္စများ၊ လျော့နည်းသက်သာရေးစီမံဆောင်ရွက်မှုများကို ထည့်သွင်း ပေးရာတွင် မြန်မာနိုင်ငံတော်အစိုးရကို အကူအညီပေးရန်ရည်ရွယ်ချက်ဖြင့် ဤ ESMF ကို ဖော်ထုတ်ခဲ့ပါသည်။ နည်းပညာ အကဲဖြတ်မှု (ဥပမာ -မှန်ကန်သောလုပ်ငန်းခွင်နေရာ၏ ထူးခြားသော လက္ခဏာကိုဖော်ပြခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများ၊ အသေးစိတ်ပုံစံများ) နှင့် စီမံကိန်းအောက်ရှိလုပ်ငန်းများ၏ တိကျသောနေရာများသည် အဆင့်သင့် မဖြစ်သေးသောကြောင့် ၄င်းတို့၏ တိကျသောထိခိုက်မှုများကို စီမံကိန်းအကဲဖြတ်မှုက သိရှိမည်မဟုတ်ပါ။ ပြန်လည် နေရာချထားရေးမူဝါဒမူဘောင် (RPF) တစ်ခုနှင့် ဒေသခံတိုင်းရင်းသားလူမျိုးများအတွက် အစီအစဉ်မူဘောင် (IPPF) တစ်ခုပါဝင်သော ESMF တစ်ခုရေးဆွဲခြင်းတွင် စီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလအတွင်း လက်ခံဆောင်ရွက်ရန် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ဘက်စုံဘေးဆီးရန်ကာ လုပ်ထုံးလုပ်နည်းများကိုဖော်ပြရန် ပြဋ္ဌာန်းသတ်မှတ်ထားပါ သည်။ဤ ESMF ၏ ရည်ရွယ်ချက်သည် စီမံကိန်းက ငွေကြေးထောက်ပံ့မည်ဖြစ်ပြီး ၄င်းတို့၏တိကျသောတည်နေရာကို မသိရသကဲ့သို့ စီမံကိန်းအကောင်အထည်ဖော်နေစဉ် အတွင်းပြောင်းလဲသွားနိုင်သော တည်ဆောက်ရေးလုပ်ငန်း အဖွဲ့များသို့ ညွှန်ကြားထားသော ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုများအတွက် အန္တရာယ်စီမံခန့်ခွဲမှုအပါအဝင် လုံလောက်သောပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုကို အထောက်အကူပေးရန် နည်းပညာများ၊ လုပ်ထုံး

DRAFT

လုပ်နည်းများနှင့်စီမံဆောင်ရွက်မှုများပါဝင်သည့် လမ်းညွှန်မှုတစ်ခု တည်ဆောက်ခြင်းဖြင့် ဖြစ်လာနိုင်သော မကောင်းသော သက်ရောက်မှုများကို စီမံခန့်ခွဲရန်ဖြစ်ပါသည်။

ESMF သည် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာအကဲဖြတ်မှုကို သေချာစေရန် စီမံကိန်းခွဲကို ကမကထပြု ပေးသူအားလုံးနှင့် DWIR ကိုလမ်းညွှန်မှုပေးမည်ဖြစ်ပြီး၊ အခြားဘေးဆီးရန်ကာ ရေးပြဋ္ဌာန်းချက်များကို ဆောင်ရွက် ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု အကဲဖြတ်ခြင်း (EIA) များကိုဆောင်ရွက်ခြင်းအတွက် အမျိုးသားလမ်းညွှန်ချက် များ၊ အခြား ပတ်ဝန်းကျင်နှင့်လူမှုရေး ဆိုင်ရာစည်းမျဉ်း စည်းကမ်းများနှင့် မြန်မာနိုင်ငံရှိဥပဒေများကို လေးစားလိုက်နာပြီး ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှု (EA) နှင့် ကမ္ဘာ့ဘဏ်အဖွဲ့၏ ဘေးဆီးရန်ကာ မူဝါဒများတွင်ပြဋ္ဌာန်းထားသည့် လူမှုရေး မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။ အကဲဖြတ်ခံရသည့် အခြားနည်းရင်းနှီးမြှုပ်နှံမှုများ သို့မဟုတ် မဟာဗျူဟာများ၏ ဖြစ်လာနိုင်သည့်ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများကို အကဲဖြတ်ရာတွင် ရည်ညွှန်း ကိုးကားသည့် မှတ်တမ်းတစ်ခုအဖြစ်လည်း ၎င်းကို အသုံးပြုမည်ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် ဤ ESMF သည် စီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲ (PIM) ၏ ခွဲခြား၍မရသော အစိတ်အပိုင်းတစ်ခု ဖြစ်လာမည်ဖြစ်ပြီး ၎င်းတို့၏ ငွေကြေးထောက်ပံ့မှုဇာစ်မြစ် သို့မဟုတ် အကောင်အထည်ဖော်သည့် အဖွဲ့အစည်းသည် မည်သူပင်ဖြစ်စေ ရေဂတီမြစ်ပုမ်းအတွက် ငွေကြေးထောက်ပံ့ မည့် ဆက်စပ် နေသော ရင်းနှီး မြှုပ်နှံမှု အားလုံးနှင့် သက်ဆိုင်ပါသည်။

ဤ ESMF တွင် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာမူဝါဒများ (OP) 4.10 အရပြဋ္ဌာန်းထားသည့် အတိုင်း **တိုင်းရင်း သားလူမျိုးများအစီအစဉ် မူဘောင် (IPPF)** တစ်ခု ပါဝင်ပါသည်။ ၎င်းသည် အကောင်အထည်ဖော် နေစဉ်အတွင်း ဖော်ထုတ်သတ်မှတ်ထားသည့် စီမံကိန်း၏အောက်တွင်တိုက်ရိုက် စီမံဆောင်ရွက်မည့်ရင်းနှီးမြှုပ်နှံမှုများ ၏ " လွှမ်းမိုးသော နယ်မြေ " အတွင်း တိုင်းရင်းသားလူမျိုးစုများရှိ-မရှိ ဖော်ထုတ်သတ်မှတ်ရန် လုပ်ထုံးလုပ်နည်းများ ကို ဖော်ပြထားပါသည်။ ၎င်းကို မှန်ကန်ကြောင်းတွေ့ရပါက IPPF သည် (၁) သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းများအပေါ် ၎င်းတို့၏ကျယ်ပြန့်သော လူထု ထောက်ခံမှုကို ဖြစ်ပေါ်စေမည့်၊ သက်ရောက်မှုခံရသော တိုင်းရင်းသားလူမျိုးစုများနှင့် လွတ်လပ်စွာ၊ အမြင်ကျယ်စွာနှင့် ကြိုတင် ပြုလုပ်သော အကြံပြုဆွေးနွေးပွဲ (၂) ထိခိုက်မှုများနှင့် ဖြစ်လာနိုင်သော လျော့နည်းသက်သာရေး စီမံဆောင်ရွက်မှုကို အကဲဖြတ်ရန် လူမှုရေးအကဲဖြတ်မှု (SA) တစ်ခုကိုဆောင်ရွက်ခြင်းနှင့် (၃) တိုင်းရင်းသားလူမျိုးများ အစီအစဉ် ရေးဆွဲ ခြင်းများအတွက် လုပ်ထုံးလုပ်နည်းများကို ဖော်ပြပါသည်။ အနာဂတ်တွင် အကောင်အထည် ဖော်ရေးအတွက် အပိုင်း ၁-၂ ( နှင့် ၁-၃) အရ ဖော်ထုတ်သတ်မှတ်ပေးမည့် ရင်းနှီးမြှုပ်နှံမှုများအတွက် မဟာဗျူဟာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကဲ ဖြတ်မှု (SESA) တစ်ခုကို ဆောင်ရွက်မည်ဖြစ်ပါသည်။ SESA သည် ကျယ်ပြန့်သောကိစ္စများကိုလည်းကောင်း ဘက်စုံမြစ် ပုမ်းလွှမ်းခြုံစီမံချက်၊ အနာဂတ်ရင်းနှီးမြှုပ်နှံမှုများရေးဆွဲခြင်း (PFI) အပိုင်းခွဲများနှင့် ပတ်သက်နေသည့် တိုင်းရင်းသား လူမျိုးစုများ အပေါ်သက်ရောက်မှုများနှင့် အကျိုးကျေးဇူးများ ဖြစ်လာနိုင်သောအခွင့်အလမ်းများကို လည်းကောင်း အကဲဖြတ် မည်ဖြစ်ပါသည်။ PFI နှင့် IPPF များ၏အောက်တွင် ထောက်ခံထားသော စီမံကိန်းများအတွက် ဖြစ်လာနိုင်သော စီမံကိန်း၏အန္တရာယ်များ၊ သက်ရောက်မှုများ၊ အကျိုး ကျေးဇူးများကိုအကဲဖြတ်ရန်အတွက်လည်းကောင်း၊ OP 4.10 နှင့်အညီ တိုင်းရင်းသားလူမျိုးများအစီအစဉ် (IPP) ကဲ့သို့ သတ်မှတ်ထား သော ဘေးဆီးရန်ကာ အစီအစဉ်များ ရေးဆွဲရန်အတွက် လည်းကောင်း လုပ်ထုံးလုပ်နည်းများနှင့် ပြဋ္ဌာန်း သတ်မှတ်ချက်များကို ESMF က ဖော်ပြထား ပါသည်။

ပုဂ္ဂလိကပိုင်မြေကိုသိမ်းယူခြင်းနှင့် ဤစီမံကိန်းက တိုက်ရိုက်ငွေကြေးထောက်ပံ့ထားသော ရင်းနှီးမြှုပ်နှံမှုများ ကို အကောင်အထည်ဖော်မှုကြောင့် ဝင်ငွေသို့မဟုတ်ပုဂ္ဂလိကပိုင်ပစ္စည်းများ ဆုံးရှုံးခြင်းများကို OP 4.12 နှင့်အညီ

ကိုင်တွယ်ဆောင်ရွက်မည်ဖြစ်ကြောင်း သေချာစေရန်အတွက် ESMF တွင် **ပြန်လည်နေရာချထားရေးမူဝါဒ မူဘောင် (RPF)** တစ်ခုလည်း ပါဝင်ပါသည်။ အပြီးအပိုင်မြေသိမ်းယူခြင်းနှင့် ပုဂ္ဂလိကမြေကိုယာယီသိမ်းယူခြင်း နှစ်မျိုးစလုံးကို ESMF နှင့် RPF များတွင် ကိုင်တွယ်ဖြေရှင်းထားပါသည်။ SESA သည် အပိုင်း-၁ အရဖော်ထုတ်မည်ဖြစ်ပြီး ဧရာဝတီမြစ်ဝှမ်း စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါရှိသော ရင်းနှီးမြှုပ်နှံမှုများကြောင့် ထိခိုက်ခံရနိုင်သော ပုဂ္ဂလိမြေနှင့်ပိုင်ဆိုင် ပစ္စည်းများအပေါ် ထိခိုက်မှုများ နှင့်ပတ်သက်သည့် ပိုမိုကျယ်ပြန့်သောအန္တရာယ်များနှင့် ပြဿနာများကို အကဲဖြတ်မည်ဖြစ်ပါသည်။ PFI အပိုင်းခွဲနှင့် RPF ၏အောက်တွင်ထောက်ခံထားသော စီမံကိန်းများ အတွက် ဖြစ်လာနိုင်သော ထိခိုက်မှုများ ကိုခန့်မှန်းရန်အတွက်လည်းကောင်း၊ OP 4.12 နှင့်အညီ ပြန်လည်နေရာချ ထားရေးလုပ်ငန်းအစီအစဉ် ကဲ့သို့သတ်မှတ် ထားသော ဘေးဆီးရန်ကာ အစီအစဉ်များ ရေးဆွဲရန်အတွက် လည်းကောင်း လုပ်ထုံးလုပ်နည်းများနှင့် ပြဋ္ဌာန်း သတ်မှတ်ချက်များ ကို ESMF က ဖော်ပြ ထားပါသည်။

သက်ဆိုင်သူများနှင့်ဆွေးနွေးတိုင်ပင်ခြင်းသည် ဤ ESMF ၏အဓိက သွင်ပြင်လက္ခဏာနှင့် အဓိကဖြည့်စွက်ပေးမှု ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုများသည် ပတ်ဝန်းကျင်နှင့်လူမှုရေးအရ စဉ်ဆက်မပြတ်ဘဲ အားလုံးပါဝင်ကြောင်း သေချာစေရန်အတွက် စီမံကိန်းပိုင်ရှင်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်သူများ၏ စစ်ဆေးခြင်းနှင့် လျော့နည်းသက်သာရေး စီမံဆောင်ရွက်ခြင်းများကိုလည်း ဤမူဘောင်နည်းလမ်းက ခွင့်ပြုထားပါသည်။

အဆိုပြုထားသော AIRBM သည် အဓိကအားဖြင့် ဧရာဝတီမြစ်ဝှမ်း (ပုံ-၁) အတွင်းတွင် တည်ရှိမည်ဖြစ်ပါသည်။ ဤမြစ်ဝှမ်းသည် မြန်မာနိုင်ငံကုန်းမြေ၏ ၆၀% ကျော်ရှိ၍ ၎င်း၏လူဦးရေ၏ ၇၀% ကိုနေရာပေးထားပြီး ၎င်း၏ကုန်သွယ်မှု၏ ၄၀% ကိုသယ်ယူပို့ဆောင်ပေးလျှက်ရှိပါသည်။ ဤမြစ်ဝှမ်းသည် အထူးတလည် ကျယ်ဝန်းသော ဂေဟစနစ်များ၊ ဩဇာတိက္ကမရှိပြီး အန္တရာယ်သင့်နေသည့် ဆင်၊ ကျား၊ ကျားသစ်၊ ပင်လယ်လိပ်၊ မိကျောင်း၊ ရေကြက်၊ ရာသီအလိုက် ရွှေ့ပြောင်း ကျက်စားသောငှက်များနှင့် ဧရာဝတီလင်းပိုင်ကဲ့သို့ တိရစ္ဆာန်မျိုးစိတ်များ၊ ဒေသရင်းအပင်နှင့်တိရစ္ဆာန်များ မှီတင်းနေထိုင်ရာနေရာဖြစ်ပါသည်။ ဤမြစ်သည် အသက်မွေးမှုနှင့် အသက်ရှင်ရပ်တည်မှုအတွက် ၎င်း၏အပေါ်တွင် မှီခိုအားထားနေရသော အမျိုးမျိုးသော တိုင်းရင်းသားလူမျိုးစုများ၏ နေအိမ်လည်းဖြစ်ပါသည်။ လူဦးရေ၏အများစုဖြစ်သော ဆင်းရဲနွမ်းပါး၍ အားနည်းမှုရှိသည့် ဗမာလူမျိုးများစွာသည် ဧရာဝတီမြစ်ဝှမ်းထံမှ အရေးကြီးသော အသက်မွေးမှုကိုရှိနေပြီး ၎င်းတို့သည် ဤမြစ်ဝှမ်းကိုစီမံခန့်ခွဲသည့် နည်းလမ်းပြောင်းလဲမှုများ၏ သက်ရောက်မှုဒဏ်ကိုသိသိသာသာ ခံစားရနိုင် သည်ဟု မျှော်လင့် ထားပါသည်။

## ပုံ-၂ ။ *ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှု*

*ပထဝီအရ စီမံကိန်း၏ တည်နေရာ*

## <u>**စီမံကိန်း အကောင်အထည်ဖော်ရေးအစီအစဉ်များ၊ စွမ်းဆောင်ရည် နှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း**</u>

### အဘက်ဘက်မှစီမံကိန်း အကောင်အထည်ဖော်ရေးအစီအစဉ်များ

AIRBM တွင် ၎င်း၏ အကောင်အထည်ဖော်ရေး၌ ပါဝင်ပတ်သက်နေသော အောက်ပါအဖွဲ့အစည်းများရှိပါသည်။

AIRBM စီမံကိန်းဦးဆောင်ကော်မတီ (PSC) ။ NWRC သည် AIRBM ကို မဟာဗျူဟာမြောက်လမ်းညွှန်မှုပေးပြီး စီမံကိန်း တိုးတက်မှုကို အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ပုံမှန်ရရှိနေစေမည်ဖြစ်ပါသည်။ နှစ်စဉ် လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများ၊ လုပ်ငန်းအစီအစဉ်များ၊ အဓိကလုပ်ငန်းစဉ်များနှင့် ကွန်ပျူတာက ထုတ်ပေးသော သတင်းအချက်အလက်များအပေါ် ဂေဖန်သုံးသပ်ရန်နှင့် အကြံပေးရန်အတွက် NWRC ထံမှ စီမံကိန်း ဦးဆောင်ကော်မတီ (PSC) တစ်ခုကို ဖွဲ့စည်းပေးမည်ဖြစ်ပါသည်။ PSC တွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင် ရွက်မည်ဖြစ်ပြီး NWRC မှ အရာရှိလေးဦး ပါဝင်မည်ဖြစ်ပါသည်။ NWRC ၏အတွင်းရေးမှူး၊ DWIR ၏ ညွှန်ကြားရေးမှူးချုပ်သည် ဤစီမံကိန်း၏ ငွေကြေး ဆိုင်ရာကြီးကြပ်ရေး တာဝန်ကို ယူမည်ဖြစ်ပါသည်။

NWRC ၏ အတွင်းရေးမှူးရုံး ။ NWRC ၏ အတွင်းရေးမှူးရုံး /DWIR သည် NWRC ၏လုပ်ငန်းကို ဆောင်ရွက်ရသည့်အပြင် AIRBM ကိုအဓိက အကောင်အထည်ဖော်ပေးရသောအဖွဲ့ဖြစ်ပါလိမ့်မည်။ NWRC ၏ အတွင်းရေးမှူးရုံးကို DWIR ၏ ညွှန်ကြားရေးမှူးချုပ်ကဦးဆောင်ပြီး ၄င်းသည် NWRC ၏ အတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ညွှန်ကြားရေးမှူးချုပ်/အတွင်းရေးမှူး ရာထူးနှစ်ခုကိုတစ်ပြိုင်တည်းယူထားသော အခန်းကဏ္ဍသည် မတူညီသော အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုကိုသေချာစေရန် အထောက်အကူပြုရမည်ဖြစ်ပါသည်။ အကောင်အထည် ဖော်ရေး အစီအစဉ်များကို NWRC အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော ဖွဲ့စည်းပုံအပေါ်တွင် အခြေခံထားသော်လည်း DWIR ၏လက်ရှိဖွဲ့စည်းပုံနှင့် လုပ်ငန်းလုပ်ဆောင်မှုအပေါ်တွင် အရင်းခံထားပါသည်။ အကောင်အထည်ဖော်ရေးအဖွဲ့၏ စွမ်းရည်အကဲဖြတ်မှုတစ်ခုအရ အကောင်အထည်ဖော်ရေးအဖွဲ့အစည်းများတွင် လက်ရှိ WBG ၏လုပ်ငန်းလုပ်ဆောင်မှု ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အတွေ့အကြုံနည်းပါးကြောင်း သို့မဟုတ် မရှိကြောင်း တွေ့ရှိခဲ့ပါသည်။ ဤ စီမံကိန်းသည် ဆယ်စုနှစ်နှစ်ခုကြာကင်းကွာခဲ့ပြီးနောက်မှ မြန်မာနိုင်ငံ၏ ရေကဏ္ဍတွင် ကမ္ဘာ့ဘဏ်၏ ပထမဆုံးပြန်လည် ဝင်ရောက်ရန်ကြိုးပမ်းမှုကို ကိုယ်စားပြုသောကြောင့် ယင်းသို့ဖြစ်ရခြင်းသည်အံ့ဩစရာမဟုတ်ပါ။ ဤအန္တရာယ်ကို သက်သာလျော့နည်းစေရန် ဘေးဆီးရန်ကာမှုများ အပါအဝင် ယုံကြည်မှုဆိုင်ရာကဏ္ဍများအားလုံးအတွက် ဝန်ထမ်းများလေ့ကျင့် သင်ကြားပေးရေးနှင့် အကြံပေး ကူညီမှုများအတွက်အပိုင်း-၁ ၏ အောက်တွင်ရန်ပုံငွေများကို ခွဲဝေချထားပေးပြီးဖြစ်ပါသည်။

စီမံကိန်းဒါရိုက်တာယူနစ်ဌာန (PDU)။ DWIR ၏ညွှန်ကြားရေးမှူးချုပ်ဖြစ်သော NWRC ၏ အတွင်းရေးမှူးသို့ တိုက်ရိုက် အစီရင်ခံသော အချိန်ပြည့် စီမံကိန်းဒါရိုက်တာတစ်ယောက်ကို ခန့်ထားပြီးဖြစ်ပါသည်။ စီမံကိန်းဒါရိုက်တာသည် စီမံကိန်း၏ စီမံခန့်ခွဲမှုအလုံးစုံ နှင့် နည်းပညာပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အတွက်လည်းကောင်း၊ ဂယ်ယူဖြည့်တင်းရေးနှင့် ငွေကြေး စီမံခန့်ခွဲမှု၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊ စီမံကိန်းအစိတ်အပိုင်းအားလုံးအတွက် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာကာကွယ်မှုများကိုလိုက်နာခြင်းများအတွက်လည်းကောင်း တာဝန်ရှိမည်ဖြစ်ပါသည်။ စီမံကိန်းဒါရိုက်တာကို ဒုတိယ စီမံကိန်းဒါရိုက်တာ (များ) နှင့်/သို့မဟုတ် နည်းပညာ ပူးပေါင်းညှိနှိုင်းရေးမှူး(များ) အဖြစ် ထပ်မံခန့်ထားမည့် အစိုးရဝန်ထမ်းများက ကူညီပံ့ပိုးသွား မည်ဖြစ်ပါသည်။ ငွေကြေးစီမံခန့်ခွဲမှုနှင့် ဂယ်ယူဖြည့်တင်းရေးလုပ်ငန်းများကို စီမံကိန်း၏လက် အောက်တွင် လိုအပ်သလို ငှားရမ်းမည့် အကြံပေးအရာရှိများထံမှ ဖြည့်စွက်ကူညီပံ့ပိုးမှုဖြင့် လက်ရှိ DWIR ဝန်ထမ်းများက ဆောင်ရွက်မည်ဖြစ်ပါသည်။ လိုအပ်သော ပစ္စည်းကိရိယာနှင့် ထပ်တိုးလုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များအတွက်လည်းကောင်း (၁)ငွေကြေးစီမံခန့်ခွဲမှု

DRAFT

(၂)ဂယ်ယာပြည့်တင်းရေး (၃)နည်းပညာ ပူးပေါင်းညှိနှိုင်းမှု (၄)လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးဆီးရန်ကာမှုများကို လေးစားလိုက်နာခြင်း (၅) စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်း (၆) လေ့ကျင့်သင်ကြားရေး၊ ဆက်ဆံရေးနှင့် ပူးပေါင်းပါဝင်နိုင်အောင်ကမ်းလှမ်းမှု (၇) စီမံအုပ်ချုပ်မှု/ အတွင်းရေးမှူး ကူညီပံ့ပိုးမှု များကို ကူညီပံ့ပိုးရန် အကြံပေးအရာရှိများငှားရမ်းခြင်းအတွက်လည်းကောင်း စီမံကိန်းရံပုံငွေများကို ရရှိအောင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ PDU နှင့် CMU ရုံးများသည် ရန်ကုန်မြို့တွင် အတူတကွတည်ရှိပြီး DWIR နှင့် DMH တို့၏ ဗြိုလ်တုဆက်သွယ်ရေးရုံးများက နေပြည်တော်တွင် ရှိမည်ဖြစ်ပါသည်။

<u>အပိုင်းအလိုက်စီမံခန့်ခွဲရေး စီမံကိန်းဌာန (CDU) များ။</u> စီမံကိန်းဒါရိုက်တာသည် အပိုင်း-၁ ၊ အပိုင်း-၂ နှင့် ၃ အတွက် မန်နေဂျာအဖြစ်ဆောင်ရွက်မည့် အပိုင်းတစ်ပိုင်းစီတွင် အပိုင်းဒါရိုက်တာအဖြစ်မှ ခန့်အပ်ထားသော အရာရှိတစ်ဦးစီ ရှိမည် ဖြစ်ပါသည်။ အပိုင်းမန်နေဂျာကို နောက်ထပ်အစိုးရဝန်ထမ်းများက ကူညီပံ့ပိုးကြမည်ဖြစ်ပြီး ၎င်းတို့ကို နည်းပညာ ပူးပေါင်းညှိနှိုင်းရေးမှူး(များ)အဖြစ် ခန့်ထားမည်ဖြစ်ပါသည်။ နည်းပညာဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များ ပြုစုခြင်းနှင့် အဆိုပြုမှတ်တမ်းမှတ်ရာများပြုစုခြင်းကို အထောက်အကူပေးခြင်းများက လိုအပ်သည့်ဂယ်ယာပြည့်တင်းရေး အားထုတ်မှုများ၊ အကဲဖြတ်အစီရင်ခံစာများ၊ တည်ဆောက်ရေးလုပ်ငန်းလက်ခံမှုများ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများနှင့် အခြားဂယ်ယာပြည့်တင်းရေး လုပ်ငန်းများ၏ နည်းပညာဆိုင်ရာကဏ္ဍများ အပါအဝင် နေ့စဉ်လုပ်ငန်းများကို ကူညီပံ့ပိုးရန် CDU များ၏အောက်တွင် နည်းပညာကျွမ်းကျင်သူ အကြံပေးပုဂ္ဂိုလ်များကိုလည်း ငှားရမ်းမည် ဖြစ်ပါသည်။ အပိုင်း-၁ ကို NWRC အတွင်းရေးမှူးရုံး /DWIR ၏အောက်တွင်လည်းကောင်း၊ အပိုင်း-၂ ကို DMH ကလည်း ကောင်း အပိုင်း-၃ ကို DWIR ကလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ လိုအပ်သလို လမ်းညွှန်မှုပေးရာတွင် ကူညီရန် ကျွမ်းကျင်သူပညာရှင်များအဖွဲ့၏ အဖွဲ့ဝင်များကို တာဝန်ပေးအပ်နိုင်ပါသည်။

<u>AIRBM စီမံကိန်းနှင့်သက်ဆိုင်သူများဖိုရမ်။</u> စီမံကိန်း၏သက်တမ်းတစ်လျှောက်လုံး PDU ကို ကူညီပံ့ပိုးရန်နှင့် လူထုကဏ္ဍမှ အဓိကကျသော သက်ဆိုင်သူများ၊ NGO များနှင့် CSO များ၏ပါဝင်ပတ်သက်မှုကိုသေချာစေရန် သက်ဆိုင် သူများဖိုရမ်ကို ကျင်းပပြုလုပ် ပေးမည်ဖြစ်ပါသည်။ AIRBM တိုးတက်မှုအကောင်အထည်ဖော်ရေးကို အကြောင်းကြားရန် သက်ဆိုင်သူများဖိုရမ်မှ ရရှိသော သွင်းအားစုများနှင့်တုံ့ပြန်မှုများကို အသုံးပြုမည်ဖြစ်ပါသည်။ သက်ဆိုင်သူများ ဖိုရမ်သည် မြစ်ဝှမ်းဒေသ လွှမ်းခြုံသည့် ပင်မစီမံချက်(အပိုင်း-၁) အတွက် မြစ်ဝှမ်းဖွံ့ဖြိုးရေးရည်ရွယ်များအပေါ် ဆွေးနွေး တိုင်ပင်မှုများအပါအဝင် စီမံကိန်းဆွေးနွေးတိုင်ပင်မှုများတွင် ဒေသခံလူထု၏ပါဝင်မှုကို အထောက်အကူပြုရန် အဓိက စင်မြင့်တစ်ခုအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(DWIR / NWRC အတွင်းရေးမှူးရုံး အောက်ရှိ) PDUသည် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် (ESMF) အကောင်အထည်ဖော်မှုဆိုင်ရာတိုးတက်မှုနှင့် အခြားဘေးဆီးရန်ကာ အထောက်အကူပြုကိရိယာများနှင့် စီမံ ဆောင်ရွက်မှုများအပါအဝင် သဘောတူထားသော အကောင်အထည်ဖော်မှု အညွှန်းများဖြင့် တိုးတက်မှုကို စောင့်ကြပ် ကြည့်ရှုစစ်ဆေးမည် ဖြစ်ပါသည်။

**စီမံကိန်း စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း အစီအစဉ်များ**

PDU သည် အကောင်အထည်ဖော်မှု အညွှန်းများဖြင့်တိုင်းတာထားသည့်အတိုင်း စီမံကိန်း၏ အဆင့်အတန်းကို အကဲဖြတ်ရန်အတွက် ကြားကာလ သုံးသပ်ချက်ကိုဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသုံးသပ်ချက်တွင် (က) စီမံကိန်း အကောင်အထည်ဖော်ရေး၏အဘက်ဘက်မှတိုးတက်မှု (ခ) M&E လုပ်ငန်းများ၏ရလဒ်များ (ဂ) ဂယ်ယူဖြည့်တင်းရေး၊ ထုတ်ပေးရေး နှင့်ငွေကြေးစီမံခန့်ခွဲမှုများ၏တိုးတက်မှု (ဃ) ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် (ESMF) နှင့်အခြားဘေးဆီးရန်ကာ စီမံဆောင်ရွက်မှုများအကောင်အထည်ဖော်ရေး၏ တိုးတက်မှု (င) အကောင်အထည်ဖော် ဆောင်ရွက်ရေး အစီအစဉ်များ နှင့် (စ) ဆောင်ရွက်မှုကိုတိုးတက်စေရန် စီမံကိန်း ပြုပြင်ညှိနှိုင်းမှုများ သို့မဟုတ် ရန်ပုံငွေ ပြန်လည်ခွဲဝေချထားမှုများ အားလုံး အတွက်လိုအပ်ချက် - စသည်များအပေါ် အကဲဖြတ်မှုတစ်ခု ပါဝင်မည်ဖြစ်ပါသည်။

PDU သည် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စာရွက်စာတမ်းများ၏ အဆင့်အတန်းကိုလည်းကောင်း ၄င်းတို့၏ သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များကိုလည်းကောင်း ငွေထုတ်မပေးမီတိုင်းတွင် အရေးအသားဖြင့် အနည်းဆုံး ခြောက်လတစ်ကြိမ်ပုံမှန် အခြေခံစနစ်ဖြင့် စီမံကိန်းအဖွဲ့ကို အကြောင်းကြားမည်ဖြစ်ပါသည်။ PDU သည် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်ကို ထိခိုက်စေနိုင်သည့် အခြေအနေနှင့် ဖြစ်ထွန်းမှုမှန်သမျှကို စီမံကိန်းအဖွဲ့သို့ ချက်ချင်းအကြောင်းကြားမည်ဖြစ်ပါသည်။ စီမံကိန်းကို အကောင်အထည်ဖော် နေစဉ်ကာလအတွင်း ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလက္ခဏာများအားအစီရင်ခံခြင်းနှင့် စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းများနှင့် ပတ်သက်သည့် အသေးစိတ်များကို နောက် ပိုင်း မှတ်တမ်းထဲတွင်ဖော်ပြထားပါမည်။

## စီမံကိန်း၏တရားဥပဒေပိုင်းဆိုင်ရာနှင့်အဖွဲ့အစည်းပိုင်းဆိုင်ရာမူဘောင်

### စီမံကိန်းလုပ်ငန်းများနှင့်သက်ဆိုင်သော တရားဥပဒေမူဘောင်

ယခုအခါ မြန်မာနိုင်ငံအစိုးရ (GoM) သည် ပတ်ဝန်းကျင်နှင့်ပတ်သက်သော နိုင်ငံရေး၊ စီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ ၄င်း၏ တရားဥပဒေဆိုင်ရာနှင့် အဖွဲ့အစည်း ဆိုင်ရာမူဘောင်ကို ခေတ်နှင့်အညီ မွမ်းမံခြင်းနှင့် တိုးတက်ဖွံ့ဖြိုးစေခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျှက်ရှိပါသည်။ သို့ရာတွင် စိန်ခေါ်မှုများ များစွာကျန်ရှိနေပါသေးသည်။ မြန်မာ့ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများနှင့်ဥပဒေများသည် များသောအားဖြင့် ကဏ္ဍအလိုက်ဖြစ်ပြီး သဘာဝထိန်းသိမ်းရေးကို ဖောင်းပေးခြင်းမှ နိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးထဲတွင် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများကို ကျယ်ပြန့်စွာလက်ခံခြင်းဆီသို့ တဖြည်းဖြည်း ပြောင်းလဲလျှက် ရှိပါသည်။

ကဏ္ဍအလိုက် သတ်မှတ်ဖော်ထုတ်ထားသော ဥပဒေများသည် သတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများ ကိုသာ ဥပဒေအရထိန်းသိမ်းပေးပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု အကဲဖြတ်ရေး၊ စွန့်ပစ်ပစ္စည်း စီမံ ခန့်ခွဲရေး သို့မဟုတ်မဖြစ်မနေ ပြန်လည်နေရာချထားရေးအစီအစဉ်များ သို့မဟုတ် တိုင်းရင်းသား လူမျိုးစုများကဲ့သို့ အားနည်းချက်ရှိသောအုပ်စုများအတွက် အထူးတလည် စီမံဆောင်ရွက်မှုများ ကဲ့သို့ မဟာဗျူဟာမြောက်သော ကဏ္ဍများကို ပြီးပြည့်စုံစွာထိန်းသိမ်းပေးသောဥပဒေများ မရှိပါ။ ကဏ္ဍအလိုက် ဥပဒေများသည် အချို့သောတာဝန်များတွင် တစ်ခုနှင့် တစ်ခုထပ်နေခြင်းများကိုလည်း ဖြစ်ပေါ်စေလျှက်ရှိပါသည် (ဥပမာ- မြစ်ကြောင်းများပေါ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းများ အတွက် လိုင်စင်ထုတ်ပေးခြင်းသည် ပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီး ဌာနနှစ်ခုစလုံး၏ လက်အောက်တွင်

ကျရောက်နေပါသည်)။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အချို့ တွင် ပါဝင်ထားသော်လည်း ထိုပြဋ္ဌာန်းသတ်မှတ်ချက်များကို ပြည်တွင်းဥပဒေများတွင် ဖြည့်စွက်ထည့်သွင်းခြင်းမှာ အတိုင်းအတာ တစ်ခု အထိ တစ်ပိုင်းတစ်စစီ ဖြစ်နေခဲ့ပါသည်။

ဥပဒေပိုင်းဆိုင်ရာနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ကွာဟမှုသည် အုပ်ချုပ်ရေးနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ဖွဲ့စည်းတည် ဆောက်ပုံများထဲသို့ လည်းကောင်း ၊ အဆိုပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို အာဏာတည်စေမည့် စွမ်းအားနှင့် အရင်းအမြစ် များထဲသို့လည်းကောင်း ရောက်ရှိသွားပါသည်။ ကဏ္ဍအလိုက် ဝန်ကြီးဌာနများကြားတွင် လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့်ဒေသဆိုင်ရာအစိုးရတို့၏ ကြားတွင်လည်းကောင်း ပိုမိုကောင်းမွန်သော ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်မှုကိုလည်း လိုအပ်ပါသည်။ ပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်နှင့် အာဏာ တည်စေသည့်စွမ်းအားမရှိခြင်းကြောင့်ဂေဟစနစ်ယိုယွင်းမှုများ အဆက်မပြတ်ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်ဟု မြန်မာ့အရပ် ဘက် လူ့အဖွဲ့အစည်းထဲမှ ပုဂ္ဂိုလ်အချို့ က ပြောဆိုခဲ့ကြပါသည်။

*တိုင်းရင်းသား လူမျိုးစုများနှင့်သက်ဆိုင်သော ဥပဒေမူဘောင်*

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁။ အပိုဒ် ၂၂ အရ မြန်မာနိုင်ငံ၏ ပြည်ထောင်စုအစိုးရသည် မြန်မာနိုင်ငံ၏ "တိုင်းရင်းသားလူမျိုးများ" ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာစကား၊ စာပေ၊ အနုပညာ နှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုး တိုးတက်ရေးကို အကူအညီပေးရန် တာဝန်ရှိပါသည်။ နိုင်ငံတော်သည် အောက်ပါတို့ကိုဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထား ပါသည်-

(က) တိုင်းရင်းသားများ၏ စကား၊စာပေ၊အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့်ရိုင်းပင်းကူညီရေးတို့ တိုးတက် ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

(ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားများတွင်ပါဝင်သော လူမျိုးစုအမျိုးမျိုးကို ညီမျှသောအခွင့်အရေးများ ပေးအပ် ထားပြီး ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများစွာကလည်း ၎င်းတို့၏ ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်း သွားရန် ရည်ရွယ်ထားပါသည်။ ၎င်းအထဲတွင် အခြားအရာများနှင့်အတူပြည်ထောင်စုတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို နားလည်ထိန်းသိမ်းရန်နှင့် တက္ကသိုလ်တွင်ပညာသင်ယူစဉ် အတူတကွ ရင်းနှီးစွာနေထိုင်ရင်း ပြည် ထောင်စုတိုင်းရင်းသားများအတွင်း ပြည်ထောင်စုစိတ်ဓာတ်ကို မြှင့်တင်ပေးရန်အတွက် ၁၉၉၁ ခုနှစ်က ထုတ်ပြန်ကြေညာခဲ့သော ပြည်ထောင်စု တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ် တည်ထောင်မှုလည်း ပါဝင်ခဲ့ပါသည်။

လက်ရှိအစိုးရ လက်ထက်တွင် မီဒီယာလွတ်လပ်မှု တိုးတက်၍လာနေသကဲ့သို့ တိုင်းရင်းသား လူမျိုးစုပါတီများနှင့် အဖွဲ့အစည်းများသည်လည်း နိုင်ငံရေးအရ နိုးကြားတက်ကြွနေပြီဖြစ်ပါသည်။ တိုင်းရင်းသား လူမျိုးစု အဖွဲ့အစည်းများသည် လက်ရှိအစိုးရ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ကြိုးပမ်းမှုများမှတစ်ဆင့် တိုးတက်ရေး အတွက် ပိုမိုအားကောင်းသော ကဏ္ဍမှလည်း ပါဝင်နိုင်ကြပြီး ထိုကြိုးပမ်းမှုများသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အမျိုးမျိုးသောမူဝါဒများ၊ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ပိုမိုအရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာနိုင်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီး များကို ပံ့ပိုးပေးမည် ဖြစ်ပါသည်။

DRAFT

## စီမံကိန်းလုပ်ငန်းများနှင့်သက်ဆိုင်သော လက်ရှိအဖွဲ့အစည်းဆိုင်ရာ မူဘောင်

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (MOECAF) သည် မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အတွက် အဓိကအဖွဲ့အစည်းဖြစ်ပါသည်။ MOECAF အဖြစ်သို့ ပြောင်းလဲလာခဲ့သည့် ယခင်က သစ်တောရေးရာဝန်ကြီး ဌာန (MOF) ကို ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီးမြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ကာကွယ်ရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု များကို တဖြည်းဖြည်းတာဝန်ယူလာခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် MOF သည် အမျိုးမျိုးသော ကဏ္ဍဆိုင်ရာဝန်ကြီးဌာန များမှ ဌာနဆိုင်ရာအကြီးအကဲ ၁၉ ဦး ပါဝင်ဖွဲ့စည်း ထားပြီး ထိုအချိန်က ပတ်ဝန်းကျင်ဆိုင်ရာ အဓိကအာဏာပိုင် ဖြစ်ခဲ့သည့် ၁၉၉၀ ခုနှစ် ပတ်ဝန်းကျင်ရေးရာ အမျိုးသားကော်မရှင် (NCEA) ကို ၎င်း၏အထဲသို့ သွတ်သွင်းခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် NCEA သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အဖြစ် MOECAF ၏ လက်အောက်ရှိ ဦးစီးဌာန ခြောက်ခုထဲမှတစ်ခု ဖြစ်လာခဲ့ပါသည်။ ထိုဦးစီးဌာန၏ အဓိက ရည်ရွယ်ချက်များတွင် (၁) အမျိုးသားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စဉ်ထဲသို့ ပတ်ဝန်းကျင်အပေါ် အလေးထားမှုကို ပေါင်းစပ်ထည့်သွင်း ရေးအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာ၊ မူဘောင်၊ စီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရေး (၂) သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်သုံးစွဲရေးကိုစီမံခန့်ခွဲခြင်း၊ ရေရှည်တည်တံ့သည့် ပတ်ဝန်းကျင်အတွက် ရေ ၊ လေ နှင့် မြေ တို့၏ ညစ်ညမ်းမှုထိန်းချုပ်ရေးများနှင့် (၃) သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အခြားအစိုးရ အဖွဲ့အစည်းများ၊ မြို့ပြလူ့အဖွဲ့အစည်း၊ ပုဂ္ဂလိက ကဏ္ဍများ ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေးတို့ ပါဝင်ပါ သည်။

အစိုးရသည် ဒေသဆိုင်ရာနှင့် အမျိုးသားအဆင့်များရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအား တစ်လုံးတစ်စည်းထဲဖြစ်အောင် စုစည်းပေးရန်ရည်ရွယ်၍ ၂၀၀၄ ခုနှစ်တွင် အမျိုးသားပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီ (NECC) ကို ဖွဲ့စည်းပေးခဲ့ပါသည်။ သစ်တောရေးရာဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဝန်ကြီးဌာန ၁၉ ခုမှ အဖွဲ့ဝင် ၂၁ ဦး ပါဝင် သော NECC ကို၂၀၁၁ ခုနှစ် ဧပြီလတွင်ဖွဲ့စည်းခဲ့ပါသည်။ NECC ကိုဆပ်ကော်မတီ လေးခုခွဲ၍ ၎င်းလေးခုထဲမှ တစ်ခုသည် မြစ်များနှင့်စိမ့်မြေဒေသများရှိ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ကိုင်တွယ်ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။

MOECAF ၏ ဦးစားပေး ဆောင်ရွက်မှုများတွင် (၁) ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံချိန်စံညွှန်းများနှင့် ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် လမ်းညွှန်ချက်များ (၂) EIA လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ နှင့် ပြန်လည်သုံးသပ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး အဖွဲ့အစည်းများ (၃) ပတ်ဝန်းကျင်နှင့်ဆက်နွယ်သော ရေစီမံခန့်ခွဲမှု ဆိုင်ရာ ပင်မစီမံချက်များ (၄) ရာသီဥတုပြောင်း လဲမှု ဆိုင်ရာမဟာဗျူဟာနှင့် အရေးပေါ်ဘေးအန္တရာယ် စီမံခန့်ခွဲရေး အစီအစဉ် (၅) ကာဗွန်ဖြစ်ပေါ်မှုလျှော့ချရေးအတွက် အစိမ်းရောင် စီးပွားရေးမဟာဗျူဟာနှင့် (၆) ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအစီအစဉ်များ၊ စစ်ဆေးရေး စည်းမျဉ်းစည်း ကမ်းများ ပါဝင်ပါသည်။ MOECAF ကဖော် ထုတ်ထားသော အဓိက ကန့်သတ်မှုများတွင် (၁) သတင်း အချက်အလက် မရှိခြင်း (၂) နည်းပညာ ကျွမ်းကျင်မှုမရှိခြင်း (၃)ငွေကြေးအရင်းအမြစ်များနှင့် ရေရှည်တည်တံ့မှုမရှိခြင်း (၄) အစိုးရ အဖွဲ့အစည်းများ နှင့် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် အဖွဲ့အစည်းများအတွင်းနှင့် အဖွဲ့အစည်းများကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုမရှိခြင်း (၅) အများပြည်သူ ပါဝင်ဆောင်ရွက်ရေးတွင် စိန်ခေါ်မှုများ နှင့် (၆) အချိန် ကန့်သတ်ချက်များ ပါဝင်ပါသည်။

DRAFT

ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ် စီမံခန့်ခွဲရေးနယ်ပယ်ရှိ အခြားအရေးကြီးသော ကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများမှာ ပို့ဆောင်ရေးဝန်ကြီးဌာန (MOT) ကျန်းမာရေးဝန်ကြီးဌာန (MOH)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOAI)၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MSWRW) နှင့် မွေးမြူရေး၊ ရေလုပ်ငန်း နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (MOLFARD) တို့ဖြစ်ကြပါသည်။ မကြာသေးမီနှစ်များအတွင်းက ပို့ဆောင်ရေး ဝန်ကြီးဌာနလက်အောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံရှိ မြစ်ချောင်း ကောင်းမွန်ပြီး ရေရှည်တည်တံ့ရန်နှင့် သဘာဝ ဘေးအန္တရာယ်ကာကွယ်ရေးတို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လည်း ဆောင်ရွက်လျက်ရှိပါသည်။ MOH သည် အဆိပ်နှင့် ဘေးဖြစ်စေတတ်သောပစ္စည်းများ ဆန်းစစ် လေ့လာရေး၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် ဆက်စပ်နေသည့် လုပ်ငန်းခွင်ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် သန့်ရှင်းသော ရေပေးရေးနှင့် မိလ္လာစနစ် တိုးတက်ကောင်းမွန်ရေးစသည့်ပတ်ဝန်းကျင်ကျန်းမာရေးလုပ်ငန်းများကိုထည့်သွင်း လုပ်ဆောင်ခဲ့ ပါသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် MSWRW လက်အောက်ရှိ မြန်မာနိုင်ငံသဘာဝ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအဖွဲ့တို့အား မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ချရေး ဆိုင်ရာလုပ်ငန်း အစီအစဉ်ကို အကောင်အထည်ဖော်ရန်တာဝန်များကို ပေးအပ်ထားပါသည်။ ထိုတာဝန်များတွင် အခြား လုပ်ငန်းများ နှင့်အတူ ရေကို စောင့်ကြပ်ကြည့်ရှုစစ်ဆးခြင်း၊ ကြိုတင်သတိပေးစနစ်များနှင့် ရေကြီးမှုထိန်းချုပ်ရေးလုပ်ငန်း များပါဝင်ပါ သည်။ MOAI လက်အောက်ရှိ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနများသည် ဆည်ရေပေးရေး လုပ်ငန်းများအတွက်ရေပေးဝေမှုတိုးတက်စေရန် လုပ်ကိုင်လျှက်ရှိပါသည်။ (MOLFARD) လက်အောက်ရှိ ငါးလုပ်ငန်း ဦးစီးဌာနသည် ရေလုပ်ငန်း အရင်းအမြစ် စီမံခန့်ခွဲမှုကိုသာမက ရေချိုနှင့်ပင်လယ် ပတ်ဝန်းကျင်များ တွင် ငါးမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေးကိုလည်း တာဝန်ယူထားပါသည်။ **ဇယား ၂** တွင် ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသော တာဝန် အမျိုးမျိုးကို ယူထားသည့် အဖွဲ့အစည်းအမျိုးမျိုးကို ရွေးထုတ် ဖော်ပြထားပါသည်။

***ဇယား- ၄ ။ ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် တာဝန်ယူထားကြသော အဖွဲ့အစည်းများ***

| **အဖွဲ့အစည်း** | **ရေအရင်းအမြစ်စီမံခန့်ခွဲမှုတာဝန်များ** |
|---|---|
| ဆည်မြောင်းဦးစီးဌာန | (၁)ဆည်ရေပေးမှုဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေပေးသွင်းရေး (၂) အတိုင်း အတာတစ်ခုအထိ မြို့ပြရေပေးရေး (၃) ရေငန် ကျူးကျော်ဝင်ရောက်မှု ကာကွယ်ရေးနှင့် (၄) ရေမျက်နှာပြင် မှတ်တမ်း ပြုစုရေးနှင့် ရေအထွက် တိုင်းတာရေး အထူးသဖြင့် ဆည်မြောင်း၊ တာတမံနှင့်တူးမြောင်းများ ပြုစုတိုင်းတာရေးများအတွက် တာဝန်ယူ ထားပါသည်။ |
| မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန | (၁) မိုးလေဝသ/ရေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး စခန်းများ၊ အဓိက မြစ်ကြီး များနှင့် မြစ်လက်တက်ကြီးများတွင် နန်းဖို့မှုဆိုင်ရာစခန်းများ (၂) နန်းဖို့မှုနှင့် စီးဆင်းမှုတိုင်းတာရေးနှင့် ရေငန်ကျူးကျော်ဝင်ရောက်မှု စောင့် ကြပ်ကြည့်ရှု စစ်ဆေးရေးအတွက် ရေဂတီမြစ်ဝကျွန်းပေါ် ရေအရည် အသွေး ဆိုင်ရာ စခန်းများအတွက် တာဝန်ယူထားပါသည်။ |

| | |
|---|---|
| သစ်တောဦးစီးဌာန | သစ်တောများနှင့် ရေဝေရေလဲဒေသများ ပြန်လည်ထူထောင်ရေးနှင့် ထိန်း သိမ်းရေး၊ အထူးသဖြင့် ကျေးလက်ဒေသများတွင် နိုင်ငံ၏ လူမှုရေး နှင့် စီးပွားရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက် လာရန်အတွက် ပတ်ဝန်းကျင် တည်ငြိမ်မှုထိန်းသိမ်းရေးများကို တာဝန်ယူထားပါသည်။ |
| MOAI ၏လက်အောက်ရှိ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန (WRUD) | ရေပေးသွင်းရေး လုပ်ငန်းများအတွက် မြစ်များမှရေကိုတင်ပေးရန် တာဝန် ယူထားပါသည်။ |
| ရန်ကုန်၊နေပြည်တော်၊မန္တလေး မြို့တော်စည် ပင် သာယာရေး ကော်မတီ (YCDC MCDC) များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ (TDC)များကဲ့သို့ မြူနီစပယ်အဖွဲ့အစည်း များ | ရေကြောင်းသွားလာရေး၊ မြစ်အတွင်းသဲနုန်းပို့ချခြင်းနှင့် ရေအရည် အသွေးဆိုင်ရာလေ့လာ လုပ်ငန်းများမြစ်ချောင်းစနစ်များ ကောင်းမွန်ရေး ရေရှည်တည်တံ့ရေး၊ သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက်ရေလမ်းကြောင်းများ၊တူးမြောင်းများနှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူထားပါသည်။ မြို့ပြ ရေပေးရေးအတွက် တဖြည်းဖြည်းတာဝန်ယူလာနေပါသည်။ |
| | |
| ကျန်းမာရေးဦးစီးဌာန | ကျန်းမာရေးပံ့ပိုးမှုလုပ်ငန်းများနှင့် ဆက်စပ်နေသော ကျေးလက်ရေပေး ရေးနှင့် မိလ္လာလုပ်ငန်းနှင့်ပတ်သက်သည့် ကဏ္ဍအချို့အတွက် တစ်စိတ် တစ်ပိုင်း တာဝန်ယူထားပါသည်။ |

**ကမ္ဘာ့ဘဏ်အဖွဲ့ဘေးဆီးရန်ကာကွယ်ရေးမူဝါဒများ**

အဆိုပြုထားသောစီမံကိန်းရင်းနှီးမြှုပ်နှံမှုများကို ယေဘုယျအားဖြင့် ကောင်းသော လူမှုရေးနှင့်ပတ်ဝန်းကျင် အကျိုးကျေးဇူး များရရှိရန်အတွက်ဒီဇိုင်း ပုံစံထုတ်ရန်မျှော်လင့်ထားပြီး ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှု (OP 4.01)၊ သဘာဝသက်ရှိများ မှီတင်းနေထိုင် ရာနေရာ (OP 4.04)၊ ယဉ်ကျေးမှုအရင်းအမြစ်ပစ္စည်းများ (OP 4.11)၊ တာတမံများ ဘေးကင်းလုံခြုံမှု (OP 4.37)၊ မဖြစ်မနေ ပြန်လည်နေရာချထားခြင်း (OP 4.12) နှင့် ဒေသခံတိုင်းရင်းသားလူမျိုးများ (OP 4.10) စသည့် ကမ္ဘာ့ဘဏ်မူဝါဒအချို့ကို ကျင့်သုံးမည်ဖြစ်ပါသည်။ စီမံကိန်း တွင် အကောင်အထည်ဖော်ဆောင်ရွက်မှုများ နှင့် ဆက်စပ်နေသော ဖြစ်နိုင်ခြေရှိသည့် မြင့်မားသောပတ်ဝန်းကျင်နှင့် လူမှုရေးအန္တရာယ် ထိခိုက်မှုများကိုလည်းကောင်း၊ ဘက်စုံမြစ်ဝှမ်းစီမံချက်နည်းလမ်းတစ်ခု အပေါ်တွင် ဖောင်းပေးထားသောစီမံကိန်း၏ ရှုပ်ထွေးသောသက်ရောက်မှု အားလုံးကို လည်းကောင်း ထည့်သွင်းစဉ်းစား၍ ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှု အပေါ် ကမ္ဘာ့ဘဏ်မူဝါဒ OP/BP 4.01 နှင့်အညီ ဤစီမံကိန်းကို ပတ်ဝန်းကျင် ဆိုင်ရာအဆင့် (က) အဖြစ် အမျိုးအစား သတ်မှတ်ထားပါသည်။ သို့ရာတွင် ( တည်နေရာ ဖြင့်ဖော်ထုတ်သတ်မှတ်၍၊ ၎င်းတို့၏နည်းပညာရှုပ်ထွေးမှုအတွက် ထူးခြားသောစရိုက်ကိုသရုပ်ဖော်ပြီး ၎င်းတို့၏သက်ရောက်မှုရှုထောင့်မှ အကဲဖြတ်သောအခါ) တိကျသော အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် (ခ)အဆင့်နှင့်/ သို့မဟုတ် (က)အဆင့် ထိခိုက်မှုစီမံကိန်းခွဲများအတွက်အဆင့်မီနိုင်ပါသည်။ အကြိုဖြစ်မြောက် နိုင်စွမ်း၊ ဖြစ်မြောက်နိုင်စွမ်းနှင့် အခြားသောလေ့လာမှုများကိုဆောင်ရွက်ခြင်းကဲ့သို့ စီမံကိန်းကထောက်ခံထားသော အခြား လုပ်ငန်းများကလည်း လုပ်ငန်းများ၏ ဖြစ်လာနိုင်သည့်ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်များနှင့် ကိစ္စရပ်တစ်ခုချင်းကို အခြေခံ၍ စဉ်းစားရမည့် အခြားသော နည်းလမ်းများကို သုံးသပ်အကဲဖြတ်ရန် လိုအပ်ပါသည်။

DRAFT

မြန်မာနိုင်ငံတွင် လက်ရှိအားဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုဆိုင်ရာ အကဲဖြတ်ရေး မူဘောင်မရှိပါ။ အစိုးရသည် ၂၀၁၁ ခုနစ်တွင် ပတ်ဝန်းကျင်ထိခိုက်မှု အကဲဖြတ်စည်းမျဉ်းများကို မူကြမ်းရေးဆွဲခဲ့သော်လည်း ထုတ်ပြန် ပြဋ္ဌာန်းခြင်း မရှိသေးပါ။ ၂၀၁၂ ခုနစ် ထိန်းသိမ်းရေးဥပဒေသည် MOECAF အား ESIA စနစ်တစ်ခုကို ဖော်ထုတ်ရန် အထွေထွေ လုပ်ပိုင်ခွင့်ကို ပေးအပ်ထားပါသည်။ သို့ရာတွင်တိကျသော ESIA လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို အတည်ပြုပေးရန် ကျန်ရှိနေပါသေးသည်။ ESIA များကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်ပကော်ပိုရေးရှင်းအချို့က ရန်ပုံငွေထောက်ပံ့ပေးထားသော စီမံကိန်းများအတွက် သီးခြားကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ပါသည်။ ESIA စိန်ခေါ်မှုများသည် လက်ရှိဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက် ကိုလေ့လာသုံးသပ်၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် နည်းပညာနှင့် ဘဏ္ဍာရေးအရင်းအမြစ်မရှိသော MOECAF နှင့် အတူ အဖွဲ့အစည်းဆိုင်ရာ မူဝါဒအဖြစ်သို့လည်း ကျယ်ပြန့်သွားပါသည်။ ဇယား-၂ သည် OP 4.01 လုပ်ထုံး လုပ်နည်းများ နှင့်ဆက်နွယ်နေသည့် EIA စည်းမျဉ်းများမူကြမ်း၏ အဓိက လက္ခဏာများကို အကျဉ်းချုပ် ဖော်ပြထားပါသည်။ မြန်မာ နိုင်ငံတွင် မြေသိမ်းယူမှုနှင့်လျော်ကြေး သို့မဟုတ် တိုင်းရင်းသားလူမျိုးစုများနှင့်သက်ဆိုင်သည့် တစ်စုတစ်စည်းတည်းသော ဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်မရှိပါ။

***ဇယား-၂။ အမျိုးသား EIA စည်းမျဉ်းများမူကြမ်း နှင့် OP/BP 4.01 EIA ပြဋ္ဌာန်းချက်များ***

| ကိစ္စရပ် | EIA စည်းမျဉ်းများမူကြမ်း | OP 4.01 |
|---|---|---|
| ကျင့်သုံးခြင်း | အရေးပါသော ပတ်ဝန်းကျင် ထိခိုက်မှု ရှိသော စီမံကိန်းများ | ကမ္ဘာ့ဘဏ်က ငွေကြေးဖြည့်ဆည်းပေးထားသော စီမံကိန်း များအားလုံး ။ EA လုပ်ငန်းစဉ်၏ အတိမ်အနက်သည် စီမံ ကိန်းနှင့်ဆက်နွယ်နေသော ဘေးအန္တရာယ်နှင့်ထိခိုက်မှု များ အပေါ်တွင်မူတည်မည်ဖြစ် ပါသည်။ |
| တာဝန်များ | စီမံကိန်းကို ထောက်ခံအားပေးသူက EA လုပ် ငန်းစဉ်ကို ဦးဆောင်ပါသည်။ | ငွေချေးယူသူက EA လုပ် ငန်းစဉ်ကို ဦးဆောင်ပါသည်။ |
| လူထုပါဝင် ဆောင်ရွက်မှု | လူထုပါဝင်ဆောင်ရွက်မှုအတွက် လိုအပ်သည်ဟု MOECAF က ယူဆသည့် အတွက်၎င်းက စီစဉ်မည်ဖြစ်ပါသည်။<br><br>EIA အစီရင်ခံစာကို အတည်ပြုရေး လုပ်ငန်းစဉ်တွင် MOECAF သည် စီမံကိန်း၏ ထိခိုက်မှုကိုခံရသူများ နှင့် အရပ်ဘက် လူ့အဖွဲ့အစည်း ထံမှ အကြံပြုချက် များကို ထည့်သွင်းစဉ်းစား မည် ဖြစ်ပါသည်။ သို့ရာတွင် ဤစည်း မျဉ်းများသည် တုံ့ပြန်ချက်များကို လက်ခံခြင်း သို့မဟုတ် ထိုတုံ့ပြန်ချက် များကို အဆိုပြုသော စီမံကိန်း ထဲသို့ ထည့်သွင်းပေးခြင်း လုပ်ငန်းစဉ်ကိုမူ သတ်မှတ် မပေးပါ။ | (က) အမျိုးအစား နှင့် (ခ) အမျိုးအစား စီမံကိန်းအားလုံး အ တွက် EA လုပ်ငန်းစဉ်အတွင်း ငွေချေးယူသူသည် စီမံကိန်း ၏ထိခိုက်မှုကိုခံရသော အုပ်စုများနှင့် ဒေသခံ အစိုးရ မ ဟုတ်သော အဖွဲ့အစည်း ( NGO ) များကို စီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေးရှုထောင့်များနှင့် ပတ်သက်၍ ဆွေးနွေး တိုင်ပင်ပြီး ၎င်းတို့၏အမြင်များကို ထည့်သွင်းစဉ်းစားပါသည်။ ငွေချေးယူသူသည် ထိုသို့သော အကြံပြုဆွေးနွေးပွဲကို စောနိုင်သမျှစောစော စတင်ပြုလုပ်ပါသည်။ ( က ) အမျိုး အစား စီမံကိန်းများအတွက် ငွေချေးယူသူသည် ဤအုပ်စုများနှင့် (က) ပတ်ဝန်းကျင်ကို စစ်ဆေးပြီး မကြာမီနှင့် EA အတွက်တာဝန်သတ်မှတ်ချက်များကို အပြီး မသတ်မီနှင့် (ခ) အစီရင်ခံစာမူကြမ်းတစ်ခုကို ပြုစုသောအခါ ဟူ၍ အနည်းဆုံး နှစ်ကြိမ် အကြံပြုဆွေးနွေးပါသည်။ ထို့အပြင် ငွေချေးယူသူ သည် |

| | | |
|---|---|---|
| | | စီမံကိန်းအကောင်အထည် ဖော်နေစဉ် တစ်လျှောက် လုံး ၄င်းတို့ကိုထိခိုက်နေသော EA နှင့်ဆက်နွယ်နေသည့် ကိစ္စများကို ကိုင်တွယ်ဆောင်ရွက်ရန် အတွက် ထိုသို့သော အုပ်စုများနှင့် လိုအပ်သလို ဆွေးနွေး တိုင်ပင်ပါသည်။ |
| ထုတ်ဖော် ကြေညာခြင်း | စီမံကိန်းကိုထောက်ခံအားပေးသူသည် သက်ဆိုင်သော စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များ အားလုံးကို MOECAF သို့ ထုတ်ဖော် ပြောကြား မည်ဖြစ်ပါသည်။ EIA စည်းမျဉ်းများတွင် စီမံကိန်း၏သက်ရောက်မှုကို ခံရသူများ သို့မဟုတ် အရပ်ဘက်လူ့အဖွဲ့အစည်းကိုထုတ်ဖော် ပြောကြား ရမည့် နောက်ထပ်ပြဋ္ဌာန်းချက်မရှိပါ။ | ငွေချေးယူသူသည်ဆွေးနွေးတိုင်ပင်ခြင်းမပြုမီ သက်ဆိုင်ရာ အချက်အလက်များကို ဆွေးနွေးတိုင်ပင်ခြင်းခံရသော အုပ်စုများ နားလည်ပြီး အသုံးပြုနိုင်သည့် ဘာသာစကားတစ်မျိုးဖြင့် အချိန်မီ ကြိုတင်ပေးအပ်ပါသည်။<br><br>(က) အဆင့် စီမံကိန်းတစ်ခုအတွက် ငွေချေးယူသူ သည် ပဏာမဆွေးနွေးတိုင်ပင်မှုအတွက် အဆိုပြုထားသော စီမံကိန်း၏ ရည်ရွယ်ချက်များ၊ ဖော်ပြချက်နှင့် ဖြစ်လာနိုင်သော ထိခိုက်မှုများ၏ အကျဉ်းချုပ်ကို ပေးအပ်ရပါသည်။ EA အစီရင်ခံစာမူကြမ်းကို ပြုစုပြီးသောအခါ ဆွေးနွေးတိုင် ပင်မှုအတွက် ငွေချေးယူသူသည် EA ၏ကောက်နှုတ်ချက် အ ကျဉ်းချုပ်ကို ပေးအပ်ပါသည်။ ထို့အပြင် ( က ) အဆင့် စီမံကိန်းတစ်ခုအတွက် ငွေချေးယူသူသည် EA အစီရင်ခံစာ မူကြမ်းကို စီမံကိန်း၏ထိခိုက်မှုကိုခံရသော အုပ်စုများနှင့် ဒေသခံ NGO များ ဝင်ရောက်နိုင်သည့် အများပြည်သူနှင့်ဆိုင်သောနေရာ များတွင် ရရှိနိုင်အောင် ပြုလုပ်ပေးပါသည်။<br><br>သီးခြား (ခ) အဆင့် အစီရင်ခံစာမှန်သမျှ ကို စီမံကိန်း၏ သက်ရောက်မှုကိုခံရသောအုပ်စုများ နှင့် ဒေသခံ NGO များရရှိရန် ပြုလုပ်ထားပါသည်။ ငွေချေးယူသော နိုင်ငံတွင် အများပြည် သူ ရရှိနိုင်မှုနှင့် (က) အဆင့် အစီရင်ခံစာများ နှင့် (ခ) အဆင့် အစီရင်ခံစာမှန်သမျှကို ဤဘဏ်က တရားဝင်ရရှိရေးသည် ဤစီမံကိန်းများ အပေါ် ဘဏ်၏ အကဲဖြတ်မှုအတွက် မရှိမဖြစ် လိုအပ်ချက်များဖြစ်ပါသည်။<br><br>ငွေချေးယူသူက (က) အဆင့် EA အစီရင်ခံစာကို ဘဏ်သို့ တရားဝင် ပေးပို့ပြီးသောအခါ ဤဘဏ်သည် (အင်္ဂလိပ်ဘာသာဖြင့်ပြုစုထားသော) အကျဉ်းချုပ်ကို အမှု ဆောင်ဒါရိုက်တာ ( ED ) များသို့ ဖြန့်ဝေ၍ ထိုအစီရင်ခံစာ ကို ၄င်း၏ InfoShop မှတစ်ဆင့်ရရှိအောင်ပြုလုပ်ပါသည်။ ငွေချေးယူသူက သီးခြား (ခ) အဆင့် EA အစီရင်ခံစာ မှန်သမျှကို ဤဘဏ်သို့ တရားဝင်ပေးပို့သောအခါ ဤဘဏ် သည် |

DRAFT

| | | |
|---|---|---|
| | | ထိုအစီရင်ခံစာကို ၄င်း၏ InfoShop မှတစ်ဆင့် ရရှိအောင်ပြုလုပ်ပေးပါသည်။<br><br>ဤဘဏ်၏ ကမ္ဘာ့ဘဏ် InfoShop မှတစ်ဆင့် EA အစီရင် ခံစာတစ်စောင်ထုတ်ပြန်ခြင်းကို ငွေချေးယူသူက ကန့်ကွက် လျှင် ဘဏ်ဂန်ထမ်းအဖွဲ့သည် (က) IDA စီမံကိန်းတစ်ခု ဆောင်ရွက်နေခြင်းကို ဆက်လက် ဆောင်ရွက်မည်မဟုတ်ပါ သို့မဟုတ် (ခ) IBRD စီမံကိန်းအတွက် ထပ်မံဆောင်ရွက် မည့်ကိစ္စကို ED များထံသို့ တင်ပြပါသည်။ |
| စစ်ဆေးခြင်း | မြေအသုံးပြုမှု ပြောင်းလဲခြင်း ၊ မျိုးစိတ်အသစ်များ စတင်သုံးစွဲ ခြင်းအတွက် အရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းများ ပါဂင်သည့် ပတ်ဂန်းကျင်ဆိုင်ရာ စစ်ဆေးမှုကို လိုအပ်သော စီမံကိန်းများကို စာရင်းပြုစုပါသည်။<br><br>အစီရင်ခံစာများ၏ ပုံစံနှင့် အချိန်သတ်မှတ်ချက်များကို MOECAF က ဆုံးဖြတ်မည် ဖြစ်ပါသည်။ MOECAF သည် ပတ်ဂန်းကျင်စစ်ဆေးမှု အပေါ်တွင် အခြေခံ၍ လိုအပ်သော ပတ်ဂန်းကျင်ဆိုင်ရာ အကဲဖြတ်မှုပုံစံကို ဆုံးဖြတ်မည်ဖြစ်ပါသည်။ | ဤဘဏ်သည် စီမံကိန်းအားလုံးကို စစ်ဆေး၍ ၄င်းတို့ကို စီမံကိန်း၏ အမျိုးအစား၊ တည်နေရာ၊ သိမ်မွေ့မှု အတိုင်းအတာနှင့် ၄င်း၏ ဖြစ်လာနိုင်သော ပတ်ဂန်းကျင် အပေါ် သက်ရောက်မှု၏ အတိုင်းအတာ အပေါ်တွင် မူတည်၍ ( A ၊ B ၊ C နှင့် F1 )အဆင့် လေးမျိုးထဲမှ တစ်ဆင့်အဖြစ်သို့ ခွဲခြားသတ်မှတ်ပါသည်။ |
| EA တွင် ပါဂင်သော အကြောင်း အရာ | MOECAF သည် EA အစီရင်ခံစာတွင် ပါဂင်သော အကြောင်းအရာကို ဆုံးဖြတ်ပါသည်။ ၄င်းအစီရင်ခံစာတွင် အဓိကအားဖြင့် စီမံကိန်းနှင့်ဆက်စပ်နေသောတိုက်ရိုက်သက်ရောက် မှုများကို အကဲ ဖြတ်ခြင်းနှင့် လျော့နည်းသက်သာ စေရေး စီမံဆောင်ရွက်မှုများ ၏ ဖော်ပြချက်များ ပါဂင်ပါသည်။ | EA တွင် စီမံကိန်း၏ အခြားနည်းလမ်းများကို အကဲဖြတ်ချက် ၊ တစ်စတစ်စတိုးပွားလာသော သက်ရောက်မှုများ၊ တိကျသော သက်သာလျော့နည်းရေး စီမံဆောင်ရွက်မှုများနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း လုပ်ငန်းများ ပါဂင်ရန်လို အပ်ပါ သည်။ |
| စောင့်ကြပ်ကြည့် ရှုစစ်ဆေးခြင်း | MOECAF သည် ပတ်ဂန်းကျင်ဆိုင်ရာ စီမံခန့်ခွဲရေးအစီအစဉ် (EMP) နှင့်အညီ စီမံကိန်း ဆောင်ရွက်မှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည် ဖြစ်ပါသည်။<br><br>စီမံကိန်း ကို ထောက်ခံအားပေးသူသည် EMP နှင့် စီမံကိန်းတစ်ခု ၏ | စီမံကိန်း အကောင်အထည်ဖော်နေစဉ် ကာလအတွင်း (က) စီမံကိန်းမှတ်တမ်းမှတ်ရာများတွင် စီစဉ်ထားသည့်အတိုင်း EMP အားလုံး၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အပါအဂင် EA ၏ တွေ့ရှိချက်များနှင့် ရလဒ်များအပေါ်တွင် အခြေခံ၍ ဤဘဏ်နှင့် သဘောတူထားသော စီမံဆောင်ရွက်မှုများကို လိုက်နာခြင်း (ခ) လျော့နည်းသက် သာရေး စီမံဆောင်ရွက်မှုများ၏ အဆင့်အတန်း နှင့် (ဂ) စောင့် ကြပ်ကြည့်ရှုစစ်ဆေး |

DRAFT

| | | |
|---|---|---|
| | သက်တမ်း တစ်လျှောက် လိုင်စင်တွင် ပါဝင်သော တာဝန်သတ်မှတ်ချက်များကို လိုက်နာမည် ဖြစ်ပါသည်။လိုက်နာမှု မရှိသည်ကို တွေ့ရလျှင် MOECAF သည် ပြစ်ဒဏ်များ ချမှတ်မည် သို့မဟုတ် စီမံကိန်းတည်ဆောက်ခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်းကို ရပ်ဆိုင်းမည် ဖြစ်ပါသည်။ | ရေး အစီအစဉ်များ၏ တွေ့ရှိချက်များကို ငွေ ချေးယူသူက အစီရင်ခံပါသည်။ ဤဘဏ်သည် စီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ လက္ခဏာများအား ကြီးကြပ်ကွပ်ကဲမှုကို လုပ်ဆောင်ရာတွင် တရားဝင် သဘောတူညီချက်များတွင် စီစဉ်ထားသည့် စီမံဆောင်ရွက်မှုများ၊ EMP အားလုံး နှင့် အခြားစီမံကိန်း မှတ်တမ်းမှတ်ရာများ အပါအဝင် EA ၏ တွေ့ရှိချက်များနှင့် ထောက်ခံချက်များအပေါ်တွင် အခြေခံ ပါသည်။ |

ထို့အပြင် AIRBM စီမံကိန်းရင်းနှီးမြှုပ်နှံမှုများသည် ကောင်းမွန်သော အပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းကျင့်စဉ် (GIIP) ၏ အထွေထွေနှင့် စက်မှုဆိုင်ရာနမူနာများပါဝင်သော နည်းပညာကိုးကားမှု မှတ်တမ်းမှတ်ရာများ ဖြစ်သည့် ကမ္ဘာ့ဘဏ် အဖွဲ့၏ ပတ်ဝန်းကျင်၊ ကျန်းမာရေး နှင့်ဘေးကင်းလုံခြုံရေး(EHS) ဆိုင်ရာလမ်းညွှန်ချက်များကို လိုက်နာမည် ဖြစ်ပါသည်။ (EHS) ဆိုင်ရာလမ်းညွှန်ချက်များ၏ သက်ဆိုင်မှုကို ပတ်ဝန်းကျင် အကဲဖြတ်မှု၏ ရလဒ်များအပေါ်တွင် အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုစီအတွက် ချမှတ်ထားသော ဘေးအန္တရာယ်များ၊ စွန့်စားမှုများနှင့် အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုပတ်ဝန်းကျင် အကဲဖြတ်မှုတွင်ဒေသခံနိုင်ငံနှင့် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများ၊ ပတ်ဝန်းကျင်၏ သဟဇာတဖြစ်နိုင်စွမ်းနှင့် စီမံကိန်းအောက်ရှိ အခြားအကြောင်းရင်းများကဲ့သို့ နေရာကိုလိုက်၍ ပြောင်းလဲ နိုင်သော အရာများကို ထည့်သွင်းစဉ်းစားပါသည်။ ရင်းနှီးမြှုပ်နှံမှုတစ်ခုအတွက် ရနိုင်သော ညစ်ညမ်းမှုကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဆိုင်ရာနည်းပညာများ၏ အတိုင်းအတာကိုအကဲဖြတ်မှုတွင် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်းနှင့် ပတ်ဝန်းကျင်၏သဟဇာတဖြစ်နိုင်စွမ်း၏ ကွဲလွဲနေသောအဆင့်များ ပါဝင်နိုင်သကဲ့သို့ ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း၏ ကွဲလွဲနေသောအဆင့်များ လည်းပါဝင်နိုင်ပါသည်။ အမျိုးသားလွှတ်တော်နှင့် ဘဏ်၏ လူမှုရေး ကာကွယ်ရေး မူဝါဒများ OP 4.10 နှင့် 4.12 ၏ကွာဟချက် သရုပ်ခွဲဆန်းစစ်မှုကို ESMF ၏ RPF နှင့် IPPF တို့တွင် ပေးထားပါသည်။

DRAFT

**<u>မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများမှ ဖြစ်လာနိုင်သောစီမံကိန်းသက်ရောက်မှုများ</u>**

မူဘောင်အဆင့်တွင် စီမံကိန်း၏ ထိခိုက်မှုအဆိုးနှင့်အကောင်း သရုပ်ခွဲဆန်းစစ်မှုကို စီမံကိန်းလွှမ်းမိုးသော နယ်မြေရှိ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေနှင့် အကြံပြုထားသောစီမံကိန်းလုပ်ငန်းများမှ သိရှိထားသည့် ဖြစ်လေ့ဖြစ် ထရှိသော သက်ရောက်မှုများ ပေါ်တွင် အကန့်အသတ်ဖြင့်ရရှိနိုင်သော ယေဘုယျ သတင်းအချက်အလက်များကို အသုံးပြု၍သာလျှင် စဉ်းစားနိုင်ပါသည်။ (တည်ဆောက်ရေး အကြိုအဆင့်များနှင့် လုပ်ငန်းလုပ်ဆောင်မှု အဆင့်အတွင်း) လုပ်ငန်း နေရာဒေသအလိုက် သက်ရောက်မှုများကို အသေး စိတ်ပုံစံကာလအတွင်း သရုပ်ခွဲဆန်းစစ်ပြီး သက်ဆိုင်ရာ ESIA နှင့် EMP များတွင် ထည့်သွင်းမည်ဖြစ်ပါသည်။

သောင်တူးခြင်းလုပ်ငန်းစဉ်နှင့် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများသည် ပိုမိုကျယ်ပြန့်သော ရောဂတီ မြစ်မိုးရေခံ ရပ်ဝန်းထဲရှိ မြစ်များနှင့်ရှုံ့ညွှန်ဒေသများတွင်ရှိသော ရေ၏စနစ်ကို လွှမ်းမိုးနိုင်မည်ဟု

မျှော်လင့်ထားပါသည်။ ဤအရာသည် ချက်ချင်းဖြစ်ပေါ်လာမည့် သက်ရောက်မှုတစ်ခုမဟုတ်ပါ။ သို့ရာတွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပြီးနောက် နှစ်နှင့်ချီ၍ကြာလာသောအခါ တဖြည်းဖြည်းပေါ်ပေါက်လာမည့် နှေးကွေးသောဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ မြစ်နံဘေးသို့ဖြာထွက်မှုများ နှင့် အသေးအဖွဲ့ရေကြီးမှုများတွင် ရေစီးဆင်းမှုကိုလျှော့ချလိုက်သည့် ရလဒ်တစ်ခုအနေဖြင့် မြေအောက်ရေမျက်နှာပြင်များတွင် ပြောင်းလဲမှုများကို မျှော်လင့်နိုင်ပါသည်။ ၄င်းသည် အပင်များ၊ ငှက်များ၊ ငါးများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းသတ္တဝါများနှင့် အခြားတိရစ္ဆာန်များ၏ အရေးကြီးသော ခိုအောင်းရာ၊ သားပေါက်ရာနှင့် မှီတင်း နေထိုင်ရာနေရာများဖြစ်သည့် စိမ့်မြေများ၏ လည်ပတ်မှုအပေါ် မကောင်းသောသက်ရောက်မှု ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ အသေးစိတ်ပုံစံနှင့် တစ်ပြိုင်တည်းပြုစုသည့် ပြည့်စုံသော ESIA တွင် ဂေဟစနစ် စီးဆင်းမှုများအပါအဝင် အရည် ဖိအားဆိုင်ရာ ပုံစံဖော် ခြင်း၏ရလဒ်များ ပါဝင်ရမည်ဖြစ်ပြီး ၄င်းသည် ပုံဖေါ်ခြင်း၏ရလဒ်များအပေါ်တွင်အခြေခံသည့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနှင့် ဖြစ်မြောက်နိုင်သောအခြားနည်းလမ်း များ ရွေးချယ်မှုတွင် ပါဝင်ရမည်ဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေးက ထုတ်လုပ်နိုင်သော တိုးတက်သောရေကြောင်းသွားလာရေးသည် အရင်းအမြစ်များ နှင့်မြေအသုံးပြုမှု ပြောင်းလဲမှုအပေါ် ဖိအားပေးမှု တိုးလာမည်ဖြစ်ပြီး  တိုးတက်လာသောလမ်းတစ်ခု ပြောင်းလဲ သကဲ့သို့ ပြောင်းလဲနိုင်သည်။ ပြည့်စုံသော ESIA သည် မြေအသုံးချမှု ပြောင်းလဲခြင်းတွက်ချက်မှု ပုံစံဖော်ထုတ်မှုကို စဉ်းစား၍ လျော့နည်းသက်သာရေးလုပ်ငန်းစဉ်ကိုပေးမည်ဖြစ်ပါသည်။

ESIA သည် ဖွံ့ဖြိုးတိုးတက်သောရလဒ်များကိုမြှင့်တင်ရန်၊ ပုံတူကူးယူခြင်းများကိုရှောင်ရန် ( ဉပမာအားဖြင့်၊ သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့ သည် သဘာဝဘေးအန္တရာယ် လျှော့ချရေး လုပ်ငန်းအစီအစဉ်၏ အစိတ်အပိုင်းအဖြစ် မြို့နယ်များတွင်အဆင့်မြင့် ရေကြီးမှုစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးနှင့် ကြိုတင်ခန့်မှန်းရေး လုပ်ငန်း စဉ်များကို လည်းကောင်း၊ ဧရာဝတီမြစ်ဝှမ်းတွင် ရေကြီးမှုကြိုတင်ပြင်ဆင်ရေးအစီအစဉ်များကိုလည်းကောင်း ဦးဆောင် နေပါသည် ) နှင့် စီမံကိန်း လုပ်ကွက်နေရာများတွင် စုဝေးလာသောသက်ရောက်မှုများအားလုံးကို အကဲဖြတ် ရန် အတွက် စီမံကိန်းက လွှမ်းမိုးသော နယ်မြေတွင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို လည်း ပုံစံဖော်ထုတ်ပေးမည် ဖြစ်ပါသည်။

## ၄။ AIRBM စီမံကိန်း ရင်းနှီးမြှုပ်နှံမှုများနှင့် ဆက်စပ်နေသောပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကဲဖြတ်မှု လုပ်ငန်းစဉ်၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ

စီမံကိန်းတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးပြဿနာများကို  ကိုင်တွယ်ဆောင်ရွက်ရန် အဆိုပြုထားသောနည်းလမ်း၌ အောက်ပါ ကာကွယ်ရေးစာရွက်စာတမ်းများရေးဆွဲခြင်း ပါဝင်မည်ဖြစ်ပါသည်။

- ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု မူဘောင် (ESMF)
- စီမံကိန်းကိုအကောင်အထည်ဖော်နေစဉ်အတွင်း သတ်မှတ်ဖော်ထုတ်ထားပြီး သို့မဟုတ် ပုံစံထုတ်ထားပြီး PFI ၏ အပိုင်းခွဲအရ ရေးဆွဲထားသော ရင်းနှီးမြှုပ်နှံမှုများ/စီမံကိန်းခွဲများအားလုံးအတွက် (မဖြစ်မနေပြန်လည် နေရာ ချထားရေး အစီအစဉ်များ၊ ဒေသခံတိုင်းရင်းသားလူမျိုးများအတွက်အစီအစဉ်များ အစရှိသည့် )လိုအပ်သည့် ပတ်ဝန်းကျင် ဆိုင်ရာသက်ရောက်မှု အကဲဖြတ်မှု (EIA) များ နှင့်/သို့မဟုတ် ပတ်ဝန်းကျင်နှင့်

လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် (ESMP) များနှင့် အခြားသောဆီးရန်ကာ ဆောင်ရွက်ရန် စာရွက်စာတမ်းများကို ရေးဆွဲမည် ဖြစ်ပါသည်။

- မြစ်ဝှမ်း လွှမ်းခြုံစီမံချက်အတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာအကဲဖြတ်မှု (SESA) ကို ဆောင်ရွက် မည်ဖြစ်သည်။

**ESMF**

- စီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလအတွင်း သတ်မှတ်ဖော်ထုတ်ထားသော သို့မဟုတ် PFI များ၏လုပ် ငန်းများတွင် ပါဝင်ရမည်ဖြစ်သော စီမံကိန်းလုပ်ငန်းခွဲတစ်ခုချင်းအတွက် စံနှုန်းများကို စစ်ဆေးခြင်းနှင့် စေ့စပ်စွာ ကြည့်ရှုခြင်း
    - စီမံကိန်းကို ( က သို့မဟုတ် ခ ) အဆင့် ခွဲခြားခြင်းဆိုင်ရာ လမ်းညွှန်ချက်နှင့် လိုအပ်သော ဘေးဆီးရန်ကာလုပ်ငန်း၏ အဓိပ္ပါယ်သတ်မှတ်ချက်
    - မြေသိမ်းဆည်းရေးနှင့်ပြန်လည်နေရာချထားရေးအတွက် ပြန်လည်နေရာချထားရေး အစီအစဉ် မူဘောင်
    - ဒေသခံတိုင်းရင်းသားလူမျိုးများအတွက်အစီအစဉ် မူဘောင်
    - အောက်ပါတို့အတွက်လမ်းညွှန်ချက်-
        - EIA အတွက် တာဂန်သတ်မှတ်ချက်များ နှင့် (က) အဆင့် စီမံကိန်းများအတွက် ESMP
        - အသေးစားတည် ဆောက်လုပ်ရေးစီမံကိန်းငယ်များအတွက် ပတ်ဝန်းကျင် အပေါ် သက်ရောက် မှုများစီမံခန့်ခွဲမှု
        - SESA အတွက် တာဂန်သတ်မှတ်ချက်များ

**EIA / ESMP များ**

- (၁) ၄င်းတို့အတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများနှင့် ဒီဇိုင်းပုံစံများ ရေးဆွဲရန် သို့မဟုတ် ပြင်ဆင်ရန် လိုအပ်သော မြစ်၏ ရွေးချယ်ထားသောအပိုင်းများပေါ်ရှိ ရေကြောင်းသွားလာရေး အခြေခံအဆောက်အအုံ လုပ်ငန်းများ (၂) ရေအရည်အသွေး စီမံခန့်ခွဲခြင်းနှင့်လုပ်ငန်းဆောင်ရွက်ခြင်း၊ မိုးလေဝသကြိုတင်ခန့်မှန်းခြင်း နှင့် DMH ၏လုပ်ငန်း ဆောင်ရွက်မှုများနှင့်ဆက် စပ်နေသော အဆောက်အအုံနှင့်ရုံးများဆောက်လုပ်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ပေးခြင်း (၃) မြစ်ရေ စောင့်ကြည့်စစ်ဆေးရေးစခန်းများနှင့် အခြားသက်ဆိုင်သော မိုးလေဝသနှင့်ဇလဗေဒ စောင့်ကြပ်ကြည့်ရှု စစ်ဆေးရေး ကွန်ရက်စခန်းများ ထူထောင်ခြင်း နှင့် (၄) မြစ်၏ရွေးချယ်ထားသော အပိုင်းများတစ်လျှောက် ရေကြောင်း သွားလာရေး အထောက်အကူများ တပ်ဆင်ခြင်းများနှင့်ဆက်စပ်နေသော ဆောက်လုပ်ရေးလုပ်ငန်းများအတွက် EIA နှင့်/သို့မဟုတ် ESMP တစ်ခုကို ရေးဆွဲမည်ဖြစ်ပါသည်။

**SESA**

- SESA ကို (၁) ရေလုပ်ငန်းနှင့် မြစ်ကမ်းဘေးဒေသနှင့်ပတ်သက်သည့်ပင်မ စီမံချက်နှင့် ၎င်း၏မဟာဗျူဟာ အကဲဖြတ်မှု ရေးဆွဲခြင်း (၂) ရေလမ်းကြောင်းနှင့်ပတ်သက်၍ မြေအောက်ရေ လေ့လာဆန်းစစ်မှု၊ အကောင်းဆုံးရေယာဉ်စုဆိုင်ရာ လေ့လာမှု နှင့် ရေ လမ်းကြောင်းဆိုင်ရာ မဟာဗျူဟာကဲ့သို့ နည်းပညာအခြေခံ လေ့လာမှုများ နှင့်ဆက်စပ်နေသော နည်းပညာ အထောက်အကူလုပ်ငန်းများ၏အစိတ်အပိုင်းအဖြစ် ဆောင်ရွက်မည်ဖြစ်ပါသည်။

AIRBM စီမံကိန်းရင်းနှီးမြှုပ်နှံမှုတစ်ခုစီတွင် ၎င်း၏ပုံစံအမျိုးအစားခွဲခြားမှုအပေါ်တွင်မူတည်၍ ဖြစ်လာနိုင်သော ပတ်ဝန်းကျင် နှင့် လူမှုရေးသက်ရောက်မှုများ အကဲဖြတ်မှုတစ်ခုနှင့် မြန်မာနိုင်ငံရှိဥပဒေများ၊ (သင့်တော်သည့်) စံချိန် စံညွှန်းများနှင့် ကမ္ဘာ့ဘဏ်အဖွဲ့၏ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော တိကျသော ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှု (EA) အထောက်အကူပြုကိရိယာတစ်ခု ပါဝင်မည်ဖြစ်ပါသည်။ ဇယား (၃) သည်စီမံကိန်းအတွက် ကာကွယ်ရေး နည်းလမ်းကို အကျဉ်းချုပ်ထားပါသည်။

ဥပမာအားဖြင့် အပိုင်း-၃၏ကိစ္စတွင်၊ မြစ်ပေါ်တွင်ရှိနေသော တမံများ မြစ်ကမ်းပါးကာကွယ်ရေး တည်ဆောက်ရေး လုပ်ငန်းများ၏ ပြည့်ဝသောစနစ်သည် ရေကြောင်းသွားလာနိုင်သော မြစ်ကြောင်း၏ ကီလိုမီတာ ၁၂၀၀ ခန့်ကို လွှမ်းခြုံထားပါသည်။ စီမံကိန်း၏ ဝင်ရောက်ဆောင်ရွက်မှုများသည် ပထမဆုံး မြစ်၏ကီလိုမီတာ ၁၈၀ (မြစ်၏ရေကြောင်း သွားလာနိုင်သော အတိုင်းအတာ၏ ၁၅%) ခန့်ရှိသော (မန္တလေး-ညောင်ဦး) အပိုင်းရှိ လက်ငင်းတည်ဆောက်ရေး လုပ်ငန်းများ အပေါ်တွင် ဖောင်းပေးမည်ဖြစ်ပါသည်။ ဒီဇိုင်းစီမံကိန်းသည် ဤအချက်အချာကျသောအပိုင်းအတွင်း (၃-၂"ဃ")တည်ဆောက်ရေး လုပ်ငန်း များနှင့် ၁၅ ကီလိုမီတာစီရှိသော အပိုင်းနှစ်ခုအတွင်း တွဲဖက်ထားသောဆောက်လုပ်ရေး လုပ်ငန်းကို ဒီဇိုင်းပုံစံဖော်ထုတ်နေမည် ဖြစ်ပါသည်။ ထို့အပြင် အကောင်အထည်ဖော် နေစဉ်ကာလအတွင်း မြစ်၏ သက်ဆိုင်ရာအပိုင်းများတွင် ဆောင်ရွက်ရမည့် ဒီဇိုင်းပုံစံထုတ်ခြင်းအပေါ်တွင်အခြေခံ၍ ဖော်ထုတ်ထားသည့် ရန်ကုန်အထိ ဒုတိယပိုင်းဆောက်လုပ်ရေးလုပ်ငန်း(၃-၂"စ") ထဲမှ မြစ်အောက်ပိုင်း နောက်ဆက်တွဲတည်ဆောက်ရေး လုပ်ငန်းများကို ငွေကြေး ထောက်ပံ့မည် ဖြစ်ပါသည်။ ဤကဲ့သို့သော အမျိုးအစား ရင်းနှီးမြှုပ်နှံမှုများအတွက် သက်ဆိုင်ရာတည်ဆောက်ရေး လုပ်ငန်းများ မစတင်နိုင်မီ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု/အသေးစိတ်ပုံစံအဆင့်တွင် လုပ်ငန်းနေရာ အတိအကျ သတ်မှတ်ထားသည့် ESIA ("က"အ မျိုးအစားအဆင့်) တစ်ခုနှင့် တွဲဖက်ထားသော EMP ကို ပြုစုမည်ဖြစ်ပါသည်။

ထို့အပြင် (၁) အပိုင်း ၁-၁ အရ အမျိုးသားအဆင့်ရေအရင်းအမြစ်များကော်မတီ (NWRC) အတွင်းရေးမှူးရုံး နှင့် ရေဆိုင်ရာသတင်း အချက်အလက်နှင့်ဆုံးဖြတ်ချက်အထောက်အကူပြုစသောအဆောက်အအုံများ ဆောက်လုပ်ခြင်း သို့မဟုတ်ပြင်ဆင်မွမ်းမံခြင်း(၂)အပိုင်း၂-၂အရစောင့်ကြည့်လေ့လာရေးအခြေခံအဆောက်အအုံ၊ အချက်အလက် စီမံခန့်ခွဲမှု စနစ်များနှင့် ကြိုတင်ခန့်မှန်းခြင်းများကိုခေတ်မီ အောင်မွမ်းမံခြင်းနှင့် (၃) အပိုင်း ၃-၃ အရ မန္တလေး-ညောင်ဦးအပိုင်းတွင် ဖောင်းပေးသည့်ညအချိန်ရေကြောင်းသွားလာရေးနှင့်အတူ မန္တလေးမှရန်ကုန်သို့ ရေကြောင်း သွားလာရေး အထောက်အကူများတည်ဆောက်ခြင်း များကဲ့သို့သော လုပ်ငန်းများကိုကူညီပံ့ပိုးရန်အတွက် သင့်တော်သည့် တစ်ခုတည်းသော EA အထောက်အကူပြုကိရိယာတစ်ခုအဖြစ် <u>အသေး စိတ် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် (ESMP) များ</u> ကိုဖော်ထုတ်မည်ဖြစ်ပါသည်။ လိုအပ်ပါက ESMP များတွင် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းအစီအစဉ်များနှင့် ဒေသခံတိုင်းရင်းသားလူမျိုးများအတွက် အစီအစဉ်များ ပါဝင်မည်ဖြစ်ပါ သည်။

နောက်ဆုံးအနေဖြင့် အထက်တွင် (ခ) အဖြစ် ပါဝင်သော AIRBM စီမံကိန်းလုပ်ငန်းများသည် အခြား TA လုပ်ငန်းများ အထဲတွင် (ဥပမာ- ဆည်မြောင်း၊ ရေအားလျှပ်စစ်၊ ရေကြောင်းသွားလာရေး၊ မြစ်ဝကျွန်းပေါ်ဒေသစီမံခန့်ခွဲရေး၊ မြို့နီစပယ် ရေပေးဝေရေး သို့မဟုတ် စွန့်ပစ်ရေစီမံခန့်ခွဲမှု စနစ်များတွင်)

DRAFT

ရင်းနှီးမြှုပ်နှံမှုများအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု ရေးဆွဲခြင်းကို ပံ့ပိုးမည်ဖြစ်ပြီး အဆိုပြုထားသော စီမံကိန်းအတွဲများ(အပိုင်းခွဲ ၁-၃)၏ အနာဂတ်အဆင့်များတွင် ၎င်းတို့ကို ငွေကြေး ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။ ဤလေ့လာမှုများ၏ တာဝန်သတ်မှတ်ချက် (ToR) များသည် ကမ္ဘာ့ဘဏ်၏ သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒများ၊ ဆောင်ရွက်ချက်များ၊ ဒေသဆိုင်ရာဥပဒေများ နှင့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာဘေးဆီးရန်ကာမှု ပြဌာန်းချက်များကို ထည့်သွင်းစဉ်း စားရန် လိုအပ်မည်ဖြစ် ပါသည်။ နောက်ဆက်တွဲ-၁ သည် သက်ဆိုင်သော အမျိုးသားပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ နှင့် ကမ္ဘာ့ဘဏ် ဘေးဆီးရန်ကာမှုဝါဒများ ကို အကျဉ်းချုပ်ထားပါသည်။

မြစ်ဝှမ်းစီမံကိန်းလုပ်ငန်းစဉ်/လွှမ်းခြုံသည့်ပင်မစီမံချက်သည် ဦးစားပေးရင်းနှီးမြှုပ်နှံမှုများကို ဖော်ထုတ်ပေးပြီး ၎င်းတို့အတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများ နှင့်/သို့မဟုတ် ဒီဇိုင်းပုံစံများ ကို စီမံကိန်းကကူညီပံ့ပိုးမည်ဆိုပါက ဤ ESMF အရ ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများအတွက်လည်း ESIA များကိုရေးဆွဲမည်ဖြစ်ပါသည်။ ဖြစ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဂရက်ရိုက်မှုများ ပါရှိသည့် အကြိုဖြစ်မြောက်နိုင်စွမ်း နှင့်/သို့မဟုတ် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများ သို့မဟုတ် အခြားစီမံကိန်း လေ့လာမှုများအတွက် အကြံပေးမှုအကူအညီများအားလုံးကို အကဲဖြတ်ရမည် (ESMF များအဆင့်) ဖြစ်ပြီး လုပ်ငန်းတစ်ခုချင်း နှင့်ဆက်စပ်နေသော တာဝန်သတ်မှတ်ချက် (ToR)များတွင် ပြဌာန်းချက်များကို ရှင်းလင်းစွာဖော်ပြထားရမည် ဖြစ်ပါသည်။ ဖြစ်လာနိုင်သော မြစ်အောက်ပိုင်းတွင် သက်ရောက်မှုများ လေ့လာသုံးသပ်မှု သို့မဟုတ် လျင်မြန်သောအန္တရာယ်အကဲဖြတ်မှု တစ်ခုကိုလည်း ပြုစုရမည်ဖြစ်ပြီး ၎င်းကိုမစတင်မီ အဆိုပြုထားသော လေ့လာမှု၏ နောက်ဆက်တွဲ သို့မဟုတ် အစိတ်အပိုင်း အဖြစ်ဆောင်ရွက်ရမည့် ပတ်ဝန်းကျင်နှင့်လူမှုရေးလုပ်ငန်းများ အားလုံးနှင့် ဆက်စပ်နေသော ကုန်ကျစရိတ်များကို အကဲ ဖြတ်ရမည် ဖြစ်ပါသည်။ ဘဏ်နှင့်အမျိုးသားမူဝါဒများကို လိုက်နာရန်အတွက်စီမံချက်နှင့် အကောင်အထည်ဖော်ရေးအတွက် အခြေခံသဘောတရားနှင့် လုပ်ထုံးလုပ်နည်းများလည်း ဤလေ့လာမှုများတွင် ပါဝင်မည်ဖြစ်ပါသည်။

ဇယား-၆။ သည် အထက်တွင်ဖော်ပြခဲ့သော တိကျသည့် AIRBM စီမံကိန်းရင်းနှီးမြှုပ်နှံမှုများအတွက် ရေးဆွဲရန် သတ်မှတ် ထားသော EA စာရွက်စာတမ်းများနှင့် ၎င်းတို့၏ ပါဝင်သည့်အကြောင်းအရာအကျဉ်းများကို အကျဉ်းချုပ် ဖော်ပြထား ပါသည်။

***ဇယား-၆ ။ AIRBM စီမံကိန်းက အဆိုပြုထားသော ရင်းနှီးမြှုပ်နှံမှုများ*** - ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ကာကွယ်မှု လုပ်ငန်းစဉ်

| **EA စာရွက်စာတမ်း နှင့် အမျိုးအစား** | **OP/BP 4.01 နှင့် သက်ဆိုင်ရာ ဘေးဆီးရန်ကာမှုဝါဒများအရ ပါဝင်သည့် အကြောင်းအရာ** | **AIRBM အပိုင်း** | **သုံးသပ်ချက်** |
|---|---|---|---|
| ESIA ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ | - စီမံခန့်ခွဲမှုလုပ်ငန်းအကျဉ်းချုပ်<br>- မူဝါဒ၊တရားဥပဒေဆိုင်ရာနှင့် စီမံအုပ်ချုပ်ရေးမူဘောင်<br>- စီမံကိန်းဖော်ပြချက်။ လိုအပ်မည့် တည်နေရာ ပြင်ပရင်းနှီး | **အပိုင်း ၃-၂။** မန္တလေးမှ ရန်ကုန် | ပဏာမအကဲဖြတ်မှုအချို့ ကို ဆောင် |

| | | | |
|---|---|---|---|
| ထိခိုက်မှု အပေါ်အကဲ ဖြတ်မှု | မြုပ်နှံမှုများအားလုံး ( ဥပမာ၊ နစ်မြုပ်ထားသောပိုက်လိုင်းများ၊ ဂင် လမ်းများ၊ ဓာတ်အားပေးစက်ရုံများ၊ ရေပေးဝေမှုများ၊ အိမ်ရာများ၊ ကုန် ကြမ်းနှင့် ကုန်ချောသိုလှောင်ရုံများ) အပါအဝင် အဆိုပြု ထားသော စီမံကိန်းနှင့် ၎င်း၏ ပထဝီဆိုင်ရာ၊ ဂေဟာစနစ်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ နှင့် အချိန်ပိုင်းဆိုင်ရာ ဆက်စပ်စဉ်းစားရမည့် အကြောင်း အရာ များကို အကျဉ်းအားဖြင့်ဖော်ပြပါသည်။ ပြန်လည် နေရာချထားရေး အစီအစဉ် သို့မဟုတ် တိုင်းရင်းသားလူမျိုး များ အစီအစဉ် အားလုံးအတွက် လိုအပ်ချက်ကို ညွှန်ပြပါသည်။ သာမန် အားဖြင့် စီမံကိန်းတည်နေရာနှင့် စီမံကိန်းကလွှမ်းမိုးသော နယ်မြေ ကိုဖော်ပြသည့်မြေပုံတစ်ခုပါဝင်ပါသည်။<br><br>- အခြေခံထားသော အချက်အလက်။ လေ့လာမှုနယ်မြေ၏ အတိုင်းအတာများကို အကဲဖြတ်၍ စီမံကိန်းမစတင်မီက ကြိုတင်မျှော် မှန်းခဲ့သော ပြောင်းလဲမှုအားလုံး ပါဝင်သည့် သက်ဆိုင်ရာ ရူပဗေဒ၊ ဇီဝဗေဒ နှင့်လူမှုစီးပွားရေး အခြေအနေများကို ဖော်ပြပါသည်။ စီမံကိန်းနှင့် တိုက်ရိုက် ဆက်စပ်မှုမရှိသော စီမံကိန်းနယ်မြေအတွင်းရှိ လက်ရှိနှင့် အဆိုပြုထားသောဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ထည့် သွင်း စဉ်းစားပါသည်။ အချက်အလက်များသည် စီမံကိန်း၏ တည် နေရာ၊ ပုံစံ၊ လုပ်ငန်းဆောင်ရွက်မှု သို့မဟုတ် သက်သာလျော့ နည်းရေး စီမံဆောင်ရွက်မှုများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ နှင့် ဆီလျော်မှုရှိရမည်ဖြစ်ပါသည်။ ဤကဏ္ဍ သည် အချက်အလက်များ၏ တိကျမှု၊ ယုံကြည်စိတ်ချရမှုနှင့် ဇာစ်မြစ်များကို ဖေါ်ပြပါ သည်။<br><br>- စုဝေးလာသည့် ထိခိုက်မှုများအပါအဝင် ပတ်ဝန်းကျင် ထိခိုက်မှုများ။ စီမံကိန်း၏ ဖြစ်နိုင်ဖွယ်ရာရှိသော ကောင်းသော သက်ရောက်မှုနှင့် မကောင်းသော သက်ရောက်မှုများကို ဖြစ်နိုင်သည့် အတိုင်းအတာအထိ ကိန်းဂဏန်းဖြင့် ကြိုတင်ခန့်မှန်း၍ အကဲဖြတ်ပါသည်။ သက်သာလျော့နည်းရေး စီမံဆောင်ရွက်မှုများနှင့် သက်သာလျော့ နည်းအောင် လုပ်၍ မရဘဲကျန်ရှိသည့် မကောင်းသော သက်ရောက်မှုအားလုံးကို ဖော်ထုတ်သတ်မှတ်ပေးပါသည်။ ပတ်ဝန်းကျင်မြှင့်တင်ရေး အတွက် အခွင့်အလမ်းများကို စူးစမ်းလေ့လာပါသည်။ ရနိုင်သော အချက်အလက်များ၊ အဓိကကျသောအချက်အလက် ကွာဟမှုများနှင့် ကြိုတင်ခန့်မှန်းမှု နှင့်ဆက်နွယ်သောမသေချာမှု များ၏ အတိုင်းအတာနှင့် အရည်အသွေးကို ဖော်ထုတ်သတ်မှတ် ၍ ခန့်မှန်းပြီး ထပ်မံအာရုံစိုက်ရန်မလိုအပ်သော အကြောင်းအရာ များကို သတ်မှတ်ပေး ပါသည်။<br><br>- ဖြစ်လာနိုင်သော မြေသိမ်းယူမှု သို့မဟုတ် အတင်းအကျပ် | ရေကြောင်း သွားလာမှု တိုးတက် ကောင်းမွန် ရေး ဆောက် လုပ်ရေး လုပ်ငန်း များ | ရွက်ပြီး ဖြစ်ပါသည်။ |

DRAFT

DRAFT

| | | | |
|---|---|---|---|
| | ပြန်လည် နေရာချထားရေး ထိခိုက်မှုများ အပါအဝင် လူမှုရေး ထိခိုက် မှုများနှင့် အန္တရာယ်များကိုအကဲဖြတ်ခြင်း၊ တိုင်းရင်းသား လူမျိုးစုများ ရှိနေမှုကို စစ်ဆေးပြီး ရှိနေမှု အတည်ဖြစ်လျှင် မကောင်းသော သက်ရောက်မှုများကို အကဲဖြတ်ခြင်း၊ လွတ်လပ်၍ ကြိုတင် ပြုလုပ်ပြီး အမြင်ကျယ်သော တိုင်ပင် ဆွေးနွေးမှုများ၊ ယဉ်ကျေးမှုအရ သင့်တော်သော အကျိုးကျေးဇူး များကို သေချာစေရန် စီမံဆောင်ရွက်မှုများကို သတ်မှတ် ဖော်ထုတ်ခြင်းနှင့် မကောင်းသော သက်ရောက်မှုများကို ရှောင်ခြင်း သို့မဟုတ် သက်သာလျော့နည်း အောင် ပြုလုပ်ခြင်း။<br><br>- အခြားနည်းလမ်းများကို သရုပ်ခွဲ ဆန်းစစ်ခြင်း။ ဖြစ်မြောက်နိုင် သော အခြားနည်းလမ်းများကို - ၎င်းတို့၏ ဖြစ်လာနိုင်သော ပတ်ဝန်း ကျင် ထိခိုက်မှုများ အရ " စီမံကိန်းမရှိသော" အခြေအနေ အပါအဝင် အဆိုပြုထားသော စီမံကိန်း၏ တည်နေရာ၊ နည်းပညာ၊ ပုံစံ ၊ လုပ်ငန်း ဆောင်ရွက်မှုများ၊ ဤ ထိခိုက် မှုများကို သက်သာလျော့နည်းစေရန် ဖြစ်မြောက်နိုင်စွမ်း၊ ၎င်းတို့၏ မတည်ရင်းနှီးငွေနှင့် မကြာခဏ ပေါ် ပေါက်သောစရိတ်များ၊ ဒေသခံ အခြေအနေများတွင် ၎င်းတို့၏ ရေရှည်တည်တံ့မှုနှင့် ၎င်းတို့ ၏အဖွဲ့အစည်းပိုင်းဆိုင်ရာ ၊လေ့ ကျင့်မှု ဆိုင်ရာ နှင့် စောင့်ကြပ်ကြည့် ရှုစစ် ဆေးခြင်းဆိုင်ရာ ပြဌာန်း သတ်မှတ်ချက်များ နှင့် စနစ်တကျ နှိုင်းယှဉ်ကြည့် ပါသည်။ အခြား နည်းလမ်းတစ်ခုစီအတွက် ဖြစ်နိုင်သော အတိုင်း အတာအထိ ပတ်ဝန်းကျင်ထိခိုက်မှုများကို ရေတွက် တိုင်းတာပြီး ဖြစ်နိုင်သောနေရာ များတွင် စီးပွားရေးတန်ဖိုးများကို ပူးတွဲပေးပါသည်။ အဆိုပြုထား သောတိကျသည့် စီမံကိန်းပုံစံကို ရွေးချယ်မှုအတွက် အခြေခံစနစ်ကို သတ်မှတ်ပေး၍ ထောက်ခံချက် ပေးထားသော ထုတ်လွှတ်မှုအဆင့် များကို ခိုင်လုံစွာရှင်းပြပြီး ညစ်ညမ်းမှု ကာကွယ်ရေးနှင့် ရပ်စဲရေးကို ကိုင်တွယ်ဖြေရှင်းပါသည်။<br>- လိုအပ်ပါက ပြန်လည်နေရာချထားရေးအစီအစဉ် နှင့် တိုင်းရင်း သားလူမျိုးများအစီအစဉ် ပါဝင်သော ပတ်ဝန်းကျင်နှင့် လူမှုရေး စီမံခန့်ခွဲမှု အစီအစဉ် (ESMP)<br><br>- နောက်ဆက်တွဲများ<br>• EA အစီရင်ခံစာပြုစုသူ- လူပုဂ္ဂိုလ်တစ်ဦးချင်း နှင့် အဖွဲ့အစည်းများစာရင်း<br>• ကိုးကားချက်များ- လေ့လာရေးကြိုတင်ပြင်ဆင်မှုတွင် အသုံးပြုသော ထုတ်ဝေပြီးနှင့် မထုတ်ဝေရသေးသော ရေး သားချက်များ<br>• ထိခိုက်ခံရသောလူထုနှင့် ဒေသခံအစိုးရမဟုတ်သော အဖွဲ့ အစည်း ( NGO ) များ၏ ကျယ်ပြန့်သော အမြင်များကို ရယူရန်အတွက် တိုင်ပင်ဆွေးနွေးခြင်း | | |

| | | | |
|---|---|---|---|
| | များ အပါအဝင် အဖွဲ့အစည်းအချင်းချင်း အစည်းအဝေး နှင့် တိုင်ပင်ဆွေးနွေးခြင်း အစည်းအဝေးမှတ်တမ်းများ။ ဤမှတ်တမ်းသည် သက်ရောက်ခံရသော အုပ်စုများနှင့် ဒေသခံ NGO များ၏ အမြင်များကို ရယူရန် အသုံးပြုသော ဆွေးနွေး တိုင်ပင်မှုများ (ဥပမာ- လေ့လာဆန်းစစ်မှုများ) မှအပ နည်းလမ်း အားလုံးကို သတ်မှတ်ပေးပါသည်။<br>• အဓိကစာသားတွင် ရည်ညွှန်းထားသော သို့မဟုတ် အကျဉ်းချုပ်ထားသော ဆက်စပ်ဆီလျော်သည့် အချက်အလက်များကို ကိုယ်စားပြုသည့်ဇယားများ<br>• ဆက်နွယ်မှုရှိသည့် အစီရင်ခံစာများစာရင်း ( ဥပမာ- ပြန် လည်နေရာချထားရေး အစီအစဉ် သို့မဟုတ် တိုင်းရင်းသား လူမျိုးများ အစီအစဉ် )။ ESMF ၏ နောက်ဆက်တွဲ-၈ ရှိ (က) အမျိုးအစား EIA အတွက် တာဝန်သတ်မှတ်ချက် များကို ကြည့်ပါ။ | | |
| ESMP EcoP များ ပါဝင်သော ပတ်ဝန်းကျင်နှင့် လူမှုရေး စီမံခန့်ခွဲမှု အစီအစဉ် ( "ခ" အမျိုးအစား) | - ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများ။ (တိုင်းရင်းသား လူမျိုးများ သို့မဟုတ် အတင်းအကျပ် ပြန်လည်နေရာချထားမှုများ ပါဝင်ပတ်သက်နေသော ထိခိုက်မှုများအပါအဝင်) ကြိုတင်မျှော်မှန်း ထားသော အရေးကြီးသည့် ပတ်ဝန်းကျင် ထိခိုက်မှုများ အားလုံးကို ဖော်ထုတ်သတ်မှတ်၍ အကျဉ်းချုပ်ပေးပါသည်။ ၎င်းနှင့်ဆက်စပ် နေသော ထိခိုက်မှုအမျိုးအစား နှင့် ၎င်းကို (ဥပမာ- အဆက်မပြတ် သို့မဟုတ် အရေးပေါ် ဖြစ်ရပ်တွင်) လိုအပ်သောအခြေအနေ အပါ အဝင် သက်သာလျော့နည်းရေး စီမံဆောင်ရွက်မှုတစ်ခုစီကို နည်းပညာ အသေးစိတ်များဖြင့်လည်းကောင်း၊ သင့်တော်သည့် ပုံစံ များ၊ ပစ္စည်းကိရိယာအမျိုးအစားများ၊ လုပ်ငန်းဆောင်ရွက်မှုလုပ်ထုံး လုပ်နည်းများနှင့် အတူတွဲ၍လည်းကောင်း ဖော်ပြပေးပါသည်။ ဤစီမံဆောင်ရွက်မှုများထံမှ ဖြစ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများ အားလုံးကို ခန့်မှန်းပေးပြီးစီမံကိန်းအတွက် လိုအပ်သော အခြား (ဥပမာ-အတင်းအကျပ် ပြန်လည်နေရာချ ထားခြင်း၊ တိုင်းရင်းသား လူမျိုးများ သို့မဟုတ် အနုပညာပစ္စည်းများ အတွက်) သက်သာလျော့နည်းရေး အစီအစဉ်အားလုံးနှင့် ချိတ် ဆက်မှုကို ပေးပါသည်။<br><br>- စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း။ (က) တိုင်းတာရမည့် ကန့်သတ်ချက်ဘောင်များ၊ အသုံးပြုရမည့်နည်းလမ်းများ၊ နမူနာ အရပ်ဒေသများ၊ တိုင်းတာမှုများ၏ အကြိမ်များ၊ (သင့်တော်သည့်နေရာတွင်) စုံစမ်းစစ်ဆေးရေး ကန့်သတ်ချက်များ အပါအဝင် စောင့်ကြပ်ကြည့်ရှု စစ်ဆေးရေး စီမံ ဆောင်ရွက်မှုများ၏ တိကျသောဖော်ပြချက် တစ်ခုနှင့် နည်းပညာ အသေးစိတ်များနှင့် ပြန်လည်ပြုပြင်သည့် လုပ်ဆောင်မှုများအတွက် လိုအပ်ချက်ကို အချက်ပြမည့် | **အပိုင်း ၁-၁။** အမျိုးသားရေ အရင်းအမြစ် များကော်မတီ (NWRC) အတွင်းရေးမှူး ဌာန နှင့် ဇလဗေဒ သတင်း အချက်အလက်ဌာန၊ ဌာနချုပ် အဆောက်အအုံ များကို ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်း။<br><br>**အပိုင်း ၂-၂။** စောင့်ကြည့် လေ့လာရေး အခြေခံအဆောက်အအုံ၊ အချက်အလက်စီမံခန့်ခွဲ မှုစနစ်များ နှင့် ကြိုတင်ခန့် | သေးငယ်သော ဆောက်လုပ်ရေးလုပ် ငန်းများအတွက် နမူနာ ECOP များကို ESMF နောက်ဆက်တွဲ-၂ တွင် ကြည့်ပါ။ |

DRAFT

| | | | |
|---|---|---|---|
| | သတ်မှတ်ချက်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ (ခ) (၁) တိကျသော သက်သာ လျော့နည်းရေး စီမံဆောင်ရွက်မှုများကိုလိုအပ်မည့် အခြေအနေများ ၏စောလျင်သော စုံစမ်းစစ်ဆေးမှုကို သေချာစေရန်- နှင့် (၂) သက်သာလျော့နည်းရေး တိုးတက်မှု နှင့် ရလဒ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များ ကို ဖြည့်ဆည်းပေးရန်- အတွက် စောင့် ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့် အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းများ ကို ပေးပါသည်။<br><br>- စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်လေ့ကျင့်သင်ကြားရေး။ သက်သာ လျော့နည်းရေး နှင့် စောင့်ကြည့်စစ်ဆေးရေး စီမံဆောင်ရွက်မှုများ(ဥပမာ-လုပ်ငန်းဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊ သတ်မှတ်ပြဋ္ဌာန်း ခြင်း၊ အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်စစ်ဆေးခြင်း၊ ပြုပြင် ကုစားခြင်း၊ ငွေကြေး ထောက်ပံ့ခြင်း၊ အစီရင်ခံခြင်းနှင့် ဝန်ထမ်း များအား လေ့ကျင့်သင်ကြားပေးခြင်းများ) ကို ဆောင်ရွက်ရေးအ တွက် တာဝန်ရှိသော အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ၏ တိကျသော ဖော်ပြချက်တစ်ခုကိုပေးပါသည်။ အကောင်အထည် ဖော်ဆောင်ရွက်ရန် တာဝန်ယူထားသောအဖွဲ့များရှိ ပတ်ဝန်းကျင်နှင့် လူမှုရေး ကာကွယ်ရေး စီမံခန့်ခွဲမှုစွမ်းရည်ကို အားဖြည့်ရန် အတွက် EMP အများစုတွင် ယခုဖော်ပြသည့် နောက်ဆက်တွဲ ခေါင်းစဉ် တစ်ခု သို့မဟုတ် တစ်ခုထက်ပို ပါဝင်ပါသည်။ (က) နည်းပညာပံ့ပိုးရေး အစီအစဉ်များ (ခ) ပစ္စည်းကိရိယာနှင့် အပိုပစ္စည်းများ ဝယ်ယူရေးနှင့်(ဂ) အဖွဲ့ အစည်း ဆိုင်ရာ ပြောင်းလဲမှုများ ။<br><br>- အကောင်အထည်ဖော်ရေးအစီအစဉ်နှင့် ကုန်ကျစရိတ် ခန့်မှန်းမှု များ။ EMP သည် (သက်သာလျော့ နည်းရေး၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးရေးနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး) ကဏ္ဍသုံးခုစလုံး အ တွက် (က) အဆင့်ဆင့်စီစဉ်မှု နှင့် စီမံကိန်းတစ်ခုလုံး အကောင် အထည်ဖော်ရေးအစီအစဉ်များနှင့် ပူးပေါင်းညှိနှိုင်းမှုကို ပြသည့် စီမံကိန်း၏အစိတ်အပိုင်းအဖြစ် ဆောင်ရွက်ရမည့် စီမံဆောင်ရွက်မှု များအတွက် အကောင် အထည်ဖော်ရေး အစီအစဉ်တစ်ခုနှင့် (ခ) မတည်ရင်းနှီးငွေနှင့် မကြာခဏ ကုန်ကျမည့် ကုန်ကျစရိတ်များ ခန့်မှန်းချက် နှင့် EMP ကို အကောင် အထည်ဖော်ရေးအတွက် ရန်ပုံငွေအရင်းအမြစ် များကို ပေးပါသည်။ ဤကိန်းဂဏန်းများကို စုစုပေါင်းစီမံကိန်း ကုန်ကျစရိတ် ဇယားများထဲတွင်လည်း ပေါင်းထည့် ပေးပါသည်။<br><br>- EMP ကိုစီမံကိန်းနှင့် ပေါင်းစပ်ခြင်း။ ဤအစီအစဉ်ကို ၎င်း၏ တစ်ဦးချင်း သက်သာလျော့နည်းရေးနှင့် စောင့်ကြပ်ကြည့်ရှုစစ် ဆေးရေး စီမံဆောင်ရွက်မှုများ၏ဖော်ပြချက်တွင်လည်းကောင်း ၎င်း ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာတာဝန်များ ပေးအပ်မှုတွင်လည်း | မှန်းခြင်းများ ကို မွမ်းမံခြင်း နှင့် DMH ရုံး များနှင့် ပစ္စည်း များကို ပြင် ဆင်မွမ်းမံခြင်း၊ စောင့်ကြည့် လေ့လာရေး ကွန်ရက်၏ နည်းပညာ ခေတ်မီအောင် ပြုလုပ်ခြင်း။<br><br>**အပိုင်း ၂-၃။** ရေကြီးမှုနှင့် ရုတ်တရက် ရေကြီးမှုများ ဖြစ်ပေါ်လေ့ရှိ သော မြစ်ဝှမ်း ငယ်အချို့တွင် " ထိပ်တိုက်" ကြိုတင်သတိ ပေးစနစ်များ တိုးချဲ့ခြင်း။<br><br>**အပိုင်း ၃-၃။** မန္တလေး ညောင်ဦး အ ပိုင်းကိုဖောင်း ပေးသော မန္တလေးမှ ရန်ကုန် ရေ ကြောင်းသွား လာရေးအ ထောက်အကူ များတည် ဆောက်ခြင်း။ | |

| | | | |
|---|---|---|---|
| | ကောင်း တိကျမှုရှိရန် ဤဘဏ်ကမျှော်လင့်ထားပြီး ၎င်းကို စီမံကိန်း၏ အဘက်ဘက်မှ အစီအစဉ်များ၊ ပုံစံ၊ ဘတ်ဂျက်နှင့် အကောင်အထည် ဖော်ရေးများနှင့် ပေါင်းစပ်ပေး ရမည် ဖြစ်ပါသည်။ စီမံကိန်းအတွင်း EMP ကို တည်ဆောက်ခြင်းဖြင့် ဤသို့ ပေါင်းစပ်မှုကို ရယူခြင်းဖြစ်၍ ဤအစီအစဉ်သည် အခြား အပိုင်းများနှင့်အတူ ငွေကြေးထောက်ပံ့ မှုနှင့် ကြီးကြပ် ကွပ်ကဲမှုကို ရရှိမည်ဖြစ်ပါသည်။ | | |
| SESA မဟာဗျူဟာ ပတ်ဝန်းကျင်နှင့် လူမှုရေး အကဲဖြတ်မှု ("က" အမျိုးအစား) | - OP 4.01 က SESA ကို သရုပ်ခွဲဆန်းစစ်ရေးနှင့် ပါဝင်ဆောင်ရွက်ရေး နည်းလမ်းများကို ဖော်ပြသော စာရွက်စာတမ်းတစ်ခု အဖြစ် သတ်မှတ်ပြီး ၎င်းနည်းလမ်းများသည် ပတ်ဝန်းကျင်နှင့် လူမှုရေး ဆင်ခြင်သုံးသပ်မှုများကို မူဝါဒများ၊ စီမံချက်များနှင့် အစီအစဉ်များ ထဲသို့ ပေါင်းစပ်ပေးရန်နှင့် ၎င်းတို့နှင့် စီးပွားရေးဆင်ခြင်သုံးသပ်မှုများ အချင်းချင်း ဆက်စပ်နေမှုများကို အကဲဖြတ်ရန် ရည်ရွယ်ပါသည်။<br><br>- ရောဂတီသည် အမျိုးစုံထူးခြားစွာ ကွဲပြားခြားနားနေသော ယဉ် ကျေးမှုအသိုက်အဝန်းများ၊ ဂေဟစနစ်များ၊ ဒေသရင်း အပင်နှင့် တိရစ္ဆာန်များ အမှီပြုနေထိုင်ရာ နေရာဖြစ်ပါသည်။ ရောဂတီမြစ်ဝှမ်း အတွင်းရှိ ဖြစ်လာနိုင်သော ဖွံ့ဖြိုးရေး ရွေးချယ်စရာများ၏ ပတ်ဝန်းကျင်နှင့် လူမှုရေးနည်းလမ်းများကို နားလည်ရန်အတွက် SESA တစ်ခုကို ဆောင် ရွက်မည် ဖြစ်ပါသည်။ SESA သည် ဆုံးဖြတ်ချက် ချမှတ်သည့် အစောဆုံးအဆင့်များတွင် ပတ်ဝန်းကျင် ဆိုင်ရာ ဆင်ခြင်သုံးသပ်မှုများကို မူဝါဒများ၊ စီမံချက်များနှင့် အစီအစဉ်များ ထဲသို့ထည့် သွင်းရေးအတွက် လက်နက်ကိရိယာ တစ်ခုဖြစ်ပါသည်။ SESA သည် ပတ်ဝန်းကျင်အကဲဖြတ်မှု (EA) များ အသုံးပြုခြင်းကို စီမံကိန်းများဆီမှ မူဝါဒများ၊ အစီအစဉ်များနှင့် စီမံချက်များဆီသို့ တိုးချဲ့ပေးပါသည်။ စံပြအားဖြင့် SESA များတွင် အားလုံးပါဝင် ဆောင်ရွက်နိုင်ပြီး ထိခိုက်ခံရသူများအား ဖော်ထုတ်ပေးရန် ၎င်းတို့ကို ပုံစံထုတ်ထားပါသည်။ ဥပမာ အားဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေး ရှုထောင့်မှ အထူးတလည် အထိမခံသော မြစ်ဝှမ်းနယ်မြေ များကို ထောက်ပြခြင်းဖြင့် လွှမ်းခြုံစီမံချက် (၁-၂"က") ရေးဆွဲခြင်းကို အသိပေးရန်အတွက် စီမံကိန်း ကို အကောင်အထည် ဖော်ရာတွင် ဤ SESA ကို စောလျင်စွာ ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် အနာဂတ် အစီအစဉ်များနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း လုပ်ငန်း များတွင် ၎င်း၏ ပေါင်းစပ်ပါဝင်မှုကို သေချာစေရန်အတွက် SESA လုပ်ငန်းစဉ်တွင် ထွက်ပေါ်လာ သည့် သတင်းအချက် အလက်များကို DSS တွင် ဖမ်းယူမည် ဖြစ်ပါသည်။ | အပိုင်း ၁-၂။ ရောဂတီဘက် စုံမြစ်ဝှမ်းလွှမ်းခြုံ စီမံချက် | ESMF နောက်ဆက်တွဲ ၃ တွင် SESA ကို အကောင်အထည်ဖော်ရန် အတွက် တာဝန်သတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်တစ်ခုပါဝင်ပါသည်။ |
| ပတ်ဝန်းကျင်နှင့် | - ပတ်ဝန်းကျင်ရုပ်ထွေးမှုများ၏ ပြောင်းလဲနေသော အတိုင်း | **အပိုင်း ၁-၃။** | PFI များအ |

DRAFT

| | | | |
|---|---|---|---|
| လူမှုရေး စီမံခန့်ခွဲ မှုမူဘောင်("က" သို့မဟုတ် "ခ" ရင်းနီး မြှုပ်နှံ မှုများ) | အတာများနှင့်အတူ လေ့လာရေးပုံစံအမျိုးမျိုး ရှိသည်ကို အသိအမှတ်ပြု သဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များကို မြှင့်တင်ရေး အတွက်လည်းကောင်း၊ အနာဂတ်စီမံချက်များ၊ စီမံကိန်းများ၊ အစီ အစဉ်များနှင့် ဆက်နွယ်နေ သောအန္တရာယ် များ အနည်းဆုံးဖြစ်ရေး အတွက်လည်းကောင်း အကြို ဖြစ်မြောက် နိုင်စွမ်းနှင့် ဖြစ်မြောက် နိုင်စွမ်းလေ့လာမှုများနှင့် အခြားလေ့လာမှုများက သင့်တော်သော ဆင်ခြင်သုံးသပ်မှု တစ်ခုကို ထင်ရှားစွာပြရန် အရေးကြီးပါသည်။ အကြိုဖြစ်မြောက် နိုင်စွမ်း နှင့်/သို့မဟုတ် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု၏ အလိုရှိသောရလဒ်နှင့် ဆက်စပ်နေသော ပတ်ဝန်းကျင် ပြဿနာများကို ကိုင်တွယ်ဆောင်ရွက်ရန်အတွက် အဆိုပြုထား သော စီမံကိန်းတစ်ခုစီအပေါ်တွင် အသေးစိတ် စစ်ဆေးရေးနှင့် စေ့စပ်စွာ ကြည့်ရှုလေ့လာရေး လုပ်ထုံးလုပ်နည်းများနှင့် စံနှုန်းများကို အသုံးပြုမည်ဖြစ်ပြီး ထိုမှ ESIA များ အတွက် အသေးစိတ် တာဝန်သတ်မှတ်ချက်များ ပေါ်ထွက်လာမည် ဖြစ်ပါသည်။ ထိုတာဝန် သတ်မှတ်ချက်များသည် စီမံကိန်း ရေးဆွဲရာတွင် ပါဝင်မည်ဖြစ်ပါ သည်။<br><br>- PFI အပိုင်းခွဲ၏လုပ်ငန်းများအတွက် OP 4.10 နှင့်/သို့မဟုတ် OP 4.12 များကျင့်သုံးရေး အပါအဝင် လူမှုရေးထိခိုက်မှုများ နှင့် အန္တ ရာယ်များ အကဲဖြတ်မှု။ လိုအပ်သော စာရွက်စာတမ်း ( ဥပမာ- ပြန် လည် နေရာချထားရေးအစီအစဉ် နှင့် တိုင်းရင်းသားလူမျိုးများ အစီအစဉ် ) များကို ရေးဆွဲမည် ဖြစ်ပါသည်။ | PFI များ၊ အကြိုဖြစ် မြောက်နိုင် စွမ်းလေ့လာမှု များ၊နည်း ပညာလေ့လာ မှုများစသည်-<br><br>**အပိုင်း ၁-၂။** ရေဝတီမြစ် ပုမ်း မြေ အောက်ရေ ဆန်းစစ်လေ့ လာမှု<br><br>**အပိုင်း ၂-၂။** မြေပေါ်ရေအ ရည်အသွေး စောင့်ကြပ် ကြည့်ရှုစစ် ဆေးရေး စနစ်၏ပုံစံ နှင့် ရှေ့ပြေး လုပ်ငန်း ဆောင်ရွက်မှု<br><br>**အပိုင်း ၃-၁။** ရေဝတီမြစ် ရေကြောင်း သွားလာရေး မဟာဗျူဟာ (မန္တလေးမှ ရန်ကုန်) | ပိုင်းခွဲအ တွက် ESMF လုပ်ငန်းစဉ် ကိုအခန်း-၄ တွင် တင်ပြ ထားပါသည်။<br><br>နောက်ဆက် တွဲ-၆ ရှိ ပြန်လည်နေ ရာချထား ရေးမူဘောင်<br><br>နောက်ဆက် တွဲ-၇ ရှိ တိုင်းရင်း သားလူမျိုး များဆိုင်ရာ မူဘောင် |

မြို့ပြ၍ ဆိုရလျှင် AIRBM စီမံကိန်းနှင့် သက်ဆိုင်နေသော EA စာရွက်စာတမ်းများ ဖော်ထုတ်ရေးအတွက် လမ်းညွှန် အခြေခံသဘောတရားများတွင် အောက်ပါယူဆချက်များပါဝင်ရမည်ဖြစ်ပါသည်။

(၁) *ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာရည်ရွယ်ချက်များကို အကြို ဖြစ်မြောက်နိုင်စွမ်း/ ဖြစ်မြောက်နိုင်စွမ်း စူးစမ်း လေ့လာမှုလုပ်ငန်းစဉ်ထဲသို့ ထည့်ပေးရန်* ဤလေ့လာမှုများသည် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာရည်ရွယ်ချက်များကို အစီအစဉ်ချမှတ်ရေးလုပ်ငန်းစဉ်၏ ခွဲခြား၍မရသောအစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းပေးရန် အရေးပါသော အခွင့် အလမ်းတစ်ခုကို ပေးလေ့ရှိပါသည်။ ဤကဲ့သို့ပင် လုပ်ငန်း၏အတိုင်းအတာထဲတွင် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ

DRAFT

ရည်ရွယ်ချက်များကို လေ့လာမှုများ၊ အစီအစဉ်များနှင့် မူဂါဒဖော်ထုတ်မှုများထဲသို့ထည့်သွင်းပေးရန် တာဂန် သတ်မှတ်ချက် (ToR) များပါဂင်ရ မည်ဖြစ်ပါသည်။

(၂) AIRBM စီမံကိန်းနှင့် *သက်ဆိုင်သူများပါဂင်ဆောင်ရွက်ခြင်းနှင့် လူထုသို့သတင်းအချက်အလက်ထုတ်ဖော်ပြောကြားခြင်းများဖြင့် ပွင့်လင်း မြင်သာမှုကို မြှင့်တင်ရန်။* လေ့လာမှုများစွာသည် တိုးတက်ကောင်းမွန်သော စီမံချက်များကို မြှင့်တင်ပေးသည့်အတွက် ဤသို့ပြုလုပ်ခြင်းသည် သက်ဆိုင်သူများ၏ ကျယ်ပြန့်သော ပါဂင်ပတ်သက်မှုနှင့် ပါဂင်ဆောင်ရွက်မှုကိုမြှင့်တင်ရန် အထူး ကောင်းမွန်သော အခွင့်အလမ်းတစ်ခုကိုပေးပါသည်။ မဟာဗျူဟာ အစီအစဉ် ကြိုးပမ်းမှုတစ်ခုအနေဖြင့် ဤသို့ပြုလုပ်ခြင်းတွင် လေ့လာမှုအဆင့်အားလုံး၌ ဖောင်းပေးသော အဖွဲ့များ၊ နိုင်ငံသားများ၏ ဆွေးနွေးတိုင်ပင်မှုများ၊ ကျွမ်းကျင်သူအဖွဲ့များ၊ လူထုကြားနာမှုများ စသည်တို့ ပါဂင်နိုင်ပါသည်။

(၃) *ဆန်းသစ်တီထွင်သော ပတ်ဂန်းကျင်နှင့် လူမှုရေးအကဲဖြတ်မှု (ဉပမာ-SESA) များ အသုံးပြုခြင်းကို မြှင့်တင်ရန်။* မူဂါဒများ၊ စီမံချက်များနှင့် အစီအစဉ်များကိုအထောက်အကူပြုသော လေ့လာမှုများသည် မဟာဗျူဟာပတ်ဂန်းကျင် သရုပ် ခွဲစိစစ်မှု၏ ဆန်းသစ်တီထွင်မှုရှိသော နည်းလမ်းအသစ်များကိုအသုံးပြုရန် အထူးသင့်တော်ပါသည်။ လေ့လာမှုများသည် ဤကာလပို၍ကြာသော သရုပ်ခွဲဆန်းစစ်ရေးနည်းလမ်းအတွက် အသင့်တော်ဆုံး ပို့ဆောင်ပေးသော အရာတစ်ခုကို ပေးနိုင် ပြီး လောလောဆယ်တွင် တန်းတူအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဂန်ကြီးဌာနများကြားတွင် အားကောင်းသော စိတ်ဂင်စားမှု နှင့် တောင်းဆိုမှု ရှိနေပါသည်။

(၄) *အခြားသောနည်းလမ်းများအား စနစ်တကျနှင့် ပြည့်စုံကျယ်ပြန့်စွာ သရုပ်ခွဲစိစစ်ခြင်းကို မြှင့်တင်ရန်။* အကြီးစား အခြေခံအဆောက်အအုံအတွက်ကဲ့သို့ သတ်မှတ်ထားသော ရင်းနီးမြှုပ်နှံမှုအစီအစဉ်များဖော်ထုတ်မှုကို ကူညီပံ့ပိုးပေးသော လေ့လာမှု၏ကိစ္စများတွင် ထိုအခြားနည်းလမ်းများ၏ သက်ဆိုင်ရာသက်ရောက်မှုများကို အကဲဖြတ်ခြင်း အပါအဂင် အဆင့် အမျိုးမျိုးရှိပြီး ထိုအခြားနည်းလမ်းများကို အဓိပ္ပါယ်ပြည့်ဂစွာ စူးစမ်းလေ့လာရန် လေ့လာမှုများကို အသုံးပြုရမည်ဖြစ်ပါသည်။ ထိုသို့သော အခြားနည်းလမ်းများအားသရုပ်ခွဲဆန်းစစ်မှုသည် SESA တစ်ခုထဲတွင် ပြည့်စုံရှင်းလင်းစွာ ပါရှိနိုင်ပါသည် သို့မဟုတ်၄င်းကိုအခြားလွှမ်းခြုံသောပင်မစီမံချက် သို့မဟုတ်မဟာဗျူဟာ လေ့လာမှုများ၏ အစိတ်အပိုင်းအဖြစ် ဆောင်ရွက်နိုင်ပါ သည်။

(၅) *ပတ်ဂန်းကျင်နှင့်လူမှုရေးဆိုင်ရာစွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာအားဖြည့်ခြင်းကို မြှင့်တင်ရန်။* ပတ်ဂန်းကျင်နှင့်လူမှုရေးကိစ္စများကို ၄င်းတို့၏အလုပ်ထဲသို့ထည့်သွင်းရေးအတွက် တူညီသော စွမ်းဆောင်ရည် တည်ဆောက်ရန် အခွင့်အလမ်းတစ်ခုကို လေ့လာမှုများက ပေးနိုင်ပါသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများကို တိုက်ရိုက် ကူညီပံ့ပိုးမှုပေးခြင်းဖြင့် ၄င်းကိုဆောင်ရွက်နိုင်ပါသည်။ စွမ်းဆောင်ရည် တည်ဆောက်မှုအတွက်ကူညီပံ့ပိုးမှုသည် အခြားပုံစံများအပြင် မူဂါဒအားဖြည့်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက်ကူညီပံ့ပိုးခြင်း၊ နည်းပညာ စံချိန်စံညွှန်းများသတ်မှတ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့် အစီရင်ခံခြင်းပုံစံများဖြင့်လာနိုင်ပါသည်။

## ၅။ သဘာဂပတ်ဂန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအခြေခံမူဘောင်

ဖြစ်လာနိုင်ချေရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာပြဿနာများကို သတ်မှတ်ရန်နှင့် လိုအပ်သော ဘေးရန်ဆီးကာလုပ်ဆောင်မှုနည်းလမ်းများအားလုံးသည်ဖြစ်နိုင်ချေ လေ့လာချက်များနှင့်/ သို့မဟုတ် စီစဉ်ရေး ဆွဲမှု လေ့လာချက်များအတွက် ToRတွင် ထည့်သွင်းထားကြောင်းအာမခံနိုင်စေရန် စီမံကိန်းအကောင်အထည် ဖော်သည့် ကာလအတွင်းသတ်မှတ်သည့် စီမံကိန်းများသို့မဟုတ် PFI အစိတ်အပိုင်းခွဲထံသို့ အဆိုပြုတင်ပြ သည့် စီမံကိန်းများသည် ဤအခြေခံမူဘောင်ကို လိုက်နာရမည်ဖြစ်ပါသည်။

PFI အစိတ်အပိုင်းခွဲသည် အောက်ဖော်ပြပါ ကဏ္ဍများရှိစီမံကိန်းများအတွက် ငွေကြေးထောက်ပံ့ ပေးနိုင်သည် -

- ဆည်မြောင်း
- ရေအားလျှပ်စစ် စနစ်
- ရေကြောင်းသွားလာမှု၊ မြစ်ဝှမ်းတလျှောက် စီမံခန့်ခွဲမှု
- မြို့နီစီပယ် ရေပေးဝေမှု
- ရေဆိုးရေညစ် စီမံခန့်ခွဲမှု စနစ်များ

**ဘေးရန်ဆီးကာရေးအတွက် လုပ်ထုံးလုပ်နည်းများ**

**အဆင့် ၁ - စိစစ် စစ်ဆေးခြင်းနှင့် နယ်ပယ်သတ်မှတ်ခြင်း**

စိစစ်စစ်ဆေးခြင်းသည်PFI အစိတ်အပိုင်းခွဲအတွက် ဘေးဆီးရန်ကာရေးစီမံခန့်ခွဲမှုတွင် အရေး အကြီးဆုံး အဆင့်တစ်ခုဖြစ်ပါသည်။ စိစစ်စစ်ဆေးခြင်းသည် စီမံကိန်းအစိတ်အပိုင်းများနှင့် နယ်မြေဒေသ၏ ထိရှလွယ်မှုကို အကဲဖြတ်ဆန်းစစ်မှုပေါ်တွင် အခြေခံထားပါသည်။ စီမံကိန်းခွဲအတွက် စိစစ် စစ်ဆေးခြင်းသည် PDU ၏ တာဝန်ဖြစ်သည်။ စိစစ်စစ်ဆေးခြင်း၏ ရည်ရွယ်ချက်မှာ စီမံကိန်းအရ ငွေကြေး ထောက်ပံ့ပေးရန် အရည်အချင်း မပြည့်မီသည့် စီမံကိန်းခွဲများကို ရပ်ဆိုင်းရန်နှင့် ဖြစ်လာနိုင်ချေရှိသော ဘေးရန်ဆီးကာ အန္တရာယ်များကို သတ်မှတ်ပေးရန် ဖြစ်သည်။ စီမံကိန်းအခွဲကို စိစစ်စစ်ဆေးခြင်းအား စီမံကိန်းစတင်သည့် အဆင့်၏ ကနဦး ပိုင်းတွင် လုပ်ဆောင်သည်။

**အဆင့် ၂ - စီမံကိန်းရည်မှန်းချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံများကို ပြင်ဆင်ခြင်း**

စိစစ်စစ်ဆေးမှုပေါ်တွင် အခြေခံ၍ လိုအပ်သည့် ဘေးရန်ဆီးကာရေး လုပ်ဆောင်ချက် နည်းလမ်းအတွက် မှီငြမ်းကိုးကားရန်စာရွက်စာတမ်းများကို ဖြစ်တန်စွမ်း လေ့လာမှုများ နှင့်/သို့မဟုတ် ဒီဇိုင်းပုံစံရေးဆွဲမှုများတွင် ထည့်သွင်းထားပါမည်။ ဘေးရန်ဆီးကာရေး လုပ်ဆောင်ချက်နည်းလမ်းများတွင် အောက်ပါအချက်များ ပါဝင်နိုင်သည် -

- သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိမရှိ အပြည့်အဝ အကဲဖြတ်ဆန်းစစ်မှု
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များ
- ပြန်လည်နေရာချထားမှုဆောင်ရွက်ချက်အစီအစဉ်များ
- နေရင်းဒေသခံလူမျိုးများအတွက် အစီအစဉ်
- ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအရင်းအမြစ်များအတွက် အစီအစဉ်

**စီမံကိန်း၏ရည်မှန်းချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံများ**ကို မိုငြမ်းကိုးကားရန်များသည် စာရွက်စာတမ်းများ လွတ်လပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး ဖြစ်နိုင်ချေ လေ့လာမှုများ နှင့်/သို့မဟုတ် ဒီဇိုင်းရေးဆွဲမှုအတွက် အလုံးစုံလွှမ်းခြုံသော **စီမံကိန်းရည်မှန်းချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံများ**တွင်လည်း ထည့်သွင်းထားပါသည်။ EIAs ကို ကမ္ဘာ့ဘဏ်၏ လိုအပ်ချက်များအရ အလားတူ ရင်းနှီးမြှုပ်နှံမှုများအတွက် ဒီဇိုင်းပုံစံရေးဆွဲသော အင်ဂျင်နီယာများမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိပါ။

**အဆင့် ၃ - နယ်မြေဒေသ၏ ထိရှလွယ်မှု**

လိုအပ်သည့် ဘေးရန်ဆီးကာရေး ဆောင်ရွက်မှုကို ဖြစ်လာနိုင်ချေရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အကျိုးသက်ရောက်မှုများအရ ဆောင်ရွက်ရမည်ဖြစ်သည်။ ဇယား ၄ တွင် ဖော်ပြထားသော အောက်ပါ အခြေအနေများကို ဖြစ်လာနိုင်ချေရှိသော ပြဿနာများကို သတ်မှတ်ရန်အတွက် အသုံးပြုသင့်သည်။

| | **နယ်မြေဒေသ၏ထိရှလွယ်မှု** | | |
|---|---|---|---|
| **ဘေးရန်ဆီးကာရေးမူဝါဒသို့မဟုတ် နယ်မြေဒေသ၏ သွင်ပြင်လက္ခဏာများ** | **ထိရှလွယ်မှု နည်းခြင်း** | **ထိရှလွယ်မှု အလယ်အလတ်ရှိခြင်း** | **ထိရှလွယ်မှု များခြင်း** |
| သဘာဝ၊ သက်ရှိကျက်စားရာနေရာများ (OP 4.04) | မည်သည့် သဘာဝသက်ရှိကျက်စားရာနေရာမျိုးမှ မရှိပါ | အရေးကြီးသဘာဝသက်ရှိကျက်စားရာနေရာမျိုးမှ မရှိပါ၊ | သဘာဝသက်ရှိကျက်စားရာနေရာမျိုးရှိ |
| ပြန်လည်နေရာချထားခြင်းဆောင်ရွက်မှု (OP 4.12) | မည်သည့်နယ်မြေအသစ်မျှမလိုအပ်ပါ။စီမံကိန်းအတွက် နေရာကိုရရှိထားပြီးဖြစ်ကာကျူးကျော်နေထိုင်သူများမရှိပါ၊ တရားဝင် လုပ်ပိုင်ခွင့်အား သတ်မှတ်ပြီးဖြစ်သည်။ | နေထိုင်သူများရှိနိုင်သည်။ | နယ်မြေပြန်လည်ချထားမှု လိုအပ်နိုင်သည်။ |
| နေရင်းဒေသခံလူမျိုးများ (OP 4.10) | မည်သည့် နေရင်းဒေသခံလူမျိုးမှ မရှိပါ | နေရင်းဒေသခံလူမျိုးများရှိ | နေရင်းဒေသခံလူမျိုးများထိခိုက်မှုများ ရှိလာနိုင်သည်။ |
| သဘာဝဘေးအန္တရာယ် ဖြစ်နိုင်ချေရှိခြင်း - ရေကြီးခြင်း၊ မြေသားတည်ငြိမ်မှု/မြေဆီလွှာတိုက်စားမှု | မြေသားတည်ငြိမ်မှု /မြေဆီလွှာတိုက်စားမှု ပြဿနာများမရှိပါ၊ မီးတောင်ပေါက်ကွဲခြင်း ၊ မြေငလျင်လှုပ်ခြင်း၊ | မြေသားတည်ငြိမ်မှု /မြေဆီလွှာတိုက်စားမှု အလယ်အလတ် ပြဿနာများရှိနိုင်သည်။ | မြေသားတည်ငြိမ်မှု /မြေဆီလွှာတိုက်စားမှု ပြဿနာများမရှိပါ၊ မီးတောင်ပေါက်ကွဲခြင်း၊မြေငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း |

DRAFT

| | | | |
|---|---|---|---|
| | ရေကြီးခြင်း အန္တရာယ်များမရှိ | | အန္တရာယ်များမရှိ |
| ရုပ်ပိုင်းယဉ်ကျေးမှုအရင်းအမြစ်များ(OP 4.11) | ယဉ်ကျေးမှု အမွေအနှစ်နေရာများရှိသည် ဟုမသိရပါ သို့မဟုတ် သံသယမရှိပါ | ကျော်ကြားသောယဉ်ကျေးမှု အမွေအနှစ်နေရာများမရှိ။ သို့သော် အချို့သောမကျော်မကြား ယဉ်ကျေးမှုအမွေအနှစ်နေရာများရှိနိုင်သည်။ | ကျော်ကြားသောယဉ်ကျေးမှု အမွေအနှစ်နေရာများရှိသည် |

**အဆင့် ၄ - စီမံကိန်း အခွဲ အမျိုးအစားကို အဓိပ္ပါယ်ဖွင့်ဆိုချက်**

စီမံကိန်းများကိုကမ္ဘာ့ဘဏ်၏ မူဝါဒများအရ က သို့မဟုတ် ခ အဖြစ် အမျိုးအစား ခွဲထားပါသည်။ စီမံကိန်း အမျိုးအစားကို စီမံကိန်းတွင်ပါဝင်သည့် အစိတ်အပိုင်းများနှင့်စီမံကိန်းပြုလုပ်မည့်နေရာ၏ ထိရှလွယ်မှု ပေါ်တွင်အခြေခံပြီး ဆုံးဖြတ်ပါသည်။ နောက်ဆက်တွဲ ၅ တွင် စီမံကိန်းအမျိုးအစားနှင့် စီမံကိန်းပြုလုပ်မည့် နေရာ၏ ထိရှလွယ်မှုတို့တွင် အခြေခံ၍ စီမံကိန်း အမျိုးအစားကို အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်ပတ်သတ်ပြီး လမ်းညွှန်ချက် ပေးထားပါသည်။

**အဆင့် ၅ - လိုအပ်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဘေးရန်ဆီးကာရေး နည်းလမ်းများကို အဓိပ္ပါယ်ဖွင့်ဆိုချက်**

စိစစ်စစ်ဆေးခြင်းနှင့်နယ်မြေရွေးချယ်ခြင်း ဆောင်ရွက်ချက်များပေါ်တွင်မူတည်၍ စီမံကိန်း အမျိုးအစား၊ စီမံကိန်းဖြစ်နိုင်ချေနှင့် စီစဉ်ရေးဆွဲမှုတွင် ပါဝင်ရန်လိုအပ်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ လုပ်ဆောင်ချက်များကို ဆုံးဖြတ်ရန် လိုအပ်သည်။ **ဇယား ၅** တွင် AIRBM စီမံကိန်းလက်အောက်ရှိ ငွေကြေး ထောက်ပံ့ပေးထားသော စီမံကိန်းခွဲများနှင့် လုပ်ဆောင်ချက် အမျိုးအစားပေါင်းများစွာအတွက် လိုအပ်သည့် ဘေးရန်ဆီးကာရေး ဆောင်ရွက်ချက် စာတမ်းများကို စာရင်းပြုလုပ်ပေးထားပါသည်။

***ဇယား ၇ - လိုအပ်သော စီမံကိန်းအခွဲများ၏ ဘေးရန်ဆီးကာရေး နည်းလမ်းများကို အဓိပ္ပါယ်ဖွင့်ဆိုချက်***

| စီမံကိန်း အမျိုးအစား | လိုအပ်သည့်ဘေးရန်ဆီးကာရေးလုပ်ဆောင်ချက်နည်းလမ်းများ |
|---|---|
| အကြီးစားဆောက်လုပ်ရေးကဏ္ဍများပါဝင်သော၊ထိရှလွယ်သော နေရာများဖြစ်သော၊ ဘေးရန်ဆီးကာရေး အတွက် ပြဿနာပေါင်းများစွာရှိသော စီမံကိန်းများ | စိစစ်စစ်ဆေးခြင်းပုံစံများတွင်သတ်မှတ်ထားသောပြဿနာများကို ဖော်ပြရန် တိကျသော အစီရင်ခံစာများ လိုအပ်နိုင်သည်။ (Full ESIA and EMP) နေရင်းဒေသခံလူမျိုးများ (နောက်ဆက်တွဲ ၇ ပါ လမ်းညွှန်ချက်)<br>ရုပ်ပိုင်း ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များ |
| အသေးစား ဆောက်လုပ်ရေးကဏ္ဍများ သို့မဟုတ် ပြန်လည်နေရာချထားခြင်းကဏ္ဍများဖြင့် စီမံကိန်းများ | အမျိုးအစား(ခ)ဖြစ်လျှင်-တိကျသော အကဲဖြတ်ဆန်းစစ်မှုများကို ပြင်ဆင်ရန် နယ်မြေဒေသ |

DRAFT

| | |
|---|---|
| | စိစစ်စစ်ဆေးခြင်း စံနှုန်းများကို အသုံးပြုပြီး ဆောက်လုပ်ရေးအတွက် ESMPs ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲ ၂ ပါ လမ်းညွှန်ချက်) မြေရရှိရေး အတွက် လိုအပ်ချက်နှင့်/သို့မဟုတ် ပြန်လည်နေရာ ချထားရေး အတွက် လိုအပ်ချက်ကို အတည်ပြုပါ။ အကျဉ်းချုပ်ထားသော ပြန်လည်နေရာချထားခြင်း အစီအစဉ်များဖြင့် လုံလောက်နိုင်ပါသည် (နောက်ဆက် တွဲ ၆ ပါ လမ်းညွှန်ချက်) နေရင်းဒေသခံ လူမျိုးများ ရှိသည့် ဧရိယာတွင် စီမံကိန်းများကို တည်ဆောက်မည် ဆိုလျှင် လူမှုဆိုင်ရာအကဲဖြတ်ဆန်းစစ်မှုနှင့် တိုင်ပင် ဆွေးနွေး အကြံဉာဏ်ရယူခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီး နေရင်းဒေသခံလူမျိုးများအတွက် အစီအစဉ်ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲ ၇ ပါ လမ်းညွှန်ချက်) |

## ၅။ESMF အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းအတွက် စည်းမျဉ်း သတ်မှတ်မှုဆိုင်ရာ လုပ်နိုင်စွမ်းနှင့် လုပ်နိုင်စွမ်းတည်ဆောက်မှု

သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံမူဘောင်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်နှင့် ပြန်လည်နေရာချထားခြင်းဆိုင်ရာမူဝါဒ အခြေခံမူဘောင်တို့ကို အကောင်အထည် ဖော်ခြင်းသည်(အစီအစဉ်ရေးဆွဲသည့်အဆင့်တွင်) ငွေချေးငှားသူ/DWIR နှင့် စီမံကိန်း စီစဉ်ရေးဆွဲသူ၊ တည်ဆောက်ရေး အဆင့်တွင်) တည်ဆောက်ရေး လုပ်ငန်းများနှင့် ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ လုပ်ငန်းများကို အတည်ပြုသူ နှင့် (အကောင်အထည်ဖော်သည့် အဆင့်တွင်) ဧရာဝတီမြစ်ချောင်းများ နှင့်ပတ်သတ်သည့် စနစ်၏ ဒါရိုက်တာ(များ)၏ တာဝန်ဖြစ်သည်။ စီမံကိန်း၏ ကနဦးအဆင့်တွင် စီမံကိန်းတွင် စိတ်ပါဝင် စားသူများကို သတ်မှတ်ခြင်းနှင့် လေ့လာဆန်းစစ်ခြင်းသည် အကျိုးအမြတ်များ၊ ပြဿနာများ၊ ဆက်ဆံရေး၊ ယူဆချက်များ၊၎င်းတို့၏ လွှမ်းမိုးနိုင်မှုအဆင့်နှင့် စီမံကိန်း၏ အန္တရာယ်များအပေါ် ၎င်းတို့အနေဖြင့် သက်ရောက် စေမည့်နည်းလမ်းများကို အကဲဖြတ်ဆန်းစစ်ရာတွင် အရေးကြီးသည့်အတွက် စီမံကိန်းနှင့်သက်ဆိုင်သူများ ပါဝင်မှုသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှု လုပ်ငန်းစဉ်တွင် အရေးကြီးသည့် အပိုင်းဖြစ်သည်။

AIRBM စီမံကိန်းနှင့်သက်ဆိုင်သူများကို သတ်မှတ်ခြင်းနှင့် ၎င်းတို့အနေဖြင့် စီမံကိန်းတွင် ပါဝင် လာခြင်းသည် စီမံကိန်းကို ရုပ်လုံးပေါ်အောင် လုပ်ဆောင်သည့်အချိန်တွင် စတင်ခဲ့ပြီး ESIA ကို တိုးတက် အောင်ဆောင်ရွက်နေစဉ် ကာလတလျှောက်လုံး စီမံကိန်းနှင့်သက်ဆိုင်သူများကို သတ်မှတ်ခြင်းနှင့် ၎င်းတို့အား စီမံကိန်းတွင် ပါဝင်စေခြင်းကို ဆက်လက် လုပ်ဆောင်မည်ဖြစ်သည်။

ဤ ESMF ကို ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် စည်းမျဉ်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လွယ်ကူချောမွေ့စေရေးကို အကောင်အထည်ဖော်မည့် လူ့စွမ်းအားအရင်းအမြစ်အတွက် နည်းပညာ ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် လိုအပ်လိမ့်မည်။ အကောင်အထည်ဖော်မည့်သူများသည် ရှိရင်းစွဲ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် တန်ဖိုးများကို နားလည်ရန်လိုအပ်ပြီး စီမံကိန်း အကောင်အထည်ဖော်စဉ် ကာလအတွင်း အဆိုပါ အချက်များကို ရှင်းလင်းစွာ သတ်မှတ်နိုင်ရမည်။

AIRBM ရင်းနှီးမြှုပ်နှံမှုများကို အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းနှင့်သက်ဆိုင်သူ ESMF ကို အကောင်အထည်ဖော်မည့် နည်းလမ်းများကို ပြည့်ပြည့်စုံစုံ နားလည်စေရေးအတွက် ပံ့ပိုးပေးရန် လိုအပ်လိမ့်မည်။ ၎င်းသည် CDUS ကို ထောက်ပံ့ပေးရာတွင် အရေးကြီးပြီး စီမံကိန်းလုပ်ရှား ဆောင်ရွက်မှုများ နှင့်ပတ်သတ်ပြီးသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို အစီရင်ခံခြင်း အပါအဝင် ကြီးကြပ် ကွပ်ကဲခြင်း၊

DRAFT

စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းတို့တွင် ၎င်းတို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြုစေမည်ဖြစ်သည်။ စီမံကိန်း အကောင်အထည်ဖော်သည့် စီစဉ်ဆောင်ရွက်ချက်များပါဝင်သော စီမံချက်ကို ပုံ ၂ တွင် ထည့်သွင်း ဖော်ပြထားသည်။

ESMF နှင့် ၎င်း၏ထောက်ပံ့ပေးမှုများ၏ လုပ်ဆောင်ချက်စွမ်းရည်ကို စောင့်ကြည့်ရန်နှင့် အကောင်အထည်ဖော်ရန် လုံလောက်သောစွမ်းဆောင်ရည်ရှိကြောင်း သေချာစေရန် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကျွမ်းကျင်သူများအား CDUS သုံးခု၏ အစိတ်အပိုင်းတစ်ခုအဖြစ် PDU တွင် ခန့်အပ်ရန် အကြံပြု ပါသည်။

ဤကျွမ်းကျင်သူသည် စီမံကိန်း၏ ရည်ရွယ်ချက်များပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ပြီး အောက်ပါ လုပ်ငန်းတာဝန်များကိုလည်း ထည့်သွင်း ဆောင်ရွက်လိမ့်မည် -

- EMPနှင့်ချိတ်ဆက်နေသောအကောင်အထည်ဖော်သည့်အဖွဲ့များနှင့်အတူနှစ်စဉ်လုပ်ငန်း အစီအစဉ်များ နှင့် ခန့်မှန်းသုံးငွေစာရင်းကို ပြင်ဆင်ခြင်း။
- ESMF လမ်းညွှန်ချက်များကို လိုက်နာမှုနှင့် ဆက်စပ်နေသောကြောင့် စီမံကိန်း တိုးတက်မှု အခြေအနေကို စောင့်ကြည့်ခြင်း၊ အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်လာသည့် အထစ်အငေါ့များကို ဖြေရှင်းပေးခြင်း၊ စီမံကိန်း အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်တစ်ခုလုံး အဆင်ပြေ ချောမွေ့ကြောင်း သေချာစေခြင်း။
- စီမံကိန်းနှင့်ငွေစာရင်းတို့နှင့် ဆက်စပ်နေသော အချက်အလက်များ စုစည်းခြင်းနှင့် စီမံခန့်ခွဲခြင်း (ဥပမာသဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စောင့်ကြည့်မှုများနှင့် စာရင်းစစ်အစီရင်ခံစာများ)
- အကောင်အထည်ဖော်ဆောင်ရွက်သည့်အဖွဲ့များအားလုံလောက်စွာ ပံ့ပိုးပေးထားကြောင်းနှင့်၎င်းတို့သည် ESMF လမ်းညွှန်ချက်များကို လေးစားလိုက်နာပြီး စီမံကိန်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြောင်း သေချာစေခြင်း။
- ESMF တွင် ပြဌာန်းထားသော စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းခွင်ရှိ ကြီးကြပ်ကွပ်ကဲဆောင်ရွက်သူဝန်ထမ်းများနှင့် လူထုအဖွဲ့အစည်း ကိုယ်စားလှယ်များမှ ရင်းနှီး ကျွမ်းဝင်မှု ရှိစေရန်အတွက် မြေရယူခြင်းနှင့် မဖြစ်မနေ ပြန်လည်နေရာချထားခြင်းဆိုင်ရာ ဘေးရန် ဆီးကာရေး မူဝါဒများနှင့်ပတ်သက်၍ သင်တန်းများပေးရန် လိုအပ်သကဲ့သို့ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စိစစ်စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့် ပတ်သတ်သော သင်တန်းအစီအစဉ်နှင့် သင်ကြားမည့် သင်ရိုးညွှန်းတမ်းများအပါအဝင် သင်တန်းကဏ္ဍများပံ့ပိုးဆောင်ရွက်ပေးရေးနှင့် ဖွဲ့စည်း ကျင်းပပေးရေး အတွက် တာဝန်ရှိပါသည်။ (၎င်းသည် PFI လုပ်ရှားဆောင်ရွက်မှုများအတွက်လည်း အကျုံး ဝင်သက်ရောက်သင့်ပါသည်။)

<u>စွမ်းဆောင်ရည်တည်ဆောက်မှုနှင့် သင်တန်းပေးမှု အစီအစဉ်</u>

သဘာဂပတ်ဂန်းကျင်နှင့်လူမှုဆိုင်ရာကျွမ်းကျင်သူများသည်(နိုင်ငံအလိုက်ရွေးချယ်ထားခြင်းဖြစ်လျှင်) ကမ္ဘာ့ဘဏ်မှ သတ်မှတ်ထားသကဲ့သို့ သဘာဂပတ်ဂန်းကျင်ဆိုင်ရာ အကဲဖြတ် ဆန်းစစ်မှုနှင့် ပတ်သတ်သော မူဝါဒများနှင့် ပတ်သတ်ပြီး သတ်မှတ် သင်တန်းများ လေ့ကျင့်ခဲ့မှုများရှိရန်လိုအပ်ပေမည်။ ကမ္ဘာ့ဘဏ်သည် သဘာဂပတ်ဂန်းကျင်နှင့်လူမှုဆိုင်ရာ ကျွမ်းကျင်သူများအတွက် သင့်လျော်သော ပြင်ပသင်တန်းများအတွက် အခွင့်အလမ်းများ ပေးနိုင်ရန် ကူညီပါလိမ့်မည်။ သင့်လျော်သောနိုင်ငံတွင်း သင်တန်းသည်လည်း အဆိုပါ ကျွမ်းကျင်သူများ၏ လုပ်နိုင်စွမ်း တည်ဆောက်မှု တစ်စိတ်တစ်ဒေသ ဖြစ်သင့်ပါသည်။


ESMF ကို အကောင်အထည်ဖော်ခြင်းနှင့် ပတ်သတ်သော နှစ်ရက်တာ ကာလ သင်တန်း အလုပ်ရုံ ဆွေးနွေးပွဲကို စီမံကိန်း စတင်ဆောင်ရွက်သည့် အလုပ်ရုံဆွေးနွေးပွဲ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျင်းပပြု လုပ်သင့်သည်။ ဤသင်တန်းသည် ကျွမ်းကျင်သူများအနေဖြင့် AIRBM လှုပ်ရှားဆောင်ရွက်မှုများ၏ သဘာဂ ပတ်ဂန်းကျင်နှင့် လူမှုဆိုင်ရာကဏ္ဍများကို စီမံခန့်ခွဲနိုင်ပြီး စောင့်ကြည့်စစ်ဆေးနိုင်သည်ကို သေချာစေရမည်။ ကမ္ဘာ့ဘဏ်နှင့်IFC ဘေးရန်ဆီးကာရေး ရေးမူဂါဒများနှင့်လိုအပ်ချက်များအား ပြည့်ပြည့်စုံစုံသိရှိပြီး မြန်မာနိုင်ငံ အတွက် သဘာဂပတ်ဂန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုလိုအပ်ချက်များနှင့် ပတ်သတ်၍ ဗဟုသုတရှိသော ပြင်ပ

DRAFT

အတိုင်ပင်ခံများဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ် ပေးသင့်ပါသည်။ (ဥပမာ-OHS အခြေခံ စံနှုန်းများ)၊ CDUS ၏ သက်ဆိုင်ရာ အခြားဂန်ထမ်းများ အနေဖြင့်လည်း ESMF နှင့် ပတ်သတ်ပြီး ရင်းနှီးကျွမ်းဝင်မှုပိုရှိစေရန် သင်တန်းများတွင် ပါဝင်တက်ရောက် သင့်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်၄င်းတို့၏ တည်နေရာကို မသတ်မှတ်ရသေးသောကြောင့် ပြင်ဆင်ရဦးမည် ဖြစ်သည့် EIAs နှင့်EMPs တို့၏ ဖြစ်နိုင်ချေရှိသော အရေအတွက်ကို သတ်မှတ်ရန်နှင့် ESMFအတွက် လိုအပ်ချက်များ အား စောင့်ကြည့်စစ်ဆေးရန် ပုတ်ပြတ် စုစုပေါင်းငွေပမာဏကို သတ်မှတ်ထားပြီး ဖြစ်ပါသည်။ (ဇယား နံပါတ် ၆ ) သည် ခန့်မှန်းချေသာဖြစ်ပြီး စီမံကိန်း ရေးဆွဲမှုပြီးလျှင် ပြီးချင်း အချိန်နှင့် တစ်ပြေးညီ ဖြည့်စွက်ထည့်သွင်းရန် လိုအပ်လိမ့်မည်။

*ပုံ ၃ - **AIRBM စီမံကိန်း အကောင်အထည်ဖော်ရေး အစီအစဉ်များ***




မီးခိုးရောင်ခြယ်ထားသောဧရိယာသည် တစ်နေရာတည်းတွင်အတူရှိမည့် ရုံးများကိုပြပါသည်။

*ဇယား ၇ ESMF ကို အကောင်အထည်ဖော်ရန်အတွက် အဆိုပြုသော ဘတ်ဂျက်ငွေစာရင်းများ*

| |
|---|
| EIAS နှင့်EMPS အသီးသီးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စောင့်ကြည့်စစ်ဆေးရန်နှင့် အစီရင်ခံရန်အတွက်ဘတ်ဂျက်ငွေ ပုတ်ပြတ်ပမာဏ ဒေါ်လာ ၁၀၀၀၀၀ |
| |
| ပါဝင်သူအားလုံးအတွက် ဖြစ်လာနိုင်ချေရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့် သက်ရောက်မှုများကို လျော့ပါးစေမည့် ဆောင်ရွက်ချက်များအတွက် ၁-ရက်တာ သင်တန်း သင်တန်းတစ်ခုလျှင် ဒေါ်လာ ၂၀၀၀ |

<u>စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း</u>

ပြုလုပ်နေကျဖြစ်သော ရင်းနှီးမြုပ်နှံမှုဆိုင်ရာကြီးကြပ်ရေး လုပ်ဆောင်မှုကာလအတွင်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည်သတ်မှတ်ထားသော ESMF, ESIAs နှင့်EMP လိုအပ်ချက်များ အားလုံးနှင့်ကိုက်ညီခြင်းရှိမရှိကိုဆုံးဖြတ်ရန် CDUSသည် ဒေသဆိုင်ရာသဘာဝပတ်ဝန်းကျင် အာဏာပိုင်များနှင့် အတူစစ်ဆေးလိမ့်မည်။ EMPS တို့ကို ပြည့်စုံလုံလောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို အတည်ပြုရန် လုပ်ငန်းခွင့်ရှိ ရင်းနှီးမြုပ်နှံမှုဆိုင်ရာ တည်ဆောက်မှု အဆင့်ပေါင်းများစွာသို့ ကြီးကြပ်ကွပ်ကဲမှု ဆိုင်ရာ အလည်အပတ်ခရီးစဉ်များ သွားရောက်ပါမည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များ အားလုံးကို ခြုံငုံမိသော ကြီးကြပ်မှုအစီရင်ခံစာတစ်စောင်အား လုပ်ငန်းခွင်များသို့ သွားရောက်ခြင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသင့်သည်။ သတ်မှတ်ထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကျွမ်းကျင်သူ များသည် စီမံကိန်းစက်ဝန်းတစ်လျှောက်ရင်းနှီးမြုပ်နှံမှုအားလုံးအတွက်ပြုလုပ်သည့် အရေးပါသော အဆင့်များ ၊ ရလဒ်များ နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များ၏ရလဒ်များနှင့် ပတ်သတ်သော သုံးလတစ်ကြိမ် အစီရင်ခံစာနှင့် နှစ်စဉ်အစီရင်ခံစာများကို ပြင်ဆင်လိမ့်မည်။

ပုံမှန်အစီရင်ခံတင်ပြခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် အရေးကြီးသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို လျှော့ချရေး ဆောင်ရွက်ချက်များနှင့် ထင်ရှားသော သဘာဝ ပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် အဖြစ်အပျက်များပါဝင်သည့် သက်ဆိုင်ရာ ရင်းနှီးမြုပ်နှံမှုများနှင့် ဆက်စပ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ရှားမှု ကဏ္ဍတစ်ခုကို ထည့်သွင်းရန် PDU သည် CDU ထံသို့တောင်းဆိုလိမ့်မည်။ PDUသည် ကမ္ဘာ့ဘဏ်အတွက်ပြင်ဆင်ထားသော အစီရင်ခံစာတိုင်းတွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သတ်သည့် လှုပ်ရှားမှု ကဏ္ဍတစ်ခုကို ထည့်သွင်းလိမ့်မည်။ သင့်တော်သည့်အားလျော်စွာ အစီရင်ခံစာတင်ပြသည့် ကာလ အတွင်း ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အငြင်းပွားမှုကိစ္စရပ် အသေးစိတ်များနှင့်၎င်းတို့ကို ဖြေရှင်းရန် လုပ်ဆောင် ရမည့် အရာများကို အဆိုပါကဏ္ဍတွင် ဆွေးနွေးထားပါသည်။

ESMF ကိုအသုံးပြုစဉ်ကာလအတွင်း ဖြစ်ပေါ်လာသော ပြဿနာများနှင့်ကိစ္စရပ်များအား ဒါရိုက်တာများ အာရုံစိုက်လာပြီး လိုအပ်သည့် ဖြေရှင်းမှုများ ဆောင်ရွက်နိုင်ရန် တင်ပြလိမ့်မည်။ သုံးလတစ်ကြိမ်နှင့် နှစ်စဉ် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စောင့်ကြည့်စစ်ဆေးထားသော အစီရင်ခံစာမိတ္တူများကို ကမ္ဘာ့ဘဏ်သို့ ပေးပို့လိမ့်မည်။ ကမ္ဘာ့ဘဏ်သည်ကာလအလိုက် ကြီးကြပ်ရေး တာဝန်များဆောင်ရွက်စဉ်အတွင်း ၎င်းအစီရင်ခံစာ များကို ပြန်လည်သုံးသပ်လိမ့်မည်။

## <u>၆။ စီမံကိန်းအတွက် အကြံပြုဆွေးနွေးပွဲလုပ်ငန်းစဉ်</u>

**လူထုအကြံပြုဆွေးနွေးပွဲကျင်းပခြင်း**

OP 4.01 အရ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှု လုပ်ငန်းစဉ်သည် ပြည်သူအားလုံးထံ ရောက်ရှိ သင့်သောကြောင့်ငွေချေးငှားသူသည် စီမံကိန်းဘေးဆီးရန်ကာမှု စာတမ်းများတွင် ပါဝင်သည့် အကြောင်းအရာအားလုံးကို လုပ်ငန်းစဉ်အတွင်း အနည်းဆုံး နှစ်ကြိမ်တိုင်ပင်ဆွေးနွေးသင့်သည်။ (က အဆင့် စီမံကိန်းများအတွက်)။ ပထမအကြိမ် လူထုအကြံပြုဆွေးနွေးပွဲကျင်းပခြင်း(PC) တွင် အဆိုပြုသော စီမံကိန်း၏ ရည်ရွယ်ချက်များ၊ ဖြစ်လာနိုင်သည့် အကျိုး သက်ရောက်မှုများနှင့် ဖော်ပြချက်အနှစ်ချုပ်ကို ပံ့ပိုးပေးသင့်သည်။ ဒုတိယအကြိမ် လူထုအကြံပြုဆွေးနွေးပွဲကျင်းပခြင်း အတွက် ငွေချေးငှားသူမှ EA သုံးသပ်ချက်များနှင့်ပတ်သတ်သော အကျဉ်းချုပ်ကို ပံ့ပိုးပေးလိမ့်မည်။ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးအကြံဉာဏ်ရယူခြင်းသည် အမြဲမပြတ် လုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်ဖြစ်သည်။ ပထမအကြိမ် လူထုအကြံပြုဆွေးနွေးပွဲကျင်းပခြင်း တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းကို DWIR မှ မေလ ၁၆ ရက်နေ့နှင့် ၁၉ ရက်နေ့တွင် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ ကျင်းပခဲ့သည်။ CSOs၊ ဒေသခံ NGOs များ၊ အပြည်ပြည်ဆိုင်ရာ NGO များနှင့် မြစ်အသုံးပြုသူ အဖွဲ့အစည်း၊ စာတမ်းပြုစုသူများ၊ ပုဂ္ဂလိကကဏ္ဍနှင့် မီဒီယာတို့ တက်ရောက်ခဲ့ကြသည်။ တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်း၏ အဓိကရည်ရွယ်ချက်များမှာ (က) အဆိုပြုထားသော AIRBM နှင့်ပတ်သတ်သည့် နောက်ခံ သမိုင်းကြောင်း အချက်အလက်များကို ပံ့ပိုးပေးရန် (ခ)သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံမူဘောင် (ESMF) မူကြမ်းအား ဆောင်ရွက်မှု အတိုင်းအတာနှင့်ပတ်သတ်သော တုန့်ပြန်ချက်ကို ရယူရန် (ဂ) အဆိုပြုသော စီမံကိန်းမှ အကျိုးအမြတ်များ တိုးတက်ဖြစ်ထွန်းစေမည့် နည်းလမ်းများကို ဆွေးနွေးရန် (ဃ) စီမံကိန်းအတွက် တိုင်ပင်ဆွေးနွေးအကြံဉာဏ်ရယူခြင်း လုပ်ငန်းစဉ်များ တိုးတက်စေမည့် နည်းလမ်းများကို ဆွေးနွေးရန်တို့ ဖြစ်ပါသည်။ တိုင်ပင်ဆွေးနွေးအကြံဉာဏ်ရယူရန်အတွက် အသုံးပြုသော စာတမ်းတွင် စီမံကိန်း အချက်အလက် စာရွက်စာတမ်း (PID)၊ စုစည်းထားသော ဘေးရန်ဆီးကာရေး လုပ်ဆောင်ချက် အချက်အလက်များ စာရွက် (ISDS) နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု ဆိုင်ရာမူဘောင် မူကြမ်း (ESMF) စီမံကိန်းရည်မှန်းချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံများကို မြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့် ရေးသားထားချက်များ ပါဝင်ပါသည်။

ဖိတ်ကြားချက်များနှင့် စာရွက်စာတမ်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DWIR)၏ ဝက်ဆိုက် www.DWIR.coffeecup.com တွင် အစည်းအဝေးမတိုင်မီ နှစ်ပတ်အလိုတွင် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားဖော်ပြထားပါသည်။ အစည်းအဝေးများအားလုံးကို AIRBM စီမံကိန်း ဒါရိုက်တာ ဦးစိန်ထွန်းမှ ဦးစီးဆောင်ရွက်သည်။ အစည်းအဝေးပွဲများတွင် တပြိုင်တည်း ဘာသာပြန်ပေးပြီး အင်္ဂလိပ်၊ မြန်မာ နှစ်မျိုးစလုံးဖြင့် တိုင်ပင်ဆွေးနွေးပါသည်။ ခြုံငုံပြောရလျှင် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူမှုများကို သေချာ ဂရုတစိုက် ပြုလုပ်ပြီး အချက်အလက်ပြည့်ပြည့်စုံစုံဖြင့် တိကျခိုင်မာမှုရှိအောင် ဆောင်ရွက်ပါသည်။ တက်ရောက်သူများ၏ အာရုံစိုက်မှု ရစေရန်အတွက် အရေးကြီးသည့် ကိစ္စရပ်များကို အထူးအလေးထား ပြောဆိုကြပြီး အဖွဲ့အတွက် တန်ဖိုးရှိသော အချက်အလက်များကို ပေးကာ ရေဝေတီမြစ်ကြီးကို ကောင်းမွန်စွာ စီစဉ်ဆောင်ရွက်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် တိုင်းပြည်၏ စွမ်းရည်ကို တိုးတက်စေမည့် လိုအပ်ချက်များနှင့် တန်ဖိုးကို အတည်ပြုခဲ့ကြပါသည်။ AIRBM တွင် ပထမအကြိမ် ပြည်သူနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူစဉ်အတွင်း ပြောဆိုဆွေးနွေးကြသည့် မှတ်ချက်များနှင့် အကြံပြုချက်များကို နောက်ဆက်တွဲ ၈ တွင် ပူးတွဲဖော်ပြထားပါသည်။

နောက်တစ်ကြိမ်ပြည်သူနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းကို ESMF အတွက် မကြာမီ ပြုလုပ်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဤစီမံခန့်ခွဲရေးဆိုင်ဂှာ အနှစ်ချုပ်နှင့် ESMF တို့ကို စီမံကိန်းစီစဉ်ရေးဆွဲမှုနှင့် စီမံကိန်း ရင်းနှီးမြှုပ်နှံမှုများကို ရေရှည်အကောင်အထည်ဖော်ခြင်းတို့ တိုးတက်ဖြစ်ထွန်းစေမည့် စိတ်ဝင်စားသူများမှ

DRAFT

ဆွေးနွေးသည့် အချက်အလက်များဖြင့်အတူ ပြန်လည်ပြင်ဆင်ပြီး အချိန်နှင့်တပြေးညီဖြည့်စွက် ထည့်သွင်းခြင်း လုပ်မည်ဖြစ်ပါသည်။

## BiblioGraphy


Aquastat (2010) Myanmar Country Profile FAO

ASEAN (2009) Fourth State of the Environment Report, ASEAN Secretariat

Gass, P., Hove, H., Parry J.E. (2011) Review of Current and Planned Adaptation Action: East and South East Asia. Asian Development Bank and International Institute for Sustainable Development.

ADB (2012) Myanmar in Transition: Oportunities and Challenges. Asian Development Bank
BANCA (2009) Environmental Impact Assessment (Special Investigation) on Hydropower Development of Ayeyarwady River Basin AboveMyitkyinaKachin State, Myanmar

BTI Bertelsmann Stiftung´s Transformation Index (2012) Myanmar Country Report.Gütersloh, Bertelsmann Stiftung

Burma Environmental Working Group (2011) Burma´s Environment: People, Problems and Policies. BEWG

Clarke (n.d.) Biodiversity and Protected Areas, Myanmar. Poverty Reduction & Environmental Management in Remore Greater Mekong Subregion

Critical Ecosystem Partnership Fund (2012) Ecosystem Profile.Indo-Burman Biodiversity Horspot. 2011 Update.

Government of Myanmar (2008) Constitution. Retrieved from http://www.burmalibrary.org/show.php?cat=11900

Government of Myanmar (2012) Environmental Conservation Law No.9/2012. Retrieved from http://www.burmalibrary.org/show.php?cat=1190

Government of Myanmar (1994) National Environment Policy of Myanmar. Retrieved from http://myanmar-unfccc -nc.net/index.php?option=com_content&view=article&id=7&Itemid=18

Government of Myanmar (1997) Agenda 21. Retrieved from http://www.un.org/esa/agenda21/natlinfo/countr/myanmar/eco.htm

Government of Myanmar (2009) National Sustainable Development Strategy. Retrieved from http://www.rrcap.ait.asia/nsds/uploadedfiles/file/Publication%201-NSDS%20Myanmar.pdf

Government of Myanmar (2006) Conservation of Water Resources And Rivers Law No.8/2006 Retrieved from http://www.burmalibrary.org/show.php?cat=1190

Government of Myanmar (1991) Freshwater Fisheries Law No.1.91. Retrieved from http://www.burmalibrary.org/show.php?cat=1190

Government of Myanmar (1994) Protection of Wildlife, Wild Plants and Conservation of Natural Areas Law No.6.94. Retrieved from http://www.burmalibrary.org/show.php?cat=1190

Government of Myanmar (1992) Myanmar Forest Law No.8/92. Retrieved fromhttp://www.burmalibrary.org/show.php?cat=1190

Government of Myanmar (1994) Myanmar Mines Law No. 8/94. Retrieved from http://www.burmalibrary.org/show.php?cat=1190

Inter-Ministry Task Force on Water Resources (n.d.) Strategic Plan on Integrated Water Resources Management in Myanmar. Ministry of Agriculture and Irrigation

IstitutoOikos and Biodiversity and Nature Conservation Organization (2011) Myanmar Protected Areas, Content, Current Status and Challenges. European Union

MOECAF (2011) National Biodiversity Strategy and Action Plan. United Nations Environmental Programme

MSWRR (2012) Myanmar Action Plan on Disaster Risk Reduction. Asian Disaster Preparedness Center (ADPC)

NCEA (2005) Myanmar National Environmental Performance Assessment (EPA) Report Asian Development Bank and United Nations Environmental Programme

NECC (2012) Myanmar´s National Adaptation Programme of Action (NAPA) to Climate Change. United National Environmental Programme

Ni, B. (2012) Water Management in Myanmar. Asia Water Management Forum.

Phuy (2014) Myanmar's wetlands in line for Ramsar inclusion MM times retrieved from http://www.mmtimes.com/index.php/national-news/9453-myanmar-s-wetlands-under-inspection-for-ramsar-inclusion.html

DRAFT

Ra, K. (2011) Water Quality Management at River Basins in Myanmar. Ministry of Agriculture and Irrigation

Ramsar (n.d.) Burma Country Profile Retrieved from http://ramsar.wetlands.org/Portals/15/Burma.pdf

Tin M.L., Prof. Dr. Thein, K. N.N., Dr. Zin, W.W., Kyi, C.C.T. (2011) Environmental Flows in Integrated Water Resources Management (IWRM) for Upper Ayeyawady River Basin

Tun, T.N. (2003) Arsenic Contamination of Water Sources in Rural Myanmar. 29th WEDC International Conference

WHO (2004) Myanmar Environmental Health Country Profile. World Health Organization

Wildlife Conservation Society http://www.wcs.org/news-and-features-main/looking-for-a-good-catch-ask-the-irrawaddy-olphin.aspx

Win, S.H. (2011) Sediment Dynamics in Irrawaddy River, University of Singapore

Oo, H.P. (2003) Forestry for Community Development in Myanmar: Research Issues. Food and Agriculture Organization

Smith, B. (2006) Looking for a Good Catch? Ask the Irrawaddy Dolphin. Wildlife Conservation Society. Retrieved from http://www.wcs.org/news-and-features-main/looking-for-a-good-catch-ask-the-irrawaddy-olphin.aspx

Smith, J. (2011) Two Rivers: The Change to Export Power Divides Southeast Asia. National Geographic.Retreived from http://news.nationalgeographic.com/news/energy/2011/10/111026-mekong-irrawaddy-hydropower-dams

DRAFT

## *နောက်ဆက်တွဲများ*

### *၁.၁ နောက်ဆက်တွဲ ၁ - အစပျိုးထားသော ကမ္ဘာ့ဘဏ်အုပ်စု၏ လိုအပ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှု မူဝါဒများ*

ကမ္ဘာ့ဘဏ်အုပ်စုတွင် ဘေးရန်ဆီးကာရေး မူဝါဒများဖြစ်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ မူဝါဒများ ဆယ်ခု (အပေါင်း တစ်ခု) ရှိပါသည်။ အဆိုပါ မူဝါဒအများစုမှာ သဘာဝပတ်ဝန်းကျင်ကို အကဲဖြတ်ဆန်းစစ်မှု (OP 4.01)၊ သဘာဂ သက်ရှိကျက်စားရာနေရာများ (OP 4.04)၊ ပြန်လည်နေရာချထားခြင်း ဆောင်ရွက်မှု (OP 4.12)၊ နေရင်းဒေသခံ လူမျိုးများ (OP 4.10)၊ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ် ရေလမ်းကြောင်းများရှိ စီမံကိန်းများ ((OP 7.50) သည် အကြိုဖြစ်နိုင်ချေ နှင့်/သို့မဟုတ် ဖြစ်နိုင်ချေလေ့လာမှုများနှင့် AIRBMP အောက်ရှိ မြောက်မြားစွာသော အခြေခံ

အဆောက်အဦအတွက် ရင်းနှီးမြှုပ်နှံမှုများအတွက် သက်ရောက်မှုရှိသည်။ ကမ္ဘာ့ဘဏ်၏ ဘေးရန်ဆီးကာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ (OP/BP 4.01) အရ အဆိုပြုထားသော စီမံကိန်း၏ အကြမ်းအားဖြင့် အကျိုးသက်ရောက်မှုသည် ကောင်းမွန်မည်ဟု မျှော်မှန်းထားသော်လည်း ၎င်း၏ လစ်ဟာမှုများကြောင့် ၎င်းအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှု (EA) အမျိုးအစား "က" အဖြစ် သတ်မှတ်ထားကာ မြစ်ဝှမ်းအတွက် အစီအစဉ်ရေးဆွဲခြင်း (အစိတ်အပိုင်း ၁) နှင့် (အစိတ်အပိုင်း ၂ နှင့် ၃) အရ တည်ဆောက်ရေး လုပ်ငန်းများတွင် အာရုံစိုက်ထားသည်။ အကျိုးသက်ရောက်မှုများတွင် မြစ်စီးဆင်းမှုပုံစံ ယာယီပြောင်းလဲမှုများ၊ အစိတ်အပိုင်း ၃ အရ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် နန်းမြေများ စီးဆင်းခြင်းတို့ ပါဝင်သည်။ ဇယား ၁၀ တွင် AIRBMP အတွက် ၎င်းတို့၏ သက်ရောက်မှုများနှင့် ပတ်သတ်ပြီး အစပျိုးထားသော ကမ္ဘာ့ဘဏ်အုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒများကို အနှစ်ချုပ် ဖော်ပြထားသည်။

ဇယား ၁ - ကမ္ဘာ့ဘဏ်မှ အစပျိုးထားသော ဘေးရန်ဆီးကာရေး မူဝါဒများအနှစ်ချုပ်

| ဘေးဆီးရန် ကာရေး မူဝါဒ | ဖော်ပြချက် | AIRBMP အတွက် သက်ရောက်မှု |
|---|---|---|
| **သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှုနှင့် ပတ်သတ်သော OP/BP 4.01** | သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာအခြေအနေများ ကောင်းမွန်ကြောင်း၊ ရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းများ ရေရှည် တည်တံ့ကြောင်း သေချာစေပြီး ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွင် စီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အချက်အလက်များပေါင်းစည်းရေးကို ထောက်ပံ့ပေးသည် | မျှော်မှန်းထားသောလုပ်ဆောင်ချက်များ၏ တိကျသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို စီမံကိန်း အကောင်အထည်ဖော်သည့် အချိန်အတွင်းတွင်သာ သိရှိရသောကြောင့် ESMF သည် ဆန်းစစ်ချက်ပြုလုပ်သည့် အဆင့်တွင် အရေးကြီးသည်။တိကျသော ရင်းနှီးမြှုပ်နှံမှုများကို သတ်မှတ်ပြီးသည်နှင့် ရင်းနှီးမြှုပ်နှံမှုသည် အမျိုးအစား "က" နှင့်/သို့မဟုတ် "ခ" အဆင့်တွင် ရှိလိမ့်မည်ဖြစ်သောကြောင့် သက်ဆိုင်ရာ ESIAs နှင့် EMPs တို့သည် လိုအပ်သည့် EA နည်းလမ်းများ ဖြစ်လာလိမ့်မည်။ မြစ်ဝှမ်း ရေရှည် အကျိုးဖြစ်ထွန်းစေရေးနှင့် စည်းမျဉ်းဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှုများကို အထောက်အကူဖြစ်စေရေးအတွက် စီမံကိန်းအကောင်အထည်ဖော်သည့်အချိန်တွင် SESA ကို ပြင်ဆင်လိမ့်မည်။ စီမံကိန်း၏ ယေဘုယျ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုများသည် ကောင်းမွန်သည့်အရာများသာဖြစ်မည်ဟု မျှော်လင့်ထားပြီး အဆောက်အအုံများကို ပြန်လည်တည်ဆောက်ခြင်း သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်း (အစိတ်ပိုင်း ၁၊ ၂ နှင့် ၃)၊ တည်ဆောက်ရေး လုပ်ငန်းများ (အစိတ်အပိုင်း ၂)၊နှင့် မြစ်အတွင်း တည်ဆောက်မှု လုပ်ငန်းများ (အစိတ်ပိုင်း ၃) တို့ကြောင်းအနှောင့်အယှက်များကို ယာယီ ဖြစ်စေနိုင်သည်။ သို့သော် ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုသည်မြစ်ကြမ်းပြင်တွင် ဖြစ်ပေါ်စေမည်ဟုမျှော်လင့်ပါသည်။ စီစဉ်ထားသော မြစ်ကြောင်းတိုးချဲ့မှု |

DRAFT

| ဘေးဆီးရန် ကာကွယ်ရေး မူဝါဒ | ဖော်ပြချက် | AIRBMP အတွက် သက်ရောက်မှု |
|---|---|---|
| | | (ရေနည်း ရာသီတွင် မြစ်၏ "အနည်းဆုံး ရှိနေရမည့် အနက်" ကို တိုးပေးရန်) များတွင် သင်္ဘောများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်မည့် လမ်းကြောင်းများ ဖြစ်စေရန်မြစ်ကြမ်းပြင်၏ ပိုမိုကျဉ်းမြောင်းပြီး နက်ရှိုင်းသည့်နေရာတွင် ခြောက်သွေ့သည့် ရာသီအတွင်း စီးဆင်းနိုင်မည့် ရေလမ်းကြောင်းငယ်များ တည်ဆောက်ခြင်းတို့ ပါဝင်သည်။ သို့မှသာ ၎င်းဆောင်ရွက်ချက်ကြောင့် မြစ်အသုံးပြုမှုနှင့် ရာသီအလိုက် ရေကြီးခြင်းများကို မထိခိုက်နိုင်ပါ။မြစ်ကြမ်းပြင်တွင် ရေလမ်းကြောင်းငယ်များ ပိုမိုတည်ဆောက်နိုင်ရန် အကန့်အသတ်ဖြင့် သောင်တူးစက်သုံး၍ တူးဖော်ပေးရန် မျှော်မှန်းထားသည်။ ဖောက်ခွဲပစ္စည်းများကို သုံးပြီး ရှင်းလင်းရေးလုပ်ဆောင်ချက်များကို ပြုလုပ်ရန် မျှော်လင့်မထားသော်လည်း လိုအပ်ပါက လုပ်ဆောင်ချက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သတ်မှတ် စံနှုန်းများအတိုင်း အကောင်အထည်ဖော်လိမ့်မည်ဖြစ်သည်။ အကောင်အထည်ဖော်စဉ်အတွင်း လမ်းကြောင်းတိုးချဲ့မှု မစတင်မီ အဆုံးသတ်ဖြစ်နိုင်ချေများအတွက် စီစဉ်ရေးဆွဲမှုနှင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ အကျိုးသက်ရောက်မှုကို အကဲဖြတ်ဆန်းစစ်မှု (ESIA) ကို ဆောင်ရွက်မည်ဖြစ်ပြီး အကျိုးသက်ရောက်မှုများ လျှော့ချစေရေး လုပ်ငန်းစဉ်များကို သတ်မှတ် EMPs များတွင် ရေးသားဖော်ပြမည်ဖြစ်သည်။ရေအရင်းအမြစ် စီမံကိန်းများအတွက် ပြင်ဆင်ပေးမည့် လေ့လာမှုများအား ထောက်ပံ့ပေးရန် သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရန်အတွက် စီမံကိန်း လုပ်ငန်းအညွှန်းတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာအကျိုးသက်ရောက်မှုများ၏ အတိမ်အနက်ပေါ်တွင် မူတည်၍ ကိစ္စ တစ်ခုချင်းစီအလိုက် ဖြစ်လာနိုင်ချေရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှု ဂယက်ရိုက်မှုများကို ရှာဖွေဖော်ပြပေးမည့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူကို ထည့်သွင်းသင့်သည်။ |
| **သဘာဝ သက်ရှိကျက်စားရာ နေရာများနှင့် ပတ်သတ်သော OP/BP 4.04** | သဘာဝသက်ရှိကျက်စားရာနေရာများနှင့်၎င်းတို့၏ လုပ်ငန်းများအား ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊နှင့် ပြန်လည်နေရာချထားခြင်းတို့တွင် ကူညီခြင်းဖြင့် သဘာဝ | AIRBM သည် မြစ်ဝှမ်း၏ ရေအရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာစီစဉ်ရန်ဆုံးဖြတ်ချက် ချမှတ်ခြင်းကို ထောက်ပံ့ပေးမည့် စနစ်ကိုဖန်တီးခြင်းဖြင့် သဘာဝ သက်ရှိနေထိုင်ရာဒေသများကို စီမံခန့်ခွဲမှုအား အပြုသဘောဖြင့် အကျိုးသက်ရောက်မှုရှိနိုင်သည်။ထို့အပြင်မျှော်မှန်းထားသော အလုပ်ငန်းများသည် ရေနေသတ္တဝါများနှင့် မြစ်ဝှမ်းတွင် နေထိုင်သူများ အပေါ် |

DRAFT

| ဘေးဆီးရန် ကာရေး မူဝါဒ | ဖော်ပြချက် | AIRBMP အတွက် သက်ရောက်မှု |
|---|---|---|
| | ပတ်ဝန်းကျင်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသည်။သဘာဝပတ်ဝန်းကျင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများဖြစ်ပေါ်စေကြောင်း သေချာစေရန် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့်ပတ်သတ်ပြီး ကြိုတင်သတိပေးတားမြစ်သည့်ချဉ်းကပ်နည်းများကိုချေးငှားသူများမှ အသုံးပြုရန် ကမ္ဘာ့ဘဏ်မှ မျှော်လင့်ပြီး ထောက်ပံ့ပေးသည်။ | တွင် သက်ရောက်နိုင်သည်။ ဖြစ်လာနိုင်ချေရှိသည့် ရင်းနှီးမြှပ်နှံမှုများသည် အချေချနေထိုင်သည့်ဒေသများအတွက် ထုံးတမ်းစဉ်လာမဟုတ်သော သို့မဟုတ် ထူးခြားသော ပြောင်းလဲမှုများ မဖြစ်ပေါ်စေရေးအတွက် သေချာစေရန် စိစစ်စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းများ ESMF တွင် ပါဝင်လိမ့်မည်။တိကျသော ESIAs နှင့် EMPs တို့သည် အကောင်အထည်ဖော်စဉ်အတွင်း ဖြစ်ပေါ်လာမည့် သက်ရောက်မှုများနှင့် ၎င်းတို့ကို လျှော့ချနိုင်မည့် နည်းလမ်းများကို သတ်မှတ်လိမ့်မည်။ habitats ဖြစ်နိုင်သည့် ရင်းနှီးမြှပ်နှံမှုများအတွက် နည်းပညာပိုင်းဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှုနှင့် အကြံပြုချက်များတွင် သဘာဝ သက်ရှိများကျက်စားရာနေရာအတွက် ဘေးအန္တရာယ်များ သို့မဟုတ် ဖြစ်လာနိုင်သည့် ထိခိုက်မှုများကို ထည့်သွင်းစဉ်းလိမ့်မည်။ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်စဉ်အတွင်း ပြုလုပ်သည့် နည်းဗျူဟာမြောက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှုများသည် မြစ်ဝှမ်းဒေသရှိ သဘာဝ သက်ရှိကျက်စားရာနေရာများအတွက် ပြဿနာများနှင့် IWRM စီမံခန့်ခွဲမှုတို့ကိုလည်း စစ်ဆေးလိမ့်မည်ဖြစ်သည်။ |
| ရုပ်ပိုင်း ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များနှင့် ပတ်သတ်သော OP/BP 4.11 | ကမ္ဘာ့ဘဏ်သည်စီမံကိန်းနှင့် ဆက်စပ်နေသော လုပ်ဆောင်ချက်များသို့မဟုတ် ရင်းနှီး မြှပ်နှံမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များ နှင့်ပတ်သတ်ပြီး အလွန်စိုးရိမ်မိပါသည်။ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်များ နှင့်ပတ်သတ် ပြီး ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှုများ ကိုရှောင်ကြဉ်သင့်သည် သို့မဟုတ် လျှော့ချသင့်သည်။ | မည်သည့် ရုပ်ပိုင်း ယဉ်ကျေးမှု အရင်းအမြစ်များ (PCRs) ထိခိုက်မှုများကိုမဆို ဖြစ်လိမ့်မည်ဟု မျှော်လင့်မထားပါ။ သို့သော် မြန်မာနိုင်ငံ၏ ကြွယ်ဝသော ယဉ်ကျေးမှုအမွေ အနှစ်များကြောင့် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း PCRs များကို တူးဖော်ရရှိခြင်း သို့မဟုတ် ထိခိုက်ခြင်းတို့ ဖြစ်နိုင်သည်။ ဤ ESMF တွင် "အခွင့်အရေး ရှာဖွေခြင်း လုပ်ထုံးလုပ်နည်းများ" အပါအဝင် PCRs အကဲဖြတ် ဆန်းစစ်မှုများ ပါဝင်သည်။ သင့်လျော်ပါက ထိုထိခိုက်မှုများကို လျော့နည်းစေမည့် အသေးစိတ်လုပ်ဆောင်ချက်များကိုဖော်ပြရန်အကောင်အထည်ဖော် ဆောင်ရွက်စဉ်အတွင်း PCRs စီမံခန့်ခွဲမှု အစီအစဉ်ကို လုပ်ဆောင်မည်ဖြစ်သည်။ |
| မဖြစ်မနေ ပြန်လည်နေရာချထ | စီမံကိန်းအတွက် အခြား ပြုလုပ်နိုင်မည့် အစီအစဉ်များကိုရှာဖွေခြင်းဖြင့် ပြန်လည် နေရာချထား ဆောင်ရွက် | မြေယာ ရပိုင်ခွင့်များ သို့မဟုတ် ဝင်ငွေဆုံးရှုံးမှုများအတွက် စီမံကိန်းမှ ငွေကြေးထောက်ပံ့ပေးနိုင်ပါသည်။ အစိတ်အပိုင်း ၃ |

DRAFT

| ဘေးဆီးရန် ကာရေး မူဝါဒ | ဖော်ပြချက် | AIRBMP အတွက် သက်ရောက်မှု |
| --- | --- | --- |
| ၤးခြင်းနှင့် ပတ်သတ်သော OP/BP 4.12 | မှုများကို လျှော့ချရန် သို့မဟုတ် ရှောင်ကြဉ်ရန် အတတ်နိုင်ဆုံး ကြိုးစားရမည်။ ရှောင်လွှဲ မရပါကပြန်လည် နေရာချထားခြင်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်မည့် အစီအစဉ်များအဖြစ် ဆောင်ရွက်ရမည်။ စီမံကိန်းကြောင့် ထိခိုက် ခံရသည့်သူများအားလုံး (PAPs) သည်၎င်းတို့ပေးလိုက်ရသည့် တန်ဖိုးနှင့် အနည်းဆုံးညီမျှသည့် ပမာဏကို လျော်ကြေးအဖြစ်လက်ခံရရှိလိမ့်မည်။ ၎င်းတို့နှင့်အတူ တိုင်ပင်ဆွေးနွေးသင့်ပြီး ၎င်းတို့ကို ပြန်လည်နေရာချထားခြင်း လုပ်ဆောင်ချက်များ စီစဉ်ခြင်းနှင့် ဆောင်ရွက်ခြင်းတို့တွင် ပါဝင်စေသင့်သည်။ | အရ မြစ်တွင်း ရေကြောင်းသွားလာမှု ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မှုကဲ့သို့ အချို့လုပ်ဆောင်ချက်များသည် မြေပြင်တွင် အလုပ်များဖြင့်ယာယီပြည့်နှက်နေနိုင်သည်။ရုံးခန်းအဆောက်အဦး များနှင့် အခြားပုံစံများ တည်ဆောက်ခြင်းကို ပြည်သူလူထု မြေပေါ်တွင်သာ ဆောက်လုပ်ပါလိမ့်မည်။ လေ့လာခြင်းဆိုင်ရာ အခြေခံအဆောက်အဦကို ခေတ်မီအောင် ပြုပြင်ခြင်းသည် အနည်းစု မြေဆုံးရှုံးမှုကို ဖြစ်စေနိုင်သည်။ ၁၀ နှစ်တာ ကာလ ရင်းနှီးမြှုပ်နှံမှု အစီအစဉ် အပါအဝင် ရေဂဝတီမြစ်ဝှမ်း စီမံခန့်ခွဲမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အား OP 4.12တွင် ဖော်ပြ ထားသော မြေရရှိရေး လိုအပ်သည့် အစိတ်အပိုင်း ၁ အရ စီစဉ်လိမ့်မည်ဖြစ်သည်။ ဤ ESMF တွင် အဆိုပြုထားသည့် အတိုင်း လုပ်ဆောင်ရမည့် SESA သည် ရေဂဝတီ ဘက်စုံမြစ်ဝှမ်းစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အား ပြင်ဆင်ခြင်းနှင့် ဆက်နွယ်နေသည့် အကျိုးသက်ရောက်မှုများကို ရှာဖွေလိမ့်မည်။အစိတ်အပိုင်း ၁ ၏ PPF မှ ထောက်ပံ့ ပေးထားသောစီမံကိန်းများတွင် ဖိအားပေးပြီးပြန်လည် နေရာ ချထားခြင်းဆိုင်ရာ အကျိုးသက်ရောက်မှုများ ပါဝင်နိုင်ပြီး စီမံကိန်းမှ အဆိုပါ ထိခိုက်မှုများအား အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လိုအပ်သော နည်းလမ်းများ ပြင်ဆင်ခြင်းတို့တွင် ကူညီပေး လိမ့်မည်။ စီမံကိန်းမှ ငွေကြေးထောက်ပံ့ပေးသည့် မြေ ရရှိမှုနှင့် အခြား ဖိအားသုံးပြီး ပြန်လည်နေရာချထားခံရခြင်း အကျိုးသက်ရောက်မှုများကို သတ်မှတ်ရန် ပြန်လည်နေရာချထားခြင်း မူဝါဒကန့်သတ်မှုဘောင် (RPF) ကို ဤ ESMF တွင် ထည့်သွင်းထားသည်။ |
| နေရင်းဒေသခံ လူမျိုးများနှင့် ပတ်သတ်သော (OP/BP 4.10) | ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်သည် နေရင်း ဒေသခံ လူမျိုးများ (မြန်မာနိုင်ငံအတွင်းရှိ လူနည်းစုတိုင်းရင်းသားများ) ၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးနှင့်၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့အား အပြည့်အဝ လေးစားကြောင်း သေချာစေရန် မူဝါဒမှ ရည်ရွယ်ထားသည်။ ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ပေးမှုရရှိရန် ရည်ရွယ် | အသက်မွေးဝမ်းကြောင်းမှုနှင့် ဝမ်းရေးဖူလုံမှုအတွက် မြစ် အပေါ်တွင် မှီခိုနေရသော OP 4.10 ပါ တိုင်းရင်းသား လူမျိုးစု အနည်းစုအတွက် ရေဝတီ မြစ်ဝှမ်းသည် မိခင်အိမ်ပင် ဖြစ်ပါသည်။ ချုပ်ဆိုရာလျင် စီမံကိန်းမှ လူတိုင်းအသက်မွေးဂမ်းကျောင်းအပေါ် ကောင်းမွန်းသည့် သက်ရောက်မှုများစွာ ပေးနိုင်ရန်မျှော်လင့်ထားပါသည်။ ခြုံငုံပြောရလျှင် စီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းမှုများကို အနည်းငယ်သာ ထိခိုက်စေရန်မျှော်လင့်ထားသည်။ကနဦးလူမျိုးစုများအား စိစစ်စစ်ဆေးခြင်းတွင် ရေကြောင်း တိုးချဲ့မှု ပြုလုပ်မည့်နေရာ၌ တိုင်းရင်းသား လူမျိုးစုလူနည်းစုအားမတွေ့ရှိရပါက သို့သော်ငွေကြေးထောက်ပံ့ |

DRAFT

| ဘေးဆီးရန် ကာရေး မူဝါဒ | ဖော်ပြချက် | AIRBMP အတွက် သက်ရောက်မှု |
|---|---|---|
| | ပြီးနေရင်းဒေသခံ လူမျိုးစုများအား ထိခိုက်သော စီမံကိန်းများအား လုံးအတွက် ပိုမိုကျယ်ပြန့်သော လူထုအတွက် ထောက်ပံ့ပေးနိုင်မည့် အခမဲ့၊ကြိုတင်၊ အကြောင်းကြားထားသော တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်များ ပါဝင်ရန်အတွက် လူမှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှု ပြုလုပ်ရန်နှင့် နေရင်းဒေသခံ လူမျိုးများအတွက်အစီအစဉ်ကို ပြင်ဆင်ရန် လိုအပ်သည်။ | ပေးသော လုပ်ဆောင်ချက် များအားလုံးအတွက် အသေးစိတ် လူမျိုးစုများ စိစစ်စစ်ဆေးခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့်ကာလအတွင်း ပြုလုပ်လိမ့်မည်။ တိုင်းရင်းသားလူမျိုးစုအား ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သက်ရောက်နိုင်မည့် ငွေကြေးထောက်ပံ့ပေးထားသည့် စီမံကိန်းများတွင် ချေးငှားသူသည် အခမဲ့ ကြိုတင် အကြောင်းကြားထားသည့် တိုင်ပင်ဆွေးနွေးခြင်းများကို အခမဲ့ လုပ်ဆောင်ပေးပြီး၊ လူမှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှုများ ပြုလုပ်ကာ ဒေသခံ လူမျိုးစုများအတွက် အစီအစဉ်ကို ပြင်ဆင်လိမ့်မည်။ စီမံကိန်း၏ သက်ရောက်မှုခံရမည့် လူမျိုးစုအနည်းငယ်အတွက် လူထုမှ ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့ပေးမှုကို မရရှိလျှင် အဆိုပါ စီမံကိန်း ဆောင်ရွက်မှုများကို ငွေကြေးထောက်ပံ့ပေးမည် မဟုတ်ပေ။စီမံကိန်း အကောင်အထည်ဖော်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့် လိုအပ်ချက်များကို ESMF တွင် ပါဝင်သော နေရင်းဒေသခံ လူမျိုးစုများအတွက် အစီအစဉ်ရေးဆွဲခြင်း အခြေခံမူဘောင်တွင် ဖော်ပြထားသည်။ SESA တွင် လူမျိုးစုများအတွက် အွန္တရာယ်များ၊ သက်ဆိုင်မှုများနှင့် အကျိုးရလဒ်များကို အကဲဖြတ်ရန်နှင့် ၎င်းတို့အား တိုင်ပင်ဆွေးနွေးပြီး ဧရာဝတီမြစ်ဝှမ်း စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ပါဝင်စေကြောင်း သေချာစေမည့် လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။ |
| **အပြည်ပြည်ဆိုင်ရာ ရေကြောင်းတွင် ပြုလုပ်မည့် စီမံကိန်းများနှင့် ပတ်သတ်သော OP/BP 7-50** | ကမ္ဘာ့ဘဏ်သည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းများတွင် ပြုလုပ်ရသော စီမံကိန်းများနှင့်ပတ်သတ်သော အချက်အလက်များကို အချိန်မီ ပံ့ပိုးပေးခြင်းဖြင့် မြစ်ကမ်းများတွင် နေထိုင်သူများအား အထူးအာရုံစိုက်သည်။ | AIRBM စီမံကိန်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှု ပမာဏတွင် ဧရာဝတီမြစ်ဝှမ်းတစ်ခုလုံး၊ တရုတ်နှင့် အိန္ဒိယတို့နှင့် ချိတ်ဆက်လျက်ရှိသည့် ရေကြောင်းလမ်းတို့ ပါဝင်သည်။သို့သော် စီစဉ်ထားသော ရင်းနှီးမြှုပ်နှံမှုများတွင် ဧရာဝတီမြစ်ထဲရှိ သို့မဟုတ် မြစ်ကြောင်းတလျှောက်ရှိ ရေအရည်အသွေးနှင့် အရည်အချင်းတို့အား ဆိုးရွားစွာ ထိခိုက်ခြင်း ရှိမည်ဟု မျှော်မှန်းမထားပေ။ထို့ကြောင့် အဆိုပြုသော စီမံကိန်းသည် မြစ်ကမ်းဘေး နေထိုင်သူများအတွက် အသိပေးရန် ချွင်းချက်ရှိနေပါသည်။အဆိုပါ အသိပေးရန် လိုအပ်ချက်နှင့် ပတ်သတ်သော ချွင်းချက်နှင့် ပတ်သတ်ပြီး တိုင်းဒေသကြီးဒုဝန်ကြီးမှသဘောတူညီပေးရန် တောင်းဆိုထားသည့် သဘောတူစာချုပ် မူကြမ်းကို စီမံကိန်း |

DRAFT

| ဘေးဆီးရန် ကာရေး မူဝါဒ | ဖော်ပြချက် | AIRBMP အတွက် သက်ရောက်မှု |
|---|---|---|
| | | အကဲဖြတ်ဆန်းစစ်မှုလုပ်မည့် အဖွဲ့မှ ပြင်ဆင်နေပါသည်။ |
| ရေကာတာများ ဘေးကင်းလုံခြုံရေး နှင့် ပတ်သတ်သော OP/BP 4.04 | ကမ္ဘာ့ဘဏ်မှ အလေးထားသည်မှာ ဆည်တမံများ သက်တမ်းရှည်စေရန် အတွက် သင့်လျော်သော ဆောင်ရွက်ချက်များကို ဆောင်ရွက်ကြောင်း၊ ဆည်တမံများ ဘေးကင်း လုံခြုံရေး အတွက် လုံလောက်သော အရင်းအမြစ်များပံ့ပိုးပေး ကြောင်း၊ ထောက်ပံ့ပေးငွေ များကို မလျော်မကန် သုံးစွဲမှုမရှိကြောင်း၊ သို့မဟုတ် တည်ဆောက်ရေး ဆိုင်ရာ အခြေအနေများ ကောင်းမွန်ကြောင်း သေချာ စေရန် ပိုင်ရှင်တွင် တာဝန် ရှိသည်။ ဆည်တမံသည် ကောင်းမွန်စွာအလုပ်မလုပ်နိုင် လျှင် သို့မဟုတ် ပျက်စီးခဲ့ လျှင် ပြင်းထန်သော အကျိုး သက်ရောက်မှုများရှိနိုင် သောကြောင့် ကမ္ဘာ့ဘဏ် သည်ငွေကြေးထောက်ပံ့ထားသော ဆည်တမံအသစ် များ ဘေးကင်းမှုရှိစေရေးနှင့် ကမ္ဘာ့ဘဏ်မှ ငွေကြေး ထောက်ပံ့ပေးသောစီမံကိန်း အပေါ် တိုက်ရိုက် မှီခိုနေရ သော တည်ဆောက်ဆဲ ဆည်တမံများနှင့် ပတ်သတ် ပြီးလည်း စိုးရိမ်နေသည်။ | AIRBM စီမံကိန်းသည် ဆည်များ တည်ဆောက်ခြင်း၊ ချဲ့ထွင်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခြင်းများကို အထောက်အပံ့မပေးသည့်အခါ ဤမူဝါဒအား စီမံကိန်းမှ ငွေကြေးထောက်ပံ့ပေးနိုင်မည့်ဆည်များတည်ဆောက်ခြင်း၊ ချဲ့ထွင်ခြင်း သို့မဟုတ် ပြန်လည် ပြင်ဆင်ခြင်းအတွက် အကြိုဖြစ်နိုင်ချေ နှင့်/သို့မဟုတ် ဖြစ်နိုင်ချေ လေ့လာချက် များအဖြစ်အစပြုမည်ဖြစ်သည်။ထိုသို့သောအခြေအနေများ တွင် လေ့လာမှုများ (အကြို ဖြစ်နိုင်ချေနှင့် ဖြစ်နိုင်ချေ လေ့လာမှုများနှင့် အခြား လေ့လာမှုများ)အတွက် စီမံကိန်း ရည်မှန်းချက်နှင့် ဖွဲ့စည်း တည်ဆောက်ပုံများတွင် ဆည်တမံများ ဘေးကင်းရေး လုပ်ဆောင်ချက်များနှင့် စီမံကိန်းလုပ်ငန်းအခွဲကြောင့် ဖြစ်လာမည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အကျိုး သက်ရောက်မှု များကို အကဲဖြတ်ဆန်းစစ်မှု၊ ကမ္ဘာ့ဘဏ်၏ ဆည်တမံများ ဘေးကင်းရေး မူဝါဒမှ ပြဌာန်းထားသည့် အတိုင်း အခြားနည်းလမ်းများ ပါဝင် မည်ဖြစ်သည်။ |

DRAFT

| ဘေးဆီးရန် ကာရေး မူဝါဒ | ဖော်ပြချက် | AIRBMP အတွက် သက်ရောက်မှု |
|---|---|---|
| **အချက်အလက်များ ထုတ်ဖော်ခြင်းနှင့် ပတ်သတ်သော ကမ္ဘာ့ဘဏ်၏ မူဝါဒ** | စီမံကိန်းအတွက်လျာထားသော နေရာများတွင် အခြေချနေထိုင်သူများအား အဆိုပြုထားသောစီမံကိန်းစတင်မှုနှင့်ပတ်သတ်ပြီး အကြောင်းကြားရန် လိုအပ်သည်။ | ကမ္ဘာ့ဘဏ်၏ မူဝါဒ လိုအပ်ချက်များအရ အခမဲ့ ကြိုတင်အကြောင်းထားထားသော ပြည်သူနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းလုပ်ဆောင်ချက်များကို ပြုလုပ်ပြီး စီမံကိန်း အကောင်အထည်ဖော်စဉ်အတွင်း ၄င်းတို့ကို ဆက်လက်ပြုလုပ်လိမ့်မည်။အမျိုးသား၊အမျိုးသမီးသာ တူညီမျှရှိရေးသည်လည်း AIRBM တွင် စိတ်ဝင်စား သူများ ပါဝင်ဆောင်ရွက်လာစေရေး အစီအစဉ်၏ အရေးကြီးသော အစိတ်ပိုင်းဖြစ်သည်။ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းမပြုလုပ်မီ AIRBM အတွက် စီမံကိန်းအပေါ် စိတ်ပါဝင်စားသူများနှင့် ဒေသခံ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) များထံ စီမံကိန်းနှင့် ဆက်နွယ်နေသော စာရွက်စာတမ်းများကို ပြသမည်ဖြစ် သည်။ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထား သော အဆိုပါစာရွက်များကို အကဲဖြတ်ဆန်းစစ်မှု မပြု လုပ်မီ မြန်မာနိုင်ငံအတွင်းတွင် ဖော်ပြရုံသာမက ဝါရှင်တန် ဒီစီရှိ ကမ္ဘာ့ဘဏ်၏ အချက်အလက် အင်တာနက် စာမျက်နှာတွင်လည်း ဖော်ပြထားလိမ့်မည်။ |

**<u>နောက်ဆက်တွဲ ၂ : အသေးစားတည်ဆောက်ရေးလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုအတွက် လမ်းညွှန်ချက်များ</u>**

**သဘာဝပတ်ဝန်းကျင်ကို စိစစ်စစ်ဆေးခြင်း**

ပုံမှန်အားဖြင့် ဤစီမံကိန်းအမျိုးအစားအား တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ အများအပြားထိခိုက်ခြင်း မရှိပေ။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် စီမံကိန်းအများစုကို အမျိုးအစား "ခ" အဖြစ် သတ်မှတ်လိမ့်မည်။ သို့သော် ထင်ရှားသော ပြဿနာများကို သတ်မှတ်ပြီး သင့်လျော်သည့် ဆောင်ရွက်ချက်များကို စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းကြောင်း သေချာစေရန် စီမံကိန်းအခွဲများနှင့် တည်ဆောက်ရေးဆောင်ရွက်သည့်နေရာများကို စိစစ်စစ်ဆေးရန် အကြံပြုပါသည်။ ဖြစ်လာနိုင်ချေရှိသော ပြဿနာများသည် အဆိုပြုသော တည်ဆောက်ရေးလုပ်ငန်း တည်ဆောက်ရေးလုပ်ငန်း အမျိုးအစား (ကျေးလက်ရှိ ကျောင်းအဆောက်အဦးငယ်များ နှင့် အထပ်များစွာ ပါဝင်သော အဆောက်အဦးများ)၊ ရရှိနိုင်သော ဧရိယာ (ပြွတ်သိပ်နေခြင်း နှင့် ကျယ်ပြန့်မှုရှိခြင်း)၊ တည်နေရာ (မြို့ပြ နှင့် ကျေးလက်) ပေါ်တွင် မူတည်နေပါသည်။ ကိစ္စအများစုတွင် ဒေသခံ လူထုအား အဆင်မပြေမှုများ သို့မဟုတ် အနှောင့်အယှက်များဖြစ်စေနိုင်သည့် မြို့ပြဒေသများတွင် ဆောက်လုပ်ရေး လုပ်ဆောင်ချက်များအား ဂရုတစိုက် စီစဉ်ပြီး ဆောင်ရွက်ရန် လိုအပ်သည်။ အနာဂတ်အတွက် စီမံကိန်း နေရာများနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အချက်အလက်များအတွက် စိစစ်စစ်ဆေးသင့်ပါသည် -

(က) မိသားစုများနှင့် လုပ်ငန်းများအား ပြန်လည်နေရာချထားရေးအတွက် လိုအပ်ချက်၊ ကျူးကျော်နေထိုင်သူများရှိခြင်းနှင့် ပဋိပက္ခဖြစ်စေနိုင်သော အခြားမြေယာများ ရှိခြင်း။

(ခ) (တည်ဆောက်ဆဲကာလအတွင်း) အမြဲတမ်းဖြစ်စေ သို့မဟုတ် ယာယီဖြစ်စေ နေထိုင်သူများ သို့မဟုတ်လုပ်ငန်းများကို အကန့်အသတ်ဖြင့်အသုံးပြုနိုင်ခြင်း သို့မဟုတ် အနှောင့်အယှက်များ ဖြစ်စေခြင်း။

(ဂ) စိမ်းလန်းစိုပြေသည့် နယ်မြေများ၊ ပန်းခြံများနှင့် အခြားအပန်းဖြေနေရာများကို ထိခိုက်ခြင်းနှင့်/ လျော့ပါးသွားစေခြင်း။

(ဃ) ဗိသုကာပညာ အဆင့်မြင့်မားသည့် သို့မဟုတ် သမိုင်းဝင် အဖိုးတန် အဆောက်အဦးမြင့်များကို ဖြိုဖျက်ခြင်း။

(င) လုပ်ဆောင်မှုကြောင့် မြို့ပြအရည်အသွေးနှင့် တန်ဖိုးကို လျော့နည်းစေသည့် အလားအလာ ရှိခြင်း သို့မဟုတ် ပတ်ဝန်းကျင်ရှိ ထင်ရှားသော ဗိသုကာပညာ သွင်ပြင်လက္ခဏာများကို ပျက်စီးစေမည့် အလားအလာရှိခြင်း။

(စ) ကျောင်းများ၊ ဆေးရုံများနှင့် စီးပွားရေးလုပ်ငန်းသုံး အဆောက်အဦးအများအပြားရှိသည့် နေရာများတွင် မတော်တဆ ထိခိုက်မှုများ ဖြစ်စေနိုင်သည့် အလားအလာရှိခြင်း။

(ဆ) မြို့ပြဆိုင်ရာ အခြေခံအဆောက်အဦများအား ထိခိုက်မှု(ပလက်ဖောင်းများ၊ မီးနှင့် ဖုန်းကြိုးများ၊ ရေနှင့် မိလ္လာပိုက်များ၊ အစရှိသဖြင့်)။

(ဇ) တည်ဆောက်စဉ်အတွင်း လက်ခံနိုင်ဖွယ်မရှိသော အနှောင့်အယှက်များ ဖြစ်ပေါ်မှု။ (ဖုန်၊ အမှိုက်များနှင့် ဆောက်လုပ်ရေးကြောင့် ယဉ်အသွားအလာကျပ်ခြင်း)

(ဈ) သဘာဝ ဘေးအန္တရာယ်နှင့် ပတ်သတ်ပြီး ဖြစ်လာနိုင်ချေရှိသော ပြသနာများ။ (ရေကြီးခြင်း၊ မြေသား မတည်ငြိမ်ခြင်း)

အခြားတစ်ဖက်တွင်လည်း အချို့သော စီမံကိန်းနေရာများသည် သဘာဝပတ်ဝန်းကျင်ကို ပိုမို ကောင်းမွန်စေသည့် အခွင့်အရေးများနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မည့် နည်းပညာများနှင့် အယူအဆများကို ပေးစွမ်းပါသည်။ ထိုသို့ တိုးပွားလာမည်ဖြစ်သည့် အခွင့်အရေးများကို စီမံကိန်း စီစဉ် ရေးဆွဲစဉ်နှင့် စီမံကိန်းအတွက် တည်ဆောက်နေစဉ်အတွင်း ထည့်သွင်းဆောင်ရွက်နိုင်သည်။

**သဘာဝပတ်ဝန်းကျင်နှင့် ပတ်သတ်သော အခြေခံသဘောတရားများ**

သတ်မှတ်ထားသော စီမံကိန်းလုပ်ငန်းအပိုင်းခွဲများအတွက် ကြိုတင် သိရှိထားခြင်း မရှိသည့် အစီအစဉ်ရေးဆွဲပြီးဖြစ်သော သို့မဟုတ် ကဏ္ဍအလိုက် စီမံကိန်းများအတွက် အသေးစား တည်ဆောက်ရေး လုပ်ငန်းများ (အဆောက်အဦးများ၊ ကျောင်းများ၊ ရုံးချုပ်များ၊ မြို့ပြ ဂုံးကျော်တံတားများနှင့် တံတားများ) တည်ဆောက်ခြင်းနှင့် အစီအစဉ်ပြုလုပ်ခြင်းအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေခံသဘောတရားများ ကို သဘောတူပြီး လုပ်ငန်းဆောင်ရွက်မှု လက်စွဲစာအုပ်တွင် ဖော်ပြရန် အကြံပြုပါသည်။ ထိုသို့သော စံနှုန်း သတ်မှတ်ချက်များနှင့် ပတ်သတ်သော နမူနာများကို သေတ္တာ အမှတ် ၁ တွင် ပြသထားပါသည်။

DRAFT

သေတ္တာ ၁ - အသေးစားတည်ဆောက်ရေးလုပ်ငန်းများကို အစီအစဉ်ရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်စံနှုန်းများ

- ရေးဆွဲထားသော အစီအစဉ်များသည် ပြည်သူလူထုအား ပြန်လည်နေရာချထားရန် လိုအပ်ချက်၊ အစိမ်းရောင် နယ်မြေ၊ အပန်းဖြေနယ်မြေ၊ သမိုင်းဝင်အဆောက်အဦးများ သို့မဟုတ် ဇိသုကာ လက်ရာအားဖြင့် တန်ဖိုးရှိသော အဆောက်အဦးများ ပျက်စီးစေခြင်းကို လျော့ချသင့်သည် သို့မဟုတ် ရှောင်ကြဉ်သင့်သည်။
- တည်ဆောက်ဆဲ အဆင့်တွင်ဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်သည့်အဆင့်တွင်ဖြစ်စေ နေအိမ် အဆောက်အဦးများနှင့် စီးပွားရေးလုပ်ငန်းများကို အသုံးပြုနိုင်မှုရှိစေရေးအတွက် အာမခံသင့် သည်။ အဆောက်အဦးများအား အသုံးပြုမှုနှင့်ပတ်သတ်ပြီး ကန့်သတ်ချက်များ သို့မဟုတ် တားမြစ်ချက်များရှိလာပါက သင့်လျော်စွာ လျော့ချခြင်း သို့မဟုတ် လျော်ကြေးပေးခြင်းကို ဆောင်ရွက်သင့်သည်။
- လမ်းများ/မီးရထားလမ်းများ တည်ဆောက်ရာတွင်ဖြစ်စေ၊ ဒီဇိုင်းရေးဆွဲရာတွင်ဖြစ်စေ ဘေးကင်း လုံခြုံသောသ လူကူးမျဉ်းကြားနှင့် စက်ဘီးဖြတ်သွားရန် နေရာများကို ထည့်သွင်းသင့်သည်။
- သဘာဝပတ်ဝန်းကျင်အရည်အသွေးနှင့် အဆောက်အဦးတန်ဖိုးများအပေါ် ဆိုးရွားစွာ ထိခိုက်ခြင်းကို လျှော့ချရန် ရေးဆွဲထားသော အစီအစဉ်သည် (တံတားအောက်ဖက် သွားလာရန် နေရာများ၊ တစ်ဖက်ပိတ်လမ်းများ၊ လမ်းသွားလမ်းလာများ အသုံးပြုရန်အတွက် လမ်းများ) ကဲ့သို့နေရာများ ဖန်တီးပေးရေးအတွက် မြေအခင်းအကျင်းများကို ပြုပြင်ခြင်းနှင့် စီစဉ်ခြင်း အပါအဝင် မြို့ပြပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသင့်သည်။
- အခြား ဖြေရှင်းချက်များနှင့် နောက်ဆုံးစီစဉ်ရေးဆွဲမှုများကို ပြုလုပ်ရန် တိုက်ရိုက် ထိခိုက်ခံရသည့် အဆောက်အဦးပိုင်ရှင်များ၊ ဒေသခံ NGOs များနှင့် ကျေးလက်လူထု အဖွဲ့အစည်းများ၊ စီးပွားရေးနှင့် ပညာရှင်ဆိုင်ရာ အဖွဲ့အစည်းများအား အထူးအလေးထားလျက် ပြည်သူလူထုနှင့် ကျေးလက်လူထုတို့နှင့်အတူ တိုင်ပင်ဆွေးနွေးပြီး အကြံဉာဏ်ရယူသင့်သည်။
- ပြည်သူလူထုကို ထိခိုက်ခြင်းကိုလျော့ချရန် တည်ဆောက်ရေးဆိုင်ရာ လုပ်ဆောင်ချက်များသည် တိကျသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်သင့်သည်။ တည်ဆောက်ရေးဆောင်ရွက်ရန် အချိန်ဇယား ရေးဆွဲထားမှုနှင့် ပြည်သူတို့အသုံးပြုနေသည့် အရာများ (လျှပ်စစ်မီး၊ ရေနှင့် ဖုန်း) ကို အနှောက်အယှက်ဖြစ်စေမည့် အချိန်ကာလကို သက်ရောက်မှုခံရမည့် လူထုထံ အကြောင်းကြားထားသင့်သည်။
- တည်ဆောက်စဉ်အတွင်း ထိခိုက်ခံရသော ဒေသအားလုံးနှင့် အခြေခံအဆောက်အဦအားလုံး အထူးသဖြင့် လျှောက်လမ်းများ၊ လမ်းလည်ကျွန်းများ၊ ဥယျာဉ်များ၊ ပလက်ဖောင်း သစ်ပင်များ၊ လျှပ်စစ်မီး၊ရေကဲ့သို့ ပြည်သူလူထု အသုံးပြုနေသည့် အရာများ၊ လမ်းလွှဲမှုကြောင့် ပျက်စီးသည့် လျှောက်လမ်းများကို နဂိုမူလ အနေအထားရောက်အောင် ပြန်လည်ပြုပြင်ပေးသင့်သည်။

ရေးဆွဲထားသော အစီအစဉ်သည် မြို့ပြဒေသ ပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက် ပေးရန် စဉ်းစားသင့်သည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု နည်းလမ်းများ**

ဆောက်လုပ်ရေး ဒီဇိုင်းအတွက် သဘာဝပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားထားမှုများ

စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများအတွက် ဒီဇိုင်းပုံစံ ရေးဆွဲရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည် - (၁) အဆောက်အဦး သို့မဟုတ် အခြေခံအဆောက်အဦနှင့် သောက်သုံးရေ ပေးပေမှုစနစ်၊ လက်ရှိ ရေပေးဝေမှု စနစ်၏ စွမ်းဆောင်ရည် သို့မဟုတ် အဆောက်အဦးများအတွက် ရေပေးဝေမှု စနစ်တည်ဆောက်ရန် လိုအပ်ချက် (ရေတွင်း၊ ရေလှောင်ကန်၊ ရေပေးဝေမှု ပိုက်လိုင်း၊ အစရှိသဖြင့်) (၂) မိလ္လာစွန့်ပစ် ပိုက်များနှင့် ချိတ်ဆက်မှု နှင့် မိလ္လာစုစည်းသူများအား လက်ခံရန်အတွက် စွမ်းဆောင်ရည် ချဲ့ထွင်မှု လိုအပ်ချက် သို့မဟုတ် အဆောက်အဦးအတွက် ရေဆိုးရေညစ် စွန့်ပစ်မှု စနစ် လိုအပ်ချက် (မိလ္လာထည့်သည့် ကန်၊ ယိုစိမ့်နေသော ပိုက်များ) (၃) မိလ္လာပိုက်များ သို့မဟုတ် ရေဆိုးရေညစ် စွန့်ထုတ်သည့် စနစ်မှတဆင့် ရေဆိုးရေညစ်များကို မစွန့်ပစ်မီ ကိုယ်ထူကိုယ်ထစနစ်သုံး စားသောက်ဆိုင် များနှင့် စားသောက်ဆိုင်များမှ ရေဆိုးရေညစ်များကို စွန့်ပစ်မှု ပုံစံ(၄) လက်ရှိ ရေစုန် စနစ်များကို စဉ်းစားလျက် ၄င်းတို့ကို ပြန်လည်စုစည်းရန်နှင့် ဘေးကင်းရာသို့ ရွှေ့ရန်အတွက် အထောက်အပံ့များနှင့် စီးဆင်းနေသော ရေဆိုးရေညစ်များကို ပြည့်စုံလုံလောက်စွာ စီမံခန့်ခွဲမှု (၅) အဆောက်အဦးထဲရှိ စွန့်ထုတ် အစိုင်အခဲများကို ခွဲခြားရန်နှင့် ပြန်လည်အသုံးပြုနိုင်အောင် ဆောင်ရွက်မည့် ပုံစံများကို သုံးပြီး အမှိုက်များကို စုစည်းခြင်း၊ သိုလှောင်ခြင်းနှင့် ပို့ဆောင်ခြင်း စနစ်များ (၆) လမ်းသွားလမ်းလာများ၊ မြူနီစီပယ်နှင့် မြူနီစီပယ်အသေးစား ဘတ်စ်ကားများ၊ စက်ဘီးများ၊ ကလေးများနှင့် ရုပ်ပိုင်းဆိုင်ရာ အားနည်းချက်ရှိသူများအတွက် သင့်လျော်သော အသုံးပြုမှု စနစ်များ (၇) အဆောက်အဦး ပုံစံကို ပတ်ဝန်းကျင် အနေအထားရှိ ဗိသုကာလက်များနှင့် ဆက်စပ်နေသော သွင်ပြင်လက္ခဏာများနှင့် ပေါင်းစည်းရန် လိုအပ်ချက် (၈) အပူပိုင်းဒေသ သစ်တောများ၊ ခဲ-ပါဝင်သော အိမ်သုတ်ဆေးများ၊ ကျောက်ငွမ်းများကဲ့သို့ ပစ္စည်းများအသုံးပြုခြင်းကို ရှောင်ကြဉ်မှု။

သဘာဝပတ်ဝန်းကျင်ကို အကျိုးဖြစ်ထွန်းစေခြင်း

အချို့ စီမံကိန်းများ၏ ဗိသုကာလက်ရာ ဒီဇိုင်းသည် သဘာဝပတ်ဝန်းကျင်နှင့် ရင်းနှီးကျွမ်းဝင်မည့် အဆောက်အဦးပုံစံ စံနူန်းများကို တွန်းအားပေးရန်၊ အဆိုပါစံနူန်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန် အခွင့်အရေးများကို ပေးစွမ်းပါသည်။ အဆိုပါ သွင်ပြင်လက္ခဏာများကို ရေးဆွဲသည့်ပုံစံများဖြစ်အောင် ပေါင်းစပ် နိုင်ခြင်း ရှိမရှိကိုဗိသုကာလက်ရာ ဒီဇိုင်းနှင့် ဆောက်လုပ်ရေး ဒီဇိုင်းအား စိတ်ကူးရေးဆွဲသည့်အဆင့်၌ လေ့လာ ဆန်းစစ်သင့်သည်။

လေ့လာဆန်းစစ်ခြင်းတွင် (၁) လျှစ်စစ်မီးလိုအပ်ချက်ကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ဖြည့်ဆည်းပေးနိုင်မည့် ဆိုလာပြားများ (၂) ဥယျာဉ်များနှင့် အစိမ်းရောင် ဇရိယာများအတွက် ရေပေးဝေရန် မိုးရေ သိုလှောင်မှု (၃) စွန့်ပစ်ရေများကို ရေပေးဝေရန်အတွက် ပြန်လည်ပြုပြင် အသုံးချခြင်း (၄) ရေပေးဝေရေးစနစ်မှ သောက်သုံးရေစနစ်ကို သီးခြားခွဲထုတ်ခြင်း (၅) သဘာဝအတိုင်းမဟုတ်သော အလင်းရောင် လိုအပ်ချက်ကို လျှော့ချပေးပြီး သဘာဝအလင်းရောင်ပိုမိုရစေရန် ဆောင်ရွက်ခြင်း၊ (၆) ဥယျာဉ်များနှင့် အစိမ်းရောင်ဇရိယာများတွင် ဒေသပေါက် မျိုးစိတ်များကို စိုက်ပျိုးခြင်း (၇) ရေပေး ဝေရေးအတွက် မြေအောက်ရေကို အသုံးပြုရန် လေအား လျှပ်စစ်စက်များကို သုံးခြင်း (၈) လေအေး ပေးစက်လိုအပ်ချက်များကိုလျှော့ချပေးမည့်သဘာဝလေဝင်လေထွက်ကောင်းစေမည့်စနစ်(၉) အသီးအရွက်ပင် များ ပြန်လည်စိုက်ပျိုးနိုင်မည့် နည်းလမ်းများကို သုံးပြီး တောင်စောင်းများတွင် မြေသားတည်ငြိမ်အောင် ထိန်းသိမ်းခြင်း။

တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မှုများတွင် သဘာဝပတ်ဝန်းကျင်ကို စီမံခန့်ခွဲမှု (နောက်ဆက်တွဲကို ကြည့်ပါ)

တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ချက်များကြောင့် ပတ်ဝန်းကျင်ဒေသများအား ထိခိုက်ပျက်စီးမှုများနှင့် အရေးကြီးသော သက်ရောက်မှုများ ဖြစ်စေနိုင်သည်။ အဆိုပါ ထိခိုက်မှုများကြောင့် ဆောက်လုပ်မည့် အစီအစဉ်များကို ရေးဆွဲရာတွင် ဂရုတစိုက်ရေးဆွဲရန်လိုအပ်ပြီး တည်ဆောက်ရေး လုပ်ငန်းစဉ်အတွင်း တင်းကျပ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များကို အသုံးပြုရန် လိုအပ်သည်။ ထိုသို့ သက်ရောက်မှုများအနက် ထည့်သွင်း စဉ်းစားရမည့် အချက်များမှာ (၁) လမ်းကြောကြပ်သည့် လမ်းများနှင့် လမ်းမမှ ထွက်ခွာမည့် ဆင်ခြေလျှော လမ်းခွဲများတွင် ယာဉ်လမ်းကြောင်း ပိတ်ဆို့မှု (ဆောက်လုပ်ရေးနှင့် လမ်းကြော လမ်းလွှဲများကြောင့်) တိုးလာခြင်းကြောင့် ဆောက်လုပ်စဉ်အတွင်း လမ်းသွားလမ်းလာများ ဘေးကင်းလုံခြုံရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများ (၂) ပတ်ဝန်းကျင်ရှိ မိသားစုများနှင့် လုပ်ငန်းများ၊ အထူးသဖြင့် အားနည်းသည့် လူများ (ကလေးများ၊ သက်ကြီးရွယ်အိုများ) ကို ထိခိုက်စေသည့် ဖုန်နှင့် အခြားပစ္စည်းများ (၃) ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ကျောင်းများကဲ့သို့ နေရာများတွင် စက်နှင့် ကိရိယာများကြောင့် အသံ ဆူညံစေခြင်း (၄) လေးလံသည့် စက်ကိရိယာများနှင့် လမ်းလွှဲများကြောင့် လမ်းများ ပျက်စီးခြင်း (၅) ဆောက်လုပ်ရေး လုပ်ငန်းစဉ် အတွင်း (ရေ၊ မီး၊ ဖုန်း၊ ဘတ်စ်ကား လမ်းကြောင်း) ကဲ့သို့ ဝန်ဆောင်မှုများကို အနှောင့်အယှက်ဖြစ်စေခြင်း (၆) ဆောက်လုပ်ရေးလုပ်ငန်းစဉ်ကြောင်း ရရှိလာသော အမှိုက်၊ သတ္တုပစ္စည်းများ၊ အသုံးပြုပြီးဆီ၊ အပိုပစ္စည်းများကို စနစ်တကျ သေချာစွာ စွန့်ပစ်ခြင်း (၇) ဆောက်လုပ်ရေးနှင့် အလုပ်အတွက် အချိန်ဇယားရေးဆွဲထားမှု၊ ဝန်ဆောင်မှုများအား အနှောင့်အယှက်ပေးမှု၊ လမ်းလွှဲထားသည့် လမ်းကြောင်းများ၊ ယာယီ ဘတ်စ်ကား လမ်းကြောင်းများကို ပြည်သူလူထုအား အကြောင်းကြားရန် လိုအပ်ခြင်း (၈) ဆောက်လုပ်ရေး လုပ်ငန်းဆောင်ရွက်စဉ်အတွင်း လမ်းသွားလမ်းလာများ အထူးသဖြင့် ကျောင်းသားများ ဘေးကင်းရေး အတွက် ဆောင်ရွက်ချက်များတို့ ဖြစ်ပါသည်။ အဆိုပါ လုပ်ဆောင်ချက်များအားလုံးကို စျေးပြိုင်စနစ်ဖြင့်ဆောင်ရွက်မည့် စာရွက်စာတမ်း၏ အစိတ်အပိုင်းဖြစ်မည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နောက်ဆက်တွဲ (နောက်ဆက်တွဲကို ကြည့်ပါ) တွင် ထည့်သွင်းနိုင်ပါသည်။

အချို့စီမံကိန်းများသည်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြောင့်စွန့်ပစ်ပစ္စည်းများပမာဏ အများအပြားကို ဖြစ်ပေါ်စေပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် သင့်တင့်လျောက်ပတ်စွာ စွန့်ပစ်ရန်လို အပ်သည်။ အမှိုက်များစွန့်ပစ်ရန် သင့်လျော်သည့်နေရာများ သတ်မှတ်ခြင်း၊ လိုအပ်သော သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စီမံခန့်ခွဲမှု (အမှိုက်များ ကျစ်လျစ်သွားအောင်ပြုလုပ်ခြင်း၊ မြေဆီလွှာ ပြန်လည်ဖြည့်တင်းခြင်းနှင့် သီးနှံများ ပြန်လည်စိုက်ပျိုးခြင်း၊ ရေနုတ်မြောင်းစနစ်ကို ထိန်းချုပ်ခြင်း)နှင့် ဖြစ်ပေါ်လာသည့် သယ်ယူ ပို့ဆောင်ရေးတို့အတွက် ကုန်ကျစရိတ်များကို စီမံကိန်း စီစဉ်ရေးဆွဲခြင်းနှင့် ကုန်ကျစရိတ် ခန့်မှန်းခြင်းတို့တွင် ထည့်သွင်းသင့်သည်။

တည်ဆောက်မည့် ပုံစံအတွက် (၁) ဆောက်လုပ်စဉ်အတွင်း စာချုပ်ချုပ်ဆိုသူမှ လိုက်နာရမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များကို ပြင်ဆင်ခြင်း နှင့် (၂) ပြည်သူလူထုအတွက် ဖြစ်ပေါ်လာ စေမည့် ဆိုးကျိုးများနှင့် ထိခိုက်မှုများကို လျှော့ချပေးမည့် လုပ်ဆောင်ချက် အစီအစဉ်များနှင့် ဆောက်လုပ်ရေး ဒီဇိုင်းများကို ထည့်သွင်းစဉ်းစားသင့်သည်။

တည်ဆောက်ရေး ပြုလုပ်စဉ်အတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှု

DRAFT

ဆောက်လုပ်ရေးလုပ်ငန်းစဉ်များကို ကြီးကြပ်ကွပ်ကဲခြင်းတွင် စာချုပ်ချုပ်ဆိုသူများမှ ပေးထားသည့် လက်စွဲစာအုပ်နှင့် သတ်မှတ်ထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များကို လေးစား လိုက်နာခြင်းများ ပါဝင်လိမ့်မည်။

<u>လုပ်ငန်းလည်ပတ်မှု အဆင့်အတွင်း ဆောင်ရွက်ရမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များ</u>

ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ငန်းလည်ပတ်မှုအဆင့်တွင် (ဥပမာ - သီးခြားဖြစ်နေသည့် အဆောက်အဦးကြီးများ) လုံလောက်သော ပြဿနာချက်များသည် (၁) စွန့်ပစ်ရေများကို စုစည်းခြင်းနှင့် ပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်သည့် စနစ်များကို ထိန်းသိမ်းခြင်း (၂) ပြန်လည်ပြုပြင်အသုံးပြုနိုင်မည့် စနစ်များနှင့် အမှိုက်များကို ခွဲထုတ်ခြင်းစနစ်များကို အသုံးပြုကာ အစိုင်အခဲအမှိုက်များကို စွန့်ပစ်ခြင်းနှင့် လုံလောက်စွာ စုစည်းခြင်း(၃) အခမဲ့ ဆောင်ရွက်ပေးသော စနစ်များ (ဆိုလာပြားများ၊ လေအား လျှပ်စစ် စက်များ၊ အစရှိသဖြင့်) ကို ထိန်းသိမ်းခြင်းတို့ကို အာမခံ ဆောင်ရွက်ပေးသင့်သည်။ တည်ဆောက်ရေး လုပ်ငန်း အတွက် ရေးဆွဲထားသည့် ဒီဇိုင်းပုံစံတွင် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်စွဲစာအုပ်များကို ပြင်ဆင်ခြင်း နှင့် စနစ်များအားလုံးကို ထိန်းသိမ်းခြင်းတို့ ပါဝင်သင့်သည်။

**အများပြည်သူနှင့် အကြံပြုဆွေးနွေးပွဲများကျင်းပခြင်း**

စိစစ်စစ်ဆေးခြင်းဆိုင်ရာ ဆောင်ရွက်မှုသည် ထိရှလွယ်သည့် တည်ဆောက်ရေးလုပ်ငန်း နေရာများ တွင် လူထုနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေး အကြံပြုချက်ရယူရန် လိုအပ်ချက်များကို ကောင်းမွန်စွာ သတ်မှတ်နိုင် သည်။ ထိုသို့ လုပ်ဆောင်မည်ဆိုလျှင် စီမံကိန်းလုပ်ငန်းခွဲများအားလုံး၏ သတ်မှတ်နေရာများကို ခြုံငုံမိစေမည့် ထင်မြင်ချက်စစ်တမ်းကောက်ယူမှုနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်း အစီအစဉ်များကို ထည့်သွင်း နိုင်သည့် လူထုနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းနည်းလမ်းများကို ရေးဆွဲရန် လိုအပ်သည်။ အဆိုပါ နည်းလမ်းတွင် (၁) ပြည်သူလူထုနှင့် ကျေးလက်လူထု အဖွဲ့အစည်းများ နှင့် (၂) ယေဘုယျအားဖြင့် လူထုတစ်ရပ်လုံး အတွက် တိကျစွာ စီစဉ်ရေးဆွဲထားသော မေးခွန်းများနှင့် နည်းဗျူဟာများ ပါဝင်သင့်သည်။ တိုင်ပင် ဆွေးနွေးရမည့် ပြည်သူလူထုနှင့် ကျေးလက်လူထု အဖွဲ့အစည်းများတွင် (၁)ဒေသခံ ပညာရှင် အဖွဲ့အစည်းများ (အင်ဂျင်နီယာနှင့် ဗိသုကာလက်ရာဆိုင်ရာ အဖွဲ့အစည်းများ) (၂) ဒေသခံ ကုန်သည်ကြီးများ အသင်းနှင့် လုပ်ငန်းများ (၃) လူထုအခြေပြု အဖွဲ့အစည်းများ (အိမ်နီးနားချင်း အဖွဲ့အစည်းများ) နှင့် (၄) ဒေသခံ NGOs တို့ပါဝင်သင့်သည်။ ယေဘုယျအားဖြင့် ပြည်သူလူထုနှင့် ကျေးလက်လူထု အဖွဲ့အစည်းများကို အုပ်စုနှစ်စု ခွဲခြားနိုင်သည်။ ၄င်းတို့မှာ (၁) အများဆုံး လွှမ်းမိုးခံရမည့် ဒေသရှိ ပြည်သူလူထု နှင့် (၂) အဆိုပြုသော လုပ်ငန်းများကြောင့် ချက်ချင်း သက်ရောက်မှုကို ခံစားရမည့် လူထု တို့ဖြစ်သည်။တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူသည့် အစီအစဉ်တွင် ဦးတည်ရည်ရွယ်ထားသည့် အုပ်စုများနှင့် သာမန် သို့မဟုတ် အထူး မိတ်ဆက်တင်ပြခြင်းများနှင့် တွေ့ဆုံခြင်းများ၊ လက်ကမ်းစာစောင်များမှတဆင့် အချက်အလက်များ ဖြန့်ဖြူးခြင်း၊ ရေဒီယိုမှ ကြေငြာခြင်းနှင့် ထင်မြင်ချက်များကို စစ်တမ်းကောက်ယူမှုများ ပါဝင်ပါသည်။

DRAFT

**တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သတ်၍ သဘာဝပတ်ဝန်းကျင်အား စီမံခန့်ခွဲမှု အထွေထွေ**

၁။ စာချုပ်ချုပ်ဆိုသူနှင့် သူ၏ ဝန်ထမ်းများသည် ဒေသခံ လူထုအား ထိခိုက်မှုများဖြစ်စေခြင်းကို ကာကွယ်ရန်၊ သဘာဝပတ်ဝန်းကျင်တွင် ဆောင်ရွက်ချက်များနှင့် ဆောက်လုပ်ရေးလုပ်ဆောင်ချက်များကြောင့် ထိခိုက်မှုများကို လျှော့ချရန် ဤသတ်မှတ်ချက်များတွင် ဖော်ပြထားသော အကျိုးသက်ရောက်မှုများ လျှော့ကျ စေရေး လုပ်ငန်းများကို လိုက်နာရမည်။

၂။ တည်ဆောက်ရေး လုပ်ငန်းစဉ်အတွင်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်းမရှိသော ပြုပြင်ရေး ဆိုင်ရာ လုပ်ဆောင်ချက်များကို အလုပ်ပြီးမြောက်သည်နှင့် ဆောင်ရွက်သင့်သည်။ (ပြီးစီးသွားသည့်အလုပ်ကို အပ်နှံခြင်းမပြုမီလည်း ဆောင်ရွက်သင့်သည်။)

(က) စီမံကိန်းအကျိုးသက်ရောက်သည့် နေရာများအားလုံးကို ပြုပြင်သင့်ပြီးမြက်ခင်းများပြန်လည် စိုက်ပျိုးခြင်းနှင့်သစ်ပင်ပြန်လည် စိုက်ပျိုးခြင်းတို့အပါအဝင်လိုအပ်သော ပြင်ဆင်ရေး ဆောင်ရွက်ချက် များကို နှောင့်နှေးခြင်းမရှိဘဲ ချက်ချင်း လုပ်ဆောင်သင့်သည်။

(ခ) ရေစီးဆင်းသည့်လမ်းကြောင်းများတွင် အကျိုးအပဲ့များရှင်းလင်းနေရမည်ဖြစ်ပြီး ရေပိုက်များနှင့် မြေအောက်ပိုက်လိုင်းများတွင် ရေကောင်းမွန်စွာ စီးဆင်းနိုင်ခြင်းရှိမရှိ စစ်ဆေးရမည်။

(ဂ) လုပ်ငန်းနေရာအားလုံးကို အမှိုက်များရှင်းလင်းပေးပြီး အပိုပစ္စည်းများအားလုံးကို သင့်လျော်စွာ စွန့်ပစ်ရမည်။

(ဃ) သဲကျင်းများကို ပြန်ဖို့ပေးရမည်။

**စာချုပ်ချုပ်ဆိုသူများအတွက် တည်ဆောက်ရေး လုပ်ဆောင်ချက်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းများ**

ဒေသဆိုင်ရာနှင့် နိုင်ငံတော်နှင့်သက်ဆိုင်သည့်ဥပဒေ စည်းမျဉ်းများနှင့် ပေါင်းစပ်ပြီး အသုံး ပြုရန်အတွက်အောက်ဖော်ပြပါအချက်အလက်များကို ကျယ်ပြန့်သော လမ်းညွှန်ချက်တစ်ခုအဖြစ် ရေးဆွဲထား ပါသည်။ တည်ဆောက်ရေး လုပ်ငန်းများ မဆောင်ရွက်မီ၊ စာချုပ်ချုပ်ဆိုသူမှ ဤသတ်မှတ်ချက်များကို လိုက်နာရန် မည်သို့စီစဉ်ထားသည်ကို ပြည့်စုံစွာရှင်းလင်းရေးသားထားသော တည်ဆောက်ရေးလုပ်ငန်း အစီအစဉ်ကို စီမံကိန်း အင်ဂျင်နီယာထံ ပေးအပ်ရမည်။ စီမံကိန်း အင်ဂျင်နီယာမှ အဆိုပါ အစီအစဉ်ကို အတည်ပြုပြီးနောက် တည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်သည်။

**တားမြစ်ချက်များ**

အောက်ဖော်ပြပါ လုပ်ဆောင်ချက်များကို စီမံကိန်းနေရာများတွင် လုပ်ဆောင်ခြင်း သို့မဟုတ် စီမံကိန်း နေရာအနီးတွင် လုပ်ဆောင်ခြင်းကို တားမြစ်ထားသည်။

၁။ အတည်ပြုထားသည့် ဆောက်လုပ်ရေး ဧရိယာပြင်ပရှိ သစ်ပင်များကို အကြောင်းပြချက်မျိုးစုံဖြင့် ခုတ်ခြင်း။

၂။ အမဲလိုက်ခြင်း၊ ငါးများခြင်း၊ တောရိုင်းတိရိစ္ဆာန်များကို ဖမ်းဆီးခြင်း၊ သို့မဟုတ် သစ်ပင်များ စုဆောင်းခြင်း။

၃။ အတည်ပြုထားခြင်းမရှိသည့် ခဲပါဝင်သော အိမ်သုတ်ဆေးများ၊ ကျောက်ဂွမ်းများ၊ အစရှိသည်တို့ အပါအဝင် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများကိုသုံးခြင်း။

၄။ ဗိသုကာပညာဆိုင်ရာ သို့မဟုတ် သမိုင်းဝင် တန်ဖိုးရှိသောအရာများကို ပျက်စီးစေခြင်း။

၅။ မီးရှို့ခြင်း။

၆။ သေနတ်များအသုံးပြုခြင်း။ (လုပ်ပိုင်ခွင့်ပေးထားသော လုံခြုံရေးအစောင့်များမှလွဲ၍)

၇။ အလုပ်သမားများ အရက်သောက်သုံးခြင်း။

**သယ်ယူပို့ဆောင်ရေး**

စီမံကိန်း အင်ဂျင်နီယာနှင့် သဘောတူထားသည့်အတိုင်း စီမံကိန်းပြုလုပ်မည့်နေရာသို့ သွားရန် ရွေးချယ်ထားသည့်လမ်းကြောင်းများကိုသာ စာချုပ်ချုပ်ဆိုသူမှအသုံးပြုရမည်ဖြစ်ပြီးဒေသရှိ လမ်းအမျိုးအစား များနှင့် သင့်လျော်မည့် အရွယ်အစားရှိသော ယာဉ်များကို အသုံးပြုရမည်ဖြစ်ကာ သယ်ယူပို့ဆောင်ရေး ရည်ရွယ်ချက်များအတွက် အသုံးပြုသော ဒေသ၏ လမ်းများနှင့် တံတားများ ပျက်စီးခြင်းကို ကာကွယ်ရန် တန်ချိန်များကို ကန့်သတ်ရမည်။ စာချုပ်ချုပ်ဆိုသူသည် တန်ပိုများတင်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဒေသ၏ လမ်းများနှင့်တံတားများပျက်စီးခြင်းနှင့်ပတ်သတ်ပြီး တာဝန်ယူရမည်ဖြစ်ပြီး စီမံကိန်း အင်ဂျင်နီယာ၏ အတည်ပြုချက်ဖြင့် အဆိုပါ အပျက်အစီးများကို ပြင်ဆင်ပေးရမည်။

စာချုပ်ချုပ်ဆိုသူသည် အိတ်ဇောငွေ့များ အလွန်အကျွံ ထုတ်လွှတ်သည့် သို့မဟုတ် အသံဆူညံသည့် ယာဉ်များကို လမ်းပေါ်တွင်ဖြစ်စေ၊ လမ်းဘေးတွင်ဖြစ်စေ အသုံးမပြုရ။အဆောက်အအုံ ထူထပ်သည့် နေရာများ တွင် အသံတိုးစေမည့် ကိရိယာများကိုတပ်ဆင်ရမည်ဖြစ်ပြီး စာချုပ်ချုပ်ဆိုသူ၏ ထိန်းချုပ်မှုဖြင့် မောင်းနှင် အသုံးပြုသော ကိရိယာများအားလုံး ကောင်းမွန်သည့် အခြေအနေတွင်ရှိကြောင်း သေချာစေရမည်။

စာချုပ်ချုပ်ဆိုထားသည့် ကာလအတွင်း ပြီးပြည့်စုံသော ယာဉ်ကြောရှင်းလင်းမှု ထိန်းသိမ်းရေး ဆောင်ရွက်ချက် များအားလုံးကို စာချုပ်ချုပ်ဆိုသူမှ ထိန်းသိမ်းရမည်ဖြစ်ပြီး အဆိုပါ လုပ်ဆောင်ချက်များအားလုံးကို စီမံကိန်း အင်ဂျင်နီယာ၏ ကြိုတင်အတည်ပြုချက်ဖြင့်သာ လုပ်ဆောင်ရမည်။

**အလုပ်သမားများနှင့် အလုပ်စခန်းများ**

စာချုပ်ချုပ်ဆိုသူသည် အလုပ်ခွင်ရှိ အလုပ်သမားဦးရေအားလုံးအတွက် အညစ်အကြေးစွန့်ပစ်ရန်နေရာ (အိမ်သာများနှင့် ဆေးကြောရေး နေရာများ)ကို လုံလောက်စွာ ပံ့ပိုးပေးရမည်။ အိမ်သာတွင်လည်း ရေပူ၊ရေအေးဖြင့်အတူ၊ ဆပ်ပြာနှင့် လက်အခြောက်ခံစက်တို့ကို ထည့်သွင်းပေးထားရမည်။

စာချုပ်ချုပ်ဆိုသူသည် အနီးအနားရှိ ရေပေးဝေသည့် လမ်းကြောင်းများအား ညစ်ညမ်းစေခြင်းမရှိဘဲ အခြေချနေထိုင်နေသည့် အလုပ်သမား စခန်းများအတွက် ယာယီ မိလ္လာကန်စနစ်ကိုထည့်သွင်းပြီး ထိန်းသိမ်း ရမည်။

စာချုပ်ချုပ်ဆိုသူသည် အလုပ်သမား စခန်း နှင့်/သို့မဟုတ် အခြေစိုက်စခန်းမှ ထွက်လာသော အမှိုက်များအားလုံးကို သိုလှောင်ရန်နှင့် စွန့်ပစ်ရန်အတွက် နည်းလမ်းများနှင့် စနစ်များကို သတ်မှတ်ရမည်။

စာချုပ်ချုပ်ဆိုသူသည် အလုပ်သမား စခန်းနှင့် အခြေစိုက်စခန်းတို့တွင် ချက်ပြုတ်ရန်အတွက် သို့မဟုတ် အပူရရှိရန်အတွက် ထင်းအသုံးပြုခြင်းကို ခွင့်မပြုရမည့်အပြင် အခြား လောင်စာများကိုအသုံးပြုသည့် အခြားနည်းလမ်းများကို ပံ့ပိုးပေးရမည်။

DRAFT

စာချုပ်ချုပ်ဆိုသူသည် စီမံကိန်း ရုံးခန်းများ၊ ဂိုထောင်များ၊ နိုင်လွန်ကတ္တရာ စက်ရုံများနှင့် အလုပ်ရုံ များသည် စီမံကိန်း မန်နေဂျာမှအတည်ပြုထားသော သင့်တော်သည့်သတ်မှတ်နေရာများတွင် တည်ရှိကြောင်း နှင့် လက်ရှိ အချေချနေထိုင်နေသည့် သူများနှင့် မီတာ ၅၀၀ အထက် ကွာဝေးသည့်နေရာတွင် တည်ရှိကြောင်း၊ နိုင်လွန်ကတ္တရာ အလုပ်ရုံများသည် မီတာ ၁၀၀၀ အထက် ကွာဝေးသည့်နေရာတွင် တည်ရှိကြောင်း သေချာ စေရမည်။

စာချုပ်ချုပ်ဆိုသူသည် စီမံကိန်းရုံးခန်းများ၊ ဂိုထောင်များနှင့် ဒီဇယ်ဆီများနှင့် ရေနံကတ္တရာများ သိုလှောင်သည့်နေရာများနှင့် နိုင်လွန်ကတ္တရာ စက်ရုံများသည် ရေပေးဝေသည့် လမ်းကြောင်းများမှ မီတာ ၅၀၀ အထက် ပိုမိုကွာဝေးသည့်နေရာတွင် တည်ရှိကြောင်း သေချာစေရမည့်အပြင် မည်သည့်အညစ်အကြေးများမှ ရေပေးဝေသည့် လမ်းကြောင်းများထဲသို့ မိုးတွင်းကာလတွင် မြေအောက်ရေမှ တဆင့် စိမ့်မဝင်ရန် သို့မဟုတ် မြေပေါ်မှစိမ့်မဝင်စေရန် အထူးဂရုစိုက်ပြီး ၎င်းနေရာများကို အသုံးပြုကြောင်း သေချာစေရမည်။

စာချုပ်ချုပ်ဆိုသူသည် ထင်းကို အလုပ်အတွက်ပစ္စည်းကိရိယာများပြုလုပ်ခြင်း သို့မဟုတ် ပြင်ဆင်သည့် လုပ်ငန်းစဉ်အတွင်း အပူရရှိစေမည့်နည်းလမ်းအဖြစ် သုံးခြင်းကို မပြုလုပ်ရ။

**အညစ်အကြေးများကို စီမံခန့်ခွဲခြင်းနှင့် မြေဆီလွှာတိုက်စားခြင်း**

အောက်ပါ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိုင်အခဲအမှိုက်များ၊ အညစ်အကြေးများ၊ အန္တရာယ်ရှိသော အညစ်အကြေးများကို သင့်လျော်စွာ ထိန်းချုပ်ရမည်။

**အညစ်အကြေးများကို စီမံခန့်ခွဲခြင်း -**

၁။ စွန့်ပစ်ရမည့် သို့မဟုတ် ပြန်လည်အသုံးပြုရမည့် အမှိုက်များ ဖြစ်ပေါ်စေခြင်းကို လျှော့ချပါ။

၂။ ထွက်လာသည့် အမှိုက်အမျိုးအစားကို ခွဲခြား သတ်မှတ်ပါ။ အန္တရာယ်ရှိသော အညစ်အကြေးများကို ဖြစ်ပေါ်နိုင်ပါက ၎င်းတို့ကို သိမ်းဆည်းရန်၊ စုစည်းရန်၊ သယ်ယူပို့ဆောင်ရန်နှင့် စွန့်ပစ်ရန် သင့်လျော်သော လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရမည်။

၃။ သတ်မှတ်ထားသော ပစ္စည်းများစွန့်ပစ်နိုင်သည့် နေရာကို သေချာစွာညွှန်ပြလျက် စွန့်ပစ်ရမည့် နေရာကို သတ်မှတ် ပိုင်းခြားပါ။

၄။ တည်ဆောက်လုပ်ရေးလုပ်ငန်းမှ ရလာသော အမှိုက်များ (မြေကြီးများအပါအဝင်) ထားရှိအတွက် အတည်ပြုပြီးဖြစ်သော စွန့်ပစ်ရန်နေရာတွင် စွန့်ပစ်ပါ။ (မြစ်များ၊ ချောင်းများ၊ ကန်များ သို့မဟုတ် စိမ့်မြေ အရပ်တို့မှ အနည်းဆုံး ၃၀၀ မီတာကွာဝေးရမည်)ပြန်လည်ပြုပြင်အသုံးပြုနိုင်သည့် စနစ်နှင့် ပစ္စည်းများ ကို ခွဲခြားခြင်းသည် စနစ်တို့ကိုသုံးပြီး အမှိုက်များ၊ သတ္တုများ၊ အသုံးပြုပြီးဆီများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ထွက်ရှိလာသော အပိုပစ္စည်းများအားလုံးကို ခွင့်ပြုထားသောနေရာများတွင်သာ စွန့်ပစ်ပါ။

*မြေဆီလွှာတိုက်စားခြင်းကို ထိန်းချုပ်ခြင်း*

DRAFT

တတ်နိုင်သမျှအနည်းဆုံးမြေဧရိယာကိုသာ ထိခိုက်စေပါသည်။ ထိုဧရိယာကို ပြန်လည် တည်ငြိမ်အောင် တတ်နိုင်သမျှ အမြန်ဆုံးပြုလုပ်ပါ၊ ထိုဧရိယာမှတဆင့် ရေနုတ်မြောင်းစနစ်ကို ထိန်းချုပ်ပါ။ အလုပ်ခွင်ရှိ သဲနန်းအနည်အနစ်များကို ဆယ်ယူပါ။ ဖြတ်တောက်ထားသည့် အနားတစ်လျှောက်၊ စွန့်ပစ်ရန် ကျင်းများ၊ ယဉ်လမ်းကြော အနားတစ်လျှောက်တွင် မြေတိုက်စားမှုကို ထိန်းချုပ်ရန် အတားအဆီးများကို စိုက်ထူထားပါ။ သစ်ရွက်အမှိုက်များနှင့် သဘာဝခါတ်မြေသြဇာများဖြင့် ပြည့်နေသည့်အပေါ်ယံမြေဆီလွှာကို ထိန်းသိမ်းပြီး ဒေသထွက် သီးနှံများ ကြီးထွားမှုကိုအားပေးရန် ဒေသတွင်းရှိ မြေဆီလွှာပျက်ဆီးသွားသော နေရာများတွင် အဆိုပါ သစ်ရွက်အမှိုက်များနှင့် သဘာဝခါတ်မြေသြဇာများကို ပြန်လည်ထားရှိပေးပါ။

အကျိုးမဖြစ်ထွန်းသော တိုက်စားခံထားရသည့် မြေဆီလွှာဧရိယာများ သို့မဟုတ် ပိတ်ထားသော ဆည်ဆောက်ရေးလုပ်ငန်းမြေပြင်များပေါ်တွင် ဒေသထွက် မြက်ပင်အစေ့များနှင့် မြေဆွေးများကို ထားပါ။

ဆောက်လုပ်ရေးလုပ်ငန်းပြီးလျှင် ပြီးချင်း မိုးရာသီမစမီ တိုက်စားမှုကို ထိန်းချုပ်မည့်လုပ်ဆောင်ချက်များကို ဆောင်ရွက်ပါ။ တည်ဆောက်ရေးလုပ်ငန်း တစ်နေရာတွင်ပြီးသည်နှင့် မြေဆီလွှာတိုက်စားမှု ထိန်းချုပ်ရေး လုပ်ဆောင်ချက်များကို ဆောင်ရွက်ပါ။ တည်ဆောက်ရေး လုပ်ငန်းခွင်နေရာအားလုံးတွင် မြေဆီလွှာများ မျောပါစီးဆင်းသွားမှုကို နှေးကွေးစေရန် သို့မဟုတ် မြေဆီလွှာများ မျောပါသွားခြင်းကို ပြန်လည် လမ်းကြောင်း ပြောင်းပေးရန် လိုအပ်သည့် နေရာများတွင် နန်းမြေကို ထိန်းချုပ်ပေးမည့် အရာများကို ထည့်သွင်းပြီး သဘာဝပေါက်ပင်များ ပြန်လည်ပေါက်သည်အထိ နန်းမြေများကို ဆယ်ယူပါ။ နန်းမြေကို ထိန်းချုပ်ပေးမည့် အရာများတွင် သစ်တုံးများခုတ်ထွင်ခြင်းဖြင့် ရရှိလာသည့် အပိုင်းအစများ၊ တောင်ကြော တစ်လျှောက်ရှိ ကျောက်တုံးများ၊ နန်းမြေကို ဆယ်ယူပေးမည့် ဇလုံများ၊ ကောက်ရိုးစည်းများ၊ ချုံပုတ်များနှင့် နန်းများပါဝင် သည်။

တူးမြောင်းများ၊ တောင်ကြောတစ်လျှောက် ရေစီးဆင်းနိုင်အောင် ပြုလုပ်ထားသည့် လမ်းကြောင်း များ၊ ရေဝင်ပေါက်များ၊ အပင်များဖြင့် ပြုလုပ်ထားသော အတားအဆီးများနှင့် ကျောက်တုံးများဖြင့် ဆောက်လုပ်ရေး လုပ်ငန်းခွင်များ သို့မဟုတ် တားဆီးထားရသော နေရာများမှတဆင့် ရေစီးဆင်းမှုကို ထိန်းချုပ်ပါ။

သဘာဝပေါက်ပင်များကို အောင်မြင်စွာ ပြန်လည်ဖြစ်တည်စေပြီးသည်အထိ မြေဆီလွှာတိုက်စားမှု ထိန်းချုပ်ရေး နည်းလမ်းများကို ထိန်းသိမ်းပြီး ပြန်လည်ဆောင်ရွက်ပါ။

ညစ်ပတ်နေသော လမ်းများ၊ ဖြတ်ထားသည့်နေရာများတွင် ရေဖြန်းပေးပြီး လိုအပ်ပါက မြေဆွေးများ၊ သစ်အပိုင်းအစများ၊ သိုလှောင်ထားသော မြေဆီလွှာများဖြင့် ပြန်လည်ဖြည့်ဆည်းကာ လေတိုက်ခတ်မှုကြောင့် မြေဆီလွှာများလျော့နည်းသွားခြင်းကို လျှော့ချရန် ဆောင်ရွက်ရမည်။

*ပြုပြင်ထိန်းသိမ်းခြင်း*

ကိရိယာများကို ပြုပြင်ထိန်းသိမ်းရမည့်နေရာကို သတ်မှတ် ပိုင်းခြားပါ။ (မြစ်များ၊ ချောင်းများ၊ ကန်များ သို့မဟုတ် စိမ့်မြေဒေသများမှ ၁၅မီတာ ထက် ပိုမိုကွာဝေးရမည်။ လောင်စာဆီ သိုလှောင် သိမ်းဆည်းသည့် နေရာသည် စီမံကိန်းအင်ဂျင်နီယာမှ အတည်ပြုထားသည့် သင့်လျော်သည့်နေရာတွင် တည်ရှိရမည်။

ဆီလဲခြင်းအပါအဝင် ကိရိယာများကို ထိန်သိမ်းရန်လုပ်ဆောင်ချက်များအားလုံးကို သတ်မှတ်ထားသော ပြုပြင်ထိန်းသိမ်းရန်နေရာတွင်သာ ဆောင်ရွက်ကြောင်းသေချာစေပြီး အသုံးပြုပြီး ဆီများကို မြေပြင်ပေါ်သို့၊ စီဆင်းနေသည့် ရေထဲသို့၊ ရေနုတ်မြောင်း တူးမြောင်းများထဲသို့ သို့မဟုတ် မိလ္လာပိုက် စနစ်များထဲသို့ မစွန့်ပစ်ရ။

ဖိတ်စင်သည့်အရာများနှင့် စုစည်းထားသော ရေနံပစ္စည်းအားလုံးကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့် လမ်းညွှန်ချက်များ၏ အခြေခံစံနှုန်းများအရ စွန့်ပစ်ရမည်။ လောင်စာဆီ သိုလှောင်ရာ နေရာနှင့် ဆီပြန်ဖြည့်သည့်နေရာသည် ရေနုတ်မြောင်း စီးဆင်းသည့်နေရာများ၊ အရေးကြီးသည့် ရေရရှိသည့် နေရာများမှ

အနည်းဆုံး မီတာ ၃၀၀ ထက် ဝေးသော နေရာတွင် ထားရှိရမည် သို့မဟုတ် အင်ဂျင်နီယာမှ ညွှန်ကြားထားသည့်အတိုင်း ထားရှိသိုလှောင်ရမည်။

### မြေတူးလုပ်ငန်းဆောင်ရွက်ခြင်း၊ မြေဂမူဖဲ့ဖြိုခြင်းနှင့် လျှောစောက်များကို ပြန်ဖြည့်ခြင်း

မြေတူးလုပ်ငန်းဆောင်ရွက်ခြင်းအားလုံးကို အထူးသဖြင့် မိုးရာသီတွင် သင့်တင့်လျောက်ပတ်စွာ ထိန်းချုပ်ရမည်။

စာချုပ်ချုပ်ဆိုသူသည် မြေဂမူဖဲ့ဖြိုခြင်းများ တည်ငြိမ်မှုရှိစေရန် ထိန်းသိမ်းရမည်ဖြစ်ပြီး လျှောစောက်များကိုလည်း မြေပြန်ဖို့ရမည်ဖြစ်ကာ လုပ်ငန်း၏ ကန့်သတ်ဧရိယာပြင်ပရှိ နေရာများသို့ အနှောင့်အယှက် တတ်နိုင်သမျှ အနည်းဆုံးသာ ဖြစ်ပေါ်စေရမည်။

စာချုပ်ချုပ်ဆိုသူသည် တတ်နိုင်သမျှ အမြန်ဆုံးနည်းဖြင့် နေရာတစ်နေရာတွင် နောက်ဆုံးဖြတ်ပိုင်းပုံများရအောင် မြေဂမူဖဲ့ဖြိုခြင်းနှင့် မြေဖို့ခြင်းလုပ်ဆောင်ချက်များကို ပြုလုပ်ရမည်။ အထူးသဖြင့် မိုးရာသီတွင် မြေတူးလုပ်ငန်းဆောင်ရွက်ပြီး တစ်ပိုင်းတစ်စထားခြင်းကို ရှောင်ကြဉ်ရန် တစ်ကြိမ်တည်း အပြီးသတ်လုပ်ဆောင်ရမည်။

ဆွဲထားသော ဒီဇိုင်းပုံများအရ မြေဂမူဖဲ့ဖြိုထားသည့် လျှောစောက်များ သို့မဟုတ် မြေပြန်ဖို့ထားသည့် လျှောစောက်များကို မြေတိုက်စားခြင်းမှ ကာကွယ်ရန် လျှောက်စောက်များ၏ ထိပ်နှင့် အောက်ပိုင်းတွင် လျှင်မြန်စွာ ရေစီးဆင်းနိုင်သည့် ရေမြောင်းများနှင့် အောက်ခြေ ရေမြောင်းများကို ပြုလုပ်ထားသင့်ပြီး ၄င်းတို့အပေါ်တွင် မြက် သို့မဟုတ် အခြား အပင်များ စိုက်ပျိုးထားရမည်။ ရေစီးဆင်း ခြင်းကို လျှော့ချရန်နှင့် လျှောစောက်များ ရေတိုက်စားခံရခြင်းတို့မှ လျှော့ချရန် မြင့်မားစွာ ဖြတ်ထားသည့် နေရာ၏ အထက်တွင် လျှင်မြန်စွာ ရေစီးဆင်းနိုင်သည့် ရေမြောင်းများကို ပြုလုပ်ထားသင့်သည်။

တူးဖော်ထားသည့် မြေဖဲ့ဖြိုထားသည့် အရာများ သို့မဟုတ် မသင့်လျော်သော ပစ္စည်းများကို စီမံကိန်း မန်နေဂျာမှ သဘောတူထားသည့် သတ်မှတ်ထားသော စွန့်ပစ်ရန်နေရာတွင်သာ စွန့်ပစ်ရမည်။

စွန့်ပစ်ရမည့် နေရာသည် နောင်တွင် နိမ့်ပါးသွားခြင်း၊ စိုက်ပျိုးမြေ သို့မဟုတ် အခြားအရာများအား အနှောင့်အယှက်ဖြစ်စေခြင်း၊ သို့မဟုတ် စုပုံထားသော မြေဆီလွှာများကို ရေထဲသို့ မျောပါသွားစေခြင်းတို့ ဖြစ်ပေါ်စေနိုင်မည့် နေရာတွင် မထားရှိရပါ။ ရေမြောင်းများအား အင်ဂျင်နီယာမှ ညွှန်ကြားထားသည့်အတိုင်း ထိပ်၏ဘေးပတ်ချာလည်တွင် တူးရန် လိုအပ်သည်။

### သိုလှောင်ထားသော ပစ္စည်းများနှင့် သဲကျင်းများ

မြေပေါ်တွင်ဖြစ်စေ၊ မြစ်ထဲတွင်ဖြစ်စေ၊ သို့မဟုတ် လက်ရှိရှိနေပြီး နေရာတွင်ဖြစ်စေ ဂွားရမ်းထားသော နေရာအသစ်တွင် လုပ်ငန်းဆောင်ရွက်ခြင်းကို စီမံကိန်းအင်ဂျင်နီယာ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် လုပ်ရမည်ဖြစ်ပြီး စီမံကိန်း အင်ဂျင်နီယာမှညွှန်ကြားလျှင် လုပ်ငန်းလည်ပတ်မှုကို ရပ်ပစ်ရမည်။ သဲကျင်းများသည် သဘာဝရေနုတ်မြောင်းများ သို့မဟုတ် ပြုလုပ်ထားသော ရေနုတ်မြောင်းစနစ်များကို အနှောင့်အယှက်ဖြစ်စေမည်ဆိုပါက ၄င်းတို့ကို မပြုလုပ်ရ။ ၄င်းတို့သည် မြစ်ကမ်းပါးများကို အောက်ခြေမှ လိုက်စားခြင်း သို့မဟုတ် ပျက်စီးစေခြင်း သို့မဟုတ် ကောင်းမွန်သောမြေဆီများကို မြစ်ကြောင်းတစ်လျှောက် သယ်ယူသွားခြင်း ဖြစ်နိုင်ပါက မြစ်တည်နေရာများကိုလည်း ရှောင်ရှားရမည်။

စာချုပ်ချုပ်ဆိုသူသည် အသုံးပြုသည့် သဲကျင်းများအားလုံးကို တည်ငြိမ်သော ဘေးလျှောစောက် များဖြင့် ကောင်းမွန်ပြီး သပ်ရပ်သည့်အခြေအနေတွင် ထားရှိခဲ့ကြောင်း သေချာစေရမည့် အပြင် ခြင်ပေါက် ဖွားစေသော ရေဆိုးရေညစ်များမဖြစ်ပေါ်စေကြောင်း သေချာစေလျက် ရေစီးဆင်းရန် မြောင်းများဖောက် ပေးရမည်။

မြစ်ထဲမှ ကျောက် သို့မဟုတ် ကျောက်စရစ်ခဲများကို ရယူရာတွင် နေရာတစ်ခုချင်းစီ၌ မြစ်အကျယ်၏ ဆယ်ပုံတစ်ပုံပမာဏကိုသာ ဖယ်ရှားရယူကြောင်း သေချာစေရမည့်အပြင်၎င်းတို့သည် မြစ်စီးဆင်းမှုကို နှောင့်ယှက်ခြင်းမရှိကြောင်း၊ မြစ်ကမ်းပါးများကို ပျက်စီးစေခြင်း သို့မဟုတ် လှိုက်စားခြင်းမရှိကြောင်း သေချာစေရမည်။

ပစ္စည်းကိရိယာများကို ဖျက်စီးသည့် စက်ရုံတည်နေရာသည် အင်ဂျင်နီယာ၏ အတည်ပြုချက်အရ ထားရှိရမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်အရ ကိုထိခိုက်သက်ရောက်လွယ်သည့်နေရာများ သို့မဟုတ် ပြည်သူတို့ အခြေချနေထိုင်နေသည့်နေရာများ၏ အနီးတွင် မဖြစ်စေရဘဲ အတည်ပြုပြီးဖြစ်သော သတ်မှတ် ထားသည့် အမှုန်အမွှားများထွက်ခြင်းကို ထိန်းချုပ်ထားသည့် ကိရိယာများဖြင့် ချေဖျက်ရမည်။

သဲကျင်းများနှင့် စွန့်ပစ်သည့်နေရာအားလုံးတွင် စာချုပ်ချုပ်ဆိုသူသည် -

၁။ ပစ္စည်းများသိုလှောင်ရန်နေရာနှင့် သဲကျင်းများအတွက် တည်နေရာကို ပိုင်းခြားသတ်မှတ်ရ မည်ဖြစ်ပြီး မတ်စောက်သော လျှောစောက်များ၊ တိုက်စားခံရလေ့ရှိသော မြေဆီလွှာများနှင့် ထိရှလွယ်သော မြစ်ချောင်းများထဲသို့ တိုက်ရိုက်စီးဆင်းသွားနိုင် သည့်နေရာများကဲ့သို့ အရေးကြီးသည့် နေရာများမှ အနည်းဆုံး ၁၅ မီတာ ကွာဝေးကြောင်း သေချာစေရမည်။

၂။ ပစ္စည်းများထုတ်ယူသုံးစွဲခြင်းကို အတည်ပြုထားသော ပိုင်းခြားထားသည့် သဲကျင်းများပမာဏ အရ ကန့်သတ်ရမည်။

၃။ သဲကျင်းများကို ပထမဆုံး စတူးသည့်အခါ ရရှိအပေါ်ယံမြေဆီလွှာကို စုပုံထားရမည်။ အသုံးပြုနိုင်သော အရာများကို ဖယ်ရှားပြီးနောက် ယခင်သိုလှောင်ထားသည့် အပေါ်ယံ မြေဆီလွှာကို တူးထားသည့် မြေဧရိယာအပေါ်တွင် ပြန်လည် ဖြန့်ခင်းပြီး ချောမွတ်သော၊ ညီညာသော မျက်နှာပြင်ဖြစ်စေရန် အဆင့်ပြန်မြှင့်ကာ ရေစီးဆင်းနိုင်စေရန် ဆင်ခြေလျှော ပြုလုပ်ပေးရမည်။ မတ်စောက်သော လျှောစောက်များပေါ်တွင် မြေဆီလွှာတိုက်စားမှုကို ထိန်းချုပ်ရန် ခုံများ သို့မဟုတ် လှေကားထစ်များကို ပြုလုပ်ပေးရမည်။

၄။ မြေဧရိယာတွင် ဂန်ထုပ်ဂန်ပိုးပိုလာခြင်းကို တည်ငြိမ်အောင်ဆောင်ရွက်သင့်ပြီး သဘာဝ ပေါက်ပင်များ ပြန်လည် ပေါက်ရောက်အောင် ဆောင်ရွက်သင့်သည်။ သင့်လျော်သည့် အချိန်တွင် သဘာဝအတိုင်းဖြစ်ပေါ်သော အပိုင်းအစများနှင့် ဂန်ပိုများပိနေသည့်မြေဧရိယာ နေရာ တဝိုက်တွင် အပင်များပြန်ပေါက်နိုင်ရန် ဖြန့်ပေးရမည်။ သဘာဝအပင်များကို အတိုင်းအတာတစ်ခုအထိ ပြန်လည် ပေါက်ရောက်စေလိုသည်။

၅။ လုပ်ငန်းကြောင့် ထိခိုက်ခံရသည့် ဒေသများရှိ ရေစီးဆင်းနေသည့် မြောင်းများတွင် မြေကြီးများ ပိတ်ဆို့ခြင်းမရှိစေရေး သေချာစေရမည်။

၆။ အလုပ်ပြီးသည်နှင့် တပြိုင်နက် တည်ဆောက်ရေးလုပ်ငန်းမှ ထွက်ရှိလာသော အပိုင်းအစ များ ကို ထိုနေရာမှ ဖယ်ရှားသင့်သည်။

***တည်ဆောက်ရေးလုပ်ငန်းမှထွက်ရှိသော အမှိုက်များနှင့် ယာဉ်များမှ အမှိုက်များကို စွန့်ပစ်ခြင်း***

ဆောက်လုပ်ရေးမှ ရရှိလာသော အပိုင်းအစများအတွက် စွန့်ပစ်ပစ္စည်းများကို ထိန်းသိမ်းခြင်း အထောက်အပံ့များအပါအဝင် နေ့စဉ် လုပ်ငန်းခွင် သန့်ရှင်းရေး လုပ်ထုံးလုပ်နည်းများကို စာချုပ်ချုပ်ဆိုသူမှ သတ်မှတ်ပြဌာန်းရမည်။

တည်ရှိပြီးဖြစ်သည့် အဆောက်အဦးများကို ဖြိုဖျက်ခြင်းကြောင့် ရရှိလာသော အပိုင်းအစများကို အဆိုပြုသော ဆောက်လုပ်ရေးတွင် သင့်လျော်သလို ပြန်လည်အသုံးပြုရမည် (ဥပမာ - ဆည်တမံအတွက် ဖြည့်ဆည်းသော ပစ္စည်းများအဖြစ်)၊ ကျန်ရှိနေသည့် အပိုင်းအစများ စွန့်ပစ်ခြင်းကို စီမံကိန်း အင်ဂျင်နီယာမှ အတည်ပြုထားသည့်အတိုင်း သတ်မှတ်နေရာများတွင်သာ စွန့်ပစ်ရမည်။ စာချုပ်ချုပ်ဆိုသူမှ အဆိုပါ စွန့်ပစ်ရန် နေရာများသည် (က) သတ်မှတ် သစ်တော ဧရိယာအတွင်း မဟုတ်ကြောင်း (ခ) သဘာဝ ရေစီးဆင်းမှု လမ်းကြောင်းများကို ထိခိုက်ခြင်းမရှိကြောင်း (ဂ) ရှားပါးမျိုးစိတ်များဖြစ်သည့် အပင်များကို ထိုက်ခိုက်ခြင်း မရှိကြောင်း သေချာစေရမည်။ မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ စာချုပ်ချုပ်ဆိုသူသည် ပစ္စည်းများကို သဘာဝပတ်ဝန်းကျင်အရ ထိရှလွယ်သည့်နေရာများတွင် စွန့်ပစ်ခြင်းကို မပြုလုပ်ရ။

ဆောက်လုပ်ရေး လုပ်ငန်းခွင်မှ အပိုင်းအစများ သို့မဟုတ် နန်းမြေများကို ဘေးကပ်ရပ်မြေတွင် စွန့်ပစ်ပါက စာချုပ်ချုပ်ဆိုသူသည် ၄င်းတို့ကို ချက်ချင်းဖယ်ရှားရမည်ဖြစ်ပြီး ထိခိုက်ခံရသော နေရာကို စီမံကိန်းအင်ဂျင်နီယာ ကျေနပ်သည်အထိမူရင်းအနေအထားအတိုင်းဖြစ်စေရန် ပြန်လည်ဆောင်ရွက်ပေးရမည်။

ထောက်ပံ့ပေးခြင်း၊ ထိန်းသိမ်းခြင်း၊ နယ်မြေပိုင်းခြားခြင်းနှင့် အပိုင်းအစများကို ရှင်းလင်းခြင်းအပါအဝင် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်စဉ်အတွင်း သယ်ယူပို့ဆောင်ရေး လုပ်ဆောင်ချက်များအားလုံးသည် အလုပ်အား အမှတ်မထင် ထိခိုက်သည်ဟု ယူဆပါက အင်ဂျင်နီယာမှ အတည်ပြု ညွှန်ကြားထားသည့်အတိုင်း သယ်ယူပို့ဆောင်ရေးကို စီစဉ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

**ဆောက်လုပ်ရေး လုပ်ငန်းစဉ်အတွင်း ဘေးကင်းလုံခြုံရေး**

စာချုပ်ချုပ်ဆိုသူ၏ တာဝန်များတွင် လူများနှင့် အနီးအနားရှိ အဆောက်အဦးများ ဆောက်လုပ်ရေးကြောင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုများမဖြစ်စေရေးအတွက် ကာကွယ်ခြင်းပါဝင်သည်။ စာချုပ်ချုပ်ဆိုသူသည် အောက်ပါ အချက်အလက်များ အပါအဝင် မတော်တဆ ထိခိုက်ဒဏ်ရာရမှုများကို ရှောင်ကြဉ်ရန် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ ဘေးကင်းလုံခြုံရေး လိုအပ်ချက်များနှင့် အခြားဆောင်ရွက်ချက်များအားလုံးကို လိုက်နာရန် တာဝန်ရှိသည်။

၁။ လမ်းသွားလမ်းလာများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်မည့်နေရာကို ဂရုတစိုက် သေချာစွာ သတ်မှတ်ခြင်း။

၂။ ကျောင်းသားများရှိပါက ကျောင်းချိန်အတွင်း ယာဉ်လမ်းကြောရှင်းလင်းပေးရန်အတွက် ယာဉ်ထိန်းရဲ ဝန်ထမ်းတစ်ယောက်ကို ထားရှိပေးရန်။

၃။ ဆောက်လုပ်စဉ်အတွင်း လမ်းသွားလမ်းလာများ ဘေးကင်းလုံခြုံရေးအတွက် ယာဉ်ကြောပိတ်ဆို့မှု သင်္ကေတများ (ပန်းချီကား၊ ကျောက်သင်ပုန်း၊ အချက်ပြ ပစ္စည်းများ၊ အစရှိသဖြင့်)၊ လမ်းပေါ်တွင် ပြုလုပ်သော အမှတ်အသားများ၊ အကာလက်ရန်းများအတွက် ထောက်ပံ့ပစ္စည်းများကို ထိန်းသိမ်းရန်။

၄။ အလုပ်မလုပ်မီ ဆောက်လုပ်ရေး လုပ်သားများအတွက် ဘေးကင်းလုံခြုံရေး သင်တန်းပေးရန်။

၅။ ဆောက်လုပ်ရေး လုပ်သားများအတွက် ကိုယ်ပိုင် ကာကွယ်ရေး ကိရိယာများနှင့် အဝတ်အထည်များ ပေးရန် (မျက်မှန်များ၊ လက်အိတ်များ၊ အသက်ရှူကိရိယာများ၊ ဖုန်ကာသည့် မျက်နှာဖုံးအစွပ်များ၊ ဦးထုပ် အမာများ၊ ဘေးကင်းလုံခြုံရေးအတွက် ဝတ်ဆင်ရမည့် ဘွတ်ဖိနပ်များ အစရှိသဖြင့်) နှင့် ၄င်းတို့ကို အသုံးပြုရေး တွန်းအားပေးရန်။

၆။ လုပ်ငန်းခွင်တွင်ရှိသည့် ဓါတုပစ္စည်းများအတွက်ပစ္စည်းအသုံးပြုရာတွင်ဘေးကင်းရေး အချက် အလက်စာရွက်များကို ကပ်ထားရန်။

၇။ အလုပ်သမားများအားလုံး ပစ္စည်းဘေးကင်းလုံခြုံရေး ဒေတာစာရွက်များကို ဖတ်ရှုရန် သို့မဟုတ် ဖတ်ရှုပြရန်လိုအပ်သည်။ ၎င်းတို့နှင့်၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များအတတွက် အထူးသဖြင့် ကိုယ်ဝန်ဆောင်သည့်အခါဖြစ်စေ၊ မိသားစုတစ်ခုတည်ဆောက်ရန် စီစဉ်သည့်အခါတွင်ဖြစ်စေ ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များကို ရှင်းရှင်းလင်းလင်း ရှင်းပြရန်။ သက်ဆိုင်ရာ ၎င်းတို့၏ ဆရာဝန်များနှင့် အဆိုပါအချက်အလက်များကို အလုပ်သမားများအနေဖြင့် မျှဝေခြင်းကို တွန်းအားပေးရန်

၈။ ကျောက်ဂွမ်းပါဝင်သည့် ပစ္စည်းများ သို့မဟုတ် အခြားအဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းများကို ဖယ်ရှားရာတွင်ဖြစ်စေ၊ စွန့်ပစ်ရာတွင်ဖြစ်စေ အထူးလေ့ကျင့်ထားသော အလုပ်သမားများမှ ဆောင်ရွက် ကြောင်းသေချာစေရန်။

၉။ မိုးသည်းထန်စွာ ရွာသည့်အချိန်တွင်ဖြစ်စေ၊ သို့မဟုတ် အခြားအရေးပေါ်အခြေအနေများတွင်ဖြစ်စေ အလုပ်လုပ်ခြင်းကို ဆိုင်ငံ့ထားရန်။

၁၀။ ဆောက်လုပ်စဉ်အတွင်း မြေလျောင်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် လျှပ်စစ်ပစ္စည်းများနှင့် စက်ကိရိယာများကို ခိုင်မြဲအောင် ထိန်းထားရန်။

DRAFT

**အနှောင့်အယှက်ဖြစ်စေခြင်းနှင့် ဖုန်ထခြင်းကို ထိန်းချုပ်ခြင်း**

အနှောင့်အယှက်ဖြစ်စေခြင်းနှင့် ဖုန်ထခြင်းကို ထိန်းချုပ်ရန် စာချုပ်ချုပ်ဆိုသူသည် အောက်ပါအချက် များကို ပြုလုပ်သင့်သည် -

၁။ လုပ်ငန်းခွင်မှမီတာ ၂၀၀အကွာအဝေးအတွင်း လမ်းပေါ်တွင် ဆောက်လုပ်ရေးနှင့် ဆက်စပ်နေသော ယာဉ်များသွားလာမှုကို တစ်နာရီလျှင် ၁၅ မိုင်နှုန်း သို့မဟုတ် ထို့ထက်နည်းသော နှုန်းဖြင့် မောင်းနှင်ရန် ထိန်းသိမ်းပါ။

၂။ လုပ်ငန်းခွင်သုံး စက်ကိရိယာများ၏ မြန်နှုန်းကို တစ်နာရီလျှင် ၁၀ မိုင် သို့မဟုတ် ထို့ထက်နည်းသော နှုန်းဖြင့် မောင်းနှင်ရန် ထိန်းသိမ်းပါ။

၃။ ဖြစ်နိုင်လျှင် စက်နှင့် ကိရိယာများ၏ ဆူညံသံကို 90 db သို့မဟုတ် ထို့ထက်နည်းသောနှုန်း၌ သတ်မှတ် ထိန်းသိမ်းပါ။

၄။ ထိခိုက်လွယ်သော နေရာများတွင် (အခြေချနေထိုင်သူများရှိသည့် အနီးနားဝန်းကျင်ဒေသများ၊ ဆေးရုံများ၊ အနားယူအပန်းဖြေသည့် အိမ်များ၊ အစရှိသဖြင့်) မလိုလားအပ်သောအသံဆူညံမှုများ မဖြစ်ပေါ်စေရန် ပိုမိုတင်းကျပ်သော လုပ်ဆောင်ချက်များဆောင်ရွက်ရန် လိုအပ်သည်။

၅။ ပတ်ဝန်းကျင်ရှိ မိသားစုများနှင့် လုပ်ငန်းများ၊ အထူးသဖြင့် ချို့တဲ့အားနည်းသော သူများ (ကလေးများနှင့် သက်ကြီးရွယ်အိုများ) အား ထိခိုက်မှု မဖြစ်စေရေးအတွက် အချိန်တိုင်းတွင် ဖုန်နှင့် အမှုန်များဖြစ်ပေါ်စေခြင်းကို လျှော့ချပါ။

၆။ ဇရိယာတစ်ခုလုံး လေတိုက်ခံရခြင်းမှ ကာကွယ်ရန် သဘာဝအပင်များကို ဖယ်ရှားမှုကိုအဆင့်အလိုက် စီစဉ်ပါ။

၇။ အိမ်များ၊ စီးပွားရေးလုပ်ငန်းနှင့် အပန်းဖြေနေရာများနှင့် နီးသည့် နေရာများတွင် အထူးအလေးထားလျက် ဆောက်လုပ်ရေး နေရာတစ်ဝိုက်တွင် ဖုန်ကာသည့် မျက်နှာပြင်များ တပ်ဆင်ပါ။

၈။ ညစ်ပတ်သည့် လမ်းများ၊ ဖြတ်တောက်ထားသည့် ဧရိယာများနှင့် မြေဆီလွှာ ပုံထားသည့်နေရာများနှင့် ဖို့ထားသော မြေပေါ်တွင် လိုအပ်သလို ရေဖြန်းပေးပါ။
၉။ ဆောက်လုပ်ရေး လုပ်ငန်းစဉ်မှ ဖြစ်ပေါ်လာသော တုန်ခါမှုများနှင့် အသံများကြောင့် အနှောင့် အယှက်ဖြစ်ခြင်းကို လျှော့ချရန် သင့်လျော်သည့်လုပ်ဆောင်ချက်များကို ဆောင်ရွက်ပါ။

**တည်ရှိနေသည့် အခြေခံအဆောက်အဦးများအား ဖြိုဖျက်ခြင်း**

အလုပ်သမားများနှင့် ပြည်သူလူထုထံ အပျက်အစီးအပိုင်းအစများ ပြုတ်ကျခြင်းမှ ကာကွယ်ရန် စာချုပ်ချုပ်ဆိုသူသည် တည်ရှိနေသည့် အခြေခံအဆောက်အဦးကို ဖျက်သိမ်းသည့်ကာလအတွင်း လုံလောက်သော အစီအစဉ်များကို အကောင်အထည်ဖော်ရမည်။ စာချုပ်ချုပ်ဆိုသူသည် အဆိုပါ အစီအစဉ်များအနက် အောက်ပါ အချက်များကို ပြုလုပ်ရမည် -

- သတ်မှတ် ကန့်သတ်ထားသော အမှိုက်စွန့်ပစ်ရမည့် နေရာ သို့မဟုတ် ဇုန်များကို နေရာသတ်မှတ်ခြင်း နှင့်/သို့မဟုတ် အမှိုက်များ အမြင့်မှ အနိမ့်သို့ ဘေးကင်းစွာ ရွှေ့လျားနိုင်ရန် လျှောဆင်းတစ်ခု ပြုလုပ်ခြင်း။
- လွှစားခြင်း၊ ဖြတ်ခြင်း၊ ကြိတ်ချေခြင်း၊ သဲဖြူးခြင်း၊ ပွဲအောင်ဖဲ့ထုတ်ခြင်း သို့မဟုတ် ဆောက်ဖြင့်ထွင်းခြင်းများကို သင့်လျော်သည့် အထိန်းများနှင့်အဆိုင်းများ တပ်ဆင်ပြီး ပြုလုပ်ခြင်း။
- လေးလံသည့်ကိရိယာများကို ချောင်နေသည့်ကြိုးကွင်းပေါ်တွင် မောင်းနှင်တွန်းယူခြင်းမှ ရှောင်ကြဉ်ရန် ယာဉ်အသွားအလာကို ရှင်းလင်းထားရှိခြင်း။
- ပစ္စည်းများ ပြုတ်ထွက်ခြင်းမှ ကာကွယ်ရန် လက်ရန်းများနှင့် ခြေနင်းစင်များကဲ့သို့ မြှင့်ထားသည့် အလုပ်မျက်နှာပြင်များ၏ အစွန်ဖက်များနှင့် ငြမ်းစင်များတွင် ပြုတ်ကျခြင်းမှ ကာကွယ်သည့် အကာအကွယ်များကို ယာယီ အသုံးပြုခြင်း။
- ဖောက်ခွဲသည့်လုပ်ဆောင်ချက်များ ပြုလုပ်စဉ်အတွင်း အလုပ်နေရာများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပြီး လူများ သို့မဟုတ် အခြားအဆောက်အဦးများအနီးတွင် ဖြစ်ပါက ဖြိုချနေသည့် ကျောက်သားအစအနများ ပျံထွက်လာခြင်း သို့မဟုတ် အရှိန်ဖြင့် လွင့်ကျလာခြင်းကို လျှော့ချရန် လမ်းကြောင်းလွှဲပေးမည့် အခြားနည်းလမ်းများ သို့မဟုတ် ပေါက်ကွဲမှု ခံနိုင်သည့်အပြားများကို အသုံးပြုခြင်း။
- အလုပ်သမားအားလုံးအတွက် ဘေးကာများပါသည့် မျက်မှန်များ၊ မျက်နှာအကာများ၊ ခေါင်းဆောင်းအမာများနှင့် ဘေးကင်းရေးအတွက် ရှူးဖိနပ်များကို ပံ့ပိုးပေးခြင်း။

**ပတ်ဝန်းကျင်ရှိလူထုအဖွဲ့အစည်း**

လူထုအဖွဲ့အစည်းနှင့်ပြည့်စုံကောင်းမွန်သော ဆက်ဆံရေး တိုးမြှင့်စေရေးအတွက် စာချုပ်ချုပ်ဆိုသူ သည် အောက်ပါအချက်များကို ဆောင်ရွက် ရပါမည်-

DRAFT

၁။ လူထုကို တည်ဆောက်ရေးနှင့် လုပ်ငန်းအစီအစဉ် အချိန်ဇယားများ၊ ဝန်ဆောင်မှုများအား အနှောက်အယှက်ဖြစ်စေမှု၊ လမ်းလွှဲများနှင့် ဘတ်စ်ကား လမ်းကြောင်းများ၊ဖောက်ခွဲမှုများနှင့် ဖြိုဖျက်မှုများ နှင့် ပတ်သတ်၍ လိုအပ်လျှင်လိုအပ်သလို သတင်းပေးဆောင်ရွက်ရမည်။

၂။ တည်ဆောက်ရေးလုပ်ငန်းများကို ညအချိန်တွင် လုပ်ဆောင်ခြင်းကို ကန့်သတ်ရမည်။ လိုအပ်ပါက ညဆိုင်းလုပ်ငန်းဆောင်ရွက်မှုကို ဂရုတစိုက်စီစဉ်ဆောင်ရွက်ထားကြောင်းနှင့် ပြည်သူလူထုအားလည်း လိုအပ်သော ဆောင်ရွက်ချက်များဆောင်ရွက်နိုင်စေရန် အလျဉ်းသင့်သလို သတင်းပေးထားကြောင်း သေချာစေရမည်။

၃။ ရေ၊ လျှပ်စစ်မီး၊ တယ်လီဖုန်း၊ ဘတ်စ်ကား လမ်းကြောင်း၊ အပါအဝင် ဝန်ဆောင်မှုများကို အနှောက်အယှက်မဖြစ်စေမီ ၅ရက်ကြိုတင်ပြီး စီမံကိန်းနေရာ၊ ဘတ်စ်ကားမှတ်တိုင်များ၊ စီမံကိန်းကြောင့် ထိခိုက်ခံရသောအိမ်များ၊ စီပွားရေး လုပ်ငန်းများတွင် ကြော်ငြာများကပ်ခြင်းဖြင့် ပြည်သူလူထုကို အသိ ပေးအကြောင်းကြားဆောင်ရွက်ရမည်။

**ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု အဆောက်အဦးများ မမျှော်လင့်ဘဲ ရှာဖွေတွေ့ရှိပါက ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ**

အကယ်၍ စာချုပ်ချုပ်ဆိုသူသည် တူးဖော်စဉ်နှင့် တည်ဆောက်စဉ်အတွင်း သင်္ချိုင်းများ နှင့်/သို့မဟုတ် သီးခြားသင်္ချိုင်းအုတ်ဂူများ အပါအဝင် ဗိသုကာလက်ရာမြောက်နေရာများ၊ သမိုင်းဝင် နေရာများ၊ ကျန်ရှိနေသော ရှေးဟောင်းပစ္စည်းများကို တွေ့ရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

အဆိုပါ ရှာဖွေတွေ့ရှိနိုင်သည့် ဧရိယာတွင် တည်ဆောက်ရေးလုပ်ငန်းများကို ရပ်ဆိုင်းရမည် -

(က) ရှာဖွေတွေ့ရှိထားသည့် နေရာ သို့မဟုတ် ဧရိယာကို အသေးစိတ်ချပြရမည်။
(ခ) တူးဖော်ရမည့် အရာဝတ္ထုများကို ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို ကာကွယ်ရန် အဆိုပါ တည်နေရာအား လုံခြုံစေရန် ဆောင်ရွက်ရမည်။ တူးဖော်ရမည့် ရှေးဟောင်းပစ္စည်းများ သို့မဟုတ် ထိရှလွယ်သော ရုပ်ကြွင်းများနှင့် ပတ်သတ်သည့်ကိစ္စရပ်များတွင် သက်ဆိုင်ရာ အာဏာပိုင်သို့မဟုတ် အမျိုးသား ယဉ်ကျေးမှု ဦးစီးဌာနမှ လွှဲပြောင်းရယူသည် အထိ ညစောင့်ချ ထားရမည်။
(ဂ) အလုပ်ကြီးကြပ်သူ အင်ဂျင်နီယာမှ ဒေသဆိုင်ရာ အာဏာပိုင် သို့မဟုတ် အမျိုးသား ယဉ်ကျေးမှု ဦးစီးဌာနသို့ ၂၄ နာရီအတွင်း သို့မဟုတ် ၂၄ နာရီမကျော်မီ ချက်ချင်း အကြောင်း ကြားဆောင်ရွက်ရန် အသိပေးရမည်။
(ဃ) ဒေသဆိုင်ရာ အာဏာပိုင်နှင့် အမျိုးသားယဉ်ကျေးမှုဦးစီးဌာနတို့မှ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်ချက်မချမီ အဆိုပါနေရာအားကာကွယ်ရေးနှင့် ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် ကွပ်ကဲဆောင်ရွက်ရာတွင် တာဝန်ယူလိမ့်မည်။ အမျိုးသား ယဉ်ကျေးမှု ဦးစီးဌာနမှ ဗိသုကာ ပညာရှင်များမှ အဆိုပါ တွေ့ရှိချက်အပေါ် ပဏာမသုံးသပ်မှုလိုအပ် ပါလိမ့်မည်။ ရှာဖွေတွေ့ရှိမှု၏သိသာထင်ရှားစွာ အရေးပါအရာရောက်မှုကို ယဉ်ကျေးမှု အမွေအနှစ်များ နှင့်

ဆက်နွယ်နေသည့် သတ်မှတ်စံနှုန်းများအရ အကဲဖြတ်မည်ဖြစ်သည်။ အဆိုပါ စံနှုန်းများတွင် သုခုမအနုပညာ၊ သမိုင်းကြောင်း၊ သိပ္ပံဆိုင်ရာ သို့မဟုတ် သုတေသန ဆိုင်ရာ၊ လူမှုရေး သို့မဟုတ် စီးပွားရေးအရ တန်ဖိုးများပါဝင်ပါသည်။

(င) ရှာဖွေတွေ့ရှိချက်များကို မည်သို့ ဆောင်ရွက်မည်နှင့်ပတ်သတ်သော ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ အာဏာပိုင်များနှင့် အမျိုးသား ယဉ်ကျေးမှု ဦးစီးဌာနတို့မှ တာဝန်ယူ ဆောင်ရွက် မည်ဖြစ်သည်။ ထိုဆုံးဖြတ်ချက်ပေးရာတွင် ဖယ်ရှားမရသော ရုပ်ကြွင်းများ သို့မဟုတ် ဗိသုကာ ဆိုင်ရာ အရေးပါသော တွေ့ရှိချက်ဖြစ်ပါက ထိန်းသိမ်းစောင့်ရှောက် ခြင်း၊ မူလအတိုင်းပြင်ဆင် မွမ်းမံခြင်းနှင့် ဆယ်တင်ခြင်းများကဲ့သို့ သင့်လျော်သည့်ပုံစံတွင် ပြောင်းလဲမှုများ ပါဝင်လာမည် ဖြစ်ပါသည်။

(စ) ရှာဖွေတွေ့ရှိမှုများနှင့် ပတ်သတ်၍ စီမံဆောင်ရွက်မှုများနှင့်ပတ်သတ်ပြီး တရားဝင် ဆုံးဖြတ်ချက် ချရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကိုသက်ဆိုင်ရာ ဒေသဆိုင်ရာ အာဏာပိုင်များ မှ စာဖြင့်ရေးသားပြီး ဆက်သွယ်ဆောင်ရွက်ရပါမည်။

(ဆ) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် အမျိုးသားယဉ်ကျေးမှုဦးစီးဌာနမှ ခွင့်ပြုချက်ရရှိပြီးမှသာ တည်ဆောက် ရေး လုပ်ငန်းများကို ပြန်လည်စတင်နိုင်သည်။

**အန္တရာယ်ရှိသော ပစ္စည်းများ**

အကယ်၍ ဆောက်လုပ်ရေးနေရာတွင် ဖြိုချထားသော အဆောက်အဦးမှ ကျောက်ဂွမ်းပါသော အပိုင်းအစများကဲ့သို့ အန္တရာယ်ရှိသော ပစ္စည်းများရှိနေသည်ဟု ခန့်မှန်းမိသည် သို့မဟုတ် သံသယရှိနေပါက စာချုပ်ချုပ်ဆိုသူမှ အန္တရာယ်ရှိသော ပစ္စည်းများစွန့်ပစ်ရေးစီမံခန့်ခွဲမှု အစီအစဉ်ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အဆိုပါ အစီအစဉ်ကို စီမံကိန်းအင်ဂျင်နီယာမှ အတည်ပြုရမည်ဖြစ်ပါသည်။ ထိုအစီအစဉ်ကို လုပ်ငန်း လည်ပတ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင်ပါဝင်သည့် လူအားလုံးရရှိရန် ဆောင်ရွက်ပေးသင့်ပါ သည်။ စီမံကိန်းနေရာရှိ အန္တရာယ်ရှိသော စွန့်ပစ် ပစ္စည်းများကို ဖယ်ရှားရာတွင် အထူးလေ့ကျင့်ထားသော ဝန်ထမ်းများမှ ဒေသဆိုင်ရာ လိုအပ်ချက်များအရ သို့မဟုတ် အပြည်ပြည်ဆိုင်ရာမှ အသိမှတ်ပြုထားသော လုပ်ထုံးလုပ်နည်းများအရ လိုက်နာဆောင်ရွက်ရမည်။

**ကျန်းမာရေးဝန်ဆောင်မှု၊ HIV/AIDS ဆိုင်ရာ အသိပညာ**

စာချုပ်ချုပ်ဆိုသူသည် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုနှင့်ပတ်သက်ပြီး ဆေးရုံသို့မရောက်မီ ဝန်ထမ်းများ အတွက်၊ ဆောင်ရွက်ရသည့် လုပ်ငန်းအမျိုးအစားအတွက်၊ ကုသမှုပေးရမည့် အတိုင်းအတာပမာဏအတွက် သင့်လျော်သော ဆေးဝါး ကိရိယာတန်ဆာပလာများအပါအဝင် အရေးပေါ် အခြေအနေများအတွက် အရေးပေါ် သုံးထောက်ပံ့ပစ္စည်းများနှင့် အလုပ်သမားများအတွက် အခြေခံ ရှေးဦးသူနာပြုစုမှု ဝန်ဆောင်မှုများကို ထောက်ပံ့ပေးရပါမည်။ လိင်ပိုင်းဆိုင်ရာအားဖြင့် ကူးစက်တက်သော ရောဂါများဖြစ်သည့် အထူးသဖြင့် HIV/AIDS ကဲ့သို့ရောဂါများအား အလုပ်သမားများတွင် စစ်ဆေး ပေးသည့် အစီအစဉ်ကို ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

စာချုပ်ချုပ်ဆိုသူသည် ၎င်း၏ အဆိုပြုချက်တွင် ကျန်မာရေးဆိုင်ရာ အစီအစဉ်နှင့် ပတ်သတ်သော အနှစ်ချုပ်ကို ထည့်သွင်းသင့်ပါသည်။ တည်ဆောက်ရေး လုပ်ငန်းများအစမပြုမီ လိုက်နာ ဆောင်ရွက်ကြောင်း အသိအမှတ်ပြုလက်မှတ်ကို စီမံကိန်း အင်ဂျင်နီယာမှ စာချုပ်ချုပ်ဆိုသူအား ထုတ်ပေးရမည်။

**တည်ဆောက်ရေးကာလအတွင်း သဘာဝပတ်ဝန်းကျင်နှင့်ပတ်သတ် ၍ကြီးကြပ်ကွပ်ကဲခြင်း**

စီမံကိန်းအင်ဂျင်နီယာသည် အဆိုပါသတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။ စာချုပ်ချုပ်ဆိုသူမှ အဓိကအချက်များအား မလိုက်နာပါက အလုပ်များကို ဆိုင်းငံ့ခံရခြင်း ခံရမည်ဖြစ်ပြီး စီမံကိန်းအင်ဂျင်နီယာကျေနပ်လောက်သည် အထိ မဖြေရှင်းမချင်း အခြား ပြစ်ဒဏ်များကို ခံစားရမည်ဖြစ်ပါသည်။ စာချုပ်ချုပ်ဆိုသူသည် သဘာဝပတ်ဝန်းကျင်၊ လူထုကျန်းမာရေးနှင့် လုံခြုံရေးနှင့် သက်ဆိုင်သည့် အမျိုးသားနှင့် စည်ပင်သာယာရေးဆိုင်ရာ ဥပဒေစည်းမျည်းများကို လိုက်နာရန် လည်းလိုအပ်ပါသည်။

**နောက်ဆက်တွဲ ၃ - SESA စီမံကိန်းရည်မှန်းချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ**

**မူကြမ်း**

**မြန်မာနိုင်ငံ ဧရာဝတီဘက်စုံမြစ်ဝှမ်းစီမံခန့်ခွဲမှုစီမံကိန်းအတွက် မဟာဗျူဟာမြောက် သဘာဝ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှု (SESA) အတွက်စီမံကိန်းရည်မှန်းချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ**

**နိဒါန်းနှင့် နောက်ခံသမိုင်းကြောင်း**

မြန်မာနိုင်ငံသည် မြေနှင့်ရေအရင်းအမြစ်များပေါကြွယ်ဝသော တိုင်းပြည်တစ်ခုဖြစ်သည်။ သို့သော် ခန့်မှန်း GDP သည် လူတစ်ဦးလျှင် တစ်နှစ် ဒေါ်လာ ၉၀၀ သာရှိပြီး တရားဝင် ဆင်းရဲမွဲတေမှု စစ်တမ်း ကောက်ယူချက်အရ ၂၆% ရှိနေကာ အရှေ့အာရှတွင် အဆင်းရဲဆုံးနိုင်ငံများထဲတွင် တစ်နိုင်ငံဖြစ်နေသည်။ မြန်မာနိုင်ငံ၏ အနာဂတ်တိုးတက်စေရေးအတွက် အလားအလာရှိသော အခွင့်အရေးများသည် ရေနှင့် တိုက်ရိုက် ဆက်နွယ်နေသည်။ ရေနှင့် သက်ဆိုင်သော မူဝါဒများနှင့် ရေ အခြေခံအဆောက်အဦးများနှင့် ပတ်သတ်ပြီး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် စောလျှင်စွာ ဆုံးဖြတ်ချက်ချခြင်းဖြင့် စီးပွားရေးတိုးတက်စေမည့် အချက်များကို ထိခိုက်စေလျက် တိုင်းပြည်၏ ရေအရင်းအမြစ်မှ ထုတ်လုပ်နိုင်သည့် အလားအလာနှင့် ရေအရင်းအမြစ်၏ အရည်အသွေးတို့ကို အကောင်းရော အဆိုးပါ အကြီးအကျယ်ထိခိုက်သွားနိုင်သည်။

မြစ်၏ပင်မရေစီးဆင်းသည့်နေရာများသည် ဖွံ့ဖြိုးတိုးတက်ခြင်း မရှိသေးပေ။ ဖွံ့ဖြိုးတိုးတက်လာ မှုကြောင့် ဖြစ်ပေါ်လာမည့် မြစ်ဝှမ်းတစ်ခုလုံးအပေါ် ထိခိုက်မှုများကို နားလည်ရန်အတွက် အချက်အလက်နှင့် ဆုံးဖြတ်ချက်များကို အထောက်အပံ့ဖြစ်စေမည့် နည်းလမ်းများလိုအပ်နေသေးသကဲ့သို့ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အကောင်းဆုံး ပြုလုပ်နိုင်မည့် အခြားနည်းလမ်းများ ကင်းမဲ့နေသေးသည်။ စိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်မှုစွမ်းအားကို တိုးမြှင့်ပြီး ကုန်ပစ္စည်းများကို အမျိုးအစားခွဲ၍ ထုတ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်ပ ပစ္စည်းတင်ပို့မှုများနှင့် ဝင်ငွေများကို သိသာထင်ရှားစွာ တိုးတက်စေမည်ဖြစ်ပါသည်။သဲနုန်းကျခြင်းသည် အဓိက ပြဿနာဖြစ်နေပြီး မြစ်ကြောင်းတစ်လျှောက်တွင် ထိခိုက်ခံနေရပါသည်။ ရေအရည်အသွေးသည် အထူးသဖြင့် သတ္တုတွင်းတူးဖော်ရေး ဆောင်ရွက်မှုများ အနီးတွင် ကျဆင်းလာပြီး၊ အပူပိုင်းဇုန်များတွင် ရေရရှိမှု နည်းပါး လာသည့် ဘေးအန္တရာယ်ကို တွေ့ရှိနေရသည်။ ဆိုးရွားလှသော ရာသီဥတု၊ မုန်တိုင်းများ၊ ရေလွှမ်းမိုးမှုများသည် ဧရာဝတီမြစ်ဝှမ်းတွင် ဖြစ်ပေါ်နေသည့် အခြားပြဿနာများပင်ဖြစ်ပေသည်။ ဂေဟာစနစ် စီမံခန့်ခွဲမှု လိုအပ်ချက် များနှင့် ဆက်စပ်နေသော ဂေဟာစနစ် ခရီးသွားလုပ်ငန်းဆိုင်ရာ အခွင့်အရေးများကိုလည်း မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဧရာဝတီမြစ်ဝှမ်းသည်

ရောဝတီလင်းပိုင်များအပါအဝင်ဆွဲဆောင်မှုအထင်ကရဖြစ်ပြီးမျိုးသုဉ်းပျောက်ကွယ်မှာစိုးရိမ်ရသည့်မျိုးစိတ်ပေါင်း များစွာ အခြေချနေထိုင်သည့် နေရာတစ်ခုဖြစ်ပါသည်။

ရောဝတီ ဘက်စုံမြစ်ဝှမ်း စီမံခန့်ခွဲမှု စီမံကိန်းအတွက် ချပေးထားသော အမေရိကန်ဒေါ်လာ ၁၀၀ သန်း ဖြင့်မြစ်ပှမ်းဘက်စုံပေါင်းစည်းစီမံကိန်းနှင့်စီမံခန့်ခွဲမှုတစ်ခုကိုဆောင်ရွက်မည်ဖြစ်သည်။ ပြဌာန်းချက် ညွှန်းတမ်း သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရွေးချယ်နိုင်သည့်အခွင့်အရေးများအပေါ် နှောင့်နှေးခြင်းမရှိ လမ်းညွှန်မှု ပေးနိုင်ရန် မျှော်မှန်းရပြီး ရောဂတီမြစ်ပှမ်း၏ ရေနှင့်ဆက်နွယ်နေသော ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ၏ မဟာဗျူဟာ ကျစီမံကိန်းအတွက် စီစဉ်ပြင်ဆင်မှုများ နေရာတကျဖြစ်ရန်နှင့် လက်ရှိ များပြားလာသော ညှိနှိုင်းဆောင်ရွက်ခြင်း မရှိသည်ချဉ်းကပ်မှုများကို မကျင့်သုံးဘဲမြစ်ပှမ်းဖွံ့ဖြိုးရေးတိုးတက်စေရေးလမ်းကြောင်းများ ကို အစိုးရအနေဖြင့် ရွေးချယ်နိုင်စေရန်လည်း မျှော်မှန်းရပါသည်။IRBPM တွင် အောက်ပါ အချက်များ ပါဝင်လိမ့်မည် -

(၁) ရေအားလျှပ်စစ်အလားအလာဆိုင်ရာ နယ်ပယ်အဆင့်အလိုက် စိတ်ဖြာလေ့လာမှုများ၊ မြစ်ပှမ်းတစ်နံ တစ်လျား မဟာဗျူဟာမြောက် သဘာဂပတ်ဂန်းကျင်နှင့်လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှုတစ်ရပ်၊ HIC ၊ နောင်ထွက်ပေါ်လာမည့် RBO နှင့် သက်ဆိုင်ရာစီမံခန့်ခွဲမှုအသင်းအဖွဲ့များမှ အနာဂတ်တွင် အသုံးပြုရန်နှင့် အစီရင်ခံစာတွင် အသုံးပြုရန် ဗဟုသုတအခြေခံမှတ်တမ်းတစ်ရပ်ကို ဖန်တီးခြင်းတို့ အပါအဂင် မြစ်ပှမ်းတစ်နံတစ်လျား ရှာဖွေဖော်ထုတ်မှုလေ့လာချက်များ

(၂) HIC ၊ နောင်တစ်ချိန်ထွက်ပေါ်လာမည့် RBO နှင့် သက်ဆိုင်ရာ စီမံခန့်ခွဲမှုအသင်းအဖွဲ့များ အနာဂတ် တွင်အသုံးပြုရန် နောက်ဆုံးအစီရင်ခံစာတွင် အသုံးပြုရန်အတွက် စံနမူနာ ပုံစံများနှင့် ပိုင်းခြား စိတ်ဖြာမှုနည်းလမ်းများ ရေးဆွဲဖော်ထုတ်မှု

(၃) အစီအစဉ်ရေးဆွဲမှုဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ရန်အတွက် ပူးပေါင်းပါဝင် ဆောင်ရွက် သူများနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းများ။ (နှင့်အတူ လုပ်ရမည့် အလုပ်ကို အကြံပြုမည့် ပညာရှင် အဖွဲ့တစ်ဖွဲ့ တည်ထောင်မှု)

(၄) ၁) ပူးပေါင်းပါဝင်ဆောင်ရွက်သူများနှင့် ညှိနှိုင်းတိုင်ပင်အကြံဉာဏ်ရယူမှုများမှ ဖော်ထုတ်ရရှိသော ရင်းနှီးမြှုပ်နှံမှု အနာဂတ်ဖြစ်နိုင်ချေများနှင့် အကြံပြုချက်များအမျိုးမျိုး (၂) မြန်မာနိုင်ငံရှိ လုပ်ဆောင် နေဆဲဖြစ်သည့် မြစ်ဝှမ်း အစီအစဉ် ရေးဆွဲမှုနှင့် စီမံခန့်ခွဲမှုများအတွက် အဆိုပြုသော အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ (ဆိုလိုသည်မှာ မြစ်ပှမ်းရင်းနှီးမြှုပ်နှံမှုများအား မည်သို့ သတ်မှတ်ဖော်ထုတ်သင့်သည်၊ အကဲဖြတ်သင့်သည်၊ပူးပေါင်းပါဝင် ဆောင်ရွက်သူများနှင့် ညှိနှိုင်း တိုင်ပင်သင့်သည်၊ အစိုးရမှ အတည်ပြုချက်ပေးသင့်သည်၊ အကောင်အထည်ဖော်သင့်သည် စသည့် အချက်များ) တို့ ပါဝင်မည်ဖြစ်သော အလုံးစုံခြုံငုံသော မြစ်ဝှမ်းဒေသ အထူးစီမံကိန်း အစီရင်ခံစာ

အထူးစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် ဖြစ်နိုင်ချေ တန်ဖိုးဖြတ်ခြင်းကို ဆောင်ရွက်နိုင်မည် ဖြစ်သောကြောင့် နောင်တရစရာလုံးဂမရှိသည့် စီမံကိန်းများကို သတ်မှတ်ဖော်ထုတ်လိမ့်မည်ဟု မျှော်လင့် ရပါသည်။ ဤအစီအစဉ်၏ နောင်အနာဂတ်အဆင့်များတွင် ဤစီမံကိန်းများကို ငွေကြေးထောက်ပံ့ရန် ဖြစ်နိုင်ချေရှိသောကြောင့် စီမံကိန်းများအား အဆင့်ဆင့် တန်ဖိုးဖြတ်ရန် အရေးကြီးပါသည်။ GoM သည် နိုင်ငံတွင်း၌ ဖွံ့ဖြိုးမှုကို စနစ်တကျဖြစ်၍ကောင်းစွာ စီစဉ်ထားရှိသောနည်းလမ်းတစ်ရပ်အဖြစ် တိုးတက်စေရန် အလို့ငှာ စီမံကိန်းများကိုချင့်ချိန်တွက်ချက်မှုအား အထူးဦးစားပေးထားသည်။

**မဟာဗျူဟာမြောက် သဘာဂပတ်ဂန်းကျင်နှင့်လူမှုဆိုင်ရာ အကဲဖြတ်စစ်ဆေးမှု ရည်ရွယ်ချက် (SESA)**

ထိုSESAသည်၎င်းနှင့်ပတ်သက်သောအဓိကပတ်ဂန်းကျင်နှင့်လူမှုဆိုင်ရာ ပြသနာရပ်များကို ပုံဖော်ခြင်းနှင့်အကဲဖြတ်ခြင်း၊ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ပြဌာန်းဥပဒေများနှင့် ကမ္ဘာ့ဘဏ်၏ ပတ်ဂန်းကျင်နှင့်လူမှုဆိုင်ရာ အကာအကွယ်ပေးရေးမူဂါဒများနှင့် ကိုက်ညီစွာ မြစ်ဝှမ်းဆိုင်ရာ ဘက်စုံပေါင်းစည်း အထူးစီမံကိန်းနှင့် ပေါင်းစည်းမည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို လျှော့ချပေးမည့် ဆောင်ရွက်ချက်များကို သတ်မှတ်ခြင်းဖြင့် ဘက်စုံပေါင်းစည်း မြစ်ဝှမ်းဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်း (IRBPM) ကို ထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။ SESA သည် စိတ်ပါဝင်စားသူများအနေဖြင့် အခြား မြောက်မြားစွာသော စိတ်ပါဝင်စားသူများနှင့်အတူ စီမံကိန်းတွင် ဆက်လက်ပါဝင် လုပ်ကိုင်ဆောင်ရွက်နိုင်စေမည့် တံတားတစ်ခုကို ဖန်တီးမည် ဖြစ်သောကြောင့် ၎င်းကို တစ်ကြိမ်တည်းဖြင့် အကျိုးသက်ရောက်မှုကို ချင့်တွက် အကဲဖြတ်ခြင်းထက် လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက် လိမ့်မည် ဖြစ်ပါသည်။ ထို့ကြောင့် ဆက်လက်ပြီး အပြန်အလှန် လက်တွဲလုပ်ဆောင်ခြင်းသည် SESAဖြစ်စဉ်များ၏ ထူးခြားချက်များပင်ဖြစ်သည်။ SESA ကို အသစ် ဖန်တီးထားသော အမျိုးသား ရေအရင်းအမြစ်ကော်မတီ(NWRC) မှ အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

ရောဂတီမြစ်သည်မြန်မာနိုင်ငံ၏ အကြီးဆုံးမြစ်ဝှမ်းဖြစ်သည်သာမက နိုင်ငံ၏ အသဲနှလုံးဟူ၍ လည်း ဖော်ပြကြပါသည်။ ယနေ့တွင်မြစ်ဝှမ်းသည် မြန်မာနိုင်ငံကုန်းမြေပြင်ကျယ်၏ ၆၀%ကျော်ပမာဏရှိပြီး လူဦးရေ၏၇၀%ကို နေထိုင်အလုပ်လုပ်ကိုင်နိုင်ရန်ထောက်ပံ့ပေးကာ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ၏ ၄၀% ကို သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။ မြစ်ဝှမ်းထဲရှိ ရေအောက် သယံဇာတများသည် ရေပေါ်သယံဇာတထက် ပိုမိုများပြားသည်ဟု ယုံကြည်ရပါသည်။ ရောဂတီမြစ်ဝှမ်း သည် ယင်းမြစ်ဝှမ်းရှိ သဘာဂ သယံဇာတများအပေါ် လိုအပ်သလို မှီခိုအားထားနေကြရသော မတူကွဲပြားသည့်မျိုးနွယ်လူနည်းစုအတွက် မှီခိုအားထားရာအိမ်တစ်အိမ်ကဲ့သို့ ဖြစ်ပါသည်။ ဆင်းရဲမွဲတေမှု မှာမြင့်တက်ဆဲဖြစ်ပြီး များစွာသော နွမ်းပါးသူတို့သည်ရောဂတီမြစ်ဝှမ်းတွင်နေထိုင်ကြပါသည်။ ရောဂတီမြစ်ဝှမ်း သိသာထင်ရှားအောင် ပြောင်းလဲမှုတစ်ခုကို ပြုလုပ်လိုက်ပါက ယင်းသည် လူနည်းစုမျိုးနွယ်စုများနှင့်နွမ်းပါးသူများအနေဖြင့် သဘာဂသယံဇာတများ ရရှိခံစားနိုင်ခြင်းကို ထိခိုက် လိမ့်မည်ဖြစ်သည်။ ရောဂတီမြစ်ဝှမ်းစီမံခန့်ခွဲမှု နှင့်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွင် ပါဝင်သော ရင်းနှီးမြှပ်နှံမှုများ၊ အထူးစီမံကိန်းလက်အောက်ရှိပုံဖော်ရန်လိုအပ်သည့် ရင်းနှီးမြှပ်နှံမှုများ၊ စီမံကိန်း အစိတ်အပိုင်းခွဲ၁.၃အောက်ရှိ ငွေကြေးထောက်ပံ့ပေးမည်ဖြစ်သော ဖြစ်နိုင်ခြေ လေ့လာမှုများသည် ရောဂတီ မြစ်ဝှမ်းဒေသရှိ မျိုးနွယ်စုများနှင့်နွမ်းပါးသူများအတွက် ရုပ်ပိုင်းဆိုင်ရာအားဖြင့် ဖြစ်စေ၊ စီးပွားရေးအရ ဖြစ်စေ ထိခိုက်နိုင်ရုံသာမက ၎င်းတို့နေထိုင်သည့် အိမ်များကိုဆုံးရှုံးရမည်ဖြစ်ကာ ထိခိုက်မှုများ ခံစားရမည်ဖြစ် သည်။

**SESA လုပ်ငန်းစဉ်**

| IWRM အစီအစဉ်ရေးဆွဲခြင်းနှင့်စီမံခန့်ခွဲခြင်းကိစ္စရပ်များ | SESA |
|---|---|
| စံနမူနာနှင့် DSS ပုံဖော်ခြင်း (၁ - ၃နှစ်) (အစိတ်အပိုင်း ၁ မှလုပ်ဆောင်စရာများနှင့်ပူးပေါင်းဆောင်ရွက်ရန်) | **အပေါ်ယံအကဲဖြတ်ခြင်း**<br>• စာအုပ်စာတမ်းများကို ပြန်လည်သုံးသပ်ခြင်း<br>• ပဏာမအချက်အလက်များကို ချင့်ချိန်အကဲဖြတ်ခြင်း (ဖွံ့ဖြိုးမှုလမ်းကြောင်း၊ သဘာဂပတ်ဂန်းကျင်နှင့် လူမှုဂန်းကျင်ဆိုင်ရာကိစ္စရပ်များ) |

DRAFT

| | |
|---|---|
| | • စိတ်ပါဝင်စားသူများကိုရှာဖွေခြင်း၊စိစစ်လေ့လာခြင်းနှင့် လက်တွဲလုပ်ဆောင်ခြင်းအစီအစဉ်<br>• စိတ်ပါဝင်စားသူများနှင့် လေ့လာအကဲဖြတ်ခြင်းပြုလုပ်ရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း<br>• စည်းမျဉ်းသတ်မှတ်ခြင်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ၊ လုပ်ငန်းအစီအစဉ်၊ SESA အတွက် ဆောင်ရွက်မည့် အရာများနှင့်အတူ အပေါ်ယံအကဲဖြတ်ခြင်း အစီရင်ခံစာ |
| မြစ်ဝှမ်းဆိုင်ရာ ချင့်ချိန် အကဲဖြတ်မှု ပထမအဆင့် နှင့် ဧရာဝတီမြစ်ဝှမ်း အထူးစီမံကိန်းပထမမူကြမ်း ( ၁ - ၆လ) အပေါ်ရှိ အကဲဖြတ်မှု ပုံစံ<br>မြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းရည်ရွယ်ချက်နှင့်အညွှန်းများ<br>ကနဦးမြစ်ဝှမ်းအထူးစီမံကိန်းမူကြမ်း | **သဘာဝပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ဆိုင်ရာဦးစားပေး ဆောင်ရွက်ရမည့်အချက်အလက်များ၊ ထိခိုက်မှုများနှင့်ပြဿနာများ၊ တတ်စွမ်းသရွေ့ မပျက်စီးအောင် လုပ်ဆောင်ရမည့် နည်းလမ်းများအားရှာဖွေခြင်း**<br><br>အခြေအနေအပေါ် လေ့လာစမ်းစစ်ခြင်း<br>• တည်ရှိနေသောအချက်အလက်များကိုစူးစမ်းစစ်ဆေးခြင်း (ပမာဏကို စမ်းစစ်ခြင်း၊ အဖြစ်အပျက်များကိုလေ့လာခြင်း၊ သို့မဟုတ် လျှော်ကြေးငွေဆိုင်ရာကိစ္စရပ်များကိုလေ့လာခြင်း၊ EIA အစီရင်ခံစာများနှင့် ကဏ္ဍအလိုက်အစီရင်ခံစာများ)<br>• ရေရှည်သက်ရောက်မှုများ/ ပေါင်းစည်းသက်ရောက်မှုများနှင့် အပရိက သက်ရောက်မှုများအပြင် ကဏ္ဍအတွင်း တစ်ဦးတစ်ယောက်ချင်း၏ ဖွံ့ဖြိုးတိုးတက်မှုများအပေါ် သက်ရောက်မှုများ)<br>• စိတ်ပါဝင်စားသူများကို ချင့်ချိန် အကဲဖြတ်ခြင်း<br>• သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ဖော်ထုတ်ခြင်း<br>• သဘာဝပတ်ဝန်းကျင်၊လူမှုရေးလုံခြုံရေးကိစ္စရပ်နှင့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုဦးစားပေးသတ်မှတ်ရန်တိုင်းတာရနိုင်သောစံသတ်မှတ်ချက်များ<br>• ဦးစားပေးသတ်မှတ်ချက်များချမှတ်ရန်လိုအပ်သောနည်းနာများ<br>• ဒေသအလိုက် အလျားလိုက် (ကဏ္ဍများ) နှင့် ဒေါင်လိုက် (တိုင်ပင်ရမည့် ကိစ္စရပ်များ) ကိစ္စရပ်များ<br>• ဦးတည်ဆောင်ရွက်မည့်အုပ်စုများ+ လူမှုအဖွဲ့အစည်း စစ်တမ်းကောက်ယူမှုများ + အလုပ်ရုံဆွေးနွေးပွဲများ + ဆွေးနွေး မေးမြန်းမှုများ<br>• တတ်စွမ်းသရွေ့ မပျက်စီးအောင် လုပ်ဆောင်ရမည့် ဖြစ်နိုင်ချေရှိသော နည်းလမ်းများအားလေ့လာစောင့်ကြည့်မှုလိုအပ်ချက်များကို အလားအလာရှိသောသက်ရောက်မှုအသီးသီးအတွက် |

DRAFT

| | |
|---|---|
| | သတ်မှတ်လိမ့်မည်ဖြစ်သည်။<br><br><u>အဖွဲ့အစည်း၊ စွမ်းဆောင်ရည်နှင့် နိုင်ငံရေးနှင့်ဆက်နွယ်သော စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကိုလေ့လာအကဲဖြတ်ခြင်း</u><br><br>ဖွဲ့အစည်းဆိုင်ရာပုံမှန်လေ့လာဆန်းစစ်ခြင်း<br>• သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဦးစားပေးကိစ္စရပ်များ၊ ရေအရင်း အမြစ်စီမံခန့်ခွဲခြင်းတို့နှင့်ပတ်သက်သော နိုင်ငံနှင့်ဒေသ၏ ပြဌာန်းချက်များအပါအဝင်သက်ဆိုင်ရာမူဝါဒများ၊ဥပဒေများ၊ စည်းမျဉ်းများနှင့်လမ်းညွှန်ချက်များကိုစာရင်းပြုစုခြင်း။<br>• သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာဦးစားပေး ကိစ္စရပ်များကို ကိုင်တွယ်ရန် တည်ရှိနေသောအဖွဲ့အစည်းများ၏ ကုံလုံကြွယ်ဝမှုကို ချင့်ချိန် အကဲဖြတ်ခြင်း (ကုန်ထုတ်စွမ်းအား၊ စိတ်ပါဝင်စားသူများ၏ပူးပေါင်းပါဝင်မှု၊ ညှိနှိုင်းဆောင်ရွက်မှု)<br>• အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြားကွာဟမှုအား ဖြေရှင်းရန် ဆောက်ရွက်စရာ များကိုရှင်းလင်းတင်ပြခြင်း<br><br>အဖွဲ့အစည်းဆိုင်ရာပုံမှန်မဟုတ်သောလေ့လာဆန်းစစ်ခြင်း<br>• ရည်ရွယ်ထားသောလူ့အဖွဲ့အစည်း(သို့မဟုတ်)ဒေသခံတိုင်းရင်းသားတို့၏ပင်ကိုယ် ယဉ်ကျေးမှုနှင့်သက်ဆိုင်သော ရရှိနိုင်သည့် လူမျိုးစုဆိုင်ရာ အချက်အလက်များကို ပြန်လည်သုံးသပ်ရန်သည် ပထမခြေလှမ်းဖြစ်သည်။ ဒုတိယခြေလှမ်းတွင် ရေအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကြောင့်သက်ရောက်မှုရှိနိုင်သည့် လူထု၏ ကိုယ်စားပြုအဖွဲ့အစည်းများ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် ဦးတည်ဆောင်ရွက်မည့်အုပ်စုများပါဝင်သည်။ |
| ကြားကာလရွေးချယ်မှုများအားလေ့လာဆန်းစစ်ခြင်း (၁၂-၃၀ လ)<br>- လူမှုဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအနုစိတ်လေ့လာခြင်းအပါအဝင် ဖြစ်လာနိုင်သောအခြေအနေများကိုဆန်းစစ်ခြင်း၊ အခြားရွေးချယ်စရာလမ်းကြောင်းများကိုလေ့လာရှာဖွေခြင်း။<br>- စိတ်ပါဝင်စားသူများ၏လက်တွဲပါ | **အကြံပြုချက်များနှင့် ဆုံးရှုံးနိုင်မည့်အလားအလာကို ချင့်ချိန်အကဲဖြတ်ခြင်း**<br>အကြံပြုချက်များသည်များသောအားဖြင့် ရေတို(၁နှစ်မှ၂နှစ်)၊ ရေလတ်(၃နှစ်မှ၅နှစ်)နှင့်ရေရှည်(ငါးနှစ်အထက်)လုပ်ဆောင်ချက်များနှင့် အညွှန်းများကိုစောင့်ကြည့်ခြင်းတို့ပါဝင်သည့် တုံ့ပြန်မှုအစီအစဉ်ကွန်ရက်ဘောင်ထဲတွင် ရှိနေပါသည်။ ထိုနည်းဖြင့် IRBPM၏ တိုးတက်မှုကို အကဲဖြတ်ရန် ကာလအလိုက်မျှော်မှန်းထားသည့် ရည်ရွယ်ချက်များကို စောင့်ကြည့်စစ်ဆေးနိုင်သည်။ အကြံပြုထားသည့် ဆောင်ရွက်မှုများနှင့် ဆက်စပ်နေသော ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်မည့်အလားအလာများကို ချင့်ချိန်အကဲဖြတ်မှုနှင့်အတူ SESA |

DRAFT

| | |
|---|---|
| ဝင်ဆောင်ရွက်မှု | ကို အဆုံးသတ်ထားပါသည်။ ဆုံးရှုံး တန်စွမ်းကို လေ့လာခြင်းတွင် IRBPM တွင်ပါဝင်သော လုပ်ဆောင်ချက်များ သို့မဟုတ် အစီအစဉ်များကို နှောင့်နှေးရပ်တန့်စေရန် အချို့အချို့သော အဖွဲ့များမှ ဆောင်ရွက်လာနိုင်သည့်ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ချက်များ ပါဝင်ပါသည်။ထို့ကြောင့် အဆိုပြုထားသော IRBPM၏ အဖွဲ့အစည်းပိုင်းနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာအပြောင်းအလဲများကို ကာကွယ်ရန် ဖြစ်နိုင်သော နည်းလမ်းများကို အကဲဖြတ် ဆန်းစစ်မှုတွင် ထည့်သွင်းစဉ်းစားသင့်သည်။ အကြံပြုချက်များကိုလည်း စိတ်ပါဝင်စားသူအများအပြားပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကျင်းပခြင်းဖြင့် မျှဝေသင့်သည်။ ထိုအခြေအနေတွင် မျက်နှာစုံညီဆွေးနွေးခြင်းဖြင့် လက်တွေ့ဖြစ်နိုင်သော၊ ထိရောက်သော၊ မပျောက်မပြယ်သော ဖြေရှင်းချက်များကို ပြုလုပ်နိုင်မည့် အများဆန္ဒကို တည်ဆောက်နိုင် မည်ဖြစ်သည်။ |
| ရောဂတီမြစ်ဝှမ်းအထူးစီမံချက် (ABMP) (၂၄-၃၆ လ)<br><br>ရွေးချယ်စရာများအားအသေးစိတ်လေ့လာဆန်းစစ်ခြင်းနှင့် စိတ်ပါဝင်စားသူများ၏ လက်တွဲပါဝင်ဆောင်ရွက်မှု။စံနမူနာများ၊ DSS နှင့် အခြေခံဗဟုသုတနှင့် ပထမ ဆယ်နှစ်စာ ရောဂတီမြစ်ဝှမ်း အထူး စီမံကိန်းပြီးမြောက်ခြင်း။ အဖွဲ့အစည်းပိုင်း ဆိုင်ရာအားဖြည့်ခြင်းများ။ | အဆုံးသတ်တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းများ၊ ပြန်လည် သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း |
| စွမ်းဆောင်ရည်တည်ဆောက်ခြင်း (လေ့ကျင့်ပေးခြင်း) နှင့် စီမံကိန်း၌ပါဝင် လုပ်ဆောင်ရာတွင် လိုအပ်ချက်များ HIC အားဖြည့်ခြင်းနှင့် NWRC ကို အထောက်အပံ့ ပြုခြင်းပိုင်ဆိုင်မှု အားလုံးကို HIC သို့လွှဲပြောင်းပေးခြင်း | |

SESAကို အဆင့်ငါးဆင့်ဖြစ်သော - အပေါ်ယံအကဲဖြတ်ခြင်း၊ သဘာဝဂေဟနီးကျင်နှင့် လူမှုဂေဟနီးကျင်ဆိုင်ရာ အဓိကကိစ္စရပ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ သဘာဝဂေဟနီးကျင်နှင့်လူမှုဂေဟနီးကျင်ဆိုင်ရာ သက်ရောက်မှုများကိုချင့်တွက်အကဲဖြတ်ခြင်း၊ ဆုံးရှုံးမှုလျော့ပါးစေရန် ဆောင်ရွက်စရာများကို ဖြန့်ကျက်ဆောင်ရွက်ခြင်းနှင့် ၎င်းကိစ္စရပ်များကို ဘက်စုံမြစ်ဝှမ်းအထူးစီမံကိန်း အတွင်း ထည့်သွင်း ဆောင်ရွက်ခြင်းဟူ၍ လုပ်ဆောင်မည်

ဖြစ်ပါသည်။ ဧရာဝတီမြစ်ဝှမ်း၏ ဘက်စုံမြစ်ဝှမ်းစီမံကိန်းအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှုတို့နှင့် ဆက်စပ်နေသောသဘာဝပန်းကျင်နှင့်လူမှုဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနိုင်မည့် အလားအလာ များကိုစီမံရန် စွမ်းဆောင်ရည် နှင့် ဥပဒေပိုင်းနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ကန့်သတ်ဘောင်များကို လည်းချင့်ချိန်အကဲဖြတ်ခြင်းကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာအဓိကကိစ္စရပ်များ၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ SESA လုပ်ငန်းစဉ်ကာလအတွင်းစီမံကိန်းမှဦးဆောင်ကျင်းပမည့် စီမံကိန်းတွင် စိတ်ပါဝင်သူများ တက်ရောက်သည့် ဆွေးနွေးပွဲမှတစ်ဆင့် စိတ်ပါဝင်စားသူများကိုပါဝင်လာစေရန် လက်တွဲခေါ်ဆောင်လိမ့်မည်။ အမျိုးသားရေးဆိုင်ရာသဘောတူအတည်ပြုအစည်းအဝေးကို သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ အဓိကကိစ္စရပ်များကိုရှာဖွေဖော်ထုတ်ရန်အတွက် ပထမအကြိမ်၊ ဆုံးရှုံးမှုလျော့ပါးစေရန် ဆောင်ရွက်စရာများကို ဖြန့်ကျက်ဆောင်ရွက်ရေးအတွက် ဒုတိယအကြိမ်၊ အနည်းဆုံးနှစ်ကြိမ်ကျင်းပမည်ဖြစ်ပြီးဒေသခံများနှင့် တိုင်ပင် ဆွေးနွေးအကြံဉာဏ် ရယူခြင်းကို SESA လုပ်ငန်းစဉ်၏ အရေးပါသောအချိုးအကွေ့များအတွင်းပြုလုပ်မည် ဖြစ်ပါသည်။ သီးသန့်နှီးနှော ဖလှယ်ပွဲများကို လည်းအဆင့် ၁ နှင့် အဆင့် ၂ အထူးစီမံကိန်းမူကြမ်းများရေးဆွဲပြီး ဧရာဝတီမြစ်ဝှမ်းစီမံခန့်ခွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာစီမံကိန်းမူကြမ်းရေးဆွဲပြီးနောက် ပြုလုပ်မည်ဖြစ်ပါသည်။ ၎င်းအစည်းအဝေးပွဲများ၊ တွေ့ဆုံပွဲများမှ ရရှိလာသောအကြံဉာဏ်များနှင့် မှတ်ချက်များကို SESA တွင် ထည့်သွင်းစဉ်းစားဆောင်ရွက်မည်ဖြစ်သည်။ SESA အနေဖြင့် ဧရာဝတီမြစ်ဝှမ်းစီမံခန့်ခွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာစီမံကိန်းအတိုင်းဆောင်ရွက်မည်ဖြစ်သည်။

ဧရာဝတီမြစ်ဝှမ်းစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစီအစဉ်အရအဆိုပါစီမံကိန်းများအား ရှာဖွေဖော်ထုတ်ခြင်းအဆင့်မှ ၎င်းစီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာသက်ရောက်မှု များကို ချင့်ချိန်တွက်ချက်ခြင်းသို့ စနစ်တကျကူးပြောင်းနိုင်ရန်အတွက် ဧရာဝတီမြစ်ဝှမ်း စီမံခန့်ခွဲခြင်းနှင့်ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာအစီအစဉ်အရရှာဖွေဖော်ထုတ်ထားပြီးဖြစ်တန်ဖျေရှိအစိတ်အပိုင်း ၁.၃ အရ အကဲဖြတ် ဆန်းစစ်မည့် အနာဂါတ်စီမံကိန်းများအတွင်း ဖြစ်ပေါ်လာနိုင်သော သဘာဝ ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကိုSESA လုပ်ငန်းစဉ်အတွင်း ချင့်ချိန်အကဲဖြတ် လိမ့်မည်။ မြစ်ဝှမ်းဒေသဘက်စုံပေါင်းစည်းစီမံခန့်ခွဲမှုနှင့် ပတ်သတ်သောနိုင်ငံတကာမှ ကျင့်သုံးမှုများနှင့် ပတ်သက်သောဗဟုသုတများကို မြန်မာပြည်တွင်းရှိ စိတ်ပါဝင်စားသူများအားလုံးသို့ ဖြန့်ဝေနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆုံးရှုံးနိုင်မည့် အလားအလာများကိုစီမံခန့်ခွဲနိုင်စွမ်းကိုမြှင့်တင်နိုင်ရန် SESA ကိုအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် စီမံခန့်ခွဲနိုင် လိမ့်မည် ဖြစ်ပါသည်။

**လုပ်ငန်းနယ်ပယ်သတ်မှတ်ခြင်း**

လုပ်ငန်းနယ်ပယ်သတ်မှတ်ခြင်း၏ရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆုံးရှုံးနိုင်စွမ်းအတိုင်းအတာကို အကဲဖြတ်ရန်၊ SESA၏ ပါဝင်မှုပမာဏနှင့် နည်းလမ်းကို ပိုမိုကောင်းမွန်အောင် အကွက်ချရန်အတွက် ဧရာဝတီ ဘက်စုံပေါင်းစည်း မြစ်ဝှမ်းစီမံကိန်း (IRBMDP) ဖွံ့ဖြိုးမှုနှင့်ဆက်နွယ်နေသော သက်ရောက်မှုများကိုအကဲဖြတ်ရန် ဖြစ်သည်။ အပေါင်းလက္ခဏာ ဆောင်သော၊ အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုအားလုံးကို လေ့လာအကဲဖြတ်မည်ဖြစ်သည်။ အပေါ်ယံအကဲဖြတ်ခြင်းကိုစီမံကိန်းအရ ပြုလုပ်မည့် စိတ်ပါဝင်စားသူများ ဆွေးနွေးပွဲမှတဆင့် ရရှိလာသော ၎င်းတို့ထံမှ အကြံဉာဏ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

တစ်ဦးတစ်ယောက်ချင်းစီအတွက် တာဝန်များကိုအောက်တွင်ဖော်ပြထားပါသည် -

- ဆက်နွယ်မှုအရှိဆုံးသောESIAများ၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်များ (EMPs)၊ မြစ်ဝှမ်းဒေသရှိ အမျိုးမျိုးသောစီမံကိန်းများမှသဘာဝပန်းကျင်ဆိုင်ရာထုတ်ပြန်ချက်များ၊ လွန်ခဲ့သော



DRAFT

ဆယ်နှစ်အတွင်း ရေအရင်းအမြစ်စီမံခန့်ခွဲမှုတို့ပါဝင်သော သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အပေါ်ယံ အကဲဖြတ်ခြင်း အစီရင်ခံစာများ၊လေ့လာချက်များ၊ အစီအစဉ်များနှင့် မဟာဗျူဟာများကို လေ့လာ သုံးသပ်ရမည်။ အတိုင်ပင်ခံသည် အမျိုးမျိုးသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။ ဥပမာ - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဌာန(DWIR)၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန(DMH)၊ အမျိုးသားရေအရင်းအမြစ်ကော်မတီ၏ အထွေထွေအတွင်းရေးမှူးရုံး အဖွဲ့ဝင်များနှင့် ကျွမ်းကျင်သူပညာရပြမဘြးအဖွဲ့ NWRC၊ NGO များ၊ CSOများ၊ အလှူရှင် မိတ်ဖက်များနှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍများ)

- သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး (ဥပမာ - ရေအားလျှပ်စစ်၊ စိုက်ပျိုးရေး၊ ရေကြောင်းသွားလာရေး ၊ခရီးသွားလုပ်ငန်း စသည်ဖြင့်) အလားအလာများနှင့် အစီအစဉ်များ၊ မူဝါဒများ၊ တရားဥပဒေများ၊ စည်းမျဉ်းများ၊ ရေနှင့် ဆက်စပ်နေသော ကဏ္ဍများအတွက် အဖွဲ့အစည်းဆိုင်ရာ ကန့်သတ် မှုဘောင်များအပါအဝင်SESA၏အကဲဖြတ်ခြင်းနှင့်ဆက်နွယ်မှုရှိသောပဏာမသတင်း အချက်အလက် များကို စုဆောင်းရမည်။
- အတိုင်ပင်ခံသည်မြစ်ဝှမ်းအတွင်းရှိ စီမံကိန်းကို အဓိကစိတ်ပါဝင်စားသူများကို ရှာဖွေဖော်ထုတ်ပြီး ၎င်းတို့၏ အကျိုးအမြတ်များ၊ စိုးရိမ်မှုများနှင့်မက်လုံးများကိုလေ့လာဆန်းစစ်ရမည်။ စိတ်ဝင်စား သူများကို လေ့လာအကဲဖြတ်ရခြင်း၏ရည်ရွယ်ချက်မှာ ဒေသခံအဖွဲ့အစည်းများ၊ အပယ်ခံ၊ အားနည်းသောအုပ်စုများ အပါအဝင် အဓိက စိတ်ဝင်စားသည့် အုပ်စုများကို ခွဲထုတ်သတ်မှတ်ရန်နှင့် ၎င်းတို့၏ အကျိုးအမြတ်များ၊ စိုးရိမ်မှုများနှင့် အကြံဉာဏ်များကို SESA တွင် ထည့်သွင်းစဉ်းစားကြောင်း သေချာစေမည့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်း ဆောင်ရွက်ချက်များအပါအဝင် စိတ်ဝင် စားသူများ ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းဆိုင်ရာ အစီအစဉ်များ ချမှတ်ရန် ဖြစ်သည်။
- အဆိုပြုထားသည့်SESA၏ အပေါ်ယံအကဲဖြတ်ခြင်းအစီရင်ခံစာ၊ SESA အစီရင်ခံစာအတွက် မာတိကာဇယား(နောက်ဆက်တွဲများအပါအဝင်)၊အလုပ်စတင်အကောင်အထည်ဖော်ရန်အချိန်ကာလ နှင့် နည်းနာများ၊တိုင်ပင်ဆွေးနွေးခြင်းအပါအဝင် စိတ်ပါဝင်စားသူများ ပါဝင်ပူးပေါင်း နိုင်ရန် လုပ်ငန်းစဉ် အစီအစဉ်များပါဝင်သည့် အစီရင်ခံစာ မူကြမ်းတစ်ခုကို ပြင်ဆင်ရမည်။
- အလုပ်ရုံဆွေးနွေးပွဲများကျင်းပရမည်။SESA သည် လုပ်ငန်းစဉ်နှင့်ပတ်သတ်ပြီး ပိုမို နားလည် လာစေရန် နှင့်ပိုင်ဆိုင်မှုကိုမြှင့်တင်ရန်၊ အဖိုးထိုက်တန်သော အကြံဉာဏ်များ ရရှိစေရန်အတွက် သက်ဆိုင်ရာ စိတ်ပါဝင်စားသူများ ပါဝင်လာစေမည့် ပူးပေါင်းပါဝင်လုပ်ဆောင်ရေး လုပ်ငန်း စဉ်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် အကြံပေးသည် စိတ်ပါဝင်စားသူများ ပူးပေါင်းဆောင်ရွက်မည့် ဆောက်ရွက်ချက် အရေအတွက်များနှင့် တည်နေရာများကို သတ်မှတ်ပေးရမည့်အပြင် မြစ်ဝှမ်း တလျှောက် သွားရောက် လေ့လာခြင်းကိုပါ ကြီးကြပ်သတ်မှတ်ပေးရမည်။ နေရာများအား DWIR၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည် ဖြစ်သော်လည်း ပဏာမအချက် အလက်များ အရ အဆိုပါနေရာများတွင် xxxxxတို့ ပါဝင်မည်။ အလုပ်ရုံ ဆွေးနွေးပွဲများတွင် ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေးလုပ်ငန်းများ၊ စီမံကိန်းနယ်မြေများ၊ စက်မှုလုပ်ငန်းများ၊ စိတ်ပါဝင်စားသော NGO များ၊ဒေသခံကိုယ်စားလှယ်များနှင့် စီရင်စုအာဏာပိုင်များ၊ လူထု၏ ဒေသခံ ကိုယ်စားလှယ်များ နှင့် ပုံကျအုပ်စု ကဏ္ဍများ အပါအဝင် စိတ်ပါဝင်စားသူများနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ် ရယူခြင်း များကို ဆောင်ရွက်လိမ့်မည်။

DRAFT

- အလုပ်ရုံဆွေးနွေးပွဲရလဒ်များပါဝင်သော အဆုံးသတ် အပေါ်ယံအကဲဖြတ်အစီရင်ခံစာကို DWIRနှင့် အခြားဆက်နွယ်နေသော အေဂျင်စီများနှင့် ကမ္ဘာ့ဘဏ်မှ ကြည့်ရှုလေ့လာရန် အတွက် ပြင်ဆင်ရမည်။ ဤအပေါ်ယံ အကဲဖြတ်အစီရင်ခံစာသည် အကြံပေး၏ ကနဦး အစီရင်ခံစာ ဖြစ်သည့် အားလျော်စွာ အောက်ပါ အချက်အလက်များပါဝင်သင့်သည်။
    - SESA ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက်DWIRနှင့် အလားတူ အဖွဲ့ အစည်းများနှင့် ကမ္ဘာ့ဘဏ်တို့ဖြင့် သဘောတူညီထားသော အဖွဲ့အစည်းဆိုင်ရာ သဘော တူညီချက်များနှင့်အချိန်ကာလ။
    - စိတ်ပါဝင်စားသူများနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်း/ မှတ်ကန်မှု အတည်ပြုခြင်း တို့ အပါအဝင် အချက်အလက် ကောက်ခံခြင်းနှင့် လေ့လာ ဆန်းစစ်ခြင်းတို့ အတွက် အဓိက ဆောင်ရွက်မှုများ ကို ဖော်ပြသော SESA လုပ်ငန်းစဉ် အစီအစဉ်။
    - DWIR သို့ တင်ရမည့် မျှော်မှန်းထားသော ထုတ်ကုန်ပစ္စည်းများ/ပေးပို့မှုများနှင့် အစီရင်ခံစာ တင်မည့် အချိန်သတ်မှတ်ချက်များ။
- အပေါ်ယံအကဲဖြတ်ခြင်း အဆင့်သည် အများဆုံးလေးလကြာမြင့်သည်။

**သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိက ကိစ္စရပ်များကို ရှာဖွေသတ်မှတ်ခြင်း**

အတည်ပြုထားသော အပေါ်ယံအကဲဖြတ်ခြင်း အစီရင်ခံစာ၏ ရလဒ်ပေါ်တွင် အခြေခံပြီး ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အဓိက သက်ရောက်မှုများ၊ ရာသီဥတုနှင့် သက်ဆိုင်သော အန္တရာယ်များအပါအဝင် အန္တရာယ်များ အားလုံးကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဦးစားပေးလုပ်ဆောင်ရမည့်အရာများကို ရွေးချယ်နိုင်ရန်အတွက် သတ်မှတ်လိမ့်မည်ဖြစ်သည်။
သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိက ကိစ္စရပ်များကိုသတ်မှတ်ရန်၊ ဧရာဝတီ မြစ်ဝှမ်းရှိ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ပြဿနာများကို ဦးစားပေးဆောင်ရွက်ရန်အတွက် သင့်လျော်သော စံနှုန်းများကို ရှေးဦးစွာသတ်မှတ်ရမည်။အတတ်နိုင်ဆုံးဖြစ်နိုင်သည့်အတိုင်းအတာတစ်ခုအထိစံနှုန်းများကိုဆုံးရှုံး တန်ဖိုးများ နှင့် ပြဿနာများ၏ အရေးအသေးများ၊ ရည်ရွယ်ချက်ဖြင့် နှိုင်းယှဉ်နိုင်သည့်အရာများ၊ အခြားနည်းလမ်းများ နှင့် အတိုးလျှော့ပြုလုပ်ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မည့် နည်းလမ်းများကို အမျိုးအစားခွဲထုတ်ခြင်းတို့ဖြင့် သတ်မှတ်သင့်သည်။ ဤအဆိုပြုသော အဓိကပြဿနာရပ်များကို သတ်မှတ်ခြင်းသည် တစ်ခုနှင့်တစ်ခု ပမာဏကွာဟမှုကို အကဲဖြတ်ဆန်းစစ်ခြင်းနှင့် စီမံကိန်းကို စိတ်ဝင်စားသူများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ပြဿနာရပ်များနှင့်ပတ်သတ်ပြီး ဦးစားပေးအချက်များကို အသုံးပြုသော ခွဲခြမ်းစိတ်ဖြာမှု လုပ်ရပ် ပေါ်တွင်အခြေခံသင့်သည်။ ရေရှည် သက်ရောက်မှုများ/ပေါင်းစည်းသက်ရောက်မှုများနှင့် အပရိက သက်ရောက်မှု များအပြင် ကဏ္ဍအတွင်း တစ်ဦးတစ်ယောက်ချင်း၏ ဖွံ့ဖြိုးတိုးတက်မှုများအပေါ် သက်ရောက်မှုများ အခြား အပိုင်းကဏ္ဍတွင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိက ကိစ္စရပ်များအား ပဏာမစာရင်းပြုစုခြင်းကို လက်ရှိ ရှိနေသည့် စာအုပ်စာတမ်းနှင့် ရရှိနိုင်သော အချက်အလက်များကို လိုက်လံရှာဖွေကာ ပြန်လည်သုံးသပ်ခြင်းတွင် အခြေခံပြီး သတ်မှတ်မည်ဖြစ်ပါသည်။
သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဓိကကိစ္စရပ်များအတွက် အောက်ပါ လုပ်ဆောင်ချက်အဆင့်များအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည် -

၁။ သစ်တောမြေ ဧရိယာ၊ ဇီဝမျိုးကွဲစိတ်များ နေထိုင်သည့်နေရာများအပါအဝင် အဓိကကျသော ဇီဝမျိုးကွဲစိတ်များ၏ သွင်ပြင်လက္ခဏာများ၊ ထိရှလွယ်သော နေရာများ (ဥပမာ - စိမ့်မြေအရပ်)၊ စီးပွားရေးအကျိုးအမြတ်များမှ ကာကွယ်ပေးထားသော နေရာများနှင့် မျိုးစိတ်များ၏ အချက်အလက် များကို အသုံးပြုပြီး ဒေသအခွဲများ၏ နယ်နိမိတ်များ (ဥပမာ - ပြည်နယ်၊ မြို့နယ်များ၊ ကျေးရွာ အုပ်စုများ) ဖြင့် မြစ်ဝှမ်း၏ အခြေခံမြေပုံထုတ်ယူခြင်း။(ပထမ အလွှာ)

၂။ သစ်ခုတ်ခြင်း၊ လယ်ယာစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေး၊ သတ္တုတွင်းတူးဖော်ရေး၊ ငါးမြှားခြင်း၊ ရေကြောင်း သွားလာခြင်းနှင့် ခရီးသွားလုပ်ငန်းတို့အပါအဝင် မြစ်ဝှမ်းရှိ အဓိကစီးပွားရေး လုပ်ဆောင်ချက်များ/ မြေအသုံးပြုမှုများကို မြေပုံထုတ်ယူခြင်း။ မြေပုံထုတ်ယူခြင်းတွင် နောက်သုံးနှစ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်မည့်အလားအလာရှိသော သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်မည့် အဓိက ထုတ်လုပ်ရေး စီမံကိန်းများနှင့် ဘူမိဗေဒဆိုင်ရာ နယ်မြေအစိတ်အပိုင်းများ၏ အချက်အလက်များ ပါဝင်လိမ့်မည်။ (ဒုတိယအလွှာ)

၃။ တည်ရှိနေဆဲဖြစ်သည့် အခြေခံအဆောက်အဦး (ဥပမာ - ရေကာတာများ၊ ရေကြောင်း ထောက်ကူပြုစနစ်များ၊ ရေကြောင်းထောက်ကူပြု အခြေခံအဆောက်အဦးများ၊ ရာသီဥတုနှင့် သက်ဆိုင်သည့် စခန်းဌာနများ) နှင့် အဆိုပြုသော လမ်းကြောင်း၊ ရေကြောင်းသွားလာမှုနှင့် စုံစမ်း စစ်ဆေးမှုပြုလုပ်နေဆဲဖြစ်သော သို့မဟုတ် အကောင်အထည်ဖော်နေသည့် လျှပ်စစ် စီမံကိန်း များအား သတ်မှတ်ခြင်းကို မြေပုံထုတ်ယူခြင်း။ (တတိယ အလွှာ)

၄။ အပူချိန်၊ မိုးရေချိန်၊ ရေကြီးသည့် ဒေသများ၊ ရာသီဥတုပြောင်းလဲမှု သို့မဟုတ် သဘာဝဘေး အန္တရာယ်ဖြစ်လေ့ရှိသော သတ်မှတ်ဒေသများ (ဥပမာ -ရေကြီးခြင်း၊ မိုးခေါင်ခြင်း) ကို မြေပုံ ထုတ်ယူခြင်း။ (စတုတ္ထအလွှာ)

၅။ ဘူမိဗေဒဆိုင်ရာ တွက်ချက်မှုများ၊ ပင်လယ်ရေမျက်နှာပြင်အထက်၊ နန်းမြေ သယ်ယူမှု၊ ရေအရည်သွေး နှင့် ရေအသုံးပြုမှုတို့ကို မြေပုံထုတ်ယူခြင်း။

၆။ မြစ်ဝှမ်းတွင် ဖြစ်လာနိုင်ချေရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ရမှုရှိသည့် အရေးကြီးသည့် နေရာများကို သတ်မှတ်ရန် အချက်အလက်များပါဝင်သည့် အလွှာ ငါးခုတို့အား ပေါင်းစည်းခြင်း။

၇။ ပါဝင်ဆောင်ရွက်သော ကျေးလက်လူထု၏ ဗဟုသုတနှင့် အကြံပြုချက်များကို အကဲဖြတ်ခြင်း နည်းလမ်းများ နှင့် ကိစ္စရပ်အလိုက် လေ့လာမှုများကို အသုံးပြုပြီး တိကျသော သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ ပြဿနာများကို စစ်ဆေးခြင်း။

အလားတူပင် လူမှုဆိုင်ရာ အဓိက ကိစ္စရပ်များကို အပေါ်ယံအကဲဖြတ်ရန် အောက်ပါအဆင့်များကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ပါသည် -

၁။ အခြေချနိုင်ထိုင်သူအရေအတွက်၊ အမျိုးသား၊ အမျိုးသမီးဦးရေနှင့် အသက်အရွယ်အပိုင်းအခြား၊ လူမျိုးစုများ ကဲ့သို့ ဒေသအတွင်းရှိ အဓိက ညွှန်ပြရမည့်သူများနှင့် ပတ်သတ်သည့် အချက်အလက်များ အပါအဝင် မြစ်ဝှမ်းရှိ လူထုအဖွဲ့အစည်းများ၏ အခြေခံမြေပုံ ပြုလုပ်ခြင်း။ (ပထမ အလွှာ)

၂။ ဒေသလူထု၏ ဝင်ငွေအဆင့်အတန်းအပါအဝင် ဆင်းရဲနွမ်းပါးမှုနှင့် ချို့တဲ့အားနည်းချက်ကို ဖော်ပြသော မြေပုံထုတ်ယူခြင်း။ (ဒုတိယအလွှာ)

၃။ သတ္တုတွင်း တူးဖော်ခြင်းကဲ့သို့ စွမ်းအင်ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများ သို့မဟုတ် သဘာဝ အရင်းအမြစ်များအတွက် သတ်မှတ်ပေးထားသော အခြား အခွင့်အရေးများ သို့မဟုတ် အထူး လုပ်ပိုင်ခွင့်များ ပါဝင်ရမည်ဖြစ်သော မြေယာ အသုံးပြုပိုင်ခွင့်များကို မြေပုံထုတ်ယူခြင်း။ (တတိယ အလွှာ) ရေအရင်းအမြစ်

စီမံခန့်ခွဲမှုအတွက် လက်ရှိရှိနေသည့် သို့မဟုတ် လူထုအဖွဲ့အစည်းများ၏ အဖွဲ့အစည်းအရေအတွက်ကို မြေပုံထုတ်ယူခြင်း။ ရေအရင်းအမြစ်များနှင့် ဆက်နွယ်နေသော သို့မဟုတ် ရေအရင်းအမြစ်များ ရယူသုံးစွဲနေသောသ စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ ဒေသခံ ပြည်သူလူထု၏ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုအတွက် ရေအရင်းအမြစ်ပေါ်တွင် မှီခိုနေရသော အတိုင်းအတာပမာဏကို မြေပုံထုတ်ယူခြင်း။

၄။ မြစ်ဝှမ်းတွင် ဖြစ်ပေါ်မည့် အရေးကြီးသော လူမှုဆိုင်ရာ ကိစ္စရပ်များကို ရှာဖွေ ဖော်ထုတ်ရန် အဆိုပါ အလွှာ သုံးလွှာရှိ အချက်အလက်များကို ပေါင်းစည်းဆောင်ရွက်ခြင်း။

၅။ မြစ်ဝှမ်းဒေသရှိ ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုကို ထိခိုက်စေသော မတူကွဲပြားသည့် လူမှုဆိုင်ရာ အချက်အလက်များကို စုပေါင်းဆောင်ရွက်ရာမှ ရရှိလာသော အကျိုးရလဒ်များနှင့် အရေးပါသော အပြန်အလှန် အကျိုးပြုဆောင်ရွက်မှုများကို မှတ်တမ်းတင်ရန် ကျေးလက်လူထု၏ အကြံဉာဏ်များနှင့် ဗဟုသုတများကို ရယူအကဲဖြတ်သည့်နည်းလမ်းများနှင့် ကိစ္စရပ်အလိုက် လေ့လာမှုများကို အသုံးပြုပြီး တိကျသော လူမှုဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးခြင်း။

မြစ်ဝှမ်း အထူးစီမံကိန်း အဆင့် ၁ ကို ဆောင်ရွက်စဉ် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိက ကိစ္စရပ် များအား ပဏာမဆင့် သတ်မှတ်ထားသည့် စာရင်းများအရ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးသည်။ သို့မှသာ အထူးစီမံကိန်းအား ဖြစ်လာနိုင်ချေရှိသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆုံးရှုံးတန်စွမ်းများဖြင့် ကောင်းမွန်စွာ ဖွဲ့စည်းသတ်မှတ်နိုင်လိမ့်မည် ဖြစ်သည်။ အထက်တွင် ဖော်ပြထားသော မြေပုံထုတ်ယူခြင်းနှင့် လေ့လာဆန်းစစ်ခြင်းတို့မှ ရရှိလာသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိက ကိစ္စရပ်များနှင့် ပတ်သတ်သော ပဏာမသတ်မှတ်စာရင်းကို ဒေသဆိုင်ရာ စိတ်ပါ ဝင်စားသူများ၏ ကိုယ်စားလှယ်မှ ပြန်လည်သုံးသပ်ပြီး ဦးစားပေးသတ်မှတ်ရမည်။

ယခင်အဆင့်တွင် ဆောင်ရွက်ခဲ့သော စိတ်ဝင်စားသူများနှင့်ပတ်သတ်ပြီး မြေပုံထုတ်ယူထားမှု အပေါ်တွင် အခြေခံကာ တိုင်ပင်ဆွေးနွေးရမည့် စိတ်ပါဝင်စားသူ စာရင်းကို သတ်မှတ်လိမ့်မည်ဖြစ်သည်။ သို့သော် ၎င်းစာရင်းတွင် ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေးလုပ်ငန်းများ၊ ထိမ်းသိမ်းခံနယ်မြေများ၊ စက်မှုလုပ်ငန်းများ၊ စိတ်ပါဝင်စားသော NGO များ၊ ဒေသခံကိုယ်စားလှယ်များနှင့် စီရင်စုအာဏာပိုင်များ၊ လူထု၏ ဒေသခံကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးစုများနှင့် လှည့်လည်သွားလာနေထိုင်လေ့ရှိသော လူမျိုးစုများပါဝင်သည်။ ထိုကဲ့သို့ စိတ်ဝင်စားသူများ ပါဝင်ဆောင်ရွက်မှုကို SESA လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် အထောက်အပံ့ပေးနိုင်ရန်နှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ် ရယူခြင်း အစည်းအဝေးများတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုကို အဓိပ္ပါယ်ရှိစေရန်အတွက် တတ်နိုင်သမျှ ဒေသဆိုင်ရာ ဘာသာစကားများကို သုံးပြီး လွတ်လပ်သော ကြိုတင် အကြောင်းကြားထားသော ဆောင်ရွက်မှု ပုံစံဖြင့် ဆောင်ရွက်သင့်သည်။

သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ အဓိက ကိစ္စရပ်များကို မြစ်ဝှမ်းအထူးစီမံကိန်း အဆင့် ၁ ကို စတင်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ၁၂ လအတွင်း ပြုလုပ်မည့် အမျိုးသား ထောက်ခံအတည်ပြုပြထမအကြိမ် အစည်းအဝေးတွင် တင်ပြရန်အတွက် ရှာဖွေဖော်ထုတ်လိမ့်မည် ဖြစ်သည်။

**အမျိုးသားထောက်ခံအတည်ပြုအစည်းအဝေး ပထမအကြိမ်/တိုင်ပင်ဆွေးနွေး အကြံဉာဏ် ရယူခြင်း။**

ထုတ်ပြန်ပြီးသားအချက်အလက်များကို ရယူအကဲဖြတ်ဆန်းစစ်ခြင်းနည်းလမ်းနှင့် အဓိက စိတ်ဝင်စား သူများနှင့် လွတ်လပ်သော ကြိုတင် အကြောင်းကြားသော တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းများမှ ရရှိလာသော ရလဒ်များတွင် အခြေခံပြီး သတ်မှတ်ထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိက ကိစ္စရပ်များကို အမျိုးသားရေး တရားဝင်ဆောင်ရွက်ရန် အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေး၏ ရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သတ်သော စာရင်းကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်ပြောင်းလဲရန်နှင့် ဖြစ်လာနိုင်ချေရှိသော ဆိုးရွားသော သက်ရောက်မှုများနှင့် ဆုံးရှုံးတန်စွမ်းများကို မည်သို့ သတ်မှတ်သင့်သည်၊ ကောင်းမွန်သော သက်ရောက်မှုများကို မည်သို့ချဲ့ထွင်သင့်သည်၊ နောက်ဆက်တွဲ SESA လုပ်ငန်းစဉ်များကို မည်သို့ စီစဉ်သင့်သည်တို့နှင့် ပတ်သတ်သော အကြံပြုချက်များကို ရှာဖွေရန်၊ SESA လုပ်ငန်းစဉ်၊ ၎င်း၏ နိဂုံးချုပ်ဆောင်ရွက်မှုများနှင့် ပတ်သတ်ပြီး အမျိုးသားရေး ပိုင်ဆိုင်မှုတစ်ခုအဖြစ် တည်ဆောက်ရန် ဖြစ်ပါသည်။ အထူးသဖြင့် အဆိုပါ အစည်းအဝေးတွင် အောက်ဖော်ပြပါ ကိစ္စရပ်များကို တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူမည် ဖြစ်ပါသည် -

- ရေဝတီ မြစ်ဝှမ်းရှိ ယေဘုယျ အခြေချနေထိုင်သော လူမျိုးများနှင့် သက်ဆိုင်သော၊ လူမျိုးခွဲဇေဒနှင့် သက်ဆိုင်သော၊ လူမှု-စီးပွားနှင့် သက်ဆိုင်သော အခြေခံစည်းမျဉ်းများကို ဆွေးနွေးမည် ဖြစ်ပါသည်။
- စီမံကိန်းတွင် အဓိက စိတ်ပါဝင်စားစွာ ဆောင်ရွက်မည့်သူများ၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသည့် ဒေသခံ ပြည်သူများ၊ ၎င်းတို့ ရင်ဆိုင်နေရသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သတ်သော စာရင်းများကို ပြုလုပ်မည်ဖြစ်သည်။
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အထင်ကရနေရာများ၊ ၎င်းတို့၏ အဓိက သွင်ပြင်လက္ခဏာများ၊ ဆုံးရှုံးတန်စွမ်းနှင့် စတင်ဆောင်ရွက်ခြင်းဆိုင်ရာ အလားအလာများကို သတ်မှတ်လိမ့်မည်။
- အဓိက နေရာများ၏ နမူနာအတွက် သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်း နှင့် သတ္တုတွင်းတူးဖော်ခြင်း သို့မဟုတ် စိုက်ပျိုးရေးကဲ့သို့သော မြေယာကို အခြားနည်းအသုံးပြုရန် ဆောင်ရွက်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာ သော အခွင့်အလမ်းအတွက် ပေးရသော တန်ဖိုးကို စိစစ်ခြင်းဖြင့် မြေအသုံးချမှုအတွက် အကောင်းဆုံးဖြစ်ရန် အတိုးအလျော့ပြုလုပ်ရမည့် နည်းလမ်းများကို ချင့်ချိန်အကဲဖြတ်မည် ဖြစ်သည်။
- သတ်မှတ်ထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိကကိစ္စရပ်များကို အခြေခံသော အရေးကြီးသည့် အဖွဲ့အစည်း ဖွဲ့စည်းမှုဆိုင်ရာ၊ တရားဥပဒေဆိုင်ရာ၊ စည်းမျဉ်းဆိုင်ရာ၊ မူဝါဒနှင့် စွမ်းဆောင်ရည်ဆိုင်ရာ ကွာဟမှု များကို ချင့်ချိန် အကဲဖြတ်မည်ဖြစ်သည်။

ဖြစ်လာနိုင်ချေရှိသော အနာဂတ် ရင်းနှီးမြှုပ်နှံမှုများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ရေဝတီမြစ်ဝှမ်းစီမံခန့်ခွဲမှုတို့တွင် ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော အသက်မွေးဝမ်းကျောင်း မှုဆိုင်ရာ သက်ရောက်မှုများကို ခံစားရသည့် သို့မဟုတ် ခံစားရမည့် အလားအလာရှိသည့် လူထုအပါအဝင် အမျိုးသားရေး အဆင့်ရှိ အဓိက စိတ်ဝင်စားသူများအားလုံးထံမှ ပူးပေါင်းပါဝင်ဆောင်ရွက်သူများအား ဤအလုပ်ရုံဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်သည်။ အမျိုးသမီးများ၊ တိုင်းရင်းသား လူမျိုးစု လူနည်းစု၊ ရေဝတီ မြစ်ဝှမ်းရှိ သဘာဝ အရင်းအမြစ်များမှ ဦးစားပေးအသက်မွေးဝမ်းကျောင်းမှုများ ရရှိလုပ်ကိုင်နေသူများ အပါအဝင် ထိခိုက်နာကျင် ခံစားရမည့် သူများကို ဖိတ်ခေါ်ရန် ဂရုစိုက်ရမည်။ အပြည့်အစုံပါဝင်သော ကဏ္ဍမပြုလုပ်မီ တပြိုင်တည်း ဆောင်ရွက်နိုင်မည့် တရားဝင်ဖြစ်အောင် ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် အခြားအဓိက စိတ်ပါဝင်စားသူများမှ စီစဉ် ဆောင်ရွက်သင့်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အားနည်းသော စိတ်ပါဝင်စားသူများကို

လုပ်ပိုင်ခွင့်များ လွှဲအပ်ပေးသကဲ့သို့ ဖြစ်စေမည်ဖြစ်ပြီး ၎င်းတို့၏ အမြင်များကို လွတ်လပ်စွာ ဖော်ပြနိုင်မည့် အခြေအနေကို ဖန်တီးပေးမည်ဖြစ်သည်။ လိုအပ်သည့်နေရာများတွင် အဓိက ပါဝင်သော စိတ်ပါဝင်စားသူများ၏ ပြဿနာများနှင့်စိုးရိမ်မှုများကို ကွဲကွဲပြားပြား ဖော်ပြခွင့်ပြုရန်အတွက် စိတ်ဝင်စားသူများ အခန်းကဏ္ဍတွင် ဒေသသုံးစကားကို အသုံးပြုသင့်သည်။

အမျိုးသားထောက်ခံအတည်ပြုအစည်းအဝေးမတိုင်မီ သုတေသနပြုလုပ်သော ကျောင်းများ၊ သဘာဝ ပတ်ဝန်းကျင်ကာကွယ်ရေး၊ မြေ၊ ရေနှင့် သစ်တော အရင်းအမြစ်များ၊ ရေအားလျှပ်စစ်တို့နှင့် ဆက်စပ်သော နိုင်ငံတော် အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုတို့နှင့် ဆက်စပ်နေသော အခြား အစိုးရလူမှုဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍကဲ့သို့ SESA လုပ်ငန်းစဉ်တွင် သတ်မှတ်ထားသော အဖွဲ့အစည်းများမှ စိတ်ဝင်များသူများကို ဖိတ်ခေါ်လိမ့်မည်ဖြစ်ပြီး ၎င်းတို့မှ အစည်းအဝေးတွင် ဆွေးနွေးမည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်သုံးသပ်မည်ဖြစ်သည်။

အမျိုးသားထောက်ခံ အတည်ပြုအလုပ်ရုံဆွေးနွေးပွဲတွင် ထုတ်ပြန်ထားပြီးဖြစ်သော စာတမ်းများမှ အချက်အလက်များ ထုတ်ယူပြီး ပြန်လည်သုံးသပ်ခြင်းနှင့် ဒေသခံများ၊ နိုင်ငံတော်အဆင့် အဖွဲ့အစည်းဆိုင်ရာ စိတ်ပါဝင်စားသူများ၏ အကြံပြုချက်များကို အခြေခံပြီး သတ်မှတ်ထားသော အဓိက သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကိစ္စရပ်များအကြား တူညီမှုများကို ရှာဖွေရန် နှင့် ဆွေးနွေးမှုများ ပြုလုပ်ရန် ကြိုးစားကြမည် ဖြစ်ပါသည်။ ဒေသဆိုင်ရာ၏ ဦးစားပေး ဆောင်ရွက်လိုသည့်အချက်များနှင့် အမြင်များနှင့် နိုင်ငံတော်အဆင့်မှ ဦးစားပေး ဆောင်ရွက်လိုသည့်အချက်များနှင့် အမြင်များ မတိုက်ဆိုင်သည့်အခါ ၎င်းအချက်များကို အပြည့်အစုံထည့်သွင်းပြီး မှတ်တမ်းမှတ်ရာဖြင့် သီးခြား အစီရင်ခံမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဦးစားပေး ကိစ္စရပ်များကို ချင့်ချိန်အကဲဖြတ်ရန်နှင့် အပျက်သဘောဆောင်သော သက်ရောက်မှုများ လျော့နည်းစေရန်၊ ဆုံးရှုံးတန်စွမ်းများကို စီမံရန်၊ အပြုသဘောဆောင်သော အကျိုးအမြတ်များ တိုးပွားစေရန် အဆင့်များကို သတ်မှတ်ရန်နှင့် SEASA လုပ်ငန်းစဉ်ကို နိုင်ငံတော်မှ ပိုင်ဆိုင်မှုအဖြစ် တည်ဆောက်ရန် နောက်ဆက်တွဲ SESA လုပ်ငန်းစဉ်ကို အလုပ်ရုံဆွေးနွေးပွဲတွင် သဘောတူပြီး တရားဝင်ဖြစ်စေရန် ပြုလုပ်မည်ဖြစ်သည်။ အဆိုပါ အမျိုးသားရေးအဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ဆွေးနွေးခဲ့သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိက ကိစ္စရပ်များကို ဝက်ဘ်ဆိုက်များနှင့် ပုံမှန်အသုံးပြုနေကျ မီဒီယာများမှတဆင့် အများပြည်သူသိစေရန် ထုတ်ပြန်ကြေငြာသွားမည်ဖြစ်သည်။

SESA လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ခဲ့သည့်အချိန်မှ ၁၂ လအတွင်း သို့မဟုတ် မြစ်ဝှမ်း အထူးစီမံကိန်း အဆင့် ၁ ကို အကြမ်းရေးဆွဲပြီးသည့်အချိန်တွင် နိုင်ငံတွင်းထောက်ခံအတည်ပြုအလုပ်ရုံ ဆွေးနွေးပွဲကို ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်မည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် အတည်ပြုခဲ့ကြသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိကကိစ္စရပ်များကို မြစ်ဝှမ်း အထူးစီမံကိန်း ပထမအဆင့်တွင် ပူးတွဲဖော်ပြမည်ဖြစ်ပါသည်။

**မဟာဗျူဟာမြောက်သဘာဝပတ်ဝန်းကျင်နှင့်လူမှု ဆိုင်ရာချင့်တွက် အကဲဖြတ်မှု အစီရင်ခံစာ**

ပထမဆုံးအကြိမ်အမျိုးသားထောက်ခံအတည်ပြုအစည်းအဝေးတွင်မဟာဗျူဟာကျသောသဘာဝပတ်ဝန်းကျင်နှင့်လူမှု ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သတ်သော အရည်အသွေးနှင့် အရေအတွက်ပိုင်းဆိုင်ရာ ချင့်တွက် အကဲဖြတ်မှုကို ဆောင်ရွက်မည်ဖြစ်သည်။ဖြစ်လာနိုင်ဖွယ်ရှိသောဆိုးကျိုးများလျော့နည်းစေရန်နှင့် သိသာ ထင်ရှားသော ဆုံးရှုံးတန်စွမ်းများကိုသတ်မှတ်ရန် နည်းလမ်းများနှင့် ကောင်းမွန်သော အကျိုးကျေးဇူးများ တိုးမြင့် လာစေရန် ခြေလှမ်းများကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ပေးပါလိမ့်မည်။ ထို့ပြင် SESA အကောင် အထည်ဖော်ခြင်း

အတွက်အကောင်ထည်ဖော် စီမံချက်များ၊ စစ်ဆေးကြည့်ရှုခြင်း အခြေခံမှုဘောင်နှင့် နစ်နာချက်များပြန်လည်ပြင်ဆင်ခြင်းနည်းလမ်းများကိုလည်း သတ်မှတ်သွားပါမည်။ ရလဒ်ပေါ်အခြေခံ၍ SESA မူကြမ်းအစီရင်ခံစာကို အနည်းဆုံးအောက်ပါအချက်များနှင့် သတ်မှတ်သွားပါမည် -

- IWRPMကို ရည်ညွှန်းသောမဟာဗျူဟာရွေးချယ်မှု(များ)၊ယင်း၏ အဓိကကျသော လူမှုပတ်ဝန်းကျင် ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများနှင့် အကောင်ထည်ဖော်ဆောင်ရွက်ခြင်းတွင် ပါဝင်သော အမျိုးမျိုးသော ဆုံးရှုံးတန်စွမ်းများကိုဖော်ပြချက်။
- IRWPMနှင့် အပြန်အလှန်အကျိုးသက်ရောက်စေမည့် ဥပဒေပြုခြင်းနှင့် အာဏာပြုခြင်းဆိုင်ရာ အုပ်ချုပ်မှု စနစ်ကိုအနစ်ချုပ်ဖော်ပြချက်။
- IWRPM အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သော ရောဂတီမြစ်ဗှမ်း ဘက်စုံပေါင်းစည်း အထူး အစီအစဉ်နှင့် စီမံကိန်း(များ)၊ ဆောင်ရွက်ချက်(များ) သို့မဟုတ်မူဂါဒ(များ) အကောင်အထည်ဖော်ခြင်းမှ ဖြစ်ပေါ်လာသော ဖြစ်နိုင်ချေရှိသည့် အကျိုးသက်ရောက်မှု အကောင်းအဆိုးများ၏ ဖော်ပြချက်နှင့် ယင်းအကျိုးသက်ရောက်မှုများကို နေရာအနှံ့ဖြန့်ဝေခြင်း။
- ဖော်ပြပါ လုပ်ဆောင်ချက်များအတွက် လုပ်ထုံးလုပ်နည်းများကို အထူးအလေးထားပြီးသတ်မှတ် စီမံကိန်း (များ)၊ လုပ်ဆောင်ချက် (များ) သို့မဟုတ် မူဝါဒ (များ)/ စည်းမျဉ်း (များ) နှင့် ပတ်သတ်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာအကျိုးသက်ရောက်မှု ချင့်တွက်အကဲဖြတ်မှုနှင့် စိစစ်စစ်ဆေးရန် အတွက် အစီအစဉ်သေးစိတ် ဖော်ပြချက် - အဆိုပါ လုပ်ဆောင်ချက်များမှာ - (၁)ထိုကဲ့သို့သတ်မှတ် စီမံကိန်း(များ)၊ ဆောင်ရွက်ချက်(များ) သို့မဟုတ်မူဂါဒ(များ)၊ စည်းမျဉ်းစည်းကမ်း(များ)နှင့် ပတ်သတ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာအကျိုးသက်ရောက်မှုကိုချင့်တွက် အကဲဖြတ်ခြင်းနှင့် စိစစ်စစ်ဆေးခြင်း၊ (၂)မည်သည့်ဆိုးဂါးသည့် အကျိုးသက်ရောက်မှုမျိုးကိုမဆို လျှော့ချနိုင်ရေး၊ လျှော့ပါးစေရေးနှင့်ဖယ်ထုတ်နိုင်ရေးတို့အတွက် လုပ်ဆောင်ရမည့် အစီအစဉ်များကို ပြင်ဆင်ခြင်း။ ဥပမာ - သတ်မှတ် နေရာများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ် (များ)၊ ပြန်လည်နေရာချထားရေးဆိုင်ရာ လုပ်ဆောင်ချက် အစီအစဉ် (များ) နှင့် ရှိရင်းစွဲ ဒေသခံ တိုင်းရင်းသားများအတွက် အစီအစဉ်ကို သက်ဆိုင်ရာကမ္ဘာ့ဘဏ်၏ ဘေးဆီးရန်ကာ မူဝါဒများအရ ပြင်ဆင်ခြင်း။ (၃) IWRPM အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်ရာလုပ်ဆောင်ချက် အစီအစဉ် များနှင့် ဆက်စပ်သောသတ်မှတ်စီမံကိန်း (များ)၊ လုပ်ဆောင်ချက် (များ)၊ မူဝါဒ (များ)/ စည်းမျဉ် (များ) နှင့် ပတ်သတ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာသက်ရောက်မှုများကို စောင့်ကြပ်ကြည့်ရှုခြင်း။

- ESMFလုပ်ဆောင်ချက်အတွက် IWRPM အကောင်အထည်ဖော်ခြင်း အခြေခံမှုဘောင် အတွင်းရှိသီးသန့် အဖွဲ့အစည်းဆိုင်ရာ လိုအပ်ချက်များစီစစ်လေ့လာခြင်း။ ထိုလေ့လာခြင်းတွင် စီမံခန့်ခွဲမှု အဆင့်ဆင့် အလိုက်အာဏာပိုင်အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းများ၏ စွမ်းရည်ကို သုံးသပ်ခြင်း(ဥပမာ -ဒေသတွင်း၊ ခရိုင်တွင်း၊ မြို့နယ်တွင်းနှင့်နိုင်ငံတွင်း) နှင့် ESMF အကောင် အထည်ဖော်ခြင်းကို စီမံခန့်ခွဲစောင့်ကြည့်စစ်ဆေးရန် ၎င်းတို့၏ ဆောင်ရွက်နိုင်စွမ်းကို သုံးသပ်ခြင်းတို့ပါဝင်သင့်သည်။ စီစစ်လေ့လာခြင်းသည်IWRPMအကောင်အထည်ဖော်ခြင်းဆိုင်ရာသတ်မှတ်ကာလမှအဓိကရယူသင့်ပါသည် ။
- ESMFအကောင်အထည်ဖော်ခြင်းအတွက်တာဝန်ရှိသောအဖွဲ့အစည်းများအတွက်အကြံပြုထားသောလုပ်ဆောင်နိုင်စွမ်းတည်ဆောက်ခြင်းဆောင်ရွက်ချက်များကိုအကျဉ်းချုပ်ဖော်ပြချက်။

- ESMFအကောင်အထည်ဖော်ခြင်းကိုအထောက်အကူပြုစေရန်ပြည်သူပိုင်နှင့်ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများ၊အသင်းအဖွဲ့များနှင့် ဝန်ဆောင်မှုပေးသူများအားနည်းပညာပိုင်းဆိုင်ရာအကူအညီပေးရေးလိုအပ်ချက်များ။
- IWRPMအကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ နစ်နာချက်များပြန်လည်ပြင်ဆင်ခြင်း နည်းလမ်းများ။
- ထိုSESAကိုအကောင်အထည်ဖော်ခြင်းအတွက် ဘတ်ဂျက်လျာထားမှု ဖော်ပြချက်။

အစီရင်ခံစာမူကြမ်းအား သက်ဆိုင်ရာဘာသာစကားသို့ ပြန်ဆိုပေးရမည်ဖြစ်ပြီးလူထုနှင့် အကြံပေး ဆွေးနွေးပွဲ များနှင့် သင့်တော်သောနေရာများတွင် ထုတ်ပြန်ပေးရမည်။ လွတ်လပ်၍ ကြိုတင် အကြောင်းကြားထားသော ဆွေးနွေးချက်များကို သက်ဆိုင်ရာနေရာများအလိုက် SESA အစီရင်ခံစာ ထုတ်ပြန်ပြီး အနည်းဆုံးနှစ်ပတ်အကြာ၌ ပြုလုပ်မည်ဖြစ်သည်။ ထိုသို့ဆွေးနွေးရာတွင် သဘာဝဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ အဓိကကိစ္စရပ်များကို ရှာဖွေဖော်ထုတ်စဉ်က ဖိတ်ကြားခဲ့သူများနှင့် ဒေသတွင်း စိတ်ပါဝင်စားသူများနှင့်အတူဆွေးနွေးမည်ဖြစ်သည်။ ထိုသို့တိုင်ပင် ဆွေးနွေးရာတွင် ဒေသတွင်းပါဝင် ပတ်သတ်သူများအား တတ်နိုင်သရွေ့ ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားဖြင့် ဆွေးနွေးကြစေရန် အထူးဂရုစိုက်ရမည်။ ထို့အပြင်နယ်မြေဒေသနှင့် ကိုက်ညီမှု ရှိသောပုံစံမျိုးဖြစ်ရန်နှင့် ကျား၊မ/မရွေးပါဝင် ဆွေးနွေးရန်ဂရုစိုက်ရမည်။ ဒေသအတွင်းအကြံပေးဆွေးနွေးမှုများမှ ရလာသောအကြံပြုချက်များကို SESA၏ အစီရင်ခံစာအပြီးသတ်မူကြမ်းတွင် ထည့်သွင်းထားရမည်။

အဆိုပါ ချင့်တွက်အကဲဖြတ်မှုသည် မြစ်ဝှမ်း အထူးစီမံကိန်း အဆင့် ၂ နှင့် ဧရာဝတီ ဘက်စုံပေါင်းစည်း မြစ်ဝှမ်းအထူး စီမံခန့်ခွဲမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (IRBMDP) ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုမှ တဆင့် လုပ်ငန်းစဉ်များနှင့် သဟဇာတဖြစ်၍ အချိတ်အဆက်မိစေရမည်။ ထိုသို့ပြုလုပ်ခြင်းသည် ဆောင်ရွက်ရမည့် အစီအစဉ်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ချင့်တွက် အကဲဖြတ်မှုများဖြင့် ကောင်းမွန်စွာ ဖွဲ့စည်းထားကြောင်း သေချာစေလို၍ ဖြစ်သည်။ အထူးသဖြင့် အစီအစဉ်ရေးဆွဲစဉ် ရရှိလာသော ဖြစ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ သက်ရောက်မှုများကို စီမံကိန်းများအတွက် ဖော်ထုတ် သတ်မှတ်ရန်နှင့် ၎င်းတို့ကို IRBMDP တွင် ထည့်သွင်းရန် အရေးကြီးသည်။ အစိတ်အပိုင်း ၁.၃ ရှိ စီမံကိန်းသည် လုပ်ငန်းစဉ်အတွင်း သတ်မှတ်လိုက်သော စီမံကိန်းအချို့အား ဖြစ်နိုင်ချေလေ့လာဆန်းစစ်ခြင်းမှုတွင် အထောက် အကူပေးလိမ့်မည်။ စီမံကိန်းရေးဆွဲနေစဉ် အစောပိုင်း ကာလအတွင်း တွေ့ရှိလာသော၊ IRBMDP အတွင်း ထည့်သွင်းရန် ဆုံးဖြတ်ထားသောစီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ သက်ရောက်မှုများကို IRBMDP ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ် အကဲဖြတ်မည်ဖြစ်သည်။ IRBMDP တွင် ထည့်သွင်းမည်ဟု ဆုံးဖြတ်ထားသော စီမံကိန်းများကို SESA အစီရင်ခံစာအပြီးတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကိစ္စရပ်များအတွက် ချင့်တွက်အကဲဖြတ်မည် ဖြစ်သည်။ စီမံကိန်း အသစ်များကို သတ်မှတ်ပြီးသည်နှင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ချင့်တွက် အကဲဖြတ်ခြင်းကို အပိုဆောင်းလုပ်ကိုင်ရန် စိတ်ပါဝင်စားသူများ ပူးပေါင်း လက်တွဲလာစေမည့် နည်းလမ်းများအဖြစ် ၎င်းတို့နှင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပခြင်းဖြင့် SESA လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းအဆင့်အထိ ဆက်လက် လုပ်ဆောင်မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်ခြင်းကို လုပ်ဆောင်ပြီး သည်နှင့် SESA အစီရင်ခံစာကို နောက်ဆုံးအခြေအနေနှင့်အညီ မွမ်းမံပြင်ဆင်မည်ဖြစ်သည်။

**အမျိုးသားထောက်ခံအတည်ပြုအစည်းအဝေး ဒုတိယအကြိမ် / တိုင်ပင်ဆွေးနွေး အကြံဉာဏ် ရယူခြင်း။**

DWIR အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်၍ SESA အစီရင်ခံစာကို အမျိုးသား ထောက်ခံအတည်ပြုခြင်း အလုပ်ရုံ ဆွေးနွေးပွဲသို့ တင်ပြရမည်။

လူထု ထုတ်ဖော်မှုများမှတဆင့် ရရှိလာသော အကြံဉာဏ်များဖြင့် ESMF ToR ကို ပြင်ဆင်ခြင်းဖြင့် ESMF မူကြမ်းကို ရှေးဦးစွာ ပြုလုပ်ရန်လိုအပ်သည်။ ESMFမူကြမ်းကို ပြင်ဆင်ခြင်းနှင့်အတူ ဦးစားပေး ဆောင်ရွက်ရမည့် အရာများနှင့် မြေပုံထုတ်ယူမှု ဆောင်ရွက်ချက်များမှ သတ်မှတ်ထားသော အရေးကြီးသည့် နေရာများတွင် စိတ်ပါဝင်စားသူများနှင့် နှီးနှောဖလှယ်ပွဲကိုကျယ်ကျယ်ပြန့်ပြန့်လုပ်ရမည်။ မူကြမ်းတွင် စိတ်ပါဝင်စားသူများဆီမှ တိုင်ပင်ဆွေးနွေးမှုများနှင့် အကြံပြုချက်များ ထည့်သွင်းသင့်သည်။ နောက်ဆုံးတွင် အရေးပါသောနယ်ပယ်မှ လူထုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များအား သွားလာရလွယ်ကူသော ဒေသ သို့မဟုတ် ပြည်နယ်၏ မြို့တော်တွင် ကျင်းပပေးမည့် ESMF နှင့်ပတ်သတ်သော လူထုကြားနာပွဲတွင် ပါဝင်နိုင်စေရေး ဆောင်ရွက် သင့်သည်။ ၎င်းဒေသတွင်းရှိ ဒေသခံအဖွဲ့အစည်းများ၊ NGOများသည်လည်း သက်ဆိုင်ရာဒေသအတွင်း ကျယ်ပြန့်စွာ ပြောဆိုသော ဘာသာစကားဖြင့် ဆွေးနွေးမည့် ထိုပွဲသို့တက်ရောက် သင့်သည်။

SESA အတွက် နှီးနှောဖလှယ်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းတွင် လာအို၏ စည်းမျဉ်းဥပဒေများနှင့် ကမ္ဘာ့ဘဏ်၏ ဘေးရန်ဆီးကာရေး ထုတ်ပြန်ရေး မူဝါဒများနှင့် ကိုက်ညီသောလူထုနှင့် အဖွဲ့အစည်းများမှ စိတ်ပါဝင်စားသူများ ပါဝင်သင့်သည့် ESMF နှင့်ပတ်သတ်ပြီး တိုင်ပင်ဆွေးနွေး နှီးနှောဖလှယ်ခြင်း ပါဝင်လိမ့်မည်။ ၎င်းမူကြမ်းအား GoM၊ ကမ္ဘာ့ဘဏ်တို့၏ ဂဘ်ဆိုဒ်များ၊ ထိုအပြင်ဒေသခံလူထု၊ လူမှုအဖွဲ့အစည်းတို့၏သင့်လျော်သော ကြားခံဂဘ်ဆိုက်များမှတစ်ဆင့် အများပြည်သူရယူနိုင်ရန် ပြုလုပ် ပေးရမည်ဖြစ်ပြီး စာရွက်စာတမ်းအားဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် အရေးပါသော ဒေသတွင်းရှိ ရုံးများတွင်မိတ္တူများထားရှိပေးရမည်။ ၎င်းအပြင် သင့်တော်ရာလူထုဆိုင်ရာအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများသို့လည်း အကြံဉာဏ်မှတ်ချက်များရယူရန်အတွက် ပေးပို့သင့်သည်။

ဒုတိယအကြိမ် အတည်ပြုဆွေးနွေးပွဲကို စီမံကိန်းဒုတိယနှစ် သို့မဟုတ် IRBMDPမူကြမ်း ရေးဆွဲပြီး သည့်နောက် ကျင်းပမည် ဖြစ်သည်။

အချိန်ဇယားနှင့်ပေးပို့မည့် ပစ္စည်းများ-ပင်မစီမံကိန်း၏ လုပ်ငန်းဆောင်တာများနှင့် ချိတ်ဆက်မှုကို ရောင်ပြန်ဟပ် နိုင်ရန် (အစိတ်အပိုင်း ၁)

*ဇယား ၁၁ - SESA သွားမည့် လမ်းကြောင်း*

ဇယား ၁ - SESA သွားမည့် လမ်းကြောင်း

| ကုတ်နံပါတ် | လုပ်ရားဆောင်ရွက်မှုများ | တာဝန်ရှိသော အဖွဲ့/အဖွဲ့အစည်း | အချိန် | ရလဒ် ညွှန်ပြသည့်အရာ (ဖြန့်ဝေနိုင်သည်) | အဓိက ဖြတ်မှတ်များနှင့် မှတ်ချက်များ |
|---|---|---|---|---|---|
| ၁ | ပြင်ဆင်ခြင်း/စိစစ်စစ်ဆေးခြင်း | | | | |
| ၁.၁ | ToR ကို ပြန်လည်မွမ်းမံခြင်း | | ၁ လ | အဆုံးသတ် ToR | |
| | | | | | |
| ၁.၂ | အကြံပေးများ ငှားရမ်းခြင်း | | | | ဒေသခံနှင့် အပြည်ပြည်ဆိုင်ရာမှ အကြံပေးများဖြင့်အဖွဲ့တစ်ခု ဖွဲ့စည်းရန် အကြံပြုသည်။ |
| ၁.၂.၁ | အဆိုပြုချက်များအား တောင်းဆိုခြင်း | | ၁ လ | ပြည်သူလူထုထံ ဈေးပြိုင်တင်သွင်းရန် ထုတ်ပြန်ခြင်း | IWRMအစီအစဉ် ပြင်ဆင်ခြင်းလုပ်ဆောင်မှုများအတွက် RFP နှင့်အတူပစ္စည်းများပေးပို့မှုနှင့်အချိန်ကိုက်ညီမှု သေချာပါစေ။ |
| ၁.၂.၂ | ပဏာမစိစစ်ရွေးချယ်ခြင်းနှင့် လေလံတင်ထားသော ဈေးနှုန်းများကို တန်ဖိုးဖြတ်ခြင်း | | ၅ လ | တန်ဖိုးဖြတ်ခြင်း အစီရင်ခံစာ | |
| ၁.၂.၃ | စာချုပ်ချုပ်ဆိုခွင့်ပေးခြင်း | | ၆ လ | အကြံပေးများနှင့် စာချုပ်ကို လက်မှတ်ရေးထိုးခြင်း။ | |
| | | | | | |
| ၂ | နယ်ပယ်သတ်မှတ်ခြင်း | | | | |

DRAFT

| | | | | | |
|---|---|---|---|---|---|
| ၂.၁ | စိတ်ဝင်စားသူများကို စိစစ် လေ့လာရာတွင်ကွာဟမှုအကဲဖြတ်ဆန်းစစ်ခြင်း | အကြံပေး | ၇ လ | IWRM အစီအစဉ် လုပ်ဆောင်မှု တာဝန်အဖွဲ့ထံ တိုးတက်မှု/ကနဦး အစီရင်ခံစာ တင်သည်။ | SESA C&P လုပ်ဆောင်မှုများသည် တည်ရှိနေဆဲ C&P အထူးစီမံကိန်းနှင့် လိုက်လျောညီထွေ ဖြစ်သင့်ပြီး IWRM အစီအစဉ်အတွက် တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်ဖြင့်အတူ ချိတ်ဆက် ဆောင်ရွက်သင့်သည်။ |
| ၂.၂ | SESA တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းနှင့် ပါဝင်ဆောင်ရွက်ခြင်း (C&P) နှင့် SESA လုပ်ငန်း အစီအစဉ်ပြုလုပ်ခြင်းကိုပြင်ဆင်မွမ်းမံခြင်း | | | | |
| ၂.၃ | SESA လုပ်ငန်း အစီအစဉ်ကို တရားဝင် ဖြစ်စေခြင်း | | | | |
| ၂.၃.၁ | အမျိုးသားရေး အလုပ်ရုံ ဆွေးနွေးပွဲကို စီစဉ်ခြင်း | အကြံပေးများနှင့် IWRM အစီအစဉ် လုပ်ငန်းတာဝန် အဖွဲ့ | ၈ လ နှင့် ၉ လ | ဖိတ်ခေါ်မှုများနှင့် အစည်းအဝေးအစီအစဉ်ကို ထုတ်ပြန်သည်။ | -သစ်တောအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးစုအုပ်စုများ၊ ခရိုင်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းမှ စိတ်ပါဝင်စားသူများကို ထည့်သွင်းပါ။ |
| ၂.၃.၂ | အမျိုးသားရေး အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ခြင်းနှင့် အစီရင်ခံခြင်း | | | အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာ | |
| ၂.၃.၃ | SESA လုပ်ငန်းအစီအစဉ်အား အပြီးသတ် ရေးဆွဲခြင်း | အကြံပေး | | C&P SESA လုပ်ဆောင်ချက်များ ပါဝင်သော အဆုံးသတ် SESAလုပ်ငန်းအစီအစဉ် | |
| ၂.၃.၄ | SESA လုပ်ငန်း အစီအစဉ်ကို ထုတ်ဖော်ပြသခြင်း | IWRM အစီအစဉ် လုပ်ငန်းတာဝန် အဖွဲ့ | | - ဝက်ဘ်ဆိုက်များတွင် အစီအစဉ်ကို ထုတ်ပြန်ခြင်း။<br>- ရေဒီယိုမှ ကြေငြာ | ဒေသအဆင့်တွင် အစီအစဉ်အတွက် ဆက်ဆံခြင်းကို IWRM အစီအစဉ် ခရိုင်နှင့် စီရင်စုအဆင့် ရုံးများဖြင့် ပူးပေါင်း ဆောင်ရွက်လိမ့်မည်။ |

| | | | | | |
|---|---|---|---|---|---|
| | | | | ခြင်း၊ အစီအစဉ် အနှစ်ချုပ်ကို ဖြန့်ချိခြင်း။ | |
| ၂.၄ | အဓိက E&S ပြဿနာများကို သတ်မှတ်ခြင်း | | | | |
| ၂.၄.၁ | -သဘာဝ ပတ်ဝန်းကျင်နှင့် လူမှု ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သတ်ပြီး ရရှိနိုင်သော ပမာဏကွာဟာမှု အချက်အလက်ကို စုစည်းခြင်းနှင့် နည်းပညာဆိုင်ရာ တရားဝင် ဖြစ်စေခြင်း | IWRM အစီအစဉ် လုပ်ငန်းတာဝန် အဖွဲ့/ အကြံပေးများ | ၁၀ - ၁၆ လ | တိုးတက်မှု အစီရင်ခံစာ | |
| ၂.၄.၂ | -လူထုအခြေခံသော ၄င်းတို့ ပါဝင်ဆောင်ရွက်မှုအပါအဝင် ပမာဏကို မြေပုံထုတ်ယူခြင်းနှင့် အောက်ပါ အချက်အလက်များကို မြေပုံထုတ်ယူ ခြင်း<br>- သစ်တော၊ ဇီဝမျိုးကွဲစိတ်များ နေထိုင်သည့် အဓိကနေရာများ၊ မြစ်ဝှမ်းများ၊ အဓိက အခြေခံ အဆောက်အဦ စီမံကိန်းများ<br>- သစ်တောအပေါ် မှီခိုနေရသော လူထုအဖွဲ့အစည်းများ၊ သစ်တော ဧရိယာအတွင်း ဆောင်ရွက်သော | | | မြေပုံများ၊ ကိစ္စရပ် အလိုက် လေ့လာမှုများ နှင့် သဘာဝ ပတ်ဝန်းကျင်နှင့်လူမှု ဆိုင်ရာ ကိစ္စရပ်များ ပါဝင်သော GIS ဒေတာ ဘေ့စ်နှင့် တိုးတက်မှု အခြေအနေအစီရင်ခံစာ | ကိုးကားချက် အနှစ်ချုပ်ကို ပြင်ဆင်ခြင်း နှင့် အတူ အဓိက ဖြတ်မှတ် နေရာ |

DRAFT

| | | | | | | |
|---|---|---|---|---|---|---|
| | လုပ်ရှားမှုများ၊ သစ်တောနှင့် မြေယာ အသုံးချပိုင်ခွင့်များ။ | | | | | |
| ၂.၄.၃ | ရွေးချယ်ထားသော သစ်တောမြေ ဧရိယာများရှိ ကိစ္စရပ်များနှင့် တန်ဖိုး သတ်မှတ်ခြင်းဆိုင်ရာလေ့လာမှုများ။ | | | ကိစ္စရပ်အလိုက် လေ့လာမှုအစီရင်ခံစာ များ | | |
| ၂.၄.၄ | သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သတ်သော အစီရင်ခံစာ ပြုလုပ်ခြင်း။ | | | အစီရင်ခံစာတင်ခဲ့သည် | | |
| ၂.၅ | E&S ပြဿနာများအား ဦးစားပေး သတ်မှတ်ခြင်း | | | | | |
| ၂.၅.၁ | အရေးကြီးသော ဧရိယာများရှိ ရွေးချယ်ထားသောလူထုအဖွဲ့အစည်းများမှ ဦးစားပေး သတ်မှတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း | အကြံပေး/NGO | ၁၇-၁၉ လ | လူထုနှင့် တိုင်ပင်ဆွေးနွေးမှု အစီရင်ခံစာ | | - IWRM အစီအစဉ် ရွေးချယ်နိုင်သည့်အရာများဖြင့်တိုင်ပင်ဆွေးနွေးခြင်းကိုညှိနှိုင်းဆောင်ရွက်ရန် အဓိက ဖြတ်မှတ်နေရာ |
| ၂.၅.၂ | လူထု ကိုယ်စားလှယ်များမှ ဒေသဆိုင်ရာ တရားဝင်ဖြစ်စေရန် ပြုလုပ်ဆောင်ရွက်ခြင်း | | ၂၀ လ | ဒေသဆိုင်ရာ တရားဝင်ပြုလုပ်ခြင်း အစီရင်ခံစာ | အလုပ်ရုံဆွေးနွေးပွဲများ ဖြစ်လာနိုင်ချေရှိသည် | |
| ၂.၅.၃ | အဖွဲ့အစည်းများမှ စိတ်ပါဝင်စားသူများ မှ ဦးစားပေး သတ်မှတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း | | ၂၁-၂၂ လ | အဖွဲ့အစည်းဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု အစီရင်ခံစာ | ပစ်မှတ်ထားသော အုပ်စုများဖြစ်လာနိုင်ချေရှိသည် | |
| ၂.၅.၄ | အဖွဲ့အစည်းများမှ စိတ်ပါဝင်စားသူ | | | အဖွဲ့အစည်းများမှ | | |

DRAFT

| | | | | | | |
|---|---|---|---|---|---|---|
| | များပါဝင်သည့် အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ခြင်း | | | ဦးစားပေးသတ်မှတ်ခြင်း အစီရင်ခံစာ | | |
| ၂.၅.၅ | E&S ဦးစားပေးမှုများအပေါ် အစီရင်ခံခြင်း | အကြံပေး | ၂၃ လ | ဦးစားပေး သတ်မှတ်ခြင်း အစီရင်ခံစာ | | |
| | | | | | | |
| ၃ | ချင့်တွက် အကဲဖြတ်ခြင်း | | | | | |
| ၃.၁ | IWRM အစီအစဉ် ရွေးချယ်နိုင်သည့် အရာများနှင့် E&S ဦးစားပေးလုပ်ဆောင်ရမည်များကိုအကဲဖြတ်ခြင်း | အကြံပေး | ၂၄ နှင့် ၂၅ လ | တိုးတက်မှု အခြေအနေ အစီရင်ခံစာ | | |
| ၃.၂ | IWRM အစီအစဉ် ရွေးချယ်နိုင်သည့် အရာများကို ပြင်ဆင်မွမ်းမံခြင်း | | | | SESA ကြီးကြပ်သူများ သည် IWRM အစီအစဉ် ကြီးကြပ်သူများ နှင့် ညှိနှိုင်း ဆောင်ရွက်သည် | |
| ၃.၃ | မွမ်းမံထားသော မဟာဗျူဟာကျကျ ရွေးချယ်နိုင်သည့်အရာများနှင့်ဆက်စပ်နေသောအခြားE&Sအန္တရာယ်များကို အကဲဖြတ်ဆန်းစစ်ခြင်း | | | | | |
| ၃.၄ | ဖြစ်လာနိုင်သည့် IWRM အစီစဉ်နှင့် ပတ်သတ်ပြီး ရွေးစရာများကို အစီရင်ခံခြင်း | အကြံပေးIWRM အစီအစဉ် | ၂၆- ၂၇ လ | IWRM အစီအစဉ် ရွေးချယ်နိုင်သည့်အရာ များ | | |
| ၃.၅ | IWRM အစီအစဉ်နှင့်ပတ်သတ်ပြီး ရွေးချယ်စရာများအား စိတ်ဝင်စားသူများမှ တရားဝင်အောင် ပြုလုပ် | | | | | |

DRAFT

| | | | | | |
|---|---|---|---|---|---|
| | ခြင်း | | | | |
| | | | | | |
| ၄ | အစီရင်ခံခြင်း | | | | |
| ၄.၁ | WB အစပျိုးထားသော ဘေးရန်ဆီးကာ မူဝါဒများ | ကမ္ဘာ့ဘဏ် | ၁ လ | စုစည်းထားသော ဘေးရန်ဆီးကာ အချက်အလက်စာရွက် (ISDS) ကို အချိန်နှင့်တပြေးညီဖြည့်စွက်ပြင်ဆင်မှုလုပ်သည်။ | |
| ၄.၂ | သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ မူဘောင် (ESF) အား ပြင်ဆင်ခြင်းနှင့် ထုတ်ဖော်ခြင်း | | ၁၆-၁၉ လ | ToR | |
| ၄.၃ | ESMF | | | | |
| ၄.၃.၁ | ESMF စာကြမ်း | အကြံပေး | ၂၀-၂၆ လ | | |
| ၄.၃.၂ | ကနဦး စာကြမ်း ESMF ကို တိုင်ပင်ဆွေးနွေးအကြံဉာဏ်ရယူခြင်း | အကြံပေး | ၂၇-၂၉ လ | ESMF အစီရင်ခံစာနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ယူခြင်းအစီရင်ခံစာ မူကြမ်း | - အဆုံးသတ် IWRM အစီအစဉ်ကို တရားဝင် ပြုလုပ်ရန် တိုင်ပင်ဆွေးနွေးမှုများနှင့် ညှိနှိုင်းဆောင်ရွက်ပါ။<br>- ခရိုင်၊ မြို့နယ်နှင့် နိုင်ငံတော်အဆင့်တို့တွင် ရွေးချယ်ထားသော သစ်တော အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်း ကို ထည့်သွင်းပါ။ |
| ၄.၃.၃ | ESMF နောက်ဆုံးမူကြမ်း | အကြံပေး | | ESMF | - IWRM အစီအစဉ် ဆောင်ရွက်မှုများကို |

DRAFT

| | | | | | |
|---|---|---|---|---|---|
| | | | ၃၁ လ | နောက်ဆုံးမူကြမ်း | အကြံပေးပါ။ |
| ၄.၃.၄ | SESA အစီရင်ခံစာ | အကြံပေး | ၃၂-၃၃ လ | SESA အစီရင်ခံစာ | - အဆုံးသတ် ESMF မူကြမ်းအပါအဝင် ယခင်အစီရင်ခံစာအားလုံးကို ပေါင်းစည်းပါ။ |
| ၄.၃.၅ | ESMF ကို ထုတ်ဖော်ခြင်း | IWRM အစီအစဉ် လုပ်ငန်းတာဝန် အဖွဲ့/ကမ္ဘာ့ဘဏ် | ၃၃ လ | သက်ဆိုင်ရာ ဝက်ဘ်ဆိုက်များတွင် ထုတ်ပြန်ခြင်း | ပုံနှိပ်/သင့်လျော်သည့် မီဒီယာနည်းဖြင့် အနှစ်ချုပ်များကို ဘာသာပြန်ပြီး အဓိက စိတ်ဝင်စားသူများအားလုံးထံ ဖြန့်ဖြူးပါ။ |

DRAFT

<u>နောက်ဆက်တွဲ ၄ - ရွေးချယ်ထားသောကဏ္ဍအလိုက်စီမံကိန်းအမျိုးအစားခွဲခြင်းဆိုင်ရာလမ်းညွှန်ချက် (ဖြည့်စွက်ရန်)</u>


**ဆည်တမံများနှင့်ရေလှောင်ကန်များ**

ရေအားလျှပ်စစ်စနစ် စီမံချက်မှ အစပြုမည့် ဖွဲ့စည်းပုံအမျိုးအစားဖြင့် ရေအားလျှပ်စစ်စီမံကိန်းများမှ ရရှိလာမည့် အကျိုးသက်ရောက်မှုများကို သတ်မှတ်ထားပါသည်။ ရေအားလျှပ်စစ်စီမံကိန်းများကိုငင်းတို့ ဆံ့နိုင်သော ပမာဏပေါ်တွင် အခြေခံပြီးအကြီး၊ အသေး၊ အသေးစားသို့မဟုတ် အလွန်သေးငယ်သည့် အမျိုးအစားဟူ၍ ပုံမှန်အားဖြင့်ခွဲခြားလေ့ရှိသည်။ နိုင်ငံတကာဆည်တမံကြီးများကော်မရှင် (ICOLD) အရ ရေကာတာ အကြီးစားတစ်ခုသည် အောက်ခြေမှ ၁၅မီတာ သို့မဟုတ် ထို့ထက်ပိုမြင့်ပါသည်။ ဆည်တမံများသည် ၅မီတာ မှ၁၅မီတာ အတွင်းရှိပြီး ၃ဘီလီယံ ကုဗမီတာ ထက်ပို၍ ရေလှောင်နိုင်သည့် ထုထည်ရှိလျှင် ရေကာတာ အကြီးစားများအဖြစ် အမျိုးအစားခွဲခြားပါသည်။

<u>**ပုံမှန်ရေအားလျှပ်စစ်စီမံကိန်းများ**</u>

ကနဦးစိစစ်စစ်ဆေးမှုကို ကူညီရန် ငွေကြေးအထောက်ပံ့ပေးမည့် ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်မှု အမျိုးအစားနှင့် နှင့်စီမံကိန်း၏ အစိတ်အပိုင်းများကိုဆုံးဖြတ်ရန် လိုအပ်သည်။ ဖွံ့ဖြိုးတိုးတက်မှု အမျိုးအစား၊ ရေလှောင်ကန် ရှိခြင်း မရှိခြင်း၊ သွားလာရလွယ်ကူသောလမ်းများ၊ အလုပ်သမားစခန်းများနှင့် ဖြန့်ဖြူးရေးပိုက်လိုင်းများကဲ့သို့ သောအထောက်အကူပြုအခြေခံအဆောက်အဦးများအားလုံးကိုစိစစ်စစ်ဆေးသည့် ကာလအတွင်း ထည့်သွင်း စဉ်းစားရပါမည်။ အောက်ပါဇယားတွင် အဓိကအမျိုးအစားများ၊ အစိတ်အပိုင်းများ၊လုပ်ဆောင်မှုများနှင့် ရေအား လျှပ်စစ်စီမံကိန်းကြောင့်သက်ရောက်မှု ဖြစ်ပွားနိုင်ချေရှိမည့် သဘာဝသက်ရှိများ ကျက်စားရာနေရာများကို ထည့်သွင်းရေးဆွဲထားပါသည်။

*ဆည်တမံ၊ လျှပ်စစ်ထုတ်လုပ်ရန်ဌာနနှင့် ဆက်ပစ်နေသော အခြေခံအဆောက်အဦး*




DRAFT

| | |
|---|---|
| **စီမံကိန်း အမျိုးအစား များ** | ရေလှောင်ကန် - ထိုစီမံကိန်းများတွင် ရာသီအလိုက်၊ နှစ်စဉ်အလိုက်နှင့် အချို့ကိစ္စများတွင် လျှပ်စစ်စွမ်းအင်ထုတ်နိုင်ရန် မြစ်ရေစီးဆင်းခြင်းကိုထိန်းချုပ်နိုင်သည့် နေရာများတွင် မြစ်ကို နှစ်ရှည်အသုံးပြုနိုင်ရန်အတွက် ဆည်၏ အနောက်ဖက်တွင် ရေကိုသိုလှောင်သည်။ ရေလှောင်ကန် အမျိုးအစား စီမံကိန်းများသည်နေ့စဉ်၊လစဉ်၊နှစ်စဉ်သို့မဟုတ် နှစ်ပေါင်းများစွာအသုံးပြုနိုင်ရန်အတွက် မြစ်ရေစီးဆင်းမှုကိုထိန်းချုပ်နိုင်ပါသည်။ ရေလှောင်ကန်များနှင့်ပတ်သက်သော သက်ရောက်မှုများ သည်အရွယ်အစားနှင့်တည်နေရာပေါ်တွင် မူတည်၍ကွဲပြားနိုင်ပါသည်။<br><br>မြစ်ထဲတွင် တာဘိုင်ဒလက်ကြီးချထားကာထိုဒလက်၏ လည်ပတ်အားကိုအသုံးချခြင်း- ဆည်တမံများ (ဆည်များ၊ မြစ်တားဆည်များ၊ တာဘိုင်ဒလက်များချပြီးထိုဒလက်များ၏ လည်ပတ်အားကိုအသုံးပြုသောဆည်တမံများ) သည်မြစ်ရေစီးကြောင်းများ၏အစိတ်အပိုင်းအချို့အားတူးမြောင်းသို့မဟုတ်စွမ်းအင်စက်ရုံတစ်ခုခုသို့တ လှည့်စီးဆင်းစေရန်ရေအားသုံးဖိအားတစ်ခုကိုဖန်တီးပါသည်။အဆိုပါဒလက်၏ လည်ပတ်အားကိုသုံးသော စက်ရုံများ သည် ၂၀ ဟက်တာထက် သေးငယ်သောအလွန်သေးငယ်သောရေလှောင်ကန်များသို့မဟုတ် ရေလှောင်ကန်လုံးဝမလိုအပ်ပါ။ထိုစက်ရုံများကိုနေရာနှစ်မျိုးနှစ်စားတွင်တည်ဆောက်နိုင်ပါသည်။ ၄င်းတို့မှာ-<br>• ရေမျက်နှာပြင် အမြင့်ပြောင်းလဲသောနေရာများနှင့် ပုံမှန်ရေစီးနှုန်းမြင့်မားသောနေရာများ<br>• လက်ရှိရေအားလျှပ်စစ်ဂန်ဆောင်မှုမှစီးဆင်းရေကိုအသုံးပြုရန်နေရာများ<br><br>ရေစုပ်တင်သိုလှောင်မှု - နေ့စဉ်လူသုံးများသည့်အချိန်များတွင် လျှပ်စစ်ထုတ်လုပ်ပေးရန် ရေကိုပြောင်းပြန် စီးဆင်းစေပြီးအောက်ခြေရှိစွမ်းအင်စက်ရုံများနှင့် အရံသိမ်းထားသောနေရာများမှ ပိုလျှံသော လျှပ်စစ်ကိုသုံး၍ လူသုံးနည်းသည့်အချိန်များတွင်ရေစုပ်တင်သိုလှောင်သည့်စက်ရုံများသည်အထက်ရှိလှောင်ကန်ထဲသို့ ရေကိုစုပ်တင်ပေးထားသည်။ထိုနေရာများသည်မြင့်မားသည့်တောင်တန်းများအကြားမတ်စောက်သောေ မျက်နှာသွင်ပြင်တွင်သာမန်အားဖြင့်မီတာ၃၀၀နှင့်၈၀၀ ကြားတွင်တည်ရှိပါသည်။<br><br>တူးမြောင်း/စီးဆင်းသော မြစ်များ - ထိုစီမံချက်များသည်မြစ်ရေကိုရေကြောင်းတလျှောက် မစီးဆင်းခိုင်းမီမြစ်ရေကိုယူ၍ တဖြောင့်တည်းရှိနေသောပါဝါစက်ရုံတစ်ခုသို့ တူးမြောင်းများနှင့် ဥမင်လိုဏ်ခေါင်းများမှတဆင့် ဖြတ်သန်းစီးဆင်းစေပါသည်။ မြစ်ချောင်းအတွင်းအတားအဆီးတစ်ခုပြုလုပ်ရန်ရေကာတာသို့မဟုတ် ရေလှောင်ကန်မရှိသော်လည်းဝင်လာသည့်ရေနှင့်လွှတ်ပေးသည့်ရေအကြားဆွဲချုံ့နိုင်ရန်အတွက် သဘာဝမြစ်ရေစီးဆင်းမှုကိုလျှော့ချလိုက်ပါသည်။<br><br>အထွေထွေရည်ရွယ်ချက်- ထိုစီမံချက်များတွင်အခြားခြေခံအဆောက်အဦးများသို့မဟုတ် ရေအသုံးပြုမှု နှင့်လျှပ်စစ် ထုတ်လုပ်မှု တို့ပါဝင်သည်။ဥပမာအားဖြင့်စိုက်ပျိုးရေပေးသွင်းမှု၊ မြစ်ကြောင်းသွားလာရေးတူးမြောင်းများနှင့်ရေတံခါးများ၊ရေကြီးခြင်းကိုထိန်းချုပ်သည့်နေရာနှင့် |

DRAFT

<table>
<tr><td></td><td>လေ့စီးခြင်းကဲ့သို့ အပန်းဖြေခြင်း ဝန်ဆောင်မှုများပါဝင်ပါသည်။<br><br>လက်ရှိစက်ရုံများကိုအဆင့်မြှင့်တင်ခြင်း/ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်း- အဆင့်မြှင့်တင်ခြင်းတွင် ထိန်းသိမ်းမှု သို့မဟုတ် စွမ်းဆောင်ရည်ကိုထိန်းသိမ်းရန် သို့မဟုတ် တိုးမြှင့်ရန် အချို့အစိတ်အပိုင်းများကို တိုးချဲ့ခြင်းတို့<br>ပါဝင်သည်။ထိုလုပ်ဆောင်မှု၏အစိတ်အပိုင်းအနေဖြင့်တူးမြောင်းများ၊ဥမင်လိုဏ်ခေါင်းများ၊ရေအဝင်ကိုထိန်းချုပ်သည့်အရာများ၊သွားလာရလွယ်ကူသောလမ်းများ၊ လျှပ်စစ်ထုတ်လုပ်သည့် စက်ရုံများနှင့် ဖြန့်ဖြူးရေးလိုင်းများကဲ့သို့<br>အခြေခံအဆောက်အဦးသစ်များတည်ဆောက်ရန်လိုအပ်ပါသည်။သို့မဟုတ်လက်ရှိအခြေခံအဆောက်အဦးကိုပိုမိုကောင်းမွန်အောင်ပြုပြင်ရန်လိုအပ်သည်။</td></tr>
<tr><td>စီမံကိန်း အစိတ်အပိုင်း များ</td><td>ရေလှောင်ကန် -အခြေပြုရေစွမ်းအင်သုံးစီမံကိန်းဖွံ့ဖြိုးတိုးတက်မှု အသစ်များတွင်ရေလှောင်ကန်များ ၊ရေကာတာများ၊ ဥမင်လိုဏ်ခေါင်းများ၊ တူးမြောင်းများ၊ရေအဝင်ကို ထိန်းချုပ်သည့်နေရာများ၊ သွားလာရလွယ်ကူသောလမ်းများနှင့် အနည်းဆုံး လျှပ်စစ်ဓါတ်အားထုတ်လုပ်သည့် စက်ရုံတစ်ခုကို တည်ဆောက်ခြင်းတို့ပါဝင်သည်။ ၎င်းတွင် ပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးလိုင်းများတည်ဆောက်ခြင်းနှင့် လျှပ်စစ်စက်ရုံများနှင့်စက်ရုံခွဲများတည်ဆောက်ခြင်းတို့လည်း ပါဝင်သည်။<br>ဖွဲ့စည်းတည်ဆောက်ပုံမည်သို့ပင်ဖြစ်စေကာမူရေအားလျှပ်စစ်စီမံကိန်းအများစုတွင်အောက်ပါအရာများပါဝင်သည်။<br><br>• ဆည်တမံသို့မဟုတ်ရေပြောင်းရေလွှဲလုပ်ငန်းများ<br>• ဖိအားပေးသည့် လိုဏ်ခေါင်းများ၊ တူးမြောင်းများ၊ ဥမင်လိုဏ်ခေါင်းများ<br>• လျှပ်စစ်ဓါတ်အားထုတ်လုပ်သည့် စက်ရုံ<br>• လျှပ်စစ်ဓါတ်အားဌာနခွဲနှင့်ပို့ဆောင်ရေးလိုင်းများ<br>• ဆည်တမံနှင့်အလုပ်လုပ်မည့်နေရာသို့ သွားရမည့်လွယ်ကူသောလမ်း<br>• ကျောက်ကျင်းများနှင့်ရှင်းလင်းရေးနေရာများ<br>• အခြေခံစခန်းသို့မဟုတ်ထိန်းသိမ်းရာနေရာများ<br>• လေးလံသောကိရိယာများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အကျိုးအပဲ့အပျက်အစီများအတွက် လွယ်ကူ သောလမ်းများ ၊လမ်းကြောင်းများ<br>• ကွန်ကရစ် လုပ်ငန်းစက်ရုံများ</td></tr>
<tr><td>စီမံကိန်း ဆောင်ရွက် ချက်များ</td><td>အဓိကလုပ်ဆောင်မှုများတွင်လမ်းများတည်ဆောက်ခြင်းနှင့်<br>အောက်ပါအရာများဆောက်လုပ်ရေးအတွက်စွမ်းအင်လိုင်းများတည်ဆောက်ခြင်းတို့ပါဝင်သည်။<br>• စခန်း၊အခြားအထောက်ကူပြုအခြေခံအဆောက်အဦးနှင့်အလုပ်သမားများ၏လုပ်ဆောင်မှုနှင့်ကိရိယာ တန်ဆာပလာ<br>• လမ်းကြောင်းလွှဲသည့် ဥမင်လိုဏ်ခေါင်းများ<br>• ရေကာတာနေရာများ၊ဖိအားပေးသည့် တူးမြောင်းများ၊ လျှပ်စစ်ဌာနခွဲများ<br>• လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းကိရိယာများတပ်ဆင်ခြင်း<br>• ရေပေးဝေသည့် လိုင်းတည်ဆောက်ခြင်း</td></tr>
</table>

DRAFT

| | |
|---|---|
| | • ရေလှောင်ကန်ဧရိယာပြင်ဆင်ခြင်း(ပေါက်ပင်များရှင်းလင်းခြင်းနှင့်သတ္တဂါများကယ်တင်ခြင်း)<br>• ထိခိုက်ဧရိယာများကိုပြန်လည်ပြင်ဆင်ခြင်း |

**အမျိုးအစားခွဲခြင်း**

ရေအားလျှပ်စစ်စီမံကိန်းများမှ အကျိုးသက်ရောက်မှုများသည် သိသာစွာကွဲပြားနိုင်ပါသည်။ ရေအားလျှပ်စစ်စီမံကိန်းများကြောင့် ဖြစ်နိုင်ချေရှိသော ပြင်းထန်သည့်အကျိုးသက်ရောက်မှုများကိုဆုံးဖြတ်ရန် ယေဘုယျလမ်းညွှန်ချက်ကို အောက်ပါဇယားတွင် တင်ပြထားပါသည်။ ပြင်းထန်မှုအခြေအနေသည် ရေအားလျှပ်စစ်စီမံကိန်းအလုပ်များနှင့်စီမံကိန်းနေရာတို့၏ ထိရှလွယ်မှု အမျိုးအစားများ အရ ခွဲခြားထားပါသည်။ မည်သို့ပင်ဖြစ်စေ သွားလာရေးလွယ်ကူသော လမ်းများနှင့် ပို့ဆောင်ရေး လိုင်းများ ကဲ့သို့စီမံကိန်းအစိတ်အပိုင်းများသည် သိသာထင်ရှားသော သက်ရောက်မှုများကို ဖြစ်စေပါသည်။ ပေးထားသော စီမံကိန်းတွင် သဘာဝသက်ရှိများကျက်စားရာနေရာကို သတ်မှတ်ရန်လိုအပ်သော လုပ်ငန်းအခြေအနေကိုဆုံးဖြတ်ရန်အတွက်လည်း ထိုဇယားကို အသုံးပြုနိုင်ပါသည်။

**ရေအားလျှပ်စစ်စီမံကိန်းများတွင်ဖြစ်လာနိုင်ဖွယ်ရှိသောပြင်းထန်သောသက်ရောက်မှုများ**

| **စီမံကိန်း အမျိုးအစား** | **ထိရှလွယ်မှု နည်းခြင်း** | **ထိရှလွယ်မှု အလယ်အလတ်ရှိခြင်း** | **ထိရှလွယ်မှု မြင့်မားခြင်း** |
|---|---|---|---|
| ရေလှောင်ကန်စီမံကိန်းများတည်ဆောက်ခြင်း၊ ရေလှောင်ကန်ရေဖြည့်တင်းခြင်း၊လဲလှယ်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ခေတ်မီအောင်ပြုလုပ်ခြင်း၊ပြန်လည်ထူထောင်ခြင်း၊အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ဆောက်လုပ်ခြင်း | A/B | A | A |
| မြစ်ထဲတွင် တာဘိုင်ဒလက်ကြီး ချထားကာ ထိုဒလက်၏ လည်ပတ်အားကို အသုံးချသည့် စက်ရုံတည်ဆောက်ခြင်း ၊လဲလှယ်ခြင်းနှင့်ထိန်းသိမ်းခြင်း၊ ခေတ်မီအောင်ပြုလုပ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း ၊ အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်းတစ်စုတစည်းတည်း အကျိုးသက်ရောက်မှုကို ချင့်ချိန်တွက်ချက်မှု လိုအပ်သည်။ | A/B | A/B | |
| ပို့ဆောင်ရေးလိုင်းများ | A/B | A/B | A |
| သွားရေးလာရေးလွယ်ကူစေသောလမ်းများ-ပြန်လည်ထူထောင်ခြင်း၊ရှိပြီးသားလမ်းများကိုအသေးစားပြုပြင်မှုများပြုလုပ်ခြင်း | A/B | A/B | A/B |

DRAFT

| | | | |
|---|---|---|---|
| သွားရေးလာရေးလွယ်ကူစေသော လမ်းများ -လမ်းသစ်ဖောက်ခြင်း ( ယခင်ကဖြတ်သွား၍ မရနိုင်သောလမ်းများတွင်) သို့မဟုတ် အကြီးစားလမ်းပြုပြင်မှုများဆောင်ရွက်ခြင်း | A/B | A | A |
| လက်ရှိစက်ရုံများကို အဆင့်မြှင့်တင်ခြင်း/ ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်း | B | B | A/B |

| | |
|---|---|
| | အလွန် ဆိုးရွားသော သဘာဝသက်ရှိကျက်စားနေရာနှင့် သက်ဆိုင်သော ကိစ္စရပ်များ။ ပြင်းထန်သော သက်ရောက်မှုဖြစ်နိုင်သည့် အလားအလာ ရှိသည်။ စစ်တမ်းကောက်ယူမှုများ၊ လျော့ပါးအောင် ဆောင်ရွက်ခြင်းနှင့် လျော်ကြေးပမာဏ တို့လိုအပ်နိုင်ပါသည်။ |
| | ပြင်းထန်မှု အလယ်အလတ်သာရှိသည်။ တိကျသော လျော့ပါးအောင် လုပ်ဆောင်မှု စီမံကိန်းကိုရေးဆွဲထားရန်လိုအပ်ပါသည်။ |
| | ပြင်းထန်မှု အနည်းငယ်သာရှိသည်။ ဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းအတွက် အခြေခံ/ယေဘုယျ သတ်မှတ်ချက်များကိုသတ်မှတ်သင့်သည်။ |

DRAFT


### ရေနှင့်ရေဆိုးထုတ်စနစ်စီမံကိန်းများ

ရေပေးဝေရေးစနစ်မှသက်ရောက်မှုများသည်စီမံကိန်းသို့မဟုတ်ပတ်ဝန်းကျင်ပေါ်တွင်ထင်ရှားစွာမူတည်နေပါသည်။ မြို့ပြနှင့်အိမ်ထောင်စု တစ်ခုချင်းစီ၏စီမံကိန်းအစိတ်အပိုင်းများသည် သဘာဝသက်ရှိများကျက်စားရာနေရာကိုမထိခိုက်နိုင်ပါ။ သို့သော် မည်သို့သော ပတ်ဝန်းကျင်ဖြစ်စေ သဘာဝသက်ရှိများကျက်စားရာနေရာနှင့်ပတ်သတ်သော ကိစ္စရပ်များကို သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်စေရန်စီမံကိန်းအစိတ်အပိုင်းများကို စိစစ်စစ်ဆေး ရန်လိုအပ်ပါသည်။

### သုံးရေနှင့်ရေဆိုးထုတ်စနစ်လုပ်ငန်းများ

သုံးရေနှင့်ရေဆိုးထုတ်စနစ်စီမံကိန်းများတွင်များစွာသောအစိတ်အပိုင်းများနှင့် လုပ်ဆောင်မှုများ ပါဝင် သည်။ လုပ်ဆောင်မှုများတွင် ပိုက်လုံးများချရန်အတွက် ရေနုတ်မြောင်းတူးဖော်ခြင်း ၊ရေနှင့်စွန့်ပစ် ရေသန့်စင်ရေးစက်ရုံများ တည်ဆောက်ခြင်းနှင့် ရေကာတာများနှင့် ရေလှောင်ကန်များ တည်ဆောက်ရေးကဲ့သို့ အဓိကအခြေခံအဆောက်အဦးတည်ဆောက်ခြင်းတို့ ပါဝင်သည်။ အောက်ပါ ဇယားသည် ပြုလုပ်နေကျ စီမံကိန်းအစိတ်အပိုင်းများ၊လုပ်ဆောင်မှုများနှင့် သက်ရောက်မှု ခံရနိုင်ချေ ရှိသော သဘာဝသက်ရှိများကျက်စားရာနေရာများ ကိုဖော်ပြထားပါသည်။

**မြို့နီစီပယ်ဆိုင်ရာ ရေနှင့် အညစ်အကြေးစွန့်ထုတ် စနစ်**




**ရေနှင့် ရေဆိုးစနစ်အတွက် စီမံကိန်း အမျိုးအစားများနှင့် အစိတ်အပိုင်းများ**

DRAFT

| | |
|---|---|
| **စီမံကိန်း အမျိုးအစားကို လေ့လာခြင်း** | ရေနှင့်ရေဆိုးထုတ်စနစ်စီမံကိန်းများတွင်အောက်ဖော်ပြပါ မြောက်မြားစွာသော စီမံကိန်းအခွဲ အမျိုးအစားများပါဝင်နိုင်ပါသည် -<br>• မြို့ရွာများရှိ ပြည်သူလူထုအသုံးပြုနိုင်ရေးအတွက် ရေထောက်ပံ့ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ ရေသန့်စင်ခြင်း၊ ရေသိုလှောင်ခြင်းနှင့် ရေဖြန့်ဖြူးခြင်း<br>• မြို့ရွာများရှိရေဆိုးသိုလှောင်ခြင်း၊သန့်စင်ခြင်းနှင့် ဖယ်ရှားခြင်း<br>• မြို့ပြဒေသများတွင်ရေနှင့်ရေနုတ်မြောင်းစနစ်များထောက်ပံ့ခြင်း<br>• ကျေးလက်ဒေသများတွင်အခြေခံသုံးရေနှင့်ရေဆိုးစနစ်ဝန်ဆောင်မှုများထောက်ပံ့ခြင်း တို့ဖြစ်ပါသည်။ |
| **စီမံကိန်း အစိတ်အပိုင်း များ** | စီမံကိန်းအစိတ်အပိုင်းများတွင် အောက်ပါနမူနာများကဲ့သို့ ရေနှင့် ရေဆိုးစနစ်စီမံကိန်း၏ အစိတ်အပိုင်းအမျိုးမျိုးအားလုံးသို့မဟုတ်ထိုအစိတ်အပိုင်းများ ပေါင်းစပ်ပါဝင်နိုင်ပါသည် -<br>• ရေသွင်းယူသောပမာဏ<br>• ရေပို့ဆောင်ရေးလိုင်းများ<br>• ရေသန့်စင်ရေးစက်ရုံများ<br>• ရေစုပ်စက်များနှင့်ရေသိုလှောင်ကန်များပါဝင်သောရေဖြန့်ဖြူးရေးကွန်ယက်များ<br>• မိလ္လာပိုက်များနှင့်စုပ်စက်များပါဝင်သောမိလ္လာသိမ်းစနစ်များ<br>• ရေဆိုးသန့်စင်ရေးစက်ရုံ<br>• ရေဆိုးရှင်းလင်းဖယ်ရှားခြင်း<br>• အဓိကမိလ္လာပိုက်များ၊တူးမြောင်းများနှင့်ရှင်းလင်းရေးစနစ်ပါဝင်သောမိုးရေစီးဆင်းရန် ရေနုတ်မြောင်းစနစ်<br>• အချို့စီမံကိန်းများတွင်ကျေးလက်ဒေသရေပေးဝေရေးစနစ်များ အတွက်ရေလှောင်ကန် အသေးစား တည်ဆောက်ပေးခြင်း သို့မဟုတ် ရေတွင်းများ တည်ဆောက်ပေးခြင်း တို့ပါဝင်သည်။<br>ကျေးလက်ဒေသများရှိရေနှင့် ရေဆိုးစနစ်များတွင် ပိုသေးငယ်သော ကျေးရွာ အဆင့် သို့မဟုတ် တစ်ရွာချင်းစီအလိုက်ရေပေးဝေရေးစနစ်များနှင့် အိမ်သာများနှင့် မိလ္လာကန်များ ကဲ့သို့ အိမ်ထောင်စု တစ်ခုချင်းစီ အတွက် ရေဆိုးထုတ် စနစ်များပါဝင်သည်။ |
| **စီမံကိန်း လုပ်ဆောင် ချက်များ** | ဆောက်လုပ်ရေးလုပ်ငန်းသည် ဆောက်လုပ်ရေးပစ္စည်းအကြီးစားများကို အသုံးပြု၍ အသေးစိတ် ပုံဖော်ရေးဆွဲထားသော ဒီဇိုင်းများအရမြို့ပြနှင့် စက်မှုအင်ဂျင်နီယာ အလုပ်များ အားလုံး ပါဝင်ပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းတွင် အောက်ပါ ဆောင်ရွက်ချက်များ ပါဝင်သည် -<br>• ပိုက်လုံးများ၊မိလ္လာပိုက်များနှင့် လိုအပ်သော နက်နဲသည့် မြေအောက် မိလ္လာပိုက်များ ချထားခြင်း။<br>• ရေနှင့်ရေဆိုးစက်ရုံများ၊ ရေစုပ်စက်များကဲ့သို့ အဓိက အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။<br>• မိုးရေစီးဆင်းရန် ရေနုတ်တူးမြောင်းများဆောက်လုပ်ခြင်း<br>• ပိုက်လုံးရှည်ကြီးများနှင့်ရေထွက်ပေါက်များဆောက်လုပ်ခြင်း |

DRAFT

| | |
|---|---|
| | • မိလ္လာသိမ်းခြင်းနှင့် ပို့ဆောင်ခြင်းအတွက် ကြီးမားပြီး နက်နဲသော မိလ္လာပိုက်များ ဆောက်လုပ်ခြင်း<br>• ရေဆိုးစီးဆင်းခြင်းအတွက်ရေထွက်ပေါက်များ<br>• ရေပေးဝေရေးရေလှောင်ကန်များအတွက် ရေကာတာများဆောက်လုပ်ခြင်း<br>• မြေအောက်ရေတွင်းများ |

ရေနှင့်ရေဆိုးစနစ်စီမံကိန်းအကြီးစားများသည်ရေဆိုးသန့်စင်ရေးစက်ရုံကဲ့သို့သောအဓိကအဆောက်အဦးအတွက် နေရာချထားမှုနှင့်ရေထုညစ်ညမ်းမှု အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေမည့် စီးပွားရေးလုပ်ငန်းများကြောင့်သာလျှင် ဆိုးဝါးပြင်းထန်သော သက်ရောက်မှုများ ရှိလာနိုင်ပါသည်။ရွှံ့ပျော့များဖယ်ရှားပြီး မြစ်များအတွင်းသို့ လွှတ်လိုက်ခြင်းများသည် လူထု၏စိုးရိမ်ပူပန်မှုများကိုမြင့်တက်စေပါသည်။သဘာဝသက်ရှိများကျက်စားရာနေရာနှင့် သက်ဆိုင်သည့် ပြဿနာများကို မြို့ပြဧရိယာများရှိရေနှင့်ရေဆိုးစနစ်စီမံကိန်းများတွင်ပင် တွေ့ရှိနိုင်ပါသည်။ မြို့ပြများတွင်စွတ်စိုမြေနေရာများ၊ရေကန်များနှင့် သမုဒ္ဒရာဆိုင်ရာဂေဟာစနစ်ကဲ့သို့သော ကိစ္စရပ်များကို ထိုစီမံကိန်းများတွင် စိစစ်စစ်ဆေးရန်လိုအပ်ပါသည်။

**ရေနှင့် ရေဆိုးစနစ်များ စီမံကိန်းများနှင့်ပတ်သတ်သော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးရွားပြင်းထန်သော ကိစ္စရပ်များ**

| **သဘာဝနေထိုင်ကျက်စားရာနေရာများ/လုပ်ငန်း အမျိုးအစား** | **ထိရှလွယ်မှု နည်းပါးခြင်း** | **ထိရှလွယ်မှု အလယ်အလတ် ဖြစ်ခြင်း** | **ထိရှလွယ်မှု မြင့်မားခြင်း** |
|---|---|---|---|
| ရေထောက်ပံ့မှု ကွန်ယက်များ၊ မိလ္လာသိမ်းစနစ် ကွန်ယက်များ၊ မိလ္လာပိုက်များ၊ ရေဆိုးထုတ် မြောင်းများ | B | A/B | A |
| ရေသန့်စင်ရေးစက်ရုံများ၊ ရေဆိုး ပြန်လည်သန့်စင်ရေးစက်ရုံများ | B | B | A |
| ရေထောက်ပံ့ပေးသည့် ရေလှောင်ကန်များ | A/B | A/B | A |
| ရေထုတ်လွှတ်သည့် လိုင်းများ | B | A/B | A |
| မြစ်ဝများ (မြစ်နှင့် သမုဒ္ဒရာအဝများအားလုံး) | A/B | A | A |

| | |
|---|---|
| | သဘာဝအခြေချနေထိုင်ရာနေရာများတွင် အလွန်ဆိုးရွားသောကိစ္စရပ်များဖြစ်ပေါ်မည်။ ဆိုးရွားပြင်းထန်သော သက်ရောက်မှုများ ရှိလာနိုင်သည်။ အများအားဖြင့် စစ်တမ်းကောက်ယူမှုများ၊ ဆိုးကျိုးများလျှော့ချရေးနှင့် လျော်ကြေးဆိုင်ရာကိစ္စရပ်များ ပြုလုပ်ရန်လိုအပ်သည်။ |
| | ဆိုးရွားပြင်းထန်သည့် အခြေအနေအလယ်အလတ်ရှိသည်။ စီမံကိန်း၏ တိကျသည့် ဆိုးကျိုးလျှော့ချရေးလုပ်ဆောင်ချက်များလိုအပ်သည်။ |
| | ဆိုးရွားပြင်းထန်မှုနည်းပါးသည်။ ဒီဇိုင်းနှင့် ဆောက်လုပ်ရေးအတွက် အခြေခံ/ယေဘုယျ သတ်မှတ်ချက်များကို ပြုလုပ်သင့်သည်။ |

DRAFT

## နောက်ဆက်တွဲ ၅ - EIA နှင့် EMP အတွက် ယေဘုယျ စီမံကိန်းရည်မှန်းချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံများ - အမျိုးအစား "က" စီမံကိန်း

ပြီးပြည့်စုံသော EIA အစီရင်ခံစာသည် တိကျသင့်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို အလေးပေးသင့်ပါသည်။ အစီရင်ခံစာ၏ အသေးစိတ်ဖော်ပြချက်သည် ဖြစ်ပေါ်လာနိုင်မည့် အကျိုးသက်ရောက်မှုနှင့် ကိုက်ညီမှု ရှိရပါမည်။ EIA တွင် အောက်ပါတို့ ပါဝင်သင့်သည်။

၁။ နိဒါန်း

ဤအခန်းကဏ္ဍတွင် စီမံကိန်းရည်ရွယ်ချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ၏ ရည်ရွယ်ချက်ကို ဖော်ပြ၍ အကဲဖြတ်မည့် စီမံကိန်းရေးဖွံ့ဖြိုးတိုးတက်မှုကို သတ်မှတ်ရမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ချင့်တွက်အကဲဖြတ်မှုအတွက် လိုက်နာဆောင်ရွက်ရေး စီစဉ်ဆောင်ရွက်မှုများကို ရှင်းလင်း ဖော်ပြ ပေးရပါမည်။

၂။ နောက်ခံသမိုင်းကြောင်း

အကြံပေးဖြစ်စေ၊ သို့မဟုတ် အစိုးရကိုယ်စားလှယ်များဖြစ်စေ သဘာဝပတ်ဝန်းကျင် ဆိုင်ရာချင့်တွက် အကဲဖြတ်မှု ဆောင်ရွက်မည့်အလားအလာရှိသော အဖွဲ့ဝင်များအတွက် ဆက်စပ်သမိုင်းကြောင်းတွင် အဆိုပြုစီမံကိန်း၏ အဓိက အစိတ်အပိုင်း အကျဉ်းချုပ်ဖော်ပြချက်၊ အဆိုပါစီမံကိန်းကို လိုအပ်ကြောင်း ဖော်ပြချက်နှင့် ပြီးမြောက်အောင်ဆောင်ရွက်ရမည့် ၎င်း၏ ရည်ရွယ်ချက်များကို ဖော်ပြချက်၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း၊ စီမံကိန်းသမိုင်း အကျဉ်းချုပ် (အခြားသုံးသတ်ချက်များအပါအဝင်)၊၎င်း၏လက်ရှိအခြေအနေနှင့်အချိန်ဇယားနှင့်အခြားဆက်စပ်နေသည့် စီမံကိန်းများနှင့်တူညီသည့် လက္ခဏာများကို ထည့်သွင်း ဖော်ပြရမည်ဖြစ်ပါသည်။အကယ်၍ အလားတူအရင်းအမြစ်များနှင့် ယှဉ်ပြိုင်နိုင်မည့် ဒေသအတွင်းရှိ လုပ်ဆောင်နေဆဲ သို့မဟုတ် လုပ်ဆောင်ရန် စီစဉ်နေသည့် စီမံကိန်းများရှိလျှင် ၎င်းတို့ကို ဤနေရာတွင် သတ်မှတ်သင့်သည်။

၃။ ရည်ရွယ်ချက်များ

ဤအခန်းကဏ္ဍတွင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ချင့်တွက်ကဲဖြတ်မှုအတွက် ယေဘုယျ နယ်ပယ်ကို အကျဉ်းချုပ်ဖော်ပြပြီး စီမံကိန်း၏ ပြင်ဆင်ဆောင်ရွက်မှု လုပ်ငန်းစဉ်၊ စီစဉ်ရေးဆွဲသည့်ပုံစံ၊ လိုက်နာဆောင်ရွက်မှုများနှင့် ဆက်နွယ်သည့် အချိန်ကိုက် ဆောင်ရွက်မှုကိုဆွေးနွေးဖော်ပြလိမ့်မည်။

၄။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ချင့်တွက်အကဲဖြတ်မှုအတွက် လိုအပ်ချက်များ

ဤကဏ္ဍတွင် ချင့်တွက်ကဲဖြတ်မှုဆောင်ရွက်ရေးကို လွှမ်းမိုးရန်အတွက် စည်းမျဉ်းစည်းကမ်းများနှင့် လမ်းညွှန်ချက်များကို သတ်မှတ်သင့်သည်သို့မဟုတ် အဆိုပါ အစီရင်ခံစာတွင်ပါဝင်မည့် အကြောင်းအရာများကို ဖော်ပြပေးသင့်သည်။ အဆိုပါဖော်ပြချက်များတွင် အောက်ဖော်ပြပါကိစ္စ အားလုံးသို့မဟုတ် တစ်ချို့တစ်ဝက်ပါဝင်မည်ဖြစ်ပါသည်– သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြန်လည် သုံးသပ်ချက်များနှင့် သက်ရောက်မှုများကို ချင့်တွက်အကဲဖြတ်မှုနှင့် ပတ်သတ်သော နိုင်ငံတော် ဥပဒေများ နှင့် / သို့မဟုတ် စည်းမျဉ်းများ၊ ဒေသတွင်း၊ ပြည်နယ်တွင်း သို့မဟုတ် လူမျိုးစုတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ

DRAFT

ချင့်တွက်အကဲဖြတ်မှု စည်းမျည်း ဥပဒေများ၊ အဆိုပါစီမံကိန်းတွင် ပါဝင်သည့် ဘဏ္ဍာရေး ထောက်ပံ့သည့် အခြားအဖွဲ့အစည်းများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ချင့်တွက် ကဲဖြတ်မှု စည်းမျည်း ဥပဒေများ ဖြစ်ပါသည်။

၅။ လေ့လာရေး ဧရိယာ

ချင့်တွက်ကဲဖြတ်မှုအတွက် လေ့လာရေးဧရိယာ (ဥပမာ– ရေဝေရေလဲဒေသ) နယ်နိမိတ်ကို သတ်မှတ်ရမည်ဖြစ်သည်။အကယ်၍ နီးစပ်သောသို့မဟုတ်ဝေးကွာသောနေရာတွင် ရှိပါက သက်ရောက်မှုများနှင့် ပတ်သက်ပြီး သီးခြားအချက်တစ်ချက်အနေဖြင့် ထည့်သွင်းစဉ်းစား ရမည်ဖြစ်ပါသည်။

၆။ လုပ်ငန်းနယ်ပယ်

အချို့ကိစ္စရပ်များတွင် အကြံပေးမှ ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများအား စီမံကိန်း ဖွံ့စည်းတည်ဆောက်ပုံနှင့် စီမံကိန်း ရည်ရွယ်ချက်တွင် တိတိကျကျ သတ်မှတ်ဖော်ပြလိမ့်မည် ဖြစ်ပါသည်။ အခြားကိစ္စရပ်များတွင် သတင်းအချက်အလက်ပိုင်းဆိုင်ရာတွင်အားနည်းမှုအား လျော့နည်းအောင် ဆောင်ရွက်သင့်ပြီး၊ သက်ရောက်မှုများကို ချင့်တွက် အကဲဖြတ်ရန် အထူး ကွင်းဆင်းလေ့လာမှုများ သို့မဟုတ် စံထားထားသော လုပ်ဆောင်မှုများကို ဆောင်ရွက်သင့်ပြီး ပြန်လည်သုံးသပ်မှုနှင့် အတည်ပြုချက်ကို စာချုပ်ချုပ်ဆိုခြင်းအတွက် အထူးတာဝန်များကို သတ်မှတ်ရန် အကြံပေးအား တောင်းဆိုလိမ့်မည်။

လုပ်ငန်းတာဝန် (၁) အဆိုပြု စီမံကိန်းဖော်ပြချက်။ စီမံကိန်းနှင့် ဆက်စပ်နေသော အစိတ်ပိုင်းများအား အသေးစိတ်ဖော်ပြချက်များ၊ လိုအပ်သောနေရာများအတွက် အသုံးပြုသော မြေပုံများ (သင့်လျော်သော စကေးဖြင့်)နှင့် အောက်ဖော်ပြပါ သတင်းအချက်အလက်များပါဝင်ပါသည်– တည်နေရာ၊ ယေဘူယျ ဖွဲ့စည်းမှုပုံစံ၊ အရွယ်အစား၊ လုပ်ဆောင်နိုင် စွမ်းရည် အစရှိသဖြင့်၊ အကြိုတည်ဆောက်ရေး လုပ်ငန်းစဉ်များ၊ တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ လုပ်ငန်းစဉ်အချိန်ဇယားများ၊ ဝန်ထမ်းခန့်အပ်ခြင်း ဆိုင်ရာကိစ္စများနှင့် အထောက်အပံ့များ၊ အဆင်ပြေချောမွေ့စေရေးနှင့် ဝန်ဆောင်မှုများ၊ လုပ်ငန်း လည်ပတ်ဆောင်ရွက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ၊ လိုအပ်နေသည့် ပြင်ပရင်းနှီးမြှုပ်နှံမှုများနှင့် သက်တမ်း။

လုပ်ငန်းတာဝန် (၂) သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဖော်ပြချက်။ သက်ဆိုင်ရာ လေ့လာရေးဧရိယာ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝိသေသလက္ခဏာများနှင့် ပတ်သက်သော လက်ရှိ အခြေခံ အချက် အလက်များကို စုစည်းတွက်ချက်တင်ပြသည်။ စီမံကိန်းအစမပြုမီ ကြိုတင်ပြင်ဆင်ခဲ့သည့် သတင်း အချက်အလက်များပါဝင်သည်။ [စီမံကိန်း အမျိုးအစားအတွက် အရေးပါသော သတင်းအချက် အလက် များ သို့မဟုတ် ဆက်စပ်နေသော အချက်အလက်များကို ဖော်ပြရန် အောက်ဖော်ပြပါစာရင်းအား မှတ်ချက်ရေးသားခြင်း သို့မဟုတ် ပြင်ဆင်ခြင်းကို ပြုလုပ်သည်။ မသက်ဆိုင်သည့် အချက်အလက်များကို စုစည်းခြင်းကို အထူးသဖြင့် ရှောင်ကြဉ်ရမည်။]

(က) ရုပ်ပိုင်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်– ဘူမိဗေဒ၊မြေမျက်နှာသွင်ပြင်၊ မြေဆီလွှာ၊ ရာသီဉတုနှင့် မိုးလေဝသ၊ ပတ်ဝန်းကျင်လေထုအရည်အသွေး၊ မြေမျက်နှာပြင်နှင့် မြေအောက် ရေဇလဗေဒ၊ ကမ်းရိုးတန်းနှင့်အဏ္ဏဝါဆိုင်ရာဘောင်၊ လက်ရှိ လေထုတ်လွှတ်မှု အရင်းအမြစ်၊ လက်ရှိ ရေထု ညစ်ညမ်းမှု စီးဆင်းမှုနှင့် လက်ခံရရှိသော ရေအရည်အသွေး။

(ခ) ဇီဝဆိုင်ရာ သဘာဝပတ်ဝန်းကျင်–အပင်နှင့် တိရစ္ဆာန်များ၊ ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်သည်။ စိုးရိမ်ရသော

မျိုးစိတ်များ၊ စိမ့်မြေအရပ်များ၊ ပန်းဥယျာဉ်များ သို့မဟုတ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းခံရသော နယ်မြေများ၊ လမုပင်များ၊ စီပွားရေးအရ အရေးပါသော မျိုးစိတ်များရှိသည့် ထိခိုက်နိုင်ဖွယ်ရှိသော နယ်မြေဒေသများ။ (ဂ)လူမှုစီးပွားရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင် (သင့်လျော်သည့်နေရာတွင် လက်ရှိနှင့် စီမံကိန်း ဆောင်ရွက်မည့်နေရာများပါဝင်သည်)– လူဦးရေ၊ ကုန်းမြေအသုံးပြုမှု၊ စီမံဆောင် ရွက်ပြီးဖြစ်သည့် ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ ဒေသခံ လူထုအဖွဲ့အစည်း ဖွဲ့စည်းပုံ၊ အလုပ်ခန့်အပ်ခြင်း၊ ဝင်ငွေရရှိမှု၊ ကုန်စည်နှင့်ဝန်ဆောင်မှု၊ အပန်းဖြေခြင်း၊ လူထုကျန်းမာရေး၊ ယဉ်ကျေးမှု ဆိုင်ရာဂုဏ်ဒြပ်များ၊ လူမျိုးစု များနှင့် ဓလေ့ထုံးတမ်းများ၊ ထက်သန်မှုများနှင့် စိတ်နေစိတ်ထားများ။

လုပ်ငန်းတာဝန်(၃) ဥပဒေပြဌာန်းမှုနှင့်စည်းမျဉ်းများကိုထည့်သွင်းစဉ်းစားမှု – အပြည်ပြည်ဆိုင်ရာအဆင့်၊ နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် ပြည်တွင်းအဆင့်များတွင် ပတ်ဝန်းကျင် အရည်အသွေး၊ ကျန်မာရေးနှင့် လုံခြုံရေး၊ ထိခိုက်ဖွယ်ရှိနိုင်သော နေရာများကို ကာကွယ်မှု၊ မျိုးသုဉ်းပျောက်ကွယ်မှာ စိုးရိမ်ရသောမျိုးစိတ်များ၊ နေရာများ၊မြေအသုံးပြုမှုစသည့် သက်ဆိုင်ရာ ဥပဒေစံနှုန်းများကို ဖော်ပြထားပါသည်။

လုပ်ငန်းတာဝန် (၄) အဆိုပြုစီမံကိန်း၏ ဖြစ်နိုင်ဖွယ်ရှိသော အကျိုးသက်ရောက်မှုများကို ဆုံးဖြတ်ခြင်း။ ဤခွဲခြမ်းစိတ်ဖြာမှုတွင် သိသာထင်ရှားသည့် အကောင်း နှင့် အဆိုး အကျိုးသက်ရောက်မှု၊ တိုက်ရိုက်နှင့် သွယ်ဝိုက်အကျိုးသက်ရောက်မှု၊ချက်ချင်းနှင့်ကာလရှည်အကျိုးသက်ရောက်မှုများကို ခွဲခြားထားပါသည်။ တိုးပွားလာသောအကျိုးသက်ရောက်မှုများကိုသတ်မှတ်ထားပါသည်။ရှောင်လွှဲမရသော၊ပြန်လည်ကောင်းမွန်လာနိုင်ခြ ခင်းမရှိသောအကျိုးသက်ရောက်မှုများကိုလည်းသတ်မှတ်ထားပါသည်။ဖြစ်နိုင်သည့်နေရာတိုင်းတွင် ပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်အရ အကျိုးသက်ရောက်မှုများကို ရေတွက်ဖော်ပြပေးပါသည်။ ဖြစ်နိုင်သည့် အချိန်တွင် စီးပွားရေးဆိုင်ရာ တန်ဖိုးသတ်မှတ်ပေးပါသည်။ သိသာသော သတင်းအချက်လက် အားနည်းမှုများနှင့် သက်ရောက်မှုများကို ခန့်မှန်းရာတွင် မသေချာမှု များကို ရှင်းလင်းပြထားသောရရှိနိုင်သောအချက်အလက်၏အရည်အသွေးနှင့် အတိုင်းအတာ သွင်ပြင် လက္ခဏာကိုဖော်ပြသည်။ ဖြစ်နိုင်လျှင် ကျန်ရှိနေသည့် အချက်အလက်ကို ရယူရန်လေ့လာမှုများအတွက် စီမံကိန်းရည်ရွယ်ချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံကို ပံ့ပိုးပေးသည်။ (အဆိုပါစီမံကိန်း အမျိုးအစားအတွက် လိုအပ်လာနိုင်သည့် အထူးပြုလေ့လာမှု အမျိုးအစားကို သတ်မှတ်ပါသည်။)

လုပ်ငန်းတာဝန်(၅) အဆိုပြုစီမံကိန်းနှင့်ပတ်သတ်ပြီး အခြားနည်းလမ်းများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်မှု။ အဆိုပြုစီမံကိန်း ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်မှုလမ်းကြောင်းတွင် စစ်ဆေးသည့် အခြားရွေးချယ်စရာ နည်းလမ်းများကို ဖော်ပြပြီးတူညီသော ရည်ရွယ်ချက်များ ပြီးမြောက်စေမည့် အခြားရွေးချယ်စရာ နည်းလမ်းများကို သတ်မှတ်ပေးပါသည်။အဆိုပါ အခြားရွေးချယ်စရာနည်းလမ်းများ၏ အယူအဆသည် တည်နေရာ ဖော်ထုတ်မှု၊ ပုံစံရေးဆွဲမှု၊ နည်းပညာရွေးချယ်မှု၊ တည်ဆောက်ရေးနည်းလမ်းများနှင့် အဆင့်ဆင့်စီမံဆောင်ရွက်မှုများနှင့်လုပ်ထုံးလုပ်နည်းများလက်တွေ့ဆောင်ရွက်ရေးနှင့်ပြုစုထားရှိခြင်းများအကျုံးဝင်ပ ါသည်။ဖြစ်နိုင်ဖွယ်ရှိသောပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု၊ မတည်ငွေနှင့် လုပ်ငန်း ဆောင်ရွက်မှု ကုန်ကျစရိတ်၊ ပြည်တွင်းအဆင့်စွမ်းဆောင်နိုင်မှု၊ အဖွဲ့အစည်းဆိုင်ရာ/ သင်တန်းပေးရေးဆိုင်ရာ/စောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာလိုအပ်ချက်များကို နှိုင်းယှဉ်ရန်ဖြစ်ပါသည်။ အကျိုးသက်ရောက်မှုများကို ဖော်ပြရာတွင် မည့်သည့်သက်ရောက်မှုသည် ပြန်လည်ကောင်းမွန်နိုင်မှု မရှိကြောင်း၊

မည်သည့်သက်ရောက်မှုသည် မရှောင်လွှဲနိုင်ကြောင်း၊ မည်သည့် သက်ရောက်မှုသည် လျော့ပါးစေကြောင်း စသည်ဖြင့် ညွှန်ပြပေးရမည်။ သက်ဆိုင်ရာ သက်ရောက်မှု လျော့ချရေး နည်းလမ်းများ၏ ခန့်မှန်းကုန်ကျစရိတ်များ ထည့်သွင်းလျက် ရွေးချယ်စရာနည်းလမ်း တစ်ခုချင်းစီ၏ ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးများကို တတ်နိုင်သမျှ သတ်မှတ်ပေးရပါမည်။ ပတ်ဝန်းကျင် အခြေအနေဖော်ပြရန်တွက် စီမံကိန်း တည်ဆောက်ခြင်းမပါဝင်ဘဲ အခြားနည်းလမ်းများကို ထည့်သွင်းရမည်။

လုပ်ငန်းတာဝန် (၆) ဆိုးကျိုး အကျိုးသက်ရောက်မှုလျော့ပါးစေရေးအတွက် စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲမှု။သိသာသည့်ဆိုးဝါးသောအကျိုးသက်ရောက်မှုများအားလက်ခံနိုင်လောက်သောအဆင့်ရရှိသည်အထိ ကာကွယ်ရေးနှင့် လျှော့ချရေးအတွက် ဖြစ်နိုင်ချေရှိပြီး ကုန်ကျစရိတ် သက်သာစေသော ဆောင်ရွက်ချက်များကို ထောက်ခံပေးရန်ဖြစ်ပါသည်။ အဆိုပါအကျိုးသက်ရောက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အဖွဲ့စည်းဆိုင်ရာ၊ သင်တန်းပို့ချမှုဆိုင်ရာလိုအပ်ချက်နှင့် ဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှုနှင့် ကုန်ကျစရိတ်ကို ခန့်မှန်းတွက်ချက်ရမည်။ သက်ရောက်မှုများကို လျှော့ချရန်မဖြစ်နိုင်သည့်နေရာရှိ ထိခိုက်ခံရသော အဖွဲ့အစည်းများအား လျော်ကြေးပေးရန် ထည့်သွင်းစဉ်းစားရမည်။ အဆိုပြုလုပ်ငန်းအစီအစဉ်၊ဘဏ္ဍာငွေလျာ ထားချက်၊ လုပ်ငန်းစဉ်၊ ဝန်ထမ်းခန့်အပ်ခြင်းနှင့် သင်တန်းပို့ချရေး လိုအပ်ချက်နှင့် သက်ရောက်မှုများ လျော့ပါးရေးဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရန် အထောက်အပံ့ဝန်ဆောင်မှုများ ပါဝင်သောစီမံခန့်ခွဲရေးဆိုင်ရာအစီအစဉ်ကိုပြင်ဆင်ဆောင်ရွက်ရမည်။

လုပ်ငန်းတာဝန်(၇) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ချင့်တွက်အကဲဖြတ်မှု အကြံပြုချက်များကို အကောင်အထည်ဖော်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်ခြင်း။ ပြည်တွင်း၊ ပြည်နယ်တွင်း၊ ဒေသတွင်းနှင့်နိုင်ငံအဆင့်အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်အာဏာနှင့် စွမ်းဆောင်နိုင်စွမ်းကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပြီး အဆိုပါ စွမ်းဆောင်နိုင်စွမ်းများကို မြှင့်တင်ရန် အဆင့်များကို အကြံပြုမှ သာ ပတ်ဝန်းကျင်ဆိုင်ရာ ချင့်တွက်အကဲဖြတ်မှု စီမံဆောင်ရွက်မှုနှင့် စောင့်ကြပ်ကြည့်ရှုမှု စီမံကိန်းများကို အကောင်ထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါထောက်ခံချက်များသည် ဥပဒေ စည်းမျဉ်း အသစ်၊ အဖွဲ့အစည်းအသစ်များ သို့မဟုတ် အဖွဲ့အစည်းအသစ် တစ်ခု၏ လုပ်ဆောင်ချက်များ၊ စီစဉ်ဆောင်ရွက်မှုများ၊ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းနှင့် သင်တန်းပေးမှု၊ဝန်ထမ်းခန့်အပ်ခြင်း၊ လုပ်ငန်း လည်ပတ်ခြင်းနှင့် ထိန်းသိမ်းထားရှိခြင်းဆိုင်ရာ သင်တန်း၊ ခန့်မှန်းချေ အသုံးစရိတ်ချထားပေးခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံများပါဝင်ပါသည်။

လုပ်ငန်းတာဝန် (၈) စောင့်ကြပ်ကြည့်ရှုရေးစီမံချက် ရေးဆွဲမှု။တည်ဆောက်ဆဲနှင့် လုပ်ငန်း ဆောင်ရွက် သည့် အချိန်အတွင်း စီမံကိန်း၏ အကျိုးသက်ရောက်မှုနှင့် သက်ရောက်မှုများ လျော့ပါးစေရေး ဆောင်ရွက်ချက်များ အကောင်အထည်ဖော်ဆောင်ရေးကို စောင့်ကြပ်ကြည့်ရှုသည့် အသေးစိတ် အစီအစဉ်ရေးဆွဲရမည်။ အဆိုပါအစီအစဉ်တွင် မတည်ငွေလုံးငွေရင်းခန့်မှန်းတွက်ချက်မှုနှင့် ဆောင်ရွက်မှု ကုန်ကျစရိတ်၊ ဆောင်ရွက်ရန်လိုအပ်သည့်သင်တန်းနှင့် အဖွဲ့အစည်းဆိုင်ရာ အင်အား ခိုင်မာ လာစေရေးကဲ့သို့သော အခြားကိစ္စရပ်များပါဝင်ပါသည်။

လုပ်ငန်းတာဝန်(၉)အဖွဲ့အစည်းအတွင်းညှိနှိုင်းဆောင်ရွက်မှုနှင့်လူထု/NGOအဖွဲ့များပါဝင်ဆောင်ရွက်မှုကို

DRAFT

အကူအညီပေးခြင်း။ အခြားအစိုးရအဖွဲ့အစည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ချင့်တွက်အကဲဖြတ်မှုတွင် NGO နှင့် အခြားသက်ရောက်မှုရှိသော အဖွဲ့များ၏အမြင်များရရှိစေရေး၊ အစည်းအဝေးနှင့် အခြား လုပ်ဆောင်ချက်များ၊ဆက်သွယ်ဆောင်ရွက်ချက်များ၊ဝေဖန်ချက်များနှင့်၎င်းတို့၏အစီအစဉ်များအားမှတ်တမ်းများ ထိန်သိမ်းထားရှိရေး ညှိနိုင်းဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးရပါမည်။

**အစီရင်ခံစာ**

ပတ်ဝန်းကျင်ဆိုင်ရာ ချင့်တွက်အကဲဖြတ်မှုအစီရင်ခံစာတွင် ထူးခြားထင်ရှားသော ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ပြည့်ပြည့်စုံစုံဖြင့် အကျဉ်းချုပ်ဖော်ပြသင့်ပါသည်။ အဓိကကျသော စာသားများသည် အဆိုပါ အချက်အလက်များကို ဘာသာပြန်ဆိုရာတွင် အသုံးပြုသည့် အကိုးအကားများမှ စုဆောင်းထား သောအချက်အလက်အကျဉ်းချုပ်မှထောက်ပံ့ပေးထားသောရှာဖွေမှုများ၊နိဂုံးများနှင့်ထောက်ခံအတည်ပြုထားသော လုပ်ဆောင်ချက်များကိုအလေးပေးဖော်ပြရပါမည်။ချင့်တွက် အကဲဖြတ်မှုတွင် အသုံးပြုသော ထုတ်ပြန်ပြဌာန်းခြင်းမရှိသော စာရွက်စာတမ်းများသည် ဖတ်ရှုရန် အဆင်သင့် မဖြစ်သေးလျှင် ၎င်းတို့ကို နောက်ဆက်တွဲဖြင့်တင်ပြရမည်။ ပတ်ဝန်းကျင်ဆိုင်ရာ ချင့်တွက်ကဲဖြတ်မှုအစီရင်ခံစာကို အောက်ပါ အကြောင်းအရာများအတိုင်းစုစည်းဆောင်ရွက်ရမည်။

လုပ်ငန်းဆိုင်ရာ အကျဉ်းချုပ်၊ မူဝါဒ၊ စည်းမျဉ်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ မူဘောင် ၊အဆိုပြုစီမံကိန်းအား ဖော်ပြချက်၊ အခြေခံအချက်အလက်၊ ပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှု၊ အခြားရွေးချယ်စရာ နည်းလမ်းများကို အကဲဖြတ် ဆန်းစစ်မှု၊ သက်ရောက်မှုများ လျော့ပေါ့ခြင်းဆိုင်ရာ လုပ်ဆောင်ချက်များ၊ ပတ်ဝန်းကျင်ထိန်သိမ်းစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်၊ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် သင်တန်းပို ့ချမှု၊ နောက်ဆက်တွဲများ။

**ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်**

သက်ရောက်မှုများ လျော့ကျစေရေး သို့မဟုတ် စီမံခန့်ခွဲရေး အစီအစဉ်တွင် အောက်ဖော်ပြပါ အချက်များ ပါဝင်သင့်သည် -

- မျှော်မှန်းထားသည့် သိသာသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို အကျဉ်းချုပ် ဖော်ပြချက်နှင့် သတ်မှတ်ချက်
- ပုံစံများ၊ ကိရိယာတန်ဆာပလာဖော်ပြချက်၊ လုပ်ငန်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များနှင့်အတူ သင့်လျော်သလို နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်နှင့် ဆက်နွယ်နေသော အကျိုးသက်ရောက်မှုနှင့်အဆိုပါသက်ရောက်မှုနှင့်ဆက်နွယ်နေသောအခြေအနေနှင့်အဆိုပါအခြေအနေအရလိုအပ် သောအကျိုးသက်ရောက်မှုများအပါအဝင်ဆိုးကျိုးသက်ရောက်မှုများလျော့ပေါ့ရေးလုပ်ဆောင်ချက်ကိစ္စတစ်ခုခြင်းအ တွက် နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် ဖော်ပြချက်။
- အဖွဲ့အစည်းဆိုင်ရာ စီမံဆောင်ရွက်မှု –ဆိုးကျိုးသက်ရောက်မှုများ လျော့ပေါ့ရေး ဆောင်ရွက်ချက်များ ဆောင်ရွက်ရန်အတွက် အမျိုးမျိုးသော တာဝန်ဝတ္တရားများကို သတ်မှတ်ခြင်း (ဥပမာ – လုပ်ငန်း

လည်ပတ်မှုများပါဝင်သော တာဝန်များ၊ ကြီးကြပ်ခြင်း၊ လိုက်နာဆောင်ရွက်ရေး တွန်းအားပေးမှု၊ အကောင်အထည်ဖော်ဆောင်မှုကို စောင့်ကြပ်ကြည့်ရှုခြင်း၊ပြန်လည်ပြင်ဆင်ရေး လုပ်ဆောင်ချက်များ၊ ဘဏ္ဍာရေး၊ အစီရင်ခံတင်ပြခြင်းနှင့် ဝန်ထမ်းများအား သင်တန်းပို့ချခြင်း)

- စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေး အစီအစဉ်များ၏ အဆင့်များနှင့်၎င်းအစီအစဉ်များဖြင့်ညှိနိုင်း ဆောင်ရွက်ချက်များကို ဖော်ပြသော စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ်ဆောင်ရွက်မည့် လုပ်ငန်း စဉ်များအတွက် အချိန်ဇယားကို အကောင်အထည်ဖော်ခြင်း။

- ဆိုးကျိုးသက်ရောက်မှုများ လျော့နည်းရေးဆောင်ရွက်ချက်များလိုအပ်ပြီး ဆိုးကျိုးသက်ရောက်မှုများ လျော့နည်းရေးဆောင်ရွက်ချက်များ၏ ရလာဒ်များနှင့် တိုးတက်မှုများနှင့် ပတ်သတ်သော သတင်း အချက်အလက်ထောက်ပံ့ပေးသည့် အခြေအနေများကို စောလျှင်စွာ ဖော်ထုတ်မှု သေချာစေရန် လုပ်ထုံးလုပ်နည်းများကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်း။
- ကနဦးရင်းနှီးမြှုပ်နှံမှုနှင့် ဆိုးကျိုးသက်ရောက်မှုများ လျော့နည်းရေး ဆောင်ရွက်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး အတွက် အဖန်တလဲလဲ ကုန်ကျစရိတ်နှစ်ခုလုံး အတွက်ခန့်မှန်းကုန်ကျစရိတ်နှင့် အရင်းအမြစ် စီမံကိန်း ကုန်ကျစရိတ် ဇယားတွင်စုပေါင်းထည့်သွင်းခြင်း။

**ဥပမာ - ရေအားလျှပ်စစ်စီမံကိန်း၏ EIA နှင့် EMP အတွက် အသေးစိတ် ယေဘုယျ စီမံကိန်းရည်မှန်းချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ**

EA အစီရင်ခံစာတွင် သင့်လျော်သလို အသေးစိတ်ဖော်ပြထားသည့် အောက်ပါအချက်အလက်များ ပါဝင်သင့်ပါသည်။

<u>စီမံကိန်း ဖော်ပြချက်</u>

EA သည် အဆိုပြုစီမံကိန်းနှင့် ၎င်း၏ ပင်မ အစိတ်အပိုင်းများအားလုံး (ရေခွဲဝေပေးသော ရေကာတာများ၊ ရေထိန်းသိမ်းသော ရေလှောင်ကန်များ၊ လျှပ်စစ်ထုတ်ပေးသည့် ဌာနများ၊ ပို့ဆောင်ရေး လိုဏ်ခေါင်းများ သို့မဟုတ် လိုင်းများ၊ ရေအဝင်ကို ထိန်းချုပ်သည့်အရာများ၊ ထွက်ပေါက်များ၊ ရေတွင်းများ၊ ဖိအားဖြင့် ရေထုတ်ခြင်း၊ အီလက်ထရောနစ် စနစ်၊ လေ တာဗိုင်များ၊ ဖိုကြီးများ၊ ထပ်ဆင့်စီထားသည့်အရာများ၊ လောင်စာဆီ အရင်းအမြစ်နှင့် သိုလှောင်ရေး နေရာများ၊ ရေနွေးငွေ့ ဘွိုင်လာများ၊ ဓါတ်အားထုတ်လွှတ်သည့် လိုင်းများနှင့် သွားလာရလွယ်ကူစေသော လမ်းများ) ပါဝင်သော ဖော်ပြချက် အကျဉ်းချုပ်တစ်ခုကို တင်ပြသင့်သည်။

ရေအားလျှပ်စစ် စီမံကိန်းများအတွက် EA တွင် လုပ်ဆောင်သင့်သည်များမှာ - (၁) ၎င်းသည် မြစ်ထဲတွင် တာဘိုင်ဒလက်ကြီး ချထားကာ ထိုဒလက်၏ လည်ပတ်အားကို အသုံးချသည့် စက်ရုံလော (သို့မဟုတ်) ရေလှောင်ကန်လော ဖော်ပြခြင်း။ (၂) လည်ပတ်မှု စွမ်းဆောင်ရည်ကို ဖော်ပြခြင်း ( အကြီးစား > 10MW၊

DRAFT

အသေးစား <10 MW သို့သော် >1 MW၊ အသေးစားဆိုလျှင် <1 MW၊ အသေးဆုံး ဆိုလျှင် < 0.1 MW) (၃) မြစ်ထဲတွင် တာဘိုင်ဒလက်ကြီး ချထားကာ ထိုဒလက်၏ လည်ပတ်အားကို အသုံးချသည့် စက်ရုံဖြစ်လျှင် လမ်းလွှဲပေးသည့်အလုပ်၏ သွင်ပြင်လက္ခဏာများနှင့် ရေစုန်စီးဆင်းသည့် မြစ်၏သဘောသဘာဝကို ဖော်ပြခြင်း (ကီလိုမီတာမည်မျှ အကျိုးသက်ရောက်မှုရှိလိမ့်မည်) (၄) အသစ် သို့မဟုတ် တည်ရှိပြီး ရေကာတာဖြစ်လျှင် အဆိုပါ ရေကာတာနှင့် ရေလှောင်ကန်တို့၏ အရွယ်အစားနှင့် အစုန်စီးဆင်းသည့် မြစ်၏ သဘောသဘာဝ တို့ကို အပြည့်အစုံဖော်ပြရေးသားချက်ကို ပံ့ပိုးပေးခြင်း။

EA တွင် သိရှိထားပြီးဖြစ်လျှင် တိကျသော တည်နေရာများကို ညွှန်ပြသင့်ပြီး ဆောက်လုပ်ရေး စခန်းများ၊ သိုလှောင်ရေး ကွင်းပြင်များ၊ ပါကင်ထိုးရန် နေရာများ၊ သဲကျင်းများ၊ နှင့် အမှိုက်စွန့်ပစ်မှု နေရာများကဲ့သို့ စီမံကိန်း ဆောက်လုပ်မှုအတွက် လိုအပ်သော ပြီးပြည့်စုံသည့် အထောက်အပံ့ ပစ္စည်းများအားလုံး ခြုံငုံမိမည့် မျက်နှာပြင်ဧရိယာကို ခန့်မှန်းခြင်းတို့ပြုလုပ်သင့်သည်။ အဆိုပါအထောက်အပံ့ပစ္စည်းများအားလုံးအတွက် တည်နေရာများသည် ဆောက်လုပ်ရေးလုပ်ငန်း စာချုပ်ချုပ်ဆိုသူ၏ အခွင့်အာဏာဖြင့် ဆုံးဖြတ်ရမည်ဆိုလျှင် ဈေးပြိုင်တင်သွားထားသည့် စာရွက်စာတမ်းတွင် နေရာဒေသ ရွေးချယ်မှု (ထိရှလွယ်သော နေရာများကို ရှောင်ရှားပါ) နှင့် ထောက်ပံ့ပစ္စည်းများ၏ ဒီဇိုင်းပုံစံ (နောင့်ယှက်ခံရမည့် ဧရိယာကို လျှော့ချခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းအပြီး မူလ ရှိရင်းစွဲ အနေအထားသို့ ပြန်ရောက်ရှိအောင် ဆောင်ရွက်ခြင်း၊ အစရှိသဖြင့်) တို့ကိုရွေးချယ်ရာတွင်သင့်လျော်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကန့်သတ်ချက်များများကို သတ်မှတ်ထားသင့်သည်။

*စီမံကိန်းနေရာ* - စိစစ်စစ်ဆေးသော အဆင့်တွင် စီမံကိန်း၏ မြေမျက်နှာသွင်ပြင် အနေအထားကို တိတိကျကျသတ်မှတ်ခြင်းဖြင့် စိစစ်စစ်ဆေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်အရည်အသွေးကို မြှင့်တင်ပေး သည့်အပြင် နောက်ပိုင်း EA လုပ်ဆောင်ချက်များတွင် အရေးကြီးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအား အထူးအလေးထားဆောင်ရွက်ရာတွင်လည်း အထောက်အပံ့ဖြစ်စေသည်။ဖြစ်နိုင် သည့်အချိန်တိုင်း စီမံကိန်း ဧရိယာ၏ မြေပုံနှင့် ပုံစံ သွင်ပြင်လက္ခဏာများကို သင့်လျော်သည့် စကေးဖြင့် အသုံးပြုသင့်သည်။ အဆိုပါ မြေပုံများတွင် အောက်ဖော်ပြပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဓိက သွင်ပြင်လက္ခဏာများ ပါဝင်သင့်သည် -

- စီမံကိန်း ပတ်ဝန်းကျင်ရှိ ယေဘုယျဖုံ ပါဝင်သော စကေးနှစ်မျိုးပါရှိသည့် ယေဘုယျပုံစံ မြေပုံများ (1:25000) နှင့် အခြား စီမံကိန်း သတ်မှတ် နေရာများ (1:10000)၊ သို့မဟုတ် (၁) စီမံကိန်း ဆောင်ရွက်မည့် နေရာရှိ မြစ်များနှင့် ရေဝေကုန်းတန်းများ၊ (၂) ကာကွယ်ထားသော ဧရိယာများ၊ ရှိရင်းစွဲ အရန်ထားထိန်းသိမ်းထားသည့် နေရာများ၊ အမျိုးသားထိန်းသိမ်းရေး ပန်းဥယျာဉ်များနှင့် သစ်တောများ၊ ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ် နေရာများ၊ ရေအားလျှပ်စစ်စီမံကိန်း၏ အောက်ပိုင်းနှင့် အထက်ပိုင်းရှိ ရေရှိသည့်နေရာများနှင့် စီမံကိန်းတို့ နီးစပ်မှု (၃) စီမံကိန်း၏ အဆိုပြု တည်နေရာအသေးစိတ် (ထိန်းသိမ်းစောင့်ရှောက်သည့် ဧရိယာ၊ စီရင်စု ဒေသများ၊ ဒေသစိတ်နယ်မြေ၊ ခရိုင်နယ်မြေ၊ မြို့၊ မြစ်၊ အနီးအနားရှိ လူသားများ အခြေချနေထိုင်သည့်နေရာများ အစရှိသဖြင့်) (၄) စီမံကိန်း တည်ဆောက်မည့်နေရာနှင့် အနီးဆုံး ခရိုင်ဒေသများ၊ မြို့များနှင့် အခြား အနီးအနားရှိ လူတို့ အခြေချ နေထိုင်သည့် နေရာများအထိ တည်နေရာနှင့် ကီလိုမီတာ အကွာအဝေးတို့ကို ညွှန်ပြသော မြေပုံကြမ်းများ။

DRAFT

- စီမံကိန်း မတည်ဆောက်မီနှင့် မလုပ်ဆောင်မီ ကြိုတင်ရယူရမည်ဖြစ်သော မြေများ။
- စီမံကိန်း ဆောင်ရွက်မှုကြောင့် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်မည့် ဒေသရှိ လူပ်ရှားဆောင်ရွက်မှုများ။
- အဆိုပါ ဧရိယာရှိ ရေအရင်းအမြစ်များနှင့် မြေအသုံးပြုမှု ပုံစံ၊ ရေသွင်းရေထုတ်ပြုလုပ်မှု၊ လုပ်ငန်းဆောင်ရွက်မှု၊ လူသားတို့ သုံးစွဲသည့်ရေ၊ အဝတ်လျှော်ဖွတ်သည့်ရေ၊ အပန်းဖြေနေရာများ၊ ငါးမြှားခြင်း၊ ခရီးသွားများ သို့မဟုတ် ကျေးလက်ဒေသရှိ ယဉ်အသွားအလာများ။

*စီမံကိန်း အချိန်ဇယား* - EA တွင် အောက်ဖော်ပြပါသတ်မှတ်ချက်များပါဝင်သော စီမံကိန်း အချိန်ဇယားကို ထည့်သွင်းသင့်သည် -

- လမ်းတည်ဆောက်မှု၊ဓါတ်အားဖြန့်ဝေခြင်း လိုင်းများ၊လိုဏ်ခေါင်းတူးဖော်မှုများ၊ မြေပြင်ညီ ဖြစ်အောင် ဆောင်ရွက်မှုများ၊ မြေပြင် သန့်ရှင်းမှုများ အစရှိသည်တို့ ပါဝင်သော စီမံကိန်း ဆောင်ရွက်မှုအားလုံး၏ အချိန်ဇယား။
- စက် သိမ်းဆည်းမည့် နေရာ၊ ယိုစိမ့်မှုများ ဖြစ်စေမည့် လုပ်ဆောင်ချက်များ (ရေကာတာ၊ ဖို့မြေများ)၊ ရေကာတာများ၊ တူးမြောင်းများ၊ လေလုံခန်းများ၊ လမ်းများ၊ တာဝါတိုင်များ၊ ဖိအားထုတ်စနစ်၊ ဓါတ်အားထုတ်လွှတ်မှု လိုင်းများ၊ ဓါတ်အားခွဲစက်ရုံများစသည့် ဆောက်လုပ်ရေး လုပ်ငန်းများအားလုံး အပါအဝင် စီမံကိန်းအတွက် အသုံးပြုမည့် စုစုပေါင်း မြေဧရိယာကို ရယူခြင်း အစီအစဉ်။
- စီမံကိန်း ဆောက်လုပ်မှုအတွင်း အသုံးပြုမည့် လိုအပ်သော ကိရိယာတန်ဆာပလာ စာရင်း။
- ဆောက်လုပ်စဉ်အတွင်း အသုံးပြုမည့် ကိရိယာအမျိုးအစားများနှင့် လိုအပ်သော ပစ္စည်းအရေအတွက်။ ထိုပစ္စည်းများကို ရယူမည့်နေရာ (သဲကျင်းများ၊ မြစ်ထဲမှ ထုတ်ယူသုံးစွဲမှု) နှင့် ၎င်းပစ္စည်းများအား စီမံကိန်းနေရာသို့ ပို့ဆောင်မည့် နည်းလမ်းများနှင့် ဆောက်လုပ်ရေးမှ ရရှိလာသော အမှိုက်များ (တူးထားသည့် မြေများ၊ ဆောက်လုပ်ရေး အမှိုက်များ)ကို စွန့်ပစ်မည့် အဆိုပြုနေရာများ။
- ဆောက်လုပ်ရေး ကာလအတွင်း စီမံကိန်းနေရာ၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ စာချုပ်ချုပ် ဆိုထားသော ခန့်မှန်း အလုပ်သမား ဦးရေ။ ယာယီ သို့မဟုတ် အမြဲတမ်း အလုပ်သမား စခန်း၊ အစားအသောက် ဝန်ဆောင်မှု (အိမ်တွင်ဖြစ်စေ၊ အကျွေးအမွေးတာဝန်ယူပြီးဖြစ်စေ) အတွက် တည်နေရာနှင့် အရွယ်အစား၊ စခန်းများအတွက် မိလ္လာစွန့်ပစ်မည့် အခြေခံအဆောက်အဦး။
- 

*စီမံကိန်း လည်ပတ်မှု* - EA တွင် အောက်ဖော်ပြပါ အချက်အလက်များကို အထူးအလေးထားပြီး စီမံကိန်းကို မည်သို့ လည်ပတ်မည်ဆိုသည်ကို ဖော်ပြသင့်သည် -

- စက်ရုံကို လည်ပတ်ရန် လည်ပတ်နိုင်စွမ်းရည်နှင့်ပတ်သတ်သော အချက်အလက်အပါအဝင် အသုံးပြုမည့် စက်အမျိုးအစားနှင့် စီမံကိန်း လည်ပတ်မှု။
- စက်ရုံ လည်ပတ်ရန်အတွက် စီမံကိန်းတွင်ဖြစ်စေ သို့မဟုတ် ပြင်ပတွင်ဖြစ်စေ စာချုပ်ချုပ်ဆိုမည့် ဝန်ထမ်းများနှင့် ဆောက်လုပ်ရေး လုပ်သားများနှင့် စက်မောင်းနှင် သူများအတွက် ပြုလုပ်မည့် သင်တန်း။
- ဆောက်လုပ်ရေးလုပ်ငန်းစဉ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် အသံဆူညံမှု အဆင့်များနှင့် ဖောက်ခွဲပစ္စည်းများကို အသုံးပြုမည်ဆိုလျှင် ဖြစ်ပေါ်လာနိုင်သည့် အသံဆူညံမှု အဆင့်။
- အစိုင်အခဲ အမှိုက်များကို စီမံခန့်ခွဲမှု (ဖူးခွံများ၊ ပလပ်စတစ်များ၊ တာယာများ၊ ပိုက်များ၊ အစရှိသဖြင့်) နှင့် အရည်များ (အသုံးပြုပြီး ဆီများ၊ သုတ်ဆေးများ၊ နှင့် ပျော်ဝင်မှုကို အားပေးသည့်အရည်၊ ရေဆိုး)။
- လူသား/အပင်များ သုံးစွဲရန်အတွက် ရေအရင်းအမြစ်များ။

DRAFT

<u>သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အနေအထားနှင့် သက်ရောက်မှုများကို ရှာဖွေဖော်ထုတ်ခြင်း</u>

အစီရင်ခံစာတွင် စိစစ်စစ်ဆေးမှု ဆောင်ရွက်စဉ်အတွင်း အရေးပါသည်ဟု သတ်မှတ်ထားသော ကိစ္စရပ်များကို အာရုံစိုက်ရမည့် အခြေခံ အခြေအနေများနှင့် ပတ်သတ်သော သက်ဆိုင်ရာ အချက်အလက်များကို ဆွေးနွေးသင့်သည်။ မသက်ဆိုင်သည့် အချက်အလက် သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်စပ်မှုမရှိသည့် အချက်အလက်များကို အစီရင်ခံစာတွင် မထည့်သွင်းသင့်ပါ။ အောက်ဖော်ပြပါ အချက်များကို စီမံကိန်းတွင် ထည့်သွင်းရမည့် စာရင်းအဖြစ်ထက်ပြသနာများကိုမည်သို့ဆောင်ရွက်ရမည်ကို ဖော်ပြသော လမ်းညွှန်ချက်တစ်ခုအဖြစ် အသုံးပြုသင့်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေခံ ဖော်ပြချက်ကို ပြင်ဆင်ထားပြီးဖြစ်သော စီမံကိန်းအမျိုးအစား (ရေအားလျှပ်စစ်၊ ဘိုင်အိုမက်စ်၊ လေ) အလိုက် အလိုက်သင့် ဆောင်ရွက်သင့်သည်။

*ရုပ်ပိုင်းဆိုင်ရာ ဝိသေသလက္ခဏာများ*

**ရာသီဥတု** - အပူချိန်၊ မိုးရေချိန် (ရာသီဥတုတစ်ခုအတွင်းတွင် ဖြစ်ပေါ်သော ပျမ်းမျှ ၊အမြင့်ဆုံး၊ အနိမ့်ဆုံး)၊ လေ (ရာသီဥတု တစ်ခုအတွင်း ဖြစ်လေ့ရှိသော လေ လားရာဘက်နှင့် မြန်နှုန်းများ) နှင့် ဒေသအတွင်းရှိ ဖြစ်ပေါ်နေသော ရာသီဥတုအမျိုးအစားများကိုဖော်ပြပါ။

**ဘူမိဗေဒ** - စီမံကိန်းနယ်ပါယ်များ၏ ကမ္ဘာ့မြေမျက်နှာပြင်ဆိုင်ရာဂိသေသလက္ခဏာရပ်များ၊ နယ်ပါယ် ဒေသနှင့် ဘူမိဗေဒဆိုင်ရာ လက္ခဏာရပ်များကိုဖော်ပြပါ။ မြေသားတည်ငြိမ်မှု၊ ပြောင်းလဲနိုင်မှု၊ မြေအသုံးပြုမှုနှင့်ပေးဝေမှုများ၊ကာကွယ်ထားသောဧရိယာများ၊ မြေဆီလွှာအမျိုးအစားများ၊တည်ဆောက်ပုံနှင့် မျက်နှာပြင်အနေအထားတို့ကိုဖော်ပြပါ။လမ်းများနှင့် ဆင်ခြေလျှောများ တည်ငြိမ်မှုအပေါ်တွင် စီမံကိန်းမှ အကျိုးသက်ရောက်မှုရှိသည်ဆိုလျှင် ၄င်းတို့ကိုဖော်ပြပါ။

**အားနည်းချက်** - စီမံကိန်းသည် မီးတောင်လှုပ်ရှားမှုများရှိသော ဧရိယာအတွင်း တည်ရှိသည်ဆိုလျှင် ဖော်ပြပါ။ စီမံကိန်း တည်ရှိသည့်နေရာ၏ မြေငလျင်လှုပ်ရှားမှု ကြိမ်နှုန်းနှင့် ပြင်းထန်မှုကိုဖော်ပြပါ။ စီမံကိန်းကြောင့် ပိုမိုဆိုးဂါးသောမြေပြိုခြင်းများဖြစ်ပေါ်နိုင်ခြင်း ရှိမရှိကိုလည်းစစ်ဆေးပါ။

**မြစ်ရေစီးဆင်းမှု** - စီမံကိန်း ကြောင့်ဖြစ်ပေါ်လာနိုင်သော ချောင်းငယ်များ၊ မြစ်များ၏ နှစ်စဉ် လစဉ် အနိမ့်ဆုံး၊အမြင့်ဆုံးနှင့်ပျမ်းမျှရေစီးဆင်းမှုနှုန်းကိုခြုံငုံမိသောဒေသအတွင်း ရေစီးဆင်းမှု ကွန်ယက်များ နှင့် ပတ်သတ်သော အချက်အလက်များကို ဖော်ပြပေးပါ။ ရရှိနိုင်သော သမိုင်းမှတ်တမ်းတင်ထား သည့် တွေ့ရှိချက်များမှတဆင့် အနိမ့်ဆုံးနှင့် အမြင့်ဆုံးနှစ်စဉ်ပျမ်းမျှ အချက်အလက်များကို ထည့်သွင်းပါ။ ဒေသ၏

DRAFT

ရေပထဂီအနေအထားကိုဖော်ပြပါ။ မြေအောက်ရေမျက်နှာပြင်၏ အနက်၊အရည်စိမ့်ယိုနိုင်ခြင်း၊ မြေပေါ်မြေအောက်ရေအရင်းအမြစ်များကဲ့သို့ ရေအောင်းလွှာများ အတွက်ပြန်လည်ဖြည့်ဆည်းပေးမည့်နယ်ပယ်ကိုဖော်ပြပါ။ စီမံကိန်း၏ နောက်ဆုံးကုန်ပစ္စည်း ဖြစ်လာမည့် ခြောက်သွေ့ရာသီအတွင်း ရေထုထည်ပြောင်းလဲမှုများကိုဖော်ပြပါ။

**ရေဂေဟကုန်းတန်းဒေသရှိ အခြားသော ရေအားအတတ်ပညာကိုလက်တွေ့အသုံးချခြင်းဆိုင်ရာ အခြေခံအဆောက်အဦးများ**

ရေဂေဟကုန်းတန်းဒေသရှိ အခြားသော ရေအားအတတ်ပညာကို လက်တွေ့အသုံးချခြင်းဆိုင်ရာ အခြေခံအဆောက်အဦးအားလုံးကိုဖော်ပြပြီး တိုးပွားလာသော အကျိုးသက်ရောက်မှုကို ချင့်တွက် အကဲဖြတ်ပါ။ရေဆန်အက်ကွဲကြောင်းများကိုပိတ်ရန်၎င်းစီမံကိန်း၏အားနည်းချက်ကိုချင့်တွက်အကဲဖြတ်ပါ။

*ဂေဟဗေဒဆိုင်ရာ ဂိသေသလက္ခဏာများ*

**သစ်ပင်များနှင့် တိရစ္ဆာန် များ**

စီမံကိန်းနယ်ပယ်တွင် အဓိကကျသော ကုန်းနေရေနေတိရိစ္ဆာန်များနှင့်အပင်များကိုဖော်ပြပါ။ အကာအကွယ်ပေးထားသည့် ရှားရှားပါးပါးတွေ့ရလေ့ရှိသောမျိုးစိတ်များအထင်အရှားရှိနေခြင်းကို ဖော်ပြပါ။ ၎င်းမျိုးစိတ်များ ရှိခြင်း မရှိခြင်းကိုညွှန်ပြသည့် သင့်တော်သော လေ့လာမှုများနှင့် ၎င်းတို့အား စီမံကိန်းက မည်ကဲ့သို့ အကျိုးသက်ရောက်မှုများ ရှိနိုင်သည်ကို ပြန်လည် သုံးသပ်ပါ။ စီမံကိန်း တည်ဆောက်စဉ်နှင့် လည်ပတ်စဉ်ကာလအတွင်း အထူးသဖြင့် ရေစီးဆင်းမှု လျော့နည်း သွားသော မြစ်များ၏ အနီးအနားတွင် ရှိသောအပင်များနှင့်တိရိစ္ဆာန်များအပေါ် စီမံကိန်း မှဖြစ်ပေါ်စေနိုင်သော အကျိုးသက်ရောက်မှုများကိုဖော်ပြပါ။ ၎င်းစီမံကိန်းနေရာနှင့် စပ်ဆက်နေသော သဘာဝသက်ရှိအားလုံးတို့၏ တည်ရာနေရာကိုဖော်ပြပါ။

**ရွှေ့ပြောင်းနေထိုင်တတ်သော ရေနေသတ္တဝါများ/ငှက်မျိုးစိတ်များ -**

ရွှေ့ပြောင်းနေထိုင်တတ်သော မျိုးစိတ်များ၊ပုစွန်ဆိတ်များ နေထိုင်ရာအရပ်ဒေသများ၊ တွေ့ရလေ့ ရှိသော မျိုးစိတ်များ၊ ပြောင်းရွှေ့သည့်လမ်းကြောင်းများ အစရှိသည်တို့ကိုဖော်ပြပါ။ ရေနှင့် ပတ်သက်သော ဂေဟာစနစ်နှင့် မြစ်ဂှမ်းဒေသအရင်းအမြစ်များအပေါ်တွင်မှီခိုနေရသူတို့အတွက် ဖြစ်လာနိုင်သော အကျိုးဆက်များနှင့် ရွှေ့ပြောင်းနေထိုင်တတ် သောမျိုးစိတ်များ အပေါ် ဖြစ်လာနိုင်မည့်သက်ရောက်မှုများကို ဖော်ပြပါ။ တွေ့ရလေ့ရှိသော အန္တရာယ်မပေးနိုင်သော ငှက်မျိုးစိတ်များနှင့် ၎င်းတို့ ပြောင်းရွှေ့သည့် လမ်းကြောင်းများကိုဖော်ပြပါ။

**မြစ်ကမ်းဘေးရှိသစ်တောများ** - (စက်ပစ္စည်းများထားရန်ဌာနများ၊ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများနှင့်ရေထုတ်ခြင်းစနစ်) စသည့် လုပ်ငန်းများ အားလုံးအတွက် သို့မဟုတ် မြစ်ကမ်းပါးရှိသစ်ပင်များနှင့် သစ်ပင်ချုံပင်များကို ဖြတ်တောက်ရန် လိုအပ်ပါက ဖော်ပြပါ။ ဖြတ်တောက်မှု ပြုလုပ်မည့် နေရာကိုလည်း ညွှန်ပြပါ။

**<u>လူမှုဆိုင်ရာ အခန်းကဏ္ဍများ</u>**

**ကျန်းမာရေး** - စီမံကိန်း တည်ဆောက်မှု အဆင့်တွင် ဖြစ်ပေါ်လာနိုင်သည့် ဖျားနာမှုများနှင့် အရေးပေါ်အခြေအနေများအတွက် သွားရောက်နိုင်သည့်ဆေးခန်းများ သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှုဌာနများ တည်ရှိမှုကို ညွှန်ပြပါ။ စီးဆင်းမှုမရှိသော ရေ သို့မဟုတ် ပိုးမွှားများ (ဥပမာ - သွေးလွန်တုပ်ကွေးရောဂါ၊ငှက်ဖျားရောဂါ၊ကာလဝမ်းရောဂါ၊နှင့်အသည်းရောင်ရောဂါ)မှတဆင့်ထုတ်လွှတ်လိုက်သောရောဂါများကို စီမံကိန်းကြောင့်ပြန့်ပွားစေနိုင်သည့် သက်ရောက်မှုများကို ဖော်ပြပါ။

**ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်** -ဒေသတွင်းအမဲလိုက်ခြင်း၊ ဘာသာရေး၊ ရှေးဟောင်း သုတေသန ဆိုင်ရာ နေရာများ၊ ဒေသတွင်း ဆေးဖက်ဝင်အပင်များ၊ လက်မှုပညာများနှင့် အခြားအရာများကဲ့သို့ ယဉ်ကျေးမှုအရ တန်ဖိုးရှိသော အရာများပါဝင်သော စီမံကိန်း နေရာတွင်တွေ့ရှိရသော ထင်ရှားသည့် ရှေးဟောင်း သုတေသနဆိုင်ရာ၊ ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာ၊ သို့မဟုတ် သမိုင်းဝင်ပစ္စည်းများကို ဖော်ပြပါ။

**မြေအသုံးပြုမှု** - စီမံကိန်း၏ ရုပ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများအတွက် လိုအပ်သော စုစုပေါင်း မြေဧရိယာကို ညွှန်ပြပါ။ အဓိကနှင့်သာမညများ၊ရေလှောင်ကန်၊သဲကျင်းများ၊ ကျောက်အနယ်အနှစ် ကျမှု၊ သစ်တောအတွက် လိုအပ်သော ဧရိယာနှင့် ကမ်းရိုးတန်းကာကွယ်မှုသို့မဟုတ် အခြား ရည်ရွယ်ချက်များကို ခွဲခြမ်းစိတ်ဖြာပြီး စီမံကိန်းပိုင်ရှင်မှ ဝယ်ယူမည့် စုစုပေါင်းဧရိယာကိုဖော်ပြပါ။ ဓါတ်အားထုတ်လွှင့်မှုလိုင်းများနှင့် စီမံကိန်းအတွက် သွားလာရလွယ်ကူစေမည့် လမ်းများအတွက် လိုအပ်သည့် သယ်ယူပို့ဆောင်ရေး လူသွားစင်္ကြံများ၏ ဧရိယာကို ဖော်ပြပါ။

**မြေပေါ်တွင် လုပ်ပိုင်ခွင့်** - ဝယ်ယူရမည့် မြေ၊ အိမ်ယာ အရေအတွက်နှင့် တစ်ခုချင်းစီအပါအဝင် စုစုပေါင်း ဧရိယာကို ညွှန်ပြပါ။ တစ်စိတ်တစ်ပိုင်းအားဖြင့်ဖြစ်စေ၊ အပြည့်အဝဖြစ်စေ ထိခိုက်ခံရသည့် မြေနှင့်အိမ်ယာ အရေအတွက်နှင့် ရှိပြီးဖြစ်သည့် အပြည့်အဝ ထိခိုက်ခံရသည့် မြေနှင့်အိမ်ယာများ (ဥပမာ - အိမ်များ) သို့မဟုတ် ထုတ်လုပ်မှုဖြစ်စဉ် ဆောင်ရွက်နေသည့် မြေများ (ဥပမာ - ကောက်ပဲသီးနှံများ၊ ကျွဲ၊ နွား တိရိစ္ဆာန်များ၊ အခြားအရာများ) ၏ အရေအတွက်ကို ညွှန်ပြပါ။ တရားဝင် ဝယ်ယူရမည့် မြေနှင့်အိမ်ယာ အရေအတွက်နှင့် ပိုင်ဆိုင်မှု ရှိသော သို့မဟုတ် အခြားလုပ်ပိုင်ခွင့်များ ရရှိထားသော မြေနှင့်အိမ်ယာ အရေအတွက်) ကို ညွှန်ပြပါ။ မြေပိုင်ဆိုင်မှုနှင့် ပတ်သတ်သော အချက်အလက် (ဥပမာ - လူထုပိုင်၊ ပုဂ္ဂလိကပိုင်)၊ ပုံမှန် လူဦးရေ၊ ဝန်ထုပ် ဝန်ပိုးဖြစ်နေသေးသည့် အသေးစိတ်အချက်အလက်များ၊ အစရှိသဖြင့်) ကို ဖော်ပြပါ။ ဝယ်ယူရမည့် နေရာအသီးသီးရှိ လက်ရှိမြေအသုံးချမှုနှင့် လွှမ်းမိုးထားသည့်ဧရိယာကိုဖော်ပြပါ။ စီမံကိန်း အကောင်အထည်ဖော်ပြီးနောက် မြေအသုံးပြုမှုနှင့် ပတ်သတ်ပြီး ပြောင်းလဲမှုများ ရှိမည်ဟု မျှော်လင့်ထားလျှင် ညွှန်ပြပါ။ မြေဝယ်ယူရန်အတွက် မည်သို့သော နည်းဗျူဟာများကို စဉ်းစားထားသနည်း။ (ဥပမာ - အစိုးရထံမှ ငှားရမ်းခြင်း၊ တိုက်ရိုက် ဝယ်ယူခြင်း၊ ညှိနှိုင်းဆွေးနွေးပြီး သဘောတူညီခြင်း၊ ဖလှယ်ခြင်း

DRAFT

(ဥပမာ - မြေနှင့်မြေဖလှယ်ခြင်း) အစရှိသဖြင့်။ အမျိုးအစားတစ်ခုချင်းစီအလိုက် ဧရိယာ အသေးစိတ်ဖော်ပြချက်ကို ပေးပါ။ မြေနှင့် ကောက်ပဲသီးနှံ တို့၏ ဈေးနှုန်းများ - ဈေးကွက်ထဲရှိ ဈေးနှုန်း၊ ပြန်လည်အစားထိုးသည့် တန်ဖိုးဈေးနှုန်းများ၊ အခြားအရာတို့ကို သတ်မှတ်သော အဆိုပြု နည်းဗျူဟာကို ညွှန်ပြပါ။

**ထိခိုက်ခံရသော လူဦးရေ -** မျှော်လင့်ထားသည့် အကျိုးသက်ရောက်မှုများ၏ သဘောသဘာဝနှင့် ပမာဏကို ဖော်ပြချက်။ စီမံကိန်းကြောင့် ထိခိုက်ခံရသည့် အုပ်စု သို့မဟုတ် အုပ်စုများကို သတ်မှတ်ပြီး ထိခိုက်နာကျင်မှု အခံရဆုံး လူများကို သတ်မှတ်ပါ (ဥပမာ - ဆင်းရဲနွမ်းပါးခြင်း၊ စာမတတ်ခြင်း၊ အချက်အလက်များကို ရယူနိုင်မှု မရှိခြင်း၊ စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၊ အစရှိသဖြင့်)

**ရှိရင်းစွဲ ဒေသခံလူမျိုး အုပ်စုများ -** စီမံကိန်းကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ထိခိုက်ခံရသော ဒေသခံတိုင်းရင်းသား အုပ်စုများကို သတ်မှတ်သင့်သည်။ အဆိုပါ လူဦးရေအတွက် ဖြစ်ပေါ်စေသည့် စီမံကိန်း သက်ရောက်မှုများကို ဖော်ပြပါ။

<u>သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ သက်ရောက်မှုများ လျော့ကျစေရေး ဆောင်ရွက်ချက်များ</u>

သဘာဝပတ်ဝန်းကျင်ဆိုင်ရာသတ်မှတ်ချက်များအရ စိစစ်စစ်ဆေးခြင်းအဆင့်တွင် သတ်မှတ်ထား သော သက်ဆိုင်ရာ ကိစ္စရပ်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခြင်းတို့သည် အပြန်အလှန် ဆက်စပ်နေသင့်သည်။ ဆွေးနွေးချက်တစ်ခုချင်းစီတွင် ဆိုးကျိုးများလျော့ကျစေရေးနှင့် လျော်ကြေးငွေပေးရန် ဆောင်ရွက်ချက်များ သို့မဟုတ် အစီအစဉ်များထည့်သွင်း အဆုံးသတ် သင့်သည်။

**သဘာဝဘေးအန္တရာယ်များနှင့် အားနည်းချက်များ -** သဘာဝ အားနည်းချက်များပါရှိသော မြေပုံအရ စီမံကိန်းတည်နေရာအပါအဝင် သဘာဝ ဘေးအန္တရာယ်များဆိုင်ရာ ဆုံးရှုံးတန်စွမ်းများကို တန်ဖိုးဖြတ် သင့်သည်။ အစီရင်ခံစာတွင် ၎င်းဆုံးရှုံးတန်စွမ်းများကိုလျှော့ချရန် အကောင်အထည်ဖော်မည့် ဒီဇိုင်း၊ ဆောက်လုပ်ရေးနှင့် လုပ်ငန်းလည်ပတ်မှု ဆောင်ရွက်ချက်များနှင့် ပတ်သတ်သော ဖော်ပြချက်ကို ထည့်သွင်းသင့်သည်။

**ဇလဗေဒဆိုင်ရာ အကျိုးသက်ရောက်မှုများ -** ရေချို၌ အကျိုးသက်ရောက်မှုများကို ထိခိုက်လွယ်သည်ဟု စီမံကိန်းတိုင်းတွင် သတ်မှတ်ထားလျှင် စီမံကိန်းကို ထောက်ခံသူများအနေဖြင့် ဆောင်ရွက်ရန် လိုအပ်သည်များမှာ - (၁) ရေစီးဆင်းမှု မြင့်မားသည့် ရာသီများနှင့် နည်းသည့် ရာသီ များအတွက် စီမံကိန်းရှိလျှင် သို့မဟုတ် စီမံကိန်းမရှိလျှင် အခြေအနေများအတွက် ထိခိုက်ခံရမည့် မြစ်၏ ဇလဗေဒဆိုင်ရာ

ညီမျှမှုကို အကဲဖြတ်ဆန်းစစ်ခြင်း (၂) မညီမျှခြင်းကြောင့် ဖြစ်ပေါ်လာသော မြစ်ကြောင်း အောက်ဖက်ရှိ ရေအသုံးပြုသူများတွင်ဖြစ်လာနိုင်သော ပဋိပက္ခများကို သတ်မှတ်ခြင်း (ဂ) ရေချိုနေ သက်ရှိများအပေါ်တွင် အကျိုးသက်ရောက်မှုကိုစစ်ဆေးခြင်း တို့ဖြစ်သည်။ စီမံကိန်းကို ထောက်ခံအားပေးသူများသည် ထိခိုက်ခံရသော ဒေသရှိ ဂေဟစနစ်ဆိုင်ရာ လုပ်ဆောင်ချက်များကို ထိန်းသိမ်းမည့် အနိမ့်ဆုံး ဂေဟစနစ်ဆိုင်ရာ ဆောင်ရွက်မှု အဆင့်ဆင့်နှင့် အသုံးပြုသူများအကြား ရေကို သင့်လျော်သောနည်းဖြင့် ပေးဝေကြောင်းသေချာစေသည့် နည်းလမ်းများကို အဆိုပြု သင့်သည်။

**သဘာဝ သက်ရှိကျက်စားရာ နေရာများ** - လေတာဘိုင်များ၊ ဓါတ်အားထုတ်လွှင့်မှုလိုင်းများ၊ သွားရလာရလွယ်ကူစေသောလမ်းများနှင့်အခြားသောစီမံကိန်းတွင်လိုအပ်သောအထောက်အပံ့ပစ္စည်းများ ထားရှိရန် ရှင်းလင်းရန်လိုအပ်သော မြေနေရာ၏ မြေပုံတည်နေရာများနှင့် မျက်နှာပြင်ဧရိယာ (ha သို့မဟုတ် m2) တို့ကဲ့သို့သော စီမံကိန်း၏ ရုပ်ပိုင်းဆိုင်ရာ "ခြေရာ"များ ကို EA တွင် သီးခြားသတ်မှတ်သင့်သည်။ အဓိကကျသော သဘာဝ သက်ရှိကျက်စားရာ နေရာများအပါအဝင် သီးခြား သတ်မှတ်ထားသော သို့မဟုတ် စိုးရိမ်ဖွယ်ရှိသော သက်ရှိတို့၏ ဖွဲ့စည်းတည်ဆောက်မှု စနစ်များပါဝင်မှု ရှိမရှိကိုဖော်ပြပြီး အဆိုပြုထားသော စီမံကိန်းအတွက် ထောက်ပံ့ပစ္စည်းများ ချထားမည့် မြေနေရာတွင် ပေါက်ရောက်နေသော သီးပင်စားပင်များကို EA တွင် ဖော်ပြသင့်သည်။ ကာကွယ်စောင့်ရှောက်ထားသော မြေနေရာများနှင့်စပ်လျဉ်း၍ စီမံကိန်း တည်နေရာကို ဖော်ပြသင့် သည်။ စီမံကိန်း ထောက်ပံ့ပစ္စည်းများ ထားရှိမည့်နေရာသည် လက်ရှိ စီမံကိန်း ဆောင်ရွက်နေသော သို့မဟုတ် အဆိုပြုစီမံကိန်း ရှိသော နေရာတွင် ရှိနေခြင်းဟုတ်မဟုတ်ကိုလည်း EA တွင် ဖော်ပြသင့် သည်။ ထိုသို့ဆိုလျှင် EA မှပြုလုပ်သင့်သည်မှာ - (၁) စီမံကိန်း အထောက်အပံ့ပေးသူများသည် ကာကွယ်စောင့်ရှောက်ထားသော မြေနေရာများ စီမံခန့်ခွဲမှုဆိုင်ရာ အာဏာရှင်များထံမှ တရားဝင် ခွင့်ပြုချက် ရရှိထားခြင်းရှိမရှိကို စစ်ဆေးအတည်ပြုခြင်း (၂) အကောင်အထည်ဖော် ဆောင်ရွက်မှု အချိန်ဇယား၊ ဘတ်ဂျက်နှင့်အဖွဲ့အစည်းဆိုင်ရာတာဝန်များအပါအဝင် သင့်လျော်သော အစီအစဉ်များ ရေးဆွဲထားသည့် ဆိုးကျိုးသက်ရောက်မှုများလျော့ကျစေရေးသို့မဟုတ် လျော်ကြေးပေးရေးဆိုင်ရာ လုပ်ဆောင်ချက်များကို သတ်မှတ်ခြင်း တို့ဖြစ်သည်။

**ရေကာတာ လုံခြုံရေး -** အောက်ပါအချက်အလက်များပါဝင်သော ရေကာတာ လုံခြုံရေး အစီရင်ခံစာကိုတင်ပြပါ။ (၁) တည်ဆောက်ပြီး သို့မဟုတ် တည်ဆောက်နေဆဲ ရေကာတာများ၏ လုံခြုံရေးအဆင့်ကို အကဲဖြတ်ခြင်းနှင့်စစ်ဆေးခြင်း (၂) ထိန်းသိမ်းစောင့်ရှောက်မှု နှင့် လုပ်ငန်း လည်ပတ်မှုလုပ်ငန်းစဉ် စီစဉ်ဆောင်ရွက်မှု အဆင့်များကို တန်ဖိုးဖြတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း (၃) လုံခြုံရေးနှင့် ဆက်စပ်နေသော

DRAFT

သို့မဟုတ် ပျက်စီးမှုကို ပြင်ဆင်ရေး ကိစ္စရပ်များအတွက် လုပ်ဆောင်ချက်များနှင့်ပတ်သတ်ပြီး တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ရေးသားထားသည့် အစီရင်ခံစာကို ပြုလုပ်ခြင်း။

**ဓါတ်အားထုတ်လွှင့်မှုလိုင်းများ** - တည်နေရာရွေးချယ်မှုတစ်ခုချင်းစီကိုဆုံးဖြတ်ရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက် တစ်စိတ်တစ်ဒေသအဖြစ် ဓါတ်အားထုတ်လွှတ်မှု လမ်းကြောင်း များကို ကီလိုမီတာမည်မျှအထိ တည်ဆောက်ရမည်ဆိုသည်ကို EA မှညွှန်ပြသင့်သည်။ အတတ်နိုင်ဆုံး ဖြစ်နိုင်သည့် အတိုင်းအတာတစ်ခု အထိ သက်ရှိတို့၏ သဘာဂကျက်စားရာနေရာများ ပျက်စီးခြင်းကိုလျော့ချရန်နှင့် လမ်းကြောင်းအသစ်များဖန်တီးခြင်းကိုရှောင်ရှားရန် လက်ရှိ ရှိနေသည့် အဝေးပြေး လမ်းမများ၊ ပိုက်လိုင်းများ သို့မဟုတ် အခြား လမ်းကြောင်းများနှင့် နီးကပ်သည့် သို့မဟုတ် အဆိုပါ နေရာများ တလျှောက်တွင် ပါဝါလိုင်းများကို အခြေထိုင်သင့်သည်။ ပါဝါလိုင်းများနှင့် ဆက်စပ်၍ သိသာထင်ရှားသော သဘာဂပတ်ဂန်းကျင်ဆိုင်ရာ ကိစ္စရပ်များရှိလျှင် EA သည် အခြား ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ခွဲခြမ်းစိတ်ဖြာသင့်သည်။

**လမ်းများ တည်ဆောက်မှု သို့မဟုတ် တိုးတက်အောင် ပြုလုပ်မှု** - EA တွင် ဖွံ့ဖြိုးတိုးတက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် သွားရေးလာရေး လွယ်ကူစေသော လမ်းကို မည်သည့် ကီလိုမီတာအထိ တည်ဆောက်မည် သို့မဟုတ် တိုးတက်အောင် ပြုလုပ်မည်ကို အခြေချမည့် စီမံကိန်းအားလုံးအတွက် ဖော်ပြသင့်သည်။ ပါဝါ ထုတ်လွှတ်သည့် စီမံကိန်းများအတွက် အဓိက အဆိုးရွားဆုံး သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများသည် ထောက်ပံ့ပစ္စည်းများထက် အဆိုပါ လမ်းများကြောင့် ဖြစ်သည်။ EA သည် လမ်းအသစ်များတည်ဆောက်ခြင်းမှ အစပြု၍ လမ်းများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းအထိ မက်လုံးပေးထားသည့် သက်ရောက်မှုများ (နေရာချထားမှု အသစ်၊ အမဲလိုက်ခြင်း၊ လောင်စာထင်းများ ခုတ်လှဲခြင်း၊ အိမ်မွေးတိရိစ္ဆာန်များအား စားကျက်တွင် လွှတ်ထားခြင်း၊ အစရှိသဖြင့်) ကို ချင့်တွက် အကဲဖြတ်သင့်သည်။ ရေအားလျှပ်စစ် စီမံကိန်းများ အတွက် ရေလှောင်တမံများ၊ ရေဝင်ရေထွက်ပေါက်များ၊ သို့မဟုတ် ရေကာတာများထံသို့ အဝင်အထွက်ပြုလုပ်သည့် လမ်းများသည် မြစ်ဝှမ်းဖုံမှ မီတာ ၅ဂ အတွင်းမဖြစ်သင့်ပေ။ ထို့အပြင် ရေအားလျှပ်စစ်စီမံကိန်းများကို မိုးရေချိန် မြင့်မားသည့်နေရာများ၊ ပင်လယ်မြေမျက်နှာပြင်အထက် မြင့်မားသည့်နေရာများတွင် တည်ဆောက်လေ့ရှိပြီး အဆိုပါ အခြေအနေများအရ လမ်းအသစ်များ ဖောက်လုပ်ခြင်းသည် မြေဆီလွှာတိုက်စားမှုကို အကြီးမားဆုံး ဖြစ်ပေါ်စေပြီး မြေပြိုခြင်းများကို ဖြစ်စေနိုင်သည့်အရင်းအမြစ်များပင်ဖြစ်သည်။လမ်းနှင့် ဆက်နွယ်နေသော သဘာဝပတ်ဝန်းကျင် ဆိုင်ရာ သိသာထင်ရှားသည့် ကိစ္စရပ်များရှိပါက EA သည် အခြား အသုံးပြုနိုင်မည့်

လမ်းများနှင့် တစ်လမ်းထဲဖြစ်မဖြစ် ဆန်းစစ်သင့်သည်။ ဖြစ်လာနိုင်သည့် ဆိုးရွားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို (သဘာဝ သက်ရှိများနေထိုင်ရာနေရာကို ဆုံးရှုံးခြင်းနှင့် ပျက်စီးခြင်းတို့ အပါအဝင်) လျှော့ချရန် သို့မဟုတ် ရှောင်ရှားရန် အဆိုပြုသော လမ်းများအားလုံး (အခြား စီမံကိန်း လုပ်ဆောင်မှုများနှင့် အတူ) ကို နေရာသတ်မှတ်သင့်သည်။ ပြုလုပ်မည့် လမ်းအသစ်ဖောက်လုပ်ခြင်း (လိုအပ်လျှင်) ကို အနယ်အနှစ်များကျခြင်း သို့မဟုတ် စမ်းချောင်းများကို ပိတ်ဆို့ခြင်း သို့မဟုတ် အခြား သဘာဝ ရေစီးဆင်းသည့်နေရာများကို ပိတ်မိခြင်းများမှ ရှောင်ကြဉ်ရန် စီမံ ဆောက်လုပ်သင့် သည်။

**နေရင်း ဒေသခံလူမျိုးများ** - တည်နေရာပေါ်တွင် အခြေခံ၍ စီမံကိန်းကြောင့် ရှိရင်းစွဲ မြေယာများကို ထိခိုက်မည်ဆိုလျှင် ၎င်းတို့ကို သတ်မှတ်သင့်သည်။ အစပြုစဉ်ကပင် နေရင်းဒေသခံလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို လိုအပ်နိုင်သည်။ ဆိုးရွားသော သက်ရောက်မှုများဖြစ်မည်ဟု မှန်းမျှော်ထားသော စီမံကိန်းများတွင် ချေးငှားသူသည် လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှုကို တာဝန်ယူပြီး ထိခိုက်ခံရသော နေရင်း ဒေသခံလူမျိုးအုပ်စုများနှင့် တိုင်ပင်ဆွေးနွေးပြီး နေရင်း ဒေသခံလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် (IPDP) ကို ပြင်ဆင်သည်။ ချေးငှားသူသည် စီမံကိန်းကို ဆက်လုပ်မည် မလုပ်မည်ကို ဆုံးဖြတ်ရာတွင် နေရင်း ဒေသခံ လူမျိုးများ၏ လိုလားမှုနှင့် ၎င်းတို့၏ ရှုထောင့် အမြင်များ၊ ဆိုးရွားသော သက်ရောက်မှုများကို လျှော့ချရန်နှင့် စီမံကိန်း အကျိုးအမြတ်ကို တိုးမြှင့်ရန် လိုအပ်သည့် ထပ်ဆောင်းလုပ်ဆောင်ချက်များကို စဉ်းစားသင့်သည်။

**မြေနေရာ ရယူခြင်း** - စီမံကိန်းတွင် မြေဝယ်ယူရေးအတွက် လိုအပ်ချက်ကို ထည့်သွင်းသင့်သည်။ မိသားစုတိုင်း ၎င်းတို့ မြေများကို စီမံကိန်းအတွက် ရောင်းချရန် သဘောတူညီချက်များ၊ ထောက်ပံ့ပေးသော ပြန်လည် နေရာချထားမှုများအတွက် ၎င်းတို့ နစ်သက်ကျေနပ်မှုတို့ကို ညွှန်ပြသော ရေးသားထားသော အထောက်အထားကို တင်ပြသင့်သည်။ စီမံကိန်းတွင် နိုင်ငံအတွင်း တရားဝင်ရှိနေသာ နစ်နာကြေးဆိုင်ရာ အလျော်ပေးနည်းလမ်းများနှင့် ဒေသဆိုင်ရာအဆင့်တွင် ပဋိပက္ခများကို ဖြေရှင်းရန် ရှိနေမည့် နစ်နာကြေးဆိုင်ရာ နည်းလမ်းများကို ဖော်ပြထားသင့်သည်။

**ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်နေရာချထားပေးခြင်း အစီအစဉ်** - စီမံကိန်းတွင် အဘယ်ကြောင့် မဖြစ်မနေ နေရာပြောင်းရွှေ့ရကြောင်းရှင်းပြချက်များဖြင့် လူထုကို နေရာပြောင်းရွှေ့ရန်အတွက် လိုအပ်ချက်များ၊ နေရာရွှေ့ပြောင်းရမည့် မိသားစု အရေအတွက်တို့ကို ထည့်သွင်းသင့်သည်။ မိသားစုတိုင်း ၎င်းတို့ မြေများကို

စီမံကိန်းအတွက် ရောင်းချရန် သဘောတူညီချက်များ၊ ထောက်ပံ့ ပေးသော ပြန်လည် ထူထောင်မှုများနှင့် ပြန်လည်နေရာချထားမှုများအတွက် ၎င်းတို့ နှစ်သက်ကျေနပ်မှု တို့ကို ညွှန်ပြသော ရေးသားထားသော အထောက်အထားကို တင်ပြသင့်သည်။ စီမံကိန်းတွင် နေထိုင်မှုအဆင့်အတန်းများ တိုးတက်စေရေး/ ပြန်လည်ထိန်းသိမ်းရေးကို သေချာစေရန် အဆိုပြုချက်များနှင့် ဆောင်ရွက်မည့် လုပ်ဆောင်ချက်များကို ရှင်းပြသင့်သည်။ ယေဘုယျအားဖြင့် ့ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်နေရာချထားရေး အစီအစဉ်တွင် ပါဝင်သင့်သည်မှာ - (၁) သတ်မှတ် ကိစ္စတစ်ခုချင်းစီအတွက် သက်ဆိုင်ရာ ဥပဒေပြဌာန်းချက်များနှင့် အပ်စပ်မှုကို ကိုးကားထားသော တည်ဆဲ နိုင်ငံတော် ဥပဒေရေးရာ ကန့်သတ်မှုဘောင်ကို ဖော်ပြချက် (၂) အသေးစိတ် ဘတ်ဂျက်လျာထားမှု၊ အချိန် ကန့်သတ်ချက်၊ အဖွဲ့တိုင်းအတွက် တာဝန်သတ်မှတ်ချက်များ နှင့်အတူ ပြန်လည်နေရာချထားခြင်းဆိုင်ရာ လုပ်ဆောင်ချက် အစီအစဉ် တစ်ခုလုံးအတွက် လုပ်ငန်းစဉ် အဆင့်ဆင့် (၃) အစားထိုး တန်ဖိုးဖြင့် မြေဆုံးရှုံးမှုများ သို့မဟုတ် အိမ်ယာဆုံးရှုံးမှုအတွက် လျော်ကြေး အဖြစ်ပေးချေရန်အတွက်ခံစားပိုင်ခွင့်များကို တွက်ချက်ထားသောစာရင်း(၄) အစီအစဉ် တစ်လျှောက်လုံး နေရာပြောင်းရွှေ့ပေးရသည့် မိသားစုများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေး ခြင်း ဆောင်ရွက်မှုများ သေချာစေရန် ကောင်းမွန်စွာ ရေးဆွဲထားသော အစီအစဉ် (၅) ဆိုးကျိုးများ လျှော့ချရန်နှင့် အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းစေရန် ဆောင်ရွက်မည့် လျော်ကြေးပေးခြင်းဆိုင်ရာ လုပ်ဆောင်ချက်များ နှင့်/သို့မဟုတ် ဆိုးကျိုးများ လျှော့ချပေးရန် လုပ်ဆောင်ချက်များကို ဖော်ပြချက်။ အထူးသဖြင့် စီမံကိန်းတွင် နိုင်ငံအတွင်း ပဋိပက္ခများကို ဖြေရှင်းရန် ရှိပြီးဖြစ်သည့် နစ်နာကြေးဆိုင်ရာ နည်းလမ်းများကို ဖော်ပြထားသင့်သည်။

**ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်ဒြပ်များ-** အကယ်၍ အဆိုပါ ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများကို EA ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရင်ဆိုင်ရမည်ဆိုလျှင် ၎င်းကို စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကာကွယ်ရမည် သို့မဟုတ် ကယ်တင်ရမည်။ စာချုပ်ချုပ်ဆိုသူများအတွက် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ စည်းမျဉ်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် (အောက်ကို ကြည့်ပါ) EA တွင် ပံ့ပေးပေးသင့် သည်များမှာ (၁) စီမံကိန်း ဆောက်လုပ်မှုအတွင်း ယခင်က မသိရှိခဲ့သော ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများကို ရှာဖွေ တွေ့ရှိလျှင် မမျှော်လင့်ဘဲ တွေ့ရှိမှုအတွက် ရိုးရှင်းသော လုပ်ထုံးလုပ်နည်းများ (၂) ထင်ရှားသော ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်း မပျက်စီးကြောင်း သို့မဟုတ် အခိုးမခံရကြောင်း သေချာစေရန် စာချုပ်ချုပ်ဆိုသူများနှင့် ဆောက်လုပ်ရေး လုပ်သားများအတွက် ကောင်းမွန်သော ပြုမူဆောင်ရွက်ပုံ စည်းမျဉ်းများ ဖြစ်သည်။

**လေထုညစ်ညမ်းမှု ကိစ္စရပ်များ** - သတ်မှတ်ထားသော စီမံကိန်းများသည် ရေနှင့် လေ ထုတ်လွှတ်မှုများနှင့် ပတ်သတ်သော တည်ဆဲ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသင့်သည်။ လေးစားလိုက်နာမှုကို အာမခံနိုင်ရန်

ရေဆိုးရေညစ်များကို သင့်လျော်သည့်နည်းလမ်းဖြင့် ပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းကို စီမံကိန်း စီစဉ်ရေးဆွဲစဉ်နှင့် ကုန်ကျစရိတ်များတွင် ထည့်သွင်းသင့်သည်။ သန့်ရှင်းရေး နည်းပညာများ၊ သန့်စင်အောင် ဆောင်ရွက်သည့်နည်းများ နှင့်/သို့မဟုတ် အညစ်အကြေးများကိုပြန်လည် အသုံးပြုနိုင်မည့်နည်းလမ်းများသည် လမ်းညွှန်ပြ

သသောအခြေခံသဘောတရားများဖြစ်သင့်သည်။ရေဆိုးရေညစ်များအတွက်သင့်လျော်သောသန့်စင်ရေး နည်းလမ်းများကို ပြင်ဆင်သင့်သည်။

**လူထုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ခြင်းနှင့် ဆွေးနွေးအကြံပြုခြင်း** - စိစစ် စစ်ဆေးခြင်းလုပ်ဆောင်ချက်သည် အထူး ထိရှလွယ်သည့်နေရာများရှိ လူထုအဖွဲ့အစည်းနှင့် နီးနှောဖလှယ်ရန် လိုအပ်ချက်များကို ကောင်းမွန်စွာ ရှာဖွေဖော်ထုတ် သတ်မှတ်နိုင်သည်။ လူထုနှင့် နီးနှောဖလှယ်သည့် နည်းလမ်းများတွင် ထင်မြင်ချက် စစ်တမ်းကောက်ယူမှုနှင့် စီမံကိန်းဖြစ်တည်မည့် နေရာအားလုံး အကျုံးဝင်စေမည့် တိုင်ပင်ဆွေးနွေးအကြံဉာဏ် ရယူခြင်း အစီအစဉ်တို့ကို ထည့်သွင်းပြီး စီစဉ်ရေးဆွဲရန် လိုအပ်သည်။ ဆောင်ရွက်မည့် နည်းလမ်းတွင် ဖော်ပြပါ အဖွဲ့အစည်းများအတွက် တိကျစွာ သတ်မှတ်ထားသော မေးခွန်းများနှင့် နည်းပရိယာယ်များ ပါဝင်သင့်သည်။ ၎င်းတို့မှာ (၁) စီမံကိန်းကြောင့် တိုက်ရိုက် ထိခိုက်ခံရသည့် လူထုနှင့် လူထုအဖွဲ့အစည်းများ (၂) လူမှုအဖွဲ့အစည်းများ (ဥပမာ - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်မှုဆိုင်ရာ NGO များ) ဖြစ်သည်။ တိုင်ပင်ဆွေးနွေးရမည့် လူထုနှင့် လူထုအဖွဲ့အစည်း များတွင် ပါဝင်သူများမှာ (၁) ထိခိုက်ခံရသောမိသားစုများနှင့် ရှိရင်းစွဲ ဒေသခံ အုပ်စုများ (၂) ဒေသတွင်း ကုန်သည်ကြီးများအသင်းနှင့် (၃) လူထု အဖွဲ့အစည်းများ (ရေ အသုံးပြုသူ အဖွဲ့၊ အိမ်နီးနားချင်း အဖွဲ့အစည်းများနှင့် ဒေသခံ NGO များ)။ ယေဘုယျအားဖြင့် လူထုနှင့် လူထု အဖွဲ့အစည်းများကို အုပ်စုနှစ်စု ခွဲခြားနိုင်သည်။ ၎င်းတို့မှာ (၁) နိုင်ငံတော်အဆင့် NGO များ အပါအဝင် လွှမ်းမိုးခံရသော ဒေသရှိ လူထုအများစု (၂) အဆိုပြု လုပ်ငန်းများကြောင့် အနီးဆုံး ဧရိယာရှိ ထိခိုက်ခံရသော လူထု တို့ဖြစ်သည်။ တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်း အစီအစဉ်တွင် သာမန်နှင့် ထူးကဲ တင်ပြမှုများနှင့် ပစ်မှတ်ထားထားသည့် အုပ်စုများနှင့် တွေ့ဆုံခြင်းတို့ ပါဝင်နိုင်ပြီး လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ရေဒီယို ကြေငြာချက်များမှ တဆင့် အချက်အလက်များ ဖြန့်ဖြူးရေး လုပ်ဆောင်ချက်များ၊ ထင်မြင်ချက် စစ်တမ်းကောက်ယူမှုတို့ ပါဝင်သည်။ EA တွင် စီမံကိန်း၏ ဝိသေသလက္ခဏာများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူထုအပေါ် ထိခိုက်မည်ဟု မျှော်လင့်ထားသော သက်ရောက်မှုများကို သတင်းပေးရန် စီမံကိန်း ဧရိယာ လွှမ်းမိုးမှုရှိသည့်နေရာမှ (မြေပိုင်ရှင်များသာမက၊ဒေသတွင်းရှိဆောင်ရွက်သူများအပါအဝင်)လူထုတို့ပူးပေါင်းပါဝင်ဆောင်ရွက်သည့်

DRAFT

နီးနောဖလှယ်ခြင်း ဖြစ်စဉ်အထောက်အထားများကို တင်ပြသင့်သည်။ ပြည်သူ လူထုနှင့် တိုင်ပင်ဆွေးနွေးရန်အတွက် နည်းလမ်းများ/ကြိုးစားအားထုတ်မှုများကို အဆိုပြုရန်နှင့် စီမံကိန်း ဧရိယာရှိ ဆောက်လုပ်ရေးနှင့် လုပ်ငန်းလည်ပတ်ရေး ဆောင်ရွက်စဉ်အတွင်း ပြောင်းလဲမည့် အချက်အလက်များကို ထုတ်ဖော်ရန်သည် အရေးကြီးသည်။ ထောက်ခံအားပေးသူများသည် စီမံကိန်း စီစဉ်ရေးဆွဲမှု၊ ဆောက်လုပ်မှုနှင့် အကောင်အထည်ဖော်မှုတို့ ဆောင်ရွက်စဉ်အတွင်း ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် စီမံကိန်းကို မည်မျှသေချာစေကြောင်း ရှင်းပြသင့်သည်။ ထောက်ခံအားပေးသူသည်လူထုနှင့်သဘောတူထားသည့်လျော်ကြေးပေးမှုဆိုင်ရာလုပ်ဆောင်ချက်များကို စာရင်းတင်ခြင်း၊ သဘောတူပြီးသည့် အဖြစ်အပျက်များကို တင်ပြခြင်းကို ဆောင်ရွက်သင့်ပြီး အဆိုပါ လုပ်ဆောင်ချက်များအတွက် ဘတ်ဂျက်ကို စီမံကိန်း ကုန်ကျစရိတ်များတွင် ထည့်သွင်းသင့် သည်။

**အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ** - EA တွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် စောင့်ကြပ်ကြည့်ရှုရန်အတွက် လိုအပ်သော အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများကို ဖော်ပြသင့်သည်။ စီမံကိန်းဆောက်လုပ်ရေးနှင့် လည်ပတ်ရေး လုပ်ဆောင်ချက်များ (ဥပမာ - ဒေသတွင်း ရုံးများ၊ ဒေသတွင်းရှိ စီမံကိန်း ဖြစ်မြောက်ရေး ပံ့ပိုးပေးသူများနှင့် ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးသူများ၊ ပူးပေါင်းပါဝင် ဆောင်ရွက်မှု အစီအစဉ်များတွင် အထူးပြုသော NGO များနှင့် အကြံပေးများနှင့် စာချုပ်များ၊ အစရှိသဖြင့်) နှင့်ပတ်သတ်ပြီး ပတ်ဝန်းကျင်ရှိ လူထုအဖွဲ့အစည်းများထံ အကြောင်းကြားရန် နည်းလမ်းများကို ရေးဆွဲရန်လည်း လိုအပ်လိမ့်မည်။ စီမံကိန်းကုန်ကျစရိတ်များတွင် ခန့်မှန်းကုန်ကျ စရိတ်များ ပေါင်းထည့်ထားခြင်းရှိမရှိနှင့် အရေးပေါ်ကိစ္စရပ်များအတွက် ပြဋ္ဌာန်းထားချက်များကို ညွှန်ပြလျက် အထက်ပါ လုပ်ဆောင်ချက်များအားလုံးအတွက် လိုအပ်သော ဝန်ထမ်းအရေအတွက် နှင့် ဘတ်ဂျက်ကို စီမံကိန်းတွင် ထည့်သွင်းသင့်သည်။

**ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သတ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု** - ဆောက်လုပ်ရေး လုပ်ဆောင်ချက်များသည် ပတ်ဝန်းကျင် ဧရိယာများတွင် အရေးကြီးသော သက်ရောက်မှုများနှင့် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။ ဤသက်ရောက်မှုများသည် ဆောက်လုပ်ရေး လုပ်ငန်းစဉ်တွင်း တိကျသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုများကို အသုံးပြုရန်နှင့် ဆောက်လုပ်ရေး ဆောင်ရွက်ချက်များအား ဂရုတစိုက် စီစဉ်ရေးဆွဲထားတွင် အထောက်အကူ ဖြစ်စေသည်။ EA တွင် သက်ဆိုင်ရာ ဈေးပြိုင်တင်သွင်းသည့် စာရွက်စာတမ်းများ၊ စာချုပ်များနှင့် အလုပ်စေခိုင်းမှုများနှင့် ပူးတွဲသင့်သည့် စာချုပ်ချုပ်ဆိုသူများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများပါဝင်သင့်သည်။ ဤစည်းမျဉ်းများတွင် ပါဝင်သင့်သော တိကျသော

DRAFT

တားမြစ်ချက်များမှာ - (၁) ဆောက်လုပ်ရေး ရည်ရွယ်ချက်၊ ထင်းမီးအသုံးပြုရန်ရည်ရွယ်ချက်နှင့် အခြားရည်ရွယ်ချက်များဖြင့် အတည်ပြုထားသော သယ်ယူပို့ဆောင်ရေး လမ်းကြောင်း ပြင်ပရှိ သစ်ပင်များကို ခုတ်ခြင်း။ (၂) ဒေသတွင်းရှိ ငှက်များ၊ နို့တိုက်သတ္တဝါများ သို့မဟုတ် အခြား ရှားပါးမျိုးစိတ် တိရိစ္ဆာန်များကို သတ်ဖြတ်အမဲလိုက်ခြင်း (၃) ဆီလဲလှယ်ခြင်း၊ ကိရိယာများ ထိန်းသိမ်းခြင်း၊ ယာဉ်များပြုပြင် ထိန်းသိမ်းခြင်းကို စမ်းချောင်းများအနီး သို့မဟုတ် စမ်းချောင်းထဲတွင် ပြုလုပ်ခြင်းကို ခွင့်မပြုပါ၊ ပြုပြင် ထိန်းသိမ်းရေးပြုလုပ်ရမည့် နေရာများတွင်သာ လုပ်ဆောင်နိုင်ပါသည် (စာချုပ်ချုပ်ဆိုသူမှ ဆီ သို့မဟုတ် စက်ဆီများ ဖိတ်စင်မှုကြောင့် အရေးပေါ်ဖြစ်ပေါ်လာမှုများကို မည်သို့ ဖြေရှင်းမည်ကို သူ၏ ဈေးပြိုင်တင်သွင်းသည့် စာတွင် ထည့်သွင်း ဖော်ပြသင့်သည်။) (၄) တူးဖော်ထားသော မြေများ၊ အခြား ဆောက်လုပ်ရေး အမှိုက်များကို အတည်ပြု ထားသော စွန့်ပစ်ရမည့် နေရာများ၏ ပြင်ပတွင် စွန့်ပစ်ခြင်း (မြစ်များ သို့မဟုတ် အခြားစိမ့်မြေအရပ်များမှ အနည်းဆုံး ၃၀၀ မီတာ ကွာဝေးရမည်) (၅) မီးတားဆီး သည့်အရာများ သို့မဟုတ် မီးထိန်းချုပ်ရေး ကိရိယာများ ထားရှိရန် လိုအပ်ချက်။ အလုပ်ခွင်ကို အဆုံးမသတ်မီ သတ်မှတ်ချက်များတွင် စီမံကိန်းနေရာကို မူလရှိရင်းစွဲ အနေအထားသို့ ပြန်ရောက်ရှိ အောင် ပြုလုပ်ပေးခြင်းနှင့် အပင်များပြန်လည်စိုက်ပျိုးပေးခြင်း အစီအစဉ်၊ သန့်ရှင်းရေး ပြုလုပ်ပေးခြင်း၊ ခြံစည်းရိုးများ ပျက်စီးပါက ပြင်ဆင်ပေးခြင်း သို့မဟုတ် အခြားအခြေခံ အဆောက်အဦးများ ပျက်စီးပါက ပြန်လည်ပြင်ဆင်ပေးခြင်း၊ မြစ်ထဲရှိသဘာဝပေါက်ပင်များကို ပြန်လည်စိုက်ပျိုးပေးခြင်း၊ မြေဆီလွှာများကို ပြန်လည်သိပ်သည်းအောင်ပြုလုပ်ပေးခြင်း အစရှိသည့် အစီအစဉ်များကို ဆောင်ရွက်ပေးရန် လိုအပ်သည်။လူဦးရေ ထူထပ်သည့် နေရာများတွင် သို့မဟုတ် လူထူထပ်သည့် နေရာအနီးတွင် ဆောက်လုပ်ရေး လုပ်ငန်းများ ပြုလုပ်မည်ဆိုပါက ထပ်ဆောင်း သတ်မှတ်ချက်များကို ဆောင်ရွက်ရန် လိုအပ်သည်။ လုပ်ဆောင်ရမည့် အပိုင်းကဏ္ဍများမှာ (၁) ယခင် အသွားအလာများသည့် လမ်းများနှင့် လမ်းခွဲများတွင် ယာဉ်အသွားအလာပိတ်ဆို့မှုများပြာလာခြင်းကြောင့် ဆောက်လုပ်ရေးလုပ်ငန်းစဉ်အတွင်း လမ်းသွားလမ်းလာများဘေးကင်းလုံခြုံရေးနှင့်လမ်းကြောပိတ်ဆို့မှုရှင်းလင်းပေးခြင်း(ဆောက်လုပ်ရေး ကြောင့်သော်လည်းကောင်း၊ လမ်းလွှဲများကြောင့်သော်လည်းကောင်း ပိတ်ဆို့မှု ဖြစ်သည်။)၊ (၂) အားနည်းသည့်သူများ (သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ) နှင့်ပတ်ဝန်းကျင်ရှိ မိသားစုများနှင့် လုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေသော ဖုန်များနှင့် ပစ္စည်းအပိုင်းအစများ (၃) ဆေးရုံများ၊ ဘိုးဘွားရိပ်သာများနှင့် ကျောင်းများအနီးတွင် စက်ယန္တရားများနှင့် ကိရိယာများကြောင့် မလိုအပ်သော အသံဆူညံမှုများ ဖြစ်ပေါ်ခြင်း၊ (၄) လေးလံသော ကိရိယာ စက်ယန္တရားများနှင့် လမ်းလွှဲများကြောင့် လမ်းများ ပျက်စီးခြင်း (၅) ဆောက်လုပ်စဉ်အတွင်း ဝန်ဆောင်မှုများဖြစ်သည့် (ရေလျှပ်စစ်မီး၊ တယ်လီဖုန်းလိုင်း၊ ဘတ်စ်ကားလိုင်းများ) ကို အနှောင့်အယှက်ဖြစ်စေခြင်း။ (၆) အမှိုက်များ၊ သတ္တု ပစ္စည်းများ၊ အသုံးပြုပြီးသည့် ဆီများ၊ အပို ပစ္စည်းများ၊ ဆောက်လုပ်စဉ်အတွင်း ရရှိလာသော ပစ္စည်းများ ကို ပြီးပြည့်စုံစွာ စွန့်ပစ်ခြင်း။ (၇)

DRAFT

ဆောက်လုပ်ရေးနှင့် ပတ်သတ်သော အချိန်ဇယားများ၊ ဝန်ဆောင်မှုများ အား ဖြတ်တောက်မှု၊ လမ်းလွှဲများ၊ ယာယီ ဘတ်စ်ကားလမ်းကြောင်းများနှင့် ပတ်သတ်ပြီး ဒေသခံ ပြည်သူများအားအကြောင်းကြားရန်လိုအပ်ချက်(၈)ဆောက်လုပ်ရေးလုပ်ငန်းစဉ်အတွင်းကျောင်းသားများ အတွက် လမ်းဖြတ်ကူးရာတွင် ဘေးကင်းလုံခြုံရေး ဆောင်ရွက်ချက်များ။ အဆိုပါ လုပ်ဆောင်ချက် များအားလုံးကို ဈေးပြိုင်တင်သွင်းရသည့် စာရွက်စာတမ်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာလက်စွဲစာအုပ်တွင်ထည့်သွင်းနိုင်သည်။အချို့စီမံကိန်းများသည် သင့်လျော်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိုင်တွယ်ဖြေရှင်းမှုပြုလုပ်ရန် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းမှ ထွက်ပေါ်လာသော အမှိုက်များကို အတိုင်းအတာတစ်ခုအထိ ပြန်လည်အသုံးပြုနိုင်သည်။ အမှိုက်များ စွန့်ပစ်ရန်သင့်လျော်သည့်နေရာများကိုသတ်မှတ်ခြင်း၊လိုအပ်သောသဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု(သိပ်သ ည်းအောင်ပြုလုပ်ခြင်း၊မြေဆီလွှာအဖြစ်ပြန်လည်ဖြစ်စေခြင်း၊အပင်များပြန်လည်ပေါက်ရောက်စေ ခြင်း၊ရေထုတ်စနစ်ထိန်းချုပ်မှု)နှင့်ဆက်နွယ်နေသော သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကုန်ကျစရိတ်များကို စီမံကိန်း ရေးဆွဲမှုနှင့် ကုန်ကျစရိတ် ခန့်မှန်းမှုတို့တွင် ထည့်သွင်းသင့်သည်။

**ဆောက်လုပ်ရေး လုပ်ငန်းစဉ်အတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှု** - EA သည် စာချုပ်ချုပ်ဆိုသူများ သို့မဟုတ် အလုပ်သမားများမှ လိုက်နာမှုမရှိသည့်အတွက် မည်သို့ ပြစ်ဒဏ်များ သတ်မှတ်မည်ဟူသည့် အချက်အလက်များအပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းများ နှင့် စီစဉ်ရေးဆွဲထားသော သတ်မှတ်ချက်များကို လိုက်နာခြင်းကို မည်သို့ ကြီးကြပ်ကွပ်ကဲမည် ဆိုသည်ကို ညွှန်ပြသင့်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲမှုတွင် စာချုပ်ချုပ် ဆိုသူမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များနှင့် လက်စွဲစာအုပ်များပါ အချက်များကို လိုက်နာမှုများ ထည့်သွင်းလိမ့်မည်။

ဆိုးကျိုးများလျှော့ချရေးနှင့်လျော်ကြေးပေးရေးအစီအစဉ်များအားလုံးနှင့်လုပ်ဆောင်ချက်များအားလုံးကို စီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (EMP) တွင် ထည့်သွင်းသင့်သည်။ EMP တွင် (၁) ဆိုးကျိုးများလျှော့ချရေး၊ လျော်ကြေးပေးရေးနှင့် ထိန်းချုပ်ရေး လုပ်ဆောင်ချက်များ ကို ဖော်ပြချက် (၂) စီမံကိန်း ဒီဇိုင်း၊ ဈေးပြိုင်တင်သွင်းထားမှု၊ ဆောက်လုပ်ရေးနှင့် လုပ်ငန်း လည်ပတ်ရေးဆိုင်ရာ အဆင့်များဖြင့် ပေါင်းစည်းထားသော အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ဇယား (၃) အဖွဲ့အစည်းပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများ (၄) စောင့်ကြပ် ကြည့်ရှုခြင်း အစီအစဉ် များကို ဖော်ပြချက်နှင့် (၅) ခန့်မှန်း ကုန်ကျစရိတ်နှင့် ရံပုံငွေအရင်းအမြစ်တို့ ပါဝင်သည်။

DRAFT

<u>လုပ်ငန်းလည်ပတ်မှုအဆင့်အတွင်းသဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ဆောင်ချက်များ</u> - ဆောက်လုပ်ရေး (ဥပမာ - ကြီးမားသော သီးခြား အဆောက်အဦးများ) လုပ်ငန်းများကို လည်ပတ်မှု အဆင့်အတွင်း ဖော်ပြချက်များတွင် အာမခံသင့်သည့် အချက်များမှာ - (၁) ရေဆိုးများကို စုစည်းခြင်းနှင့် သန့်စင်အောင်ပြုလုပ်သည့် စနစ်များကို ထိန်းသိမ်းမှု (၂) ပြန်လည်အသုံးပြုနိုင်အောင် ဆောင်ရွက်သည့် စနစ်များနှင့်ပစ္စည်းများ ခွဲထုတ်သည့်စနစ်တို့ကို အသုံးပြုပြီး အစိုင်အခဲ အမှိုက်များ ကို စုစည်းခြင်းနှင့် စွန့်ပစ်ခြင်း (၃) ဖြည့်စွက် စနစ်များကို ထိန်းသိမ်းမှု (ဆိုလာ အပြားများ၊ လေ စက်များ အစရှိသဖြင့်)၊ အင်ဂျင်နီယာဆိုင်ရာ ဒီဇိုင်းသည် စက်လည်ပတ်မှုအတွက် လက်စွဲစာအုပ်များ ပြင်ဆင်ထားမှုနှင့် စနစ်များအားလုံးကို ထိန်းသိမ်းမှု တို့ ဖြစ်သည်။

အစီရင်ခံစာတွင် သတ်မှတ်ချက် ဘောင်များ ၊ကြိမ်နှုန်း၊ အစီရင်ခံမည့်အချိန်ဇယား၊ ရံပုံငွေ အရင်းအမြစ်များနှင့် တာဝန်ယူမှုတို့ကို ညွှန်ပြသောသဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စောင့်ကြပ် ကြည့်ရှုမည့် အစီအစဉ် အသေးစိတ်များကို ဖော်ပြသင့်သည်။ သင့်လျော်သည့် သတ်မှတ်ချက် ဘောင်များတွင် - ရေအရည်အသွေး၊ မြစ်စီးဆင်းမှုနှင့် အဆင့်၊ ဂေဟစနစ်ဆိုင်ရာ စောင့်ကြပ် ကြည့်ရှုမှု၊ လူမှုဆိုင်ရာ ညွှန်ပြသည့်အရာများ အစရှိသဖြင့်တို့ ပါဝင်သင့်သည်။

## <u>နောက်ဆက်တွဲ ၆ - ပြန်လည် နေရာချထားခြင်းဆိုင်ရာ မူဝါဒ ကန့်သတ်မှုဘောင်</u>

### <u>နိဒါန်းနှင့် စီမံကိန်း ရည်ရွယ်ချက်များ</u>

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(DWIR) မှ အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံ (ဧရာဝတီဘက်စုံမြစ်ဝှမ်းစီမံခန့်ခွဲမှုစီမံကိန်း) (AIRBMP)ကိုဧရာဝတီမြစ်ဝှမ်းနှင့် အမျိုးသား ရေအရင်းအမြစ်တို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုဒဏ်မှ ကြံ့ကြံ့ခံနိုင်မည့် စီမံခန့်ခွဲမှုတို့ ပိုမို အားကောင်းစေရန်များပြားသောအဆင့်များဖြင့်ချဉ်းကပ်ခြင်းပုံစံ (စီမံကိန်းစီးရီးအလိုက်) ဖြင့် ရေးဆွဲ ထားပါသည်။ ပထမအဆင့်တွင် ဘက်စုံမြစ်ဝှမ်း စီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရန် နှင့် တိုးချဲ့ထားသော ရေကြောင်းသွားလာမှုနှင့် ဇလဗေဒ သတိပေးချက်များနှင့် အကြံပေး ဝန်ဆောင်မှုများမှ သက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အကျိုးအမြတ်များ ပေးစွမ်းနိုင်ရန်အတွက် လိုအပ်သော အဖွဲ့ အစည်းများနှင့် နည်းလမ်းများကို တိုးတက်အောင် ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။ သင့်လျော်သော နမူနာပုံစံနှင့် ရနိုင်သမျှလေ့လာမှုများပြုလုပ်ပြီးပါကမန္တလေးမှရန်ကုန်သို့ ဧရာဝတီ မြစ်ကြောင်း တစ်လျှောက်

DRAFT

ရေကြောင်းတိုးချဲ့ထားမှုများနှင့် ဇလဗေဒဆိုင်ရာ သတိပေးချက်များနှင့် ဆက်နွယ်သော ကြားဖြတ်ကိစ္စရပ်များအတွက် တိကျသော စီမံကိန်း တည်နေရာများကို စီမံကိန်းအကောင်အထည် ဖော်စဉ်အတွင်း ရွေးချယ်ပြီး သတ်မှတ်မည်ဖြစ်သည်။

အဆိုပြုထားသောပထမအဆင့်သည်ဒုတိယနှင့်တတိယအဆင့်များတွင်ဖြစ်လာနိုင်မည့်အကြီးစား အခြေခံ အဆောက်အဦးများတွင် ရင်းနှီးမြှုပ်နှံမှုအပိုင်းကို ဆောင်ရွက်ရာတွင်လိုအပ်သော အခြေခံအုတ်မြစ်ကို သတ်မှတ်မည်ဖြစ်သည်။ ၎င်းသည်အစိုးရအားမြစ်ဝှမ်းတန်းတလျား အနာဂတ် ဖြစ်နိုင်ချေများကို လေ့လာ ဆန်းစစ်မှုများ ပြုလုပ်ရန်၊ ကြီးမားသောရေရှည် ရေအခြေခံအဆောက်အဦး ရင်းနှီးမြှုပ်နှံမှုများကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများအတွက် အလျော့အတင်းပြုလုပ်ရမည့် အရာများကို သင့်လျော်စွာ ပုံဖော်ရန်နှင့် ချင့်တွက် အကဲဖြတ်ရန်၊ စီးပွားရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကောင်းမွန်သည့်ကျင့်သုံးမှုများကိုလိုက်နာရန်အတွက် စွမ်းဆောင်ရည်များကို ပံ့ပိုးပေးမည် ဖြစ်ပါသည်။ ထို့ကြောင့်ပထမဆုံးအဆင့်သည် နောက်ထပ်လုပ်ဆောင်မည့် အဆင့်များအတွက် ငွေကြေး ထောက်ပံ့ပေးနိုင်ရန် မြစ်ဝှမ်းဆိုင်ရာ စီစဉ်ရေးဆွဲမှု လုပ်ဆောင်ချက် (အထူး စီမံကိန်း) အတွင်း ဦးစားပေး သတ်မှတ်မည်ဖြစ်သော ဦးစားပေး အခြေခံအဆောက်အဦး ရင်းနှီးမြှုပ်နှံမှုများအတွက် အကြို-ဖြစ်နိုင်ချေ၊ ဖြစ်နိုင်ချေနှင့် အခြား အခြားသော ရေဆန်နည်းပညာ လေ့လာမှုများကို ထောက်ကူပေးသည်။ ဤစာတမ်းတွင် ဖော်ပြထားသော တိကျသည့် စီမံကိန်း ရည်ရွယ်ချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံနှင့်အတူ စီမံကိန်း အကောင်အထည် ဖော်စဉ်အတွင်း မဟာဗျူဟာကျသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှု အစီရင်ခံစာကို မြစ်ဝှမ်း အထူးစီမံကိန်းနှင့် အတူ ပြင်ဆင်မည်ဖြစ်ပါသည်။

ပထမအဆင့်စီမံကိန်းတွင် အပြန်အလှန် ဆက်စပ်နေသော ရင်းနှီးမြှုပ်နှံမှု အစိတ်အပိုင်း သုံးခု အပြင် အရေးပေါ်ကိစ္စများပေါ်ပေါက်လာပါကရန်ပုံငွေများအား အလျင်အမြန်ပြန်လည်သတ်မှတ်ခွင့် ပေးမည့် အရေးပေါ် အခြေအနေ အစိတ်အပိုင်းတစ်ခုတို့ပါဝင်သည်။

**အပိုင်း-၁။ ရေအရင်းအမြစ်စီမံခန့်ခွဲရေး အဖွဲ့အစည်းများ၊ ဆုံးဖြတ်ချက်အထောက်အကူပြု စနစ်များနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း**

<u>အပိုင်းခွဲဌာန ၁-၁။ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး။</u> ဤအပိုင်းခွဲသည် (က) ရုံးသုံးပရိဘောဂနှင့် ပစ္စည်းကိရိယာများ အပါအဝင် NWRC အတွင်းရေးမှူးရုံးနှင့် ရေဆိုင်ရာသတင်း အချက်အလက်နှင့် ဆုံးဖြတ်ချက် အထောက်အကူပြုစင်တာ အဆောက်အဦး ပံ့ပိုးပစ္စည်းတည်ဆောက်ခြင်း သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်း (ခ) ဌာန အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေဆိုင်ရာ၊ ကွပ်ကဲရေးဆိုင်ရာ သုံးသပ်ချက်များနှင့် ပြုပြင်ပြောင်းလဲမှုများ အပါအဝင် အသစ် ဖွဲ့စည်းထားသော NWRC အတွင်းရေးမှူးရုံး၊ ရေဆိုင်ရာသတင်းအချက်အလက်နှင့် ဆုံးဖြတ်ချက် အထောက် အကူပြုစင်တာနှင့် ကျွမ်းကျင်သူပညာရှင်များအဖွဲ့များ၏ လုပ်ပိုင်ခွင့်များကို တည်ဆောက်ခြင်းနှင့် ပေးအပ်ခြင်း (ဂ) AIRBM စီမံကိန်းနှင့် သက်ဆိုင်သူများ၏ ဖိုရမ်တစ်ခု ကျင်းပပြုလုပ်ခြင်းတို့ကို၊ ဆက်ဆံရေးနှင့် ပူးပေါင်းပါဝင် နိုင်အောင်

DRAFT

ကမ်းလုပ်ငန်းမှု အပေးသို့အရောက်ပို့မှုနှင့် (ဃ) စွမ်းဆောင်ရည် တည်ဆောက်ခြင်းများကို ကူညီပံ့ပိုးမည် ဖြစ်ပါသည်။

အပိုင်းခွဲ ၁-၂။ ဧရာဝတီ မြစ်ဝှမ်းဒေသကို လွှမ်းခြုံသောပင်မစီမံချက်နှင့် ဆုံးဖြတ်ချက်အထောက်အကူပြုစနစ်။ ဤအပိုင်းခွဲသည် ဧရာဝတီမြစ်ဝှမ်း၏ရေအရင်းအမြစ်များကိုစီစဉ်၍ စီမံခန့်ခွဲရန် အစိုးရတွင် စဉ်ဆက်မပြတ်သော စွမ်းရည်ရှိနေစေရန် လိုအပ်သောလက်နက်ကိရိယာများနှင့် လုပ်ငန်းစဉ်များကိုလည်း ဖော်ထုတ်နေစဉ် ရင်းနှီးမြှုပ်နှံမှု ရွေးချယ်မှုများကို မှန်ကန်စွာဖြစ်နိုင်စေရန် အထောက်အကူပြု ပေးမည်ဖြစ်ပါသည်။ အခွင့်အလမ်းများနှင့် သက်ရောက် မှုများကို လုံလောက်စွာနားလည်မှုအပေါ်တွင်အခြေခံ၍ သဘောတူထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များ၏ လမ်းညွှန်မှုဖြင့် ဧရာဝတီမြစ်ဝှမ်းဒေသ၏ ဘက်စုံဖွံ့ဖြိုးရေးကို စီစဉ်ရန်အတွက် အဆင့်များစွာပါဝင်သော နည်းလမ်းတစ်ခုကို အသုံးပြုမည်ဖြစ်ပါသည်။ လုပ်ငန်းများထဲတွင် (က) ဧရာဝတီမြစ်ဝှမ်းဒေသ လွှမ်းခြုံသောစီမံချက်၊ မြစ်ဝှမ်းဒေသ တစ်ခုလုံး၏ အားနည်းချက် ရှာဖွေဖော်ထုတ်ရေးလေ့လာမှုများ၊ ဆုံးဖြတ်ချက် အထောက်အကူပြုစနစ် (DSS) တစ်ခုနှင့် AIRBM စီမံကိန်းနှင့်သက်ဆိုင်သူများ၏ ဆွေးနွေးတိုင်ပင်မှုများ ဖော်ထုတ်ခြင်း (ခ) မြေအောက်ရေ စစ်ဆေးလေ့လာမှု အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် (ဂ) မြစ်ဝှမ်းအတွင်း မဟာဗျူဟာမြောက် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကဲဖြတ်မှု ဖော်ထုတ်ခြင်းများ ပါဝင်ပါသည်။

အပိုင်းခွဲ ၁-၃။ အနာဂတ်ရင်းနှီးမြှုပ်နှံမှုများကိုစီစဉ်ရေးဆွဲခြင်း(PFI)။ PFI သည် ဧရာဝတီမြစ်ဝှမ်း ဒေသကို လွှမ်းခြုံသော ပင်မဘက်စုံစီမံချက် ( အပိုင်းခွဲ ၁-၁ "က") တွင်ဖော်ထုတ်ထားသော ဦးစားပေးစီမံကိန်းများရေးဆွဲမှုကို ကူညီပံ့ပိုးရန် ငွေကြေးထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ငွေကြေးထောက်ပံ့မှုကို တရားဝင်စေရန်အတွက် စီမံကိန်း တစ်ခုသည် အစိုးရ၏အတည်ပြုထားသော ODA စီမံကိန်းများ၏ စာရင်းတွင် ပါဝင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ကမ္ဘာဘဏ်၏ ပါဝင်ပတ်သက်မှု၏ ရည်ရွယ်ချက်များနှင့်ကိုက်ညီရမည်ဖြစ်ပါသည်။ ဤအပိုင်းခွဲ၏အောက်တွင် ရင်းနှီးမြှုပ်နှံမှုများကို ရေးဆွဲရန် ရံပုံငွေများကို မြစ်ဝှမ်းတစ်ခုလုံးဖွံ့ဖြိုးရေး ရည်ရွယ်ချက်များနှင့်အညီ အပြည့်ပြည့် ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းဖြင့် ရရှိအောင်ပြုလုပ်ပေးမည်ဖြစ်ပါသည်။ ရေးဆွဲပြုစုရေး ရန်ပုံငွေကို AIRBM စီမံကိန်းအကောင် အထည်ဖော်ရေး ငါးနှစ်တာ ကာလအတွက် ရရှိမည်ဖြစ်သည်။

အပိုင်းခွဲ ၁-၄။ အကောင်အထည်ဖော်ရေးကူညီပံ့ပိုးမှု။ ဤအပိုင်းခွဲသည် လုပ်ငန်းဆောင်ရွက်မှု နှစ်စဉ်ကုန်ကျစရိတ်များ ကိုလည်းကောင်း၊ စီမံကိန်းတစ်ခုလုံးစီမံခန့်ခွဲမှု၊ ငွေကြေးစီမံခန့်ခွဲမှု၊ ဝယ်ယူဖြည့်တင်းမှု၊ ဘေးဆီးရန်ကာ လုပ်ငန်းများ၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးနှင့် အကဲဖြတ်မှုများအတွက် တိုင်ပင်ဆွေးနွေးမှုနှင့် အကြံပေးဝန်ဆောင်မှု များကို လည်းကောင်းပေးအပ်မည် ဖြစ်ပါသည်။

**အပိုင်း-၂။ မိုးလေဝသနှင့်ဇလဗေဒစောင့်ကြည့်လေ့လာခြင်း နှင့်သတင်းအချက်အလက်စနစ်များ ခေတ်မီအောင် မွမ်းမံခြင်း**

အပိုင်းခွဲ ၂-၁။ DMH ၏အဖွဲ့အစည်းဆိုင်ရာနှင့် ကွပ်ကဲရေးဆိုင်ရာ အားဖြည့်ခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် အကောင်အထည်ဖော်ရေး ကူညီပံ့ပိုးမှု။ ဤအပိုင်းခွဲသည် (က) ခိုင်မာသော တရားဥပဒေ ဆိုင်ရာနှင့် ကွပ်ကဲရေး ဆိုင်ရာ မူဘောင်ဖော်ထုတ်ရေးအပါအဝင် DMH ၏အဖွဲ့အစည်းဆိုင်ရာ အားဖြည့်မှု (ခ) စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် DMH ဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားမှုနှင့် (ဂ) DMH စနစ်များပြုစု တွက်ချက်ခြင်းပုံစံ၊ ပေါင်းစပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများ၊ အပိုင်း-၂ စီမံခန့်ခွဲရေးနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေး ရေးများတွင် နည်းပညာအထောက်အကူများကို ကူညီပံ့ပိုး မည်ဖြစ်ပါ သည်။

အပိုင်းခွဲ ၂-၂။ စောင့်ကြည့်လေ့လာရေး အခြေခံအဆောက်အအုံ၊ အချက်အလက်စီမံခန့်ခွဲမှုစနစ်များ နှင့် ကြိုတင်ခန့်မှန်းမှုများကို ခေတ်မီအောင်ပြုလုပ်ခြင်း။ ဤအပိုင်းခွဲသည် (က) မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ စောင့်ကြည့် လေ့လာရေး ကွန်ရက်၏နည်းပညာကို အဆင့်မြှင့်တင်ပေးခြင်း (ခ) လုပ်ငန်းလုပ်ဆောင်မှုဌာနများ၊ အချက်အလက်စီမံခန့်ခွဲမှုနှင့် ဆက်သွယ်ရေး/ အိုင်တီစနစ်များ၊ စက်မှုလုပ်ငန်းနှင့် စံချိန်ကိုက်ညှိခြင်း ပံ့ပိုးပစ္စည်းများကို ခေတ်မီအောင်ပြုလုပ်ခြင်း (ဂ) ကိန်းဂဏန်းဖြင့် ပုံစံပြုတွက်ချက်သော မိုးလေဝသကြိုတင်ခန့်မှန်းရေးစနစ်များနှင့် ဆက်စပ်နေသော ဇလဗေဒပုံစံ ဖော်ထုတ်မှု မူဘောင်များ၏ တိုးတက်မှုများ (ဃ) DMH အထောက်အကူပြု ပစ္စည်းများ ပြန်လည် တည်ဆောက်ရေး နှင့်/ သို့မဟုတ် ပြင်ဆင်မွမ်းမံရေး များကို ကူညီပံ့ပိုးမည်ဖြစ်ပါသည်။

အပိုင်းခွဲ ၂-၃။ DMH ၏ ဝန်ဆောင်မှုပေးရေးစနစ် မြှင့်တင်ခြင်း။ ဤအပိုင်းခွဲသည် DMH ကို ကူညီပံ့ပိုးမည် ဖြစ်ပါသည်။ AIRBM စီမံကိန်းနှင့် သက်ဆိုင်သူများအားလုံး စီမံကိန်း၏အကျိုးကျေးဇူးများကိုရရှိမှု သေချာရေးအတွက် ၎င်း၏ ဝန်ဆောင်မှုကို ဖောင်းပေးခြင်းကို အားဖြည့်ရာတွင် DMH ကို ကူညီပေးမည်ဖြစ်ပါသည်။ ဤနေရာတွင် (က) လူထုအတွက် မိုးလေဝသဝန်ဆောင်မှုလုပ်ငန်းများနှင့် ဇလဗေဒဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်မှုနှင့် ဒေသခံ လူထုသို့ ဝန်ဆောင်မှုပေးခြင်း တိုးတက်ကောင်းမွန်စေမှု (ခ) ရေကြီးမှုများနှင့် လျှပ်တစ်ပြက်ရေကြီးမှုများ ရှိသော မြစ်ဖျားငယ်ကလေးများတွင် ထုတ်ပြန်သူမှ လက်ခံမည့်သူအထိ ကြိုတင်သတိပေးစနစ် တိုးချဲ့ရေးအပါအဝင် DRM သဘာဝ ရေဘေးအန္တရာယ် ကာကွယ်ရေး လုပ်ငန်းများအတွက် ကူညီပံ့ပိုးမှု (ဂ) စိုက်ပျိုးရေးနှင့်ရာသီဥတု အကြံပေးဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖော်ထုတ်ရေးနှင့် (ဃ) ရာသီဥတုဆိုင်ရာလုပ်ငန်းများအတွက် အမျိုးသား မူဘောင်တစ်ခု ဖန်တီးရေးများ ပါဝင်နိုင်ပါသည်။

**အပိုင်း-၃။ ဧရာဝတီမြစ်ရေကြောင်းသွားလာရေးမြှင့်တင်မှုများ။**

အပိုင်းခွဲ ၃-၁။ ဧရာဝတီမြစ်ရေကြောင်းသွားလာရေးမဟာဗျူဟာ (မန္တလေးမှ ရန်ကုန်)။ ဤအပိုင်းခွဲသည် (က) မန္တလေးမှ ရန်ကုန်သို့ ရေလမ်းကြောင်းတစ်လျှောက်သွားလာနိုင်သော ရေကြောင်းသွားလာရေး မဟာဗျူဟာ တစ်ရပ်ကို ဖော်ထုတ် ပေးမည်ဖြစ်ပါသည်။ ဤမဟာဗျူဟာသည် (၁) အနာဂတ်တွင် ဘက်စုံပုံစံ သယ်ယူပို့ဆောင်ရေး ပုံစံ အစီအစဉ်တစ်ခု ကိုမြှင့်တင်ပေးရန်အတွက် ဖြစ်လာနိုင်သော ကုန်းတွင်းဆိပ်ကမ်းဖော်ထုတ်ရေးများကို ထည့်သွင်း စဉ်းစား၍ မြစ်တစ်ခုလုံး အတွက် လက်ရှိ

DRAFT

ကိုးကားနေသော ၁၉၈၈ ခုနစ်ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ခေတ်နှင့်အညီ ပြောင်းလဲဆောင်ရွက်ပေးမည်၊(၂) မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ သောင်တူးခြင်း၊ မြစ်ကမ်းပါး ကာကွယ် ခြင်းနှင့် တစ်ခုလျှင် ကီလိုမီတာ ၃၀ ခန့်ရှည်လျားသော အရေးတကြီးအလိုအပ်သည့် ရေကြောင်းကြပ်တည်းသည့် နေရာနှစ်ခုတွင် ရေလမ်းညွှန် အထောက်အကူများအပါအဝင် ရေကြောင်းသွားလာမှု တိုးတက်ရေးအတွက် လုပ်ငန်း အတိုင်း အတာကို ဖော်ထုတ်ပေးမည်၊ (၃) ရေကြောင်းကြပ်တည်းသည့် နေရာနှစ်ခုတွင် ရေ့ပြေးမြစ်ကြောင်း ထိန်းသိမ်းမှု လုပ်ငန်းများအတွက် အသေးစိတ် ဒီဇိုင်းပုံစံကိုပေးမည်၊ (၄) (အပိုင်းခွဲ ၃-၂ "ဂနှင့်ဆက်စပ်နေသော) မြစ်ကြောင်း ထိန်းသိမ်းရေး အစီအစဉ်တစ်ခုကို ထောက်ခံတင်ပြပေးမည်၊ (ခ)အကောင်းဆုံးရေကြောင်း သွားလာ ရေးကို ရေကြောင်းတွင် အသင့်တော်ဆုံး သွားလာနိုင်မည်ဖြစ်သော ရေယာဉ်စုကို လေ့လာမှု ဖော်ထုတ်ပေးမည် ဖြစ်ပါသည်။

<u>အပိုင်းခွဲ ၃-၂။ ရေကြောင်းသွားလာရေးတိုးတက်မှုများ ( မန္တလေးညောင်ဦးအပိုင်းတွင် ဖောင်းပေးမှုပါဝင်သော မန္တလေးမှ ရန်ကုန်)။</u> ဤအပိုင်းခွဲသည် ရေကြောင်းသွားလာရေးတိုးတက်မှုများကို အထောက်အကူပြုလိမ့်မည်။ ဧရာဝတီမြစ်၏ ရေကြောင်းသွားလာမှုအများဆုံး (မန္တလေးမှညောင်ဦး)အပိုင်းတစ်လျှောက် ခရီးသည်တင်နှင့် ကုန်တင်ရေယာဉ် နှစ်မျိုးစလုံးအတွက် ရေနည်းသော ရာသီအတွင်း အနည်းဆုံးရနိုင်သော ရေစူးသတ်မှတ်ချက်ကို တိုးမြှင့်ရန် ရေကြောင်းသွားလာရေး တိုးတက်မှုများကို ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများတွင် (က) မြစ်ကြောင်းသွားလာရေး တိုးမြှင့်မှုများ အတွက် ဆောင်ရွက်မည့် လုပ်ငန်းများ၏အတိုင်းအတာကို ဖော်ထုတ်ရန် မြစ်ပုံစံ ကွန်ပျူတာပုံစံတွက်ချက်ခြင်း (1 dimensional & 2 dimensional modelling ) (ခ) အဆိုပြုထား သော မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အတွက် EMP တစ်ခုအပါအဝင် EIA တစ်ခုရေးဆွဲခြင်း (ဂ) အသေးစိတ် ပုံစံမှတ်တမ်း မှတ်ရာများနှင့် တည်ဆောက်ရေး ကြီးကြပ်မှုအစီအစဉ် ရေးဆွဲခြင်းနှင့် (ဃ) မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ တည်ဆောက်ခြင်းများ ပါဝင်မည် ဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်း၏ အတိုင်းအတာကို ဧရာဝတီမြစ်၏ မန္တလေးညောင်ဦးအပိုင်းအပေါ်တွင် ဖောင်းပေး၍ ညောင်ဦး ရန်ကုန်ဘက်ခြမ်းရှိ အခြားအရေးကြီး သော အပိုင်းအချို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

<u>အပိုင်းခွဲ ၃-၃။ ရေလမ်းကြောင်းအမှတ်အသားပြုခြင်းလုပ်ငန်း (ညအချိန်ရေကြောင်းသွားလာရေးပါဝင်သော မန္တလေးညောင်ဦးအပိုင်းကိုဖောင်းပေးထားသည့် မန္တလေး-ရန်ကုန်ရေလမ်း)။</u> ဤအပိုင်းသည် အလင်းမီးများ၊ အချက်ပြ ဆိုင်းဘုတ်များ၊ မြေပုံရေးဆွဲခြင်းနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန်နှင့်ဧရာဝတီမြစ်၏ မန္တလေး-ရန်ကုန်အပိုင်း တစ်လျှောက်ထိရောက်သော ရေကြောင်းသွားလာရေးကိုဖြစ်မြောက်စေရန်အားဖြည့်ထားသော ခေတ်မီရေကြောင်း သွားလာရေး ရှေ့ပြေးစနစ်တစ်ခုကဲ့သို့သော ရေလမ်းညွှန်အမှတ်အသားပြုခြင်း လုပ်ငန်းအတွက် အထောက်အကူများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းများကို ကူညီပံ့ပိုးမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းသည် မန္တလေး-ညောင်ဦးအပိုင်းတွင် ညအချိန် ရေကြောင်းသွားလာရေးကို ဖြစ်မြောက်စေရန် ဥပမာအားဖြင့် အလင်းမီးများ၊ အချက်ပြ ဆိုင်းဘုတ်များတွင် ရင်းနှီးမြှုပ်နှံ မှုများကို အထောက်အကူပြုမည်ဖြစ်ပါသည်။

အပိုင်းခွဲ ၃-၄။ အဖွဲ့အစည်းဆိုင်ရာအားဖြည့်ခြင်းနှင့် အကောင်အထည်ဖော်ရေး ကူညီပံ့ပိုးမှု။

ဤအပိုင်းသည် (က)အပိုင်း-၃ အကောင်အထည်ဖော်ရေးနှင့် စီမံခန့်ခွဲမှုနှင့် (ခ) စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ လေ့ကျင့်ခြင်း၊ ဆက်သွယ်ရေးနှင့် မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှုများ၊ သတင်းအချက်အလက်၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်း အသစ်များအပေါ် သိရှိစေရန်အမြင်နှင့် လုပ်ငန်းများကို ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။

အပိုင်းခွဲ ၃-၅။ မြေပေါ်ရှိရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး စနစ်ပုံစံနှင့် ရွေ့ပြောင်းဆောင်ရွက်မှု။

ဤအပိုင်းတွင် (က)ဧရာဝတီမြစ်ဝှမ်းဒေသတွင် မြစ်၏အရည်အသွေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် စခန်းများ၏ ကွန်ယက်ပုံစံရေးဆွဲခြင်း (ခ) ရွေ့ပြောင်းစခန်းများ အကောင်အထည်ဖော်ခြင်း (ဂ) ရေအရည်အသွေးစောင့်ကြပ် စစ်ဆေးမှုအတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ ပါဝင်ပါသည်။

**အပိုင်း-၄။ အရေးပေါ် အခြေအနေတွင်ချက်ချင်းတုံ့ပြန်မှု**

ဤ ( အစပိုင်းတွင် မည်သည့်ရန်ပုံငွေထောက်ပံ့မှု ခွဲဝေချထားခြင်းမှ မပါသော) " အရံ အပိုင်း "သည် အရန် သင့်ရှိမှုနှင့် သဘာဝဘေး အန္တရာယ်၊ အရေးပေါ် နှင့်/သို့မဟုတ် ကပ်ဆိုက်သောဖြစ်ရပ်များကို လိုအပ်သလို လျင်မြန်သော တုံ့ပြန်ကူညီမှုပေးရန်အတွက် အခြားအပိုင်းများမှရန်ပုံငွေများကို လျင်မြန်စွာ ပြန်လည်ခွဲဝေ ချထားနိုင်ရန် ခွင့်ပြုပေးမည်ဖြစ်သည်။ အရေးပေါ်တုံ့ပြန်မှုကို အသက်သွင်း လိုက်သော အချိန်တွင် ရန်ပုံငွေများ စီးဆင်း ထုတ်ပေးရေး အစီအစဉ်များကို အဆုံးအဖြတ်ပေး မည်ဖြစ်ပါသည်။

**ခ. RPF ရည်ရွယ်ချက်များ၊ အဓိပ္ပါယ်သတ်မှတ်ချက်များနှင့် အဓိက အခြေခံသဘောတရားများ**

ဤပြန်လည်နေရာချထားရေးမူဝါဒဘောင်သည် အထက်တွင်ဖော်ပြထားသော ပထမအပိုင်း သုံးပိုင်းကိုခြုံငုံထားသည်။ စီမံကိန်း၏ရင်းနှီးမြှုပ်နှံမှုများအားလုံးကို ယေဘုယျကောင်းမွန်သော သဘာဝ ပတ်ဝန်းကျင် နှင့်လူမှုဆိုင်ရာ အကျိုးကျေးဇူးများ ရရှိရန်မျှော်လင့်ပြီး ရေးဆွဲထားသည်။ သို့သော်လည်း စီမံကိန်းမှထောက်ပံ့ပေးထားသည့် အချို့သောရင်းနှီး မြှုပ်နှံမှုများသည် နေရာပြန်ချခြင်း၊ မြေရယူခြင်းတို့ လိုအပ်ပြီး အခြားသော ပုဂ္ဂလိကပိုင်နယ်မြေ နှင့် ရပိုင်ခွင့်များ ဆုံးရှုံးမှုခြင်းတို့လည်း ဖြစ်ပေါ် စေနိုင်ပေသည်။ စီမံကိန်းလက်အောက်ရှိ ထောက်ပံ့ပေးရမည်ဖြစ်သော စီမံကိန်းအစိတ်အပိုင်းများ အားလုံးအနက် အစိတ်အပိုင်း (၃) ဖြစ်သည့် ဧရာဝတီမြစ်တွင်း ရေကြောင်းသွားလာရေး တိုးမြှင့်မှုကြောင့် စီမံကိန်းတည်ဆောက်စဉ် အဆင့်အတွင်း မြစ်ကမ်းပါးတစ်လျှောက်ရှိ မြေများတွင် အလုပ်များဖြင့် နေရာယူပြည့်နက်နေခြင်းများ ဖြစ်ပေါ်စေပါသည်။ အစိတ်အပိုင်းအရ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် ရမည့် ဧရာဝတီမြစ်အတွင်းရေကြောင်းသွားလာရေး မဟာဗျူဟာတွင် အမြဲတမ်း သို့မဟုတ် ယာယီအားဖြင့် မြေရယူခြင်း သို့မဟုတ် ရပိုင်ခွင့်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေနိုင်သည့် ဧရာဝတီမြစ် တစ်ခုလုံးကို နောက်ပိုင်း အဆင့်များတွင် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်အတွက် အခြေခံ ဖြစ်လာမည့် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်ကို ပြင်ဆင်လိမ့်မည်။ အစိတ်အပိုင်း (၂) သည် ပမာဏ အနည်းငယ်သော မြေကိုသာ ရယူခြင်းများ ဖြစ်ပေါ်လာစေမည့် စူးစမ်းလေ့လာမှုဆိုင်ရာ အခြေခံအဆောက်အဦးအား ခေတ်မီအောင်ပြုလုပ်ခြင်းကို အထောက်အပံ့ပေးလိမ့်မည်။ အစိတ်အပိုင်း ၁ အရ များစွာသောလေ့လာမှုများကို လုပ်ဆောင်ပြီး ရလဒ်များအပေါ်အခြေခံ၍ ဆယ်နှစ်တာရင်းနှီး မြှုပ်နှံမှုအစီအစဉ်

အပါအဝင် ရောဂါတီမြစ်ပုမ်း စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဖြစ်သည်။ PPF လက်အောက်တွင် ငွေကြေး ထောက်ပံ့ ပေးထားသော အစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်၏ OP 4.12 ကို အစပျိုးပေးမည့် မြေရယူမှု ဖြစ်ပေါ်စေခြင်း သို့မဟုတ် ရပိုင်ခွင့်များ ဆုံးရှုံးစေခြင်းကို ဖြစ်ပေါ်စေလိမ့်မည်။ အစိတ်အပိုင်း ၁ သည် သတ်မှတ်ထားသော နေရာတွင် တည်ဆောက်ရန် မျှော်မှန်းထားသော NWRC အတွင်းရေးမှူးရုံးနှင့် ရေနှင့်ဆိုင်သော အချက်အလက် ဆိုင်ရာ စင်တာ ဌာနချုပ်ကို တည်ဆောက်ခြင်း သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်းတို့ကို ထောက်ပံ့ပေး လိမ့်မည်။ သို့သော် တိကျသောမြေနေရာကို မဆုံးဖြတ်ရသေးဘဲ အချို့သောမြေရယူမှုများကိုလည်း မတွက်ချက်နိုင်သေးပေ။

ကမ္ဘာ့ဘဏ်မှ စီမံကိန်းကိုတန်ဖိုးမဖြတ်ရသေးမီ ငွေကြေးထောက်ပံ့ပေးမည့် စီမံကိန်း၏ တိကျသော လုပ်ဆောင်ချက်များနှင့် တည်နေရာအသေးစိတ်ကို မဆုံးဖြတ်ရသေးသောကြောင့် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်စဉ် ကာလအတွင်း တိကျသော ပြန်လည် နေရာချထားရေး အစီအစဉ် များကို ဖွံ့ဖြိုးတိုးတက်အောင်မပြုလုပ်နိုင်ပေ။ စီမံကိန်းများကြောင့် ပုဂ္ဂလိကပိုင် မြေကို ရယူခြင်းများ ဖြစ်ပေါ်စေခြင်း သို့မဟုတ် ကမ္ဘာ့ဘဏ်၏ OP 4.12 တွင် ဖော်ပြထားသော အခြားသက်ရောက်မှုများ ဖြစ်ပေါ်စေခြင်း ရှိမရှိ သတ်မှတ်ရန်နှင့် အကယ်၍ ထိုသို့သော ပြဿနာများရှိပါက OP 4.12 နှင့်အညီ အဆိုပါ သက်ရောက်မှုများကို သတ်မှတ်ရန် ငွေကြေးထောက်ပံ့ပေးသော စီမံကိန်း၏ လုပ်ဆောင်ချက် များကို စိစစ်စစ်ဆေးရန်အတွက် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ရန် ဤပြန်လည်နေရာ ချထားရေး မူဝါဒဘောင် (RPF) ကိုပြင်ဆင်သည်။

ကမ္ဘာ့ဘဏ်က ထောက်ပံ့ကူညီသောစီမံကိန်းများတွင် မြေနေရာ ရယူခြင်းတို့ အပါအဝင် ကောင်းကျိုး မပြုသောလူမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို ယုတ်လျော့စေရန် လိုအပ်သော ဆောင်ရွက်ချက် အားလုံးကို လုပ်ဆောင်ရန် ချေးငှားသူများကို မျှော်လင့်ထားပါသည်။ မြေနေရာရယူမှုအတွက် လိုအပ်ချက်ကိုလျှော့ချရန် သို့မဟုတ် ရှောင်ရှားရန် စီမံကိန်းရေးဆွဲရေးတွင် သင့်လျော်မည့် အားထုတ်မှု တိုင်းကိုပြုလုပ်ထားသည်။ မြေနေရာရယူခြင်းကို မရှောင်ရှားနိုင်လျှင် RPF ၏ အခြေခံသဘောတရား ရည်မှန်းချက်သည် (အိမ်ရာစွန့်ခွာရသောသူများဟု အောက်တွင် သတ်မှတ် ထားသည့်) ဆိုးရွားသော သက်ရောက်မှုများကို ထိခိုက်ခံစားရသူများကို မြေနေရာ၊ မရိတ်သိမ်း ရသေးသော သီးပင်စားပင်များ၊ မြေပေါ်မှရရှိလာမည့် တိုးတက်မှုရပိုင်ခွင့်များအတွက် ပြန်လည်နေရာချထားမှု ကုန်ကျစရိတ်များကို (အောက်တွင် သတ်မှတ် ထားသကဲ့သို့) အစားပေးလျော်ရမည်။

ကမ္ဘာ့ဘဏ် OP 4.12 သည် အောက်ပါရည်မှန်းချက်များကို အောင်မြင်ပြီးမြောက်ရန် ရည်ရွယ်ထား ပါသည် -

(က) အလားအလာရှိသည့် အခြား စီမံကိန်း ပုံစံများကို ရှာဖွေဖော်ထုတ်လျက် အတင်းအဓမ္မ ပြန်လည်နေရာချထားခြင်းကို ဖြစ်နိုင်လျှင် ရှောင်ရှားသင့်သည် သို့မဟုတ် လျှော့နည်းအောင် ဆောင်ရွက် သင့်သည်။

(ခ) ပြန်လည်နေရာချထားခြင်းကို ရှောင်ရှားရန် မဖြစ်နိုင်သည့်နေရာများတွင် စီမံကိန်းကြောင့် အိမ်ရာစွန့်ခွာရသည့် သူများအား စီမံကိန်း အကျိုးအမြတ်များကို မျှဝေရန် လုံလောက်သော ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်များ

DRAFT

ထောက်ပံ့ပေးလျက် ပြန်လည်နေရာချထားရေး လုပ်ဆောင်ချက်များကို ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအဖြစ် ကြံစည် လုပ်ကိုင်ဆောင်ရွက်သင့်သည်။ အိမ်ရာ စွန့်ခွာရသော ပုဂ္ဂိုလ်များကို လေးလေးနက်နက် ဆွေးနွေးတိုင်ပင်ပြီး ပြန်လည် နေရာချထားရေး အစီအစဉ်များကို စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပါဝင်နိုင်ရန် အခွင့်အရေးများပေးသင့်သည်။

(ဂ) အမှန်စင်စစ်တွင် အကြို်ပြန်လည်နေရာချထားမှုအဆင့်များ၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မစတင်မီ အဆင့်များ၊ စသည်တို့တွင်မည်သည့် အရာက ပိုမိုအရေးကြီးသည်ဖြစ်စေ အိမ်ရာစွန့်ခွာရသောပုဂ္ဂိုလ်များကို ၎င်းတို့စွမ်းအားဖြင့် ၎င်းတို့၏ အသက်မွေးမှုနှင့် လူနေမှုအဆင့် အတန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်စေရန် သို့မဟုတ် အနည်းဆုံး အဆိုပါအဆင့်အတန်းကို ပြန်လည်ရရှိစေနိုင်ရန် ကူညီပေးသင့်သည်။

ဤ RPF သည် အထက်တွင်ဖော်ပြထားသော OP 4.12 ၏ ရည်မှန်းချက်များနှင့်ကိုက်ညီရန် ရည်ရွယ်ထားသည်။

<u>မဖြစ်မနေပြန်လည်နေရာချထားခြင်းအတွက်စီမံကိန်း အခြေခံသဘောတရားများ -</u>

OP 4.12 သည်ပြန်လည်နေရာချထားရေးအစီအစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ တွင်လိုက်နာရမည့် အဓိကစည်းမျဉ်းများကို ဖော်ပြထားပါသည်။ ဤ RPF နှင့် အထူး ဆက်နွယ်မှု တစ်ခုချင်းစီမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပုဂ္ဂလိကပိုင်မြေနေရာများအား အဓမ္မသိမ်းဆည်းမှုကြောင့်ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများ အပါအဝင် အဓမ္မပြန်လည်နေရာချထားရေးကို မလွှဲမရှောင်သာ ဆောင်ရွက်ရတော့မည်ဆိုလျှင် ၎င်းတို့ကိုလျှော့ချရန် သို့မဟုတ် ရှောင်ရှားရန် အားထုတ်မှုအားလုံးကို ပြုလုပ်လိမ့်မည်။ ဤကဲ့သို့ အကျိုး သက်ရောက်မှုများကို ရှောင်ရှားရန်အသေးစိတ်ရေးဆွဲထားသော ပုံစံများကို ညှိယူလိမ့်မည်။ သို့သော်လည်း မြေနေရာ ရယူခြင်းကို မရှောင်ရှားနိုင်လျှင် ပြန်လည်နေရာချထားရေး လုပ်ဆောင်မှု အစီအစဉ် (RAP) ကို ဤ RPF တွင် ဖော်ပြထားသော အောက်ပါ ဆောင်ရွက်ချက်များအတိုင်း ဆောင်ရွက်လိမ့်မည်။ စီမံကိန်းလုပ်ဆောင်မှု သို့မဟုတ် စီမံကိန်းခွဲကြောင့်သက်ရောက်မှုများသည် လူနှစ်ရာထက်လျော့နည်းခဲ့လျှင် RAP အကျဉ်းချုပ် ကိုပြင်ဆင်ထားပါသည်။

ခ) ဖြစ်နိုင်သည့် နေရာတိုင်းတွင် နေရာ ဖယ်ရှားပေးရသူများအနေဖြင့် ၎င်းတို့အတွက် ဖန်တီးပေးသော သို့မဟုတ် စီမံကိန်း လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော ဝန်ဆောင်မှုများနှင့် ထောက်ပံ့ပစ္စည်းများမှ အကျိုးအမြတ်ခံစားနိုင်စေရန် စီမံကိန်း ဒီဇိုင်းနှင့် RAP တို့ကို ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အခွင့်အရေးများအဖြစ် ယူဆ ဆောင်ရွက်သင့်သည်။

(ဂ) နေရာ ဖယ်ရှားပေးရသော ပုဂ္ဂိုလ်များအားလုံးသည် မြေနှင့် ပူးတွဲပါ ပစ္စည်းအတွက် လျော်ကြေးငွေများ ရပိုင်ခွင့်ရှိသည် သို့မဟုတ် လျော်ကြေးငွေအစား အခြား အလားတူ အထောက်အပံ့ ကူညီပေးမှုများကို ရပိုင်ခွင့်ရှိသည်။ ရပိုင်ခွင့်များ ဆုံးရှုံးရခြင်းနှင့် ပတ်သတ်ပြီး ဥပဒေရေးရာ လုပ်ပိုင်ခွင့်များမရှိခြင်းသည် နေရာ ဖယ်ရှားပေးရသော ပုဂ္ဂိုလ်များအတွက် အဆိုပါ လျော်ကြေးငွေများ ရပိုင်ခွင့် သို့မဟုတ် အခြားပုံစံဖြင့် အထောက်အပံ့အကူအညီ ရရှိမှုမှ အဟန့်အတား မဖြစ်စေရပါ။

ဃ) RAP တွင် ဖော်ပြသတ်မှတ်ထားသော လျော်ကြေးငွေဆိုင်ရာ ပေးချေနှုန်းသည် မည်သည့် ရည်ရွယ်ချက်အတွက်မဆို တန်ဖိုးလျှော့ထားခြင်း သို့မဟုတ် နုတ်ယူထားခြင်းမရှိဘဲ ရပိုင်ခွင့် ဆုံးရှုံးရသူ သို့မဟုတ်

DRAFT

ရပိုင်ခွင့်ရှိသော ပိုင်ရှင်ထံ ပေးရမည့် ပမာဏ အပြည့်အဝကို ရည်ညွှန်းသည်။

င)	စိုက်ပျိုးဖြစ်ထွန်းသော မြေကို ရယူသည့်အခါ ဖယ်ရှားပေးရသူ၏ လိုလားချက်ဖြစ်လျှင် ချေးငှားသူသည် မြေအစားထိုးပေးရန် စီစဉ်ပေးသင့်သည်။

စ)	မြေ၊ မရိတ်သိမ်းရသေးသော ကောက်ပဲသီးနှံများနှင့် ပူးတွဲပါ ပိုင်ဆိုင်ပစ္စည်းများအတွက် လျော်ကြေးငွေကို သက်ရောက်ခြင်းမခံရမီ ပံ့ပိုးပေးသင့်သည်။

ဆ)	ပုဂ္ဂလိကပိုင် မြေတွင် ယာယီအားဖြင့် သိမ်းပိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဝင်ငွေ သို့မဟုတ် ရပိုင်ခွင့်များ ဆုံးရှုံးမှုများကို အသားတင်နှုန်းထားဖြင့် လျော်ကြေးပေးသင့်သည်။ ထိခိုက် ခံရသူများအား တည်နေရာနှင့် ဆောက်လုပ်ရေးဆိုင်ရာ အချိန်ဇယားသတ်မှတ်ချက်ကို ညှိခြင်းဖြင့် ယာယီအားဖြင့် သိမ်းပိုက်ခြင်းကြောင့်ဖြစ်လာသော သက်ရောက်မှုများနှင့် အချိန်ကာလကို လျှော့ချရန် စာချုပ်ချုပ်ဆိုသူနှင့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများကိစ္စ ဆွေးနွေးနိုင်ရန် ကူညီပေးလိမ့်မည်။

ဇ)	ယာယီအားဖြင့် သိမ်းပိုက်ခံရသောမြေကို ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးသည်နှင့် တပြိုင်နက် မူလအခြေအနေအတိုင်းပြန်လည်ရောက်ရှိအောင် အပြည့်အဝ ပြန်လည်တည်ဆောက် ပေးလိမ့်မည်။

ဈ)	မြေနေရာ ရယူခြင်းနှင့် ပတ်သတ်ပြီး စွန့်ခွာပေးရသော ပုဂ္ဂိုလ်များ၏ လိုလားချက်များနှင့် လျော်ကြေးငွေအတွက် စီစဉ်ပေးမှုများကို သေချာစဉ်းစားပြီး စီစဉ်ပေးနိုင်ရန် RAP ပြင်ဆင်ခြင်း လုပ်ငန်းစဉ်အတွင်း ၎င်းတို့နှင့်အတူ တိုင်ပင်ဆွေးနွေးအကြံဉာဏ် ရယူသင့်သည်။

ည)	မူကြမ်းနှင့် အဆုံးသတ် RAP များကို စွန့်ခွာပေးရသော ပုဂ္ဂိုလ်များ အလွယ်တကူ သိရှိ နိုင်စေရန် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုလိမ့်မည်။

ဋ)	အရင်းအမြစ်များအား ယခင်ကအတိုင်း ရယူသုံးစွဲခြင်းနှင့် လူထုအဖွဲ့အစည်းဆိုင်ရာ ဝန်ဆောင်မှုကို ယခင်အတိုင်း ပြန်လည်ရရှိစေခြင်းကို မြေနေရာ ရယူပြီးသည်နှင့် မူလ အခြေအနေ အတိုင်း ထိန်းသိမ်းခြင်း သို့မဟုတ် တိုးတက်အောင်ဆောင်ရွက်ခြင်းကို ပြုလုပ်လိမ့်မည်။

ဌ)	မြေနေရာ ရယူခြင်းနှင့် လျော်ကြေးငွေတို့နှင့် ပတ်သတ်သော ကုန်ကျစရိတ်များအတွက် ချေးငှားသူတွင် တာဝန်ရှိသည်။ RAP သည် အရေးပေါ် အခြေအနေအတွက် စီစဉ်ပေးရမှုများ အပါအဝင် မြေနေရာ ရယူခြင်းနှင့် ဆက်စပ်နေသော ကုန်ကျစရိတ်များအားလုံးအတွက် ဘတ်ဂျက်ကို ထည့်သွင်း ထားသည်။

ဍ)	စွန့်ခွာပေးရသော ပုဂ္ဂိုလ်များ၏ ထိခိုက်နစ်နာမှုများအတွက် ပြောဆိုနိုင်သည့် နည်းလမ်း များကို သတ်မှတ်မည်ဖြစ်ပြီး အဆိုပါထိခိုက်နစ်နာမှုအတွက် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သတ်သော အချက်အလက်များကို စွန့်ခွာပေးရသူများထံ ပံ့ပိုးပေးလိမ့်မည်။

<u>အဓိပ္ပါယ် ဖွင့်ဆိုချက်များ</u>

"အိမ်ယာ စွန့်ခွာရသော ပုဂ္ဂိုလ်များ" ဆိုသည်မှာ စီမံကိန်းဆောင်ရွက်မှုများကြောင့် (၁) နေထိုင်မှု အဆင့်အတန်း ဆိုးရွားစွာ ထိခိုက်ခံရသော သို့မဟုတ် (၂) အိမ်၊ အဆောက်အဦးဥပစာ၊ စိုက်ပျိုးရေးနှင့် စားကျက်မြေအပါအဝင်



DRAFT

မြေနေရာ၊ သို့မဟုတ် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ပိုင်ဆိုင်ထားသော သို့မဟုတ် ရယူထားသော မရွှေ့ပြောင်းနိုင်သည့် ပစ္စည်း (သို့မဟုတ်) ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် ပတ်သတ်ပြီး ရပိုင်ခွင့်၊ အကျိုးအမြတ်၊ လုပ်ပိုင်ခွင့် ရှိထားသော (၃) ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ဆိုးရွားစွာ ထိခိုက်ခံရသော ကုန်ထုတ်ပစ္စည်းများကို အသုံးပြုခွင့်ရှိသော သို့မဟုတ် (၄) ဆိုးရွားစွာ ထိခိုက်ခံရသော လုပ်ငန်း၊ အလုပ်၊ သို့မဟုတ် နေထိုင်ရာနေရာ သို့မဟုတ် သက်ရှိတို့ နေထိုင်ရာ နေရာကို ပိုင်ဆိုင်သော ပုဂ္ဂိုလ်အားလုံးကို ရည်ညွှန်းပါသည်။ အဆိုပါ စကားရပ်သည် မြေနေရာ ရယူခြင်းတွင် ဆိုးရွားစွာ ထိခိုက်ခံရသော ပုဂ္ဂိုလ်အမျိုးအစားများနှင့် ဆက်နွယ်နေသော သက်ရောက်မှုများကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး ထိုသို့ ဆိုးရွားစွာ ထိခိုက်ခံရမှုအားလုံးကို နေရာပြန်ချထားခြင်း လိုအပ်သည် ဖြစ်စေ၊ မလိုအပ်သည်ဖြစ်စေ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်အရ "စွန့်ခွာပေးရသောသူ" အဖြစ် သဘောထားပါ သည်။

"ပြန်လည်အစားထိုးမှု ကုန်ကျစရိတ်" ကို အောက်ပါအတိုင်း အဓိပ္ပါယ် သတ်မှတ်ထားပါသည်။ စိုက်ပျိုးမြေအတွက် အကြို-စီမံကိန်း (သို့မဟုတ်) အကြို-နေရာရွှေ့ပြောင်းရခြင်းဖြစ်လျှင် တူညီသော ကုန်ထုတ်စွမ်းအားမျိုး ထုတ်ပေးနိုင်သည့် အလားအလာရှိသော မြေ၏ ဈေးကွက်တန်ဖိုး သို့မဟုတ် ထိခိုက်ခံရသည့် နေရာ အနီးအနားဝန်းကျင်တွင် တည်ရှိသော အလားတူ အသုံးပြုနိုင်သည့် မြေ၏ ဈေးကွက်တန်ဖိုးနှင့်အတူ ထိခိုက်ခံရသော နေရာအတိုင်းဖြစ်စေရန် ပြန်လည်ပြင်ဆင်ရသော ကုန်ကျ စရိတ်နှင့်အတူ မြေယာ မှတ်ပုံတင်ခြင်းနှင့် လွှဲပြောင်းမှု အခွန်အခများအတွက် ကုန်ကျစရိတ်များကို ဆိုလိုသည်။ အိမ်များနှင့် အခြား အဆောက်အဦးများအတွက် ၎င်းသည် ထိခိုက်ခံရသော အဆောက်အဦး အတိုင်း သို့မဟုတ် ထို့ထက် ပိုမိုကောင်းမွန်သော အရည်အသွေးနှင့် မြေဧရိယာနှင့်အတူ ပြန်လည် အစားထိုးပေးသည့် အဆောက်အဦးကို တည်ဆောက်ရန် ပစ္စည်းများအားလုံး၏ ဈေးကွက်ကုန်ကျစရိတ်၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအားဖြင့် ထိခိုက်ခံရသည့် အဆောက်အဦးကို ပြင်ဆင်ရန် ဈေးကွက် ကုန်ကျစရိတ် အပေါင်း၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ တည်ဆောက်ရေး ပစ္စည်းများ ပို့ဆောင်သယ်ယူ ပေးရသော ကုန်ကျစရိတ်၊ အပေါင်း၊ အလုပ်သမားနှင့် စာချုပ်ချုပ်ဆိုသူများ၏ ကုန်ကျစရိတ်၊နှင့် မှတ်ပုံတင်ခြင်းနှင့် လွှဲပြောင်းမှု အခွန်အခ ကုန်ကျစရိတ်တို့ ဖြစ်သည်။ ပြန်လည်အစားထိုးမှု ကုန်ကျ စရိတ်ကို ဆုံးဖြတ်ရာတွင် ပိုင်ဆိုင်ပစ္စည်းများနှင့် ကယ်ဆယ်ရေး ပစ္စည်းများအား တန်ဖိုးလျော့ခြင်းကို ထည့်သွင်း မစဉ်းစားသည့်အပြင် ထိခိုက်ခံရသော ပိုင်ဆိုင်ပစ္စည်း၏ တန်ဖိုးထဲမှ စီမံကိန်းကြောင့် ဖြစ်ပေါ်လာသော အကျိုးကျေးဇူးများ၏ တန်ဖိုးများ နုတ်ယူခြင်းကို စဉ်းစားမည်မဟုတ်ပါ။ ပြည်တွင်း ဥပဒေများ အရ ပြန်လည်အစားထိုး ပေးရသည့် ကုန်ကျစရိတ် အပြည့်အဝကို လျော်ကြေး ပေးရန် အခြေခံသတ်မှတ်ချက်များနှင့် မကိုက်ညီသည့်နေရာများတွင် ပြန်လည်အစားထိုးမှု ကုန်ကျစရိတ် အခြေခံသတ်မှတ်ချက်နှင့် ကိုက်ညီစေရန် ပြည်တွင်း ဥပဒေအရ လျော်ကြေးငွေပေးအပ်ခြင်းအပြင် ထပ်ဆောင်း ဆောင်ရွက်ချက်များကိုလည်း ဖြည့်စွက် လုပ်ဆောင်ပေးသည်။ ထိုသို့သော ထပ်ဆောင်း အကူအညီသည် OP 4.12၊ စာပိုဒ် ၆ ရှိ အခြား ပိုဒ်ခွဲများတွင် ဖော်ပြမည့် ပြန်လည်နေရာချထားခြင်း ဆိုင်ရာ လုပ်ဆောင်ချက်များနှင့် မတူ ကွဲပြားပါသည်။

## ဂ. ဥပဒေရေးရာနှင့် စည်းကမ်းဆိုင်ရာ ကန့်သတ်မှုဘောင်

မြန်မာနိုင်ငံရှိ ဥပဒေရေးရာ ကန့်သတ်မှုဘောင်သည် တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင် မြေနှင့်ပတ်သတ်သော ဥပဒေသည် တစ်မျိုးထဲမကဘဲ မြေအမျိုးအစား အမျိုးမျိုးအတွက် မတူညီသည့် ဥပဒေများ ရှိပါသည်။ လက်ရှိ ဥပဒေ စနစ်အရ မြေအားလုံးကို နိုင်ငံတော်မှပိုင်ဆိုင်ပြီး မြေအသုံးပြုသူများသည် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ အသိအမှတ်ပြုလက်မှတ်များကို ရရှိပါသည်။ မြေနေရာ ရယူခြင်း အက်ဥပဒေ (၁၈၉၄) အရ အသိအမှတ်ပြုလက်မှတ်များကို ထုတ်ပေးပါသည်။ လူထု သို့မဟုတ် ပုဂ္ဂလိကပိုင် စီမံကိန်းများကြောင့် ပုဂ္ဂလိကပိုင် မြေကို ရယူသည့်အခါ သို့မဟုတ် သစ်ပင်များ၊ ရှိပြီးဖြစ်သည့် ကောက်ပဲသီးနှံများကဲ့သို့ ပုဂ္ဂလိကပိုင် ပစ္စည်းများကို ဆုံးရှုံးရသည့်အခါ ဈေးကွက် တန်ဖိုးအရ လျော်ကြေးငွေများကို ပေးအပ်သည်။ မကျေနပ်ချက်များရှိသည့် ထိခိုက်နစ်နာရသော သူများအနေဖြင့် လည်း တရားရုံးတွင်တိုင်ကြားနိုင်ရန် အက်ဥပဒေမှ ခွင့်ပြုထားသည်။

.

လယ်မြေပိုင်ရှင်များအနေဖြင့် ၎င်းတို့ မြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ဖလှယ်ခြင်း၊ အမွေဆက်ခံစေခြင်း၊ သို့မဟုတ် ၎င်းတို့မြေ၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ လှူဒါန်းခြင်းတို့ ဆောင်ရွက်နိုင်ခြင်းကို အသိအမှတ်ပြုခြင်းကဲ့သို့သော များပြားလှသော ပြုပြင်ပြောင်း လဲမှုများကို မိတ်ဆက်ထားသည့် လယ်မြေ ဥပဒေသစ်တစ်ခုကို မကြာမီက ပြဌာန်းလိုက်သည်။ ၎င်းမြေနှင့် ပူးတွဲပါရှိသော အဆောက်အဦးများ သို့မဟုတ် မြေများအတွက် လျော်ကြေးငွေပေးဆောင်ရန် လည်း လိုအပ်သေးသည်။ ကျေးလက်ဒေသများရှိ စိုက်ပျိုးမြေ မဟုတ်သော မြေများအတွက် ရွာနှင့် မြို့ အက်ဥပဒေများကို ပြန်လည် ပြင်ဆင်နေဆဲ ဖြစ်သည်။ မကြာသေးမီက သတ်မှတ်ခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း၊ စီမံခန့်ခွဲမှု ဥပဒေတွင် အသုံးမပြုသော မြေအတွက် တရားဝင် ပြဌာန်းချက်များကို သတ်မှတ်ထားသည်။

မြေနှင့် ပိုင်ဆိုင်ပစ္စည်းများ ဆုံးရှုံးခြင်းအတွက် နိုင်ငံတော် တရားစီရင်ရေး ဥပဒေသည် ပြန်လည်အစားထိုး ကုန်ကျစရိတ်များဖြင့် ဆုံးရှုံးသွားသော ရပိုင်ခွင့်များအတွက် လျော်ကြေးပေးရန် လိုအပ်သော OP 4.12 ၏ အဓိက အခြေခံစည်းမျဉ်းများနှင့် အလားတူသည်။ သို့သော် OP 4.12 သည် ပို၍ အသေးစိတ်ကျပြီး ပြန်လည်နေရာချထားခြင်း လုပ်ဆောင်ချက် အစီအစဉ်၊ တိုင်ပင် နှီးနှောဖလှယ်ခြင်းနှင့် ပြည်သူလူထုထံ ထုတ်ဖော်ပြောဆိုခြင်းကဲ့သို့ နိုင်ငံတော် တရားစီရင်ရေး ဥပဒေတွင် မတွေ့ရှိရသော လိုအပ်ချက်များစွာ ပါဝင်သည်။ AIRBMP အတွက် OP 4.12 ပါ လိုအပ်ချက်များအားလုံးသည် သက်ရောက်မှုရှိပြီး မြန်မာနိုင်ငံ အစိုးရသည်လည်း RPF ရှိ လိုအပ်ချက်များနှင့် ကွဲလွဲနေသည့်အချက်များအတွက် ဥပဒေရေးရာ သို့မဟုတ် စည်းကမ်းဆိုင်ရာ ပြဌာန်းချက်များကို စွန့်လွှတ်မည်ဟုလည်း သဘောတူထားပြီး RPF နှင့်အညီ ပြင်ဆင်ထားသော RAP များကို အပြည့်အဝနှင့် အကျိုးသက်ရောက်မှုရှိစွာ အကောင်အထည်ဖော်နိုင်ရေး သေချာစေရန် အတွက် လိုအပ်သော လုပ်ဆောင်မှုများကို ဆောင်ရွက်မည်ဟုလည်း သဘောတူထားသည်။ စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း OP 4.12 နှင့် နှိုင်းယှဉ်ပြီး နိုင်ငံတော်ဆိုင်ရာ ဥပဒေရေးရာ ကန့်သတ်မှုဘောင်ကို ထို့ထက် ပိုမိုအသေးစိတ်ကျစွာ လေ့လာဆန်းစစ်ခြင်းကို ပြုလုပ်လိမ့်မည် ဖြစ်ပြီး လိုအပ်သော RAP များကိုလည်း ဥပဒေရေးရာ ကန့်သတ်မှုဘောင်တွင် ဖွံ့ဖြိုးတိုးတက်မှုအသစ်များကိုလည်း ထည့်သွင်းလိမ့်မည်။.

**ဃ. အရည်အချင်းပြည့်မီသည့် စံနှုန်းများနှင့် ခံစားပိုင်ခွင့်များ**

ပြန်လည်နေရာချထားခြင်းဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း၏ ရည်ရွယ်ချက်မှာ မူလနေရာမှ ဖယ်ရှားပေးရသော ပုဂ္ဂိုလ်များအနေဖြင့် ၄င်းတို့ ဆုံးရှုံးမည့် ရပိုင်ခွင့်များကို ပြန်လည်အစားထိုးရန်၊ ၄င်းတို့၏ ဝင်ငွေနှင့် လူနေမှု အဆင့်အတန်းများကို တိုးမြှင့်ရန် သို့မဟုတ် အနည်းဆုံး မူလအနေအထားအတိုင်းပြန်လည်ရရှိရန် လုံလောက်သော အခွင့်အရေးများရှိကြောင်း သေချာစေရန် ဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်များ ပြည့်မြောက် အောင်မြင်စေရန်အတွက် မူလနေရာမှ ဖယ်ရှားပေးရသူများအားလုံးကို ရှာဖွေဖော်ထုတ်ရန် လိုအပ်ပြီး ဖယ်ရှားပေးရသောပုဂ္ဂိုလ်များ အားလုံးသည် RAP အတွင်း သက်ရောက်မှုများ လျော့ချပေးရေး လုပ်ဆောင်ချက်များအတွက် အရည်အချင်းပြည့်မီကြောင်း သေချာစေရန် အရေးကြီးသည်။ အသေးစား မြေနေရာ ရယူခြင်းနှင့် ပတ်သတ်ပြီး နေရာဖယ်ရှားခံရသော ပုဂ္ဂိုလ်များသည် အောက်ဖော်ပြပါ အရာများ အတွက် အစားထိုးကုန်ကျစရိတ်များကို လျော်ကြေးရပိုင်ခွင့် ရှိသည်။

က) ရယူရမည်ဖြစ်သော မြေအားလုံး။ စိုက်ပျိုးမြေကို ရယူရမည်ဆိုလျှင် စွန့်ခွာပေးရသော ပုဂ္ဂိုလ်များ အလိုရှိပါက အလားတူ ကုန်ထုတ်နိုင်စွမ်းရှိသည့် မြေကို အစားထိုးရယူရာတွင် စီမံကိန်းအနေဖြင့် ကူညီပေးသင့်သည်။

ခ) မရိတ်သိမ်းရသေးသော ကောက်ပဲသီးနှံများ၏ ဈေးကွက်တန်ဖိုးနှင့် ထုတ်လုပ် နိုင်စွမ်းရှိသော သစ်ပင်များ၏ ခန့်မှန်း အနာဂတ် တန်ဖိုး။ (သစ်သီး၊ အခွံမာသီး သို့မဟုတ် ကျွန်းသစ်)

ဂ) ရယူမည့် မြေရှိ မရွေ့ပြောင်းနိုင်သည့် ပစ္စည်းများ သို့မဟုတ် တိုးတက်မှုများ။

ဃ) စီမံကိန်း တည်ဆောက်ရန်အတွက် မြေကို ယာယီရယူခြင်း ဖြစ်လျှင် ယာယီအသုံးပြုခ လျော်ကြေးပေးရန်လိုအပ်ပြီး အသုံးပြုပြီးနောက် အဆိုပါမြေကို မူလ အခြေအနေအတိုင်း (သို့မဟုတ် ပိုမိုကောင်းမွန်သည့် အခြေအနေရောက်အောင်) ပြန်လည် ဆောင်ရွက်ပေးရမည်။

မြေကို တစ်စိတ်တပိုင်း ရယူခြင်းဖြင့် ကျန်ရှိနေသည့်မြေများသည် စီးပွားရေးအရ အလားအလာမရှိသော၊ ရယူရန်ခက်ခဲသော သို့မဟုတ် အသုံးပြုရန် သို့မဟုတ် နေထိုင်ရန်အတွက် ဘေးကင်းလုံခြုံမှုမရှိသော မြေဖြစ်သွားမည်ဆိုလျှင် ဖယ်ရှားခံရသည့် ပုဂ္ဂိုလ်များ၏ တောင်းဆိုချက်ဖြင့် စီမံကိန်းမှ မြေတစ်ခုလုံးကို ရယူသင့်သည်။
ဒေသန္တရဆိုင်ရာ သို့မဟုတ် စုပေါင်းမြေအပါအဝင် မြေအနည်းငယ်သာ ရယူခြင်းအတွက် အစားထိုး ကုန်ကျစရိတ် လျော်ကြေးငွေကို လူထုအဖွဲ့အစည်း သို့မဟုတ် စုပေါင်းမြေ ပိုင်ရှင်ထံ ပံ့ပိုးပေးပါသည်။ အဆိုပါ မြေကို ဆုံးရှုံးလိုက်ရပြီး တိုက်ရိုက် ထိခိုက်ခံစားရသော ဖယ်ရှားခံရသည့် ပုဂ္ဂိုလ်များသည် မရိတ်သိမ်းရသေးသော ကောက်ပဲသီးနှံများ၊ ထုတ်လုပ်နိုင်စွမ်းရှိသည့် သစ်ပင်များ၊ အခြား ရပိုင်ခွင့်များ သို့မဟုတ် ၄င်းတို့အသုံးပြုနေသည့် မြေတွင် တည်ဆောက်ထားသော တိုးမြှင့်မှုများအတွက် အစားထိုး ကုန်ကျစရိတ်ကိုမူ လျော်ကြေးအဖြစ် ရရှိနိုင်သည်။

အသိအမှတ်ပြုထားသော တရားဝင် အခွင့်အရေး သို့မဟုတ် တရားမဝင် အသုံးပြုသူများ သို့မဟုတ် ပိုက်နက်ကျူးကျော် နေထိုင်သူများကဲ့သို့ အများပြည်သူပိုင်မြေတွင် အခြေချနေထိုင်နေသော မြေနှင့် ပတ်သတ်ပြီး တောင်းဆိုပိုင်ခွင့် မရှိသည့် ထိခိုက်ခံရသူများအနေဖြင့် မြေနှင့်ပတ်သတ်ပြီး လျော်ကြေး ငွေရရန် အခွင့်မရှိသော်လည်း မရိတ်သိမ်းရသေးသော ကောက်ပဲသီးနှံများ၊ ထုတ်လုပ်နိုင်စွမ်းရှိသည့် သစ်ပင်များ၊ အခြား

DRAFT

ရပိုင်ခွင့်များ သို့မဟုတ် ၎င်းတို့အသုံးပြုနေသည့် မြေတွင် တည်ဆောက်ထားသော တိုးမြှင့်မှုများအတွက် အစားထိုး ကုန်ကျစရိတ်ကိုမူ လျော်ကြေးအဖြစ် ရရှိနိုင်သည်။

စီမံကိန်း စီစဉ်ရေးဆွဲမှု ပုံစံ လုပ်ငန်းစဉ်သည် စီမံကိန်းကြောင့် ဖြစ်ပေါ်လာသော လမ်းများအသုံးပြုမှု၊ ရေ သို့မဟုတ် အခြား သဘာဝ အရင်းအမြစ်များအသုံးပြုမှုနှင့် ပတ်သတ်ပြီး ကန့်သတ်ချက်များ သို့မဟုတ် အတားအဆီးများကို သတ်မှတ်ရန်နှင့် လျှော့ချရန် ရည်ရွယ်ထားပါသည်။ အသုံးပြုမှုနှင့် ပတ်သတ်ပြီး အတားအဆီးများ သို့မဟုတ် ကန့်သတ်ချက်များ လျှော့ချပေးခြင်းမရရှိသော သူများအနေဖြင့် စီမံကိန်းဆိုင်ရာ သက်ရောက်မှုများ လျှော့ချရေး အကူအညီများကို ရရှိပိုင်ခွင့် ရှိသည်။

<u>ခံစားပိုင်ခွင့်များ -</u>

တိကျသော သက်ရောက်မှု ပမာဏနှင့် အတိုင်းအဆကို သိသည်နှင့် လိုအပ်သော RAP အသီးသီးအတွက် အသေးစိတ် ခံစားပိုင်ခွင့် အခြေအနေပြဇယားကို ပြုလုပ်မည်ဖြစ်သည်။ အောက်ဖော်ပြပါ ယေဘုယျ ခံစားပိုင်ခွင့် အခြေအနေပြဇယားတွင် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်စဉ်အတွင်း အသုံးပြုမည့် အခြေခံသဘောတရားစည်းမျဉ်းများကို ဖော်ပြထားသည် -

***ဇယား ၁၂ - ယေဘုယျ ခံစားပိုင်ခွင့် အခြေအနေပြဇယား***

| **ဆုံးရှုံးမှု အမျိုးအစား** | **ခံစားခွင့်ရှိသော ပုဂ္ဂိုလ်များ** | **ခံစားပိုင်ခွင့်များ** | **အကောင်အထည်ဖော်ဆောင်ရေး ကိစ္စရပ်များ** |
|---|---|---|---|
| ပုဂ္ဂလိကပိုင် မြေကို ဆုံးရှုံးမှု | အိမ်ထောင်စုစာရင်းကောက်ယူမှုအတွင်း သတ်မှတ် ထားသော တရားဝင်ပိုင်ရှင်များ (သို့) နေထိုင်သူများ | ရွာအတွင်းရှိ အလားတူ မြေတန်ဖိုး၊ မြေအမျိုးအစား၊ ထုတ်လုပ်နိုင်စွမ်းတို့နှင့် ပတ်သတ်သော လက်ရှိ ဈေးကွက်တန်ဖိုးနှင့် ညီမျှသော အစားထိုး ကုန်ကျစရိတ်အတွက် ငွေသား လျော်ကြေးငွေ၊ လွှဲပြောင်းမှု ကုန်ကျစရိတ်များမှ ကင်းလွတ်ရမည် (အခွန်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အခကြေးငွေများ) | |
| | ၎င်းတို့နေထိုင်ရာ နေရာနှင့် ပတ်သတ်ပြီး တောင်းဆိုခွင့် (သို့) တရားဝင် အခွင့်အရေး မရှိသော ထိခိုက်ခံရသူများ | အနည်းဆုံး၊ မူဝါဒဆိုင်ရာ ရည်ရွယ်ချက် အတိုင်းပြီးမြောက်စေရန် ပြန်လည် ပြင်ဆင်ပေးခြင်းဆိုင်ရာ အထောက်အပံ့ (နေရာ ဖယ်ရှားပေးခြင်း မပြုလုပ်မီ အခြေအနေ သို့မဟုတ် စီမံကိန်း အကောင် အထည်မဖော်မီအထိ ရေပန်းစားသော အဆင့် တစ်ခုအထိ သက်မွေးဝမ်းကျောင်းမှု (သို့) လူနေမှု အဆင့်အတန်းကို တိုးတက်စေရန် (သို့) အနည်းဆုံး ၎င်းအခြေအနေအတိုင်း | |

| | | | |
|---|---|---|---|
| | | ပြန်လည် ရရှိစေရန်) | |
| သစ်ပင်များ၊ အဆောက် အအုံများနှင့် အခြား ပုဂ္ဂလိကပိုင် ရပိုင်ခွင့်များ ဆုံးရှုံးမှု | မည်သည့် လုပ်ပိုင်ခွင့် အခြေအနေတွင် ဖြစ်စေထိခိုက်ခံ ရသော အဆောက်အအုံ ၏ ပိုင်ရှင်များ | အစားထိုးမှု ကုန်ကျစရိတ်အတွက် ငွေသား ပေးလျော်မှုထိခိုက်ခံရသူများထံ ကယ်ဆယ် ရေးပစ္စည်းများကို ထောက်ပံ့ပေးလိမ့်မည်။ | ကျန်ရှိသည့် အဆောက်အအုံ၏ အစိတ်အပိုင်းများသည် အသုံးပြုရန် မလုံလောက်တော့လျှင် ထိခိုက်ခံရသော အဆောက်အဦးတစ်ခုလုံးအတွက် လျော်ကြေးကို ပေးရလိမ့်မည်။ ကယ်ဆယ်ရေး ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကို စီမံကိန်းမှ ကူညီပေးလိမ့်မည်။ |
| ယာယီမြေ နေရာသိမ်း ပိုက်ခံရမှု | အိမ်ထောင်စုစာ ရင်းကောက်ယူမှု အတွင်း သတ်မှတ်ထား သော တရားဝင် ပိုင်ရှင်များ (သို့) နေထိုင်သူများ | ဝင်ငွေ သို့မဟုတ် ရပိုင်ခွင့် ဆုံးရှုံးမှုအတွက် အသားတင်တန်ဖိုးကို အခြေခံ၍ ငွေသား ပေးလျော်ခြင်း။ဆောက်လုပ်ရေး လုပ်ငန်းများ ပြီးမြောက်သည်နှင့် မူလအခြေအနေတိုင်း ဖြစ်အောင်မြေကို ပြန်လည် ပြုပြင်ထားရှိပေး ခြင်း။ | တာဝန်ရှိသော CPU တို့မှ အကောင်အထည်ဖော်ဆောင် ရွက်ခြင်းကို စောင့်ကြပ် ကြည့်ရှု လိမ့်မည်။ |

**င. စီမံကိန်း လုပ်ထုံးလုပ်နည်းများ**

ဤ RPF ကို အကောင်အထည်ဖော်ရန်နှင့် သတ်မှတ် လုပ်ဆောင်ချက်များ နှင့် စီမံကိန်း-ခွဲများအတွက် RAP များကို အကောင်အထည်ဖော်ရန် တာဝန် (ဆက်စပ်နေသော ကုန်ကျစရိတ်များအားလုံးနှင့် ထေမိစေရန် တာဝန်အပါအဝင်) သည် မြန်မာနိုင်ငံအစိုးရအပေါ်တွင် မူတည်သည်။ ဤစီမံကိန်းနှင့် ပတ်သတ်ပြီး ယေဘုယျအားဖြင့် တာဝန်ရှိသည့် အေဂျင်စီသည် DWIR ဖြစ်သည်။ DWIR သည် အချိန်မှီနှင့် ထိရောက်မှုရှိသော အကောင်အထည်ဖော်ဆောင်ရွက်မှုများကို သေချာစေရန် အခြားပါဝင်သော အေဂျင်စီများနှင့်အတူ လုပ်ဆောင်ချက်များကို ပူးပေါင်းဆောင်ရွက်ရန် ၎င်း၏ အာဏာကို လိုအပ်သလို အပြည့်အဝ အသုံးပြုမည်ဖြစ်သည်။ အသေးစိတ် စီမံကိန်းရေးဆွဲထားမှု ဒီဇိုင်းများနှင့် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုသူများကို ငှားရမ်းရန် ပြန်လည်သုံးသပ်ရာတွင် ဦးစီးဆောင်ရွက်သည့် ဗဟို အဆင့်ရှိ အစိတ်အပိုင်း စီမံခန့်ခွဲမှု လုပ်ငန်းများ (CPUs) သည် မြေနေရာ ရယူခြင်း သို့မဟုတ် ရပိုင်ခွင့်များ ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်ရန် လိုအပ် မလိုအပ်ကို ဆုံးဖြတ်လိမ့်မည်။ မြေနေရာ ရယူခြင်းဆိုင်ရာ စစ်ဆေးရန် စာရင်းကို ပြုလုပ်မည်ဖြစ်ပြီး စီမံကိန်း လည်ပတ်မှုဆိုင်ရာ လက်စွဲစာအုပ်တွင် ပူးတွဲဖော်ပြလိမ့်မည်။ အဆိုပါ စစ်ဆေးချက် စာရင်းတွင် အနည်းဆုံး အောက်ပါအချက်များ ပါဝင်လိမ့်မည် -

*ဇယား ၁၃ - မြေနေရာ ရယူမှု စစ်ဆေးရန် စာရင်း (စီမံကိန်း OM တွင် အဆုံးသတ်ရမည့် နမူနာပုံစံ)*

DRAFT

| စိစစ် စစ်ဆေးရန်/ စစ်ဆေးရန် | မှန်/မှား | လိုအပ်ချက်များ |
|---|---|---|
| ငွေကြေးထောက်ပံ့ပေးထားသော စီမံကိန်း လုပ်ဆောင်မှုများကို အကောင်အထည်ဖော်ရာတွင် ယာယီ (သို့) အမြဲတမ်း မြေနေရာ ရယူခြင်း လိုအပ်မည်လား (သို့) ပုဂ္ဂလိက ပုဂ္ဂိုလ်များမှ အသုံးပြုသော (သို့) ပိုင်ဆိုင်သော ပုဂ္ဂလိကပိုင် ပိုင်ဆိုင်ပစ္စည်းများ (ဥပမာ - သစ်ပင်များ၊ ခြံစည်းရိုးများ၊ စိုက်ပျိုးပြီး ကောက်ပဲသီးနှံများ၊ အစရှိသဖြင့်) ကို ဆုံးရှုံးမှု ဖြစ်ပေါ်စေမည်လား? | | ဖြစ်ပေါ်စေမည် ဆိုလျှင်၊ ဤ RPF တွင် ဖော်ပြထားသည့်အတိုင်း OP 4.12 ကို အသုံးပြုပါ။ သင့်လျော်သည့် ပြင်ဆင်မှု လုပ်ငန်းစဉ်များနှင့် ဆိုးကျိုးများ လျော့ချရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ဆုံးဖြတ်ရန် သက်ရောက်မှု အတိုင်းအတာနှင့် အမျိုးအစားကို ချင့်တွက်အကဲဖြတ်ပါ။ |
| ထိခိုက်ခံရသူများသည် အစားထိုးမှု ကုန်ကျစရိတ်အတွက် လျော်ကြေးရပိုင်ခွင့်ရှိသည်ကို သေချာ ရှင်းပြထားပါသလား? | | ရှင်းပြမထားလျှင်၊ ထိခိုက်ခံရသူ လူထုအဖွဲ့အစည်းများနှင့် ဆွေးနွေးရန်နှင့် ၎င်းတို့ထံအကြောင်းကြားရန် ကြိုးစားအားထုတ်မှုများပြုလုပ်ကြောင်း သေချာစေရမည်၊ ဒေသခံ လူထုအဖွဲ့အစည်းများ နားလည်နိုင်မည့် ဘာသာစကား နည်းလမ်းဖြင့် RPF ကို ထုတ်ဖော်ပြောကြားပါ။ |
| သက်ရောက်မှုများကို ရှောင်ရှားရန် (သို့) လျှော့ချရန် အခြား နည်းပညာပိုင်းဆိုင်ရာ ဖြေရှင်းချက်များ (သို့) စီမံကိန်းရေးဆွဲမှု ညှိယူမှုများကို ရှာဖွေပြီးပါပြီလား? | | မရှာဖွေရသေးလျှင်၊ သက်ရောက်မှုများကို ရှောင်ကြဉ်ရန် (သို့) လျှော့ချရန် အခြားနည်းများရှိမရှိ ချင့်တွက် အကဲဖြတ်ပါ။ |
| ကမ္ဘာ့ဘဏ်မှ မဝင်ရောက်မီ အဆိုပါမြေအား ရယူထားခြင်းများ ရှိပါသလား? | | ရှိလျှင် လက်ရှိ အနေအထားအထိ ကုန်ကျသည့် ရင်းနှီးမြှုပ်နှံငွေနှင့် လုပ်ငန်းများကို စစ်ဆေးခြင်း ပြုလုပ်ပြီး မြေနေရာ ရယူခြင်းသည် နိုင်ငံတော် လိုအပ်ချက်များအရ ဟုတ်မဟုတ်နှင့် OP 4.12 ၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီခြင်း ရှိမရှိ ချင့်တွက်အကဲဖြတ်ရန်၊ လက်ရှိ အနေအထားအထိ ကုန်ကျသည့် ရင်းနှီးမြှုပ်နှံငွေနှင့် လုပ်ငန်းများကို စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် သတ်မှတ်ထားသော ကွာဟမှုများကို ဆောင်ရွက်ရန် လုပ်ဆောင်ချက် အစီအစဉ်ကို |

| | | |
|---|---|---|
| | | ပြင်ဆင်ပါ။ |
| မြေနှင့်ပတ်သတ်ပြီး နှင့်/သို့ မြေပိုင်ဆိုင်မှုနှင့် ပတ်သတ်ပြီး အငြင်းပွားမှုများ ရှိပါသလား? | | ရှိလျှင်၊ ငွေကြေးမထောက်ပံ့မီ ထိုပြဿနာကို ဖြေရှင်းရန် ဆောင်ရွက်ပါ။ |

မြေနေရာ ရယူခြင်း သို့မဟုတ် ရပိုင်ခွင့် ဆုံးရှုံးခြင်းများကို ရှောင်ကြဉ်ရန် ကြိုးစားပြီးသော်လည်း ရှောင်ရှားရန် မဖြစ်နိုင်လျှင် CPU သည် ကမ္ဘာ့ဘဏ်နှင့်တိုင်ပင်ဆွေးနွေးပြီး OP 4.12 နှင့် အောက်တွင် သတ်မှတ်ထားသည့် လိုအပ်ချက်များတွင် အခြေခံပြီး အကျဉ်းချုပ် RAP သို့မဟုတ် RAP တစ်ခုကို ပြုလုပ်လိမ့်မည်။

စီမံကိန်းလုပ်ဆောင်ချက်များ ပြီးမြောက်စေရန် မြေနေရာ ရယူခြင်းကို လိုအပ်သည်ဟု ဆုံးဖြတ်ပြီး ရယူရမည့် မြေဧရိယာအတွက် အခြေခံ စံနှုန်းများကို သတ်မှတ်ပြီးသည်နှင့် RAP ပြင်ဆင်ခြင်းကို စတင်လိမ့်မည်။ သက်ဆိုင်ရာ CMU မှ မြေဖယ်ရှားပေးရသော ပုဂ္ဂိုလ်အရေအတွက်ကို သတ်မှတ်ရန်နှင့် စာရင်းမှတ်ရန်၊ ရယူရမည့် မြေဧရိယာနှင့် အခြားရပိုင်ခွင့်များကို သတ်မှတ်နိုင် အိမ်ထောင်စုစာရင်း စစ်တမ်းကောက်ယူမှုကို ဆောင်ရွက်လိမ့်မည်ဖြစ်သည်။ အိမ်ထောင်စုစာရင်း စစ်တမ်းကောက်ယူမှုသည် ဖယ်ရှားခံရသော သူများအားလုံးကို ပါဝင်ရေတွက်ရမည်ဖြစ်ပြီး ၎င်းတို့၏ ထိခိုက်ခံရသော ပိုင်ဆိုင်ပစ္စည်း ရပိုင်ခွင့်များအားလုံးကိုလည်း သတ်မှတ်ရမည်။

RAP ကို ပြင်ဆင်ရမည်ဆိုလျှင် ဤ RPF တွင် သတ်မှတ်ထားသော အခြေခံစည်းမျဉ်းများ၊ အစီအစဉ် ရေးဆွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ စီစဉ်ဆောင်ရွက်ချက်များပေါ်တွင် အခြေခံရမည်။ ပြန်လည်နေရာချထားခြင်းဆိုင်ရာ ဆောင်ရွက်ချက် အသေးစိတ် အတိုင်းအတာနှင့် အဆင့်တို့သည် ပြန်လည်နေရာချထားရာတွင် ရှုပ်ထွေးမှုနှင့် နေရာချထားမှု အတိုင်းအတာအလိုက် ပြောင်းလဲနိုင်ပါသည်။ ပြန်လည်နေရာချထားခြင်းဆိုင်ရာ အစိတ်အပိုင်းကို ပြင်ဆင်ရာတွင် ချေးငှားသူသည် သင့်လျော်သည့် လူမှုဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာနှင့် တရားဥပဒေရေးရာ ကျွမ်းကျင်သူများနှင့် သက်ဆိုင်ရာ လူထုအခြေပြု အဖွဲ့အစည်းများနှင့် NGO များပေါ်တွင် မှီတည်ပါသည်။ ချေးငှားသူသည် စီမံကိန်းကြောင့် ဖြစ်ပေါ်လာမည့် ပြန်လည်နေရာချထားခြင်းဆိုင်ရာ ကိစ္စရပ်များအကြောင်းကို ကနဦးအဆင့်တွင်ပင် နေရာဖယ်ရှားပေးရမည့်သူများထံ အကြောင်းကြားပြီး အဆိုပါ ပုဂ္ဂိုလ်များထံမှ စီမံကိန်း ရေးဆွဲမှုနှင့်ပတ်သတ်သည့် ထင်မြင်ယူဆချက်များကို ထည့်သွင်းစဉ်းစားပါသည်။

RAP တွင် အောက်ဖော်ပြပါ အချက်များ ပုံမှန်အားဖြင့် ပါဝင်ပါသည် -

က. စီမံကိန်းဖော်ပြချက်နှင့် ထိခိုက်ခံရသော စီမံကိန်း ဧရိယာများအား သတ်မှတ်ချက်။

ခ. ပြန်လည်နေရာချထားခြင်းကို ဖြစ်ပေါ်စေနိုင်သော လုပ်ဆောင်မှုများ သို့မဟုတ် စီမံကိန်း အစိတ်အပိုင်းများကို သတ်မှတ်ချက်၊ ထိုအစိတ်အပိုင်း သို့မဟုတ် လုပ်ဆောင်မှုများကြောင့် သက်ရောက်ခံရမည့် ဇုန်နယ်မြေ၊ ပြန်လည်နေရာချထားခြင်းကို ရှောင်ရှားရန် သို့မဟုတ် လျှော့ချရန် စဉ်းစားထားသည့် အခြားနည်းလမ်းများ၊ စီမံကိန်း အကောင်အထည်ဖော်စဉ် ကာလအတွင်း တတ်နိုင်သမျှ ပြန်လည်နေရာချထားခြင်းကို လျှော့နည်းစေရေး ပြုလုပ်မည့် နည်းလမ်းများ။

ဂ. RAP ၏ ရည်ရွယ်ချက်များ

DRAFT

ဃ. လူမှု-စီးပွားဆိုင်ရာ လေ့လာမှုများ - ထိခိုက်ခံရသော ပုဂ္ဂိုလ်များ၏ အခြေခံ အချက်အလက်များ (ဥပမာ - ယေဘုယျ ဝိသေသ လက္ခဏာများ၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများ၊ လက်ရှိ ဝင်ငွေနှင့် သဘာဝအရင်းအမြစ်များကို အသုံးပြုမှု၊ အားနည်းသည့် အုပ်စုများ)

င. အိမ်ထောင်စုစာရင်း/စစ်တမ်းကောက်ယူမှု ရလဒ်များ - ထိခိုက်ခံရသော ပုဂ္ဂိုလ်များအားလုံးကို သတ်မှတ်ခြင်းနှင့် စာရင်းပြုစုခြင်း၊ အိမ်ထောင်စုစာရင်း လုပ်ခြင်းနှင့် စစ်တမ်းကောက်ယူမှု ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်စဉ် ကာလတလျှောက် ဆုံးရှုံးလိုက်ရသော မြေ၊ အဆောက်အအုံများနှင့် (ယာယီ သက်ရောက်မှုများအပါအဝင်) အခြား ပိုင်ဆိုင်ပစ္စည်းများ၏ စာရင်းများနှင့် သတ်မှတ်ချက်များ

စ. တရားဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ ကန့်သတ်မှုဘောင်။

ဆ. လျော်ကြေးငွေပေးချေရန်အတွက် အရည်အချင်းပြည့်မီသည့် စံနှုန်းနှင့် အခြား အကူအညီပေး မည့် နည်းလမ်းများ။

ဇ. စေတနာဖြင့်ဖြစ်စေ သို့မဟုတ် ငွေသားဖြင့်ဖြစ်စေ အစားထိုးမှု ကုန်ကျစရိတ်နှုန်းထားဖြင့် ဆုံးရှုံးမှုများကို တန်ဖိုးသတ်မှတ်ခြင်း သို့မဟုတ် ဆုံးရှုံးမှုအတွက် လျော်ကြေးပေးခြင်း။

ဈ. (အဆိုပြုနေရာများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ချင့်တွက်အကဲဖြတ်မှု အပါအဝင်) နေရာ ရွေးချယ်မှု၊ နေရာ ပြင်ဆင်မှုနှင့် ပြန်လည် နေရာချထားမှု။

ည. လိုအပ်ပါက လူထု အခြေခံအဆောက်အဦးနှင့် လူမှု ဝန်ဆောင်မှုများအား အစားထိုးခြင်း သို့မဟုတ် နဂိုမူလ အခြေအနေပြန်ရောက်အောင် ဆောင်ရွက်ခြင်း။

ဋ. သက်မွေးဝမ်းကျောင်းမှု တိုးတက်ရေးအတွက် (သို့မဟုတ် နဂိုအတိုင်း ပြန်လည်ရောက်ရှိ စေရေးအတွက်) အသေးစိတ် စီစဉ်ဆောင်ရွက်မှုများ။

ဌ. အားနည်းချက်များရှိသော အိမ်ထောင်စုများအား ရှာဖွေဖော်ထုတ်ခြင်း၊ ၎င်းတို့အတွက် အရည်အချင်းပြည့်မီသည့် ဆောင်ရွက်ချက်များနှင့်ပတ်သတ်ပြီး စီစဉ်ထားမှုအား အပြည့်အစုံ ဖော်ပြချက်။

ဍ. ထိခိုက်နစ်နာကြေးအတွက် လျော်ကြေးငွေပေးအပ်ခြင်းဆိုင်ရာ နည်းလမ်းများ အပါအဝင် တိုင်ပင်နှီးနှောဖလှယ်ခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်စေရေး စီစဉ်ဆောင်ရွက်မှုများ။

ပ. တည်ဆောက်ရေး လုပ်ငန်းများဆောက်လုပ်ရန်အတွက် အချိန်ဇယားနှင့် ကိုက်ညီစွာ ပြုလုပ်ထားသော အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ဇယားအသေးစိတ်။

ဏ. ဈေးနှုန်း မြင့်တက်သွားမှုနှင့် မျှော်လင့်မထားသော ကုန်ကျစရိတ်များအတွက် အရေးအပေါ် အသုံးစရိတ်အပါအဝင် လျော်ကြေးငွေပေးရန်အတွက် တစ်ခုချင်းစီ၏ နှုန်းထားများကို သတ်မှတ်ထားသော ကုန်ကျစရိတ်နှင့် ဘတ်ဂျက်လျာထားမှု။

တ. ကမ္ဘာ့ဘဏ်မှ လိုအပ်သည်ဟု ယူဆလျှင် ပြုလုပ်မည့် ပြင်ပ စောင့်ကြပ်ကြည့်ရှုခြင်းအပါအဝင် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တန်ဖိုးဖြတ်ခြင်းအတွက် စီစဉ်ဆောင်ရွက်မှုများ။

ထ. မြေ သို့မဟုတ် ဆုံးရှုံးလိုက်ရသော အခြားပစ္စည်းများ၏ အမျိုးအစားများ၊ အရည်အချင်းပြည့်မီသော စံနှုန်းသတ်မှတ်ချက်၊ အမျိုးအစား အသီးသီးအတွက် ခံစားပိုင်ခွင့်များ (တစ်ခုချင်း နှုန်းထား၊ ထောက်ပံ့ကြေး ပမာဏ၊

သို့မဟုတ် အခြားဆောင်ရွက်ပေးမှုများ) အပါအဝင် ဆိုးရွားစွာ သက်ရောက်ခံရသော အမျိုးအစားအားလုံးကို ကော်လံအလိုက် စီစဉ်ထားသော ခံစားပိုင်ခွင့် အခြေအနေပြဇယား။.

အကျဉ်းချုပ်ထားသော RAP တွင် အောက်ဖော်ပြပါ အချက်များ ပုံမှန်အားဖြင့် ပါဝင်ပါသည် -

က) နေရာဖယ်ရှားခံရသော သူများ၏ သန်းခေါင်စာရင်း စစ်တမ်းကောက်ယူမှုနှင့် ထိခိုက်ခံရသော မြေနှင့် ပိုင်ဆိုင်ပစ္စည်းများ၏ စာရင်း။

ခ) ပိုင်ဆိုင်ပစ္စည်းများကို တန်ဖိုးသတ်မှတ်ထားသော ဖော်ပြချက်နှင့် လျော်ကြေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။

ဂ) လျော်ကြေးငွေပေးရန်အတွက် အရည်အချင်းပြည့်မီသည့် စံနှုန်းများနှင့် အကူအညီပေးမည့် အခြားနည်းလမ်းများ။

ဃ) မြေနှင့် အခြားပိုင်ဆိုင်ပစ္စည်း အမျိုးအစားအားလုံးအတွက် လျော်ကြေးငွေနှုန်းထား။

င) တိုင်ပင်နီးနှော ဖလှယ်ခြင်းနှင့် ထုတ်ဖော်ပြောကြားခြင်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ။

စ) အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ။

ဆ) အချိန်ဇယားနှင့် ဘတ်ဂျတ်လျာထားမှု။

ဇ) ထိခိုက်နစ်နာမှုအတွက် လုပ်ထုံးလုပ်နည်းများအပါအဝင် စောင့်ကြပ်ကြည့်ရှုမှုနှင့် အကောင်အထည်ဖော်ဆောင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုများ။

## စ. အကောင်အထည်ဖော်ဆောင်ရေး စီစဉ်ဆောင်ရွက်မှုများ

စီမံကိန်း အုပ်ချုပ်မှု ယူနစ် (PDU) သည် စီမံကိန်းအောက်ရှိ ဘေးကင်းလုံခြုံရေးဆိုင်ရာ လိုက်နာမှုများအားလုံးအတွက် တာဝန်ရှိသော်လည်း နေ့စဉ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှာမူ သက်ဆိုင်ရာ အစိတ်အပိုင်းများအတွက် ဤ RPF ကို အကောင်အထည်ဖော်မည့် အစိတ်အပိုင်း အုပ်ချုပ်မှုဆိုင်ရာ စီမံကိန်းအဖွဲ့ (CPU) အသီးသီးအမှ ကိုယ်စားပြု ဆောင်ရွက်မည်ဖြစ်သည်။ CPU အသီးသီးကို အစိတ်အပိုင်း မန်နေဂျာမှ ဦးဆောင်မည်ဖြစ်ပြီး RPF ၏ ခေါင်းဆောင်ဖြစ်သူမှ ရွေးချယ်ထားသော ဝန်ထမ်းများ ပါဝင်လိမ့်မည်။

## ဆ. ငွေကြေးပံ့ပိုးပေးမှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှု

ငွေကြေးထောက်ပံ့ပေးခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည့် တွဲဖက်လုပ်ကိုင်သူများမှ ပံ့ပိုးမည်ဖြစ်သော်လည်း DWIR သည် မြေနေရာ ရယူမှုနှင့် ဆက်စပ်နေသော ကုန်ကျစရိတ်များအားလုံးကို ထေမိစေရေးအတွက် တာဝန်ယူရမည်ဖြစ်သည်။ ဤ RPF အရ ပြင်ဆင်ထားသော RAP သည် RAP အကောင်အထည်ဖော်ဆောင်ရွက်မည့် ကဏ္ဍများအားလုံးအတွက် ခန့်မှန်းကုန်ကျစရိတ်များနှင့်အတူ ဘတ်ဂျက်လျာထားမှု လိုအပ်လိမ့်မည်။ မြေနေရာ ရယူမှုကြောင့် ဆိုးရွားစွာ ထိခိုက်ခံရသော ပုဂ္ဂိုလ်များအားလုံးကို ပြန်လည်နေရာချထားခြင်းဆိုင်ရာ အစီအစဉ် ရေးဆွဲ ချိန်တွင် သတ်မှတ်ထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ၊ လုံလောက်သော သက်ရောက်မှု လျော့ကျ စေရေး ရန်ပုံငွေများကို ခွဲဝေချထားပေးပြီးသည်ဖြစ်စေ၊

မပေးရသေးသည်ဖြစ်စေ ၎င်းတို့သည် လျော်ကြေးငွေ သို့မဟုတ် အခြား သက်ရောက်မှု လျော့ကျစေရေး လုပ်ဆောင်ချက်များအားလုံးကို ခံစား ပိုင်ခွင့်ရှိသည်။ ထို့ကြောင့် အခြား မမျှော်မှန်းထားသော ကုန်ကျစရိတ်များအားလုံးကို ထေမိစေရန် RAP ဘတ်ဂျက်တွင် ခန့်မှန်း စုစုပေါင်း ကုန်ကျစရိတ်များ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသော အရေးပေါ် ရံပုံငွေများ ပါဝင်သည်။

RAP တွင် ပါဝင်သော လျော်ကြေးငွေတွင် မြေဖယ်ရှားပေးရသည့် ပုဂ္ဂိုလ်များအတွက် လျော်ကြေးငွေ ပမာဏကို တွက်ချက်ရန်အတွက် အခြေခံ အချက်အလက်များကို ပံ့ပိုးပေးထားသည်။ လျော်ကြေးငွေကို နေရာဖယ်ရှားပေးရသည့် ပုဂ္ဂိုလ်များ သို့မဟုတ် မြေ သို့မဟုတ် အခြားပိုင်ဆိုင်ပစ္စည်းများ ဆုံးရှုံးရသူများထံ အပြည့်အဝ ပေးရမည်။ မည်သည့်အကြောင်းပြချက်ဖြင့်မဆို အဆိုပါ လျော်ကြေးငွေထဲမှ နုတ်ယူခြင်း မပြုရပါ။ RAP သည် DWIR သို့မဟုတ် အကောင်အထည်ဖော်မည့် တွဲဖက်လုပ်ကိုင်သူများထံမှ မြေဖယ်ရှားပေးလိုက်ရသည့် ပုဂ္ဂိုလ်များအတွက် လျော်ကြေးငွေ ရံပုံငွေ စီးဆင်းမည့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြသင့်သည်။

## ၉. တိုင်ပင်ဆွေးနွေး နှီးနှောခြင်းနှင့် ထုတ်ဖော်ပြောဆိုခြင်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ

RAP ကို ပြင်ဆင်နေစဉ်အတွင်း ထိခိုက်ခံရသူများနှင့်အတူ တိုင်ပင်ဆွေးနွေးလိမ့်မည်။ RAP မူကြမ်းအား ထိခိုက်ခံရသူများနှင့်အတူ တိုင်ပင်ဆွေးနွေးသင့်ပြီး ၎င်းတို့ထံမှ အကြံပြုချက်များအားလုံးကို အဆုံးသတ် RAP တွင် ပေါင်းစပ်ထည့်သွင်းသင့်သည်။ ၎င်းကို မြန်မာဘာသာဖြင့် ပြင်ဆင်သင့်ပြီး ထိခိုက်ခံရသူများသည် တိုင်းရင်းသား လူမျိုးစုများဖြစ်ပါက သက်ဆိုင်ရာ ဒေသဘာသာစကားဖြင့် ပြင်ဆင်သင့်သည်။ တိုင်ပင်ဆွေးနွေးခြင်းကို ဒေသ ဘာသာစကားဖြင့် ပြုလုပ်သင့်ပြီး အနည်းဆုံး အချိန်နှစ်ပတ်ပေးပြီး ထိခိုက်ခံရသော လူမျိုးစု အဖွဲ့အစည်းများထံ RAP မူကြမ်းနှင့် ပတ်သတ်ပြီး အပြည့်အဝအကြောင်းထားကြောင်းနှင့် ၎င်းတို့အနေဖြင့် တိုင်ပင်ဆွေးနွေးမှုများတွင် ပါဝင်နိုင်ကြောင်း သေချာစေရန် ဆောင်ရွက်သင့်သည်။

အဆိုပြုသော မြေနေရာ ရယူခြင်းနှင့် အခြားစီစဉ်ဆောင်ရွက်မှုများနှင့် ပတ်သတ်ပြီး နေရာ ဖယ်ရှားခံ ရသူများနှင့်အတူ တိုင်ပင်ဆွေးနွေးမည့် ပြုလုပ်ချက်များကို RAP တွင် ဖော်ပြရမည်ဖြစ်ပြီး ၎င်းတွင် အဆိုပါ တိုင်ပင်ဆွေးနွေးခြင်း၏ ရလဒ်များကို အနှစ်ချုပ်ဖော်ပြရမည်။ DWIR သည် RAP ကို မူကြမ်းနှင့် အဆုံးသတ်နှစ်ခုစလုံးကို စီမံကိန်းနေရာရှိ ဖယ်ရှားခံရသော ပုဂ္ဂိုလ်များနှင့် အခြား ပြည်သူလူထုထံ ၎င်းတို့ နားလည်မည့် ဘာသာစကားနှင့် ၎င်းတို့ လက်လှမ်းမီ ဖတ်ရှုနိုင်မည့် နေရာများတွင် ဖော်ထုတ် ကြေငြာကြောင်း သေချာစေသည်။ RAP မူကြမ်းကို ထုတ်ဖော်ခြင်းကို ကမ္ဘာ့ဘဏ်၏ ပြန်လည် သုံးသပ်မှုနှင့် အတည်ပြုချက် မတိုင်မီ အနည်းဆုံး တစ်လကြိုတင်၍ ဆောင်ရွက်ရမည်ဖြစ်သည်။ အဆုံးသတ် RAP ကို ဖော်ထုတ်ခြင်းအား ကမ္ဘာ့ဘဏ်မှ အတည်ပြုချက်ရပြီးသည်နှင့် ဆောင်ရွက်သင့် သည်။

## ၁၀။ စောင့်ကြပ် ကြည့်ရှုခြင်းနှင့် နစ်နာကြေး ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

DWIR သည် RPF ၏ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ပြီး အဆိုပါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သတ်သော အစီရင်ခံစာကို ကမ္ဘာ့ဘဏ်သို့ ပုံမှန် အစီရင်ခံမည်ဖြစ်ပါသည်။

DRAFT

လိုအပ်သော RAP တွင် ထောက်ပံ့ပေးထားသော စီမံကိန်း ဆောင်ရွက်မှု၊ စီမံကိန်းအခွဲနှင့် ၎င်း၏ RAP လုပ်ဆောင်ချက်များအတွက် စောင့်ကြပ် ကြည့်ရှုခြင်းအသေးစိတ် စီစဉ်ဆောင်ရွက်မှုများကို ထည့်သွင်းလိမ့်မည်။

မြေဖယ်ရှားပေးရသော ပုဂ္ဂိုလ်များတွင် မြေနေရာ ရယူခြင်း၊ လျော်ကြေးငွေ ပေးအပ်မှု၊ ဆောက်လုပ်ရေးကြောင့် ပျက်စီးဆုံးရှုံးမှု၊ သို့မဟုတ် အခြား သော စီမံကိန်း အကောင်အထည် ဖော်ခြင်းနှင့် ဆက်စပ်နေသော ကဏ္ဍများနှင့်ပတ်သတ်ပြီး မကျေနပ်ချက်များ တိုင်ကြားရန်အတွက် လမ်းကြောင်းများရှိကြောင်း သေချာစေရန်အတွက် အဆင့်-မျိုးစုံ ပါဝင်သော ထိခိုက်နစ်နာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို RAP တွင် သတ်မှတ်မည်ဖြစ်ပါသည်။ SESA သည် စီမံကိန်းအတွက် သင့်လျော်သော ထိခိုက်နစ်နာကြေးပေးအပ်မည့် နည်းလမ်းများကို ပိုမိုအသေးစိတ် ချင့်တွက် အကဲဖြတ်မည်ဖြစ်ပြီး လိုအပ်သော RAP တွင် သတ်မှတ် စီမံကိန်း လုပ်ဆောင်မှု သို့မဟုတ် စီမံကိန်းခွဲအတွက် လုပ်ထုံးလုပ်နည်းများကို အသေးစိတ် ဖော်ပြမည်ဖြစ်သည်။

က) ပထမ အဆင့်တွင်၊ မြေနေရာ ရယူခြင်းကြောင့် ထိခိုက်ခံစားရသူများ နေထိုင်သည့် ရွာ သို့မဟုတ် မြို့အဆင့်အတွင်း၊ ၎င်းတို့သည် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ပါဝင်သော ဒေသခံ အာဏာပိုင်များထံ စာရေးသား၍ ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ထိခိုက်နစ်နာမှုကို တိုင်ကြားနိုင်သည်။ တိုင်ကြားမှုကို လက်ခံရရှိပြီး ရက်ပေါင်း ၃၀ အတွင်း မဖြေရှင်းပေးပါက လုပ်ငန်းစဉ် ဒုတိယအဆင့်သို့ တိုးမြှင့်ဆောင်ရွက်မည်ဖြစ်သည်။

ခ) အဆင့် ၂၊ ထိခိုက်နစ်နာသောသူသည် ပထမအဆင့် စဉ်းစားပေးမှု၏ ရလဒ်ကို ကျေနပ်ခြင်းမရှိလျှင်၊ သို့မဟုတ် ဒေသအဆင့် ပြန်လည်သုံးသပ်ခြင်းသည် အဆိုပြုသော ဖြေရှင်းချက်သို့ မရောက်ရှိလျှင် ထိခိုက်နစ်နာသူသည် အဆိုပါ ပြဿနာကို DWIR၊ CPU နှင့်/သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်မည့် တွဲဖက်လုပ်ကိုင်သူတို့မှ ပေးထားသော စီမံကိန်း လုပ်ဆောင်ချက် သို့မဟုတ် စီမံကိန်းအခွဲအတွက် သတ်မှတ်ထားသော ထိခိုက်နစ်နာမှုဆိုင်ရာ ကော်မတီထံ တိုင်ကြားနိုင်သည်။ DWIR၊ CMU သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်မည့် တွဲဖက်လုပ်ကိုင်သူမှ ဦးစီးပြီး အကောင်အထည်ဖော် ဆောင်ရွက်မည့် အေဂျင်စီများနှင့် တိုက်ရိုက်ဆက်နွယ်မှု မရှိသည့် ကိုယ်စားလှယ်များ ပါဝင်သော ထိခိုက်နစ်နာမှုဆိုင်ရာ ကော်မတီသည် ကနဦးအဆင့်ရှိ တိုင်ကြားချက်နှင့် အောက်အဆင့်မှ အကြံပြုသော ဖြေရှင်းချက် လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ပြီး ရက်ပေါင်း ၃၀ အတွင်းတွင် ဖြေရှင်းရန်အတွက် အကြံပြုချက်များ ပေးမည်ဖြစ်ပါသည်။

ဂ) အဆင့် ၃၊ ထိခိုက်နစ်နာမှုဆိုင်ရာ ကော်မတီမှ ပြန်လည်သုံးသပ်ခြင်းကို ထိခိုက်နစ်နာသူမှ ကျေနပ်ခြင်းမရှိသေးလျှင် မြန်မာနိုင်ငံအစိုးရ၏ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအရ တရားဝင် ဆက်လက်ဆောင်ရွက်ရန် အဆိုပါ ကိစ္စရပ်ကို ဆက်လက်ပေးပို့မည် ဖြစ်ပါသည်။

DWIR၊ CPU နှင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် တွဲဖက်လုပ်ကိုင်သူသည် တိုင်ကြားသည့် ပြဿနာများကို ဖော်ပြချက်နှင့်အတူ ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်၏ ရလဒ်များအပါအဝင် ထိခိုက်နစ်နာမှုဆိုင်ရာ ကော်မတီသို့ ရည်ညွှန်းသော မကျေနပ်ချက်တိုင်ကြားမှုများအားလုံးကို မှတ်တမ်းတင်ထားသည်။

DRAFT

**နောက်ဆက်တွဲ ၁ - RAP အတွက် နမူနာ ဇယားများ**

*ဇယား ၁၄ - မြေနှင့် အိမ်ယာကဲ့သို့ ပိုင်ဆိုင်ပစ္စည်း (ထိခိုက်ခံရသော ကုန်ပစ္စည်းများနှင့် ပစ္စည်းများ)*

| အိမ်ထောင်စု အရေအတွက်[1] | လုပ်ငန်း အရေအတွက် [2] | အိမ်ထောင်ဦးစီး (သို့) လုပ်ငန်းပိုင်ရှင်၏ အမည် | မြေဧရိယာ | အိမ်များနှင့် ဆောက်လုပ်ရေး လုပ်ငန်းများကို ဖော်ပြချက် | ပိုင်ဆိုင်ပစ္စည်းကို အသုံးပြုမှုများ (အိမ်ယာ၊ စီးပွားရေး လုပ်ဆောင်မှု၊ အခြား) | သက်ရောက်မှု အဆင့် (စုစုပေါင်း၊ တစ်စိတ်တစ်ပိုင်း ၊ အနည်းဆုံး)[3] | လုပ်ပိုင်ခွင့် အခြေအနေများ (အမည်ခံ ပိုင်ရှင်၊ စာရွယ်စာတမ်းမရှိသော ပိုင်ရှင်၊ အိမ်ငှား၊ သီးစား၊ အစရှိသဖြင့်) | လူငယ်များအား အလုပ်ခန့်အပ်မှု အခြေအနေ | မှတ်ချက်များ |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

[1]အိမ်ထောင်စုများကို အုပ်စုလိုက်အဖြစ် သတ်မှတ်သင့်သည်။ ဆိုလိုသည်မှာ - အိုးတစ်အိုးထဲမှ အတူစားသူများ သို့မဟုတ် စားပွဲတစ်ဝိုင်းထဲတွင် အတူစားသူများ။

[2]စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းလုပ်ဆောင်ချက်အရ သတ်မှတ်သင့်သည်။

[3] စာရင်းပြုစုထားသော ကုန်ပစ္စည်းများနှင့် ပိုင်ဆိုင်ပစ္စည်းများ အပါအဝင် မိသားစု/လုပ်ငန်းအနေဖြင့် လုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်သည့် ကိစ္စများတွင် "တစ်စိတ်တစ်ပိုင်း"၊ ထိုသို့ ပြောင်းရွှေ့ခံရမှုကြောင့် မည်သည့်လုပ်ဆောင်ချက်မျှ ဆောင်ရွက်နိုင်ခြင်းမရှိသည့် အခြေအနေ ကို "စုစုပေါင်း" ဟု သတ်မှတ်သင့်သည်။

[4]၎င်းတို့သည် ပိုင်ရှင်များမဟုတ်လျှင် ပိုင်ရှင်၏ အမည်နှင့် လိပ်စာကို ထည့်သွင်းပါ။

*ဇယား ၁၅ - မိသားစုများ၏ လူမှု စီးပွားဆိုင်ရာ ဝိသေသ လက္ခဏာများ*

| အိမ်ထောင်စုအရေအတွက် [1] | အိမ်ထောင်ဦးစီးအမည် | အိမ်ထောင်စုရှိ လူဦးရေ | ၁၃ နှစ်အောက် ကလေး အရေအတွက် | အသက် ၆၀ နှင့်အထက် လူကြီး အရေအတွက် | ကျောင်းသား အရေအတွက် | ဝင်ငွေရရှိသည့် အရင်းအမြစ် | အလုပ်လုပ်သည့်နေရာ (သို့) လှေလာသည့်နေရ ၁ နှင့် အကွာအဝေး | လှေလာသည့်နေရာ/ အလုပ်ခွင်သို့ သွားရောက်သည့် သယ်ယူပို့ဆောင်ရေး နည်းလမ်း | မှတ်ချက်များ |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

*ဇယား ၁၆ - လုပ်ငန်းများ၏ လူမှု စီးပွားဆိုင်ရာ ဝိသေသ လက္ခဏာများ*

| လုပ်ငန်းအရေအတွက် | လုပ်ငန်းပိုင်ရှင် အမည် | လုပ်ငန်းပိုင်ရှင်၏ အသက် | လုပ်ဆောင်မှု အမျိုးအစား | အလုပ်သမား ဦးရေ | ပျမ်းမျှ လစဉ် ဝင်ငွေ | ကုန်ပစ္စည်း ထုတ်လုပ်သည့်နေရာ | ရောင်းချသည့် နေရာ | ထိခိုက်ခံရမည့် နေရာရှိ လုပ်ငန်းတည်ရှိနေမှု ကာလ | မှတ်ချက်များ |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

*ဇယား ၁၇ - ရွှေ့ပြောင်းခံရခြင်းကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများ (အိမ်ထောင်စုများ)*

| အိမ်ထောင်စု အရေအတွက် | မြေဆုံးရှုံးမှု | အိမ်ဆုံးရှုံးမှု | ဝင်ငွေ ဆုံးရှုံးမှု (သို့) လျော့ပါးမှု | ပညာရေး ဝန်ဆောင်မှုနေရာများသို့ သွားရောက်နိုင်ခြင်း မရှိတော့ခြင်း (သို့) ခက်ခဲခြင်း | ကျန်းမာရေး ဝန်ဆောင်မှုများသို့ သွားရောက်နိုင်ခြင်း မရှိတော့ခြင်း | ပြည်သူ့ ဝန်ဆောင်မှုများသို့ သွားရောက်နိုင်ခြင်း မရှိတော့ခြင်း | လူမှု ကွန်ယက်များ ဆုံးရှုံးမှု | မှတ်ချက်များ |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

*ဇယား ၁၈ - ရွှေ့ပြောင်းခြင်းကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများ (လုပ်ငန်းများ)*

| လုပ်ငန်း | မြေဆုံးရှုံးမှု | လုပ်ငန်းနေရာ ဆုံးရှုံးမှု | ဝင်ငွေ ဆုံးရှုံးမှု (သို့) | စီးပွားရေး ကွန်ယက်များ ဆုံးရှုံးမှု | မှတ်ချက်များ |
|---|---|---|---|---|---|

| အရေအတွက် | | | လျော့ကျမှု | | |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

DRAFT

## နောက်ဆက်တွဲ ၇ - နေရင်း ဒေသခံလူများအတွက် အစီအစဉ်ရေးဆွဲခြင်း ကနဦးသတ်မှုဘောင်

### က. နိဒါန်းနှင့် စီမံကိန်း ရည်ရွယ်ချက်များ

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(DWIR) မှ အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံ ဧရာဝတီဘက်စုံမြစ်ဝှမ်းစီမံခန့်ခွဲမှုစီမံကိန်း (AIRBMP)ကိုဧရာဝတီမြစ်ဝှမ်းနှင့် အမျိုးသား ရေအရင်းအမြစ်တို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုဒဏ်မှ ကြံ့ကြံ့ခံနိုင်မည့် စီမံခန့်ခွဲမှုတို့ ပိုမို အားကောင်းစေရန် အဆင့်-အများအပြားဖြင့် ချဉ်းကပ်ခြင်းပုံစံ (စီမံကိန်း စီးရီးအလိုက်) ဖြင့်ရေးဆွဲထားပါသည်။ ပထမအဆင့်တွင် ဘက်စုံမြစ်ဝှမ်း စီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရန် နှင့် တိုးချဲ့ထားသော ရေကြောင်းသွားလာမှုနှင့် ဇလဗေဒ သတိပေးချက်များနှင့် အကြံပေး ဝန်ဆောင်မှုများမှ သက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အကျိုးအမြတ်များ ပေးစွမ်း နိုင်ရန်အတွက် လိုအပ်သော အဖွဲ့အစည်းများနှင့် နည်းလမ်းများကို တိုးတက်အောင် ဆောင်ရွက်ရန် ရည်ရွယ် ထားပါသည်။ သင့်လျော်သော နမူနာပုံစံနှင့် ရနိုင်သမျှလေ့လာမှုများပြုလုပ်ပြီးပါကမန္တလေးမှရန်ကုန်သို့ ဧရာဝတီ မြစ်ကြောင်းတစ်လျှောက် ရေကြောင်းတိုးချဲ့ထားမှုများနှင့် ဇလဗေဒဆိုင်ရာ သတိပေးချက်များနှင့် ဆက်နွယ်သော ကြားဖြတ်ကိစ္စရပ်များအတွက် တိကျသော စီမံကိန်း တည်နေရာများကို စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း ရွေးချယ်ပြီး သတ်မှတ်မည်ဖြစ်သည်။

အဆိုပြုထားသောပထမအဆင့်သည် ဒုတိယနှင့်တတိယအဆင့်များတွင် ဖြစ်လာနိုင်မည့်အကြီးစား အခြေခံ အဆောက်အဦးများတွင် ရင်းနှီးမြှုပ်နှံမှု အပိုင်းကို ဆောင်ရွက်ရာတွင်လိုအပ်သော အခြေခံအုတ်မြစ်ကို သတ်မှတ် မည်ဖြစ်သည်။ ၎င်းသည်အစိုးရအားမြစ်ဝှမ်းတနံတလျား အနာဂတ် ဖြစ်နိုင်ချေများကို လေ့လာ ဆန်းစစ်မှုများ ပြုလုပ်ရန်၊ ကြီးမားသောရေရှည် ရေအခြေခံအဆောက်အဦး ရင်းနှီးမြှုပ်နှံမှုများကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများအတွက် အလျော့အတင်းပြုလုပ်ရမည့် အရာများကို သင့်လျော်စွာ ပုံဖော်ရန်နှင့် ချင့်တွက် အကဲဖြတ်ရန်၊ စီးပွားရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကောင်းမွန်သည့် ကျင့်သုံးမှု များကို လိုက်နာရန်အတွက် စွမ်းဆောင်ရည်များကို ပံ့ပိုးပေးမည် ဖြစ်ပါသည်။ ထို့ကြောင့်ပထမဆုံးအဆင့်သည် နောက်ထပ်လုပ်ဆောင်မည့် အဆင့်များအတွက် ငွေကြေးထောက်ပံ့ပေးနိုင်ရန် မြစ်ဝှမ်းဆိုင်ရာ စီစဉ်ရေးဆွဲမှု လုပ်ဆောင်ချက် (အထူး စီမံကိန်း) အတွင်း ဦးစားပေး သတ်မှတ်မည်ဖြစ်သော ဦးစားပေး အခြေခံအဆောက်အဦး ရင်းနှီးမြှုပ်နှံမှုများအတွက် အကြို-ဖြစ်နိုင်ချေ၊ ဖြစ်နိုင်ချေနှင့် အခြား အခြားသောရေဆန်နည်းပညာ လေ့လာမှုများကို ထောက်ကူပေးပါမည်။ ဤစာတမ်းတွင် ဖော်ပြထားသော တိကျသည့် စီမံကိန်း ရည်ရွယ်ချက်နှင့် ဖွဲ့စည်း တည်ဆောက်ပုံနှင့်အတူ စီမံကိန်း အကောင်အထည် ဖော်စဉ်အတွင်း မဟာဗျူဟာကျသော သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှု အစီရင်ခံစာကို မြစ်ဝှမ်း အထူးစီမံကိန်းနှင့် အတူ ပြင်ဆင်မည်ဖြစ်ပါသည်။

ပထမအဆင့်စီမံကိန်းတွင် အပြန်အလှန် ဆက်စပ်နေသော ရင်းနှီးမြှုပ်နှံမှု အစိတ်အပိုင်း သုံးခု အပြင်အရေးပေါ် ကိစ္စများပေါ်ပေါက်လာပါကရန်ပုံငွေများအား အလျင်အမြန်ပြန်လည်သတ်မှတ်ခွင့် ပေးမည့် အရေးပေါ် အခြေအနေ အစိတ်အပိုင်းတစ်ခုတို့ပါဝင်သည်။

DRAFT

## အပိုင်း-၁။ ရေအရင်းအမြစ်စီမံခန့်ခွဲရေး အဖွဲ့အစည်းများ၊ ဆုံးဖြတ်ချက်အထောက်အကူပြု စနစ်များနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း

<u>အပိုင်းခွဲဌာန ၁-၁။ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး။</u> ဤအပိုင်းခွဲသည် (က) ရုံးသုံးပရိဘောဂနှင့် ပစ္စည်းကိရိယာများ အပါအဝင် NWRC အတွင်းရေးမှူးရုံးနှင့် ရေဆိုင်ရာသတင်း အချက်အလက်နှင့် ဆုံးဖြတ်ချက် အထောက်အကူပြုစင်တာ အဆောက်အဦး ပံ့ပိုးပစ္စည်းတည်ဆောက်ခြင်း သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်း (ခ) ဌာန အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေဆိုင်ရာ၊ ကွပ်ကဲရေးဆိုင်ရာ သုံးသပ်ချက်များနှင့် ပြုပြင်ပြောင်းလဲမှုများ အပါအဝင် အသစ် ဖွဲ့စည်းထားသော NWRC အတွင်းရေးမှူးရုံး၊ ရေဆိုင်ရာသတင်းအချက်အလက်နှင့် ဆုံးဖြတ်ချက် အထောက် အကူပြုစင်တာနှင့် ကျွမ်းကျင်သူပညာရှင်များအဖွဲ့များ၏ လုပ်ပိုင်ခွင့်များကို တည်ဆောက်ခြင်းနှင့် ပေးအပ်ခြင်း (ဂ) AIRBM စီမံကိန်းနှင့် သက်ဆိုင်သူများ၏ ဖိုရမ်တစ်ခု ကျင်းပပြုလုပ်ခြင်းတို့ကို၊ ဆက်ဆံရေးနှင့် ပူးပေါင်းပါဝင် နိုင်အောင် ကမ်းလှမ်းမှု အပေးသို့အရောက်ပို့မှုနှင့် (ဃ) စွမ်းဆောင်ရည် တည်ဆောက်ခြင်းများကို ကူညီပံ့ပိုးမည် ဖြစ်ပါသည်။

<u>အပိုင်းခွဲ ၁-၂။ ရောဂတီ မြစ်ဝှမ်းဒေသကို လွှမ်းခြုံသောပင်မစီမံချက်နှင့် ဆုံးဖြတ်ချက်အထောက်အကူပြုစနစ်။</u> ဤအပိုင်းခွဲသည် ရောဂတီမြစ်ဝှမ်း၏ရေအရင်းအမြစ်များကိုစီစဉ်၍ စီမံခန့်ခွဲရန် အစိုးရတွင် စဉ်ဆက်မပြတ်သော စွမ်းရည်ရှိနေစေရန် လိုအပ်သောလက်နက်ကိရိယာများနှင့် လုပ်ငန်းစဉ်များကိုလည်း ဖော်ထုတ်နေစဉ် ရင်းနှီးမြှုပ်နှံမှု ရွေးချယ်မှုများကို မှန်ကန်စွာဖြစ်နိုင်စေရန် အထောက်အကူပြု ပေးမည်ဖြစ်ပါသည်။ အခွင့်အလမ်းများနှင့် သက်ရောက်မှုများကို လုံလောက်စွာနားလည်မှုအပေါ်တွင်အခြေခံ၍ သဘောတူထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များ၏ လမ်းညွှန်မှုဖြင့် ရောဂတီမြစ်ဝှမ်းဒေသ၏ ဘက်စုံဖွံ့ဖြိုးရေးကို စီစဉ်ရန်အတွက် အဆင့်များစွာပါဝင်သော နည်းလမ်းတစ်ခုကို အသုံးပြုမည်ဖြစ်ပါသည်။ လုပ်ငန်းများထဲတွင် (က) ရောဂတီမြစ်ဝှမ်းဒေသ လွှမ်းခြုံသောစီမံချက်၊ မြစ်ဝှမ်းဒေသ တစ်ခုလုံး၏ အားနည်းချက် ရှာဖွေဖော်ထုတ်ရေးလေ့လာမှုများ၊ ဆုံးဖြတ်ချက် အထောက်အကူပြုစနစ် (DSS) တစ်ခုနှင့် AIRBM စီမံကိန်းနှင့်သက်ဆိုင်သူများ၏ ဆွေးနွေးတိုင်ပင်မှုများ ဖော်ထုတ်ခြင်း (ခ) မြေအောက်ရေ စစ်ဆေးလေ့လာမှု အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် (ဂ) မြစ်ဝှမ်းအတွင်း မဟာဗျူဟာမြောက် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကဲဖြတ်မှု ဖော်ထုတ်ခြင်းများ ပါဝင်ပါသည်။

<u>အပိုင်းခွဲ ၁-၃။ အနာဂတ်ရင်းနှီးမြှုပ်နှံမှုများကိုစီစဉ်ရေးဆွဲခြင်း(PFI)။</u> PFI သည် ရောဂတီမြစ်ဝှမ်း ဒေသကို လွှမ်းခြုံသော ပင်မဘက်စုံစီမံချက် ( အပိုင်းခွဲ ၁-၁ "က") တွင်ဖော်ထုတ်ထားသော ဦးစားပေးစီမံကိန်းများရေးဆွဲမှုကို ကူညီပံ့ပိုးရန် ငွေကြေးထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ငွေကြေးထောက်ပံ့မှုကို တရားဝင်စေရန်အတွက် စီမံကိန်း တစ်ခုသည် အစိုးရ၏အတည်ပြုထားသော ODA စီမံကိန်းများ၏ စာရင်းတွင် ပါဝင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ကမ္ဘာဘဏ်၏ ပါဝင်ပတ်သက်မှု၏ ရည်ရွယ်ချက်များနှင့်ကိုက်ညီရမည်ဖြစ်ပါသည်။ ဤအပိုင်းခွဲ၏အောက်တွင် ရင်းနှီးမြှုပ်နှံမှုများကို ရေးဆွဲရန် ရံပုံငွေများကို မြစ်ဝှမ်းတစ်ခုလုံးဖွံ့ဖြိုးရေး ရည်ရွယ်ချက်များနှင့်အညီ အပြည့်ပြည့် ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းဖြင့် ရရှိအောင်ပြုလုပ်ပေးမည်ဖြစ်ပါသည်။ ရေးဆွဲပြုစုရေး ရန်ပုံငွေကို AIRBM စီမံကိန်းအကောင် အထည်ဖော်ရေး ငါးနှစ်တာ ကာလအတွက် ရရှိမည်ဖြစ်သည်။

အပိုင်းခွဲ ၁-၄။ အကောင်အထည်ဖော်ရေးကူညီပံ့ပိုးမှု။ ဤအပိုင်းခွဲသည် လုပ်ငန်းဆောင်ရွက်မှု နစ်စဉ်ကုန်ကျ စရိတ်များကိုလည်းကောင်း၊ စီမံကိန်းတစ်ခုလုံးစီမံခန့်ခွဲမှု၊ ငွေကြေးစီမံခန့်ခွဲမှု၊ ဂယ်ယူဖြည့်တင်းမှု၊ ဘေးဆီးရန်ကာ လုပ်ငန်းများ၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးနှင့် အကဲဖြတ်မှုများအတွက် တိုင်ပင်ဆွေးနွေးမှုနှင့် အကြံပေးဝန်ဆောင်မှု များကိုလည်းကောင်းပေးအပ်မည် ဖြစ်ပါသည်။

**အပိုင်း-၂။ မိုးလေဝသနှင့်ဇလဗေဒစောင့်ကြည့်လေ့လာခြင်း နှင့်သတင်းအချက်အလက်စနစ်များ ခေတ်မီအောင် မွမ်းမံခြင်း**

အပိုင်းခွဲ ၂-၁။ DMH ၏အဖွဲ့အစည်းဆိုင်ရာနှင့် ကွပ်ကဲရေးဆိုင်ရာ အားဖြည့်ခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် အကောင်အထည်ဖော်ရေး ကူညီပံ့ပိုးမှု။ ဤအပိုင်းခွဲသည် (က) ခိုင်မာသော တရားဥပဒေ ဆိုင်ရာနှင့် ကွပ်ကဲရေး ဆိုင်ရာ မူဘောင်ဖော်ထုတ်ရေးအပါအဝင် DMH ၏အဖွဲ့အစည်းဆိုင်ရာ အားဖြည့်မှု (ခ) စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် DMH ဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားမှုနှင့် (ဂ) DMH စနစ်များပြုစု တွက်ချက်ခြင်းပုံစံ၊ ပေါင်းစပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများ၊ အပိုင်း-၂ စီမံခန့်ခွဲရေးနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေး ရေးများတွင် နည်းပညာအထောက်အကူများကို ကူညီပံ့ပိုး မည်ဖြစ်ပါ သည်။

အပိုင်းခွဲ ၂-၂။ စောင့်ကြည့်လေ့လာရေး အခြေခံအဆောက်အအုံ၊ အချက်အလက်စီမံခန့်ခွဲမှုစနစ်များ နှင့် ကြိုတင်ခန့်မှန်းမှုများကို ခေတ်မီအောင်ပြုလုပ်ခြင်း။ ဤအပိုင်းခွဲသည် (က) မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ စောင့်ကြည့်လေ့လာရေး ကွန်ရက်၏နည်းပညာကို အဆင့်မြှင့်တင်ပေးခြင်း (ခ) လုပ်ငန်းလုပ်ဆောင်မှုဌာနများ၊ အချက်အလက်စီမံခန့်ခွဲမှုနှင့် ဆက်သွယ်ရေး/ အိုင်တီစနစ်များ၊ စက်မှုလုပ်ငန်းနှင့် စံချိန်ကိုက်ညှိခြင်း ပံ့ပိုးပစ္စည်းများကို ခေတ်မီအောင်ပြုလုပ်ခြင်း (ဂ) ကိန်းဂဏန်းဖြင့် ပုံစံပြုတွက်ချက်သော မိုးလေဝသကြိုတင်ခန့်မှန်းရေးစနစ်များနှင့် ဆက်စပ်နေသော ဇလဗေဒပုံစံ ဖော်ထုတ်မှု မူဘောင်များ၏ တိုးတက်မှုများ (ဃ) DMH အထောက်အကူပြု ပစ္စည်းများ ပြန်လည် တည်ဆောက်ရေး နှင့်/ သို့မဟုတ် ပြင် ဆင်မွမ်းမံရေး များကို ကူညီပံ့ပိုးမည်ဖြစ်ပါသည်။

အပိုင်းခွဲ ၂-၃။ DMH ၏ ဝန်ဆောင်မှုပေးရေးစနစ် မြှင့်တင်ခြင်း။ ဤအပိုင်းခွဲသည် DMH ကို ကူညီပံ့ပိုးမည် ဖြစ်ပါသည်။ AIRBM စီမံကိန်းနှင့် သက်ဆိုင်သူများအားလုံး စီမံကိန်း၏အကျိုးကျေးဇူးများကိုရရှိမှု သေချာရေးအတွက် ၎င်း၏ ဝန်ဆောင်မှုကို ဖောင်းပေးခြင်းကို အားဖြည့်ရာတွင် DMH ကို ကူညီပေးမည်ဖြစ်ပါသည်။ ဤနေရာတွင် (က) လူထုအတွက် မိုးလေဝသဝန်ဆောင်မှုလုပ်ငန်းများနှင့် ဇလဗေဒဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်မှုနှင့် ဒေသခံ လူထုသို့ ဝန်ဆောင်မှုပေးခြင်း တိုးတက်ကောင်းမွန်စေမှု (ခ) ရေကြီးမှုများနှင့် လျှပ်တစ်ပြက်ရေကြီးမှုများ ရှိသော မြစ်ဟုမ်းငယ်ကလေးများတွင် ထုတ်ပြန်သူမှ လက်ခံမည့်သူအထိ ကြိုတင်သတိပေးစနစ် တိုးချဲ့ရေးအပါအဝင် DRM သဘာဝ ရေဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများအတွက် ကူညီပံ့ပိုးမှု (ဂ) စိုက်ပျိုးရေးနှင့်ရာသီဥတု အကြံပေးဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖော်ထုတ်ရေးနှင့် (ဃ) ရာသီဥတုဆိုင်ရာလုပ်ငန်းများအတွက် အမျိုးသား မူဘောင်တစ်ခု ဖန်တီးရေးများ ပါဝင်နိုင်ပါသည်။

DRAFT

**အပိုင်း-၃။ ဧရာဝတီမြစ်ရေကြောင်းသွားလာရေးမြှင့်တင်မှုများ။**

<u>အပိုင်းခွဲ ၃-၁။ ဧရာဝတီမြစ်ရေကြောင်းသွားလာရေးမဟာဗျူဟာ (မန္တလေးမှ ရန်ကုန်)။</u> ဤအပိုင်းခွဲသည် (က) မန္တလေးမှ ရန်ကုန်သို့ ရေလမ်းကြောင်းတစ်လျောက်သွားလာနိုင်သော ရေကြောင်းသွားလာရေး မဟာဗျူဟာ တစ်ရပ်ကို ဖော်ထုတ် ပေးမည်ဖြစ်ပါသည်။ ဤမဟာဗျူဟာသည် (၁) အနာဂတ်တွင် ဘက်စုံပုံစံ သယ်ယူပို့ဆောင်ရေး ပုံစံ အစီအစဉ်တစ်ခု ကိုမြှင့်တင်ပေးရန်အတွက် ဖြစ်လာနိုင်သော ကုန်းတွင်းဆိပ်ကမ်းဖော်ထုတ်ရေးများကို ထည့်သွင်း စဉ်းစား၍ မြစ်တစ်ခုလုံး အတွက် လက်ရှိ ကိုးကားနေသော ၁၉၈၈ ခုနှစ်ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ခေတ်နှင့်အညီ ပြောင်းလဲဆောင်ရွက်ပေးမည်၊(၂) မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ သောင်တူးခြင်း၊ မြစ်ကမ်းပါး ကာကွယ် ခြင်းနှင့် တစ်ခုလျှင် ကီလိုမီတာ ၃ဂ ခန့်ရှည်လျားသော အရေးတကြီးအလိုအပ်သည့် ရေကြောင်းကြပ်တည်းသည့် နေရာနစ်ခုတွင် ရေလမ်းညွှန် အထောက်အကူများအပါအဝင် ရေကြောင်းသွားလာမှု တိုးတက်ရေးအတွက် လုပ်ငန်း အတိုင်း အတာကို ဖော်ထုတ်ပေးမည်၊ (၃) ရေကြောင်းကြပ်တည်းသည့် နေရာနစ်ခုတွင် ရေ့ပြေးမြစ်ကြောင်း ထိန်းသိမ်းမှု လုပ်ငန်းများအတွက် အသေးစိတ် ဒီဇိုင်းပုံစံကိုပေးမည်၊ (၄) (အပိုင်းခွဲ ၃-၂ "ဂနှင့်ဆက်စပ်နေသော) မြစ်ကြောင်း ထိန်းသိမ်းရေး အစီအစဉ်တစ်ခုကို ထောက်ခံတင်ပြပေးမည်၊ (ခ)အကောင်းဆုံးရေကြောင်း သွားလာ ရေးကို ရေကြောင်းတွင် အသင့်တော်ဆုံး သွားလာနိုင်မည်ဖြစ်သော ရေယာဉ်စုကို လေ့လာမှု ဖော်ထုတ်ပေးမည် ဖြစ်ပါသည်။

<u>အပိုင်းခွဲ ၃-၂။ ရေကြောင်းသွားလာရေးတိုးတက်မှုများ ( မန္တလေးညောင်ဦးအပိုင်းတွင် ဖောင်းပေးမှုပါဝင်သော မန္တလေးမှ ရန်ကုန်)။</u> ဤအပိုင်းခွဲသည် ရေကြောင်းသွားလာရေးတိုးတက်မှုများကို အထောက်အကူပြုလိမ့်မည်။ ဧရာဝတီမြစ်၏ ရေကြောင်းသွားလာမှုအများဆုံး (မန္တလေးမှညောင်ဦး)အပိုင်းတစ်လျှောက် ခရီးသည်တင်နှင့် ကုန်တင်ရေယာဉ် နှစ်မျိုးစလုံးအတွက် ရေနည်းသော ရာသီအတွင်း အနည်းဆုံးရနိုင်သော ရေစူးသတ်မှတ်ချက်ကို တိုးမြှင့်ရန် ရေကြောင်းသွားလာရေး တိုးတက်မှုများကို ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။ ၄င်းလုပ်ငန်းများတွင် (က) မြစ်ကြောင်းသွားလာရေး တိုးမြှင့်မှုများ အတွက် ဆောင်ရွက်မည့် လုပ်ငန်းများ ၏အတိုင်းအတာကို ဖော်ထုတ်ရန် မြစ်ပုံစံ ကွန်ပျူတာပုံစံတွက်ချက်ခြင်း (1 dimensional & 2 dimensional modelling ) (ခ) အဆိုပြုထား သော မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အတွက် EMP တစ်ခုအပါအဝင် EIA တစ်ခုရေးဆွဲခြင်း (ဂ) အသေးစိတ် ပုံစံမှတ်တမ်း မှတ်ရာများနှင့် တည်ဆောက်ရေး ကြီးကြပ်မှုအစီအစဉ် ရေးဆွဲခြင်းနှင့် (ဃ) မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ တည်ဆောက်ခြင်းများ ပါဝင်မည် ဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်း၏ အတိုင်းအတာကို ဧရာဝတီမြစ်၏ မန္တလေးညောင်ဦးအပိုင်းအပေါ်တွင် ဖောင်းပေး၍ ညောင်ဦး ရန်ကုန်ဘက်ခြမ်းရှိ အခြားအရေးကြီး သော အပိုင်းအချို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

<u>အပိုင်းခွဲ ၃-၃။ ရေလမ်းကြောင်းအမှတ်အသားပြသခြင်းလုပ်ငန်း (ညအချိန်ရေကြောင်းသွားလာရေးပါဝင်သော မန္တလေးညောင်ဦးအပိုင်းကိုဖောင်းပေးထားသည့် မန္တလေး-ရန်ကုန်ရေလမ်း)။</u> ဤအပိုင်းသည် အလင်းမီးများ၊ အချက်ပြ ဆိုင်းဘုတ်များ၊ မြေပုံရေးဆွဲခြင်းနှင့် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန်နှင့်ဧရာဝတီမြစ်၏ မန္တလေး-ရန်ကုန်အပိုင်း တစ်လျှောက်ထိရောက်သော ရေကြောင်းသွားလာရေးကိုဖြစ်မြောက်စေရန်အားဖြည့်ထားသော ခေတ်မီရေကြောင်း သွားလာရေး ရေ့ပြေးစနစ်တစ်ခုကဲ့သို့သော ရေလမ်းညွှန်အမှတ်အသားပြခြင်း လုပ်ငန်းအတွက် အထောက်အကူများ

DRAFT

ဂယ်ယူခြင်းနှင့် တပ်ဆင်ခြင်းများကို ကူညီပံ့ပိုးမည်ဖြစ်ပါသည်။ ထို့အပြင် ၄င်းသည် မန္တလေး-ညောင်ဦးအပိုင်းတွင် ညအချိန် ရေကြောင်းသွားလာရေးကို ဖြစ်မြောက်စေရန် ဥပမာအားဖြင့် အလင်းမီးများ၊ အချက်ပြ ဆိုင်းဘုတ်များတွင် ရင်းနှီးမြှုပ်နှံ မှုများကို အထောက်အကူပြုမည်ဖြစ်ပါသည်။

<u>အပိုင်းခွဲ ၃-၄။ အဖွဲ့အစည်းဆိုင်ရာအားဖြည့်ခြင်းနှင့် အကောင်အထည်ဖော်ရေး ကူညီပံ့ပိုးမှု။</u> ဤအပိုင်းသည် (က)အပိုင်း-၃ အကောင်အထည်ဖော်ရေးနှင့် စီမံခန့်ခွဲမှုနှင့် (ခ) စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ လေ့ကျင့်ခြင်း၊ ဆက်သွယ်ရေးနှင့် မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်မှုများ၊ သတင်းအချက်အလက်၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်း အသစ်များအပေါ် သိရှိစေရန်အမြင်နှင့်လုပ်ငန်းများကို ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။

<u>အပိုင်းခွဲ ၃-၅။ မြေပေါ်ရှိရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး စနစ်ပုံစံနှင့် ရှေ့ပြေးဆောင်ရွက်မှု။</u> ဤအပိုင်းတွင် (က)ရောဂတီမြစ်ဝှမ်းဒေသတွင် မြစ်၏အရည်အသွေး စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် စခန်းများ၏ ကွန်ယက်ပုံစံရေးဆွဲခြင်း (ခ) ရှေ့ပြေးစခန်းများ အကောင်အထည်ဖော်ခြင်း (ဂ) ရေအရည်အသွေးစောင့်ကြပ် စစ်ဆေးမှုအတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ ပါဝင်ပါသည်။

### **အပိုင်း-၄။ အရေးပေါ် အခြေအနေတွင်ချက်ချင်းတုံ့ပြန်မှု**

ဤ ( အစပိုင်းတွင် မည်သည့်ရန်ပုံငွေထောက်ပံ့မှု ခွဲဝေချထားခြင်းမှ မပါသော) " အရံ အပိုင်း "သည် အရန် သင့်ရှိမှုနှင့် သဘာဝဘေး အန္တရာယ်၊ အရေးပေါ် နှင့်/သို့မဟုတ် ကပ်ဆိုက်သောဖြစ်ရပ်များကို လိုအပ်သလို လျင်မြန် သော တုံ့ပြန်ကူညီမှုပေးရန်အတွက် အခြားအပိုင်းများမှရန်ပုံငွေများကို လျင်မြန်စွာသောပြန်လည်ခွဲဝေ ချထားနိုင်ရန် ခွင့်ပြုပေးမည်ဖြစ်သည်။ အရေးပေါ်တုံ့ပြန်မှုကို အသက်သွင်းလိုက်သောအချိန်တွင် ရန်ပုံငွေများ စီးဆင်း ထုတ်ပေး ရေး အစီအစဉ်များကို အဆုံးအဖြတ်ပေး မည်ဖြစ်ပါသည်။

## **ခ. IPPF ရည်ရွယ်ချက်များနှင့် အခြေခံ သဘောတရားများ**

<u>နေရင်း ဒေသခံ လူမျိုးများနှင့်ပတ်သတ်သောကမ္ဘာ့ဘဏ်မူဝါဒ လိုအပ်ချက်များအပေါ်မူတည်၍ OP 4.10ဖြစ်သော IPPF ၏ ရည်ရွယ်ချက်များမှာ ငွေကြေးထောက်ပံ့ပေးထားသော စီမံကိန်း ဆောင်ရွက်မှုများသည် ဒေသတစ်ခု၏ လူနည်းစု အတွက် ယဉ်ကျေးမှုအရ သင့်လျော်သော ကောင်းကျိုးများ ထောက်ပံ့ပေးကြောင်း သေချာစေရန်နှင့် ထိုလူနည်းစုအပေါ် ဆိုးကျိုးသက်ရောက်မှုမဖြစ်ပေါ်စေအောင် ဆောင်ရွက်ရန် (သို့မဟုတ်) အဆိုပါ ဆိုးကျိုးသက်ရောက်မှုများအား မရှောင်လွှဲနိုင်သည့် အခြေအနေမျိုးတွင် အနည်းဆုံးနှင့် အလျော့နည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြောင်း သေချာစေရန် ဖြစ်သည်။ ထို့ပြင် ဒေသတစ်ခု၏ လူနည်းစုအတွက်ကို ဆိုးကျိုး ဖြစ်စေ ကောင်းကျိုးဖြစ်စေ သက်ရောက်စေသော စီမံကိန်း ဆောင်ရွက်မှုများအား လူမှုဂန်းကျင် ခွဲခြမ်းစိတ်ဖြာမှုနှင့် လွတ်လပ်သော ကြိုတင်အကြောင်းကြားထားသော တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုတွင် အခြေခံပြီး ပူးပေါင်းဆောင်ရွက်လာစေမည့် ပုံစံမျိုးဖြင့် ပြင်ဆင်ကြောင်း သေချာစေရန် ရည်ရွယ်ပါသည်။</u>

DRAFT

ရောဂတီမြစ်ဝှမ်းသည်သည် မြစ်ချောင်းများတွင် အသက်မွေးဝမ်းကျောင်းပြု၍ နေထိုင်သူ ဒေသခံ လူမျိုးစု အမျိုးမျိုး တို့အတွက် အိမ်ဖြစ်ပါသည်။ အဆိုပြုထားသည့် စီမံကိန်းသည် အဆိုပါလူမျိုးစုတို့၏ သဘာဝအရင်းအမြစ်အပေါ် မှီခို နေထိုင်ခြင်းနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း ပုံစံများကို ပြောင်းလဲစေမည့် မြစ်ဝှမ်းစီမံခန့်ခွဲမှု ပုံစံကို သိသိသာသာ ထင်ထင်ရှားရှား တိုးမြှင့်ရန် ရည်ရွယ်ပါသည်။ ရေရှည်သက်ရောက်မှုသည် ကောင်းကျိုးများ ဖြစ်သင့်သော်လည်း ဒေသခံ မျိုးနွယ်စုများသည် ပုံမှန်အားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ပို၍အားနည်းပြီး ထိခိုက်ခံရသည့် ဒေသခံမျိုးနွယ်စုကို မြစ်ချောင်းများ တိုးတက်စေရေး စီမံဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်စေပြီး ၎င်းတို့နှင့် တိုင်ပင်နှီးနှောဖလှယ်ခြင်းတို့ပြုလုပ်ရန် အရေးကြီးသည်။ သို့မှသာ တိုးမြှင့်ထားသော မြစ်ဝှမ်းစီမံကိန်း၏ အကျိုးကျေးဇူးများကို ခံစားနိုင်မည်ဖြစ်သည်။ ဒေသခံ လူမျိုးစုတို့ အတွက် ဆိုးကျိုးများ ဖြစ်ပေါ်စေမည့် အဆိုပါစီမံကိန်းအောက်တွင် ပြုလုပ်ရန် ရင်းနှီးမြှုပ်နှံမှု အများအပြားကို သတ်မှတ်လိမ့်မည်ဖြစ်ပြီး အဆိုပါစီမံကိန်းအရ ဆောင်ရွက်မည့် ဆောက်လုပ်ရေး လုပ်ငန်းများသည်လည်း ဒေသခံ လူမျိုးစုအား ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါသည်။

စီမံကိန်းအရ ငွေကြေးထောက်ပံ့ပေးမည့် ရင်းနှီးမြှုပ်နှံမှုများ၏တိကျသောနေရာများကို စီမံကိန်း အကောင်အထည်ဖော်စဉ် ကာလတွင်းတွင်သာ သိရှိနိုင်သောကြောင့် အဆိုပါနေရင်း ဒေသခံ လူမျိုးများအတွက် စီစဉ်ရေးဆွဲခြင်းဆိုင်ရာ ကန့်သတ်မူဘောင် (IPPF) တွင် အဆိုပါ ရင်းနှီးမြှုပ်နှံမှု များသည် ကမ္ဘာ့ဘဏ် မှ သတ်မှတ်ထားသော OP4.10 ကို လိုက်နာကြောင်းသေချာစေရန် မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြပေး ထားပါသည်။

<u>စီမံကိန်းဆောင်ရွက်မှုများနှင့် မျိုးနွယ်စု လူမျိုးစုတို့အပေါ် သက်ရောက်မှုများ</u>

ဤစီမံကိန်းသည် ဆောက်လုပ်ရေးလုပ်ငန်းအချို့အတွက် ငွေကြေးထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။ အစိတ်အပိုင်း (၃) အရ ထောက်ပံ့ပေးမည့် သောင်တူးဖော်သည့် လုပ်ငန်းများကို ရောဂတီမြစ်၏ မန္တလေး - ညောင်ဦး အပိုင်း တစ်လျှောက်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်မှ ပြုလုပ်မည့် ကနဦးအဆင့် မျိုးနွယ်စုဆိုင်ရာ စိစစ်စစ်ဆေးခြင်းတွင် အဆိုပါ သောင်တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်မည့် ဧရိယာတစ်ပိုက်ရှိ ဒေသခံမျိုးနွယ်စုကို ဖော်ပြသွား မည်မဟုတ်ပေ။ သို့သော် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သတ်ပြီး အသေးစိတ် အစီအစဉ်ရေးဆွဲသည့် ကာလအတွင်းတွင်မှ မျိုးနွယ်စု စိစစ်စစ်ဆေးခြင်းကို နံ့နံ့စပ်စပ် ဆောင်ရွက်မည်ဖြစ်ပြီး ဖော်ပြရန် လိုအပ်သည့် မျိုးနွယ်စုများကို တွေ့ရှိပါက နေရင်း ဒေသခံ လူမျိုးများအတွက် အစီအစဉ် (IPP) ကို ESMF နှင့် OP 4.10 တို့နှင့်အညီ သတ်မှတ်ဆောင်ရွက်မည် ဖြစ်ပါသည်။

ထို့ပြင် အစိတ်အပိုင်း (၂) နှင့် အစိတ်အပိုင်း (၁) အောက်တွင် ထောက်ပံ့ပေးမည့် စူးစမ်းလေ့လာမှု အခြေခံအဆောက်အဦးကို ခေတ်မီအောင်ဆောင်ရွက်ခြင်းသည် ဖော်ပြထားသကဲ့သို့ NWRC အတွင်းရေးမှုးရုံးနှင့် ရေကြောင်းဆိုင်ရာ သတင်းအချက်အလက်များ စင်တာ ရုံးချုပ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့တွင် ထောက်ပံ့ပေးမည် ဖြစ်ပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းများပြုလုပ်မည့် တည်နေရာများနှင့် ထိုလုပ်ဆောင်ချက်များကြောင့် ဒေသခံ လူမျိုးစုအပေါ် သက်ရောက်မှုများကိုမူ ပြင်ဆင်နေစဉ် ကာလအတွင်း သိရှိမည် မဟုတ်ပေ။

အပိုင်း(၁) အောက်တွင် လေ့လာမှုအမျိုးမျိုးကို ဆောင်ရွက်သွားမည် ဖြစ်ပြီး ရလဒ်ပေါ်မူတည်၍ ၁၀ နှစ် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအပါအဝင် ဧရာဝတီ မြစ်ဝှမ်း စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို စတင် ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါအစီအစဉ်ကို ဒေသခံမျိုးနွယ်စုများ တည်ရှိသည့်နေရာ (သို့မဟုတ်) ပူးပေါင်းနေထိုင်သည့် နေရာတို့တွင် အကောင်အထည်ဖော်နိုင်ပြီး ယေဘုယျ အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းသည် ဒေသခံမျိုးနွယ်စုများကို ထိခိုက်နိုင်ပေသည်။ PPF အရ ထောက်ပံ့ပေးသော ရင်းနှီးမြှုပ်နှံမှုများသည် မြေနေရာ ရယူခြင်းကဲ့သို့ လူမှုဆိုင်ရာ သက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။

## ဂ. ဥပဒေရေးရာ၊ မူဝါဒ နှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်

တရားဝင် ခန့်မှန်းချက်များအရ မြန်မာနိုင်ငံတွင် နေထိုင်သူလူဦးရေသည် ၂၀၁၀ ခုနှစ်တွင် သန်း ၆၀ နီးပါးရှိပါသည်။ ဗမာ လူမျိုးသည် နေထိုင်မှုလူဦးရေ၏ သုံးပုံနှစ်ပုံခန့် ဖြစ်ပြီး လူမျိုးစုများထဲတွင် အများဆုံးလူဦးရေရှိ လူမျိုးဖြစ်ကာ အခြားလူမျိုးစုများသည် ကျန်ရှိသည့် သုံးပုံတစ်ပုံသာဖြစ်ပါသည်။ ဒေသခံလူမျိုးစုများဖြစ်သည့် (ကယား၊ ကရင်၊ ကချင်၊ ချင်း၊ မွန်၊ ရခိုင်၊ နှင့် ရှမ်း) တို့သည် ပြည်နယ်(၇) ခု ရှိ နယ်စပ်တစ်လျှောက်တွင် အဓိက နေထိုင်ပြီး အများဆုံးဖြစ်သော ဗမာလူမျိုးများသည် မြန်မာနိုင်ငံအလယ်ပိုင်း နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် အဓိကအားဖြင့် နေထိုင်ကြသည်။ အဓိက မျိုးနွယ်စု လူမျိုးများကို တရားဝင် အကြမ်းဖျင်း စစ်တမ်း ကောက်ချက်အရ - ရှမ်း (၉%)၊ ကရင်/ကယန်း (၇%)၊ ရခိုင် (၄.၅%)၊ ချင်း (၂%)၊ မွန် (၂%) ကချင် (၁.၄%)၊ ကယား (၁%) တို့ဖြစ်ကြပါသည်။ လူဦးရေ အများဆုံးသော ဗမာလူမျိုးအပါအဝင် လူမျိုးစု (၈) စု အား လူမျိုးစု အခွဲများအဖြစ် (၁၃၅) မျိုးအထိ တရားဝင် ခွဲထားပြီး မတူညီသည့် ဘာသာစကား (၅) မျိုးပြောဆိုသည့် (တိဘက်တို-ဗားမန်း၊ မွန်-ခမာ၊ တိုင်-ကဒိုင်း၊ မှုန်-မီယန် နှင့် မလရို-ပိုလိုနီးရှန်း) အုပ်စုဝင် မိသားစုများဖြစ်ပြီး ဒေသခံလူမျိုးစုအခွဲများအတွက် လူဦးရေ အရေအတွက်ကိုမူ ဖော်ပြထားခြင်း မရှိပါ။[1]

မြန်မာနိုင်ငံရှိ အမျိုးသားလူမျိုးစုများ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာစကား၊ စာပေ၊ အနုပညာ နှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအား ပံ့ပိုးကူညီဆောင်ရွက်ရန် မြန်မာနိုင်ငံတော်အစိုးရသည် ကတိကဝတ် ပြုပါကြောင်း ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ငယ် (၂၂) အခန်း (၁) တွင် ဖော်ပြထားပါသည်။ နိုင်ငံတော်သည် အောက်ပါအတိုင်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်-

(က) အမျိုးသားလူမျိုးစုတို့၏ ဘာသာစကား၊ စာပေ၊ ကောင်းမွန်သော အနုပညာနှင့် ယဉ်ကျေးမှုများကို ဖွံ့ဖြိုး တိုးတက် စေရန်။

(ခ) အမျိုးသားလူမျိုးစုတစ်ခုနှင့်တစ်ခုအကြား စည်းလုံးညီညွတ်မှု၊ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု နှင့် လေးစားမှု နှင့် အချင်းချင်းကူညီရိုင်းပင်းမှုများကို မြှင့်တင်ရန်။

(ဂ) ဖွံ့ဖြိုးမှုနည်းသော အမျိုးသားလူမျိုးစုများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ အပါအဝင် လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်။

[1] ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ အထောက်အပံ့ဖြင့် အစိုးရသည် ဧပြီလ ၂၀၁၄ ခုနှစ်တွင် တရားဝင် တိုင်းရင်းသား လူမျိုးစု ၁၃၅ ခုကို အသုံးပြုပြီး သန်းခေါင်စာရင်းကောက်ယူမှုကို ပြုလုပ်ခဲ့သည်၊ အရေအတွက် အတိအကျကိုမူ မထုတ်ပြန်သေးပေ။



DRAFT

အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသားလူမျိုးစုများတွင် ပါဝင်သော အမျိုးမျိုးသော လူမျိုးစုအုပ်စုများကို တူညီသော ခံစားခွင့်ပေးပြီး ဥပဒေနှင့် နည်းဥပဒေများသည် ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရန် ရည်ရွယ်ထားပါသည်။ အကြောင်းအရာ များစွာရှိသည့်အနက် မြန်မာနိုင်ငံ၏ အမျိုးသား လူမျိုးစုများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် ရိုးရာအစဉ်အလာများကို နားလည်ပြီး ထိန်းသိမ်းစေရန်၊ နှင့် တက္ကသိုလ်များတွင် ပညာသင်ယူရင်း နွေးထွေးပျူငှာသော ပတ်ဝန်းကျင်တွင် နေထိုင်ကာ နိုင်ငံတော်၏ အမျိုးသား မျိုးနွယ်စုများအကြား နိုင်ငံတော်အပေါ် ကောင်းမွန်သော အသိစိတ် အားကောင်းစေရန် အတွက် ၁၉၉၁ ခုနှစ်တွင် ထုတ်ပြန်ကြေညာထားသည့် နိုင်ငံတော်၏ အမျိုးသားလူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေး တက္ကသိုလ်ကို တည်ထောင်ခြင်းတို့ ပါဝင်ပါသည်။[2]

ဒေသခံမျိုးနွယ်စုများနှင့် ဆက်စပ်နေသော ကိစ္စရပ်များကို သတ်မှတ်ပေးရန်အတွက် တာဝန်ရှိသည့် ဗဟိုအစိုးရအဖွဲ့မရှိပေ။ အလွန်များပြားလှသော မြန်မာနိုင်ငံ၏ ဒေသခံမျိုးနွယ်စုများသည် ပြည်နယ် (၇) ခုတွင် နေထိုင်ပြီး အများအားဖြင့် ၎င်းတို့ မျိုးနွယ်စုအလိုက် သက်ဆိုင်သည့် ပြည်နယ်များတွင်သာနေထိုင်ကြပါသည်။ ယခင်က ချုပ်ဆိုခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အရ မျိုးနွယ်စုများသည် ၎င်းတို့နေထိုင်ရာ ပြည်နယ်ဒေသတွင် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရထားပါသည်။ လူမှုရေးနှင့် အခြား လူထုဝန်ဆောင်မှုများကို ဒေသခံမျိုးနွယ်စုအာဏာရ အဖွဲ့အစည်းများမှ NGO များမှ အထောက်အပံ့များဖြင့် ဆောင်ရွက်နေကြပြီး နေရာဒေသတော်တော်များများတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအစိုးရလက်ထက်တွင် မီဒီယာလွတ်လပ်ခွင့်ကို ပေးထားပြီး သက်ဆိုင်ရာမျိုးနွယ်စုအလိုက် ပါတီများ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းကို တရားဝင်ခွင့်ပြုထားပါသည်။ ပြည်နယ်နှင့် ဒေသရှိ ဒေသခံမျိုးနွယ်စုအဖွဲ့အစည်းများအား ဆုံးဖြတ်ချက်များ ချမှတ်ခြင်း နှင့် အမျိုးမျိုးသော မူဝါဒများနှင့် အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့တွင် ပို၍အရေးပါသော အခန်း ကဏ္ဍတွင် ပါဝင်နိုင်ရန် လက်ရှိအစိုးရ၏ အုပ်ချုပ်မှု အခွင့်အာဏာ လွှဲအပ်ခြင်းမှတဆင့်လူမျိုးစု အဖွဲ့အစည်းများသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

**ဃ. စီမံကိန်း ဆောင်ရွက်ချက်များအတွက် ပြင်ဆင်ခြင်း လုပ်ငန်းစဉ်**

OP. 4.10 အရ လူမျိုးစုများနှင့် ပတ်သတ်သော အထူးကိစ္စရပ်များကို ဖော်ထုတ်ရန် အထူး အစီအစဉ် ရေးဆွဲသည့် လုပ်ဆောင်ချက်များကို ပြုလုပ်ရန် လိုအပ်ပါသည်။ ပို၍ တိတိကျကျ ပြောရပါလျှင် ဤမူဝါဒသည် လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်ခြင်းနှင့် စီမံကိန်းအတွက် လူမျိုးနွယ် အနည်းစုများမှ ပိုမိုကျယ်ပြန့်သော အထောက်အကူ ပြုနိုင်မည့် လွတ်လပ်ပြီး ကြိုတင် အကြောင်းကြားထားသော တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်း၊ ငွေကြေးထောက်ပံ့ပေးထားသော စီမံကိန်းဆောင်ရွက်မှု သို့မဟုတ် စီမံကိန်းခွဲအတွက် နေရင်း ဒေသခံ လူများအတွက် အစီအစဉ် (IPP) ပုံစံဖြင့် ရှိရှင်းစွဲ လူများအတွက် နည်းလမ်းများကို သတ်မှတ်ခြင်းကို ပြုလုပ်ရန် လိုအပ်ပေသည်။ ယေဘူယျအားဖြင့်လူမှုဆိုင်ရာချင့်တွက် အကဲဖြတ်မှုနှင့်တိုင်ပင်ဆွေးနွေးညှိနှိုင်းသည့် လုပ်ငန်းစဉ် ဆောင်ရွက်စဉ်ကာလအတွင်းIPP ကို သင့်လျော်သည့် ဆောင်ရွက်ချက်များဖြင့် ပြင်ဆင်ထားပါသည်။

[2] http://www.burmalibrary.org/docs15/1991-SLORC_Law1991-09-University_for_the_Development_of_the_National_Races_Law-en.pdf

### ဃ. ၁ မူဝါဒအစပျိုးခြင်းကို ဆုံးဖြတ်ခြင်း

မူဝါဒကိုအစပျိုးထားခြင်း ရှိမရှိကို ဆုံးဖြတ်ရန်သည် ပထမအဆင့် ဖြစ်ပါသည်။ မူဝါဒ အစပျိုးခြင်းသည်စီမံကိန်းလုပ်ရှားဆောင်ရွက်ချက်များနှင့်လူမျိုးစုများ ရှိနေခြင်းပေါ်မူတည်ပါသည်။ OP 4.01 နှင့် OP 4.12 တို့နှင့်မတူညီဘဲစီမံကိန်းကြောင့် မြေနေရာ ရယူခြင်းကဲ့သို့ ဆိုးရွားသည့် သက်ရောက်မှုများ ရှိသည့်အခါ OP 4.10 အစပျိုးခြင်းကိုလုပ်ဆောင်တော့မည်မဟုတ်ပါ။ဆိုးကျိုးများ သက်ရောက်ခံရခြင်း မရှိသည့်လူမျိုးစုများ နေထိုင်သည့်ဧရိယာများတွင် စီမံကိန်းများလုပ်ဆောင်တော့မည့်အခါ မူဝါဒကို အစပျိုးပါသည်။ ငွေကြေးထောက်ပံ့ပေးသော စီမံကိန်းဆောင်ရွက်ချက်များကို ပြင်ဆင်ရာတွင် ပထမ အဆင့်တစ်ခုမှာ တိုင်းရင်းသား လူမျိုးစုများ စီမံကိန်း နယ်ပယ်တွင် နေထိုင်ခြင်းရှိမရှိ သို့မဟုတ် စီမံကိန်း ကြောင့် သက်ရောက်ခြင်း ရှိမရှိကို ဆုံးဖြတ်ရန် ဖြစ်သည်။

ဈေးငှားသူနှင့် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းပြီး အဆိုပါဆုံးဖြတ်ချက်ကို ကမ္ဘာ့ဘဏ်မှ ပြုလုပ်ပါသည်။ လိုအပ်ပါက လူမျိုးစုများနှင့်ပတ်သက်နေသော စီမံကိန်း ဒီဇိုင်းဆောင်ရွက်ချက်များ၊ လူမှုဆိုင်ရာအကဲဖြတ်ဆန်းစစ်မှု၊ တိုင်ပင်ဆွေးနွေးညှိနှိုင်းချက်များနှင့် IPP ကို ပြင်ဆင်ခြင်းတို့အတွက် အချိန်အလုံအလောက်ရစေရန် ပြင်ဆင်ရေးလုပ်ငန်းစဉ် ပြုလုပ်နေစဉ် တွင်ဆုံးဖြတ်ချက်ကို စောစီးစွာ ချသင့်ပါသည်။လူမျိုးစု အနည်းငယ်သည် သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့်စီးပွားရေးတို့ ကွဲပြားခြားနားပြီး ပြောင်းလဲနေသောမတူညီသည့် နေရာဒေသအတွင်း နေထိုင်ကြသောကြောင့် ၎င်းတို့အား သတ်မှတ်ရန် တိကျပြီး အကြောင်းအကျိုးညီညွတ်မှုရှိသော သတ်မှတ်ချက်များကို တွေ့မည်မဟုတ်ဘဲ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း အခြေအနေအရတစ်နေရာတည်းတွင် တပြိုင်နက်တည်း တူညီစွာ အသုံးချနိုင်မည် မဟုတ်ပါ။ နေရင်း ဒေသခံလူမျိုးများ (သို့) မျိုးနွယ်စုကို "ဒေသခံလူမျိုးနွယ်စု"၊ "တောင်ပေါ်မျိုးနွယ်စု"၊ "လူမျိုးစုနိုင်ငံသားများ" နှင့်"လူမျိုးနွယ်အုပ်စုများ" အစရှိသည်ဖြင့် နိုင်ငံအမျိုးမျိုးတွင် ရည်ညွှန်းပြောဆိုကြပါသည်။ OP 4.10 အရ အုပ်စုကို ရှိရင်းစွဲ နေရင်းဒေသခံလူမျိုးများအဖြစ် သတ်မှတ်မည် မသတ်မှတ်မည်ကို ဆုံးဖြတ်ရာတွင် အောက်ပါ ဝိသေသလက္ခဏာ လေးချက်ဖြင့် အဆင့်အလိုက် ကိုးကားပြီး ပြုလုပ်မည် ဖြစ်ပါသည်။

(က) ထင်ရှားသော ဒေသခံတိုင်းရင်းသား ယဉ်ကျေးမှုအုပ်စု၏ အဖွဲ့ဝင်များအဖြစ် မိမိကိုယ်ကိုယ် သတ်မှတ်ခြင်းနှင့် ထိုသတ်မှတ်ချက်ကို အခြားသူများမှအသိအမှတ်ပြုခြင်း။

(ခ) ပထဝီအားဖြင့် ထင်ရှားသော လူတို့နေထိုင်သော အရပ်ဒေသများ သို့မဟုတ် စီမံကိန်း နယ်မြေထဲရှိ ဘိုးဘေးဘီဘင်နယ်မြေများတွင် နေထိုင်သူနှင့် အဆိုပါနေရာဒေသများနှင့် နယ်မြေများထဲရှိ လူ့စွမ်းအားရင်းမြစ်များ စသည်တို့နှင့် စုပေါင်းဆက်နွယ်ပတ်သတ်ခြင်း။

(ဂ) အင်အားကြီးသော လူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှုတို့နှင့် မတူညီသော ထုံးတမ်းဓလေ့အစဉ်အလာ ယဉ်ကျေးမှု၊ စီးပွားရေး၊ လူမှုရေး သို့မဟုတ် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများဖြစ်ခြင်း။

(ဃ) နိုင်ငံ သို့မဟုတ် ဒေသသုံးရုံးသုံးဘာသာစကားနှင့်လုံးဝမတူညီသော ဒေသခံ တိုင်းရင်းသား လူမျိုးဘာသာစကားတစ်ခုကို အသုံးပြုခြင်း (OP 4.10၊ စာပိုဒ် ၄)

AIRBMP စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း သတ်မှတ်ဖော်ထုတ်ရမည့် သက်ဆိုင်သောစီမံကိန်း လုပ်ရှားချက်များ ပြင်ဆင်ရေးဆွဲရေး၏ အစောပိုင်းအဆင့်အတွင်း စီမံကိန်း အတွက် အထောက်အကူပေးရမည့် စီမံကိန်းလှုပ်ရှားချက်များအားလုံးအတွက် အသိပညာ ဗဟုသုတ ကြွယ်ဝသော ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် လက်ရှိ စာအုပ်စာတမ်းများဖြင့် အကြိုပမာဏ သုံးသပ်ခြင်းတို့ပေါ် အခြေခံပြီး AIRBMP ငွေကြေးထောက်ပံ့ပေးမှု လုပ်ရှားချက်များ အတွက်မျိုးနွယ်စုများတည်ရှိမှု စိစစ်စစ်ဆေးခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။ အစိတ်အပိုင်း ၁.၂ ဖြစ်သော ဧရာဝတီမြစ်ဝှမ်း အထူးစီမံကိန်းနှင့် ဆုံးဖြတ်ချက် ထောက်ကူပေးရေးစနစ်အတွက် မဟာဗျူဟာ ကျသော သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှု (SESA)၏ အစိတ်အပိုင်း တစ်ခုအဖြစ် ဆောင်ရွက်လိမ့်မည် ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် ရှာဖွေတွေ့ရှိချက်များအား သဘောတူညီကြောင်း သေချာစေရန် စိစစ်စစ်ဆေးခြင်း လုပ်ငန်းစဉ်တွင် ကမ္ဘာ့ဘဏ်၏ လုပ်ငန်း အဖွဲ့အစည်းနှင့်အတူ ဆွေးနွေးညှိနှိုင်းမည်ဖြစ်ပါသည်။

## ဃ. ၂ လူမှုဆိုင်ရာ ချင့်တွက် အကဲဖြတ်မှု

သက်ဆိုင်ရာ လုပ်ရှားမှုများ ဆောင်ရွက်မည့် လွှမ်းမိုးမှုနယ်ပယ်နှင့်စုပေါင်းဆက်နွယ်ခြင်း သို့မဟုတ် အဆိုပါ ဒေသများတွင် မျိုးနွယ်စုများ ရှိနေသည်ကို တွေ့ရှိရပါလျှင် လုပ်ရှားမှုများ ဆောင်ရွက်ရန် မူဝါဒကို အစပျိုးဆောင်ရွက်မည် ဖြစ်ပြီးနေရင်း ဒေသခံလူမျိုးများအတွက် အစီအစဉ်ကို ပြင်ဆင် ရေးဆွဲရေးတွင် ထိခိုက်ခံရသော မျိုးနွယ်စုများနှင့်အတူ ဆွေးနွေးညှိနှိုင်းချက်များ ပြုလုပ်ခြင်းနှင့် လူမှုဆိုင်ရာ ချင့်တွက် အကဲဖြတ် မှုပြုလုပ်ခြင်းကို ဆောင်ရွက်မည် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှုဆိုသည်မှာ ဦးစားပေးလုပ်ဆောင်ရမည်များကို သတ်မှတ်ခြင်းခြင်း၊ စုဆောင်းခြင်း၊ ခွဲခြားဆန်းစစ်ခြင်းနှင့် လက်တွေ့ပိုင်းဆိုင်ရာ အရသက်ဆိုင်ရာ လူမှုရေးသတင်း အချက်အလက်တို့ကို အသုံးပြုခြင်းတို့ ဆောင်ရွက်သည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။ ၄င်းတွင် ယေဘုယျအားဖြင့် အောက်ပါ ရည်ရွယ်ချက်များ ပါဝင်ပါသည်။

## ဃ. ၂ လူမှုဆိုင်ရာ ချင့်တွက် အကဲဖြတ်မှု

သက်ဆိုင်ရာ လုပ်ရှားမှုများ ဆောင်ရွက်မည့် လွှမ်းမိုးမှုနယ်ပယ်နှင့် စုပေါင်းဆက်နွယ်ခြင်း သို့မဟုတ် အဆိုပါ ဒေသများတွင် မျိုးနွယ်စုများ ရှိနေသည်ကို တွေ့ရှိရပါလျှင် လုပ်ရှားမှုများ ဆောင်ရွက်ရန် မူဝါဒကို အစပျိုးဆောင်ရွက်မည် ဖြစ်ပြီး နေရင်းဒေသခံလူမျိုးများအတွက် အစီအစဉ်ကို ပြင်ဆင်ရေးဆွဲရေးတွင် ထိခိုက် ခံရသော မျိုးနွယ်စုများနှင့်အတူ ဆွေးနွေးညှိနှိုင်းချက်များ ပြုလုပ်ခြင်းနှင့် လူမှုဆိုင်ရာ ချင့်တွက် အကဲဖြတ်မှုပြုလုပ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ယေဘုယျအားဖြင့် လူမှု ဆိုင်ရာ ချင့်တွက် အကဲဖြတ်မှု ဆိုသည်မှာ ဦးစားပေးလုပ်ဆောင်ရမည်များကို သတ်မှတ်ခြင်းခြင်း၊ စုဆောင်းခြင်း၊ ခွဲခြားဆန်းစစ်ခြင်းနှင့် လက်တွေ့ ပိုင်းဆိုင်ရာအရ သက်ဆိုင်ရာလူမှုရေး သတင်း အချက်အလက်တို့ကို အသုံးပြုခြင်းတို့ ဆောင်ရွက်သည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။ ၄င်းတွင် ယေဘုယျ အားဖြင့် အောက်ပါ ရည်ရွယ်ချက်များ ပါဝင်ပါသည်။[3]

[3] လူမှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှု လုပ်ဆောင်ရန် နောက်ထပ် လမ်းညွှန်ချက်များအတွက် ကမ္ဘာ့ဘဏ်၏ ဝက်ဘ်ဆိုက် www.worldbank.org/socialanalysis ကို ကြည့်ပါ။ အဓိက စာတမ်းများတွင် ၂၀၀၃ ခုနှစ်မှ ကမ္ဘာ့ဘဏ်၏ လူမှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှု ပင်ရင်းစာအုပ်၊ ၂၀၀၃ ခုနှစ်မှ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုဆိုင်ရာ သက်ရောက်မှု အကဲဖြတ်ဆန်းစစ်ခြင်းအတွက်

DRAFT

• စီမံကိန်းတွင် အဓိကစိတ်ပါဝင်စားပြီး ပါဝင်ဆောင်ရွက်မည့်သူများကို သတ်မှတ်ရန်နှင့် စီမံချက် ရွေးချယ်ခြင်း၊ စီစဉ်ရေးဆွဲမှုဒီဇိုင်း၊ အကောင်ထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တန်ဖိုးဖြတ်ခြင်းတို့တွင် ၎င်းတို့ပါဝင်ဆောင်ရွက်ရန်အတွက် သင့်လျော်သော မူဘောင်တစ်ခု တည်ဆောက်ရန်။

• စီမံကိန်းရည်မှန်းချက်များနှင့် အပြောင်းအလဲအတွက် ပံ့ပိုးပေးမည့် အရာများသည် အကျိုးကျေးဇူး ရရှိရန်ရည်ရွယ်သော လူများအတွက် လက်ခံစေနိုင်ပြီး အဆိုပါပုဂ္ဂိုလ်၊ မျိုးနွယ်စုနှင့် အခြားသော လူမှုရေး ကွဲပြားခြားနားချက်များကို စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားကြောင်း သေချာစေရန်။

• ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ လူမှုဆိုင်ရာ အကျိုးသက်ရောက်မှုကို ချင့်တွက် အကဲဖြတ်ရန်နှင့် ဆိုးကျိုးသက်ရောက်မည့် နေရာများတွင် ၎င်းတို့အား မည်သို့ ရှောင်ကြဉ်ရမည်၊ မည့်ကဲ့သို့ လျော့ချရမည် (သို့) လုံးဝလျော့ပါးစေရန် မည်သို့ပြုလုပ်ရမည်စသည်တို့ကို ဆုံးဖြတ်ရန်။

• စီမံကိန်းအကျိုးရလဒ်များတိုင်းတာရန် အသုံးပြုနိုင်သော စီမံကိန်းနှင့် သက်ဆိုင်သော အခြေခံ အချက်အလက် များကိုပံ့ပိုးပေးရန်။

• ပါဝင်ဆွေးနွေးမှုနှင့်စီမံကိန်းပို့ဆောင်ရေးအတွက်လိုအပ်သောအဖွဲ့အစည်းဆိုင်ရာအစီအစဉ်များကို အကဲဖြတ် ရန်နှင့် ဖော်ပြရန်

• ပါဝင်ဆောင်ရွက်နိုင်စေရန်၊ ပဋိပက္ခကိုဖြေရှင်းနိုင်စေရန်၊ ဝန်ဆောင်မှုလုပ်ငန်းများ ပေးခြင်းကို ခွင့်ပြုပေးရန်နှင့် လူမှုရေးအရ သင့်တော်မည့် နည်းလမ်းများဖြင့် ဆိုးကျိုးများ လျော့ကျရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ဆောင်ရွက်ရန်အတွက် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန်။

မျိုးနွယ်စုများ၏ စိုးရိမ်ပူပန်မှုများနှင့် ဦးစားပေးမှုတို့သည် အကြောင်းအရာ တိကျမှုရှိသောကြောင့် လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှုအတွက် တူညီသော (သို့မဟုတ်) စံချိန်မှီသော ချဉ်းကပ်နည်းများကို အကြံပြုရန် မဖြစ်နိုင်ပေ။ အခြေခံသဘောတရားများ၊နည်းပညာ၊အရာဝတ္ထုနှင့်လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှု၏ နက်နဲမှုသည် အဆိုပြုစီမံကိန်း၏ ဒီဇိုင်း၊မျိုးနွယ်စုများ၏ အခြေအနေများနှင့်နိုင်ငံနှင့် သက်ဆိုင်သော လက်ရှိအချက်အလက်၊ ဗဟုသုတတို့နှင့်ကဏ္ဍအလိုက် ပြုလုပ်မည့် ပမာဏနှင့် သဘာဝတရားတို့ဖြင့် အချိုးကျသင့်ပါသည်။ ချင့်တွက် အကဲဖြတ်မှုတွင် ပါဝင်သော ကိစ္စရပ်များမှာ -

၁။ စီမံကိန်းနှင့် သင့်လျော်မည့် ပမာဏဖြင့် နေရင်း ဒေသခံလူမျိုးများနှင့်ကျန်းမာရေးတို့အတွက် အသုံးချနိုင်သော ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာကန့်သတ်မူဘောင်၏ပြန်လည်သုံးသပ်ချက်။ သင့်လျော်ပါက အဆိုပါ သုံးသပ်ချက်တွင်လက်တွေ့ကျင့်သုံးမည့် ဥပဒေရေးရာ ကန့်သတ်မူဘောင်သည် နေရင်းဒေသခံ လူမျိုးများနှင့် ဆက်နွယ်နေသောကြောင်း ၎င်းကန့်သတ်မူဘောင်ကို *အကောင်အထည်ဖော်ခြင်း*အား ချင့်တွက် အကဲဖြတ်မှု ပါဝင် သင့်သည်။ အကျုံးဝင် သက်ဆိုင်သောအပြည်ပြည်ဆိုင်ရာသဘောတူညီချက်များသို့မဟုတ် အကျုံးဝင်လာနိုင်သည့်

အသုံးပြုသူလမ်းညွှန်စာအုပ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် လူမှုဆိုင်ရာ ချင့်တွက် အကဲဖြတ်မှု၊ ၁၉၉၈ ခုနှစ်မှ နည်းလမ်းများနှင့် နည်းပညာများ ပါဝင်သည်။

DRAFT

ဆွေးနွေးချက်များကိုလည်း ဖော်ထုတ်သတ်မှတ်သင့်ပါသည်။ ဤလေ့လာဆန်းစစ်မှုကို စီမံကိန်းခွဲ လေ့လာ ဆန်းစစ်မှုနှင့် IPP တို့ကို အကြောင်းကြားမည့် SESA တွင် ထည့်သွင်းလိမ့်မည် ဖြစ်ပါသည်။

၂။ စီမံကိန်းတွင် အဓိကစိတ်ပါဝင်စား ဆောင်ရွက်မည့်သူများကို သတ်မှတ်ခြင်းနှင့် စီမံကိန်းနှင့် သက်ဆိုင်သော ကျန်းမာရေးလုပ်ရှားချက်များနှင့် အဆင့်များတွင် အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ။

၃။ ဆိုးကျိုးခံစားနေရသော မျိုးနွယ်စုများ၏လူမှုရေး၊ ယဉ်ကျေးမှုနိုင်ငံရေးဆိုင်ရာဝိသေသ လက္ခဏာများ၊ ဒေသတခုအတွင်း ဖွားနာ၊သေစသည်တို့ကို လေ့လာမှု၊ ရိုးရာစဉ်ဆက်ပိုင်ဆိုင်လာခဲ့သော သို့မဟုတ် အသုံးပြုခဲ့သော သို့မဟုတ် နေထိုင်ခဲ့သောမြေများနှင့်ဒေသများ၊ ၄င်းတို့ မှီခိုနေရသော သဘာဝ အရင်းအမြစ်များ စသည့် အခြေခံသတင်းအချက်အလက်ကိုစုစည်းခြင်း။

၄။ မျိုးနွယ်စုများရရှိနိုင်သောလူမှုရေးအခြေခံအဆောက်အအုံများနှင့်ဝန်ဆောင်မှုပုံစံများနှင့်ထိုသို့သော ဝန်ဆောင်မှုများကိုထိခိုက်စေသောအဓိကအချက်အလက်များကိုလေ့လာဆန်းစစ်မှု။

၅။ ထိခိုက်ခံရသော မျိုးနွယ်စုများနှင့်အတူ လွတ်လပ်သော၊ ကြိုတင် အကြောင်းကြားထားသော နီးနှောဖလှယ်ပွဲများတွင် အခြေခံပြီး စီမံကိန်းကြောင့် ဖြစ်လာနိုင်ချေရှိသော ဆိုးကျိုးများနှင့် ကောင်းကျိုး သက်ရောက်မှုများကို ချင့်တွက် အကဲဖြတ်မှု။

၆။ ထိခိုက်ခံရသော မျိုးနွယ်စုများနှင့်အတူ လွတ်လပ်သော၊ ကြိုတင်အကြောင်းကြားထားသော နီးနှော ဖလှယ်ပွဲများတွင် အခြေခံပြီး ဖြစ်လာနိုင်ချေရှိသော စီမံကိန်း ဒီဇိုင်း အသွင်အပြင်များအား ချင့်တွက် အကဲဖြတ်မှုနှင့် လိုအပ်ပါက ငွေကြေးထောက်ပံ့ပေးထားသော စီမံကိန်း ဆောင်ရွက်ချက်/စီမံကိန်းအခွဲတို့မှ သင့်လျော်သည့် အကျိုးအမြတ်များကို ပေးစွမ်းကြောင်း၊ ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှားကြောင်းနှင့်၊ စီမံကိန်း သက်ရောက်မှု များအတွက် သင့်လျော်သည့် လျော့ကျမှုဆိုင်ရာ ဆောင်ရွက်ချက်များ ပြုလုပ်ပေးကြောင်း သေချာစေရန် ဆိုးကျိုး လျော့ချရေး ဆောင်ရွက်ချက်များကို ချင့်တွက်အကဲဖြတ်ခြင်း။

၇။ အောင်မြင်သော တိုင်ပင်ဆွေးနွေး အကြံဉာဏ် ရယူခြင်းနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်း စဉ်များအတွက် လိုအပ်သော နည်းပညာများ၊ နည်းလမ်းများ၊ စည်းမျဉ်းများ၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ လုပ်ပိုင်ခွင့်အာဏာပေးခြင်း၊နည်းပညာအကူအညီအထောက်အပံ့တို့ အပါအဝင် ငွေကြေးထောက်ပံ့ပေးထားသော စီမံကိန်း ဆောင်ရွက်ချက်နှင့်/စီမံကိန်းအခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပြင်ဆင်ချက်ကာလ အတွင်း ဆွေးနွေးညှိနိုင်းခြင်းနှင့် ပူးပေါင်းပါဝင်လုပ်ရှားခြင်းအတွက် ယဉ်ကျေးမှုပိုင်းအားဖြင့် သင့်လျော်သော လုပ်ငန်းစဉ်တစ်ခုကိုသတ်မှတ် ဖော်ထုတ်ခြင်းနှင့် ချင့်တွက် အကဲဖြတ်ခြင်း။

### ဃ. ၃. လွတ်လပ်ပြီး ကြိုတင် အကြောင်းကြားထားသော တိုင်ပင်ဆွေးနွေး နီးနှောဖလှယ်ခြင်း။

နေရင်း ဒေသခံလူမျိုးများအတွက် ကမ္ဘာ့ဘဏ်မှထားရှိသော မူဝါဒအရကမ္ဘာ့ဘဏ်မှ ငွေကြေး ထောက်ပံ့ ပေးထားသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကြောင့် နစ်နာစေသော သို့မဟုတ် အကျိုးအမြတ်ရရှိသော လူမျိုးစု အနည်းငယ်၏ လူထုမှ ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့ပေးမှုကို ရရှိစေမည့် လွတ်လပ်ပြီး ကြိုတင် အကြောင်းကြား ထားသော တိုင်ပင်ဆွေးနွေး နီးနှောဖလှယ်ခြင်း လုပ်ငန်းစဉ်ကို လိုအပ်သည်။ရည်ရွယ်ချက်များမှာ နစ်နာမှုရှိသော လူထုအဖွဲ့အစည်းများထံမှ ပိုမိုကျယ်ပြန့်သော ထောက်ပံ့မှုကိုရနိုင်စေသည့်၊ ပွင့်လင်းမြင်သာမှုရှိပြီး ပူးပေါင်းပါဝင် ဆောင်ရွက်စေသည့် ချဉ်းကပ်နည်းမှတဆင့် ဖွံ့ဖြိုးတိုးတက်လာသော လူမျိုးစုအနည်းငယ်သာရှိသော အဖွဲ့အစည်း များ၏ အမြင်အရသင့်လျော်သည့်

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြားဝင်ခြင်းပုံစံရေးဆွဲခြင်းကို လွယ်ကူချောမွေ့စေရန် ဖြစ်သည်။ ဆွေးနွေးညှိနှိုင်းပွဲများကို လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှုများ၏ တစ်စိတ်တစ်ဒေသ အဖြစ် ဆောင်ရွက်ပြီးအလားတူ ကိစ္စရပ်များသည်လည်း စီမံကိန်းရေးဆွဲခြင်း၊ ဒေသဆိုင်ရာအခြေအနေများနှင့် အချိုးကျလိုက်လျောညီထွေမှုရှိသင့်သည်။

ဆွေးနွေးညှိနှိုင်းခြင်း *နည်းပညာ*သည် စီမံကိန်းကြောင့်နစ်နာစေသော သို့မဟုတ် အကျိုးအမြတ်ရရှိစေသော အဖွဲ့အစည်းများ၏ အမျိုးအစားပေါ်တွင်မူတည်သည်။ (ဥပမာ - ၎င်းတို့၏ အားနည်းချက်၊ ဘာသာစကားနှင့် ၎င်းတို့ကို လွှမ်းမိုးနေသောလူ့အဖွဲ့အစည်း သို့မဟုတ် အနီးအနားရှိ လူထုအဖွဲ့အစည်းများနှင့်အတူ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှု)။ ဆွေးနွေးညှိနှိုင်းခြင်း လုပ်ငန်းစဉ်သည် အောက်ပါ အချက်များအတိုင်း ဖြစ်သင့်သည်။

- စီမံကိန်းပြီးစီးအောင်ဆောင်ရွက်သောကိုယ်စားလှယ် သို့မဟုတ်အခြား စီမံကိန်းအားစိတ်ပါဝင်စား ပူးပေါင်းဆောင်ရွက်သူများထံမှ အကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှုနှင့် ဖိအားပေးမှုများ ကင်းလွတ်ခြင်း။
- အဖွဲ့အစည်းအတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ဓလေ့ထုံးစံသတ်မှတ်ချက်များကို ပြည့်စုံအောင်ပေါင်းစပ် ဖွဲ့စည်းခြင်း။
- စီမံကိန်းနှင့်ပတ်သတ်ပြီး ကျိုးကြောင်းဆီလျော်၍ နားလည်လွယ်သော အချက်အလက်များ၊ ၎င်းထံမှ ရရှိနိုင်သော အကျိုးအမြတ်များ ၊ ဆိုးကျိုးသက်ရောက်မှုများ နှင့် လူထုအဖွဲ့အစည်းဝင်များအားလုံးအတွက် ဆုံးရှုံးတန်စွမ်းများကို ဖော်ထုတ်ခြင်း။
- လူထုအဖွဲ့အစည်းရှိ ထိခိုက်ခံစားရသော အုပ်စုများပါဝင်သော၊ ယဉ်ကျေးမှုအရ သင့်လျော်သော၊ လူထုအဖွဲ့အစည်းများ၏ ဘာသာစကားနှင့် လိုအပ်ချက်များနှင့် ဆီလျော်အောင် ပြုလုပ်ထားသော နည်းလမ်းများကို အသုံးပြုပြီး စီမံကိန်း၏အကျိုးအမြတ်များ၊အခွင့်အလမ်းများ၊ အကျိုးသက်ရောက်မှုများ နှင့် ဆုံးရှုံးတန်စွမ်းများကို ချင့်တွက်အကဲဖြတ်ရာတွင် လူမျိုးစု အဖွဲ့များ ပါဝင်လာစေရေးဆောင်ရွက်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း။
- ထိခိုက်ခံရသော လူထုအဖွဲ့အစည်းများအကြား အချက်အလက်များကို အတွင်းကျကျ ဆွေးနွေးနိုင်စေရန်နှင့် အဓိပ္ပါယ်ကောက်ယူနိုင်စေရန် လုံလောက်သောအချိန်နှင့် ၎င်းတို့မှ ထွက်ပေါ်လာမည့် မှတ်ချက်များနှင့် အကြံပြုချက်များအတွက် လုံလောက်သော အချိန်ကို ခွင့်ပြုခြင်း။ ဆွေးနွေး ညှိနှိုင်းပွဲများအတွက် လုံလောက်သော အချိန်ကိုပေးပြီး စီမံကိန်းပြီးစီးအောင် ဆောင်ရွက် သောကိုယ်စားလှယ်ကိုလည်း တိုင်းရင်းသား လူနည်းစု အဖွဲ့အစည်းများ၏ အမြင်များ၊ စိုးရိမ်ပူပန်မှုများ၊ စိတ်ဝင်စားမှုများကို နားလည်နိုင်စေရန် အချိန်ပေးခြင်း။
- သာတူညီမျှရှိပြီး ပွင့်လင်းသော ဆွေးနွေးမှုများနှင့် စိတ်ရင်းမှန်ဖြင့် ညှိနှိုင်းမှုများပေါ်တွင် အခြေခံပြီး လူထုအဖွဲ့အစည်းများ၏ စီမံကိန်း ဒီဇိုင်းနှင့် ဆောင်ရွက်ချက်များအပေါ် လွှမ်းမိုးမှုကို ပံ့ပိုးပေးခြင်း။
- လုပ်ငန်းစဉ်နှင့် နည်းလမ်း၊ ဖြစ်လာသော ကိစ္စရပ်များ၊ ၎င်းတို့အား ဖော်ထုတ်သတ်မှတ်ပုံ၊ ပိုမိုကျယ်ပြန့်သော လူထုအဖွဲ့အစည်းထံမှ ထောက်ပံ့မှုကို ရရှိပုံကို ဖော်ပြသော သဘောတူညီချက်များ အပါအဝင် တိုင်ပင်ဆွေးနွေး အကြံဉာဏ် ရယူခြင်းဆိုင်ရာ လုပ်ငန်းစဉ် (မည်သူ၊ မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သည့်အရာ) တို့ကို မှတ်တမ်းတင်ခြင်းနှင့် ဖော်ထုတ်ခြင်း။

နီးနှောဖလှယ်ပွဲများအတွက် စီစဉ်ဆောင်ရွက်ချက်များကို သေချာစဉ်းစားသင့်ပြီး စီမံကိန်း အခြေအနေ၊ ပါဝင်ဆောင်ရွက်သည့် ဒေသခံ လူထုအဖွဲ့အစည်းများနှင့် စီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သူ စိတ်ဝင်စား သူများ၏ အခြေအနေအရ အံဝင်ဂွင်ကျ စီစဉ်ပေးသင့်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပါဝင်နိုင်သည်မှာ -

- လူထု အဖွဲ့အစည်းတစ်ခုလုံးနှင့် အုပ်စုခွဲများအပါအဝင် လူထုအဖွဲ့အစည်း အစည်းအဝေး
- အစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ လုပ်ဆောင်ချက်များအတွက် အုပ်စုလိုက် ဆွေးနွေးမှုများတွင် အာရုံစိုက်မှု
- စီမံကိန်း စာရွက်စာတမ်းများ၊ ချင့်တွက်အကဲဖြတ်မှု အစီရင်ခံစာများ အစရှိသဖြင့် ပုံစံအပြည့် နှင့် ပိုစတာများနှင့် လက်ကမ်းစာစောင်များ၊ ဒေသ ဘာသာစကားကို သုံးထားသော ရုပ်-သံ ပစ္စည်းများကဲ့သို့ ရိုးရှင်းသည့် ပုံစံများဖြင့် စီမံကိန်း အချက်အလက်ကို ဖြန့်ဝေခြင်း။
- လူထုအဖွဲ့အစည်းများအတွင်း ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များကို သတ်မှတ်ခြင်း (နှီးနှောဖလှယ်သည့် လုပ်ငန်းစဉ်တွင် အဓိပ္ပါယ်ရှိရှိ ပါဝင်ဆောင်ရွက်စေရန် ၎င်းတို့၏ စွမ်းရည်ကို မြှင့်တင်ပေးရန်အတွက် အချို့ သင်တန်းများသည် သင့်လျော်နိုင်သည်)
- ၎င်းတို့ တည်ရှိသည့်နေရာတွင်ရှိပြီး ဒေသခံ လူထုအဖွဲ့အစည်းများ၏ ယုံကြည်မှုကို ရရှိထားသည့် လူမျိုးစု အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှု။
- ဒေသခံ NGO များ၊ သုတေသန အဖွဲ့များ၊ တက္ကသိုလ်ကျောင်းသားများ ပါဝင်မှု။ (ထိုသို့ ပါဝင်ခြင်းကို ဒေသခံ လူထုအဖွဲ့အစည်းများမှ လက်ခံပြီး ယုံကြည်ရန် အရေးကြီးသည်။)

တိုင်ပင်ဆွေးနွေး နှီးနှောဖလှယ်ခြင်းကို သက်ဆိုင်ရာ လူမျိုးစုတို့၏ ဘာသာစကားဖြင့် ပြုလုပ်ဆွေးနွေးသင့်ပြီး အနည်းဆုံး အချိန်နှစ်ပတ်ပေးပြီး ထိခိုက်ခံရသော လူမျိုးစု အဖွဲ့အစည်းများထံ IPP မူကြမ်းနှင့် ပတ်သတ်ပြီး အပြည့်အဝအကြောင်းထားကြောင်းနှင့် ၎င်းတို့အနေဖြင့် တိုင်ပင်ဆွေးနွေးမှုများတွင် ပါဝင်နိုင်ကြောင်း သေချာစေရန် ဆောင်ရွက်သင့်သည်။

### ဃ. ၄ နေရင်း ဒေသခံလူမျိုးများအတွက် အစီအစဉ် ပြင်ဆင်ခြင်း

လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှုနှင့် လွတ်လပ်ပြီး ကြိုတင်အကြောင်းကြားထားသော တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်မှ ရရှိလာသော ရှာဖွေတွေ့ရှိချက်များ အပေါ်တွင် အခြေခံ၍ DWIR၊ CMU သို့မဟုတ် သတ်မှတ်ထား သော စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းပါတနာသည် လူမျိုးစုအနည်းစုအပေါ် အကျိုး သက်ရောက်စေသော ငွေကြေးထောက်ပံ့ပေးထားသော စီမံကိန်း သို့မဟုတ် လက်အောက်ခံစီမံကိန်း အတွက် နေရင်း ဒေသခံလူမျိုးများ အတွက် အစီအစဉ် (IPP) ကို ပြင်ဆင်လိမ့်မည်။ IPP ကို ပြောင်းလွယ် ပြင်လွယ်ရှိပြီး လက်တွေ့ကျသော ပုံစံမျိုးဖြင့်သာ ပြင်ဆင်သင့်ပြီး ဖြစ်လာမည့် အကျိုးဆက်များ၏သဘော သဘာဝနှင့် သတ်မှတ်ထားသော လက်အောက်ခံစီမံကိန်း တို့အပေါ်မူတည်၍ ၎င်း၏ အသေးစိတ် အချက်အလက်များသည် ပြောင်းလဲနိုင်ပါသည်။ IPP တွင် အောက်ပါအချက်အလက်များ လိုအပ်သလိုပါဝင်သင့်သည် -

(က) စီမံကိန်းဖော်ပြချက် နှင့် လူမျိုးစုအနည်းစုနှင့်စပ်ဆက်နေသည့်ကိစ္စရပ်များကို ဖော်ပြချက် အကျဉ်းချုပ်။
(ခ) လူမျိုးစုအနည်းစုနှင့် သက်ဆိုင်သော ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ ကန့်သတ်မှုဘောင် အကျဉ်းချုပ်။
(ဂ) လူမျိုးစုအနည်းစုမှီခိုနေသော သဘာဝအရင်းအမြစ်များ နှင့် ထုံးတမ်းအစဉ်အလာအရ ၎င်းတို့ သိမ်းပိုက် အသုံးပြုနေသော သို့မဟုတ် ၎င်းတို့ပိုင်ဆိုင်သော ပိုင်နက်များ ၊မြေများ နှင့် နစ်နာသောလူမျိုးစုအနည်းစုတို့၏ သန်ခေါင်စာရင်း၊

လူမှုရေး၊ယဉ်ကျေးမှု နှင့်နိုင်ငံရေးဆိုင်ရာ ဂိုသေသလက္ခဏာများ ၏ အခြေခံသတင်းအချက်အလက်များအပါအဝင် လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ်မှု အကျဉ်းချုပ်။

(ဃ) စီမံကိန်းအတွက် လူထုအဖွဲ့အစည်းထံမှ ပိုမို ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့မှု ရစေမည့် ထိခိုက်ခံရသော လူမျိုးစုအနည်းစုနှင့် လွတ်လပ်သော ကြိုတင် အကြောင်းကြားထားသော နှီးနှောဖလှယ်ပွဲများ၏ ရလဒ်များ အကျဉ်းချုပ်။

(င)သက်ဆိုင်ရာဆောင်ရွက်မှုများ အကောင်အထည်ဖော် ဆောင်ရွက်သည့်ကာလအတွင်း နစ်နာသော လူမျိုးစု အနည်းစုနှင့် လွတ်လပ်သော ကြိုတင် အကြောင်းကြားထားသော နှီးနှောဖလှယ်ပွဲများ ပြုလုပ်ကြောင်း သေချာစေမည့် ကန့်သတ်မူဘောင်။

(စ) နစ်နာသောလူမျိုးစုအနည်းစုသည်ယဉ်ကျေးမှုအရသင့်လျော်သော လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အကျိုးအမြတ် များ ရရှိသည်ကိုသေချာစေရန်ဆောင်ရွက်မှုများ။

(ဆ) ဆိုးရွားသည့်အကျိုးဆက်များကို ရှောင်ရှားရန်၊ နည်းနိုင်သမျှ နည်းအောင်ပြုလုပ်ရန်၊ လျော့ပေါ့စေရန်၊ သို့မဟုတ် လျော်ကြေးပေး ဆောင်ရွက်မှုများ။

(ဇ) IPP အတွက်ခန့်မှန်းချေ ကုန်ကျစရိတ်များနှင့် ငွေကြေးထောက်ပံ့မှု အစီအစဉ်။

(ဈ) ထိခိုက်နစ်နာသော လူမျိုးစုအနည်းစုသို့ ရောက်ရှိမည့် နစ်နာကြေးဆိုင်ရာ နည်းလမ်းများ။

(ည) IPP ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအပေါ် စောင့်ကြည့်စစ်ဆေးခြင်း၊ တန်ဖိုးဖြတ်နှင့် အစီရင်ခံခြင်း။

IPP ကိုအင်္ဂလိပ် သို့မဟုတ် မြန်မာဘာသာဖြင့် ပြင်ဆင်သင့်ပြီး သင့်တော်ရာ လူမျိုးစုတို့၏ ဘာသာစကားသို့ ဘာသာပြန်သင့်သည်။ IPP ကိုမြန်မာဘာသာဖြင့်ပြင်ဆင်ထားလျှင် ကမ္ဘာ့ဘဏ်မှ ပြန်လည်သုံးသပ်နိုင်ရန်အတွက် ၎င်းကိုအင်္ဂလိပ် ဘာသာသို့ဘာသာပြန်သင့်သည်။ သို့မဟုတ်ပါက ကမ္ဘာ့ဘဏ်မှ သဘောတူသည့်အတိုင်း ဘာသာပြန်ဆိုသင့်သည်။

## ဃ.၅ ကမ္ဘာ့ဘဏ်မှ ပြန်လည်သုံးသပ်ချက်ကို ထုတ်ဖော်ခြင်း။

နစ်နာသော လူမျိုးစုအနည်းစုများ နှင့် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ပြင်ဆင်ထားသော IPP မူကြမ်းကို လူထု အဖွဲ့အစည်းအဖွဲ့ဝင်များ နားလည်နိုင်သော သင့်တော်သည့်ဘာသာစကားပုံစံနှင့် ဒေသခံအဖွဲ့ အစည်းများ သို့ လူသိရှင်ကြားဖော်ထုတ် မျှဝေရမည်။

သတ်မှတ် စီမံကိန်း/လက်အောက်ခံ စီမံကိန်းနှင့် ပတ်သတ်သော လုပ်ဆောင်မှုများကို အတည်မပြုမီ တိုင်းရင်းသား လူမျိုးစုမှ ၎င်းတို့ကိုကို ထိခိုက်စေသော စီမံကိန်း ဆောင်ရွက်ချက်များနှင့် IPP မူကြမ်းကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့ပေးကြောင်း DWIR မှအတည်ပြုပြီးသည်နှင့်တပြိုင်နက် DWIR သည် ကမ္ဘာ့ဘဏ်မှ ပြန်လည် သုံးသပ်ရန်နှင့် အတည်ပြုရန်တွက် IPP မူကြမ်းကိုတင်သွင်းလိမ့်မည်။

နစ်နာသောလူမျိုးစုများထံမှ အဖွဲ့အစည်းထောက်ပံ့မှု ကျယ်ကျယ်ပြန့်ပြန့်ရရှိရန် မသေချာလျှင် စီမံကိန်း လုပ်ဆောင်မှုများကို ငွေကြေးထောက်ပံ့လိမ့်မည်မဟုတ်ပါ။

## ဃ. ၆ အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်မှုများ

စီမံကိန်းဒါရိုက်တာများအဖွဲ့ (PDU) သည် စီမံကိန်းအရ ဘေးရန်ဆီးကာဆောင်ရွက်မှုများကို လေးစားလိုက်နာခြင်း အတွက် အလုံးစုံ တာဝန်ရှိသည်။ သို့သော်လည်း နေ့စဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို သက်ဆိုင်ရာ အစိတ်အပိုင်းအလိုက် IPPF ကို အကောင်အထည်ဖော်မည့် အစိတ်အပိုင်းများစီမံခန့်ခွဲမှု စီမံကိန်းအဖွဲ့ (CPU) သို့ တာဝန်ခွဲဝေပေးလိမ့်မည်။

### ဃ. ၇ ငွေကြေးထောက်ပံ့မှု စီစဉ်ဆောင်ရွက်မှု

အကောင်အထည်ဖော်ဆောင်ရွက်သည့် တွဲဖက်လုပ်ကိုင်သူများမှ ငွေကြေးထောက်ပံ့ပေးခြင်းများကို ပံ့ပိုး မည်ဖြစ်သော်လည်း ငွေကြေးထောက်ပံ့ပေးထားသော စီမံကိန်း ဆောင်ရွက်မှုများနှင့် ပတ်သတ်ပြီး IPP ကို ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းနှင့် ဆက်စပ်နေသော ကုန်ကျစရိတ်များအားလုံးကို ထေမိစေရေး အတွက် DWIR သည် တာဝန်ယူရမည်ဖြစ်သည်။ ဤ IPPF အရ ပြင်ဆင်ထားသော IPP သည် IPP ကိုအကောင်အထည်ဖော်ဆောင်ရွက်မည့် ကဏ္ဍများအားလုံးအတွက် ခန့်မှန်းကုန်ကျစရိတ်များနှင့်အတူ ဘတ်ဂျက် လျာထားမှု လိုအပ်လိမ့်မည်။

### ဃ.၈ စောင့်ကြပ် ကြည့်ရှုခြင်းနှင့် ထိခိုက်နစ်နာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

DWIR သည် IPPF၏ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ပြီး အဆိုပါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သတ်သော အစီရင်ခံစာကို ကမ္ဘာ့ဘဏ်သို့ ပုံမှန် အစီရင်ခံမည်ဖြစ်ပါသည်။ လိုအပ်သော IPP တွင် ငွေကြေးထောက်ပံ့ပေးထားသော စီမံကိန်း/လက်အောက်ခံ စီမံကိန်း ဆောင်ရွက်မှုနှင့် ၎င်း၏ IPPလုပ်ဆောင်မှုများနှင့် သဘောတူညီမှုများအတွက် အသေးစိတ် စောင့်ကြပ် ကြည့်ရှုခြင်း စီစဉ် ဆောင်ရွက်မှုများကို ထည့်သွင်းလိမ့်မည်။

လူမျိုးစုအနည်းစုအတွက် သီးခြားတိုးတက်မှုကို ချင့်တွက်အကဲဖြတ်ရန် စောင့်ကြည့်စစ်ဆေးခြင်း ၊ အကဲဖြတ် တွက်ချက်ခြင်းတို့ကဲ့သောဆောင်ရွက်မှု တစ်ခုချင်းစီကို ပြုလုပ်နိုင်သည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းတွင် အထူးလေ့လာခြင်းများ၊ လူမှုဆိုင်ရာ စောင့်ကြပ် ကြည့်ရှုခြင်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို တန်ဖိုးဖြတ်သော နည်းလမ်းများ ပါဂင်ပါလိမ့်မည်။ စီမံကိန်းပြီးစီးအောင်ဆောင်ရွက်နေသောကိုယ်စားလှယ်၏ စီမံခန့်ခွဲမှုများမှ ကင်းလွတ်သော စောင့်ကြည့်စစ်ဆေးခြင်း အဖွဲ့များကို အသုံးပြုခြင်းသည် သင့်တော် မှုရှိပြီး တိုင်းရင်းသား လူမျိုးစုအဖွဲ့အစည်းများ သို့မဟုတ် NGO များပါ ပါဂင် ပတ်သတ်နိုင်သည်။ ဘာသာစကားယဉ်ကျေးမှု နှင့် လူမှုဆိုင်ရာအဖွဲ့အစည်းများအပါအဝင်တိုင်းရင်းသား လူမျိုးစုများနှင့် ပတ်သတ်သော ကိစ္စရပ်များနှင့် စီမံကိန်းမှရရှိလာမည့် အကျိုးအမြတ်များကို တိုင်းတာရန်အတွက် ပူးပေါင်းပါဝင် ဆောင်ရွက် စေခြင်းနှင့် အရည်အသွေးဆိုင်ရာ နည်းလမ်းများ လိုအပ်ပေလိမ့်မည်။ အရည်အချင်းအလိုက် အချက်အလက်စုဆောင်းခြင်းနည်းလမ်းများတွင် အလုပ်ရုံများ၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းကို အာရုံစိုက်ခြင်း ၊ ထုံးတမ်းစဉ်လာအတိုင်းမဟုတ်သော အမေးအဖြေပြုလုပ်ခြင်းများ ၊ မြေပုံထုတ်ယူခြင်း ဆောင်ရွက်ချက်များ နှင့် အခြား ပူးပေါင်းပါဂင်မှုဆိုင်ရာ ချင့်တွက် အကဲဖြတ်သည့် နည်းလမ်းများမှ တဆင့် ထိခိုက်နစ်နာသော လူမျိုးစုအဖွဲ့အစည်းများ နှင့် ပိုမို၍တိုက်ရိုက်ကျသော အပြန်အလှန် ဆောင်ရွက်မှုများ ပါဂင်သည်။

DRAFT

နစ်နာသောလူမျိုးစု အဖွဲ့အစည်းများအနေဖြင့် ငွေကြေးထောက်ပံ့ပေးထားသော စီမံကိန်း/ လက်အောက်ခံ စီမံကိန်းနှင့် IPP နှင့်စပ်ဆက်နေသော ဖြစ်ပေါ်လာသည့် မကျေနပ်ချက်များကို တိုင်ကြားရန် နည်းလမ်းများ ရှိသည်ကို သေချာမှုရှိစေရန် အဆင့်-မျိုးစုံ ပါဝင်သော ထိခိုက်နစ်နာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းကို IPP တွင်ထည့်သွင်းလိမ့်မည်။ ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးသော နည်းလမ်းကို သက်ဆိုင်ရာ အဖွဲ့အစည်းများအတွင်း အငြင်းပွားမှု ဖြေရှင်းရေးစနစ်များနှင့် တိုင်ကြားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်သင့်သည်။ SESA သည် စီမံကိန်းအတွက် ပို၍အသေးစိတ်ကျ၍ သင့်တော်သော ထိခိုက်နစ်နာကြေး ပေးအပ်သည့်နည်းလမ်းများကို ချင့်တွက် အကဲဖြတ်မည်ဖြစ်ပြီး လိုအပ်သော IPP တစ်ခုချင်းစီတွင် ၎င်း သီးခြားစီမံကိန်း လုပ်ဆောင်မှု သို့မဟုတ် လက်အောက်ခံစီမံကိန်းအတွက် လုပ်ထုံးလုပ်နည်းများကို အပြည့်အစုံဖော်ပြလိမ့်မည်။ထိခိုက်နစ်နာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် လိုအပ်သော အစိတ်အပိုင်းများတွင် အောက်ပါအချက်များ ပါဝင်ပါသည် -

က) ပထမ အဆင့်တွင်၊ မြေနေရာ ရယူခြင်းကြောင့် ထိခိုက်ခံစားရသူများ နေထိုင်သည့် ရွာ သို့မဟုတ် မြို့အဆင့်အတွင်း၊ ၎င်းတို့သည် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ပါဝင်သော ဒေသခံ အာဏာပိုင်များထံ စာရေးသား၍ ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ထိခိုက်နစ်နာမှုကို တိုင်ကြားနိုင်သည်။ တိုင်ကြားမှုကို လက်ခံရရှိပြီး ရက်ပေါင်း ၃၀ အတွင်း မဖြေရှင်းပေးပါက လုပ်ငန်းစဉ် ဒုတိယအဆင့်သို့ တိုးမြှင့် ဆောင်ရွက်မည်ဖြစ်သည်။

ခ) အဆင့် ၂၊ ထိခိုက်နစ်နာသောသူသည် ပထမအဆင့် စဉ်းစားပေးမှု၏ ရလဒ်ကို ကျေနပ်ခြင်းမရှိလျှင်၊ သို့မဟုတ် ဒေသအဆင့် ပြန်လည်သုံးသပ်ခြင်းသည် အဆိုပြုသော ဖြေရှင်းချက်သို့ မရောက်ရှိလျှင် ထိခိုက်နစ်နာသူသည် အဆိုပါ ပြဿနာကို DWIR၊ CPU နှင့်/သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်မည့် တွဲဖက်လုပ်ကိုင်သူတို့မှ ပေးထားသော စီမံကိန်း လုပ်ဆောင်ချက် သို့မဟုတ် စီမံကိန်းအခွဲအတွက် သတ်မှတ်ထားသော ထိခိုက်နစ်နာမှုဆိုင်ရာ ကော်မတီထံ တိုင်ကြားနိုင်သည်။ DWIR၊ CPU သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်မည့် တွဲဖက်လုပ်ကိုင်သူမှ ဦးစီးပြီး အကောင်အထည်ဖော် ဆောင်ရွက်မည့် အေဂျင်စီများနှင့် တိုက်ရိုက်ဆက်နွယ်မှု မရှိသည့် ကိုယ်စားလှယ်များ ပါဝင်သော ထိခိုက်နစ်နာမှုဆိုင်ရာ ကော်မတီသည် ကနဦးအဆင့်ရှိ တိုင်ကြားချက်နှင့် အောက်အဆင့်မှ အကြံပြုသော ဖြေရှင်းချက် လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ပြီး ရက်ပေါင်း ၃၀ အတွင်းတွင် ဖြေရှင်းရန်အတွက် အကြံပြုချက်များ ပေးမည်ဖြစ်ပါသည်။

ဂ) အဆင့် ၃၊ ထိခိုက်နစ်နာမှုဆိုင်ရာ ကော်မတီမှ ပြန်လည်သုံးသပ်ခြင်းကို ထိခိုက်နစ်နာသူမှ ကျေနပ်ခြင်းမရှိသေးလျှင် မြန်မာနိုင်ငံအစိုးရ၏ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအရ တရားဝင် ဆက်လက်ဆောင်ရွက်ရန် အဆိုပါ ကိစ္စရပ်ကို ဆက်လက်ပေးပို့မည် ဖြစ်ပါသည်။

DWIR၊ CPU နှင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် တွဲဖက်လုပ်ကိုင်သူသည် တိုင်ကြားသည့် ပြဿနာများကို ဖော်ပြချက်နှင့်အတူ ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်၏ ရလဒ်များအပါအဝင် ထိခိုက်နစ်နာမှုဆိုင်ရာ ကော်မတီသို့ ရည်ညွှန်းသော မကျေနပ်ချက်တိုင်ကြားမှုများအားလုံးကို မှတ်တမ်းတင်ထားသည်။

DRAFT

**နောက်ဆက်တွဲ ၈ ပထမအကြိမ် ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေး နှီးနှောဖလှယ်ခြင်း (မေလ ၂၀၁၄) မှတ်ချက်များနှင့် ရှင်းလင်းချက်များ**

| ကိစ္စရပ်များ/မှတ်ချက်များ | တုန့်ပြန်ဖြေကြားချက် |
|---|---|
| **အထွေထွေ** | |
| • ပူးပေါင်းပါဝင် ဆောင်ရွက်သူများသည် စီမံကိန်းကို ထောက်ပံ့ပေးပြီး မြစ်ကြောင်းတစ်လျှောက် နေထိုင်သူများနှင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ဧရာဝတီမြစ်၏ အရေးကြီးပုံကို အထူးအလေးထားသည်။<br>• စီမံကိန်း အကျိုးအမြတ်များ များပြားစေရန်နှင့် အလုပ်များ ထပ်နေခြင်း မရှိစေရန် ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ သုတေသနနှင့် အစိုးရ ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့် ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်ကြောင်း သေချာစေရေးသည် DWIR အတွက် အရေးကြီးသည်။ | စီမံကိန်း ဒါရိုက်တာမှ ရေနှင့် ပတ်သတ်သော လက်ရှိ လုပ်ပိုင်ခွင့်များနှင့်အတူ အစိုးရ ကိုယ်စားလှယ်ပေါင်း ၃၄ ခု၏ ကြိုးစားအားထုတ်မှုများကို ကြီးကြပ် ကွပ်ကဲရန် ထိပ်သီးအဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရန် အမျိုးသားရေအရင်းအမြစ်ကော်မတီ (NWRC) အား ဇူလိုင်လ ၂၀၁၃ ခုနှစ်တွင် သမ္မတ၏ စီရင်ပြဌာန်း ချက်အရ တည်ထောင်ကြောင်း ရှင်းလင်းပြောဆို ခဲ့သည်။ AIRBM ၏ အကူအညီဖြင့်အတူ ဧရာဝတီ မြစ်ဝှမ်းနှင့် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှုကို ထိထိရောက် ရောက် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရေး အတွက် လိုအပ်သော နည်းလမ်းများနှင့် တိုးမြှင့်ထား သော စွမ်းရည်တို့ဖြင့် NWRC အား အပြည့်အဝ ဖြည့်စွက်မည် ဖြစ်ပါသည်။ |
| **ရေနေကုန်းတန်နှင့် ရေအရည်အသွေး** | |
| • ပူးပေါင်းပါဝင် ဆောင်ရွက်သူများသည် ရေအရည်အသွေးကို ထိန်းသိမ်းခြင်းနှင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းအပြင် မြစ်ဝှမ်းရှိ သစ်တောများနှင့် ရေနေကုန်းတန်းများ၏ အခြေအနေ ပိုမိုကောင်းမွန်ရေး၏ အရေးကြီးပုံကို အထူးအသားပေးပြောကြားခဲ့သည်။<br>• အထက်ပိုင်းရှိ ရေနေကုန်းတမ်းများ၊ အထူးသဖြင့် ကချင်ပြည်နယ်တွင် သတ္တုတွင်းတူးဖော်ရေး လုပ်ဆောင်ချက်များသည် ရေအရည်အသွေးနှင့် လွန်ကဲသော သဲနန်းများ ဖြစ်စေသည့် အရင်းအမြစ်များ ဖြစ်ကြောင်းနှင့် ခြိမ်းခြောက်မှုများ ဖြစ်ကြောင်း ပါဝင်ဆောင်ရွက်သူများမှ ဖော်ထုတ် သတ်မှတ်ခဲ့သည်။<br>• ရေအရင်းအမြစ်များ ကာကွယ်စေရေး သေချာ | NWRC သည် ရေအရည်အသွေးကို ထိန်းသိမ်း ခြင်းနှင့် ဧရာဝတီ မြစ်ဝှမ်းတွင် ရေနေကုန်းတန်း စီမံခန့်ခွဲမှုကို တိုးတက်အောင်ဆောင်ရွက်ခြင်း၏ အရေးကြီးပုံကို သိရှိထားသည်။ NWRC သည် ရေနှင့် ပတ်သတ်ပြီး ညွှန်ကြားမည့် ကန့်သတ်မှု မူဘောင် တစ်ခုကို မကြာမီက မူကြမ်းရေးဆွဲခဲ့ပြီး ဖြစ်ကြောင်း နှင့် လက်ရှိအချိန်တွင် နိုင်ငံတော် ရေဥပဒေကို အကြမ်းရေးဆွဲနေကြောင်း ရှင်းပြခဲ့သည်။ NWRC အနေဖြင့် ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေး၊ စည်းမျဉ်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု များ ပြုလုပ်ကြောင်း သေချာစေရန် တာဝန်ပေးအပ် ခြင်းဖြင့် မြစ်ဝှမ်းအဖွဲ့အစည်းများကို တည်ထောင် လိမ့်မည်ဖြစ်ကြောင်း မျှော်မှန်းထားပါသည်။ AIRBM နှင့် ပတ်သတ်ပြီး DWIR နှင့် DMH တို့သည် ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုသည့် စနစ်များ |

DRAFT

| | |
|---|---|
| စေရန်အတွက် ရေအရည်အသွေးနှင့် သတ္တု တွင်း တူးဖော်ရေး လုပ်ဆောင်ချက်များနှင့် ပတ်သတ်ပြီး စည်းမျဉ်းများနှင့် လမ်းညွှန်ချက် များ သတ်မှတ်ပေးရန် ပူးပေါင်းပါဝင် ဆောင်ရွက်သူများမှ အစိုးရထံမှ တောင်းဆို ခဲ့သည်။ | (အစိတ်အပိုင်း ၂ အရ) ကို ဦးစီးဆောင်ရွက် မည်ဖြစ်ပြီး ရေဥပဒေ ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူပြု ပေးမည့် အဖွဲ့အစည်းဆိုင်ရာ နှင့် ဥပဒေရေးရာ ကန့်သတ်မှုဘောင်များ ( အစိတ်အပိုင်း ၁ အရ)ကို ပြန်လည်သုံးသပ်ခြင်းကို တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။ |
| **ဂေဟစနစ်များနှင့် ဇီဝမျိုးကွဲစိတ်များ** | |
| • ဧရာဝတီမြစ်သည် အပင်များနှင့်တိရိစ္ဆာန်များ နေထိုင်ရာ ရှင်သန်ရာ အရပ်ဒေသဖြစ်သည်။ သို့ဖြစ်သောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ နှင့် ရာသီဥတုအလိုက် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ကျက်စားသည့် မျိုးစိတ်များပါဝင်သော ဂေဟစနစ်စီမံခန့်ခွဲမှုများနှင့် စပ်ဆက် နေသည့် အကျိုး သက်ရောက်မှုများ နှင့် အခွင့်အလမ်းများ ကိုထည့်သွင်း စဉ်းစားရန် အလွန်အရေးကြီး သည်။<br>• ဧရာဝတီမြစ်ဝှမ်း၏ ရေစုန်ဒေသများတွင် သစ်တော များ ခုတ်ထွင်ရှင်းလင်းခြင်းသည် အဓိက ဖြစ်ပေါ် နေသော စိန်ခေါ်မှု တစ်ရပ်ပင်ဖြစ်သည်။ အဆိုပြု AIRBM စီမံကိန်း အယူအဆ တွင် မည့်သည့် အကြောင်းကြောင့် သစ်တော ပြုန်းတီးခြင်းနှင့် ပတ်သတ်ပြီး လုံလောက်သည့် အကြောင်းပြချက် မပေးနိုင် ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းချက်ကို တောင်းခံခဲ့သည်။ | ဂေဟစနစ်များ၊ တစ်နေရာမှ တစ်နေရာသို့ ပြောင်း ရွှေ့ ကျက်စားသည့် မျိုးစိတ်များနှင့် ငါးမွေးမြူရေး လုပ်ငန်းများသည် အလွန်အရေးပါပြီး ၎င်းတို့ကို အပိုင်း ၁ အောက်တွင် ဆောင်ရွက်မည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ချင့်တွက်အကဲဖြတ် ခြင်းနှင့် မြစ်ဝှမ်းဒေသ အစီအစဉ်ရေးဆွဲမှု လုပ်ဆောင် ချက် ဖွံ့ဖြိုးတိုးတက်မှု နှစ်ရပ်လုံးတွင် ၎င်းတို့နှင့် ဆိုင်သော အချက်အလက်များကို သိမ်းဆည်း ထားရမည် ဆိုသော အချက်ကို ရှင်းပြပြီးဖြစ်သည်။ ထို့အပြင် လုပ်ဆောင်မှု အားလုံးသည် သင့်လျော် သော ဘေးရန်ဆီးကာမှုဂါဒများ၊ လိုအပ်ချက်များနှင့် လိုက်လျောညီထွေမှုရှိရမည်။<br><br>စီမံကိန်းအဖွဲ့သည် စီမံကိန်းပုံစံနှင့် လုပ်ဆောင်မှု များကို ထောက်ပံ့ရန် အကောင်းဆုံး အသုံးဝင်သော အချက်အလက်များရှိသည် ဆိုသောအချက်ကို သေချာစေရန် ပူးပေါင်းပါဝင် ဆောင်ရွက်သူများထံမှ မျှဝေထားသော အကြံပြုချက်များနှင့် အချက် အလက်များအားလုံးကို ကြိုဆိုပါသည်။<br>စုပေါင်းဆောင်ရွက်မှု အကျိုးရလဒ်များ၊ ရေဝေ ကုန်းတန်း ဒေသ စီမံခန့်ခွဲမှု ကဏ္ဍများနှင့်စပ်လျဉ်းပြီး ဖွံ့ဖြိုး တိုးတက်မှု ဆောင်ရွက်သည့် လုပ်ဖော် ကိုင်ဖက်များသည် စုပေါင်းဆောင်ရွက်မှု အကျိုးရလဒ်များကိုသေချာစေရန် ကမ္ဘာ့ဘဏ်နှင့်DWIR တို့ ပူးပေါင်းဆောင်ရွက်နေပြီး ဤကဏ္ဍတွင်လည်း လက်ရှိလုပ်ကိုင် နေကြသည် ဆိုသည်ကို စီမံကိန်းဒါရိုက်တာမှ ဖြည့်စွက် ပြောကြားခဲ့သည်။ |

<table>
<tr><td colspan="2">မြေအောက်ရေ</td></tr>
<tr><td>• မြေအောက်ရေ အရင်းအမြစ်များကို ရေရှည် အသုံးပြုနိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် ၎င်းတို့နှင့် ဆက်နွယ်နေသော ဇဟုသုကို တိုးမြှင့်ပေးရန် လိုအပ်ချက် ရှိသည်။</td><td>ဧရာဝတီမြစ်ဝှမ်းသည် မြေအောက်ရေ အများအပြား ဖြင့် ပြည့်နှက်နေသည့် နေရာဖြစ်သည်ဟု ယုံကြည်ရသည်။ သို့သော် အမှန်တကယ် အရေအတွက်၊ အရည်အသွေးနှင့် ပေးဝေမှု တို့ကိုမူ ကျယ်ကျယ်ပြန့်ပြန့် မသိရပေ။ မြေအောက်ရေ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းများ နှင့် ပတ်သတ်ပြီး အစိုးရအနေဖြင့် မဟာဗျူဟာကျပြီး အကြောင်း ကြားထားသော ရွေးချယ်မှုများ ပြုလုပ်ရာတွင် အကူအညီ ပေးနိုင်ရန် ရေအောင်းလွှာ၏ ဝိသေသ လက္ခဏာများကို နားလည်ရန်နှင့် သဘောပေါက်စေရန် အစိတ်အပိုင်း-ခွဲ ၁.၂ အရ၊ မြေအောက်ရေ စစ်တမ်းကောက်ယူမှုကို ပြုလုပ်လိမ့်မည် ဖြစ်သည်။</td></tr>
<tr><td colspan="2">တိုင်ပင်ဆွေးနွေး နီးနှောဖလှယ်ခြင်း လုပ်ငန်းစဉ်</td></tr>
<tr><td>• ပူးပေါင်းပါဝင်ဆောင်ရွက်သူများသည် အားသွန် ခွန်စိုက် ပြုလုပ်သည့် တိုင်ပင်ဆွေးနွေးခြင်းများနှင့် တုန့်ပြန်ချက် လုပ်ငန်းစဉ်များ၏ အရေးကြီးပုံကို အထူး အာရုံစိုက်ခဲ့ပါသည်။ တိုင်ပင်ဆွေးနွေးခြင်း တွင် စီမံကိန်း၏ အကျိုးအမြတ်များ ပိုမို များပြား စေရန်၊ ပိုမိုကျယ်ပြန့်သည့် အမြင်များနှင့် ပြသနာ များကို ထည့်သွင်းစဉ်းစားကြောင်း သေချာစေရန် နှင့် အစိုးရနှင့် ပြည်သူလူထုအကြား ယုံကြည်မှု တည်ဆောက်ရန် ပိုမိုဝေးလံသော ဒေသရှိ လူထုအဖွဲ့အစည်းများ၊ ပညာရှင်အုပ်စုများနှင့် အစိုးရ ကိုယ်စားလှယ်များ ပါဝင်ပြီး ပိုမို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ကြောင်း အကြံပြုခဲ့ပါသည်။<br><br>• ပူးပေါင်းပါဝင်ဆောင်ရွက်သူများသည် ကမ္ဘာ့ဘဏ်မှငွေကြေး ထောက်ပံ့ပေးနေသည့် ဆောင်ရွက်ဆဲ အစီအစဉ်များ/ စီမံကိန်းများအကြား တိုင်ပင် ဆွေးနွေးခြင်း လုပ်ထုံးလုပ်နည်းများနှင့် အရင်း အမြစ်များတွင် ထင်ရှားလှသော မဆီလျော်မှု များကို ရှင်းလင်းပြရန် ကမ္ဘာ့ဘဏ်အား တောင်းဆို ခဲ့ပါသည်။</td><td>ကမ္ဘာ့ဘဏ်မှ အဆိုပါ အထူးသတ်မှတ်ပြုလုပ်သော တိုင်ပင်ဆွေးနွေးခြင်းသည် ESMF အတွက် TOR မူကြမ်းများ ပေါ်ထွက်စေရေးအတွက် အထူးအာရုံ စိုက်ထားသည်ဟု ရှင်းလင်း ပြောကြားခဲ့သည်။ ESMF သည် ကနဦးသဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ချင့်တွက် အကဲဖြတ်မှုကို ရောင်ပြန်ဟပ်သော၊ ကြိုတင်မျှော်မှန်းထားသော ကိစ္စရပ်များကို သတ်မှတ် သော၊ စီမံကိန်းအစပိုင်းတွင် သက်ရောက်မှုများ လျော့ကျစေရေးအတွက် ကန့်သတ်မှု မူဘောင်တစ်ခု ကို ပံ့ပိုးပေးသော အစိုးရ စာရွက်စာတမ်းတစ်ခု ဖြစ်ပါသည်။ ဆက်လက်ပြီး ၂၀၁၄ ခုနှစ် ဇူလိုင်/ ဩဂုတ်လတွင် နောက်ထပ် အကြံဉာဏ်များ တောင်းခံရန်နှင့် စီမံကိန်း ပြင်ဆင်ခြင်း အထူးသဖြင့် ESMF မူကြမ်းနှင့် ပတ်သတ်ပြီး တုန့်ပြန်ချက်များ တောင်းခံရန် ဒုတိယအကြိမ် တိုင်ပင်ဆွေးနွေး အကြံဉာဏ် ရယူခြင်းကို ကျင်းပလိမ့်မည်ဖြစ်သည်။ AIRBM ကို တရားဝင် စတင် သတ်မှတ်ပြီးသည်နှင့် သတ်မှတ် ဆောင်ရွက်ချက်များ အတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် ဆိုးကျိုးများ လျော့ကျစေရေး အစီအစဉ်များကို စတင်သတ်မှတ် မည်ဖြစ်ကာ နောက်ထပ် ပစ်မှတ်ထားခဲ့သော လူထုနှင့် တိုင်ပင်ဆွေးနွေးပွဲများကို ပြုလုပ်ကျင်းပ လိမ့်မည်ဖြစ်သည်။</td></tr>
</table>

DRAFT

နောက်ဆုံးတွင် AIRBM ကို အကောင်အထည်ဖော်ဆောင်ရွက်စဉ် ကာလ တလျှောက်လုံး စီမံကိန်းတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သူများ အားလုံးထံမှ အကြံဉာဏ်များ ရယူခြင်းနှင့် ၎င်းတို့ထံမှ ထောက်ပံ့ ပေးမှုများ ဆက်လက်ရရှိနေကြောင်း သေချာစေရန် စိတ်ပါ ဝင်စားသူများ ပူးပေါင်းပါဝင်သည့် တိုင်ပင်ဆွေးနွေးပွဲ များကို ပြုလုပ်ရန် စီမံကိန်းမှ ထောက်ပံ့ပေးလိမ့်မည် ဖြစ်ကြောင်း ကိုလည်း ထည့်သွင်းပြောကြားခဲ့ပါသည်။

ကမ္ဘာ့ဘဏ်အဖွဲ့မှ ထိုသို့သော သတ်မှတ် စီမံကိန်း ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများနှင့် မြန်မာနိုင်ငံရှိ ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ ပေးထားသော ဆောင်ရွက်ချက်များ၏ အချက်အလက်များကို ဦးစားပေး သတ်မှတ်ရာတွင် ကူညီပေးမည့် စနစ်ကျ သော နိုင်ငံဆိုင်ရာ ချို့ယွင်းချက်ရှာဖွေခြင်း (SCD) အတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံတွင် လက်ရှိ လုပ်ဆောင်နေဆဲ အခြား သော ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ပေးနေသော အဓိက တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်များအကြား ကွာဟမှု ကို ရှင်းပြခဲ့သည်။ SCD သည် ဆင်းရဲနွမ်းပါးမှု ပပျောက် စေရေးနှင့် ကဏ္ဍတိုင်းတွင် နိုင်ငံတော် အဆင့် အပြည့်အစုံ တိုးတက်စေရေးအတွက် ဖြစ်ပေါ် နေသော ကန့်သတ်ချက်များကို ရှာဖွေဖော်ထုတ် ရန်နှင့် ကမ္ဘာ့ဘဏ်မှ ထောက်ပံ့မှုအတွက် ဦးစားပေး အချက်အလက်များကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ် သော အစီအစဉ်တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် SCD ၏ ထုတ်ကုန်ပစ္စည်းသည် လူမှုရေးအတွက် ဦးစားပေး ဆောင်ရွက်သော လုပ်ဆောင်ချက် ဖြစ်သည်။ SCD ၏ သဘောသဘာဝအရ AIRBM ကဲ့သို့ တိကျသော စီမံကိန်းများ အတွက် ဆောင်ရွက်ရမည့် တိုင်ပင် ဆွေးနွေးမှုများအတွက် လိုအပ်သော ကြိုးစား အားထုတ်မှုနှင့် အဓိက ကိုယ်စားပြု ဆောင်ရွက် ခြင်းထက် ပိုမိုသော ကြိုးစားအားထုတ်မှုများ လိုအပ် သည်။ ထို့ကြောင့် SCD တိုင်ပင်ဆွေးနွေးမှုအတွက် အရင်းအမြစ်များနှင့် လမ်းညွှန်ချက်များသည် တိကျ သော တိုင်ပင်ဆွေးနွေးမှုများနှင့် မတူဘဲ ကွဲပြား ပေသည်။ ထို့အပြင် SCD တိုင်ပင်ဆွေးနွေး

DRAFT

| | |
|---|---|
| | နီးနော ဖလှယ်ပွဲများသည် ကမ္ဘာ့ဘဏ်မှ ဆောင်ရွက်သည့် လုပ်ဆောင်ချက်ဖြစ်ပြီး AIRBM ၏ ESMF တိုင်ပင် ဆွေးနွေးခြင်းသည် အစိုးရမှ ပြုလုပ်သည့် လုပ်ငန်းစဉ် ဖြစ်ပေသည်။ |
| **အပြည်ပြည်ဆိုင်ရာ ရေလမ်းကြောင်းသွားလာမှု** | |
| • ဧရာဝတီမြစ်အား အပြည်ပြည်ဆိုင်ရာ ရေလမ်းကြောင်းအဖြစ် သတ်မှတ်ခြင်းသည် စိုးရိမ် ရမည့် ကိစ္စရပ်တစ်ခုအဖြစ် ပေါ်ထွက်လာ ခဲ့သည်။ တိတိကျကျပြောရလျှင် အဘယ် ကြောင့် အပြည်ပြည်ဆိုင်ရာ ရေလမ်းကြောင်း မူဝါဒကို ကမ္ဘာ့ဘဏ် ISDS တွင် အစပျိုး ခဲ့ကြောင်းနှင့် မြစ်ချောင်း၊ မြစ်လက်တက်များ နှင့်ပတ်သတ်ပြီး တရုတ် အမည်များကို ESMF ၏ TOR များတွင် အဘယ်ကြောင့် အသုံးပြုခဲ့ သနည်းဆိုသည့် ရှင်းလင်းချက်များကို ရှာဖွေ ခဲ့သည်။ | ဧရာဝတီမြစ်အား အပြည်ပြည်ဆိုင်ရာ ရေလမ်း ကြောင်းအဖြစ် သတ်မှတ်ခြင်းသည် ကမ္ဘာ့ဘဏ်၏ ဘေးရန်ဆီးကား ဆောင်ရွက်ရေး မူဝါဒ ( OP 7.50 - အပြည်ပြည်ဆိုင်ရာ ရေလမ်းကြောင်းများရှိ စီမံကိန်း များ) တွင် သတ်မှတ်ထားသော ပထဝီဝင် အနေ အထားဆိုင်ရာ အဓိပ္ပါယ်သတ်မှတ်ချက်နှင့်ဆက်နွယ် နေကြောင်း ရှင်းပြထားခဲ့ပြီးဖြစ်သည်။ ပထဝီဝင် အနေအထားအရ (မေခ နှင့် မေလိခ) မြစ်များ၏ မြစ်လက်တက်များ အစပြုသော သတ်မှတ် နယ်မြေ ၏ အစိတ်အပိုင်းသည် တရုတ်နိုင်ငံတွင် တည်ရှိ နေသည်။ မေလိခ မြစ်၏ မြစ်လက်တက်အခွဲများ သည် အိန္ဒိယနိုင်ငံမှ စတင်လာသည်။ မြန်မာ နိုင်ငံ ပြင်ပတွင် စုစုပေါင်း စီးဆင်းမှုသည် ၀.၃% ဖြစ်မည် ဟု ခန့်မှန်းရပြီး ကျန်ရှိသည့် ၉၉.၇ % သည် မြန်မာ နိုင်ငံအတွင်းရှိ မြစ်ကြောင်းတလျှောက်တွင် စုပေါင်း စီးဆင်း နေသည်။ ဤကဲ့သို့ ပထဝီဝင်အနေအထား ဆိုင်ရာ သတ်မှတ်ချက်ကြောင့် အပြည်ပြည်ဆိုင်ရာ ရေလမ်း ကြောင်း သတ်မှတ်ချက်သည် OP 7.50 ၏ ရည်ရွယ်ချက်များအတွက် အကျုံးဝင် သက်ဆိုင် ပေသည်။<br>ထို့အပြင် မြစ်လက်တက်များ၏ အမည်များကိုလည်း ယေဘုယျ အပြည်ပြည်ဆိုင်ရာတွင် ကျင့်သုံးခေါ်ဆို နေသည့်အတိုင်း အသုံးပြုထားသည်။ ယေဘုယျ အားဖြင့် သတ်မှတ် တိုင်းပြည်မှ တဆင့် ဖြတ်၍ စီးဆင်းသော မြစ်ကို ရည်ညွှန်းပြောဆိုသည့်အခါ အဆိုပါ တိုင်းပြည်၏ အမည်ကို အသုံးပြုသည် (ဥပမာ - တရုတ်နိုင်ငံတွင် စီးဆင်းနေသော အဆိုပါ မြစ်လက်တက်များ၏ အစိတ်အပိုင်းကို တရုတ်အမည် များဖြင့်သာ ပုံမှန် သတ်မှတ်ပါသည်။) သို့သော် ထိုသို့ သုံးနှုန်းမှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာများ အတွက် ကမ္ဘာ့ဘဏ် အဖွဲ့မှ အနူးအညွတ် တောင်းပန် ပါသည်။<br>အဆိုပါ ပြဿနာများကို တုန့်ပြန်ဖြေကြားရန်အတွက်၊ |

DRAFT

| | |
|---|---|
| | အပြည်ပြည်ဆိုင်ရာ ရေလမ်းကြောင်းများ သတ်မှတ် ချက်၏ ကန့်သတ်ထားသော သဘော သဘာဝကို ရှင်းလင်းစေရန်နှင့် အနာဂတ် AIRBM စီမံကိန်း စာရွက်စာတမ်းများတမ်းများတွင် အဆိုပါ မြစ်လက် တက်များအားလုံးအတွက် မြန်မာ အမည်များကိုသာ အသုံးပြုကြောင်း သေချာစေရန် သက်ဆိုင်ရာ စီမံကိန်း မှတ်တမ်းတင် စာရွက်စာတမ်းများကို ပြန်၍ စစ်ဆေး ကြည့်ရှုနေပါသည်။ |
| **သတင်းအချက်အလက်နှင့် ပွင့်လင်းမြင်သာမှု** | |
| • AIRBM မှ စုစည်းပြီး ကောက်ယူထားသော အချက်အလက်များကို အချက်အလက်မျှဝေခြင်းဆိုင်ရာ ပွင့်လင်းမြင်သာရှိမှုကို ပိုမိုဖြစ်ထွန်းစေရန်အတွက် ပြည်သူလူထုထံ ထုတ်ဖော်ပြောသင့်သည်။ | အစိုးရ ဌာနများအတွင်း ရေ၊ ရာသီဥတုနှင့် ရာသီဥတု အခြေအနေများကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲရန်နှင့် မျှဝေရန် စီမံကိန်းအရ ထင်ရှားသော ရင်းနှီးမြှုပ်နှံမှု များကို ပြုလုပ်လိမ့်မည်ဖြစ်ကြောင်းနှင့် ပိုမို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အချက်အလက်များ မျှဝေခြင်း ဆိုင်ရာ မူဝါဒများကို အစိတ်အပိုင်း ၁ တွင် ဖော်ပြ ထားသော အချက်အလက်များအရ ရှာဖွေဖော်ထုတ် မည်ဖြစ်ကြောင်း မှတ်သားခဲ့သည်။ ထို့အပြင် ရေနှင့် ပတ်သက်သော သတင်းအချက်အလက် စင်တာကို တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံရှိ ရေ စီမံခန့်ခွဲမှုနှင့် ပတ်သတ်ပြီး ပိုမိုများပြားသော အကဲဖြတ်ဆန်းစစ်မှု နှင့် ပြည်သူလူထုမှ ပိုမိုသတိထားမိစေရေး ကို အထောက်အကူ ပြုလိမ့်မည် ဖြစ်ပါသည်။ |
| **အစိတ်အပိုင်း ၁** | |
| • ပူးပေါင်းပါဝင် ဆောင်ရွက်သူများသည် အစိတ် အပိုင်း ၁ မြစ်ဝှမ်း နမူနာပုံစံ ထားခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း လုပ်ဆောင်ချက်များ၏ ရည်ရွယ်ထားသော ရလဒ်များအတွက် ရှင်းလင်း မေးမြန်းခဲ့သည်။<br><br>• ရေကာတာများနှင့် ကြီးမားသော အခြေခံ အဆောက်အဦးများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်း အဘယ်ကြောင့် မရှိသနည်းဟူသည့် မေးခွန်းကို မေးမြန်းခဲ့သည်။ | မြစ်ဝှမ်းဆိုင်ရာ နမူနာပုံစံ ပြုလုပ်ခြင်းနှင့် အစီအစဉ် ရေးဆွဲခြင်း ဆိုင်ရာ လုပ်ဆောင်မှုများသည် HIC နှင့် NWRC အတွင်းရေးမှုးရုံးကို ကြိုတင်အကြောင်း ကြားထားသော ဆုံးဖြတ်ချက်များနှင့် အလျှော့ အတင်းပြုလုပ်ခြင်းဖြင့် မြစ်အား အနာဂတ်တွင် စီမံခန့်ခွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှု ရွေးချယ်ချက်များဖြင့် ပိုမိုကောင်းမွန်သည့် အခြေအနေရောက်အောင် ဆောင်ရွက်ခြင်းတို့ကို ချင့်တွက် အကဲဖြတ်ရာတွင် ဖြည့်စွက်ပေးမည့် ဆုံးဖြတ်ချက် ထောက်ကူပြုစနစ် (ဥပမာ - ပထဝီအနေအထားဆိုင်ရာ ကိုးကားချက် အချက်အလက် အခြေခံ၊ အထူးပြု ပုံစံများ၏ ရေနှင့် ပတ်သတ်သော ပုံစံနှင့် အခြားတွဲဖက်ပစ္စည်းများ) ကို ဖြစ်ပေါ်စေလိမ့်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြား ခဲ့သည်။ တစ်ပြိုင်တည်းမှာပင် |

| | |
|---|---|
| | တိုင်ပင်ဆွေးနွေး နီးနှောခြင်းကို မြစ်ဝှမ်း ရည်ရွယ်ချက်များ ရှာဖွေ ဖော်ထုတ်ရန်အတွက် ဆောင်ရွက်လိမ့်မည်။ အဆင့်အလိုက် သုတေသနပြုလုပ်မှုနှင့် တိုင်ပင် ဆွေးနွေး ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များသည် မည်သည့် အခါမျှ နောင်တရလိမ့်မည် မဟုတ်သော လုပ်ဆောင်ချက် များဖြင့် အစပျိုးလျက် ဦးစားပေး သတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုများ အတွက် အကြံပြုချက်များကို ပြုလုပ်လိမ့်မည်။ အဆိုပါ လုပ်ငန်းစဉ်မှတဆင့် ရေကာတာများနှင့် ကြီးမားသော အခြေခံအဆောက် အဦးများကို အနာဂတ် ရင်းနှီးမြှုပ်နှံမှုအတွက် စဉ်းစား လိမ့်မည် ဖြစ်သော်လည်း လက်ရှိစီမံကိန်းတွင်မူ ထိုသို့သော ရင်းနှီးမြှုပ်နှံမှုအတွက် စီစဉ်ထားခြင်း မရှိသောကြောင့် မည်သည့်အရာကိုမျှ ရည်ညွှန်း ပြောဆိုရန် မဖြစ်နိုင် ပေ။ |
| **အစိတ်အပိုင်း ၃** | |
| • ပူးပေါင်းပါဝင်ဆောင်ရွက်သူများသည် ရှေ့ပြေး အစိတ်အပိုင်းအနေဖြင့် တိုးမြှင့်ဆောင်ရွက်ရန် အတွက် အဘယ်ကြောင့် မန္တလေး မှ ညောင်ဦး လမ်းပိုင်းရှိ ရေကြောင်းကို ရွေးချယ်ခဲ့ကြောင်း မေးမြန်းခဲ့သည်။ | ထိုနေရာသည် ခရီးသည်များနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် အလုပ်အများဆုံး လမ်းပိုင်းဖြစ်ခြင်းနှင့် ရေကြောင်းသွားလာမှုဆိုင်ရာ တည်ဆောက်ရေးဆိုင်ရာ များပြားလှသော နေရာများရှိသည့် လမ်းပိုင်းဖြစ်သောကြောင့် ရှေ့ပြေး နေရာအဖြစ် ရွေးချယ်ခြင်းကို အစိုးရမှ သတ်မှတ်ခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ |
| **အရည်အသွေးကောင်းမွန်စေရေး သေချာစေရန်ဆောင်ရွက်ချက်** | |
| • ပူးပေါင်းပါဝင်ဆောင်ရွက်သူများသည် ဘေးရန် ဆီးကာ ဆောင်ရွက်ချက်များ၊ EIA အကောင် အထည်ဖော်ခြင်းနှင့် အရည်အသွေး ကောင်းမွန် စေရေး သေချာစေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပေးရန် တောင်းဆိုခဲ့သည်။ | စီမံကိန်းဒါရိုက်တာမှ နိုင်ငံတော်အဆင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ ချင့်တွက် အကဲဖြတ်မှု အခြေခံစံနှုန်းများနှင့် လုပ်ထုံးလုပ်နည်း များအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဌာနမှ ဆောင်ရွက်နေပြီဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ သည်။ AIRBM အတွက် နိုင်ငံတော်အဆင့် လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို အပြီး သတ်ရန် လိုအပ်နေသေးသည့်အတွက် အစိုးရ အနေဖြင့် EIA နှင့် ESMF ကို ပြန်လည်သုံးသပ်ရန် အတွက် ကော်မတီတစ်ခုကို ဖွဲ့စည်းလိမ့်မည်။ |

DRAFT

| | |
|---|---|
| • ပူးပေါင်းပါဝင်ဆောင်ရွက်သူများသည် AIRBM အတွက် မည်သို့သော အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်လိမ့်မည် ဆိုသည် ကို မေးမြန်းခဲ့သည်။ | ကောင်းမွန်သော လုပ်ဆောင်ချက်နှင့် ပွင့်လင်းမြင်သာမှုရှိစေရေး သေချာစေရန်အတွက် အစည်း အဝေးတွင် စီမံကိန်းအား ကမ္ဘာ့ဘဏ်၏ ပစ္စည်း ဝယ်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေး ဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို အသုံးပြုပြီး အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ |

DRAFT